
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ

ဒေါ်ငွေငွေမော်၊ ညီညွတ်စာပေတိုက် (မြ
အမှတ် ၇ (က) သုခလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ

ဦးစိုးမြင့် (၀၅၆၃၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၅၄)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့

စာမူခွင့်ပြုချက် အမှတ် . . . . . . ၃၆၉/၂၀၀၄(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် . . . ၁၀၇၂/၂၀၀၄(၁၀)

ထုတ်ဝေခြင်း
ဒုတိယအကြိမ်
၂၀၀၅၊ ဖေဖော်ဝါရီလ

အုပ်ရေ
၁၀၀၀-အုပ်

တန်ဖိုး
[illegible]ယက်ကျပ်တိတိ

မျက်နှာဖုံးပန်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဒွိတာဝန်အရေးသုံးပါး

...မပြိုကွဲရေး — ဒို့အရေး

...စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

...အချုပ်အချာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

... ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

...ညီငြိမ်ဝပ်ပြားချမ်းသာရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို ...

...ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ...

...ပ အဖျက်သမားများအား သုံ့ရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

...ညီငြိမ်ဝပ်ပြား ... တရားဥပဒေ ... စိုးရေး

...လည်စည်းလုံးညီညွတ်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

လူမှုရေးဦးတည်ချက် (၄) ရပ်

# မင်းသိခ်

# ဆားပုလင်းနှင်းမောင်

## နှင့်

## မြကျွန်းသာပေါ်က မျောက်သုံးကောင်

[ ဇာတ်သိမ်းပိုင်း ]

www.burmeseclassic.com

www.burmeseclassic.com

## အန္တရာယ် စတင်ကျရောက်လာခြင်း

ရေချမ်းသည် သာညာကျော်၊ သာဖန် ညီအစ်ကိုနှစ်ဦးနှင့်အတူ အလုပ်လုပ်ခဲ့သည်မှာ တစ်နှစ်ကျော် အချိန်ကြာညောင်းခဲ့ပြီဖြစ်၏။ ညစဉ်ညတိုင်းလည်း သာညာကျော်၊ သာဖန် ညီအစ်ကိုနှစ်ဦးသည် တစ်လှည့်စီပုံပြောကြရာ ရေချမ်းသည် ပုံပြင်ပေါင်းများစွာကို နားထောင်ခဲ့ရသည်ဟု ဆိုနိုင်၏။

ထိုအချိန်ကာလပိုင်းသည် ရေချမ်းအဖို့ ဉစ္စာရော ပညာပါ တိုးတက်ရရှိသော အချိန်ကာလဟု ဆိုနိုင်၏။

တစ်ညသ၌ သာညာကျော်၊ သာဖန် ညီအစ်ကို နှစ်ဦးသည် ကုန်ဖိုးငွေ ပေးချေရန်အတွက် အခြားသောပွဲရုံသို့ ထွက်သွားလေတော့၏။ မောင်ရေချမ်း တစ်ဦးတည်းသာလျှင် ပွဲရုံတွင် ကျန်ရစ်ခဲ့လေ၏။ ည ဆယ်နာရီ ထိုးသည့်တိုင်အောင် ထိုညီအစ်ကိုနှစ်ဦး ပြန်လည်မရောက်ရှိခဲ့၍ ရေချမ်းသည် ပွဲရုံတံခါးကို ပိတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှာနေသောကြောင့် ရေချမ်းတို့ပွဲရုံရှိရာ [illegible] [illegible]ထိတ်ထိတ်နေပြီဖြစ်၏။ အတော်လှမ်းလှမ်း [illegible]၏ ဆွဲဆွဲငင်ငင်အသံနှင့် မိုးစက်မိုးပေါက်များ [illegible] အသံဗလံအဖြစ် ရှိနေတော့၏။

ထိုအချိန်၌ မည်းမည်း မည်းမည်း သဏ္ဌာန်တစ်ခုသည် [illegible]၏ပွဲရုံဘက်ဆီသို့ လာနေသဖြင့် ရေချမ်းသည် နောက်ဆုံး ပိတ်ရမည့် တံခါးတစ်ချပ်ကို မပိတ်သေးဘဲ ထိုအရာကို လှမ်း၍ ကြည့်ရှုနေလေ၏။

ထိုအရာသည် တဖြည်းဖြည်း နီးကပ်လာသောအခါ၌ ဒယိမ်းဒယိုင်နှင့် ရွှေ့လျားလာသော လူတစ်ဦးဖြစ်ကြောင်း ရေချမ်း ကောင်းစွာရိပ်မိလေတော့၏။

ထို့ကြောင့် မည်သူမည်ဝါဖြစ်သနည်းဟုဆက်လက်ကြည့်ရှုနေစဉ်၌ပင် ထိုလူသည် ရေချမ်း၏တံခါးပေါက်သို့ ရောက်လာလေတော့၏။ ထိုလူအား အနီးကပ်မြင်တွေ့လိုက်ရသောအခါ၌ ရေချမ်း၏ပါးစပ်သည် ပွင့်သွား၏။

ရေချမ်း၏ မျက်လုံးများသည် အပြူးသား အကြောင်သား ဖြစ်သွား၏။ ရေချမ်း၏ရင်၌ ထိတ်ခနဲ ဖြစ်သွား၏။ ချက်ချင်း ဆိုသလိုပင် ချွေးစေးများကျလာ၏။ ထို့နောက် -

"ဟာ ... မုတ်ဆိတ်ဖြူကြီးပါလား ... တစ်ကိုယ်လုံးလဲ သွေးတွေနဲ့ ဘယ်လိုဖြစ်လာတာပါလိမ့်" ဟု အလန့်တကြား အော်ဟစ်၍ မုတ်ဆိတ်ဖြူကြီးအား လှမ်း၍ပွေ့ဖက်လိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးလည်း ရေချမ်းကို လှမ်း၍ ဖက်တွယ်လိုက်လေ၏။



ထို့နောက် ပါးစပ်ဟ၍ စကားပြောရန် ကြိုးစား၏။ သို့ရာတွင် ရေချမ်း၏နား၌ အသံသဲ့သဲ့သာ ကြားလိုက်ရ၏။ ထိုအသံမှာ "ထိပ်နီ" ဟူ၍ဖြစ်၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် ရေချမ်း၏ ကိုယ်ပေါ်၌ မှီတွယ်ရင်း ပျော့ကျသွား၏။ ပါးစပ်လည်း ဟသွား၏။ အသက်ရှူလည်း ရပ်သွား၏။

ထို့နောက် နှလုံးသွေးပါ ရပ်သွားလေတော့၏။ ရေချမ်း၏ တစ်ကိုယ်လုံးသည် နတ်ပူးသကဲ့သို့ တဆတ်ဆတ် ခါနေ၏။ ရေချမ်း၏ မျက်လုံးများသည် ပြူးနေ၏။ ထို့နောက် ရေချမ်း၏ ပါးစပ်များသည် ယောင်ယမ်း၍ အော်နေလေ၏။

"မုတ်ဆိတ်ဖြူကြီး ... မုတ်ဆိတ်ဖြူကြီး ... သေပြီ ... သေပြီ၊ ဘယ်လိုဖြစ်တာတုံး ... ဘယ်သူသတ်တာတုံး ... ထိပ်နီ ဆိုတာက ဘာပြောတာတုံး"

ရေချမ်းသည် ငိုသံကြီးနှင့် အထက်ပါအတိုင်း အော်ဟစ်နေ၏။ ရေချမ်းသည် ပျာယာခတ်နေ၏။ ရေချမ်းသည် မျက်ရည်များ ကျနေ၏။ ထို့နောက် ရှိုက်ငိုနေ၏။

ရေချမ်း၏မျက်နှာသည် ချွေးစေးများဖြင့်လည်းကောင်း၊ မျက်ရည်များဖြင့်လည်းကောင်း မီးရောင်တွင် တလက်လက် ပြောင်နေလေ၏။ ရေချမ်းသည် မုတ်ဆိတ်ဖြူကြီး၏ အလောင်းကို ဆိုင်ထဲသို့ ဆွဲ၍ သွင်းလိုက်လေ၏။ ထို့နောက် တံခါးကို ပိတ်လိုက်လေ၏။

ထိုအချိန်၌မှာပင် ပွဲရုံရှေ့၌ မြင်းလှည်းဆိုက်သံ ကြားရလေ တော့၏။ ရေချမ်းသည် တံခါးကြားမှနေ၍ မြင်းလှည်းဆီသို့ လှမ်း၍ကြည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းပေါ်မှ သာညာဏ်၊ သာဖန် ညီအစ်ကို ဆင်းလာကြောင်း ခပ်လှမ်းလှမ်းရှိလမ်းမီးတိုင်ကြောင့် တွေ့ရလေတော့၏။ သာညာဏ်၏လက်ထဲ၌မူ ခေါက်ဆွဲထုပ်သုံးထုပ် ပါလာလေ၏။ သာညာဏ်က . . .

"ဟေ့ ... ရေချမ်း၊ တံခါးဖွင့်ပေးစမ်းပါဦးကွ၊ မင်းကြိုက်တဲ့ ပန်းသေးခေါက်ဆွဲ ပါလာတယ်လေကွာ" ဟု အော်၍ပြောလိုက်လေ၏။

ရေချမ်းသည် တံခါးကိုအကုန်မဖွင့်ဘဲ ဟရုံကလေးဟကာ-

"ကိုသာညာဏ်နဲ့ ကိုသာဖန်တို့ရယ် ခပ်မြန်မြန်လေးလာစမ်းပါ၊ ဒီမှာ သိပ်အရေးကြီးနေတယ်" ဟုပြောလိုက်ရာ သာဖန်က-

"အရေးကြီးနေတယ် ဆိုတော့ အထဲမှာ မင်းတစ်ယောက်တည်း မဖြစ်နိုင်ဘူး ... နောက်ထပ် လူမိုတစ်ယောက် ရှိနေမှ အရေးကြီးလို့ရမှာ၊ အဲဒီလူပိုဟာလဲ မိန်းမ မဖြစ်နိုင်ဘူး၊ မိန်းမဆိုရင်လဲ မင်း တံခါးတွေ အကုန်ဖွင့်ထားမှာပေါ့၊ ယောကျ်ားတစ်ယောက်ဖြစ်လိမ့်မယ်၊ အဲဒီယောကျ်ားဟာလဲ တခြားလူဖြစ်ဖို့ထက် မင်းဆရာ မုတ်ဆိတ်ဖြူ ဖြစ်ပါလိမ့်မယ်၊ စောစောက သိရရင် ကောင်းသားကွာ၊ သူ့အတွက် ပန်းသေးခေါက်ဆွဲ ဝယ်ခဲ့ပါတယ်" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"စကားရှည်မနေကြပါနဲ့ကွ ... အထဲကို မြန်မြန်ဝင်ကြစမ်းပါ၊ ဒီမှာ သေနေပြီဗျ" ဟု ပြောလိုက်ရာ သာညာဏ်နှင့် သာဖန်တို့ ညီအစ်ကိုလည်း . . .

"ဟေ ... သေနေပြီ ... ဟုတ်လား" ဟုဆိုကာ အတွင်းသို့ သူ့ထက်ငါတိုး၍ ဝင်ကြလေ၏။



အတွင်းသို့ ရောက်သောအခါ ကြမ်းပြင်ပေါ်၌ ဒဏ်ရာဒဏ်ချက်ပေါင်းများစွာဖြင့် သေဆုံးလျက်ရှိသော မုတ်ဆိတ်ဖြူကြီးကို တွေ့ရလေ၏။

၎င်းတို့၏မျက်နှာကို လက်များဖြင့် ကွယ်လိုက်ကြလေ၏။ ၎င်းတို့၏မျက်လုံးများသည် ချာလည်ချာလည်ဖြစ်၍လာလေ၏။

၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး အကြောင်းမရှိဘဲ လှမ်း၍ကြည့်ကြလေ၏။ ထို့နောက် သာညာဏ်က ထိတ်ထိတ်ပျာပျာ အသံဖြင့် . . .

"ဘယ်လိုဖြစ်တာလဲကွာ" ဟု မေးလိုက်ရာ ရေချမ်းက -

"ကျုပ် တံခါးပိတ်နေတုန်း ရောက်လာတာပဲ ... ကျုပ်လဲ အံ့အားသင့်နေတယ်၊ ကျုပ်လဲ လှမ်းလဲမြင်ရော သူလဲ တစ်ခါတည်း အသက်ပါသွားတာပဲ၊ အဲဒါနဲ့ အလောင်းကို အထဲဆွဲသွင်းပြီး တံခါးပိတ်ခါရှိသေးတယ်၊ ခင်ဗျားတို့ ရောက်လာတာ" ဟု ပြောလိုက်ရာ သာဖန်က -

"ဒီလိုဆိုရင် မုတ်ဆိတ်ဖြူကြီးကို သတ်လိုက်တဲ့ ရန်သူဟာ သိပ်ပြီးဝေးဝေးမှာ မဟုတ်ဘူးကွ၊ ဒီအနီးအနားမှာပဲ ရှိလိမ့်မယ်၊ တို့ဆီကို ဝင်လာတာလဲ သူက တွေ့ချင်တွေ့နေမှာ၊ ကြည့်ချင်ကြည့်နေမှာ၊ ဘာပဲဖြစ်ဖြစ်လေ ... ပုလိပ်ဘက်အကြောင်းကြားမှဖြစ်မယ်" ဟုဆိုကာ သာဖန်သည် အပြင်သို့ထွက်၍ ဂိတ်သို့ အပြေးအလွှား သွားလေတော့၏။

သာညာဏ်နှင့် ရေချမ်းသာ မုတ်ဆိတ်ဖြူကြီး၏အလောင်းနံဘေးနား၌ ကျန်ခဲ့ကြလေ၏။ ထို့နောက် သာညာဏ်က ရေချမ်းအား "မင်းဆီကို သူရောက်လာတော့ စကားပြောနိုင်သေးလား" ဟု မေးရာ ရေချမ်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"နှစ်လုံးတော့ ပြောနိုင်တယ်ဗျ၊ ဘာမှန်းတော့မသိဘူး ... 'ထိပ်နီ' လို့ ပြောသွားတယ်" ဟု ပြောပြလိုက်ရာ သာညွှန့်က ခေါင်းကိုခါလေ၏။

"ထိပ်နီ ပြောတာ ဟုတ်မယ် မထင်ပါဘူးကွာ၊ မင်းကို တိတ်တိတ်နေလို့ ပြောတာနဲ့ တူပါတယ်ကွာ" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"ဟုတ်လိမ့်မယ်ဗျို့ ... ကျုပ်မှာဗျာ အတွေးခေါင်နေလိုက်တာ၊ ခင်ဗျားရောက်မှပဲ ရှင်းတော့တယ်" ဟု ပြောလိုက်လေ၏။

များမကြာမီ၌ပင် သာဖန်နှင့် ရာဇဝတ်အုပ်တစ်ဦး၊ ပုလိပ်သား လေးယောက်တို့သည် ရောက်ရှိလာကြလေတော့၏။ ရာဇဝတ်အုပ်သည် သိလိုသောအချက်အလက်များကို မေး၏။ ရေချမ်းကလည်း သိသမျှကို ပြောပြ၏။ ရာဇဝတ်အုပ်သည် မှတ်စုစာအုပ်ကိုထုတ်၍ ရေးမှတ်၏။

ထို့နောက် ဆေးရုံသို့ပို့ရန် ပုလိပ်သားများကို စီစဉ်ခိုင်းလေ၏။ ပြီးလျှင် ရေချမ်းနှင့် သာညွှန့်၊ သာဖန် ညီအစ်ကိုတို့အား-

"ညတွင်းချင်း ဆရာဝန်ကို အစစ်ဆေးခိုင်းပါ့မယ်၊ မနက်ဖြန် နေ့လယ်လောက်ဆိုရင် ဆရာဝန်ရဲ့ဆေးစာ ရပါမယ်၊ အဲဒီဆေးစာနဲ့အတူ ခရိုင်ရာဇဝတ်ရုံးကို လျှောက်ထားရင် သင်္ဂြိုဟ်ဖို့ ခွင့်ရမယ်၊ အဲဒီတော့ ခင်ဗျားတို့က သင်္ဂြိုဟ်ဖို့ ခေါင်းလေး ဘာလေး စီစဉ်ထားကြပေါ့ဗျာ၊ တရားကို နတ်စောင့်ပါတယ်" ဟုပြောဆိုကာ မုတ်ဆိတ်ဖြူကြီး၏ အလောင်းကို ဆေးရုံမှ လှည်းကို မှာယူ၍ သယ်ဆောင်သွားကြလေတော့၏။

သာညွှန့်၊ သာဖန် ညီအစ်ကိုသည် ကြမ်းပြင်ပေါ်ရှိသွေးများကို ရေဖြင့်ဆေးလေ၏။



ထို့နောက် ၎င်းတို့သုံးဦးသည် ပန်းသေးခေါက်ဆွဲသုံးထုပ်ကို အလယ်၌ချ၍ တစ်ဦးမျက်နှာတစ်ဦး ကြည့်ရှုနေကြလေ၏။ ထိုအခါ သာညွှန့်က . . .

"ရာဇဝတ်အုပ်ကတော့ ပြောသွားတာပဲ၊ အသုဘအတွက် ခေါင်းလေးဘာလေး ပြင်ဆင်ထားပါ ... တဲ့၊ ဒါနဲ့ မေးရဦးမယ် ရေချမ်းရယ် မုတ်ဆိတ်ဖြူကြီးအသုဘကို မြန်မာလိုလုပ်ရမှာလား၊ တရုတ်လို လုပ်ရမှာလား" ဟု မေးလိုက်ရာ ရေချမ်းက . . .

"ကျုပ်လဲ ဘယ်ပြောတတ်မလဲ ကိုသာညွှန့်ရယ်" ဟု စိတ်ပျက်သောလေသံဖြင့် ပြန်၍ဖြေရာ သာဖန်က . . .

"တရုတ်မသာ ဆိုတော့ တရုတ်လိုချတာ ကောင်းတယ်ကွ၊ ခေါင်းကလဲ တရုတ်ခေါင်းလုပ်ရမယ်၊ လှည်းကလဲ တရုတ်လှည်း လုပ်ရမယ်၊ အပေါ်မှာ ကျားရုပ်ပါရမယ်၊ ပြီးတော့ ငါ တွေ့ဖူးတာက ဘင်တီးတဲ့ကုလားတွေ ခေါ်ရတယ်ကွ" ဟု ပြောလိုက်ရာ သာညွှန့်က . . .

"ငါ တွေ့ဖူးတာကတော့ အခုလို သက်ကြီးရွယ်ကြီးတွေထဲက သေရင် တရုတ်လူမျိုးတွေဟာ ငယ်တဲ့လူတွေက ဂုန်နီအိတ်ကြီးတွေစွပ်ပြီး ငိုရတယ်ကွ၊ အဲဒါ ဘယ်သူငိုမတုံး၊ ရသေတာက တရုတ်ကြီး၊ လုပ်ပေးရမှာက မြန်မာတွေ၊ သူတို့ဓလေ့ထုံးစံကိုလဲ မသိဘူး၊ အဲဒါ ဘယ်လိုလုပ်ပေးရမှာတုံး" ဟု ပြောလိုက်ရာ သာဖန်က . . .

"ဒီလိုလုပ်ကွာ ... တို့ဆီမှာ မကြာခဏလာပြီး ဂုန်နီအိတ်အစုတ်တွေ ချုပ်ပေးတဲ့ ဟိုတရုတ်ဘိန်းစားကိုရှာကွာ၊ ဒီကောင့်ကိုပဲ လုပ်ခိုင်းရမှာပဲ" ဟု ပြောလိုက်ရာ ကျန်နှစ်ယောက်ကလည်း သဘောတူကြ၏။

www.burmeseclassic.com



ထို့ကြောင့် ညတွင်းချင်းပင် ထိုတရုတ်ဘိန်းစားကိုရှာ၍ ပွဲရုံသို့ ခေါ်လာကြလေတော့၏။ ထိုတရုတ်ဘိန်းစား၏အမည်မှာ အော်ကုလား ဟူ၍ဖြစ်၏။

တရုတ် ဆိုသော်လည်း လွန်စွာ အသားမည်း၏။ အော်ကုလားသည် ရှုံ့တွနေသော စီးကရက်ကို လက်ဖြင့်ဖြောင့်ကာ မီးညှိလိုက်လေ၏။ ထိုသို့မီးညှိပြီးနောက် . . .

"နံပါတ်တစ် သချိုင်းမှာမြေဝယ်ရမယ်၊ နံပါတ်နှစ် ဘုံလူကြီးတွေကို အကြောင်းကြားရမယ်၊ နံပါတ်သုံး တရုတ်ခေါင်းအနက်ကြီး လုပ်ရမယ်၊ အဲဒီအပေါ်မှာ အမွှေးတိုင်တွေ ထွန်းရမယ်၊ ဓာတ်ပုံရှိရင် ဓာတ်ပုံထောင်ရမယ်၊ နံပါတ်လေး ဝက်ကောင်လုံး၊ ဘဲကောင်လုံးတွေ ကင်ရမယ်၊ နံပါတ်ငါး ဧည့်သည်တွေ စားဖို့ ကွာစေ့ဝယ်ရမယ်၊ နံပါတ်ခြောက် ကျုပ် ဘိန်းရှူဖို့ ပိုက်ဆံလေး ပေးရမယ်၊ ကျန်တာတွေအကုန်လုံး ကျုပ်ကြည့်ပြီး လုပ်သွားမယ်" ဟု ပြောလေတော့၏။

ထို့ကြောင့် သာဥာဏ်နှင့် သာဖန်တို့လည်း ၎င်းအား စီစဉ်ရန် တာဝန်ပေးလိုက်ရာ တရုတ်ဘိန်းစားသည် နောက်တစ်နေ့ နံနက်အစောကြီး၌ တရုတ်ကြီး လေးငါးဦးနှင့် တရုတ်ခေါင်းအနက်ကြီးတစ်လုံး ပွဲရုံသို့ ယူလာလေတော့၏။

ထို့နောက် ပွဲရုံရှေ့တွင် ဝါးလုံးတိုင်များစိုက်ကာ တာလပတ်ပြားကြီးမိုး၍ ကုလားဖျင်း ထိုးလေတော့၏။ တရုတ်ဘိန်းစား ခေါ်လာသော တရုတ်ကြီးများသည် သာဥာဏ်၊ သာဖန်နှင့် မောင်ရေချမ်းတို့ကိုခေါ်၍ . . .

"ခင်ဗျားတို့နဲ့ ဘာတော်သလဲ" ဟု မေးလေ၏။ ထိုအခါ ၎င်းတို့က ဘာမှမတော်ကြောင်းရှင်းပြလျှင် ထိုတရုတ်ကြီးများက



"သေသွားတဲ့ အဘိုးကြီးရဲ့နာမည် ဘယ်သူလဲ" ဟု မေး ပြန်၏။

"အဲဒါလဲ မသိဘူး၊ ကျုပ်တို့ကတော့ မုတ်ဆိတ်ဖြူကြီးလို့ ခေါ်တာပဲ" ဟု မောင်ရေချမ်းကပြောလျှင် တရုတ်ကြီးများက-

"တရုတ်ဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး၊ တရုတ်လူမျိုးကအများကြီး၊ သချိုင်းမှာလဲ သူ့လူမျိုးနဲ့သူ ချရတာ၊ အရမ်းချလို့မရဘူး၊ ခင်ဗျားတို့ အဘိုးကြီးကို ဘယ်နေရာမှာ သွားချရမှာတုံး" ဟု မေးလိုက်ရာ သာဥာဏ်က -

"ချချင်တဲ့နေရာမှာ ချဗျာ၊ ကျုပ်တို့လဲ မပြောတတ်တော့ဘူး" ဟု ပြောလေတော့၏။ ထိုအခါ တရုတ်လူကြီးများလည်း ခေါင်းကို ကုတ်ကြလေတော့၏။

"ခက်တယ်… ခက်တယ်… အားကြီးခက်တယ်" ဟု ညည်းညူကြလေ၏။

ထိုအချိန်မှာပင် အနီးအပါးမှလူများသည် သတင်းမေးရန် ရောက်ရှိလာကြလေတော့၏။ သာဥာဏ်၊ သာဖန်နှင့် မောင်ရေချမ်း တို့လည်း ရောက်လာသောဧည့်သည်များကို ဧည့်ခံကြရလေတော့၏။

သို့ရာတွင် တရုတ်ဘိန်းစား၏ ကောင်းမှုကြောင့် တရုတ်အသုဘနှင့် လွန်စွာတူလေတော့၏။

နေ့လယ်ပိုင်းသို့ရောက်လျှင် အသုဘချခွင့်ရသဖြင့် တရုတ်ဘိန်းစားသည် ကုလား ဘင်တီးဝိုင်းတစ်ဝိုင်းကို သွား၍ခေါ်ကာ ဆေးရုံသို့ ခေါင်းကြီးကို သယ်သွားလေ၏။

အသုဘပို့သူများလည်း မည်သူမည်ဝါသေသည်ဟု ဝဿနဓာ မသိကြဘဲ အူကြောင်ကြောင်နှင့် လိုက်၍ ပို့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းမှာမူ ၎င်းဆရာကြီးအတွက် ဝမ်းနည်းလွန်း၍ တရှိုက်ရှိုက် ငို၍ လိုက်ပါလေတော့၏။

ဆေးရုံမှတစ်ဆင့် မုတ်ဆိတ်ဖြူကြီးအား တရုတ်သင်္ချိုင်းသို့ သယ်ဆောင်ကြလေ၏။ တရုတ်သင်္ချိုင်းသို့ရောက်လျှင် တရုတ်လူကြီးများသည် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြပြီးနောက် မြေကွက်လပ်တစ်ခု၌ မုတ်ဆိတ်ဖြူကြီး၏ အလောင်းကို သင်္ဂြိုဟ်လိုက်ကြလေတော့၏။

ထို့နောက် အုတ်ဂူတစ်ဂူ လုပ်ပြီးလျှင် တရုတ်လူကြီးများ တိုင်ပင်ကာ "အမည်မသိ မုတ်ဆိတ်ဖြူ တရုတ်ကြီးတစ်ဦး" ဟု ကမ္ပည်းထိုးလိုက်ရန် စီစဉ်လိုက်လေတော့၏။

ညပိုင်းသို့ ရောက်သောအခါ၌ အသုဘအိမ်၌ ဖဲသမားများ ရောက်နေကြလေ၏။ ၎င်းတို့ဘာသာ ဖဲထုပ်များ ဝယ်လာ၍ ဖဲရိုက်ကြလေ၏။

သာညာဏ်နှင့် သာဖန်တို့ ညီအစ်ကိုက . . . ဖဲဝိုင်းများတွင် အကောက် ကောက်ကြလေ၏။ ရေချမ်းကမူ ရေနွေးအိုး ဒိုင်ခံ တည်၍ပေးလေ၏။

အသုဘ ရက်လည်သောအခါ၌ . . . သာညာဏ်၊ သာဖန် ညီအစ်ကိုက သရဲကြောက်သည်ဟုဆိုကာ ဘုန်းကြီးငါးပါးပင့်၍ ဆွမ်းကျွေးလေ၏။ ပရိတ်လည်း ရွတ်လေ၏။

ညပိုင်းသို့ရောက်သောအခါ၌ သာညာဏ်၊ သာဖန် ညီအစ်ကို နှစ်ဦးက ရေချမ်းအား သနပ်ပင်ပွဲရုံ၌ ကြွေးသွားတောင်းခိုင်း လိုက်လေ၏။



ညကိုးနာရီခန့် ရောက်သောအခါ၌ ၎င်းတို့ညီအစ်ကိုသည် ပွဲရုံတံခါးကိုပိတ်ကြလေ၏။ ထိုသို့ပိတ်ပြီးနောက် မော်တော်ကား တစ်စီး ရောက်လာပြီးလျှင် -

"ကုန်ပို့ချင်လို့ဗျာ" ဟု ဆိုသဖြင့် . . . သာညာဏ်၊ သာဖန် ညီအစ်ကိုလည်း ထိုသူအား တံခါးဖွင့်ပေးလိုက်လေ၏။

တံခါးပွင့်သည်နှင့် ထိုသူသည် ပွဲရုံအတွင်းသို့ ဆတ်ခနဲ ဝင်လိုက်ပြီးလျှင် . . . သာညာဏ်နှင့် သာဖန်အား သေနတ်ဖြင့် ချိန်ကာ -

"အူကြောင်ကြောင်မလုပ်နဲ့ ... ပစ်သတ်လိုက်မယ်" ဟု ပြောလိုက်လေ၏။

ထို့နောက် ကားပေါ်မှလူနှစ်ဦးဆင်းလာပြီးလျှင် သာညာဏ် နှင့် သာဖန် ညီအစ်ကိုအား ကြိုးများတုပ်၍ ကားဆီသို့ ခေါ်သွား ပြီးလျှင် ကားပေါ်သို့တက်ခိုင်းလေတော့၏။ ထို့နောက် သေနတ် သမားက ကားမောင်းသူအား . . .

"မောင်း" ဟု ပြောလိုက်ရာ မော်တော်ကားသည် ဝူးခနဲ ထွက်သွားလေတော့၏။

ကားပေါ်မှလူများသည် သာညာဏ်နှင့် သာဖန်အား လမ်း မသိစေရန်အတွက် မျက်နှာတွင် အဝတ်များ စည်းလိုက်ကြလေ တော့၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## သော့ကိစ္စ

လူဆိုးများသည် သာညာဏ်နှင့်သာဖန်ညီအစ်ကိုအား ၎င်းတို့ခိုအောင်းရာနေရာသို့ ခေါ်သွားလေ၏။ ထိုနေရာမှာ ခြံဝင်းအကျယ်ကြီးအတွင်းမှ တိုက်အို တိုက်ဟောင်းကြီးတစ်လုံးဖြစ်လေ၏။ ၎င်းတို့အား တိုက်အတွင်းသို့သွင်းပြီးနောက် ပါးစပ်အတွင်းသို့ အဝတ်များဆို့ကာ . . . လူဆိုးအကြီးအမှူးက သူ၏လူများအား . . .

"ဒီကောင်နှစ်ကောင်ကို မိတ်ဆက်ပေးပါဦး" ဟု ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် လူဆိုးများသည် စတင်၍ရိုက်နှက်ကြလေတော့၏။ သာညာဏ်နှင့် သာဖန် ညီအစ်ကိုတို့လည်း မရှုမလှခံရလေ၏။

ထို့နောက် လူဆိုးအကြီးအမှူးက ၎င်းညီအစ်ကို၏ ပါးစပ်အတွင်းမှ အဝတ်များကို ထုတ်စေပြီးလျှင် . . .

"ကဲ ... မိတ်ဆက်ပြီးပြီ၊ မင်းတို့နဲ့ငါ စကားပြောရတာပေါ့။ မုတ်ဆိတ်ဖြူကြီးက မင်းတို့ကိုဘာပြောသွားသလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ သာညာဏ်က . . .

"ကျွန်တော်တို့နဲ့ တွေ့တဲ့အခါ မုတ်ဆိတ်ဖြူကြီးဟာ အသက်မရှိတော့ပါဘူး၊ သူ ဘာမှမပြောနိုင်တော့ပါဘူး" ဟု ဖြေလျှင် အကြီးအမှူးလုပ်သူက သူ၏လူများအား . . .



"ဒီကောင်တွေ လိမ်နေတယ်၊ ငါ့ကိုမလိမ်ဝံ့အောင် မင်းတို့ကြည့်လုပ်လိုက်ကြ" ဟုပြောလိုက်ရာ လူဆိုးများသည် သာညာဏ်၊ သာဖန် ညီအစ်ကိုအား ထုပ်၌ ဇောက်ထိုးဆွဲ၍ ရိုက်နှက်ကြပြန်လေတော့၏။

ထိုညီအစ်ကိုသည် အရှင်လတ်လတ် ငရဲပြည်ရောက်နေရ၏။ မိမိတို့ တစ်စုံတစ်ရာမသိသောအကြောင်းအရာမေး၍ နှိပ်စက်ညှဉ်းပန်းခြင်း ခံနေရ၏။

လူဆိုးများသည် ကျေနပ်လောက်အောင် ရိုက်နှက်ကြပြီးနောက် ၎င်းတို့အား ထုပ်၌ပင် ဇောက်ထိုးဆွဲ၍ အခန်းတံခါးပိတ်ထားလိုက်ပြီးလျှင် . . . လူဆိုးတို့သည် အရက်သေစာများ၊ အစားအသောက်များ မြိန်ယှက်စွာစားသောက်နေကြလေ၏။

ထိုအချိန်မှာပင် အကြီးအမှူးလုပ်သူက သူ၏တပည့်တစ်ဦးအား . . .

"ဟေ့ ... လှမောင်၊ ဟိုကောင်နှစ်ကောင် ဘာတွေပြောကြတယ် ... ဘာတွေတိုင်ပင်ကြတယ်ဆိုတာ ... သွားပြီး ချောင်းနားထောင်စမ်း" ဟုပြောလိုက်ရာ လှမောင်ဆိုသူသည် ဇောက်ထိုးဆွဲထားသော သာညာဏ်၊ သာဖန်တို့ကို သွား၍ ချောင်းကြည့်လေ၏။

ထိုအချိန်၌ ထုပ်တွင် ဇောက်ထိုး ဆွဲထားခြင်း ခံရသော သာဖန်က သာညာဏ်အား . . .

"သာညာဏ်ရေ ... ဘယ်လိုကြီးတုန်းကွာ၊ ငါတို့လဲ ဘာမှမသိဘဲ ခံရတာ အီလှသကွာ၊ လောကစကားမှာတော့ ဘယ်သူမပြု မိမိမှု ဆိုကွ၊ အခုတော့ ငါတို့လဲ ဘာမှမပြုရဘဲ အမှုက

www.burmeseclassic.com

www.burmeseclassic.com



ပတ်နေပါပကောလားကွ၊ အဲဒါလေး တဆိတ်ရှင်းစမ်းပါဦး” ဟု ပြောလိုက်ရာ သာညာဏ်က . . .

“ငါလဲ မပြောတတ်ပါဘူးကွာ၊ ငါတို့အဖြစ်က တော်တော် ဆိုးတယ်ကွ” ဟု သာညာဏ်ကပြောရာ သာဖန်က . . .

“ဆိုးပြီလား သာညာဏ်ရယ်... ဆင်နှင်းခံရတဲ့ကိန်းပါပဲ” ဟု ပြောလေ၏။

“ဆင်နှင်းတာလောက်ဆိုရင် သိပ်မဆိုးသေးဘူးကွ၊ အခု ဖြစ်တာက ဆင်နှင်းလို့ သေရုံမျှမက ဆိုတဲ့ကိန်း ဆိုက်နေပြီ” ဟု သာညာဏ်က ပြောလိုက်ရာ သာဖန်က . . .

“ဘယ်လိုလဲ သာညာဏ်ရ... ဆင်နှင်းလို့သေရုံမျှမက ဆိုတာ ရှင်းပြစမ်းပါဦး” ဟု မေးလိုက်ရာ သာညာဏ်က . . .

“ငါ ပုံကလေးတစ်ပုံ ပြောပြမယ်” ဟု စကားစ,လိုက်လေ၏။

ထိုအခါလှမောင်က သူ၏ဆရာလူဆိုးအကြီးအမှူးအား -

“ဆရာရေ ဟိုကောင်နှစ်ကောင် ပုံပြောနေကြတယ်ဗျို့” ဟု ပြောလိုက်ရာ လူဆိုးအကြီးအမှူးနှင့်တကွ လူဆိုးအားလုံးသည် လာရောက်၍ ချောင်းမြောင်းနားထောင်နေကြလေတော့၏။

ထိုအချိန်၌ သာညာဏ်သည် ထုပ်တွင် ဇောက်ထိုးဆွဲလျက် အနေအထားမှ သာဖန်အား အောက်ပါပုံပြင်ကို ပြောပြလေ တော့၏။

“ဟိုးရှေးရှေးတုန်းက လယ်သမားတစ်ယောက်ဟာ လမ်း လျှောက်သွားရင်း လူအရိုးခေါင်းတစ်ခုကို လမ်းပေါ်မှာ တွေ့ရ တယ် ဆိုပဲ၊ အဲဒါနဲ့ သူလဲ အဲဒီခေါင်းခွံကို ငုံ့ကြည့်လိုက်တော့



ခေါင်းခွံပေါ်မှာ ဆေးအနီနဲ့ရေးထားတဲ့ စာတန်းတစ်တန်းကို တွေ့ရတယ်၊ အဲဒါနဲ့ လယ်သမားလဲ အဲဒီစာတန်းကို ငုံ့ပြီးဖတ် ကြည့်လိုက်တယ်၊ အဲဒီစာတန်းက ဘာရေးထားသလဲဆိုတော့-

ဆင်နှင်း၍ သေရုံမျှမက

လို့ ရေးထားတာကိုး၊ အဲဒီတော့ လယ်သမားက စဉ်းစားတယ်၊ ဒီလူဟာ ဆင်နှင်းလို့သေတာပဲ၊ အရိုးတောင်ဖြစ်နေပြီ၊ အဲဒီ အထဲက သူ့အရိုးခေါင်းခွံပေါ်မှာ ရေးထားတာကလဲ ‘ဆင်နှင်း၍ သေရုံမျှမက’ ဆိုပါလား၊ ဘယ်လိုများ ထပ်ပြီးဖြစ်ဦးမှာလဲလို့ စဉ်းစားမိတယ်။

“ဒါပေမဲ့ အဖြေက မရဘူး၊ အဲဒီတော့ အိမ်ကျမှ စဉ်းစား မယ် ဆိုကာ ဒီအရိုးခေါင်းကိုကောက်သွားဦးမှဆိုပြီး အရိုးခေါင်း ကို ပုဆိုးဟောင်းကလေးနဲ့ထုပ်ပြီး အိမ်ကိုယူလာခဲ့တယ်၊ အိမ် ရောက်တော့ အဲဒီ အရိုးခေါင်းကို သေတ္တာထဲ ထည့်ထားလိုက် တာပေါ့၊ အဲဒီကိစ္စကို သူဟာ စဉ်းစားပြီး အဖြေရှာနေမိတယ်၊ ဒါပေမဲ့ အဖြေက မပေါ်ဘူး၊ လယ်ထဲကို ဆင်းခါနီးမှာလဲ အရိုး ခေါင်းကိုထုတ်ပြီး စာတန်းကိုဖတ်တယ်၊ ပြီးတော့ အရိုးခေါင်းကို သေတ္တာထဲထည့်ပြီးမှ လယ်ထဲကိုဆင်းသွားတယ်။

“ဒါပေမဲ့ အလုပ်ထဲမှာလဲ စိတ်မဝင်စားပါဘူး၊ အရိုးခေါင်း ပေါ်က စာကိုပဲ စိတ်ဝင်စားနေတယ်၊ လယ်ထဲက ပြန်လာတော့ လဲ ကပျာကယာသေတ္တာကိုဖွင့်ပြီး အရိုးခေါင်းကိုဖွင့်ကြည့်တယ်။

“ပြီးတော့ ဆက်ပြီးစဉ်းစားပြန်ရော၊ သူ့မိန်းမက ထမင်း စားမယ်လို့ ခေါ်တာတောင် တစ်ခါတလေ မကြားမိဘူး၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို လယ်သမားကြီးက စဉ်းစားမရတာနဲ့ တစ်နေ့ထက် တစ်နေ့ တငိုင်ငိုင် တငူငူကြီး ဖြစ်လာတော့တာပဲ၊ နောက်ဆုံး တော့ မိန်းမကလဲ ငါ့ယောက်ျား အမူအရာပျက်ပါတယ် ဆိုပြီး မသင်္ကာဖြစ်လာတယ်၊ အဲဒီလိုဖြစ်လာတော့ သူ့ယောက်ျား အမူအရာပျက်တာကို သိအောင်ကြံမယ် ဆိုပြီး သူ့ယောက်ျား လယ်တောသွားခါနီး အသာကလေး ချောင်းကြည့်တယ်။

"အဲဒီမှာ ယောက်ျားလုပ်တဲ့လူကလဲ သေတ္တာကိုဖွင့်ပြီး အရိုးခေါင်းကစာကို ဖတ်တာကိုး၊ အဲဒီလိုဖတ်ပြီးတော့မှ လယ်ထဲ ကိုဆင်းသွားတယ်၊ သူ့ယောက်ျားလဲဆင်းသွားရော မိန်းမလုပ်တဲ့ သူက သေတ္တာကို သွားပြီးဖွင့်တယ်၊ ဖွင့်လဲဖွင့်ရော အထဲက အရိုးခေါင်းကို တွေ့တာပေါ့၊ အဲဒီတော့ မိန်းမက ဘယ်လို ထင်သလဲဆိုတော့ 'မဟုတ်မှလွဲရော ... ဒီဥစ္စာဟာ ငါ့ယောက်ျား ရဲ့ ငယ်ရည်းစား အရိုးခေါင်းဖြစ်ရမယ်' လို့ အတပ် စွပ်စွဲတော့ တာပဲ။

"ပြီးတော့ အရိုးခေါင်းပေါ်ကစာကို ဖတ်ကြည့်လိုက်တော့ 'ဆင်နှင်း၍ သေရုံမျှမက' လို့ ရေးထားတဲ့စာကို သွားပြီးတွေ့ တာကိုး၊ အဲဒီစာကိုဖတ်ပြီးရော မိန်းမက ဘယ်လိုထင်မြန်သလဲ ဆိုတော့ 'မဟုတ်မှလွဲရော ... ဒီစာဟာ ငါ့ယောက်ျားရေးထားတဲ့ စာဖြစ်ရမယ်၊ သူ့ရည်းစားဟာ ဆင်နှင်းလို့ သေသွားတာဖြစ်ရ မယ်၊ အဲဒီတော့ ဒီအရိုးခေါင်းမှာ ငါ့ယောက်ျားဟာ ကမ္ပည်းတင် ထားတာပေါ့လေ၊ ဆင်နှင်း၍ သေရုံမျှမက ဘယ်လိုနည်းနဲ့ပဲ သေသေ . . . ငါကတော့ ရိုးမြေကျအောင် ချစ်နေမှာပဲဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ကဲ ကဲ သိကြရောပေါ့' လို့ဆိုပြီး အရိုးခေါင်းကို



ဆတ်ခနဲ ကောက်ယူလိုက်တယ်၊ ပြီးတော့ ဆန်ဖွပ်တဲ့ဆုံကြီး ထဲမှာထည့်၊ ကျည်ပွေ့ကြီးနဲ့ တအားထောင်းတော့တာပဲ။

"မှတ်ပြီလား ... မှတ်ပြီလား ဆိုပြီး အော်အော်ပြီး ထောင်း တော့တာပဲ၊ ဘယ်လောက်တောင် ထောင်းလိုက်သလဲဆိုတော့ အရိုးခေါင်းဟာ ပေါင်ဒါမှုန့်ဖြစ်သွားတယ်၊ အဲဒီလိုထောင်းပြီး ကျေနပ်အားရနေတုန်းမှာ သူ့ယောက်ျားက လယ်တောက ပြန် လာတယ်၊ ပြန်လာတာနဲ့ ဟိုလူကလဲ သေတ္တာကို ပြေးဖွင့်တော့ တာပဲ၊ အဲဒီလိုလဲ ဖွင့်လိုက်ရော အရိုးခေါင်း မရှိတော့တာကို တွေ့ရတော့တာပဲ၊ အဲဒီအခါမှာ အဲဒီလူက အရိုးခေါင်းကို ဟိုရှာ ဒီရှာ ရှာတော့တာပေါ့။

"အဲဒီလို ရှာနေတာကို သူ့မိန်းမက မြင်တော့ 'ရှင်ဘာရှာ နေတာလဲ၊ ကျုပ် မသိဘူးမှား အောက်မေ့နေလို့လား၊ အဲဒါ ရှင့်ငယ်ရည်းစား မဟုတ်လား' လို့ မေးလိုက်တယ်၊ အဲဒီတော့ ယောက်ျားလုပ်တဲ့လူက 'အဲဒါတွေ အသာထားစမ်းပါကွာ ... အရိုးခေါင်း ဘယ်ရောက်သွားပြီလဲ' လို့ မေးတော့တာကိုး၊ အဲဒီ အခါမှာ မိန်းမလုပ်တဲ့လူက . . . 'ရှင်တို့ အတော်ချစ်ကြတယ် ထုတ်လား၊ ရှင့်ကောင်မ အရိုးခေါင်း ဘယ်ရောက်သွားပြီ မှတ်သလဲ' လို့ ပြန်ပြီးမေးလိုက်တယ်၊ အဲဒီအခါမှာ ယောက်ျား လုပ်တဲ့လူက 'မင်းပြောတာတွေ အသာထားစမ်းပါကွာ ... အရိုးခေါင်း ဘယ်ရောက်သွားပြီလဲဆိုတာသာ ပြောစမ်းပါ' လို့ ပြန်ပြီးမေးလိုက်တယ်။

"အဲဒီအခါမှာ မိန်းမက 'ဟောဟို ဆန်ဖွပ်တဲ့ ဆုံကြီးထဲ ထည့်ပြီး ကျုပ်ထောင်းပစ်လိုက်ပြီ၊ မယုံရင် သွားကြည့်ပေတော့' လို့ ဆိုတယ်၊ အဲဒီတော့ ယောက်ျားလုပ်တဲ့လူဟာ အိမ်ပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ပြေးဆင်းသွားပြီး ဆုံထဲကို သွားကြည့်တာကိုး၊ အဲဒီအခါမှာ သူ့မိန်းမထောင်းထားလို့ အမှုန့်ဖြစ်နေတာကို တွေ့ရတော့တယ်၊ အဲဒီလိုလဲတွေ့ရော အဲဒီလူက ဝမ်းသာပြီး . . . တစ်အားကုန်အော်ပြီး ရယ်တော့တာပဲ၊ အဲဒီလိုရယ်ပြီးတော့ ဘာပြောသလဲဆိုတော့ 'မိန်းမရေ ကျေးဇူးတင်လိုက်တာကွာ၊ စောစောတုန်းက စာမဆုံးသေးဘူးကွ၊ အခုမှ စာက ဆုံးသွားတော့တယ်၊ ဆင်နင်းလို့ သေရုံမျှမက . . . သေပြီးနောက်တောင် ဆုံထဲတွင်ထည့်၍ အထောင်းခံရသည့်တိုင်အောင် ကံဆိုးရှာပါပေသည်' လို့ ပြောလိုက်တယ်၊ သာဖန်ရယ် ... အခုလဲ ငါတို့အဖြစ်ဟာ ဒီအတိုင်းပါပဲကွာ၊ မုတ်ဆိတ်ဖြူကြီး . . . လာပြီးသေတာကြောင့် ငါတို့မှာ အသုဘစရိတ်ကုန်ရုံမျှမက လူဆိုးများက ဖမ်းဆီးရိုက်နှက်ခြင်းပြုသည့်တိုင်အောင် ငါတို့ညီအစ်ကိုနှစ်ယောက် ကံဆိုးရှာကြပါပေတယ်လို့ ပြောရမလိုဖြစ်နေပြီကွ" ဟုပြောလိုက်ရာ သာဖန်က သဘောကျ၍ တခစ်ခစ် ရယ်လေ၏။

ချောင်း၍ နားထောင်နေကြသော လူဆိုးများနှင့်တကွ ခေါင်းတို့၏ အကြီးအမှူးလည်း သာညာဏ်၏ပုံကို နားထောင်ပြီးနောက် ပြုံးကြလေတော့၏။

ထိုအခါ သာဖန်က . . .

"သာညာဏ်ရယ် မင်းက ပုံပြောတော့လဲ ငါလဲ ပုံကလေးတစ်ပုံလောက်ပြောချင်တယ်ကွာ"ဟု ပြောလိုက်ရာ သာညာဏ်က

"ပြောချင်လဲ ပြောကွာ ... ငါလဲ နားထောင်ရတာပေါ့" ဟု ဆိုလေ၏။ ထိုအခါ သာဖန်လည်း အောက်ပါပုံပြင်ကို ပြောပြလေတော့၏။



"ဟိုးရှေးရှေးတုန်းက တောထဲမှာ တဲကလေးတစ်လုံးထိုးပြီး အေးအေးချမ်းချမ်းနေတဲ့ ဖိုးသူတော်ကြီးတစ်ဦးရှိတယ်၊ သူဟာ တစ်နှစ်မှတစ်ခါ မြို့ကိုတက်ပြီး မြို့က သူ့အသိသူဌေးအိမ်မှာ တစ်နှစ်စာစားဖို့ ဆား သွားပြီးတောင်းလေ့ရှိတယ်၊ တစ်နေ့မှာ ဆားသွားတောင်းပြီး တောထဲကို ပြန်လာတယ်၊ သူ့တဲကလေးဆီလဲရောက်ရော ဆားတွေကို အိုးထဲထည့်ပြီး သိပ်နေတာပေါ့လေ၊ အဲဒီအခါမှာ မြို့ကနေပြီး နှစ်လုံးပြူးတစ်လက်နဲ့ အပျော်တမ်း တောပစ်ထွက်လာတဲ့ မြို့ကျောင်းသားတစ်ဦးနဲ့ သွားပြီးတွေ့တာကိုး၊ မြို့ကျောင်းသားက ဖိုးသူတော်ကြီးရဲ့ တဲထဲကိုဝင်ပြီး အမောဖြေတယ်၊ အမောဖြေပြီး ရေတစ်ခွက်တောင်းပြီး သောက်တယ်၊ ဖိုးသူတော်ကြီးကလဲ မြို့ကျောင်းသားကို ရေခပ်တိုက်တယ်၊ ပြီးတော့ ဆားအိုးထဲမှာ ဆားကို ဆက်ပြီးထည့်နေတာပေါ့။

"အဲဒီတော့ မြို့ကျောင်းသားက ဖိုးသူတော်ကြီး ဆားထည့်နေတာကြည့်ပြီး အင်္ဂလိပ်လို ဆားကို 'ဆော့' လို့ ခေါ်ကြောင်း သိလေတော့ မြို့ကျောင်းသားက ဖိုးသူတော်ကြီးကို ကြည့်ပြီး 'ဆော့တွေပါလား' လို့ ပြောလိုက်တယ်၊ အဲဒီတော့ ဖိုးသူတော်ကြီးက 'မဆော့ပါဘူး မောင်ရင်ရယ် ... တစ်နှစ်စာ ကျပ်သုံးဖို့ ဆားတွေ အိုးထဲထည့်နေရတာပါ' လို့ ပြန်ပြီးပြောတယ်။ အဲဒီတော့ မြို့ကျောင်းသားက 'ဖိုးသူတော်ကြီးက တယ်ပြီး အ,တာကိုး၊ ဆော့ ဆိုတာ အင်္ဂလိပ်လို ဆားကိုပြောတာ' လို့ ရှင်းပြလိုက်တော့ ဖိုးသူတော်ကြီးက 'တယ်ဟုတ်ပါလား၊ မောင်ရင်က ဆားကိုတောင် . . . အင်္ဂလိပ်လို ခေါ်တတ်တယ်နော်' လို့ မြို့ကျောင်းသားကို အထင်ကြီးတဲ့လေသံနဲ့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအခါမှာ . . . မြို့ကျောင်းသားက အရှိန်မသတ်ဘဲနဲ့ ဘာဆက်ပြီးပြောသလဲဆိုတော့ ဆားကို နောက်တစ်မျိုးခေါ်လို့ ရသေးတယ် ဖိုးသူတော်ကြီးရဲ့လို့ ပြန်ပြီးပြောလိုက်တယ်၊ အဲဒီ အခါမှာ ဖိုးသူတော်ကြီးက 'ကဲပါ...နောက်တစ်မျိုးခေါ်ပြီး ပြစမ်း ပါဦး' လို့ တောင်းပန်လိုက်တယ်၊ အဲဒီတော့ မြို့ကျောင်းသားက ဆားကို ဆိုဒီယမ်ကလိုရိုဒ် လို့ ခေါ်တယ်လို့ ပြောလိုက်တယ်၊ အဲဒီတော့ ဖိုးသူတော်ကြီးက ဆားပဲ မောင်ရင်ရယ် ... စိုကုန်ရင် အငိုလိုက်ကုန်မှာပေါ့ လို့ ပြန်ပြီးပြောလိုက်တယ်။

"အဲဒီတော့ မြို့ကျောင်းသားက ခင်ဗျား သိပ်ပြီး အ,တာပဲ၊ ကျုပ်က ခင်ဗျားကို ဆိုင်းယင့်နည်းနဲ့ပြောတာလို့ ပြောပြန်တယ်၊ အဲဒီအခါမှာ ဖိုးသူတော်ကြီးက ရိုးရိုးပါးစပ်နဲ့ပဲပြောပါမောင်ရင် ရယ်၊ ဆိုင်းယင့်နဲ့လဲမပြောပါနဲ့၊ ဆိုင်းအဖျားနဲ့လဲမပြောပါနဲ့ လို့ ပြန်ပြီးပြောလိုက်တယ်၊ အဲဒီအခါမှာ မြို့ကျောင်းသားက ခေါင်း ကို တွင်တွင်ယမ်းပြီး 'ခက်တယ် ... ခက်တယ်၊ ခင်ဗျား သိပ်ပြီး အ,တယ်၊ ဆားဆိုတာ ပုံဆောင်ခဲတစ်မျိုးပဲ၊ သူ့အထဲမှာ ရေထည့် ပြီး ပြည့်ဝဖျော်ရည် ဖြစ်အောင်လုပ်၊ ပြီးတော့ အပူ ပြန်ပေး လိုက်ရင် ဒီအတိုင်း ပြန်ဖြစ်သွားတယ်၊ ခင်ဗျား မယုံဘူးလား၊ မယုံရင် ကျုပ် လုပ်ပြမယ်' ဆိုပြီး လက်ထဲက ရေခွက်နဲ့ ရေတွေကို ဆားအိုးထဲ လောင်းထည့်လိုက်တယ်၊ အဲဒီအချိန်မှာပဲ ဒရယ် တစ်ကောင်ဟာ တဲရှေ့က ဖြတ်ပြေးသွားတော့ မြို့ကျောင်းသား က နောက်တော့မှ ကျုပ်လုပ်ပေးမယ်၊ ဟိုဒရယ်နောက် လိုက်ရ ဦးမယ် ဆိုပြီး . . . လိုက်သွားတော့တာပဲ၊ နောက်တော့လဲ မြို့ ကျောင်းသား ပေါ်မလာတော့ဘူး၊ ဖိုးသူတော်ကြီးရဲ့ ဆားတွေ ဟာလဲ အရည်ပျော်ပြီး . . . သုံးလို့မရတော့ဘူး၊ အဲဒီအခါမှာ



ဖိုးသူတော်ကြီးက စိတ်ပျက်ပြီး မြို့ကို တစ်ခေါက် တက်လာရ တယ်၊ မြို့က သူ့အသိ သူဌေးအိမ်ကိုသွားတာပေါ့၊ အဲဒီတော့ သူ့အသိသူဌေးက ဦးသူတော်ကြီးရယ် ဘာကိစ္စလာရပြန်တာတုံး လို့ မေးတယ်။

"ဒီတော့ ဖိုးသူတော်ကြီးက ဆားလိုချင်လို့ပါလို့ ပြန်ပြီး ဖြေ တယ်၊ အဲဒီတော့ သူဌေးက တစ်နေ့ကမှပဲ ဆားတွေအများကြီး ပေးလိုက်တယ်၊ ဦးသူတော်ကြီးက . . . ဆားတွေ ဒီလောက်ပဲ အများကြီးစားရသလားလို့ အပြစ်တင်တော့တာပဲ၊ အဲဒီအခါမှာ ဖိုးသူတော်ကြီးက စားလို့ကုန်တာမဟုတ်ပါဘူး၊ ရေစိုလို့ကုန်တာ ပါ၊ ဆားလေးနည်းနည်းပေးပါဦးလို့ အသနားခံတယ်။

"ဒီအချိန်မှာပဲသူဌေးကတော်ရောက်လာပြီး 'ဟာ ဖိုးသူတော် ကြီးပါလား၊ အတော်ပဲ ... အတော်ပဲ ... ဒီကလဲ တစ်အိမ်လုံး ဘုရားဖူးသွားမလို့ . . . အိမ်စောင့်မယ့်သူ မရှိတုန်း ရောက်လာ တာကိုး၊ ဆယ်ရက်လောက် အိမ်စောင့်ပေးပါ၊ ပြန်လာတဲ့ အခါကျတော့ . . . ဆားတွေ ကြိုက်သလောက်ပေးပါမယ်' လို့ ပြောတာကိုး၊ အဲဒီတော့ ဖိုးသူတော်ကြီးကလဲ ကြိုက်သလောက် မပေးပါနဲ့၊ ဆားကလေး အိုးသေးသေးနဲ့ တစ်အိုးလောက် ပေးပါ လို့ ပြောပြီး သူဌေးအိမ်ကို စောင့်ပေးရှာတယ်။

"သူဌေးအိမ်တစ်အိမ်လုံးလဲ ဘုရားဖူး ထွက်သွားကြတယ်၊ အဲဒီညမှာပဲ သူဌေးအိမ်ကိုတိုက်မယ့်ဓားပြတွေက သူဌေးရှိတယ် ထင်ပြီး ရောက်လာကြပါလေရော၊ ဖိုးသူတော်ကြီးကိုလဲမြင်ရော ဓားပြခေါင်းဆောင်လုပ်တဲ့လူက 'အောင်မာ ... သူဌေးကတော့ ခေါင်းတုံး တုံးပြီး ပိတ်ဖြူတွေဘာတွေ ဝတ်ထားတာကိုး၊ ဒါပေ တော့ ... ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ရှိတာအကုန်ထုတ်' ဆိုပြီး သူ့ရဲ့တပည့် ဓားပြတွေကို ရိုက်ခိုင်းတော့တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသူတော်ကြီးခမျာမှာ ဆားအတွက် အရိုက်ခံရခြင်း ဖြစ်လေတော့ တစ်ချက်ရိုက်တိုင်း ရိုက်တိုင်းမှာ 'ရိုက်ဟ ဆားကွ၊ ဆော့ကွ ... စိုကုန်ရင် အငိုလိုက်တဲ့ဆားကွ ... တွယ်လိုက်ဟ၊ ဆားတစ်အိုးနဲ့ အရိုးကျိုးပြီကွ' ဆိုပြီး အော်တော့တာပဲ၊ အဲဒီအခါမှာ ဓားပြခေါင်းဆောင်က သိပြီ ... သိပြီ၊ သူ့ပစ္စည်းတွေ ဆားအိုးထဲမှာရှိလိမ့်မယ် . . . ဆိုပြီး မီးဖိုထဲဝင်ပြီး ဆားအိုးကို ရှာတော့တာပဲ။

"အဲဒီသူဌေးရဲ့ မီးဖိုချောင်မှာလဲ ဆားက နည်းနည်းနောနော ထားတာမဟုတ်ဘူး၊ ငါးပိငါးခြောက်တွေ လှမ်းဖို့ဆိုပြီး ဆားက ရာဝင်အိုးနဲ့သုံးလုံးအပြည့် ထားတာ၊ ဓားပြတွေဟာ ဆားတွေကို အိုးထဲက ခပ်ထုတ်၊ ပစ္စည်းတွေရှိတယ် ထင်ပြီး ဆားတွေကို ရေတွေနဲ့လောင်းပြီး ရှာ၊ အဲဒီလိုနဲ့ ဆားတွေဟာ တက်တက်စင် ပြောင်ပါလေရော။

"ဓားပြတွေလဲ ပစ္စည်းမရတဲ့အဆုံးမှာ ဖိုးသူတော်ကြီးကို စိတ်ကြိုက် ရိုက်နှက်ပြီး ထွက်သွားကြတယ်၊ ဖိုးသူတော်ကြီးလဲ မျော့မျော့လေးပဲ ကျန်ရှာတော့တယ်၊ သူဌေးလင်မယား ဘုရားဖူးပြီး ပြန်လာသည့်တိုင်အောင် ဖိုးသူတော်ကြီးဟာ အိပ်ရာထဲက မထနိုင်ရှာဘူး၊ အဲဒီတော့ သူဌေးကြီးက 'ဘယ်လိုဖြစ်တာလဲ ဖိုးသူတော်ကြီး' လို့ မေးတယ်၊ ဖိုးသူတော်ကြီးက ဆားပေါ့ဗျာ၊ ဆား ... ဆားလို့ ပြန်ပြီးဖြေတယ်။

"ဒီအခါ သူဌေးကတော်ကြီးက မီးဖိုထဲဝင်ပြီး သွားကြည့်တော့ ရာဝင်အိုးနဲ့ထည့်ထားတဲ့ ဆားတွေအားလုံး တက်တက်ပြောင်နေတာ တွေ့ရတယ်၊ အဲဒီတော့ သူဌေးကတော်ကြီးက ဖိုးသူတော်ကြီးကို လာပြီး ရန်တွေ့တော့တာပဲ၊ ဒီရက်ကလေး



အတွင်းမှာ . . . ရာဝင်အိုးသုံးလုံးနဲ့ ဆားအပြည့်ကို ကုန်အောင် စားပစ်တယ်ဆိုတော့ ဖိုးသူတော်ကြီး မသေတာကံကောင်းတယ် မှတ်ရမယ်လို့ ကက်ကက်လန်အောင် ပြောတာကိုး။

"အဲဒီအခါမှာ ဖိုးသူတော်ကြီးက မြို့ကျောင်းသားရေ ... မင်းလုပ်ခဲ့တဲ့ ဆော့ကိစ္စ မပြီးသေးပါလားကွာ လို့ ကုန်းပြီးအော်လိုက်ရှာတယ်"

အခုလဲ ဒီလိုပဲကွ ... ငါတို့အဖြစ်ဟာ အတော့်ကို ဆိုးပါတယ်ကွာ၊ ရေချမ်းဆိုတဲ့ ကောင်လေးကို အကြောင်းပြုပြီး ဘုမသိဘမသိနဲ့ မုတ်ဆိတ်ဖြူကြီးကို တရုတ်မသာချပေးလိုက်ရတယ်။

"ပြီးတော့ လူဆိုးတွေက ငါတို့ဖမ်းလာပြီး မုတ်ဆိတ်ဖြူကြီးက ငါတို့ကို ဘာပြောသလဲဆိုပြီး ရိုက်ကြတယ်၊ အဲဒီတော့ကွာ ငါလဲ ဖိုးသူတော်ကြီးလိုပဲ ရေချမ်းရေ..မင်းလုပ်တဲ့ ဆော့ကိစ္စ မပြီးသေးပါလားကွာလို့ ကုန်းပြီးအော်လိုက်ချင်တာပဲ" ဟု ပြောလိုက်ရာ လူဆိုးများလည်း ရယ်မောကြလေ၏။

ထို့နောက် သာညာဏ်နှင့် သာဖန် ညီအစ်ကိုအား ထုပ်တွင် ချည်ထားရာမှ လူဆိုးများက ဖြုတ်ချပေးပြီးလျှင် . . .

"ရေချမ်းဆိုတာ ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ သာညာဏ်နှင့်သာဖန်တို့သည် မုတ်ဆိတ်ဖြူကြီးက ရေချမ်းအား ပွဲရုံမှာ လာ၍ရောင်းစားပုံ၊ ယခုတစ်ဖန် ပြန်လာ၍ ခေါ်ပုံတို့ကို ပြောလိုက်ရာ လူဆိုးအကြီးအမှူးက . . .

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ငါတို့ လူမှားပြီး ဖမ်းလာတာ၊ ငါတို့ တကယ်ဖမ်းရမှာက ရေချမ်းဆိုတဲ့ကောင်ပဲ၊ ကဲ... ငါတို့ပြည့်တို့

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းကိုသွားပြီး ဖမ်းကြပေတော့” ဟုပြောပြီး စေလွှတ်လိုက်လေ၏။

သာညက်နှင့်သာဖန် ညီအစ်ကိုကိုလည်း အစောင့်အကြပ်တင်းတင်းကျပ်ကျပ်မထားတော့ဘဲ ဖမ်းသည်ဆိုရုံသာ ဖမ်းထားလေတော့၏။

ထိုအခါ သာညက်နှင့် သာဖန်တို့သည် ထွက်ပြေးရန် အခွင့်အလမ်းကို နှစ်ယောက်သား တိုင်ပင်၍ ကြံစည်နေကြလေတော့၏။

* * * * *

## လူသိုးတွေလာပြီ

ရေချမ်းသည် ကုန်ကြွေးများကို သွား၍ တောင်းရမ်းပြီး ပွဲရုံသို့ ပြန်လာခဲ့လေ၏။ ပွဲရုံသို့ရောက်သောအခါ၌မှ သာညက်နှင့် သာဖန် ညီအစ်ကိုကို မတွေ့သဖြင့် တစ်စုံတစ်ခုဖြစ်နေပြီထင်မှတ်၍ ရှာဖွေရန် ခြေဦးတည့်ရာ ထွက်ခဲ့လေတော့၏။

ရေချမ်း၏စိတ်ထဲ၌ အကြောင်းတစ်ခုခုနှင့် ပုလိပ်ဘက်မှလာရောက်ခေါ်ယူသွားခြင်းဖြစ်မည်ဟု ထင်မှတ်သောကြောင့် ဂါတ်ဘက်သို့ သွားရောက်၍ ရှာဖွေလေ၏။

ဂါတ်ဘက်၌ မတွေ့လျှင် အခြားနေရာများသို့ ဆက်လက်၍ ရှာဖွေလေ၏။ ထိုသို့ရှာဖွေရင်း . . .

“တစ်ခုခုတော့ တစ်ခုခုပဲ ... အန္တရာယ်တစ်ခုခု လာပြီပြီနဲ့တူပါရဲ့” ဟု တွေးတောကာ စိတ်ပျက်လက်ပျက်နှင့် အရေးဆီသို့ လျှောက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဘုရားကုန်းတော်ပေါ် သို့မတက်ဘဲ မြင်လောက်သော နေရာမှပင် ဖူးမြော်ရှိခိုးရင်း ထိုင်၍နေလေ၏။

အချိန်အတော်ကြာ တစ်ကိုယ်တည်းနေပြီးနောက် တစ်ဖန်လျှောက်၍သွားရာ ပွဲရုံများသို့ရောက်လေ၏။ ပွဲရုံတိုင်းလိုလို၌

"ကိုသာညဏ်နဲ့ ကိုသာဖန် လာသလား" ဟု မေးမြန်းလေ၏။ သို့ရာတွင် မလာကြောင်း ဖြေဆိုကြလေ၏။

ထို့ကြောင့် ရေချမ်းသည် အတွေးရခက်သွားလေတော့၏။ ဤသို့နှင့်ပင် . . .

"အို မထူးပါဘူး၊ ဖြစ်ချင်တာဖြစ် ပွဲရုံကိုပဲ ပြန်မယ်" ဟု တွေးကာ ပွဲရုံဘက်ဆီသို့ လျှောက်လာခဲ့လေ၏။

ထိုသို့လျှောက်ခဲ့ရင်း ရွှေမုဋ္ဌောစေတီအနီးသို့ တစ်ဖန်ပြန်၍ ရောက်လာပြန်လေ၏။

ထိုသို့ရောက်လာခဲ့ရာတစ်နေရာသို့အရောက်၌ သာညဏ်၊ သာဖန် ညီအစ်ကိုနှင့် ပက်ပင်းတိုးလေတော့၏။

ထိုအခါ ၎င်းညီအစ်ကိုက အားရဝမ်းသာနှင့် ရေချမ်းအား ပြေး၍ဖက်ကြလေတော့၏။ ထိုသို့ဖက်ရင်း သာညဏ်က . . .

"ဟေ့ကောင် ရေချမ်း ... မင်းကလဲ ဘုရင်ခံ ခင်းပေးထားတဲ့ လမ်းမကြီးပေါ်မှာ အလကားလျှောက်ရတယ်ဆိုပြီး လျှောက်နေတာကိုး၊ လျှောက်မနေနဲ့ ဟေ့ကောင် ... ပြေးပေတော့" ဟု ပြောလေ၏။

ထိုအခါ သာဖန်ကလည်း . . .

"ဘာမှမဆိုင်တဲ့ ငါတို့တောင် ဒါလောက်ခံရတယ်ဆိုတော့ မင်းဆိုရင် သတ်ပစ်ကြလိမ့်မယ်ထင်တယ်"

ဟု ပြောရာ ရေချမ်းက . . .



"ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက် ဘာတွေပြောနေကြတာလဲ ... ကျုပ်တော့ ဘာမှမသိဘူး၊ ရှင်းလဲပြကြပါဦး" ဟု ပြောသောကြောင့် ၎င်းတို့ညီအစ်ကိုနှစ်ဦးက ၎င်းတို့အား လူဆိုးများ ဖမ်းသွားပုံ၊ မှတ်ဆိတ်ဖြူကြီးနှင့်ပတ်သက်၍ မေးမြန်းပုံ၊ "မသိဘူး" ဆိုသောကြောင့် ရိုက်နှက်ညှဉ်းပန်းခံရပုံ၊ ထွက်ပြေးလွတ်မြောက်ခဲ့ပုံတို့ကို ပြောပြလေ၏။

ထိုအခါ ရေချမ်းက . . .

"ကျုပ်ကို လူဆိုးတွေ ဖမ်းသွားရင်လဲ သတ်ခါမှ သတ်ရော၊ ကျုပ်လဲ ဘာမှမသိဘူးဗျ" ဟု ပြောလိုက်ရာ သာဖန်က . . .

"ဒီလိုဆိုရင်လဲ ပြေးပေတော့ကွာ ... အဲဒီကောင်တွေက အတော့်ကို ရက်စက်တယ်ကွ၊ ငါတို့ညီအစ်ကို နှစ်ယောက်ကို ဖောက်ထိုးဆွဲပြီး ရိုက်လိုက်တာ မပြောပါနဲ့တော့၊ ငါတို့လဲ လူဆိုးတွေ အလစ်မှာ ခြံစည်းရိုးကနေ ခုန်ထွက်ပြီး ခြေဦးတည့်ရာ ပြေးလာကြတာကွ ... ငါတို့ ပြေးလာတဲ့ အချိန်မှာ လူဆိုးခေါင်းဆောင်က မင်းကိုရှာဖို့ သူ့လူတွေ လွှတ်လိုက်ပြီ၊ ငါတို့နှစ်ယောက်ကတော့ မတတ်သာရင် ပုလိပ်ဘက်ကို အကြောင်းကြားပြီး ဂါတ်တဲမှာ နေရုံပဲ။

"မင်းအဖို့ကတော့ခက်တယ်ကွ၊ လူဆိုးတွေဟာ ဖမ်းသွားလို့ရရင်လဲ ဖမ်းသွားမယ်၊ ဖမ်းသွားလို့မဖြစ်နိုင်ရင်လဲ နေရာတွင်ပဲ ပွဲချင်းပြီး သတ်သွားကြလိမ့်မယ်၊ အဲဒီတော့ အကောင်းဆုံးဟာ ဒီနေရာကနေ မင်းအမြန်ဆုံးထွက်ပြေးပေတော့၊ နောင် အခြေအနေကောင်းမှပဲ ပြန်လာတော့ကွာ၊ မင်းကို ငါတို့သနားတယ်၊ ငါတို့ကိုယ်ငါတို့လဲ သနားတယ်၊ ငါတို့က မင်းကိုမကူညီနိုင်တာလဲ ခွင့်လွှတ်ပါငါ့လူရာ" ဟု ပြောလေ၏။ ထိုအခါရေချမ်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဒီလိုဆိုလဲ တောဒီမှာ တုန်ဖိုးပိုက်ဆံတွေ" ဟု ဆိုကာ ရှင်းသိစ်ထဲမှ ငွေများကို ထုတ်ပေးရာ သာဖန်က . . .

"ဒင်းလဲ တော်တော်ရိုးတဲ့ကောင်ပဲ၊ အဲဒီငွေတွေ ငါတို့ကို အပ်ထားနဲ့တော့၊ အဲဒါတွေကို စရိတ်လုပ်ပြီး ပြေးရမှာ မဟုတ်လား" ဟု ပြောလိုက်လေ၏။

ရေချမ်းလည်း ငွေများကိုမြန်၍ထည့်လေ၏။ ထိုသို့ထည့်ရင်း "ပြေးဆိုရင်လဲ ခြေဦးတည့်ရာ ပြေးရမှာပဲ" ဟု ပြောလိုက်လေ၏။ ထိုအခါ သာညာဏ်က . . .

"ပြေးမယ့်လူဆိုတော့ ပြေးမယ့်အကြောင်း ပုံပြင်လေးတစ်ပုံ ပြောလိုက်ချင်သေးတယ်ကွာ" ဟု စကားစ,လိုက်ရာ ရေချမ်းက

"မပြောပါနဲ့တော့ကိုသာညာဏ်ရယ်" ဟု ညည်းညူလိုက်လေ၏။ သို့ရာတွင် သာညာဏ်က . . .

"ဟိုးရှေးရှေးတုန်းက တောရွာတစ်ရွာမှာ အသုဘဖြစ်တယ်ကွ၊ အသုဘဆိုပေမယ့် ဆင်းရဲသားအသုဘဆိုတော့ ခမ်းခမ်းနားနား မရှိပါဘူးကွာ၊ အလောင်းကို အိမ်ကြမ်းပြင်ပေါ်မှာပဲ ဖျာကလေးခင်းပြီး စောင်ဖြူလေး ခြုံပေးထားတာ၊ အဲဒီအသုဘအလောင်းဘေးမှာတော့ ဖဲသမားတွေထိုင်ပြီး ဖဲရိုက်နေကြတယ်၊ လူတစ်ယောက်ဟာ အဲဒီဖဲဝိုင်းဘေးကနေပြီး ပိုက်ဆံအကြွေကလေးနဲ့ ဟိုအိမ်က ဝင်ထိုးလိုက်၊ ရှုံးသွားလိုက်၊ ဒီအိမ်က ဝင်ထိုးလိုက်၊ ရှုံးသွားလိုက်နဲ့ နောက်ဆုံးမှာ ပါလာတဲ့ပိုက်ဆံအကြွေကလေး ကုန်ပြန်ပါလေရော ဆိုပါတော့။

"အဲဒီတော့ . . . စိတ်ပျက်ပြီး ဖဲဝိုင်းဘေးမှာပဲ တုံးလုံးလှဲပြီး အိပ်လိုက်တော့တာပဲ၊ ဖဲဝိုင်းဘေး အိပ်တယ်ဆိုတာ အသုဘဘေးနား အိပ်တာပဲ ဆိုပါတော့လေ၊ ဖဲဝိုင်းနဲ့ အသုဘ သိပ်မှ



မဝေးဘဲကိုး၊ အဲဒီလူဟာ နောက်ဆုံးမှာ အိပ်ပျော်ပြီး အိပ်မောကျသွားတယ် ဆိုပါတော့၊ အဲဒီလို အိပ်မောကျသွားတဲ့အချိန်မှာ ညဥ့်ကလဲ နက်လာပြီဆိုတော့ အအေးဓာတ်ကလေးလဲ ဝင်လာပြီ ဆိုပါတော့။

"အဲဒီတော့ အိပ်လျက်ကနေပြီး ဘေးနားကို စောင်ရှိလို့ရှိငြား စမ်းလိုက်တယ်၊ အဲဒီလိုလဲ စမ်းလိုက်ရော အသုဘမှာခြုံတဲ့စောင်ကို စမ်းမိတာပေါ့၊ ဒါပေမဲ့ အိပ်ချင်မူးတူးဖြစ်နေတာဆိုတော့ . . . အသုဘမှာခြုံတဲ့ စောင်တွေ ဘာတွေ ဆိုတာ ဘယ်ကလာ အမှတ်ရတော့မတုံး၊ ဒီလိုနဲ့ပဲ ဒီလူဟာ အသုဘစောင်ကို ဆွဲပြီး ခြေဆုံးခေါင်းဆုံး ခြုံလိုက်ပါလေရော။

"အဲလိုခြုံပြီး ဆက်ပြီး အိပ်နေတာပေါ့လေ၊ အဲဒီအခါမှာ ဖဲရိုက်နေတဲ့ ဖဲသမားတစ်ယောက်ရဲ့ မျက်လုံးဟာ ဒီလူ့ဆီကို ရောက်သွားတယ်၊ ဖဲသမားကလဲ အသုဘစောင်ကြီး ခြုံထားတာတွေ့တော့ အသုဘအလောင်းကြီးပဲ မှတ်နေတာပေါ့၊ ဒါပေမဲ့ အိပ်နေတဲ့လူ အသက်ရှူတော့ သူ့ဗိုက်ကြီးက ပိန်လိုက်ဖောင်းလိုက် ဖြစ်နေတာလဲတွေ့ရော ဘယ့်နှယ် ... သေတဲ့လူကြီးက အသက်ရှူနေသလဲ ဆိုပြီး တစ်ခါတည်း လန့်အော်တော့တာပဲ။

"ဟိုမှာ ... ဟိုမှာ ကြည့်ပါဦး၊ အသုဘကြီး အသက်ရှူနေပြီလို့ အော်တော့တာကိုး၊ အဲဒီလိုလဲအော်ရော ဖဲဝိုင်းကလူတွေမြန်းခနဲ လှည့်ကြည့်လိုက်တော့ အသုဘစောင်ကြီး ခြုံထားတဲ့ လူကြီးက လှုပ်တုတ်လှုပ်တုတ်ဖြစ်နေတာကိုမြင်တော့ သူတို့မျက်စိထဲမှာ အသုဘကြီးလှုပ်တုတ်လှုပ်တုတ်ဖြစ်နေတယ်ထင်ပြီး တစ်ခါတည်း အိမ်ပေါ်ကနေ ဝရုန်းသုန်းကားဆင်းပြေးကြတယ်၊ အဲဒီလိုလဲဆင်းပြေးရော အိပ်နေတဲ့လူလဲ လန့်နိုးတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"လန်နိုးတော့ . . . ဟိုလူတွေ ဆင်းပြေးတာကိုလဲ မြင်ရော သူကလဲ ဘာမှန်းမသိဘဲ အဲဒီလူတွေနောက်ကနေပြီး စောင်ကြီးကို ခြုံလျက်သားနဲ့ လိုက်ပြေးတယ်ဆိုရင်ပဲ ရှေ့ကပြေးတဲ့လူတွေက သူ့ကိုလှည့်ကြည့်မိတဲ့အခါမှာ 'စောင်ခြုံကြီးနဲ့လိုက်လာပြီဟေ့' ဆိုပြီး ရှေ့ကလူတွေက ပြေးတယ်၊ သူကလဲ ကြောက်ပြီး နောက်က လိုက်တယ်။

"နောက်တော့ မောပြီး လဲကျကုန်တော့မှ တစ်ဦးကိုတစ်ဦး သေသေချာချာ ကြည့်တော့တာပဲ၊ အဲဒီလိုကြည့်တော့မှ သေတဲ့လူ မဟုတ်ဘဲ ဖဲဝိုင်းမှာ ကြားကနေပြီး ကြားပေါက်ထိုးနေတဲ့လူ ဖြစ်မှန်းသိကြတယ်၊ ဒီလိုသိတော့မှလဲ ဖဲသမားတွေဟာ တစ်အားကုန် ရယ်ကြရတယ်။

"ခုလဲ လူဆိုးတွေတော့ လူဆိုးတွေပဲကွ ... မင်းနောက်က လိုက်ကြလိမ့်မယ်၊ မင်းလဲ ပြေးနိုင်သလောက်တော့ခြေကုန်သုတ်ပြေးပေတော့ ... မပြေးနိုင်လို့ မောတဲ့အခါကျမှပဲ တစ်ယောက်အကြောင်း တစ်ယောက်သိကြရလိမ့်မယ်ကွ" ဟု သာညာက သူ၏ပုံပြင်ကို အဆုံးသတ်လိုက်လေတော့၏။

ထိုအခါ ရေချမ်းက . . .

"ကဲ ... ကိုသာညာနဲ့ ကိုသာဖန်ရေ၊ ကျွန်တော်တော့ ပြေးပြီဗျို့၊ နောက်တော့တွေ့ကြသေးတာပေါ့" ဟုဆိုကာ ရေချမ်းသည် ထိုနေရာမှပြေးခဲ့လေတော့၏။ ပြေးခဲ့ပြီးလျှင် ဇရပ်တစ်လုံး၌ ဝင်၍အိပ်လေ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ရေကြောင်းခရီးဖြင့် စုန်ဆင်းရန် စိတ်ကူးဖြင့် ခရီးဆက်ခဲ့ရာ နောက်ဆုံး၌ မြစ်တစ်ခုသို့ ရောက်သွားလေ၏။



ထိုမြစ်၌ ထိုနေ့နံနက်တွင်ထွက်မည့် တံကင်းတစ်စင်းကို တွေ့လေ၏။

ထိုတံကင်းတွင်အလုပ်လုပ်သော ဂန်ဂရားဆိုသည့်ဂေါ်ရင်ဂျီကုလားလေးနှင့် မိတ်ဆွေဖွဲ့ကာ တံကင်းနှင့် လိုက်ပါခွင့်ရရန် ကြိုးစားလေတော့၏။

ဂန်ဂရားမှာလည်း ဂေါ်ရင်ဂျီစကားကို ကောင်းစွာပြောတတ်သော ရေချမ်းကို မြင်လျှင်မြင်ချင်း ခင်မင်သွားလေ၏။ ဂန်ဂရားမှာ မြန်မာစကားကို ရေလည်စွာ ပြောတတ်၏။

သူသည် ခိုကို လွန်စွာချစ်တတ်သည်ဖြစ်ရာ မည်သည့်နေရာသို့သွားသွား ခိုလှောင်ချိုင့်ကလေးကို ကိုင်၍ထား၏။

ထိုလှောင်ချိုင့်၌လည်း ခိုပြာလေးတစ်ကောင်ပါ၏။ ရေချမ်းနှင့် ဂန်ဂရားတို့သည် နာရီပိုင်းအတွင်း၌ပင် လွန်စွာခင်မင်ရင်းနှီး…းကြလေတော့၏။

၎င်းတို့ လိုက်ပါလာသည့် တံကင်းကြီးမှာလည်း ပဲခူးမြစ်မှ တစ်ဆင့် အောက်သို့ စတင်စုန်ဆင်းနေပြီဖြစ်၏။ ရေချမ်းသည် တံကင်း၌ ထမင်းချက်ရသောတာဝန်ကို ယူရလေ၏။

ထိုတံကင်းပေါ်၌လည်း မြန်မာဆို၍ ရေချမ်းသာ ပါ၏။ …န်သောသူများမှာ ဂေါ်ရင်ဂျီကုလားချည်းဖြစ်၏။

သူတို့သည် နံနက်စာကိုလည်း နေမြင့်မှစားသောက်ကြ၏။ ညစာကိုလည်း ကောင်းကင်တွင် ကြယ်လများ စုံသောအခါမှ …းသောက်ကြ၏။

ရေချမ်းမှာ ဂေါ်ရင်ဂျီတို့နှင့်အတူ နေထိုင်ခဲ့ဖူးသောကြောင့် ဂေါ်ရင်ဂျီတို့၏အကြိုက် ဟင်းကိုလည်း ကောင်းစွာ ချက်ပြုတ်…တတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဂေါ်ရင်ဂျီတို့သည် ရေချမ်းချက်သော ထမင်းဟင်းကို စားသောက်၍ . . .

"ဒီကောင် မြန်မာအစစ် မဖြစ်နိုင်ဘူး ... ဂေါ်ရင်ဂျီကပြားဖြစ်ရမယ်" ဟု ပြောကြလေ၏။

ထိုသို့ ပြောကြသည်မှာ ဟင်းချက်ခြင်းအကြောင်းတစ်ခုတည်းကြောင့် မဟုတ်။ ဂေါ်ရင်ဂျီစကားကို ကောင်းစွာပြောတတ်ခြင်းကြောင့်လည်း ဖြစ်တန်ရာ၏။

တဲ့ကင်းသမား ဂေါ်ရင်ဂျီကုလားတို့သည် ညစာထမင်းစားပြီးသောအခါ၌ ဗုံများတီးပြီး သီချင်းဆိုကြလေ၏။

ရေချမ်းမှာလည်း ဂေါ်ရင်ဂျီတို့နှင့် အတူနေခဲ့သောကြောင့် ဂေါ်ရင်ဂျီသီချင်းကို ကောင်းစွာသီဆိုတတ်လေ၏။

ထို့ကြောင့် ၎င်းကလည်း ဂေါ်ရင်ဂျီသီချင်းကို အကျအနသီဆိုပြလိုက်ရာ ဂေါ်ရင်ဂျီကုလားတို့သည် ရေချမ်းအား လွန်စွာခင်မင်ရင်းနှီးသွားလေတော့၏။

ဤသို့နှင့်ပင် ရေချမ်းသည် ပွဲရုံလုပ်ငန်းမှနေ၍ တဲ့ကင်းသမား ဖြစ်၍သွားပြန်လေတော့၏။

* * * * *

## ဂန်ဂရားအား ဖွင့်ပြောခြင်း

မောင်ရေချမ်းနှင့် ဂန်ဂရားတို့သည် လွန်စွာရင်းနှီးသွားကြလေတော့၏။

ထိုအခါ မောင်ရေချမ်းက ဂန်ဂရားအား ၎င်းထွက်ပြေးလာခဲ့ရပုံအကြောင်းကို အသေးစိတ် ပြောပြလိုက်လေ၏။ ဂန်ဂရားလည်း ရေချမ်း ပြောပြသည်ကို စိတ်ဝင်စားစွာ နားထောင်ပြီးနောက် . . .

"ရေချမ်းရယ် ... မင်းပြောတဲ့အတိုင်းဆိုရင် မင်းမှာ အလွန်ကြီးမားတဲ့အန္တရာယ်ရောက်နေပြီ၊ တစ်ဖက်က သတ်ရဲဖြတ်ရဲတဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်း သို့မဟုတ် အဖွဲ့ကြီးတစ်ဖွဲ့က မင်းကိုသတ်ဖို့ မင်းနောက်ကလိုက်နေကြပြီ၊ မင်းမှာကလဲ အဖော်ဆိုလို့လဲမရှိ တစ်ကောင်ကြွက်ပါလား ရေချမ်းရယ်၊ ဒီအတိုင်းဆိုရင် တစ်နေ့မဟုတ် တစ်နေ့ အဲဒီလူစုလက်ချက်နဲ့ မင်းဟာ ဘုမသိ ဘမသိ မရှုမလှ သေရတော့မယ်၊ ကြွက်က တစ်ကောင် ... ကြောင်က တစ်ထောင် ဆိုတာလိုဖြစ်နေပြီ၊ အဲဒီကိစ္စကို ငါလဲမကူညီနိုင်ဘူး၊ အကောင်းဆုံးကတော့ ဒီဗွန္ဒယာ လောကကြီးကို စောင့်တဲ့ အစောင့်အရှောက်တွေကို တိုင်ကြားမှဖြစ်မယ်" ဟု ဂန်ဂရားက ပြောရာ ရေချမ်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"လောကကိုစောင့်တဲ့ အစောင့်အရှောက်ဆိုတာ လောကနတ်မင်းကြီးတွေပေါ့ ဂန်ဂရားရဲ့" ဟု ပြောလိုက်ရာ . . .

"အဲဒါတော့ ငါ မသိဘူး၊ လောကပါလလား ... လောကပါလသား၊ ပုလိပ်ပဲဖြစ်ဖြစ်၊ ပါလပဲ ဖြစ်ဖြစ်၊ မင်းကို ကယ်ဖို့ပဲ အရေးကြီးတယ်ကွာ" ဟု ဂန်ဂရားက ပြောလေ၏။ ထိုအခါ ရေချမ်းက . . .

"ဒီလိုတိုင်တည်ရုံနဲ့ အဲဒါတွေက ကျုပ်ကို တကယ်ကူညီမှာလားဗျ" ဟု မေးလိုက်လေ၏။

"ဟာ စိတ်ချ၊ ပါလတွေက တကယ်ကူညီတာ" ဟု ဂန်ဂရားက ပြောလေ၏။

"ဒီလိုဆိုရင်လဲ အဲ ... အဲဒီဟာတွေကို ဘယ်လိုတိုင်ကြားရမှာတုံး၊ လုပ်စမ်းပါဦး ဂန်ဂရားရယ်" ဟု ရေချမ်းကပြောရာ ဂန်ဂရားက . . .

"စိတ်ချပါ ပင်လယ်ကျတော့ လုပ်ပါ့မယ်" ဟု ပြောလေ၏။

"အဲဒီနတ်တွေက ပင်လယ်မှာနေလို့လား" ဟု ရေချမ်းက မေးပြန်လေ၏။

"အေးကွာ ... အဲဒီကျတော့ မင်းတွေ့ရမှာပေါ့၊ ပင်လယ်မှာနေတယ်ကွ" ဟု ဂန်ဂရားက ပြောလေ၏။

ထို့ကြောင့် ရေချမ်းလည်း ထိုကိစ္စကိုဆက်၍မမေးတော့ဘဲ နေလိုက်လေတော့၏။

ဤသို့နှင့်ပင် ၎င်းတို့၏တုံကင်းကြီးသည် တရွေ့ရွေ့ စုန်ခဲ့လေ၏။ ထိုသို့စုန်ခဲ့သော ရက်များအတွင်း၌ ဂန်ဂရားသည် ရေချမ်း၏အကြောင်း အတ္ထုပ္ပတ္တိကို တစ်စတစ်စ မေးခဲ့ရာ ပြည့်စုံစွာ သိရှိခွင့်ရလေတော့၏။



နောက်ဆုံးတွင် ၎င်းတို့၏ တုံကင်းကြီးသည် ပင်လယ်ဆိပ်ကမ်း မြို့လေး တစ်မြို့သို့ ဖြတ်ကျော်ကာ တုံကင်းများဆိုက်ကပ်ရာ ပင်လယ်ဆိပ်ကမ်း ရွာလေးတစ်ရွာသို့ ရောက်ရှိသွားလေတော့သည်။

ထိုတုံကင်း၌ ပင်လယ်ထွက် ငါးပိငါးခြောက်များ တင်ရမည်ဖြစ်ရာ ရက်များစွာကြာမည်ဖြစ်ရာ တုံကင်းလိုက်သော ဂေါ်ရင်ဂျီကုလားများလည်း ပျော်ရွှင်မြူးထူးစွာဖြင့် ထိုရွာ၌ နေထိုင်ကြလေ၏။ ထိုရွာသည်လည်း ဂေါ်ရင်ဂျီရွာမင်ဖြစ်သည်။ မြန်မာဆို၍ အနည်းငယ်သာ ရှိ၏။

ဂန်ဂရားသည် ထိုရွာရှိ တံငါလုပ်သော ကုလားအဘိုးကြီး အဘွားကြီးအိမ်၌ ရေချမ်းကို အပ်နှံထားလိုက်လေ၏။ ၎င်းကား အခြားသော အိမ်တစ်အိမ်၌ နေထိုင်လေ၏။ ရေချမ်းလည်း ကုလားအဘိုးကြီးလင်မယားကို ကူညီ၍ ငါးဖမ်းပေးလေ၏။

ရေချမ်းရောက်သည့် အချိန်မှစ၍ ကုလားအဘိုးကြီးသည် ငါးမဖမ်းရတော့ဘဲ အိမ်၌ပင် သက်သာစွာ နေခွင့်ရလေသည်။

တစ်နေ့သောနံနက်တွင် ဂန်ဂရားသည်ခိုလှောင်ချိုင့်သေး ကို ကိုင်၍ ရေချမ်းထံသို့ ရောက်လာလေ၏။

"ဟေ့ ... ရေချမ်း၊ သွားမယ်" ဟုဆိုကာ ရေချမ်းကိုခေါ်၍ ပင်လယ်ကမ်းစပ် တစ်နေရာသို့ သွားလေ၏။ ထို့နောက် လှောင်ချိုင့်အတွင်းမှ ခိုကလေးကိုထုတ်ကာ ခိုခြေထောက်၌ သတ္တုဖြင့်ပြုလုပ်ထားသော ကြေးကလေးတစ်ခုကို ချည်လိုက်လေ၏။ ပြီးလျှင် ခိုကလေးအား အစာရေစာ တိုက်ကျွေး၍ လွှတ်လိုက်လေတော့၏။ ခိုကလေးသည် ပျော်ရွှင်မြူးထူးစွာ

www.burmeseclassic.com

www.burmeseclassic.com



ပျံသန်းသွားလေတော့သည်။ ထိုအခါ ဂန်ဂရားသည် ရေချမ်းအား "ပါလတွေလဲ ရောက်လာလိမ့်မယ်" ဟု ပြောရာ ရေချမ်းက နားမလည်သောမျက်လုံးဖြင့် ကြည့်လေ၏။

"စိတ်ချပါ ရေချမ်းရဲ၊ မင်းကိုသတ်မယ့် လူဆိုးဂိုဏ်းကို မင်းကြောက်မနေပါနဲ့တော့ကွာ၊ တစ်ခုတော့ရှိတယ်၊ နက်ဖြန်ကို ငါတို့တုံကင်းကြီး ပြန်ပြီး ဆန်တော့မယ်ကွ၊ ပြီးတော့ ကုန်တွေချပြီးရင် ဒီကိုပြန်ရောက်လာဦးမှာပဲ၊ ငါတို့တုံကင်းကြီးပြန်ရောက်မယ့် ရက်နဲ့ လောကကိုစောင့်တဲ့ပုဂ္ဂိုလ်တွေရောက်မယ့် ရက်ဟာ တစ်ချိန်တည်းလောက်ပဲဖြစ်လိမ့်မယ်ကွ၊ အဲဒီတော့ ငါတုံကင်းနဲ့ လိုက်နေတုန်း မင်းက ဒီရွာမှာပဲနေခဲ့ပေါ့ကွာ၊ မင်းနဲ့ အဘိုးကြီး အဘွားကြီး အဆင်ပြေတယ် မဟုတ်လား" ဟု ဂန်ဂရားက မေးလေ၏။

"အဆင်ပြေပါတယ်ဗျာ ... ကျုပ်ကတော့ အဲဒီအဘိုးကြီး အဘွားကြီးကို သံယောဇဉ်တောင် တွယ်နေပြီ" ဟု ရေချမ်းက ပြောလေ၏။

"အေး သူတို့ကလဲ အဲဒီအတိုင်းပဲပြောတယ်၊ သားကလေးတစ်ယောက်ကောက်ရသလိုပဲတဲ့၊ ကဲ သူငယ်ချင်း၊ ငါလဲ နက်ဖြန် ခရီးထွက်ဖို့ ပြင်ဆင်လိုက်ဦးမယ်" ဟု ဆိုကာ ဂန်ဂရားသည် ရေချမ်းအားပြန်၍ပို့ခဲ့ပြီးနောက် တုံကင်းဆီသို့သွားလေတော့၏။

ထိုနေ့တစ်နေ့လုံး ၎င်းတို့နှစ်ဦးသည် မတွေ့ကြတော့ပေ။

နောက်တစ်နေ့ နံနက်တွင်မူ ဂန်ဂရားသည် ခရီးထွက်ခါနီးအချိန်ကပ်လျက် ရေချမ်းထံ လာရောက်နှုတ်ဆက်ပြီးလျှင် ခရီးထွက်သွားလေတော့၏။ ရေချမ်းတစ်ဦးတည်းသာလျှင် ထိုတံငါရွာကလေး၌ ကျန်ခဲ့လေတော့၏။

o-o-o



တနေ့သ၌ ရေချမ်းသည် ငါးဖမ်းရန်ကိစ္စမရှိသောကြောင့် ၎င်းနေထိုင်ရာပင်လယ်ကမ်းစပ်တံငါရွာကလေးမှနေ၍ ပင်လယ်ဆိပ်ကမ်းမြို့သို့ ဈေးဝယ်ရန် တက်ခဲ့လေ၏။

ဈေးဝယ်ရန် ဆိုသည်မှာ လုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများနှင့် ဆီ၊ ဆန် စသော ပစ္စည်းများအပြင် ၎င်းမှီခိုနေရသည့် နာနရား ဆိုသော အဘိုးကြီးနှင့် ၎င်း၏မိန်းမ အဘွားကြီးအတွက် အဝတ်အထည်များ ဝယ်ရန် ဖြစ်၏။

ရေချမ်းသည် မော်တော်ကြုံဖြင့် ထိုပင်လယ်ဆိပ်ကမ်းမြို့ကလေးအနီးရှိ ရွာကလေးတစ်ရွာသို့ လိုက်လာ၏။ ထိုရွာမှ တစ်ဆင့် ခြေကျင်ခရီးဖြင့် ထိုမြို့သို့သွား၏။ ထိုမြို့သို့ရောက်လျှင် ဈေးသို့ တန်းတန်းမတ်မတ်သွားကာ ပစ္စည်းများဝယ်ယူ၏။

ထိုပစ္စည်းများထဲတွင် ဆေးပြင်းလိပ်ခုံများမှ အပိုပစ္စည်းအဖြစ် ရောင်းချသော ဆေးစာအမှုန်များကို တစ်ပြည်လျှင် တစ်ကျပ်နှုန်းဖြင့် တစ်တင်းခန့် ရှေးဦးစွာ ဝယ်ယူလေ၏။

ထိုဆေးမှုန်များကို ထဘီစာဆေးဟု ခေါ်၏။ အဘယ်ကြောင့်ဆိုသော် ဆေးလိပ်လိပ်သော အမျိုးသမီးများ၏ ထဘီပေါ်သို့ကျသော ဆေးမှုန်များ ဖြစ်သောကြောင့် ဖြစ်၏။

ထိုဆေးမှုန်များမှာ ဂေါ်ရင်ဂျီအဘိုးကြီး နာနရား ဆေးတံသောက်ရန်အတွက် ဖြစ်၏။

ပြီးလျှင် မတ်ပဲ၊ ကုလားပဲ စသော ပစ္စည်းများ၊ ဆန်နှင့်ဂျုံမှုန့် အနည်းငယ်၊ မုန့်ညင်းဆီအပါအဝင် ငရုတ်သီး၊ ကြက်သွန်စသော မီးဖိုချောင်သုံးပစ္စည်းများနှင့် အဘိုးကြီး၊ အဘွားကြီးဝတ်ရန် အဝတ်အထည်များ၊ ၎င်းအတွက် အကျီ ပုဆိုးများဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းသည် ဈေးထဲတွင် လှည့်လည်၍ဝယ်ယူနေလေ၏။

တစ်နေရာသို့အရောက်၌ ရေချမ်းသည် ခြောက်ပြားဆိုင် ဟု ခေါ်သော တိုလီမိုလီရောင်းသောဆိုင်၌ အပ်ချည်လုံး၊ အပ် နှင့် ဗလာစာအုပ်တစ်အုပ်၊ ခဲတံတစ်ချောင်းကို ဝယ်ပြီးလျှင် ထိုဆိုင်မှ ထွက်၍သွား၏။

ရေချမ်းဝယ်သော ခြောက်ပြားဆိုင်နှင့် မလှမ်းမကမ်းတွင် ရှိသော ရွှေငွေ လက်ဝတ်ရတနာများ ရောင်းသည်ဆိုသော ဆိုင်မှ မိန်းကလေးသည် ထမင်းစားနေရင်း ရေချမ်းကို ရိပ်ခနဲ မြင်လိုက်ရာ ပါးစပ်တွင်းသို့ သွင်းလုဆဲဆဲ ထမင်းလုတ်ကို မသွင်း ဖြစ်ဘဲ အံ့အားသင့်၍ သွားလေ၏။

ထို့နောက် ထမင်းကို ဆက်၍ မစားတော့ဘဲ လက်ကိုဆေး လေ၏။ လက်သုတ်အဝတ်ဖြင့် လက်ကို ကပျာကယာသုတ် လေ၏။

ထိုသို့သုတ်ပြီးလျှင် ဆိုင်ပေါ်တွင် တောက်တိုမယ်ရလုပ်နေ သော မိန်းမကြီးအား ထိုမိန်းကလေးက . . .

"ဒေါ်ဇာ ... ပစ္စည်းလာဝယ်ရင် မရောင်းလိုက်နဲ့ဦး၊ ကျွန်မ ကိစ္စရှိလို့ ခဏသွားလိုက်ဦးမယ်" ဟု ပြောကာ ရေချမ်း၏နောက် သို့ လိုက်လေတော့၏။

ထိုအချိန်၌ ရေချမ်းသည် ၎င်းအလိုရှိသော ပစ္စည်းများကို ဝယ်ယူပြီးပြီဖြစ်၍ ပစ္စည်းများကို မြင်းလှည်းနှင့် တင်ကာ လာလမ်းအတိုင်း ပြန်၍လှည့်သွားပြီဖြစ်၏။

ထိုမိန်းကလေးသည် ဈေးထဲတွင် ကျေနပ်လောက်အောင် ရှာပြီးနောက် ဈေးအပြင်ဘက်သို့ ထွက်ခဲ့လေသည်။



အပြင်သို့ ရောက်သောအခါ၌ ၎င်းနှင့် သိကျွမ်းသော မိန်းကလေးတစ်ဦး စက်ဘီးစီးလာသည်ကိုတွေ့လျှင် စက်ဘီးကို ခေတ္တငှားယူ၍ ရေချမ်းသွားမည် ထင်သော လမ်းဘက်သို့ စက်ဘီးဖြင့်လိုက်လေတော့၏။ သို့ရာတွင် ထိုမိန်းကလေးသည် ရေချမ်းသွားသည့်ဘက်နှင့် ဆန့်ကျင်ဘက်သို့ လိုက်မိသည်ဖြစ်ရာ ရေချမ်းကို မတွေ့ရဘဲ ရှိလေ၏။ လမ်းတွင် မြင်းလှည်းများကို စက်ဘီးဖြင့် ကျော်တက်၍ မြင်းလှည်းပေါ်တွင် ပါသွားသော လူများကို စေ့စေ့စပ်စပ် ကြည့်လေ၏။

ထို့နောက် တစ်မိုင်ခန့်ခရီးသွားမိလျှင် မိန်းကလေး၏စိတ်၌ "ဘယ်နည်းနဲ့မှ ဒီဘက်ကိုလာတာမဖြစ်နိုင်ဘူး" ဟု ဆိုကာ နောက်ကြောင်းသို့ ပြန်လှည့်၍ စက်ဘီးကို အစွမ်းကုန်နင်းလေ တော့၏။

နောက်ဆုံးတွင် ပင်လယ်မှလာသော မော်တော်များဆိုက် ကပ်ရာ ရွာကလေးတစ်ရွာသို့ ရောက်၏။

ထိုမိန်းကလေးသည် ထိုရွာသို့ရောက်သည်နှင့် တစ်ပြိုင်နက် မော်တော်ဆိပ်သို့သွားလေ၏။ မော်တော်ဆိပ်သို့ရောက်သော အခါ၌ မကြာသေးမီအချိန်အတွင်းက . . . မော်တော်တစ်စီး ထွက်သွားကြောင်း သိရလေ၏။

ထိုမော်တော်၏ အမည်မှာလည်း 'ငွေနှင်းဆီ' ဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရလေ၏။

ထို့ကြောင့် မိန်းကလေးသည် ဈေးသို့ ပြန်လာပြီးလျှင် ဣန္ဒြေမပျက် နေလေ၏။ နောက်တစ်နေ့ နံနက်စောစော၌မူ ဈေးမထွက်တော့ဘဲ မော်တော်ဆိပ်သို့ သွားကာ ငွေနှင်းဆီ မော်တော်ကို ရှာဖွေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမော်တော်ကိုတွေ့လျှင် မော်တော်ဆလင်ကို ရှာဖွေလေ၏။ မော်တော်ဆလင်မှာလည်း ပျော်ရွှင်တတ်သော လူဝကြီး တစ်ဦး ဖြစ်လေ၏။

"ကျုပ်ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲတူမကြီးရဲ့" ဟု မော်တော်ဆလင် လူဝကြီးက မေးလေ၏။

"ဒီလိုပါရှင် ... မနေ့က ဆယ်နာရီလောက်မှာ ငွေနှင်းဆီ မော်တော် ဒီကထွက်တယ် မဟုတ်လား၊ အဲဒီမော်တော်မှာ မျက်နှာစိမ်းတစ်ယောက် ပါလာတာတော့ ဦးလေး သတိထားမိမှာပေါ့" ဟု မိန်းကလေးက မေးလေ၏။ ထိုအခါ ဆလင် လူဝကြီးက . . .

"မျက်နှာစိမ်းဆိုလို့ . . . ငယ်ငယ်တုန်းက ရာမဇာတ်ထုပ် ကြည့်တုန်းကပဲ တွေ့ဖူးပါတယ်ကွယ် ... လက္ခဏက ရွှေရောင်မျက်နှာ၊ ရာမက အစိမ်းရောင်မျက်နှာ၊ မနေ့က ကျုပ်မော်တော်ပေါ်မှာ ရာမလဲ မပါဘူး၊ လက္ခဏလဲ မပါဘူး၊ ဒါကြောင့် တူမကြီးပြောတဲ့ မျက်နှာစိမ်းကော မျက်နှာဝါကော မပါပါဘူးကွယ်၊ ဘာဖြစ်လို့ မေးတာလဲ ... ပွဲကြည့်ချင်လို့လား" ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးက . . .

"မနောက်ပါနဲ့ ဦးလေးရယ် ... ကိစ္စက သေရေးရှင်ရေးကိစ္စမို့ပါ။ အဲဒီလူဆီမှာ ကျွန်မကြွေးရှိတယ်၊ ကျွန်မဆီက ကျွန်မအင်မတန်မြတ်နိုးတဲ့ အဖိုးတန် ရတနာပစ္စည်းတစ်ခုယူသွားပြီး ရှောင်နေတာကြာပြီ" ဟု မိန်းကလေးက ပြောလိုက်လေ၏။ ထိုအခါ ဆလင်လူဝကြီးက . . .

"ဪ ဒီလိုလား 'ကေ့စ်'ကတော့ ဖိုးတွမ်တီးပဲ၊ ဖိုးတွမ်တီးဆိုတော့ လေးရယ် နှစ်ရယ် သုညရယ်ပေါ့၊ ကိုးမီးသာရိုက်ရင် အဲဒါ ခြောက်ပေါက်ပဲ ရှိတယ်" ဟု ကိုးရိုးကားရားစကားများဖြင့် ပြောပြန်လေ၏။ ထိုအခါ မိန်းကလေးက . . .



"မလုပ်ပါနဲ့ရှင်၊ ကျွန်မမေးတာ ကောင်းကောင်းပြောပါ၊ ကျွန်မက ဦးလေးကို အကောင်းမေးနေတာရှင့်" ဟု ထိုမိန်းကလေးက ပြောလိုက်ရာ ဆလင်လူဝကြီးက ...

"အကောင်းမေးနေတာလား၊ စောစောကတော့ မျက်နှာစိမ်း မေးတာဆို၊ အကောင်းနဲ့ ကျုပ်နဲ့ မတွေ့တာတော့ ကြာပြီ၊ ကျုပ်လဲ သူ့အရက်ဖိုးတွေ မပေးနိုင်တာနဲ့ သူ့ဆိုင်ကို မရောက်တာ ကြာပြီ" ဟု ဆလင်လူဝကြီးက နောက်ပြန်လေ၏။

ထိုအခါ မိန်းကလေးသည် စိတ်ပျက်စွာဖြင့် ခေါင်းကို ကုတ်ကာ လှည့်၍ထွက်သွားမည်အလုပ်၌ ဆလင်လူဝကြီးက-

"နေပါဦး တူမကြီးရယ် . . . ကျုပ် ပြောပါရစေဦး၊ မနေ့က ကျုပ်ရဲ့ မော်တော်မှာ မျက်နှာစိမ်းတစ်ယောက် ပါပါတယ်၊ ကျန်တဲ့ ခရီးသည်တွေအားလုံး လမ်းကရွာတွေမှာ ဆင်းတယ်၊ သူတစ်ယောက်ပဲ ခရီးဆုံးတဲ့အထိလိုက်လာတယ်၊ ကျုပ်တို့ ခရီးလမ်းဆုံးက ဇီးဖြူကုန်းရွာမှာ ဆုံးတယ်လေ၊ သူက ဇီးဖြူကုန်းရဲ့ဟိုဘက် ကုလားတံငါရွာအထိ သွားရမှာ၊ သူနေတဲ့အိမ်လဲ ကျုပ်သိပါတယ်၊ အဲဒီကုလားရွာအဝင် ထိပ်ဆုံးက နာနရားတဲမှာပါ"

ဟု ပြောလိုက်ရာ မိန်းကလေးက အားရဝမ်းသာဖြင့် . . .

"ဪ ... သိပြီ သိပြီ၊ အဲဒီအဘိုးကြီးကို ကျွန်မ ကောင်းကောင်းသိတာပေါ့၊ သိတာက လူချင်းသိတာမဟုတ်ပါဘူး၊ သူ့ရဲ့ ငါးခြောက်ကို သိတာပါ၊ နာနရား ငါးခြောက်ဆိုရင် ဈေးတင်မှ ပေးရတာ" ဟု ပြောလိုက်လေ၏။

"အေး ဟုတ်တယ်၊ အဲဒီကုလားကြီးပဲ" ဟု ဆလင်လူဝကြီးက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဦးလေးမော်တော် ဘယ်တော့ထွက်မှာလဲ"

ဟု မိန်းကလေးက မေးလိုက်လေ၏။

"ခရီးသည်တစ်ယောက်ရရင်ကို တို့ကထွက်ဖို့ပဲ"

ဟု ဆလင်လူဝကြီးက ပြန်ပြောလျှင် မိန်းကလေးက . . .

"မနောက်ပါနဲ့ရှင်" ဟု ပြောလိုက်လေ၏။

"နောက်တာမဟုတ်ဘူး တူမကြီးရဲ့၊ ကျုပ်တို့က အဲဒီမှာ ငါးခြောက်တင်ဖို့ သွားရတော့မှာ၊ ကဲ ကဲ ကဲ ... လိုက်ချင်ရင် တက်ပေတော့၊ မော်တော်ပေါ်မှာ ကျုပ်ကောင်တွေထောင် စုံကုန်ပြီ" ဟု ပြောလိုက်သဖြင့် မိန်းကလေးသည် မော်တော်ပေါ် သို့ လှမ်း၍ကြည့်လိုက်ရာ မော်တော်ပေါ်တွင် တလှုပ်လှုပ်တရွရွ နှင့် အလုပ်လုပ်နေသော လူနှစ်ယောက်ကို တွေ့ရလေ၏။

မိန်းကလေးလည်း မော်တော်ပေါ်သို့ တက်လေတော့၏။ များမကြာမီ၌ပင် ဆလင်လူဝကြီး မော်တော်ပေါ်သို့ ရောက်လာ ပြီးနောက် မော်တော်ကိုစတင်စက်နှိုး၍ ကမ်းမှခွာလေတော့၏။ ပြီးလျှင် ချောင်းရိုးအတိုင်းထွက်လေ၏။ များမကြာမီ၌ပင် မြစ်ခွ ဆုံတစ်ခုကို ရောက်လေ၏။

ငွေနှင်းဆီမော်တော်ကလေးသည် ရေချမ်းရောက်ရှိနေရာ ပင်လယ်ကမ်းခြေဆီသို့ တဘုတ်ဘုတ်နှင့် ခုတ်နေလေတော့၏။ မိန်းကလေးသည် မော်တော်ပြတင်းပေါက်ပေါ်၌ မေးကိုတင်ကာ အဝေးသို့ ငေးမောကြည့်ရှုရင်း လိုက်ပါလာလေတော့၏။

၎င်း၏ ဆံပင်ကလေးများသည် လေထဲတွင် တလွင့်လွင့် လှုပ်ရှား ဆော့ကစားနေ၏။ သို့ရာတွင် ၎င်း၏စိတ်၌မူ ရေချမ်း ထံသို့ တန်းတန်းမတ်မတ်ရောက်နေ၏။



ထိုမိန်းကလေးကား ရေချမ်း ကုန်စုံဆိုင် ရောင်းခဲ့စဉ်က ရေချမ်း၏ဆိုင်၌ လက်ဖက်၊ ချင်းသုတ် မကြာခဏ လာရောက် ဝယ်ယူလေ့ရှိသော ရွှေဆိုင်မှ ခင်မေရီဆိုသည့် မိန်းမချောလေး တစ်ဦးဖြစ်ကြောင်း စာဖတ်သူများ ရိပ်စားမိလောက်ပေပြီ။

o-o-o

'ငွေနှင်းဆီ' မော်တော်သည် ဇီးဖြူကုန်းအနီး၌ ဆိုက်ကပ် လေ၏။ ခင်မေရီသည် မော်တော်ပေါ်မှဆင်းကာ သောင်ပြင်ကို ဖြတ်၍ တံငါရွာကလေးဆီသို့ သွားလေ၏။

တံငါရွာကလေးသို့ ရောက်လျှင် ထိပ်ဆုံးမှ တွေ့ရသော တဲကြီးအတွင်းသို့ ဝင်လေ၏။ ထိုတဲကြီးအတွင်း၌ကား ပိတ်ဖြူ အင်္ကျီအသစ်ကြီးကိုဝတ်၍ ကြိုးခုတင်ပေါ်၌ အကျအနထိုင်ကာ ဆေးတံသောက်နေသောဂေါ်ရင်ဂျီကုလားကြီးကို တွေ့ရလေ၏။

ထို ဂေါ်ရင်ဂျီကုလားကြီးအနီး၌လည်း မြေကြီးကို ရေဖျန်း၍ တံမြက်စည်းလှည်းနေသော ဂေါ်ရင်ဂျီ အဘွားအိုကြီးတစ်ဦး လည်း ရှိလေ၏။

ဂေါ်ရင်ဂျီ ကုလားအဘိုးကြီး 'နာနရား' သည် ခင်မေရီကို မြင်လျှင် ဂေါ်ရင်ဂျီဘာသာဖြင့် သူ၏မိန်းမကိုပြောလိုက်လေ၏။ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

"အဘွားကြီးရေ၊ ငါတို့တဲထဲကို ပင်လယ်စောင့် နတ်သမီး တလေးတစ်ပါး ဝင်လာနေပါလား၊ ဆန်းတော့ဆန်းတယ်ဟေ့၊ မနေ့ကပဲ ငါတို့ကောက်ရထားတဲ့ သားကလေးက မြို့မှာဈေး သွားဝယ်တယ်၊ ဟော ... ဒီကနေ့ မိန်းကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သမီးနှစ် ပျောက်သွားကြီး ငါက မိန်းကလေးကို အပြစ်တင်တာ ပျောက်သွားတဲ့ ငါတို့သားကို မြင်ရင် ဘုရင်ခံသမီးတောင် ဆိုရင်တောင် လိုက်လာမှာ … အဲဒီလို လိုက်မလာဘူး ဆိုရင်တော့ အဲဒီ မိန်းကလေးဟာ ဦးနှောက်မကောင်းလို့ပဲ ဖြစ်ရမယ်"

ကုလားအဘိုးကြီး၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ကုလားမကြီးကလည်း အောက်ပါအဓိပ္ပာယ်ရသော စကားဖြင့် ပြန်၍ပြောလေ၏။

"လိုက်လာတော့လဲ ကောင်းတာပေါ့ရှင်၊ သမီးကလေးပါ ထပ်ပြီးရတာပေါ့ … သားကလေးက ငါးဖမ်း၊ သမီးကလေးက ငါးခြောက်ဝလှမ်း၊ အဖေကြီးက ဆေးတံသောက်၊ အမေကြီးက ပဲဟင်းချက်၊ ဘယ်လောက်ကောင်းမလဲ ရှင်ရယ် … ဂန်ဂရား ဆိုတဲ့ လူရှုပ်ကလေးဟာ တစ်ခါမှ ကောင်းကျိုးမပေးဘူး၊ ဒီတစ်ခါ တော့ ကျွန်မတို့ကို သားကလေးနဲ့ သမီးကလေးရအောင် လုပ်ပေးရှာတယ်" ဟု ပြောလိုက်ပြီးနောက် ခင်မေရီဘက်သို့ လှည့်ကာ မြန်မာစကားဖြင့် "ဘာကိစ္စလဲ ကန်မလေး . . . ဟိုမှာ ထိုင်ပါ" ဟု ဆိုကာ ကွပ်ပျစ်တစ်ခုကို လက်ညှိုးထိုးပြလေ၏။ ထိုအခါ ခင်မေရီက . . .

"ဒီမှာ ကိုရေချမ်း နေသလားရှင်" ဟု မေးလိုက်လေ၏။

"သူ့နာမည်ကို တို့မသိဘူး၊ တို့က သူ့ကို ကောင်ကလေး လို့ပဲ ခေါ်တာ . . . ဘာဖြစ်လို့တုံး" ဟု အဘွားကြီးက ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ခင်မေရီက . . .

"ကျွန်မ သူနဲ့တွေ့ချင်လို့ပါ" ဟု ပြောလေ၏။

"သူ ဒီနေ့ ငါးဖမ်းမထွက်ဘူး၊ ပိုက်တွေလှန်းမလား . . . လှေ ဖာမလားတော့ မသိနိုင်ဘူး၊ ဟိုးဘက်က သောင်ပြင်ကြီးမှာ



ရှိလိမ့်မယ်" ဟု အဘွားကြီးက ပြောလိုက်ရာ ခင်မေရီသည် မောင်ရေချမ်းအား တွေ့လိုဇောဖြင့် ကုလားမကြီး ညွှန်ပြရာ သောင်ပြင်ဆီသို့ ပြေး၍ လိုက်သွားလေတော့၏။

၀-၀-၀

ခင်မေရီသည် သောင်ပြင်ကြီးကို ဖြတ်၍ ပြေးနေလေ၏။ ၎င်းပြေးနေသောသောင်ပြင်မှာ အနည်းငယ်မှိုမောက်နေသော ကြောင့် မောဟိုက်လှဘိ၏။ သို့ရာတွင် ရပ်နားခြင်းမရှိဘဲ ပြေးမြဲ ဆက်၍ ပြေးနေလေ၏။ မို့မောက်လျက်ရှိသော သောင်ပြင်၏ ထိပ်သို့ ရောက်သောအခါ၌ ပိုက်များကိုလှန်းနေသော ရေချမ်း ကို လှမ်း၍ မြင်ရလေ၏။ ထိုအခါ ခင်မေရီသည် လွန်စွာ အားတက်၍ သွားလေ၏။ ထို့ကြောင့် ခင်မေရီသည် . . .

"အစ်ကို ရေချမ်း" ဟု လှမ်း၍ ခေါ်လိုက်လေ၏။

ရေချမ်းသည် ပိုက်လှမ်းရင်း အသံလာရာဆီသို့ လှမ်း၍ ကြည့်လိုက်ရာ မိန်းကလေးတစ်ဦး မိမိနာမည်ကိုခေါ်၍ ပြေး လာနေသည်ကို မြင်ရလျှင် စဉ်းစားရကျပ်၍ သွားလေ၏။

"ဘယ်သူများပါလိမ့်" ဟုလည်း ရေရွတ်လိုက်လေ၏။

ထိုအချိန်၌ ခင်မေရီသည် ပြေးမြဲပြေး၍ လာနေ၏။

"အစ်ကိုရေချမ်း … အစ်ကိုရေချမ်း" ဟူ၍ ခေါ်မြဲခေါ်၍ လာလေ၏။

ရေချမ်းသည် လှန်းလက်စပိုက်များကို ချထားခဲ့ပြီးနောက် ဣန္ဒြေရရလျှောက်လာခဲ့ရာ အရှိန်နှင့်ပြေးလာသော ခင်မေရီနှင့် မျက်နှာချင်းဆိုင် တိုးလေ၏။ ထိုအခါ ရေချမ်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"အလို ... ခင်မေရီပါလား" ဟု ပြန်၍ ပြောလိုက်ချိန်၌ပင် ခင်မေရီသည် ရေချမ်းအား လှမ်း၍ဖက်ရင်း ခွေလဲကျသွားလေတော့၏။

ထိုအခါ ရေချမ်းသည် . . .

"ခင်မေရီ ... ခင်မေရီ" ဟု ခေါ်နေလေ၏။ ခင်မေရီမှာ မောဟိုက်လွန်းသဖြင့် သတိလစ်မေ့မြောသွားပြီဖြစ်၏။ ၎င်း၏ ရင်မှာလည်း နိမ့်ချည်မြင့်ချည် ဖြစ်၍နေလေ၏။ ရေချမ်းသည် ခင်မေရီ၏မျက်နှာကို ငုံ၍ ကြည့်ပြီးနောက် . . .

"ခင်မေရီ ... ခင်မေရီ" ဟု ခေါ်လိုက်ပြန်၏။ သို့ရာတွင် ၎င်း၏ခေါ်သံသည် ဝုန်းခနဲ ဝုန်းခနဲပုတ်လိုက်သော လှိုင်းပုတ်သံ အကြားတွင် ပျောက်ကွယ်၍ သွားလေ၏။

ခင်မေရီ၏နဖူး၌ ချွေးများစို့နေ၏။ ဆံပင်မွေးညင်းနုများလည်း မျက်နှာပေါ်သို့ ရှုပ်ယှက်ခတ်၍ ကျနေလေ၏။

"ဖြစ်မှဖြစ်ရလေ ခင်မေရီရယ်" ဟု ဆိုကာ ရေချမ်းသည် ဆံပင်မွေးညင်းနုများကို လက်ဖြင့်သပ်၍ပေးရင်း ခင်မေရီ၏ နဖူးပေါ်မှ ချွေးစများကို လက်ခုံဖြင့် အသာအယာပွတ်ပေး၏။

လက်ဝါးနှင့်မူ မပွတ်ခဲ့။ အဘယ်ကြောင့်ဆိုသော် သူ၏ လက်ဖဝါးသည် အလုပ်ကြမ်း လုပ်ရသောကြောင့် လွန်စွာပင် ကြမ်းထော်နေပြီ ဖြစ်၏။ သူသည် ကြမ်းထော်သော လက်ဖဝါးကြီးဖြင့် ခင်မေရီ၏နဖူးဆံစများကို ပွတ်သပ်ရက်နိုင်ခြင်းမရှိပေ။ ထိုသို့ပွတ်သပ်နေစဉ်၌ပင် ခင်မေရီသည် မျက်လုံးကိုဖွင့်ကြည့်၏။

ထို့နောက် မျက်လုံးကို ပြန်မှိတ်၍ ငြိမ်နေလိုက်၏။ ထိုသို့ ငြိမ်နေပြီးနောက် ခင်မေရီသည် မျက်လုံးကို တစ်ဖန်ပြန်၍ ဖွင့်ကြည့်ပြန်၏။





ထိုသို့အကြည့် ရေချမ်းကလည်း အငုံ့နှင့် ဆုံ၍သွားသောကြောင့် . . .

"ဟော ... ခင်မေရီ သတိရလာပြီကိုး" ဟု ပြောလိုက်ရာ ခင်မေရီက . . .

"နဂိုကတည်းက မေ့မှမမေ့ဘဲ" ဟုဆိုကာ ထ၍ထိုင်ပြီးလျှင်

"အစ်ကို ရေချမ်း၊ ပြေးစရာ ဒီမှာ မြေဆုံးနေပြီ၊ ဟိုဘက်မှာ ပင်လယ်သမုဒ္ဒရာကြီးပဲ ရှိတယ်၊ အဲဒီပင်လယ်သမုဒ္ဒရာကြီးကို ဖြတ်ပြီးပြေးဖို့ စဉ်းစားနေတာလား၊ အဲဒါကြီးကို ဖြတ်ပြေးရင်လဲ ခင်မေရီက လက်မစ်ကူးပြီး လိုက်ဖို့ အဆင်သင့်ပါပဲ၊ ရေအဆုံး မြေအဆုံး လိုက်ရမှာပဲ" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"ဘာကိစ္စ လိုက်နေတာတုံး" ဟု မေးလိုက်လေ၏။

"ဘာကိစ္စ လိုက်နေသလဲ သိလား၊ ခင်မေရီက အစ်ကို ရေချမ်းကို ချစ်လို့ ... နားလည်ပြီလား၊ ထပ်ပြီးပြောလိုက်ဦးမယ်၊ ခင်မေရီက အစ်ကိုရေချမ်းကိုချစ်လို့" ဟု ခင်မေရီက ပြောလိုက်ရာ ရေချမ်းသည် မျက်လုံးပြူး၍ သွားလေ၏။

"ချစ်လို့ ... ဟုတ်လား၊ ဘယ်လိုဖြစ်တာတုံး ... ငါလဲ ဘာမှ မသိရပါလား" ဟု ရေချမ်းက မေးရင်း အိတ်အတွင်းမှ ဂေါ်ရင်ကျိုဆေးပြင်းလိပ်ကိုထုတ်၍ မီးညှိရှိုက်ဖွာရင်း ခင်မေရီ့မျက်နှာကို စူးစမ်းသလို ကြည့်လိုက်လေ၏။

"ဘယ်လို ဖြစ်တာလဲ ... ဟုတ်လား၊ သနားလို့ ချစ်တာ၊ ငယ်ငယ်ကလေးကတည်းက ချစ်တာ၊ ကိုရေချမ်း ဈေးရောင်း နေကတည်းက ချစ်တာ၊ ခင်မေရီ့ အဒေါ်ကြီးက ကိုရေချမ်းကို လာပြီး ဆဲလား ဆိုလား လုပ်တုန်းက ခင်မေရီဖြင့်ငိုလို့ရတာ၊ အဲဒီနေ့က အဆိပ်သောက်မလို့လုပ်တာ၊ လူမိသွားလို့၊ ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း မျက်စောင်းကလေး 'ဒေါက်' ခနဲ ထိုးလိုက်လေ၏။

"အေးကွယ်... ခက်တာပဲ၊ ကိုရေချမ်းက ခင်မေရီကို လုံးဝ မချစ်ဘူး၊ ဒီကမ္ဘာလောကကြီးထဲမှာ ခင်မေရီရှိတယ်ဆိုတာလဲ ကိုရေချမ်း လုံးဝ အသိအမှတ်မပြုခဲ့ဘူး၊ ဖြစ်နိုင်ရင် ခင်မေရီ အပါအဝင် ခင်မေရီတို့တစ်မျိုးလုံးကို လူပုံအလယ်မှာ အရှက်ခွဲပစ်ဖို့၊ လက်စားချေဖို့ ဆုံးဖြတ်ထားတယ်"

ဟု ပြောရင်း ဆေးလိပ်ပြာကိုခြွေလိုက်ရာ ခင်မေရီက . . .

"ဒါ လုံးဝ မဖြစ်နိုင်ဘူး ... အစ်ကိုရေချမ်း ခင်မေရီ့ကို လိမ်ပြောနေတာပဲ ဖြစ်ရမယ်၊ ခင်မေရီ သတိမေ့ချင်ယောင် ဆောင်နေတော့ ခင်မေရီ့ နဖူးဆံစကလေးတွေကို အစ်ကို ရေချမ်း လက်နဲ့သပ်ပေးနေတာ ခင်မေရီ သိတယ်၊ လက်နဲ့ သပ်ပေးတာတောင် လက်ဖဝါးနဲ့ သပ်ပေးတာ မဟုတ်ဘူး လက်ခုံနဲ့သပ်ပေးတာ၊ အစ်ကိုရေချမ်းလက်ဖဝါးက အလုပ်ကြမ်း လုပ်လို့ ကြမ်းနေတာ ခင်မေရီသိတယ်၊ ဘာပြောဦးမတုံး"

ဟု ပြောလိုက်လေ၏။

'ကဲ ထားပါတော့ ခင်မေရီရယ်၊ နင် ဘာဖြစ်လို့ လိုက်လာရတာတုံး၊ နင်နဲ့ငါချစ်ကြတယ်ပဲထားပါတော့ နင့်အဒေါ်ကြီးက ငါနဲ့သဘောတူမလား" ဟု ရေချမ်းက မေးလိုက်ရာ ခင်မေရီက

"တူတူ မတူတူ ချစ်တာကချစ်တာပဲ၊ ပြီးတော့ အဒေါ်ကြီး လဲ မရှိတော့ဘူး၊ ကဲပါ ... တိုတိုပဲမေးမယ်၊ အစ်ကိုရေချမ်း ခင်မေရီ့ကိုမယူနိုင်ဘူးလား၊ ခင်မေရီ့ကိုမချစ်ဘူးလား၊ ခင်မေရီ ပြန်မယ်" ဟု ဆိုကာ ခင်မေရီသည် ထိုင်ရာမှ ဆတ်ခနဲထလိုက် လေ၏။



ထိုအခါ ရေချမ်းက ခင်မေရီ၏ လက်ကလေးကို လှမ်း၍ ဆွဲလိုက်ရင်း . . .

"ခင်မေရီရယ် ...နင် ငါ့ကိုချစ်တာထက် ငါက နင့်ကိုချစ်တာ အဆတစ်ရာလောက် ပိုတော့မပေါ့ဟယ်၊ ဒါပေမဲ့ ယောကျ်ား ဆိုတော့ ချစ်တာကို ချစ်တယ်လို့ ချက်ချင်းမပြောရဘူး မဟုတ် သား၊ ဣန္ဒြေဆောင်ရတယ်ဟဲ့၊ မိန်းကလေးမှာတော့ လွတ်လပ် တယ်၊ ချစ်တာကိုချစ်တယ်လို့ပြောလိုက်ရုံပဲ၊ ငါတို့ ယောကျ်ား လေးတွေက ဣန္ဒြေကို ထိန်းသိမ်းရတယ်"

ဟု ရေချမ်းက ပြောလိုက်ရာ ခင်မေရီက . . .

"ပြောင်းပြန်" ဟု ရေရွတ်လိုက်လေ၏။

"အလကားပြောတာပါ ခင်မေရီရယ်၊ နင့်ကိုငါ ချစ်ပါတယ်၊ ဒါပေမဲ့ နင်နဲ့ငါက အဆင့်အတန်းချင်းကွာတယ်၊ အဲဒါကြောင့် ကိုရေချမ်းအနေနဲ့ မမီတဲ့ပန်းကို မလှမ်းဝံ့လို့ပါဟယ်၊ ချစ်တာ တစ်ခုတည်းကို ပြောကြကြေးဆိုရင် နင် ငါ့ကို ရှုံးသွားမှာပေါ့၊ ငါက မြန်မာလိုတင်မဟုတ်ဘူး၊ ဂေါ်ရင်ဂျီလိုတောင် ပြောတတ် သေးတယ်" ဟု ရေချမ်းက ပြောလိုက်ရာ ခင်မေရီက . . .

"အင်း ... ဟုတ်ပါရဲ့၊ အစ်ကိုရေချမ်း ဘယ်လိုကနေ ဘယ်လို ဂေါ်ရင်ဂျီကုလားတွေအိမ် ရောက်နေတာတုံး"

ဟု မေးလိုက်ရာ ရေချမ်းက . . .

"အဲဒီဂေါ်ရင်ဂျီကုလားတွေက ငါ့ရဲ့ ကျေးဇူးရှင်တွေ"

ဟုဆိုကာ ၎င်း၏အဖြစ်အပျက်များကို အကြမ်းဖျင်းပြောပြ လိုက်လေတော့၏။ ထို့နောက် ခင်မေရီလည်း ၎င်း၏အဒေါ် ဆုံးပုံ၊ ၎င်းတို့နေခဲ့သော မြို့ကလေး၌ ဓားပြများက ဈေးများနှင့် အိမ်များကို မီးရှို့သွားပုံ၊ ထို့ကြောင့် အဒေါ်ဝမ်းကွဲတစ်ဦးရှိရာ

www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးသို့ ပြောင်းရွှေ့လာ၍ ရွှေဆိုင်ဖွင့်ခဲ့ပုံ၊ ထို့နောက် ရေချမ်း ဈေးသို့ လာ၍ အပ်ချည်လုံး လာဝယ်သည်ကို တွေ့ရ စက်ဘီးနှင့်လိုက်ခဲ့ပုံ၊ မော်တော်ဆိပ်သို့ သွားရောက်စုံစမ်းခဲ့ တို့ကို အသေးစိတ် ပြောပြလေ၏။

ထို့နောက် ခင်မေရီက လှေစီးချင်သည်ဆိုသဖြင့် ရေချမ်း က ခင်မေရီအား လှေဦး၌ ထိုင်စေပြီးလျှင် ၎င်းက ကမ်းစပ် တစ်လျှောက် လှေလှော်ပေးခဲ့လေ၏။

ခင်မေရီသည် လွန်စွာပျော်နေလေ၏။ ရေချမ်းကိုလည်း မကြာခဏ ရေဖြင့်ပက်၍ ကျီစယ်လေ၏။

ရေချမ်းသည် ကမ်းစပ်တစ်လျှောက် လျှောက်၍ လှော်နေ ရာမှ ချောင်းရိုးကလေးတစ်ခုအတွင်းသို့လှော်၍ဝင်သွားလေ၏ ချောင်းရိုးကလေး၏ တစ်ဖက်တစ်ချက်တွင် . . . လမုပင်များ တုက္ကိုပင်များ၊ နွယ်ကြိုးများနှင့် ရှုပ်ယှက်ခတ်နေ၏။ ထို့ကြောင့် ခင်မေရီက . . .

“ဒီချောင်းရိုးကလေးက ပိုတောင်သာယာသေးတယ်နော် အရိပ်လဲရတယ်၊ လေလဲမတိုက်ဘူး၊ လှေစီးလို့လဲ သိပ်ပြီးကောင်း တာပဲ၊ ဒါပေမဲ့ ခင်မေရီ ထမင်းဆာလာပြီ” ဟု ပြောလိုက်ရာ ရေချမ်းက . . .

“ငါလဲ နင့်ကို အဲဒါပြောမလို့ပဲ၊ ကဲ ... ထမင်းသွားစားကြ ရအောင်” ဟု ဆိုကာ ရေချမ်းသည် လှေကိုကပ်လိုက်လေ၏။

ခင်မေရီလည်း လှေပေါ်မှ ဆတ်ခနဲ ဆင်းလိုက်ရာ “လှေ အဆင်း မြင်းအတက်” ဆိုသောစကားအတိုင်း ယိမ်းယိုင်၍လဲကျ လေ၏။ သို့ရာတွင် ရေချမ်းက လျင်မြန်စွာဆီး၍ဖက်လိုက်ရာ ရေချမ်း၏ ရင်ခွင်တွင်းသို့ စွေ့ခနဲ ပါလာလေ၏။



ထို့နောက် တစ်ဦးကို တစ်ဦး ဆက်၍ဖက်ထားကြလေ၏။ နှစ်ဦးစလုံးသည် နွေးထွေးသွားကြလေ၏။ ရေချမ်း၏ နှာရှက် အောက် နေရာကလေး၌ . . . နွေးခနဲနွေးခနဲ ဖြစ်နေသော သကလေး လာ၍တိုးနေ၏။

ထိုလေနွေးကလေးမှာ ခင်မေရီ၏ နှာခေါင်းပေါက်ကလေး နှစ်ခုမှ မှုတ်ထုတ်လိုက်သော လေနွေးကလေးများ ဖြစ်၏။ ခင်မေရီသည် ရေချမ်း၏ ပခုံးထက်၌ ပါးတင်၍ ရေချမ်း၏ လည်တိုင်ကိုခိုကာ ဖက်၍ထားလေ၏။

ရေချမ်းကလည်း ခင်မေရီအား တင်းကျပ်စွာ ဖက်၍ထား သ၏။ ချောင်းရိုးအတိုင်း ဖြတ်၍တိုက်လာသော လေနုအေး ကလေးသည် သူတို့နှစ်ဦးအပေါ်မှ ဖြတ်ကျော်တိုက်ခတ်သွား၏။

သူတို့နှစ်ဦး၏ အကြားမှမူ ဖြတ်သန်းခွင့် မရရှာပေ။ ထို လေနုအေးကလေးသာမဟုတ်၊ ပင်လယ်ပြင်ကိုဖြတ်၍ တိုက်လာ သော လေကြမ်းကြီးပင်လျှင် သူတို့နှစ်ဦးကြားမှ ဖြတ်သန်းခွင့် ရှာဘဲ ကျော်ဖြတ်တိုက်ခတ်သွားရလေ၏။

သူတို့သည် နှစ်ယောက် မဟုတ်တော့ပေ။ တစ်ယောက် တည်းဖြစ်သွား၏။ သူတို့၏စိတ်များသည်လည်း နှစ်စိတ်မဟုတ်။ တစ်စိတ်တည်းဖြစ်သွား၏။ သူတို့နှစ်ဦးသည် ဂဟေဆက်ထား သည်ထက် ခိုင်မာသွား၏။ ပူးကပ်သွား၏။ ပေါင်းစည်းသွား၏။ သူတို့သည် ထိုသို့အကြာကြီးဖက်ထားကြ၏။ ထိုသို့ဖက်ထားပြီးမှ ခင်မေရီက ...

“အစ်ကိုရေချမ်းရယ် ထမင်းမစား၊ ဟင်းမစား တစ်သက်လုံး သာ ဖက်ထားလိုက်ချင်တော့တာပဲ၊ ဒီတစ်ခါတော့ ခင်မေရီ့ကို ခွဲမသွားပါနဲ့နော် ...နော် နော်”

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးတိုးညင်းညင်းကလေးပြောလိုက်ရာ ရေချမ်းက . . .

"တံငါသည် ကိုရေချမ်းမှာလဲ အသည်းနှလုံးနဲ့ပါ ခင်မေ… ရယ် …တဲ လာ …ထမင်းသွားစားကြပါစို့" ဟု ဆိုကာ နာန… ၏ တဲသို့ ပြန်ခဲ့ကြလေ၏။ တဲသို့ရောက်လျှင် မြေကြီးပေါ်… ထမင်းပန်းကန် ချထားသည်ကို တွေ့ရလေ၏။

အလယ်၌ ငါးခြောက်နှင့်ပဲရောကာ ဂေါ်ရင်ဂျီ ဟင်း… မဆလာ ခတ်ထားသော ဟင်းဇလုံကြီးတစ်လုံး၊ အင်တုံအသေး… ကလေးတွင် ထည့်ထားသော ဆားနှင့်ငရုတ်သီးတောင့်ကလေး… များ၊ ရေအပြည့်ထည့်ထားသော ဒန်ရေခွက်လေးလုံး၊ လက်ဆေး… ရန် မြေအင်တုံတစ်လုံးစသည်တို့ကိုတွေ့ရ၏။ ထိုအခါရေချမ်း…

"ကဲ … ခင်မေရီ၊ ကိုရေချမ်းအမေနဲ့ အဖေက ထမင်းစား… အဆင်သင့် စောင့်နေပါပြီ"

ဟု ပြောလိုက်ရာ ဂေါ်ရင်ဂျီ အဘွားကြီးက . . .

"ကန်မကလေး ကန်မကလေး စားပါ၊ ငါ ကောင်းကောင်း… ချက်ထားတယ်" ဟု ပြောလိုက်လေ၏။ ခင်မေရီ၏စိတ်၌ . . .

"ဩော် … ကိုရေချမ်း၊ ကိုရေချမ်း … ဘယ်လိုကနေ … ဂေါ်ရင်ဂျီအိမ် ရောက်နေပါလိမ့်၊ သူ့အဖြစ်ကလဲ သနားစ… ကောင်းလှချည်လား၊ ငါ ဒီအဘိုးကြီး အဘွားကြီးတွေနဲ့ မြေကြီး… မှာ ဇလုံပေါက် ဇလုံပဲ့တွေနဲ့ ဘယ်လိုများ စားရပါ့မလဲ၊ ရွံ့ပါ… သနဲ့၊ ဒါပေမဲ့ ငါ မစားလို့တော့ မဖြစ်ဘူး၊ ငါမစားတော့ရင်… ကိုရေချမ်း ငါ့ကိုမုန်းသွားတော့မယ်၊ သူမုန်းတာကို မခံနိုင်ဘူး… စားကိုစားရမယ်" ဟု ဆိုကာ လက်ဆေးအင်တုံ၌ သူ၏လက်… ဖြူဖြူသွယ်သွယ်ကလေးကို နှစ်၍ဆေးလိုက်ပြီး ထမင်းပန်းကန်… ကို ကောက်ယူလိုက်လေ၏။



ထိုအခါ ရေချမ်းသည် သူ၏မျက်နှာကိုကြည့်၍ နှစ်လိုစွာ ပြုံးပြလိုက်လေ၏။ ဂေါ်ရင်ဂျီ ကုလားမကြီးလည်း ခင်မေရီ၏ ပန်းကန်တွင်းသို့ ငါးခြောက်နှင့် ပဲဟင်းများကို ဆမ်းပေးလေ၏။

ရေချမ်းမှာမူ ငရုတ်သီးတောင့်ကလေးများကို ဆားနှင့်တို့၍ မြုပ်ကာ ဂေါ်ရင်ဂျီအဘိုးကြီး စားသကဲ့သို့ စားလေ၏။

ခင်မေရီမှာ တစ်လုတ်နှစ်လုတ် စားမိသည့်အခါ နားထင် နားရင်းပူအောင် စပ်သွားသောကြောင့် ချွေးများထွက်လာ၏။ လျှာလည်း ထွက်လာ၏။

ထိုအဖြစ်ကို ကြည့်ပြီးနောက် အဘိုးကြီး နာနရားသည် လည်းကောင်း၊ အဘွားကြီးသည်လည်းကောင်း၊ ရေချမ်းသည် လည်းကောင်း သဘောကျ၍ ရယ်မောကြလေ၏။ အဘွားကြီး ကမူ . . .

"ကန်မကလေးစားဖို့ ငရုတ်သီးနည်းနည်းပဲ ထည့်တယ်" ဟု ပြောလိုက်ရာ ခင်မေရီက . . .

"ငရုတ်သီး နည်းပေလို့သာပဲ၊ မနည်းများ မနည်းရင်တော့ ကျွန်မလျှာကြီး တစ်တောင်လောက် ထွက်သွားမယ်ထင်တယ်" ဟု ပြန်၍ပြောလိုက်လေ၏။

ခင်မေရီ့စကားကို အဘိုးကြီး နာနရားက ကောင်းစွာ နားမလည်သဖြင့် မောင်ရေချမ်းက ဂေါ်ရင်ဂျီစကားဖြင့် ဘာသာ ပြန်ပေးလိုက်ရာ နာနရားက ဂေါ်ရင်ဂျီစကားဖြင့်ပင် အောက်ပါ အဓိပ္ပာယ်ရသောစကားကို ပြန်၍ပြောလေ၏။

"ကောင်ကလေးရယ် … သူက လျှာကြီးထွက်လာမယ်လို့ ပြောနေတာလား၊ မိန်းမဆိုတာ လျှာရှည်တဲ့အမျိုးပဲမဟုတ်လား၊ ရှည်လေကောင်းလေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ရေချမ်းက ပြုံးလိုက်လေ၏။ ထို့နောက် ၎င်းတို့သည် ထမင်းကို မြိန်ရှက်စွာ စားသောက်ကြလေ၏။ ထမင်းဝိုင်းသိမ်းသောအခါ၌လည်း ထိုနေရာ၌ပင် ဆက်လက်ထိုင်နေကြလေ၏။ ထိုအချိန်၌ နာနရားက . . .

"ဒီကောင်မလေးနဲ့ မင်းနဲ့က ဘယ်လိုတုံးကောင်ကလေးရဲ့" ဟု မေးလေ၏။ မေးသည်မှာလည်း ဂေါ်ရင်ဂျီ ဘာသာနှင့်ပင် မေးခြင်း ဖြစ်၏။

"ဒီလိုပါ အဘရယ် သူနဲ့ ကျွန်တော်နဲ့က ငယ်ငယ်တုန်းက ချစ်ခဲ့ကြတဲ့ ချစ်သူရည်းစားတွေပါ၊ မနေ့က ကျွန်တော် ဈေးသွားဝယ်တော့ သူက ကျွန်တော့်ကိုတွေ့လိုက်လို့ စုံစမ်းပြီး လိုက်လာတာ၊ သူလဲ အဲဒီမြို့ကိုရောက်နေတာ ကြာပြီဆိုပဲ" ဟု ရေချမ်းက ဂေါ်ရင်ဂျီစကားဖြင့်ပင် ပြန်၍ဖြေလေ၏။

ထိုအခါ နာနရားက . . .

"ပန်းပွင့်ရှိတဲ့ဆီကိုပဲ ပိတုန်းကသွားရပါတယ်ကွာ၊ ဒီတစ်ခါတော့ ပိတုန်းရှိတဲ့ဆီကို ပန်းပွင့်က လိုက်လာပါလား၊ ဘာပဲဖြစ်ဖြစ်လေ ပိတုန်းကပဲ ပန်းပွင့်ဆီလိုက်လိုက်၊ ပန်းပွင့်ကပဲ ပိတုန်းဆီသွားသွား၊ ဒီလောကကြီးမှာ ပန်းပွင့်နဲ့ ပိတုန်းတို့ တွေ့ဖို့ အရေးကြီးတယ်မဟုတ်လား" ဟု ပြောလိုက်လေ၏။

ထိုအခါ ရေချမ်းက . . .

"မှန်တာပေါ့ အဘရယ်" ဟု ပြန်၍ပြောရာ နာနရားက-

"မှန်မှာပေါ့ကွာ … ငါကလဲ မင်းလို ငယ်ရာကကြီးလာတာ၊ ငါ့အဖေက မွေးမွေးချင်း ငါ အခုလို အဘိုးကြီးဖြစ်သွားတာမှ မဟုတ်ဘဲ၊ အဲဒီတော့ ငယ်ရာက ကြီးလာတဲ့လူတိုင်း အနည်းနဲ့ အများဆိုသလို အချစ်အကြောင်းကို နားလည်ကြပါတယ်ကွာ၊



ပြီးတော့ အချစ်ဆိုတာ ဒီကမ္ဘာလောကကြီးရဲ့ အနှစ်သာရကြီးပဲကွ၊ သူ မရှိရင် ကမ္ဘာလောကကြီးဟာ ပျက်စီးသွားလိမ့်မယ်၊ နေတွေလတွေ ကွယ်ပျောက်သွားလိမ့်မယ်၊ ဟောဟိုပင်လယ်ကြီး ခန်းခြောက်သွားလိမ့်မယ်၊ အချစ်ဟာ အားလုံးကို ဖန်ဆင်းထားတာကွ၊ အေး … တစ်ခုတော့ရှိတယ်၊ အချစ်တစ်ခုတည်းနဲ့ မပြည့်စုံလို့ အဖော်ထည့်ပေးထားတယ်၊ အဲဒီအဖော်က အမုန်းပေါ့ကွာ၊ ဒါပေမဲ့ အချစ်က သူ့ရဲ့သဘာဝအတိုင်း အဲဒီအမုန်းကိုလဲ သူချစ်တာပဲ၊ သူ့သဘာဝကို ဖျောက်မပစ်ဘူး။

"အေး … သူကသာ ဖျောက်မပစ်ပေမယ့် အမုန်းကတော့ အချစ်နဲ့တွေ့တဲ့အခါမှာ သူ့ရဲ့ အမုန်းသဘာဝကို ဖျောက်ပစ်ပြီး အချစ်နဲ့ ပေါင်းသွားတယ်၊ နောက်ဆုံးမှာ အချစ်က အနိုင်ရသွားရော၊ ဒါကြောင့် သူ့အဖော် အမုန်းကိုလဲ သူကဝါးမျိုပြီး အချစ်ဖြစ်အောင် လုပ်ပစ်မယ်၊ ဒါကြောင့် ဒီကမ္ဘာလောကကြီးမှာ နှစ်ခုမရှိဘူး၊ တစ်ခုပဲရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ အချစ်ပဲ၊ အချစ်ဟာ အားလုံးကို လှစေတယ်၊ ဘယ်လိုလှအောင်လုပ်ပေးသလဲ ဆိုတော့ မင်းကို ငါ ပြမယ်" ဟု ဆိုကာ နာနရားသည် သီချင်းတစ်ပုဒ် ဆိုပြ၏။

ထိုအခါ ရေချမ်းလည်း အနီးရှိ ဗုံကလေးကို တဒုံဒုံလိုက်၍ တီးပေးလေ၏။

ဂေါ်ရင်ဂျီ အဘွားကြီးမှာမူ အဘိုးကြီးဆိုသော သီချင်းကို နားထောင်၍ ရက်ကိုးရှက်ကန်းဖြစ်နေ၏။ ခင်မေရီက . . .

"ဘာသီချင်းလဲ ကိုရေချမ်းရဲ့ ခင်မေရီ့ကိုလဲပြောပြပါဦး" ဟု ဆိုသဖြင့် ရေချမ်းက နာနရားဆိုသော သီချင်းကို အောက်ပါအတိုင်း အဓိပ္ပာယ်ပြောပြလေ၏။

www.burmeseclassic.com



"ငါ့ချစ်သူရဲ့ အသားရောင်ဟာ ညအခါလို မည်းမှောင်နေတယ်။ ဒါပေမဲ့ ငါ့ချစ်သူရဲ့မျက်လုံးကလေးတွေဟာ ကြယ်ပွင့်ထလေးတွေလို အဖျပ်ဖျပ်လက်နေတယ်၊ ငါ့ချစ်သူက ငါ့အပေါ်မှာ ကြင်နာယုယခဲ့တာတွေကိုပြောပြရရင် ပောဒီပင်လယ်ကြီးက ရေတွေကို မင်လုပ်ပြီးရေးတောင် ပြည့်စုံမှာမဟုတ်ဘူး။ ငါ့အနားမှာ တွတ်တီးတွတ်တာ ပြောခဲ့တာတွေ သောင်ပြင်ကသဲပွင့်ကလေးတွေမက များခဲ့ပါပြီ၊ ငါ နားထောင်လို့ မဝသေးဘူး အချစ်ရယ် ... မင်းဟာ ငါ့ရဲ့ရင်ထဲမှာ လှနေတုန်းပါပဲလား၊ မင်းလှနေတာဟာလဲ ငါ ဆုတောင်းကောင်းလို့ပေါ့နော်"

ရေချမ်း၏စကား ဆုံးသွားသောအခါ၌ . . . ခင်မေရီက တခစ်ခစ် ရယ်လေ၏။

"အစ်ကိုရေချမ်းကတော့ တကယ့်ဂေါ်ရင်ဂျီကုလားကြီးကျနေတာပဲ"ဟုပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် နာနရားက

"မင်းချစ်သူအကြောင်း ငါ့ကို သီချင်းတစ်ပုဒ် ဆိုပြဦး" ဟု ဆိုသဖြင့် ရေချမ်းသည် ဂေါ်ရင်ဂျီသီချင်း လက်ငင်းစပ်၍ သီဆိုလေ၏။

ထိုအခါ နာနရားက ဗုံလိုက်၍ တီးပေးပြန်၏။ ရေချမ်းသီချင်းဆိုနေစဉ် ဂေါ်ရင်ဂျီမကြီးက မြန်မာစကား မပြောတတ်ပြောတတ်နှင့် ခင်မေရီအား စကားပြန်လုပ်နေပြန်၏။

"ကန်မကလေး ... ကန်မကလေး ... အခု ကန်ကလေးက ပြောနေတယ်၊ သူ့ချစ်သူဟာ ဗျိုင်းဖြူလေးတစ်ကောင်ပဲတဲ့၊ အခုသူ့ဆီကို ဗျိုင်းကလေးပျံလာပြီတဲ့၊ သူ ငါးဖမ်းသွားရင် လှေပေါ်မှာ ဗျိုင်းကလေးကိုတင်ပြီးသွားမယ်တဲ့၊ အဲဒါ အဖေက သဘောတူရဲ့လားတဲ့"



ထိုအချိန်၌မှာပင် နာနရားက တစ်လှည့်ပြန်၍သီဆိုလေ၏။

"ဘာဖြစ်လို့ သဘောမတူရမှာလဲ လူကလေးရယ်၊ ငါလဲ ငယ်ငယ်တုန်းက ငါးဖမ်းသွားရင် ဒင်ကျိုးငှက်ကို လှေပေါ်မှာ တင်သွားတာပဲ၊ ငါးတွေပိုပြီးရတယ်ကွ၊ မင်းလဲ ဗျိုင်းမကလေးကို တင်ပြီးသွားသင့်တာပေါ့" ဟု အဓိပ္ပာယ်ရလေသည်။

ထိုအခါ ရေချမ်းက သီချင်းဆက်၍ သီဆိုပြန်လေ၏။ သီချင်း၏ အဓိပ္ပာယ်မှာ . . .

"အဖေ့ဒင်ကျိုးငှက်မကြီးက ကျွန်တော့်ဗျိုင်းမကလေးကို ထိုးဆိတ်နေရင် ဘယ့်နှယ်လုပ်မတုံး" ဟု အဓိပ္ပာယ်ရလေ၏။ ထိုအခါ အဘွားကြီးက တစ်လှည့် သီဆိုပြန်လေ၏။

"ဒင်ကျိုးငှက်မကြီးက ဗျိုင်းမကလေးရဲ့သခင်ကို ချစ်တော့လဲ ဗျိုင်းမကလေးကို ချစ်ရပြန်တာပေါ့ကွယ် ... ပြီးတော့ အမအမချင်းဆိုတာ ကြင်နာတတ်ပါတယ်၊ ကိုယ်ချင်းလဲ စာနာတတ်ပါတယ်" ဟု အဓိပ္ပာယ်ရလေ၏။

ခင်မေရီမှာ ရေချမ်းနှင့် ဂေါ်ရင်ဂျီ အဘိုးကြီး အဘွားကြီးကို ကြည့်ကာ လွန်စွာပျော်ရွှင်၍နေလေ၏။

"ငါပါ ဒီကို တစ်ခါတည်း ပြောင်းလာခဲ့ရင် ကောင်းမှာပဲ၊ သူတို့ဥစ္စာက သိပ်ပျော်ဖို့ကောင်းနေတာပဲ၊ ပင်လယ်ထွက်ပြီး ငါးကလေးဖမ်းလိုက်၊ ထမင်းချက်စားလိုက်၊ သီချင်းဆိုပြီး ဗုံတီးလိုက်၊ ကိုရေချမ်းကလဲ အရင်နဲ့မတူတော့ဘူး၊ ရောက်တဲ့နေရာမှာ သင့်တင့်အောင်ပေါင်းပြီး ကြုံသလိုနေတတ်သွားရှာပြီကိုး" ဟု တွေးရင်း ရေချမ်းအပေါ်၌ ပိုမို၍ ကရုဏာသက်မိလေတော့၏။

ခင်မေရီသည် ထိုနေ့ တစ်နေ့လုံး၌ ရေချမ်းတို့နှင့်အတူ ပျော်ရွှင်စွာနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းနှင့်အတူ သောင်ပြင်ပေါ်တွင် လမ်းလျှောက်၏။ ရေချမ်းနှင့်အတူ မရမ်းတောကြီးအတွင်း၌ လိုက်တမ်းပြေးတမ်း ကစား၏။

ရေချမ်းက မရန်းပင်ကြီးများအတွင်း မျောက်ကလေး တစ်ကောင်ကဲ့သို့ ဟိုခုန်သည်ကူးပြီး လိုက်၏။ ခင်မေရီကမူ ယုန်ကလေးတစ်ကောင်ကဲ့သို့ ခုန်ဆွခုန်ဆွ ပြေးလေ၏။

ထို့နောက် နှစ်ယောက်သား အုန်းရည်များ သောက်ကြ၏။ အုန်းသီးဖတ်များကိုခြစ်၍ တစ်ဦးပါးစပ်ကို တစ်ဦးက ခွံ့၏။

ညနေပိုင်းသို့ ရောက်သောအခါ၌ ငါးခြောက်အိတ်များ တင်ထားသည့် ငွေနှင်းဆီမော်တော်သို့ ခင်မေရီသည် ပြန်လာ ခဲ့လေ၏။

မော်တော်ဆလင် လူဝကြီးက ခင်မေရီကိုမြင်လျှင် . . .

"ကြွေးရခဲ့ရဲ့လား ကလေးမရဲ့" ဟု မေး၏။

"ရပါတယ်ရှင်" ဟု ခင်မေရီကပြောရင်း မိမိဘာသာပြုံးလိုက် လေ၏။ ထိုအခါ မော်တော်ဆလင် လူဝကြီးက . . .

"ခက်တယ် ကလေးမ ... တချို့က ကြွေးမဆပ်ချင်ကြဘူး၊ တချို့ကတော့ သိတတ်တယ်၊ ကြွေးကို ဆပ်နိုင်သလောက် ဆပ် သွားကြတယ်၊ အခု မိန်းကလေးရဲ့လူကကော ကြွေးကို တစ်ခါ တည်း ဆပ်သလား၊ ဖွဲ့ဖွဲ့ပြီး ဆပ်သလား" ဟု မေးလိုက်ရာ ခင်မေရီသည် မည်သို့ပြန်ဖြေရမှန်းမသိဘဲ ဖြစ်သွားပြီး . . .

"နောက်တော့မှပဲ ဆပ်မယ်လို့ ကတိပေးလိုက်တာပါရှင်၊ ကြွေးက အခုမရခဲ့သေးပါဘူး" ဟု ပြန်၍ဖြေလိုက်လေ၏။

မော်တော်ကလေးသည် ပင်လယ်ကမ်းစပ်မှ မြစ်ခွဆုံသို့ ရောက်လာလေ၏။



ထိုမှတစ်ဆင့် ဆိုက်ကပ်ရာရွာကလေးသို့ ရောက်ခဲ့လေ၏။ ခင်မေရီသည် မြင်းလှည်းတစ်စီးငှား၍ အိမ်သို့ပြန်လာခဲ့လေ၏။

သူသည် အလွန်ပျော်၏။ အလွန်ပေါ့ပါးနေ၏။

"ချွင် ခလွတ် ... ချွင် ခလွတ်" ဟု မြည်နေသော မြင်းခွာ သံနှင့် မြင်းချူသံတို့သည် ခင်မေရီ၏ဘဝင်ကို ရိုက်ခတ်စေ၏။ ခင်မေရီသည် မြင်းလှည်းစီးနေ၏။ သို့သော် သူ၏စိတ်သည် ပင်လယ်သောင်စပ်၌ မောင်ရေချမ်းနှင့်အတူ ပြေးလွှားဆော့ ကစားနေ၏။ ဤသို့နှင့်ပင် ခင်မေရီ စီးလာသော မြင်းလှည်း ကလေးသည် ခင်မေရီ၏အိမ်ရှေ့သို့ ရောက်ရှိလာလေတော့၏။

ခင်မေရီသည် မြင်းလှည်းပေါ်မှဆင်းပြီး အိမ်ပေါ်တက်မည် အလုပ်တွင် အသံတစ်သံကြောင့် ခြေလှမ်းတုံ့၍သွားလေတော့ ၏။ ထိုအသံကား . . .

"အောင်မယ်လေး ခင်မေရီရယ်၊ အစ်ကိုကြီး စိတ်ပူလို့ ရှာလိုက်ရတာ၊ ဒေါ်ဇာလဲ ဖတ်ဖတ်ကို မောနေတာပဲ" ဟူ၍ ဖြစ်၏။ ခင်မေရီသည်အိမ်ပေါ်သို့ကြွေမပျက်တက်လာလေ၏။ အိမ်ပေါ်သို့ရောက်လျှင် . . .

"ဒေါ်ဇာ ထမင်းခူးတော့ . . . ကျွန်မ ထမင်းဆာလှပြီ" ဟုပြောရင်း အိမ်တွင်း ဝင်သွားလေ၏။ အိမ်ထဲသို့အရောက်၌ ဒေါ်ဇာက . . .

"ဟဲ့ ...ဟိုမှာ မြို့ပုငဲမင်းရောက်နေတယ်လေ၊ စကားလေး ဘာလေး ပြောဦးမှပေါ့" ဟု တိုးတိုးကလေးပြောလိုက်လေ၏။

"မပြောနိုင်ပါဘူး ဒေါ်ဇာရယ် ...ကျွန်မ ထမင်းဆာလှပါပြီ၊ ပြီးတော့ သူ့ကို ကျွန်မက ဖိတ်မန္တကလုပ်ထားတာမှ မဟုတ်ဘဲ၊ သူ့ဘာသာ လာတာပဲ" ဟု အသံမှန်ဖြင့် ပြန်ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောပါ တလေးမရဲ့၊ သူက လူကြီးလူကောင်းပါ" ဟု ဒေါ်ဇာက ထိတ်ထိတ်ပျာပျာဖြင့် ပြောလေ၏။

"လူကြီးလူကောင်းအစစ်ဆိုရင် သူသိရမှာပေါ့၊ မိန်းကလေးနေတဲ့အိမ်ကို မခေါ်ဘဲ ခဏခဏလာရမှာလား" ဟု ခင်မေရီက ပြန်၍ပြောရင်း ထမင်းစားပွဲသို့ ဝင်လေ၏။

"သူက ညည်းကို လက်ထပ်ဖို့ ကမ်းလှမ်းထားတယ် မဟုတ်လားအေ့" ဟု ဒေါ်ဇာက ပြောလေ၏။

"သူ ကမ်းလှမ်းတာနဲ့ပဲ ကျွန်မက သူ့ကိုယူရတော့မှာလား" ဟု ခင်မေရီက ပြောလျှင် ဒေါ်ဇာက . . .

"သူက မြို့ပိုင်ဟဲ့" ဟု ပြောလိုက်လေ၏။

"မြို့ပိုင်ဆိုတာ မြို့ပဲပိုင်တာပေါ့၊ ကျွန်မကို ပိုင်လို့ရမလား" ဟု ခင်မေရီက ပြန်၍ပြောလိုက်လေ၏။

ထိုအခါ အပြင်ဘက်တွင် နောက်ပိုး ပိုးရန်ရောက်ရှိနေသော မြို့ပိုင်မင်း ဦးဝင်းမောင်သည် ခင်မေရီနှင့်ဒေါ်ဇာတို့ အချီအချ ပြောနေသောစကားများကို အတိုင်းသားကြားနေရသော်လည်း ယောက်ျားညံ့ ယောက်ျားဖျင်းတို့၏ ထုံးစံအတိုင်း နွားပိန်တွယ်တွယ်၍နေလေတော့၏။ ထိုအခါ ဒေါ်ဇာက . . .

"ငါ ကော်ဖီဖျော်ပေးမယ်၊ ကော်ဖီခွက်လေး တစ်ခွက်တော့ သွားချပေးပါဟယ်" ဟု ပြောရာ ခင်မေရီက . . .

"ဒေါ်ဇာ အဲဒီမြို့ပိုင်ကို သဘောကျနေသလား၊ ကျနေရင် ဒေါ်ဇာလိုက်သွားပါလား၊ ဘာပြုလို့ကော်ဖီတိုက်နေမှာတုံး" ဟု ခင်မေရီက ပြောလိုက်လေ၏။ ထိုအခါ ဒေါ်ဇာက . . .

"ငါ့ကို သဘောမကျလို့ပေါ့တော်၊ ငါ့ကိုသဘောကျရင် ငါ မြို့ပိုင်မင်းကတော်ဖြစ်တာ ကြာလှပြီ၊ ညည်းတို့များတော့လဲ



ဖုတ်သွင်းရထားကြီး အိမ်ပေါ်တက်ပြီး ဆိုက်တာတောင် ငြင်းနေရသတဲ့ တော်" ဟု ပြောလိုက်လေ၏။

"အဲဒီဖုတ်သွင်းရထားကြီးက အသုဘရထားကြီးလောက်မှ ကျက်သရေမရှိတဲ့ဥစ္စာ၊ ငြင်းရတာပေါ့ ဒေါ်ဇာရဲ့၊ သူ့မှာက မြို့ပိုင်မင်းဆိုတဲ့ အလုပ်အကိုင်က ပေးထားတဲ့ ရာထူးအခေါ် အဝေါ်ကလေးကလွဲရင် ဘာများရှိလို့တုံး၊ အဲဒီအလုပ်က ငွေကြွလို့ဖြစ်စေ၊ တစ်ခုခုအဂတိလိုက်စားလို့ဖြစ်စေ၊ တစ်ခုခု ခြေချော်လက်ချော်ဖြစ်လို့ အဲဒီအလုပ်က ပြုတ်သွားရင်ဖြစ်စေ၊ မှားယွင်းလို့ ဖြစ်စေ မြို့ပိုင်မင်းအလုပ်က ပြုတ်သွားခဲ့ရင် အဲဒါကြီးကို မြို့ပိုင်မင်းလို့ . . . ခေါ်ရဦးမှာလား၊ မြို့ပိုင်မင်းဆိုတာ ဂုဏ်ထူး မဟုတ်ဘူး၊ အလုပ်ဝတ္တရားတစ်ခုသာ ဖြစ်တယ်။

"အဲဒီ အလုပ်ဝတ္တရားက ရပ်စဲသွားရင် အဲဒီလူကြီးကို ဘယ်မှာသွားသုံးမှာလဲ၊ နတ်အိုးကွဲကြီးကို နတ်စင်မှာလဲ ထားမရ၊ အိမ်သာမှာလဲသုံးမရ၊ ဘယ်မှာသွားထားရမှာတုံး" ဟု ခင်မေရီက ပြောလိုက်ရာ . . . ဒေါ်ဇာက မဲ့ရွဲ့၍ ကော်ဖီတစ်ခွက်ဖျော်ပြီး မျက်နှာပြောင်ဟုံကဲလှသော မြို့ပိုင်မင်းထံသို့ ကော်ဖီခွက်ချရင်း

"ကျွန်မတူမကလေး ခေါင်းကိုက်နေရှာလို့ အိပ်ရာထဲဝင်ပြီး မှိန်းနေတယ်" ဟု ပြောလိုက်ရာ . . .

"ဒီလိုဆိုရင် ဒေါ်ဇာ ခေါ်လိုက်ရမလား" ဟု မြို့ပိုင်မင်းက ပြောလိုက်လေ၏။ ထိုအခါ ဒေါ်ဇာက . . .

"နေပါစေ မြို့ပိုင်မင်းရယ် ... နေပါစေ" ဟု ပြောလိုက်ရာ အိပ်ခန်းအတွင်းမှ ခင်မေရီက . . .

"ဒေါ်ဇာ" ဟု ခေါ်လိုက်ရာ . . . ဒေါ်ဇာ အိပ်ခန်းအတွင်းသို့ ကပျာကယာ ပြေး၍ဝင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မေရီသည် ဒေါ်ဇာအား တောက်တိုမည်ရအလုပ်များကို ဇယ်ဆက်သလို ခိုင်းထား၍ အိမ်ရှေ့သို့ ပြန်မထွက်နိုင်ပေ။ မြို့ပိုင်မင်းနောက်ပိုးမှာလည်း အိမ်ရှေ့တွင် တစ်ဦးတည်းထိုင်နေရလေ၏။ အတော်အတန်ကြာသောအခါ မျက်နှာရှူးမြို့ပိုင်မင်းက "ဒေါ်ဇာရေ ... ကျွန်တော်ပြန်ဦးမယ်" ဟု ပြောလိုက်ရာ-

"ဟုတ်ပါရဲ့ မြို့ပိုင်မင်းရယ် ... ဒီမှာ တော်တော်ကလေးနေမကောင်းနေလို့" ဟု ဒေါ်ဇာက ပြန်၍ပြောလေ၏။ ထိုအခါ မြို့ပိုင်မင်းလည်း အူကြောင်ကြောင်နှင့် ခင်မေရီတို့အိမ်မှ ဆင်းသွားရလေ၏။ လမ်းတစ်လမ်းလုံးလည်း မြို့ပိုင်မင်းစိတ်ထဲ၌ မကျေမနပ် ဖြစ်သွားလေ၏။

မြင်းလှည်းဂိတ်သို့ ရောက်သောအခါ အီဗရာဟင်ဆိုသော မြင်းလှည်းသမား၏မြင်းသည် မြို့ပိုင်မင်းအနီးသို့ ရောက်ခါမှ ရုတ်တရက် ပတတ်ရပ်လေ၏။ ထိုအခါ မြို့ပိုင်မင်းမှာ ကြောက်အားလန့်အားနှင့်ခုန်လိုက်ရာ ဗွက်ထဲသို့ ဗွမ်းခနဲကျလေတော့၏။

"ဟေ့ အီဗရာဟင်၊ မင်းမြင်းကဘာယ်လိုဖြစ်တာတုံး၊ ဖမ်းချုပ်လိုက်ရမလား" ဟု ပြောလိုက်ရာ အီဗရာဟင်က မြို့ပိုင်ကို ပြေး၍ထူပြီးလျှင် . . .

"မလုပ်ပါနဲ့ ဘုရားဆပ်ရယ် ... ဘုရားဆပ် လာတာမြင်လို့ ကျွန်တော့်မြင်းက ဆလံပေးတာပါ" ဟု တောင်းပန်လေ၏။

ဤသို့နှင့်ပင် မြို့ပိုင်မင်းသည် အူကြောင်ကြောင်နှင့် ၎င်း၏ ဘုံဗိမာန်သို့ ရောက်ရှိသွားလေတော့၏။ ထိုညကမူ အိပ်၍ မပျော်ခဲ့ကြောင်းကိုမူ အထူးတင်ပြရန် မလိုတော့ပေ။

၀-၀-၀



ခင်မေရီမှာမူ အချိန်ရတိုင်း ပင်လယ်ကမ်းခြေ ဂေါ်ရင်ကျီရွာကလေးသို့သွားကာ ၎င်း၏ချစ်သူ မောင်ရေချမ်းနှင့် အပျော်ကြီး ပျော်နေလေ၏။ ထိုသတင်းများမှာ မော်တော်သမားများမှ မြင်းလှည်းသမားများ၊ မြင်းလှည်းသမားများမှတစ်ဆင့် မြို့ပိုင်မင်း၏နားသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာလေ၏။

ထို့ကြောင့် မြို့ပိုင်မင်းသည် မြာတာမောင်ပုအား ခင်မေရီသွားရောက်သည့်နေရာသို့ နောက်ယောင်ခံ၍လိုက်ရန် တာဝန်ပေးလိုက်လေတော့၏။

မောင်ပုသည် ခင်မေရီအား ချောင်းမြောင်း၍ နောက်ယောင်ခံလိုက်ခဲ့ရာ တစ်နေ့တွင် မော်တော်နှင့် ပင်လယ်ဘက်သို့သွားရာ ၎င်းသည် ထိုမော်တော်နှင့် လိုက်ပါခဲ့လေ၏။

ထိုသို့လိုက်ပါပြီး နောက်တစ်နေ့တွင် မောင်ပုသည် ၎င်း၏ဆရာမြို့ပိုင်မင်းအား အောက်ပါအတိုင်း အစီရင်ခံလေတော့၏။

"ဆရာရေ ဆရာ့အမျိုးသမီးက ဟိုမှာ ကောင်တစ်ကောင်နဲ့ဖြစ်နေတာကိုး၊ သူ့အကောင်က ရေချမ်းလို့ ခေါ်တယ် ဆရာ၊ နှစ်ယောက်သား သောင်ပြင်မှာ လက်တွဲပြီး ပြေးလိုက်၊ လှေစီးလိုက်နဲ့ အကြည်ဆိုက်နေကြတာကိုး . . . အဲဒါကိုလဲ မြင်ရောဆရာ့ကိုမြင့်စေချင်လိုက်တာလေ၊ ဆရာ့ကိုသနားလိုက်တာဗျာ"

မြို့ပိုင်မင်းသည် မောင်ပု ပြောသည်ကို အလေးအနက်နားထောင်ပြီးနောက် . . .

"နေစမ်းပါဦးကွ ...အဲဒီရေချမ်းဆိုတဲ့ကောင်က ဘာအလုပ်လုပ်တာတုံး၊ အလုပ်မရှိရင်တော့ . . . ၁၀၉-၁၁၀ နဲ့ အွှထားရမယ်ကွ" ဟု ပြောလိုက်ရာ မောင်ပုက . . .

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကတော့ တံငါသည်ပေါ့ ဆရာရယ်၊ ဆရာ့နည်းက မကောင်းပါဘူး၊ ဆွဲထည့်ထားရင်လဲ နောက်ဆုံးမှာတော့ ပြန်လွှတ်ပေးရမှာပဲမဟုတ်လား"ဟုပြန်၍ပြောရာ မြို့ပိုင်မင်းက-

"ငါလဲ မကြံတတ်တော့ဘူးကွာ၊ မင်းပဲ အကြံပေးစမ်းပါဦး" ဟု မောင်ပုထံ အကြံဉာဏ်တောင်းရလေတော့၏။

"ဒါက လွယ်ပါတယ်ဆရာ" ဟုဆိုကာ မောင်ပုက မြို့ပိုင်မင်း အနီးသို့ တိုးတိုးကပ်၍ ပြောလေ၏။

"ဩော်... သိပြီ သိပြီ ...ဟိုနှစ်ကောင်မဟုတ်လား၊ ကုလားနဲ့ ဗိုလ်စိန်မဟုတ်လား၊ ပိပိရိရိဖြစ်မှ ကောင်းမှာကွ၊ အစပေါ်သွားတာနဲ့ ငါပါ အချုပ်ထဲ ရောက်သွားနိုင်တယ်" ဟု မြို့ပိုင်မင်းက ပြောလေ၏။

"စိတ်ချပါဆရာရယ်၊ ဒါပေမဲ့ အလကားခိုင်းလို့တော့ ဘယ်ကောင်းမလဲ . . . ငွေတစ်ရာစီလောက်တော့ လက်ဆောင်ကလေး ပေးဦးမှပေါ့" ဟု ပြောလိုက်ရာ မြို့ပိုင်မင်းက ငွေနှစ်ရာထုတ်ပေးလေ၏။ ထိုငွေနှစ်ရာမှာ မောင်ပု ကြားမှ ဖြတ်သုံးရန် ဖြစ်လေတော့သည်။

မောင်ပုသည် မြို့ပိုင်မင်းနှင့် သဘောတူညီချက်ရပြီးသည့်အခါ၌ ကုလားနှင့် ဗိုလ်စိန်တို့၏ အိမ်သို့သွားပြီး ၎င်းတို့၏ မိန်းမများကို ခေါ်ယူ၍ . . .

"နင်တို့ရဲ့ယောကျ်ားတွေကို လွှတ်အောင်လုပ်ပေးနိုင်တယ်၊ တစ်ခုတော့ရှိတာပေါ့၊ မြို့ပိုင်မင်းခိုင်းတာလဲ လုပ်ပေးလိုက်ကြ နောက်ပြီး တစ်ဦးကို ငွေတစ်ရာ့ငါးဆယ်လောက်စီ မြို့ပိုင်မင်းကို ကျေးဇူးသိတတ်ကြပေါ့ဟယ်" ဟု ပြောလိုက်ရာ ကုလားနှင့် ဗိုလ်စိန်တို့၏ မိန်းမများလည်း ရှိစုမဲ့စုလေး ရောင်းကြလေ၏။ နားကပ်နှင့် နားဆွဲလေးများ ပေါင်ကြလေ၏။



ထိုငွေများမှာလည်း မြို့ပိုင်မင်းထံသို့ ရောက်မည်မဟုတ်၊ ကြားမှ မောင်ပုအတွက် ဖြစ်သွားလေတော့၏။ အိပ်ချက်နှစ်ယောက်မှာလည်း မြို့ပိုင်မင်းတစ်မိန့်နှင့်လွှတ်သွားကြလေ၏။ နှစ်ယောက်မှာလည်း မောင်ပုအား အလွန်လေးစားသွားလေတော့၏။

"ကဲ ... ဆရာရေ၊ ဘီလူးနဲ့ ကုမ္ဘဏ်တော့ ခေါ်လာခဲ့ပြီ၊ ဆရာ ခိုင်းချင်ရာခိုင်း၊ လောကကြီးမှာ ဆရာစေချင်ရာစေ၊ လောကကြီးမှာ ဆရာ မမြင်ချင်တဲ့သူကို တစ်ခါတည်းထုတ်ခိုင်းခိုင်း ရပါတယ်"ဟု မောင်ပုက ပြောလိုက်လေ၏။ ရာဇဝင်လူဆိုးနှစ်ဦးမှာလည်း ကြမ်းပြင်ပေါ် ကျုံ့ကျုံ့ယုံ့ယုံ့လေး ထိုင်နေကြရလေ၏။ ထိုအခါ မြို့ပိုင်မင်းက . . .

"ဟိုပင်လယ်စပ်မှာ ဆရာ မမြင်ချင်တဲ့ကောင် တစ်ကောင် ရောက်နေတယ်၊ အဲဒါကို မင်းတို့ သွားရှင်းဖို့ပဲ၊ ပုလိပ်ဘက်က သေကာဖြစ်ရင်လဲ ဆရာ ကြည့်ပြီး ကာကွယ်ပေးမယ်" ဟု ပြောလိုက်ရာ ရာဇဝင်လူဆိုးနှစ်ဦးက . . .

"ဆရာ တာဝန်ယူရင် ကျွန်တော်တို့အနေနဲ့ မလုပ်ဝံ့စရာ မရှိပါဘူး" ဟု ကတိပေးလိုက်ကြလေတော့၏။ ထို့နောက်တွင်ကား မောင်ပုသည် လူဆိုးနှစ်ဦးကို ခေါ်သွားပြီးလျှင် ရေချမ်းအား ညွှန်ပြလေတော့၏။ လူဆိုးနှစ်ဦးလည်း ရေချမ်းကိုကြည့်၍ မှတ်သားပြီးနောက် ပြန်ခဲ့လေ၏။ တစ်ရက်နှစ်ရက်ခန့်ကြာသော အခါ၌ လူဆိုးနှစ်ဦးသည် ညသန်းခေါင်၌ လှေတစ်စီးကို ယူပြီးလျှင် ထိုပင်လယ်ကမ်းစပ်သို့ သွားရောက်ပြီး ရေချမ်းကို ချောင်းမြောင်းလေတော့၏။ ထိုညက လသာသောညဖြစ်သဖြင့် ရေချမ်းသည် အိပ်၍မပျော်သောကြောင့် သောင်ပြင်တွင် ထွက်၍ ထိုင်ကာ ခင်မေရီ နှင့် မိမိ ချစ်ကြည်နူးခဲ့ပုံများကို ပြန်လည် တွေးတောနေမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ လူဆိုးနှစ်ဦးသည် နောက်မှနေ၍ ရေချမ်း၏ ဦးခေါင်းကို "ခွပ်ခနဲ၊ ခွပ်ခနဲ" တစ်ယောက်တစ်ချက်စီ ရိုက်ချ လိုက်ရာ ရေချမ်း၏ဦးခေါင်းမှ သွေးများ ဖြာထွက်လာပြီး လဲကျ သွားလေတော့၏။ လူဆိုးတစ်ဦးသည် ရေချမ်း၏ရင်ဘတ်ကို လက်ဖြင့်စမ်းလိုက်ပြီးနောက် သူ၏အဖော်အား . . .

"သွားပြီကွ ... သေပြီ၊ ကဲ ... လှေပေါ်တင်ပြီးသွားပစ်ကြရ အောင်ကွာ" ဟု ဆိုကာ ရေချမ်း၏ကိုယ်ကြီးကို မ,ကာ လှေပေါ် သို့တင်၍ လှော်ခတ်သွားကြလေတော့၏။

အတော်အတန် ရေနက်ပိုင်းသို့ သွားပြီးနောက် ရေချမ်း အား လှေပေါ်မှ နှစ်ယောက် မ,၍ ပစ်ချပြီးလျှင် ပြန်လာခဲ့ကြ လေတော့၏။ ထို့နောက် ၎င်းတို့သည် မောင်ပုကို သွားရောက်၍ ရှာဖွေကာ မိမိတို့လုပ်ကိုင်ခဲ့ပုံများကို အသေးစိတ်ပြောပြလေ၏။

ထိုအခါ မောင်ပုက . . .

"သူငယ်ချင်းတို့ ...မင်းတို့ကောင်းကောင်းနေကြ၊ ပေါ်သွား တာနဲ့ ကြိုးစင်တက်ရမယ်၊ ဒီကိစ္စကိုသိတာ . . . ငါနဲ့ မြို့ပိုင်မင်း နှစ်ယောက်ပဲရှိတယ်၊ ရှင်းရှင်းပြောမယ်ကွာ၊ မင်းတို့နှစ်ယောက် ရဲ့အသက်ဟာ ငါ့လက်ထဲမှာပဲရှိနေတယ်၊ ဒါပဲ ...သွားကြတော့" ဟု ပြောလိုက်လေ၏။

လူဆိုးနှစ်ဦးလည်း အောင့်သက်သက်နှင့် ပြန်၍ သွားကြ လေတော့၏။ မောင်ပုသည် ၎င်း၏ဆရာ မြို့ပိုင်မင်းထံသို့သွား၍

"ကိစ္စတော့ပြီးပြီ ဆရာရေ . . . စိတ်ချမ်းသာ လက်ချမ်းသာ နေပေတော့" ဟု ပြောလေတော့၏။ ထိုအခါ မြို့ပိုင်မင်းက. . .

"တပည့်ကြီး မောင်ပု တော်ပါပေ့ကွာ၊ ရော့ ... စီးကရက် သောက်ပါဦးကွ" ဟု ဆိုကာ စီးကရက်ဘူးကို လှမ်းပေး လိုက်လေ၏။



ပြာတာ မောင်ပုမှာလည်း မြို့ပိုင်မင်း၏ စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို နှိုက်ယူ၍ သောက်ခွင့်ရသည့်အဖြစ်ကို တယ်ထူးတဲ့ ငါပါလား ဟု စိတ်ကြီးဝင်နေလေတော့၏။

ထိုအဖြစ်အပျက်ဖြစ်ပြီး နောက်တစ်နေ့၌ပင် ခင်မေရီသည် ရေချမ်းရှိရာသို့ သွားရှာလေတော့၏။ သို့ရာတွင် ဂေါ်ရင်ကျီ အဘိုးကြီး၊ အဘွားကြီး လင်မယားက ရေချမ်းပျောက်ဆုံးသွား ကြောင်း၊ ညက သူ ထိုင်ခဲ့သောနေရာ၌ သွေးကွက်များတွေ့ ကြောင်း၊ အခြားလူများ၏ခြေရာများလည်းတွေ့ကြောင်း၊ မိမိတို့ အနေနှင့်လည်း လှေတစ်စီးနှင့် တစ်နေကုန်ရှာဖွေပြီးဖြစ်ကြောင်း တို့ ငိုယို၍ ပြောကြလေ၏။

ခင်မေရီသည် ရေချမ်းထိုင်ခဲ့သောနေရာကို ပြခိုင်းပြီးလျှင် သည်းထန်စွာ ငိုကြွေးလေတော့၏။

"အစ်ကိုရေချမ်းတော့သေရှာပါပြီ" ဟုပြောဆိုကာ ကြိတ်မနိုင် ခဲမရ ရှိုက်၍ရှိုက်၍ ငိုလေတော့၏။ ထို့နောက် အဘိုးကြီး အဘွားကြီးအား ပိုက်ဆံများ ပေးလေ၏။ သတင်းကြားရလျှင် လာရောက်ပြောရန်လည်း လိပ်စာများ ပေး၏။ ထို့နောက် ဝမ်းနည်းကြေကွဲစွာနှင့်ပင် ပြန်ခဲ့လေတော့၏။ အိမ်သို့ရောက် လျှင် အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို အခန့်သား ဖတ်၍နေ သော မြို့ပိုင်မင်းက - "အလို ခင်မေရီ ဘယ်ကပြန်လာတာတုံး" ဟု မေးလိုက်ရာ ခင်မေရီက . . .

"ဘယ်ကပြန်ပြန် ... ရှင့်အပူ တစ်ပြားသားပါသလား၊ ရှင့်ကို ဘယ်သူက ဖိတ်မန္တကပြုလို့ ဒီမှာလာထိုင်နေရတာလဲ၊ ရှင် မရှက် ဘူးလား" ဟု ပြောရာ ယောကျ်ားညံ့ ယောကျ်ားဖျင်းဖြစ်သော မြို့ပိုင်မင်း နောက်ပိုးရှုးကြီးသည် တဟဲဟဲရယ်လျက် . . .

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစကားဝုံ ရှိသားပဲကွယ်၊ ကြိုးကော်မရှက် ဆိုတာလေ၊ ဪ ... ဒါနဲ့ မျက်လုံးတွေလဲနီပြီး ဘယ်လိုဖြစ်လာတာလဲ" ဟု မေးလိုက်ရာ ခင်မေရီက . . .

"ဘယ်လို ဖြစ်လာလာ၊ ရှင့်အပူ တစ်ပြားသားမှ မပါဘူး ရှင် အခုထွက်သွားစမ်းပါ" ဟု ပြတ်ပြတ်သားသားပြောသော် လည်း မြို့ပိုင်မင်းသည် မျက်နှာပြောင်တိုက်လျက် ထိုင်နေသော ကြောင့် ခင်မေရီသည် . . .

"အခုဂါတ်ကိုသွားမယ်၊ ပြီးတော့ဝတ်လုံတော်ရဦးအုန်းသန်း ကို သွားခေါ်ပြီး ရှင့်ကို အိမ်ပေါ်က ဆွဲချမယ်" ဟု ပြောလိုက်ရာ မြို့ပိုင်မင်းသည် ဖင်ကို သံချွန်နှင့်ထိုးလိုက်သည့်အလား ဆတ်ခနဲ ထလိုက်လေ၏။ အဘယ်ကြောင့်ဆိုသော် ...မြို့ပိုင်မင်းသည် ဝတ်လုံတော်ရ ဦးအုန်းသန်းအား လွန်စွာ လန့်ရသောကြောင့် ဖြစ်၏။ အဘယ်ကြောင့် လန့်ရသနည်း ဆိုပါမူ သခင်နှစ်ဦးအား မတရားဖမ်းဆီးသောကိစ္စနှင့်ပတ်သက်၍ ဝတ်လုံတော်ရမင်း နှင့် မြို့ပိုင်မင်းတို့သည် အချေအတင် စကားများခဲ့ဖူးလေ၏။

ထိုစဉ်က ဝတ်လုံတော်ရမင်းက "ကျားနဲ့ဆင် လယ်ပြင်ကျ တော့ တွေ့တာပေါ့ဗျာ" ဟု ကြိမ်းထားသောကြောင့် မြို့ပိုင်မင်း သည် ဝတ်လုံတော်ရမင်းအား ရင်မဆိုင်ရဲဘဲ ထ၍ပြန်သွားရခြင်း ဖြစ်၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ငါးရက်မျှကြာ သောအခါ မောင်ပုသည် ရုံး၌ အရက်များသောက်ပြီး မူးယစ် ရမ်းကားလေတော့၏။

ထိုအခါ အခြားသောရုံးသူရုံးသားများက တိုင်တန်းသော ကြောင့် မောင်ပုအား ခေါ်ယူ၍ . . .



"ဟေ့ကောင် မောင်ပု၊ မင်းက ဘယ်လိုအချိုး ချိုးတာလဲ၊ အလုပ်ပြုတ်သွားချင်လို့လား" ဟုကြိမ်းမောင်းလိုက်ရာ မောင်ပုက

"ခင်ဗျား ကျုပ်ကို အလုပ်ဖြုတ်ဝံ့လို့လား၊ ကျုပ်ကို အလုပ် ဖြုတ်တဲ့နေ့ဟာ ခင်ဗျားလည်ပင်းကို ကြိုးကွင်းစွပ်တဲ့နေ့ပဲ ... ဟဲ ဟဲ ဟဲ ... ကြုံလို့ ပြောလိုက်ဦးမယ်၊ ခင်ဗျားလဲ ခင်မေရီကို ရအောင်ယူ၊ ကျုပ်လဲ မိန်းမယူမယ်၊ ကျုပ် ယူတဲ့ မိန်းမကိုလဲ ခင်ဗျားပဲပြောခိုင်းရမယ်၊ တခြားတော့မဟုတ်ဘူး၊ ဟိုတစ်နေ့က မှုကိုလာတဲ့ ခင်ဗျားတူမကို ကျုပ်ယူချင်တယ်၊ အဲဒါကို မရရင်လဲ ခင်ဗျားရဲ့ လည်ပင်းမှာ ကြိုးကွင်းကြီး စွပ်ပြီးသားပဲ၊ ငယ်ငယ် ရွယ်ရွယ်နဲ့ မသေချင်ပါနဲ့ဗျာ၊ ခင်မေရီနဲ့ လက်ထပ်ပြီး မင်္ဂလာ ဆောင်သွားစမ်းပါဦး" ဟုပြောလိုက်ရာ မြို့ပိုင်မင်းသည် လွန်စွာ တုန်လှုပ်၍ သွားလေတော့၏။

ထို့ကြောင့် မောင်ပုအား ဆက်လက်ကြိမ်းမောင်းခြင်း မပြု ဘဲ ငူငူကြီး ထိုင်နေလေတော့၏။ ထိုအခါ မောင်ပုက . . .

"ဘယ်လိုလဲ လူကြီးမင်း ... တူမတစ်ယောက် ပြာတာနဲ့ ညားတာ အကြောင်းမဟုတ်ဘူးနော်၊ ကိုယ့်လည်ပင်းက အဆစ် ကြီး ပြုတ်သွားတာက အကြောင်းဗျ ... ခင်ဗျားလဲ ကောလိပ် ကျောင်းထွက် ပညာတတ်တစ်ယောက်ပဲဗျာ၊ ဒီလောက်တော့ ဦးစားတတ်မှာပေါ့ . . .

ကဲ ... ကျုပ်သွားမယ်၊ နောက်တစ်ခါ ကျုပ်ကို ခေါ်ပြီး ဆူလားကြိမ်းလား မလုပ်နဲ့၊ အဲဒီကုလားထိုင်မှာ ထိုင်နေရတာ ဟာ ကျုပ်ကောင်းလို့ ခင်ဗျား ထိုင်နေရတာယ်မှတ်၊ ခင်ဗျား အကြောင်ကြောင်လုပ်တာနဲ့ ဝတ်လုံတော်ရမင်း ဦးအုန်းသန်းကို အဲဒီအကြောင်းတွေ သွားပြောလိုက်မယ် . . . ဒီလောက်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား သိရောပေါ့ဗျာ” ဟု ပြောလိုက်ရာ မြို့ပိုင်မင်းသည် လွန်စွာစိတ်မချမ်းမသာ ဖြစ်၍သွားလေတော့၏။

ထိုနေ့မှစ၍ . . . ယောက်ျားဖျင်း ယောက်ျားညံ့ဖြစ်သော မြို့ပိုင်မင်းသည် ၎င်း၏ပြာတာမောင်ပု၏တပည့်ကြီး စင်စစ် ဖြစ်၍ သွားလေတော့သတည်း။

* * * *

## ဂန်ဂရား ပြန်ရောက်လာခြင်း

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ဂန်ဂရား လိုက်ပါသွားသော တုံကင်းကြီးလည်း ပြန်လည်ရောက်ရှိလာလေတော့၏။ ရောက်လျှင်ရောက်ချင်း ဂန်ဂရားသည် ရေချမ်းကိုထားခဲ့သော တဲဆီသို့ ပြေးသွားလေ၏။

ထိုတဲမှ ဂေါ်ရင်ဂျီ အဘိုးကြီး အဘွားကြီးက ဂန်ဂရားကို တွေ့လျှင် ငိုယို၍ ရေချမ်း၏အဖြစ်အပျက်ကိုပြောပြကြလေ၏။ ထိုအခါ ဂန်ဂရားလည်း သည်းထန်စွာ ငိုကြွေးလေတော့၏။ ထိုသို့ ငိုကြွေးနေစဉ် ဂေါ်ရင်ဂျီ အဘိုးကြီးက ဂေါ်ရင်ဂျီသီချင်း တစ်ပုဒ်ကို ငိုလျက် ဆိုလေ၏။ ထိုသီချင်း၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်လေ၏။

> ကံဆိုးမြင်းဟာ နတ်ကြိုးမနိုင်ဘဲ အမြဲလာပါတယ်။ အဲဒီလိုပဲ ကံကောင်းမြင်းဟာလဲ နတ်ကြိုးမနိုင်ဘဲ လာလေ့ရှိပါတယ်။ ကံဆိုးမြင်းဆိုတဲ့အရာမှာ ခြေထောက်လဲ မရှိပါဘူးကွယ်။ ဒါပေမဲ့ လူ့ဆီကို သူဟာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင်လာနိုင်တယ်။
>
> သူ့မှာ ဦးခေါင်းလဲ မရှိပါဘူးကွယ်။ ဒါပေမဲ့ ဒုက္ခရောက်မယ့်လူကို သူက ကောင်းကောင်းကြီး မှတ်သားထားနိုင်တယ်။



> ကံဆိုးမြင်းမှာ အထူးကိုယ်ခန္ဓာ မရှိပါဘဲလျက် အထူးကိုယ်ခန္ဓာ ရှိတဲ့လူကို ဒုက္ခရောက်အောင် လုပ်နိုင်ပါပေတယ်။ ဒါပေမဲ့ သူ့ကိုနိုင်တဲ့အရာတော့ ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ပညာဉာဏ်ပါကွယ်။ ပညာဉာဏ်ဟာ ကံဆိုးမြင်းကို မခေါ်မပြောဘဲ နေတယ်။ အသိအမှတ်မပြုဘဲနေတယ်။ ဒါကြောင့် ကံဆိုးမြင်းဟာ အားငယ်ပြီး ထွက်ပြေးရှာတယ်။

ဂေါ်ရင်ဂျီအဘိုးကြီး ဆိုပြီးနောက် ဂန်ဂရားကလည်း ငိုယိုလျက် အောက်ပါအဓိပ္ပာယ်ရသော သီချင်းကို ဆိုပြန်လေ၏။ ဂန်ဂရားဆိုသော သီချင်း၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

> ကံကောင်းမြင်းဟာလဲ အမျက်ဒေါသထွက်လွယ်တဲ့ အကြမ်းဖက်သမားလိုပဲ၊ သူလာချင်ပြီဆိုရင် တံခါးပိတ်ထားလို့မရပါဘူး။ တံခါးကိုချိုးပြီး အတင်းဝင်လာမှာပဲ။

ဤသို့လျှင် တစ်ယောက်တစ်လှည့် စကားပြောကြ၊ သီချင်းဆိုကြ လုပ်နေစဉ်၌ပင် နေဝင်သွားလေတော့၏။ ထို့နောက် ၎င်းတို့သည် ထမင်းစားကြလေ၏။ ၎င်းတို့ ထမင်းစားချိန်၌မှာပင် မှန်အိမ်တစ်လုံး ကိုင်ထားသော လူတစ်ယောက်သည် လာ၍ရပ်လေ၏။ ၎င်း၏ပခုံးပေါ်၌လည်း ခိုကလေးတစ်ကောင်နား၍နေလေ၏။ ဂန်ဂရားသည် ထိုသူကိုမြင်လျှင် ထ၍ခုန်လေ၏။

“ကိုသေတ္တာ” ဟု အလန့်တကြားအော်လေ၏။

ထို့နောက် ဂန်ဂရားသည် ထို ကိုသေတ္တာဆိုသူအား ပြေး၍ ဖက်လေ၏။ ထိုသို့ဖက်ပြီးနောက် “ခင်ဗျား ဘယ်ကို ရောက်နေတာလဲဗျ၊ ပြောစမ်းပါဦး” ဟု မေးလိုက်ရာ ကိုသေတ္တာဆိုသူက “ဘယ်ကိုရောက်ရမှာလဲကွ၊ ပင်လယ်အနှံ့ အပြား ရွက်လှေကြီး တစ်စင်းနဲ့ မားပြလှေ့ျာက်တိုက်နေတာ၊ မင်းဆီကခိုကလေး ငါ့ဆီရောက်လာတဲ့နေ့မှာ ငါလဲ ငါ့တပည့်တွေကို ပစ္စည်းတွေ

www.burmeseclassic.com



ဝေခြမ်းပေးလိုက်တယ်၊ ငါ့ရဲ့ရွက်လှေကြီးပါ ပေးလိုက်တယ်၊ နောက်ပြီး သိဟိုဠ်ကျွန်းကိုသွားပြီး ဆရာကိုမိုးသီးကို အကြောင်းကြားဖို့ လူကြုံပါးလိုက်ရသေးတယ်၊ ပြီးတော့မြကျွန်းသာဆိုတဲ့ ကျွန်းကလေးတစ်ကျွန်းပေါ်မှာ မျှောက်သုံးကောင်လို့ သူတို့ဟာ သူတို့ အမည်ပေးထားတဲ့ ဝရမ်းပြေးသုံးယောက်ရှိတယ်၊ အဲဒီ ဝရမ်းပြေးသုံးယောက်ဆီမှာလဲ တစ်သက်တစ်ကျွန်းကနေ ထွက်ပြေးတဲ့ ဆရာကြီးပရော်ဖက်ဆာဆိတ်ဖွားဆိုတာလဲရောက်နေပြီ၊ သူတို့ဆီကိုလဲ အကြောင်းကြားလိုက်ပြီ၊ သူတို့လဲ ရောက်လာကြလိမ့်မယ်၊ မင်းစာထဲမှာက အလွန်အရေးကြီးတယ်၊ လာပါဆိုတဲ့ သင်္ကေတလောက်ပဲ ငါကတွေ့တယ်၊ ဘယ်လိုအရေးကြီးတာလဲ ပြောစမ်းပါဦး" ဟု မေးလိုက်လေ၏။

"ပြောပါ့မယ်ဗျာ၊ အခု ခင်ဗျား ဒီကို ဘာနဲ့လာတာလဲ" ဟု ဂန်ဂရားက မေးလိုက်လေ၏။

"ငါ့ကောင်တွေက ငါ့ကိုလိုက်ပို့တာ၊ ဒါပေမဲ့ ဒီအနားမှာ ကျောက်ဆောင်တွေသိပ်များလို့ ကပ်မရဘူး၊ လှေတစ်စင်းချပေးလို့ လှေနဲ့လာရတာ . . . ငါ့ကောင်တွေတော့ ရွက်လှေကြီးနဲ့ ထွက်သွားပြီလေကွာ" ဟု သေဋ္ဌာဆိုသူက ပြောလေ၏။

"ဒါနဲ့ နေပါဦး ကိုသေဋ္ဌာရယ် ... ဆရာကိုမိုးသီးကိုရော သေသေချာချာ အကြောင်းကြားခဲ့သလား" ဟု ဂန်ဂရားက မေးလိုက်လေ၏။

"သေချာပါတယ်ကွာ ... ငါ သိဟိုဠ်ကျွန်းနားကိုရောက်တော့ သင်္ဘောတစ်စင်းနဲ့ တွေ့တယ်ကွ . . . သင်္ဘောကလဲ ကိုယ်ပိုင်သင်္ဘောပဲ၊ သူတို့တပ်ထားတဲ့အလံကလဲ 'လက်ညှိုးတစ်ချောင်းထောင်' တံဆိပ်နဲ့ အလံကြီးကွ၊ အဲဒါနဲ့ ငါတို့လဲ ဘာသင်္ဘောမှန်း



မသိတာနဲ့ အတင်းဝင်တိုက်ခိုက်ပြီး . . . အဲဒီသင်္ဘောပေါ်ကို တက်ကြတယ်၊ ထူးဆန်းတယ်ကွ . . . အဲဒီသင်္ဘောပေါ်မှာ ဗေဒင်ဆရာတွေချည်းပဲပါလာတယ်၊ ဦးစီးခေါင်းဆောင်ကတော့ ဝေဒမောင်မောင် ဆိုတဲ့လူကွ၊ အဲဒီအထဲမှာ ငါနဲ့သိကျွမ်းဖူးတဲ့ ဘိန်းစားဘွန်ပေါင်းဆိုတဲ့ တရုတ်လဲ ပါလာတယ်၊ သူတို့လူစုလဲ မဆိုးဘူးကွ၊ တောင်သမုဒ္ဒရာထဲက ရှာရခက်တဲ့ ကျွန်းတစ်ကျွန်းကို မရရအောင်ရှာပြီး ဟိုး အန္တလန်တာ ဆိုတဲ့ခေတ်က ဗေဒင်ကျမ်းစာတွေကို သွားပြီးရှာကြတာဆိုပဲ၊ ရခဲ့တယ်တဲ့ကွ၊ ဒါပေမဲ့ ငါတို့နဲ့တိုက်ပွဲဖြစ်စဉ်မှာပဲ အဲဒီ ဝေဒမောင်မောင်ဆိုတဲ့ ဆရာကြီးက . . . ကျမ်းစာထုပ်တွေကို ပင်လယ်ထဲ ပစ်ချလိုက်တာ ငါကိုယ်တိုင် တွေ့ခဲ့ရတယ်ကွ၊ ဒါတွေထားလိုက်ပါတော့ကွာ ... အဲဒီ ဘွန်ပေါင်းဆိုတဲ့ကောင်ကို ငါတို့သင်္ဘောပေါ်ကို ပြောင်းတင်ပြီး သိဟိုဠ်ကျွန်းနားအထိ ခေါ်သွားတယ်၊ ငါတို့သင်္ဘောက ပင်လယ်ဓားပြဆိုတော့ သိဟိုဠ်ကျွန်းဆိပ်ကမ်းမှာ ကပ်လို့မဖြစ်တာနဲ့ ဘွန်ပေါင်းကို သင်္ဘောပေါ်ကချပေးပြီး ...တံငါလှေတစ်စင်းနဲ့ ကိုမိုးသီးဆီကို လွှတ်လိုက်တယ်ကွ" ဟု သေဋ္ဌာဆိုသူက ပြောလိုက်လေ၏။

ထိုအခါ ဂန်ဂရားက . . .

"ကိစ္စက ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး . . . ရေချမ်းဆိုတဲ့ သနားစရာကောင်လေးရဲ့ ကိစ္စပါ၊ သူ့ကို အုပ်စု၊ ဒါမှမဟုတ် အဖွဲ့ကြီးတစ်ဖွဲ့က လိုက်ပြီး ဒုက္ခပေးနေတယ်။ အဲဒီအဖွဲ့ကလဲ တခြားအဖွဲ့မဟုတ်ဘူးဗျ၊ ကိုမိုးသီးတို့နဲ့ ရင်ဆိုင်ခဲ့တဲ့ ဦးမောင်လေးတို့ရဲ့ အဆက်အနွယ်တွေပဲ၊ ကောင်လေးခမျာ သနားပါတယ်ဗျာ . . . ဒီအဖွဲ့ရဲ့ အန္တရာယ်က ဘယ်နည်းနဲ့မှ လွတ်မှာ

www.burmeseclassic.com



မဟုတ်ဘူး။ ဒါကြောင့် . . . ကောင်လေးကိုကယ်ဖို့ ခင်ဗျားကို အကြောင်းကြားလိုက်တာပဲ၊ ခင်ဗျားကို အကြောင်းကြားလိုက်တယ် ဆိုရင် . . . ဆရာကိုမိုးသီးတို့၊ ဆရာကိုဆိတ်ဖွားတို့ဆီ ရောက်မယ်ဆိုတာ သိတယ်”ဟု ဂန်ဂရားက ရေချမ်းတို့ဖြစ်ပျက်ပုံအား လုံးစေ့ပတ်စေ့ ကိုသေတ္တာအား ပြောပြလေတော့၏။

သေတ္တာလည်း စိတ်ဝင်စားစွာ နားထောင်နေပြီးနောက်-

“ဂန်ဂရားရယ် ... ဒီလိုဆိုရင် မင်းကောင်လေး သေတယ် ရှင်တယ်ဆိုတာလဲ မင်းမပြောနိုင်ဘူးပေါ့၊ သူ့ကို ဘယ်ကောင်တွေ လာပြီး ရန်ရှာသွားတယ်ဆိုတာလဲ မင်းမသိဘူးပေါ့” ဟု မေးလိုက်ရာ ဂန်ဂရားက . . .

“အစစ်ပေါ့ဗျာ၊ ကျုပ်လဲဒီနေ့ရာကိုဒီနေ့ညမှရောက်လာတာ အဲဒီတော့ ဘာမှကို မပြောနိုင်ဘူး” ဟု ပြောလိုက်လေ၏။

ထိုအခါ သေတ္တာသည် မှန်အိမ်ကိုမြှောက်၍ ဘေးဘယ်ညာသို့ ကြည့်လိုက်ပြီးလျှင် . . .

“ဒီအိမ်မှာငါတစ်ညတည်းမယ်၊ ဖြစ်မလား” ဟုမေးလိုက်ရာ ဂန်ဂရားက . . .

“ဖြစ်ပါတယ်” ဟု ဆိုလိုက်သည့်အချိန်မှာပင် သေတ္တာသည် မီးအိမ်ကိုချ၍ ကြိုးခုတင်တစ်လုံးပေါ်၌ ကိုယ်ကို ဝုန်းခနဲ ပစ်ချလိုက်ပြီးလျှင် အိပ်စက်သွားလေတော့၏။

နောက်တစ်နေ့တွင် သေတ္တာသည် ခင်မေရီကို စုံစမ်းလေတော့၏။

သို့ရာတွင် ခင်မေရီသည် ထိုမြို့နှင့် ထိုဒေသကြီးကို စိတ်အနာကြီး နာသွား၏။ သို့တည်းမဟုတ် လူယုတ်မာ မြို့ပိုင်ကြီးကို ထပ်မံ၍ မျက်နှာချင်းဆိုင်လိုစိတ်များမရှိ ဖြစ်သွား၏။



ထို့ကြောင့် ဈေးထဲမှဆိုင်ကိုရောင်းပစ်လိုက်လေ၏။ ပြီးလျှင် တိုက်ကြီးမြို့သို့ပြောင်းရွှေ့ကာ နေထိုင်မည်ဟု ခင်မေရီနေခဲ့သော အိမ်အနီးမှ အိမ်နီးချင်းများအားပြောပြခဲ့၏။ သို့ရာတွင် ၎င်းတို့မှာမူ တိုက်ကြီးမြို့ဟုသာ ပြောနိုင်ပြီး မည်သည့်လမ်း၊ မည်သည့်ရပ်ကွက်ဟူ၍ ပြောမပြနိုင်ပေ။ ထို့ကြောင့် သေတ္တာက ဂန်ဂရားအား . . .

“မျှော်လင့်ချက် ချည်မျှင်ကလေးက လွတ်သွားပြန်ပြီကွ၊ မင်းပြောတဲ့ ရေချမ်းဆိုတဲ့ ကောင်ကလေးနဲ့ မေတ္တာရှိခဲ့ပါတယ် ဆိုတဲ့ ခင်မေရီ ဆိုတဲ့ ကောင်မလေးကို ငါသွားပြီး စုံစမ်းတယ်၊ ဒါပေမဲ့ နေရပ်လိပ်စာက အတိအကျရခဲ့တာ မဟုတ်ဘူး၊ ဒီလိုပဲ စုံစမ်းရမှာပေါ့ကွာ၊ ခင်မေရီကိုတွေ့မှ ရေချမ်း ဘာကြောင့် အသတ်ခံရတယ်ဆိုတာ စဉ်းစားလို့ရမှာကွ၊ အဲဒီတော့ ခင်မေရီကို မတွေ့လို့တော့မဖြစ်ဘူး၊ ငါလိုက်သွားမယ်” ဟု ပြောရာ ဂန်ဂရားက “လိုက်သွားတာကတော့ ဟုတ်ပါပြီ၊ ခင်ဗျားမှာ ငွေရေးကြေးရေးလုံလုံလောက်လောက်ပါရဲ့လား” ဟု မေးလိုက်လေ၏။

“ပင်လယ်စားပြလုပ်လို့ရတဲ့ ပစ္စည်းတွေကတော့ ငါ့ကောင်တွေကို အကုန်လုံးဝေပေးလိုက်ပြီ၊ ငါ့မှာ ဘယ်ပါမလဲကွာ ... ငါ့မှာတော့ တစ်ဆယ့်နှစ်ကျပ်လောက်ရှိတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူးကွာ၊ ငါ ငွေလုပ်တတ်ပါတယ်” ဟု သေတ္တာက ပြောရာ ဂန်ဂရားက . . .

“ဘယ်လိုငွေလုပ်တတ်တာလဲ ကိုသေတ္တာရဲ့” ဟု မေးလိုက်လေ၏။ သေတ္တာသည် ၎င်း၏ကိုယ်တွင် ဝှက်ထားသော ခြောက်လုံးပြူးကို ထုတ်ပြရင်း ပြုံးလိုက်လေတော့၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ကပျာရှုတ်သော အဘိုးအိုနှင့် ကားလမ်းစားပြ

လသာသော တစ်ညသည်၌ ရန်ကုန်မှ ဥက္ကံ-သုံးဆယ်ဘက်သို့ သွားသော ဘတ်စ်ကား တစ်စီးသည် မှော်ဘီမြို့ အလွန်၌ ရုတ်တရက် စက်ချွတ်ယွင်း၍ ရပ်သွားလေတော့၏။ ထိုအခါ ဒရိုင်ဘာက ၎င်း၏စပယ်ယာအား . . .

"ဂျမ်းတုံးခုကွာ" ဟု ပြောလိုက်ရာ စပယ်ယာက ဂျမ်းတုံး မခုသေးဘဲ ဒရိုင်ဘာအား . . .

"ဟိုနေရာကပဲ ပျက်ပြန်ပြီလားဆရာ" ဟု မေးလိုက်လေ၏။ ထိုအခါ ဒရိုင်ဘာက . . .

"ဘယ်နေရာက ဘာပျက်မှန်းမသိပါဘူး ငတိုးရယ်၊ ဂျမ်းတုံးသာ ခုစမ်းပါ" ဟု ခပ်ငေါ့ငေါ့ပြောလိုက်လေ၏။ ထိုအခါ ငတိုးဟု ခေါ်သော စပယ်ယာက . . .

"ကြာမလား ဆရာ" ဟု မေးလိုက်၏။

"မင်းကလဲ တော်တော်အမေးအမြန်းထူတဲ့ကောင်ပဲကွာ" ဟု ဒရိုင်ဘာက ငတိုးအား ငေါက်လိုက်လေတော့၏။

ထိုအခါ ရှေ့ဆုံးထိုင်ခုံတွင်ထိုင်၍ တစ်လမ်းလုံး အိပ်လာသည့် အသက်သုံးဆယ်ကျော် အရွယ်ခန့်ရှိ ဈေးသည်တစ်ဦးက ကိုယ်ကိုမတ်လိုက်ပြီးလျှင် မျက်စိများကို ပွတ်လိုက်လေ၏။



ထိုသို့ပွတ်ပြီးနောက် . . .

"ကားပျက်သွားပြီလား" ဟု စပယ်ယာတိုးအား မေးလိုက်လေ၏။ စပယ်ယာတိုးကလည်း . . .

"ပျက်သွားပြီဗျ" ဟု ပြန်၍ဖြေလေ၏။ ထိုအခါခရီးသည်က

"အခု ဘယ်နေရာရောက်နေပြီလဲ" ဟု မေးလိုက်လေ၏။

"မှော်ဘီနဲ့ တိုက်ကြီးကြားကို ရောက်နေပြီ" ဟု ငတိုးက ဖြေလေ၏။ ထိုအချိန်၌မှာပင် မော်တော်ကားပေါ်မှ ခရီးသည်များသည် အညောင်းအညာ ဆန့်ရန်အတွက် လည်းကောင်း၊ အပေါ့အပါးသွားရန်အတွက်လည်းကောင်း ကားပေါ်မှ ဆင်းကြလေ၏။

စောစောက ခရီးသည်သည် ဆေးလိပ်ကိုထုတ်၍မီးညှိရင်း စပယ်ယာ ငတိုးအား . . .

"အခု ကားပျက်နေတဲ့နေရာနဲ့ ရွာနဲ့ အတော်ဝေးသလား" ဟု မေးလိုက်လေ၏။

"ဝေးတယ်ဗျ ... ခင်ဗျား ဘာလုပ်မလို့တုံး" ဟု ငတိုးက ပြန်၍မေးလိုက်လေ၏။

"အလကားနေ အလကားပဲကွာ ... ကြုံတုန်း စားပြလေး ဘာလေး တိုက်မလို့" ဟုပြောလိုက်ရာ ဒရိုင်ဘာရော၊ စပယ်ယာပါ မျက်လုံးပြူး၍သွားလေ၏။ ထို့နောက် ဒရိုင်ဘာက . . .

"မိတ်ဆွေကြီးက တစ်လမ်းလုံး အိပ်လာလိုက်တာ ကားလှေနဝါးကြီးကျနေတာပဲ ... ပြီးတော့လဲ တော်တော်ရယ်စရာပြောတတ်တယ်နော်" ဟု ပြောရင်း ကားပြင်ရန်အတွက် ခွမ်းများ၊ တော်အူလှည့်များကိုကိုင်ကာ ခရီးသည်၏အနီးသို့လာလေ၏။

www.burmeseclassic.com



"ရယ်စရာပြောတာမဟုတ်ဘူး ဗျို့၊ မင်းတို့နှစ်ယောက်က စပြီးတိုက်ရမှာပဲ၊ ကဲ ကဲ ... ကား ပေါ်မှာ အလုပ်လုပ်ရတာ နေရာကျဉ်းပါတယ်ကွာ၊ အောက်ကိုဆင်းပြီး လုပ်ငန်းစရမယ်" ဟုဆိုကာ ထိုခရီးသည်သည် ကားလမ်းပေါ်သို့ ဆင်းပြီးလျှင် အပေါ်အပါးသွားနေသော ခရီးသည်များအား . . .

"အားလုံးနားထောင်ကြ ...ဒီမှာကြည့်စမ်း" ဟုဆိုကာ ၎င်း၏ အိတ်အတွင်းမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ပြလေ၏။ ခရီးသည်များလည်း အပေါ့သွားနေရာမှ ထိုသူ၏အသံကြောင့် လှမ်း၍ကြည့်ကြလေ၏။ ထိုအခါ ထိုသူက . . .

"ဒီဥစ္စာ သေနတ်လို့ခေါ်တယ်၊ မှန်ရင် သွေးဆေးသိပ်လို့ မရဘူး၊ ကျပ်ထုပ်ထိုးလို့ မရဘူး၊ သေတတ်တယ်၊ ကြားလား ထွက်ပြေးမယ်မကြံနဲ့၊ လှမ်းပြီးပစ်လိုက်မယ်" ဟု ပြောလိုက်ရာ မတ်တတ်ရပ်လျက် ရှူးရှူးပေါက်နေသောလူကြီးတစ်ဦးက ...

"ဒီကောင်လေးနှယ် ... နောက်စရာမရှိ နောက်နေပြန်ပြီ ကာလကလေးများ တယ်ခက်တာကိုး" ဟု ပြောလိုက်ရာ ဓားပြ က ထိုလူကြီး၏ပေါင်ခြံအတွင်းသို့ သေနတ်ဖြင့် ဒိုင်းခနဲ လှမ်း၍ ပစ်လိုက်လေ၏။ ထိုအခါ ရှူးရှူးပေါက်နေသောလူကြီးလည်း -

"ဟိုက် ... ငါ့ရီး ... ကံကောင်းလို့" ဟု ယောင်ယမ်း၍ အော်လိုက်လေ၏။

"ဟုတ်တယ်၊ ကံကောင်းလို့ ... ကံကောင်းလို့ ... ကျုပ်က သိပ်ပြီးလက်ဖြောင့်ပါတယ်၊ ဟိုးချုံပုတ်ထဲက အဒေါ်ကြီး ... သေးပေါက်ပြီးတာ ကြာပြီပဲ၊ ထွက်ခဲ့လေ...လာခဲ့၊ ဒီမှာလာထိုင်" ဟု အော်လိုက်ရာ မိန်းမဝဝကြီးတစ်ဦးသည် . . .

"လာပါပြီ ... လာပါပြီ" ဟု ဆိုကာ တလိမ့်လိမ့်နှင့် ပြေး၍ ထွက်လာလေတော့၏။ ထိုအခါ ဓားပြက . . .



"ကားအောက်က စပယ်ယာနဲ့ ဒရိုင်ဘာ ... ထွက်ခဲ့၊ ထွက်ခဲ့၊ ခရီးသည်တွေ မကျန်စေနဲ့၊ ကျန်ရင် မင်းတို့ကို သတ်မယ်၊ အားလုံးတန်းစီလိုက်" ဟုဆိုသဖြင့် စပယ်ယာနှင့် ဒရိုင်ဘာလည်း ကြောက်ကြောက်လန့်လန့်နှင့် ထွက်၍လာရတော့၏။ ထိုအခါ ဓားပြသည် ဒရိုင်ဘာ၏လက်ကိုဆွဲပြီး ၎င်း၏အနီးတွင် ထိုင်ခိုင်း ၏ စပယ်ယာကို ခရီးသည်များတန်းစီခိုင်း၏။ စပယ်ယာသည် ခရီးသည်များအား . . .

"ထွက်မပြေးကြပါနဲ့ဗျာ ... ကျုပ်ဆရာ သေသွားပါဦးမယ်" ဟု ဆိုကာ လိုက်၍ တန်းစီလေ၏။ ဓားပြလည်း ကတ္တရာလမ်း ပေါ်၌ ခြေကိုချိတ်၍ထိုင်ကာ ... ၎င်း၏ဦးထုပ်စုတ်ကို ရှေ့၌ ဆက်လက်လှန်၍ ချထားလေ၏။ ထိုဦးထုပ်အတွင်း၌မူ ၎င်း၏ သေနတ်ကို ထည့်ထားလေ၏။ တန်းစီထားသောလူထဲမှ သန်မာ သော ယောကျ်ားလူရွယ်သုံးဦးသည် တိုင်ပင်ကြလေ၏။

"သူက တစ်ယောက်တည်းပါဗျာ ... ကျုပ်က သေနတ်ကို ယူမယ်၊ ခင်ဗျားတို့နှစ်ယောက်က ပြိုင်တူဝင်ပြီးတော့ ဆော်ကြ တော့" ဟုပြောလိုက်ရာ ခရီးသည်များသည် တစ်ဦးကိုတစ်ဦး လက်ကုတ်ကြလေတော့၏။

၎င်းတို့၏လက်ကုတ်ခြင်းမှာ တစ်ညီတစ်ညွတ်တည်း ဓားပြ ဖမ်းရန် အချက်ပေးခြင်း ဖြစ်၏။

ထိုအချိန်၌ ဓားပြက . . .

"ဟိုးရှေ့ဆုံးက ကောင်မ ... အငြိမ့်မင်းသမီးလိုလို ဘာလို လို ယပ်တောင်ကလေး ကိုင်ထားတဲ့ကောင်မ ... လာခဲ့" ဟု ဆိုသဖြင့် မိန်းကလေးတစ်ဦးလည်း လာရလေ၏။ အနီးသို့ ရောက်သောအခါ ဓားပြက ယပ်တောင်ကိုဆွဲယူလိုက်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



"အိုက်နေတာနဲ့အတော်ပဲ"ဟုဆိုကာ ပိုးယပ်တောင်လေးကို ဖွင့်၍ တဖျပ်ဖျပ်ခတ်နေလေ၏။ ပြီးလျှင် မားပြက . . .

"တဲ ... မိန်းကလေးဆိုတော့ နားကပ်မရှိလို့ မကောင်းဘူး နားကပ်တော့ချန်ထား၊ ကျန်တာတွေ အကုန်လုံးဖြုတ်ပြီးတော့ ဦးထုပ်ထဲ ထည့်ပေးပေတော့ ... အဲဒီလို ထည့်တဲ့အခါမှာ စိတ်ကလေးက ဖြူဖြူစင်စင်ကလေးထား၊ မားပြတိုက်ခံရတာ လို့ စိတ်က မမှတ်နဲ့၊ အလှူကြီးပေးနေတာယ်လို့ သဘောထား စိတ်ထားတတ်ရင် ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီး လောက် ရတယ်ကွဲ့"ဟု ပြောလိုက်ရာ မိန်းကလေးက လက်ဝတ် လက်စားများကိုဖြုတ်၍ ဦးထုပ်တွင်းသို့ ထည့်လေ၏။ ထိုအခါ မားပြက . . .

"သာဓုကွယ် ... သာဓု ... ကျုပ်ညီမကြီး အန္တရာယ်ကင်း ဘေးရှင်းပါစေ" ဟု ဆုတောင်းပြီးလျှင် . . .

"နောက်တစ်ယောက်" ဟု ခေါ်လိုက်လေ၏။

ထိုသို့ခေါ်ပြီးနောက် ၎င်း၏ခါးကြားတွင် ထိုးထားသော စာအုပ်တစ်အုပ်ကို အသံထွက်ကာဖတ်နေလေတော့၏။ ဒုတိယ တစ်ယောက်မှာ အသက် (၅၀) ကျော် လူကြီးဖြစ်၏။ ထိုလူကြီး သည် တရွေ့ရွေ့နှင့် မားပြအနီးသို့လာပြီးလျှင် ပိုက်ဆံအခြေ ခြောက်မူးကို ဦးထုပ်အတွင်းသို့ ထည့်လေ၏။ မားပြသည် စာဖတ်နေရာမှ ရပ်၍ . . .

"အဘိုးကြီး ... သဒ္ဓါစိတ် နည်းလှချည်လား၊ မရှိရင် ပြန် သွားဦးလေ၊ ဟဲဟဲ ... ဒီလိုမလုပ်ပါနဲ့ဗျာ၊ ခင်ဗျားပိုက်ဆံအိတ် ကားနောက်ဘက် လွှင့်ပစ်လိုက်တာ ကျုပ်တွေ့ပါတယ်ဗျာ၊ သွား ကောက်ချည် သွားကောက်ချည်၊ အသက်က (၅၀)ကျော်လေ



ရှိသေးတာ၊ မသေချင်နဲ့ဦး၊ ကြိုးစားရင် မယားငယ်တစ်ယောက် ရနိုင်သေးတယ်နော်" ဟုပြော၍ လွှတ်လိုက်ရာ ထိုလူကြီးလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ၎င်းလွှင့်ပစ်ထားသော ပိုက်ဆံ အိတ်ကို သွား၍ ကောက်လေ၏။

ထိုအခါ မားပြသည် . . .

"ဟိုးနောက်က သုံးကောင်၊ တစ်ယောက်က ငါ့သေနတ်ကို ဝင်လုပြီး ကျန်တဲ့နှစ်ယောက်က ငါ့ကို ဝင်လုံးမလို့ စဉ်းစားနေ တာလား၊ မလုပ်ကြနဲ့၊ မလုပ်ကောင်းဘူး ... သူများရဲ့ အသက် မွေးဝမ်းကျောင်းကို နှောင့်ယှက်တာဟာ ငရဲကြီးတတ်တယ်၊ ခင်းတို့မိဘတွေက မင်းတို့ကို မဆုံးမဘူးလား၊ မိမဆုံးမ ဖမဆုံးမ တွေ၊ မင်းတို့ဆရာတွေက မင်းတို့ကို နီတိမသင်ဘူးလား၊ ဘယ်လို အချိန်မျိုးမှာ စွန့်စားရမယ်၊ မစွန့်စားရဘူးဆိုတာ မသိဘူးလား၊ ခင်းတို့လိုကောင်တွေပေါ့ ... မားပြသတ်လို့ သေတယ် ဆိုတဲ့ သတင်းတွေ သတင်းစာထဲ ပါပါလာတာ၊ ဘယ်မားပြကမှ လူ သတ်ချင်ပါဘူး၊ မလွှဲသာလို့ သတ်ရတာ၊ မားပြဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်ကို လူနည်းစုနည်းနဲ့ ဆန့်ကျင်နေတဲ့ လူတစ်မျိုး ဖြစ်တယ်၊ လေးစားလောက်တဲ့ လူမျိုးတွေပါကွာ၊ ကဲ ကဲ ကဲ ... အားလုံး သမဂ္ဂ၊ သခိလာ၊ ဟောထ၊ ညီညီညွတ်ညွတ် ချောချော မွေ့မွေ့ရှိကြ" ဟု ဆိုကာ ၎င်းသည် စာအုပ်ကို အသံထွက်၍ ဖတ်နေလေ၏။

လရောင်မှာ နေ့၏အရောင်ကဲ့သို့ လင်းထိန်နေလေ၏။ ထားလမ်းတစ်လျှောက် ပေါက်နေသော ကုက္ကိုပင်ကြီးတို့၏ အရိပ်သည် အနက်စက် အနက်ပြောက်များဖြင့် ခြယ်သထား သကဲ့သို့ ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များလည်း တစ်ဦးပြီးတစ်ဦး ၎င်းတို့၏ပစ္စည်းများကို ခါးပြ၏ဦးထုပ်တွင်းသို့ထည့်ကာ ကားပေါ်သို့ တက်သွားကြလေ၏။

စောစောက တိုင်ပင်ထားသော လူရွယ်သုံးဦးအလှည့်သို့ ရောက်သောအခါ၌ လူရွယ်တစ်ဦးသည် ကျားတစ်ကောင်၏ အဟုန်ဖြင့် ခါးပြ၏သေနတ်ပေါ်သို့ ခုန်၍ အုပ်လိုက်၏။

ကျန်နှစ်ဦးမှာလည်း ခါးပြအပေါ်သို့ ခုန်၍ အုပ်လိုက်၏။

သို့ရာတွင် ခါးပြသည် ဒူးခေါင်းကို ဆတ်ခနဲ ထောင်၍ လက်နှစ်ဖက်ကို လက်သီးဆုပ်ပြီး တစ်ပြိုင်နက် ဆန့်တန်းလိုက်ရာ သေနတ်ကိုခုန်အုပ်သောလူ၏ မေးစေ့သည် ခါးပြ၏ဒူးနှင့် အရှိန်ပြင်းစွာ ဆောင့်မိလေ၏။

ကျန်နှစ်ယောက်၏ မျက်နှာအသီးသီးလည်း ခါးပြ၏ ဆန့်တန်းလိုက်သော လက်သီးဖြင့် ထိခိုက်ကာ "ခွပ် ... ခွပ်" ဟူသော အသံများမြည်၍ သုံးဦးစလုံး လဲကျသွားလေ၏။

"စတန့် ဘိုင်စကုပ်တွေ ခဏခဏကြည့်တဲ့ ကောင်စားမျိုးတွေ ... လူပေါတွေ ... ဘိုင်စကုပ်ထဲက ဇာတ်လိုက်က လူဆိုးတို့ ဖိုက်တင်ချတာ ကြည့်ဖူးတာနဲ့ အပြင်မှာလာပြီး လက်တည့်စမ်းတဲ့ ကောင်စားတွေ၊ ထကြ ... ထကြ၊ မကြွသင့်တာ မကြွကြနဲ့" ဟု ဆိုကာ ထိုသူသုံးဦး၏အိတ်မှ ပိုက်ဆံများကိုနှိုက်၍ ၎င်း၏ဦးထုပ်အတွင်းသို့ ထည့်လိုက်လေ၏။ ထို့နောက် အခြားသော ခရီးသည်နှစ်ဦးက လာရောက်ထည့်ကြလေ၏။

နောက်ဆုံးတွင် လွယ်အိတ်ဟောင်းကြီးတစ်လုံးတို လွယ်၍ထားသော မုတ်ဆိတ်မွေးဖြူဖြူရှည်ရှည်ကြီးနှင့် တရုတ်အဘိုးကြီး တစ်ဦးသည် ခါးပြရှေ့သို့ ရောက်၍လာတော့၏။



ထို့နောက် တရုတ်အဘိုးကြီးသည် ၎င်း၏ လက်တွင်းမှ ဝက်သားပေါက်စီတစ်လုံးကို တစ်ခြမ်းဖဲ့ကာ ဦးထုပ်အတွင်းသို့ ထည့်လိုက်၍ ကျန်တစ်ခြမ်းကို ခါးပြ၏ရှေ့၌ပင် စားလေ၏။

ထိုသို့စားပြီးနောက် ရေဘူးကလေး တစ်လုံးကို ထုတ်ကာ ရေအနည်းငယ် သောက်ပြီးလျှင် ကောင်းကင်တွင် ထိန်ထိန်သာနေသော လမင်းကြီးအား ကြည့်လိုက်လေ၏။

ထိုအခါ ခါးပြက . . .

"ဘယ်လိုလဲအဘိုးကြီး ... ပေါက်စီတောင်တစ်လုံးလုံးမဟုတ်ဘဲ တစ်ခြမ်းတည်းပါလား"ဟုမေးလိုက်ရာ ထိုအဘိုးကြီးက ...

"ငါ တစ်နေ့လုံးစားဖို့ ဒီပေါက်စီတစ်လုံးပဲ ချမ်းသာတာကွ၊ အဲဒီတော့ မင်းကိုတော့ တစ်ဝက်ပေးနိုင်ပါတယ် ... ကျန်တဲ့ တစ်ဝက်ကတော့ ငါ့အသက်ကို စွန့်ချင်စွန့်ရပါစေ၊ တိုက်ခိုက်ရမှာပဲ၊ ငါ့မှာကလဲ ဒါပဲပါတယ်၊ ဒီလောက်နဲ့ပဲ ကျေနပ်ပါ ခါးပြလေးရယ်"ဟု တရုတ်အဘိုးကြီးက ပြောလိုက်ရာ ခါးပြက . . .

"ခင်ဗျားကလဲ ဆင်းရဲလှချည်လားဗျာ၊ အရင်ဘဝကလဲ ဒါနမျိုးစေ့နည်းခဲ့တာကိုး" ဟု ပြောလိုက်လေ၏။ ထိုအခါ တရုတ်အဘိုးကြီးက . . .

"ငါ မဆင်းရဲပါဘူးကွ၊ ငါ့မှာပြည့်ပြည့်စုံစုံပါပဲ၊ ငါ ဘယ်သူ့ဆီကမှ အကူအညီ မတောင်းဖူးဘူး၊ မင်းလိုလဲ တစ်ခါမှ ခါးပြမတိုက်ဖူးဘူး" ဟု ပြောလိုက်ရာ ခါးပြက . . .

"မဆင်းရဲဘူးဆိုတော့ ချမ်းသာတယ်ပေါ့၊ ခင်ဗျားချမ်းသာတာတွေ ထုတ်စမ်း"

"မင်းကလဲ လူကြည့်တော့ တော်ပုံတော်ပန်းနဲ့ အတော်ညံ့တဲ့ကောင်ပဲ၊ ချမ်းသာတယ်ဆိုတာနဲ့ မင်းက ဓိနတွေ ရွှေတွေ

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေလောက် တွက်တာကိုးကွ၊ ငါချမ်းသာတယ်ဆိုတာက စိတ်ချမ်းသာတာကို ပြောတာ၊ ပြီးတော့ ငါက ငယ်ငယ်လေးကတည်းက ရှေးဟောင်းကဗျာတွေ စာတွေကို ဝါသနာပါလို့ ကျက်မှတ်ထားတယ်၊ အဲဒီတော့ ကဗျာတွေအများကြီး ချမ်းသာတယ်၊ ဒါပေမဲ့ ငါရတဲ့ ကဗျာတွေက တရုတ်ကဗျာတွေ ဖြစ်နေတဲ့အတွက် မင်းအတွက် အသုံးဝင်မှာ မဟုတ်ပါဘူး၊ အဲဒီတော့ မင်းအတွက် လက်တန်းကဗျာလေးတစ်ပုဒ် စပ်ပေးလိုက်မယ်" ဟု ပြောလိုက်ရာ ဓားပြကလည်း . . .

"အဘိုးကြီး ... ခင်ဗျားနဲ့ ကျုပ်နဲ့က ဝါသနာချင်းတူသားပဲ၊ ကျုပ်လဲ ကဗျာဖတ်ပြီး ရွတ်နေတာ၊ ကျုပ်အတွက် ကဗျာတစ်ပုဒ်ဟုတ်လား၊ လုပ်စမ်းပါဦးဗျ" ဟုပြောလိုက်ရာ တရုတ်အဘိုးကြီးက အောက်ပါအတိုင်း ရွတ်ဆိုပြလိုက်လေ၏။

"သနားစရာကောင်းတဲ့ ဓားပြလေးတစ်ယောက်
ကားလမ်းပေါ်မှာ ဓားပြတိုက်နေတယ်
ရွှေတွေ ငွေတွေ အားလုံး သူ ယူတယ်
ငါ့ဆီက ပေါက်စီတစ်ခု တောင် ပါသွားတယ်
ဒါပေမဲ့ ဓားပြလေးရယ်
မင်းတိုက်လို့မရတာ တစ်ခုကျန်နေတယ်
အဲဒါက ဟောဟို ကောင်းကင်ပြင်ကြားက လမင်းကြီးပါပဲ"

ဓားပြသည် ထိုကဗျာကို နားထောင်ပြီးနောက် . . .

"သိပ်ကို လေးစားဖို့ကောင်းတဲ့ ကဗျာအဘိုးအိုကြီးပဲ — ခင်ဗျားနာမည် ဘယ်သူလဲ" ဟု မေးလိုက်ရာ ထိုတရုတ်အဘိုးအိုကြီးက . . .



"ငါက ကဗျာဆရာမဟုတ်ပါဘူး၊ ငါ့အသက်မွေးဝမ်းကျောင်းက ထမင်းချက်ပါ၊ ငါ့နာမည် 'ဂွမ်တီ' လို့ခေါ်တယ်" ဟု ပြောလိုက်လျှင် ဓားပြသည် သေနတ်ကိုကိုင်၍ . . .

"ကဲ ... စပယ်ယာနဲ့ ဒရိုင်ဘာ၊ ခရီးသည်တွေအားလုံးကို ကားပေါ်ပြန်တက်ခိုင်း၊ ပြီးရင် မောင်းထွက်သွားကြ၊ မင်းတို့ကား ဘယ်နေရာကမှ ပျက်သွားတာမဟုတ်ဘူး၊ ပလပ်ကြိုးတွေ ပြုတ်နေတာ ဖြစ်လိမ့်မယ်၊ ဂိတ်မှာကတည်းက မင်းတို့ ထမင်းဆိုင်က ကောင်မလေးကို ရိသဲ့သဲ့ သွားလုပ်နေတုန်း ပလပ်ကြိုးတွေကို ငါက တည်းတည်းလေးဖြစ်အောင် လုပ်ထားလိုက်တာ၊ ကဲ ... သွားကြပေရော့၊ ခရီးသည်တွေအားလုံး ဘေးမသီ ရန်မခကြပါစေနဲ့ဗျာ" ဟု နှုတ်ဆက်လိုက်လေ၏။

ဒရိုင်ဘာလည်း ကားစက်ဖုံးကို ဖွင့်၍ ပလပ်ကြိုးများကို စစ်ဆေးရာ ဓားပြပြောသည့်အတိုင်း ပလပ်ကြိုးတစ်ချောင်း ပြုတ်နေသည်ကိုတွေ့၍ ...ပြန်၍တပ်လိုက်ပြီးလျှင် ကားပေါ်သို့ တက်၍ စတင်စက်နှိုးလေတော့၏။

ထိုအခါ တရုတ်အဘိုးကြီး ဦးဂွမ်တီသည် ကားပေါ်သို့ တက်မည်လုပ်ရာ ဓားပြက . . .

"ဘယ်သွားမလို့လဲ ဦးဂွမ်တီရယ် ... နေခဲ့ပါဗျာ" ဟုဆိုကာ ဦးဂွမ်တီ၏လက်ကို ဆွဲထားလိုက်လေ၏။ ထိုအချိန်၌မှာပင် မော်တော်ကားသည် စက်နှိုး၍ ဝိုးခနဲ မောင်းထွက်သွားလေတော့၏။

လရောင်ထိန်ထိန်လင်းလျက်ရှိသော ရန်ကုန်ကားလမ်းပေါ်၌မူ ဦးဂွမ်တီဆိုသော တရုတ်အဘိုးအိုကြီး တစ်ယောက်နှင့် ရွှေငွေရတနာများကို ဦးထုပ်စုတ်နှင့်ထည့်ကာ ကိုင်ထားသော ဓားပြတစ်ယောက်သာလျှင် ထီးထီးမားမား ကျန်ရစ်ခဲ့လေ၏။

www.burmeseclassic.com

မောင်ပြာသည် ဦးထုပ်အတွင်းမှ ပေါက်စီ တစ်ဖဲ့ကို ယူ၍ ကျွေးလိုက်လေ၏။ ထိုအခါ ဦးဂွမ်တီက ၎င်း၏ရေဘူးကို ထိုးပေးလိုက်လေ၏။

မားပြလည်း ပေါက်စီကုန်သောအခါ . . . ရေဘူးကို ယူ၍ ရေတစ်ငုံ သောက်လိုက်လေ၏။ ထိုအခါ ဦးဂွမ်တီက . . .

"မင်းဦးထုပ်ထဲက စိန်တွေ ရွှေတွေဟာ လောလောဆယ် မှာတော့ ငါ့ရဲ့ ပေါက်စီတစ်ဖဲ့လောက်ကို တန်ဖိုးမရှိပါဘူးကွာ ငါ့ရေဘူးထဲက ရေကလေးတစ်ငုံလောက်လဲ အဖိုးမတန်ပါဘူး အဲဒါကို မင်းငြင်းမလား၊ ဟောဟို ပြောင်ပြောင်လက်လက်နဲ့ စိန်လက်ကောက်ဟာ ငါ့ရဲ့ပေါက်စီလောက် မဆိမ့်ဘူးတွေ မယုံရင် မင်း ဝါးကြည့်ပါလား" ဟု ပြောလိုက်ရာ မားပြက . . .

"ဒါကြောင့် ခင်ဗျားကို ကားပေါ်မတက်ဖို့ ခေါ်ထားတာ ပေါ့ဗျ၊ ကျုပ်က လောကကြီးတစ်ခုလုံးကို မားပြတိုက်ယူမယ်လို့ စိတ်ကူးနေတဲ့ကောင်ဗျ၊ ဒါပေမဲ့ ကျုပ်တိုက်ယူလို့ မရနိုင်တဲ့ ပစ္စည်းဆိုတာ ရှိပါသေးလားဆိုတာ ခင်ဗျားပြောလို့ ကျုပ်သိရပြီ ဟောဟိုက လမင်းကြီးကိုလဲ ကျုပ် မားပြတိုက်ယူလို့ မရဘူး ကွင်းပြင်ကို ဖြတ်တိုက်လာတဲ့ လေနုအေးအေးကိုလဲ ကျုပ် ဓားပြ တိုက်ယူလို့ မရဘူး၊ လေနုအေးကလေးနဲ့ အတူ ပါလာတဲ့ တောပန်းရနံ့တွေကိုလဲ ကျုပ် မားပြတိုက်ယူလို့မရဘူး၊ အဲဒါတွေ အားလုံးဟာ သဘာဝတရားတွေပဲ၊ သဘာဝအလှတွေဖြစ်တယ် တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝရတနာတွေလဲဖြစ်တယ်" ဟု ပြော လိုက်ရာ ဦးဂွမ်တီက . . .

"မင်း ပွင့်လင်းသွားပြီ၊ ပြီးတော့ လမ်းပေါ်ရောက်သွားပြီ ဒါနဲ့ နေစမ်းပါဦး ... မင်းနာမည် ဘယ်သူလဲ" ဟု မေးလိုက်ရာ မားပြက . . .



"ကျုပ်နာမည် သေတ္တာလို့ ခေါ်ပါတယ်၊ ပင်လယ်မားပြ တစ်ယောက်ပါ၊ ရေချမ်းဆိုတဲ့ ကောင်လေးတစ်ယောက်အတွက် ခရီးထွက်လာတာပဲ၊ လမ်းသွားရင်း တတ်တဲ့ပညာ မနေသာ ဆိုသလို အလုပ်နည်းနည်း လုပ်လိုက်တယ်၊ ခင်ဗျား ကျေနပ် ရဲ့လား" ဟု မေးလိုက်ရာ ဦးဂွမ်တီက . . .

"ဟောဟိုက လမင်းကြီးကို မေးကြည့်ပါလားကွ၊ ကျေနပ် သလား မကျေနပ်သလားဆိုတာ သူ ဖြေလိမ့်မယ်" ဟု ပြန်၍ ပြောရာ မောင်သေတ္တာဆိုသော မားပြက . . .

"လမင်းကြီးက သဘာဝပစ္စည်းကြီးပဲဗျာ ... သူက ကျုပ် အလုပ်ထဲ ဘာများဝင်ပြီး ထင်မြင်ချက်ပေးမှာမို့လဲ" ဟု ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ ဦးဂွမ်တီက . . .

"ငါလဲ ထင်မြင်ချက်ပေးဖို့ မရှိပါဘူးကွာ" ဟု ဖြေလိုက်ရာ မားပြက . . .

"မှန်တာပေါ့ဗျာ ... ခင်ဗျားလဲ သဘာဝပစ္စည်းကြီးပဲကိုး၊ တွေ့ရတာ ဝမ်းသာလိုက်တာ" ဟုပြောဆို၍ ရယ်မောလိုက်လေ ၏။ ထိုသူ၏ ရယ်သံသည် ကွင်းကို ဖြတ်သွား၍ ကွင်းပြင်၏ နောက်မှ ခင်တန်းကို ဖြတ်သွား၏။ ခင်တန်း၏ နောက်မှ တောအုပ်နှင့် ရေကန်တို့ကို ဖြတ်သွား၏။

ထိုမှတစ်ဆင့် လောကကြီးတစ်ခုလုံးသို့ ပျံ့နှံ့သွားလေတော့ သတည်း။

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

* * * * *

www.burmeseclassic.com

## တော့လွဲကလေး ဖြစ်သွားပုံ

သေတ္တာနှင့် ဦးဂွမ်တီတို့သည် တိုက်ကြီးမြို့သို့ သွားရောက်ကာ ခင်မေရီကို စုံစမ်းကြလေတော့၏။ သို့ရာတွင် ခင်မေရီကိုမူ ရှာ၍ မတွေ့ကြဘဲ ရှိကြလေ၏။ မတွေ့ရခြင်းအကြောင်းမှာ ဤသို့ဖြစ်၏။

ခင်မေရီသည် သေတ္တာစီးနင်းလိုက်ပါခဲ့သော ဘတ်စ်ကား၌ ပါခဲ့ခြင်းဖြစ်၏။ သေတ္တာကိုယ်တိုင် ခင်မေရီကို ခင်မေရီမှန်း မသိဘဲ ဓားပြတိုက်ခဲ့၏။

ခင်မေရီ့ထံမှပင် ပိုးယပ်တောင်ကလေးကို လုယူခဲ့သေး၏။

သေတ္တာ ဓားပြတိုက်ခဲ့စဉ်က ချုံပုတ်ထဲတွင် အပေါ့သွားနေသည့် မိန်းမဝဝကြီးဆိုသူမှာ ခင်မေရီနှင့် အတူနေသူ ဒေါ်ဇာ ဖြစ်၏။

ခင်မေရီနှင့် ဒေါ်ဇာသည် ဆိပ်ကမ်းမြို့ကလေးမှ တိုက်ကြီးမြို့သို့ သွားရောက်နေထိုင်ရန် ထွက်လာကြပြီးနောက် တိုက်ကြီးမြို့သို့ မသွားသေးဘဲ ရန်ကုန်ရှိ ဦးလေးတစ်ဝမ်းကွဲအိမ်၌ ရက်အတန်ကြာ နေထိုင်ပြီးလျှင် ဝယ်ခြမ်းစရာ ရှိသည်များကို ဝယ်ခြမ်း စုဆောင်းခဲ့လေ၏။

ထို့နောက်မှ တိုက်ကြီးမြို့သို့ ဘတ်စ်ကားဖြင့် လိုက်ပါခဲ့ကြခြင်း ဖြစ်၏။



ထိုသို့ လိုက်ပါခဲ့သည့် ဘတ်စ်ကား၌လည်း ခင်မေရီကို ရှာဖွေရန် ခရီးထွက်လာခဲ့သော ပင်လယ်ဓားပြ သေတ္တာလည်း ပါလာခဲ့၏။

ဤသို့ ဖြစ်ရခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲ တိုက်ဆိုင်ခြင်းဟု ဆိုရပေမည်။

ထို့ထက် တိုက်ဆိုင်သော အကြောင်းအရာ တစ်ခုလည်း ရှိသေး၏။ ထိုအကြောင်းအရာမှာ ထိုနေ့က ဓားပြတိုက်ခံရသော မော်တော်ကားပေါ်၌ ရေချမ်းအား အသေရရအရှင်ရရ လိုက်လံရှာဖွေနေသော လူဆိုး ဦးမောင်ကြီးတို့အဖွဲ့မှ အသက်ငါးဆယ်ကျော် အရွယ် ဦးသက်တင်ဆိုသည့် လူဆိုးကြီးတစ်ဦးပါလာခြင်း ဖြစ်သည်။

သေတ္တာသည် ထိုလူဆိုးကြီးအား ဓားပြတိုက်လွှတ်လိုက်သေး၏။ ထိုလူဆိုးကြီးသည် သေတ္တာနှင့် ဦးဂွမ်တီ ပြောဆိုနေသော စကားများကို ကောင်းစွာ ကြားသွားရသည် ဖြစ်ရာ ၎င်းအား ဓားပြတိုက်သွားသောသူမှာ သေတ္တာဆိုသူဖြစ်ကြောင်း သိရှိသွားလေသည်။

ထို့ကြောင့် သူသည် သူတို့၏ အဖွဲ့ခေါင်းဆောင် လူဆိုး ဦးမောင်ကြီးထံ သွားရောက်၍ လမ်းတွင် ဓားပြတိုက်ခံရပုံ၊ ထိုဓားပြမှာ အဖော်မပါ တစ်ကိုယ်တည်းတိုက်ပုံ၊ ဓားပြ၏ သတ္တိကောင်းပုံ၊ ထိုဓားပြအမည်မှာ သေတ္တာဟုခေါ်ပုံ စသည်တို့ကို ပြောပြမည်မှာ သေချာလှ၏။

ဤနေရာ၌ ခင်မေရီနှင့် ဒေါ်ဇာတို့ အကြောင်းကို ဖော်ပြရန် လိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မေရီနှင့် ဒေါ်ဇာတို့သည် တိုက်ကြီးသို့ သွားရောက်နေထိုင်ရန် ထွက်လာခဲ့သော်လည်း ဓားပြတိုက်ခံရ၍ ပစ္စည်းများ ဆုံးပါးသွားသည်ဖြစ်ရာ တိုက်ကြီးသို့ ဝင်လျှင်လည်း နေရေးထိုင်ရေးမှအစ အသစ်မှ စတင်ထူထောင်ရမည်မှာ မလွယ်ကူကြောင်း တွေးမိသောကြောင့် ၎င်းနှင့် ငယ်စဉ်က အတူတကွ နေထိုင်ခဲ့ဖူးသော မမြလေး ဆိုသည့် မိန်းကလေးထံသို့ သွားရောက်အကူအညီတောင်းရန် ဆုံးဖြတ်ခဲ့လေ၏။

မမြလေးမှာလည်း ယခုအခါ၌ မန္တလေးဈေးချိုတွင် ဖိနပ်ဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်ရောင်းချနေ၍ လွန်စွာချမ်းသာ ကြီးပွားနေကြောင်း သိရှိထားသည်ဖြစ်ရာ ခင်မေရီနှင့် ဒေါ်ဇာသည် တိုက်ကြီးမြို့သို့မော်တော်ကားဆိုက်သည့်အခါ၌ ဖင်ပူအောင်ပင် မထိုင်တော့ဘဲ ကားကြုံတစ်စီးဖြင့် မန္တလေးမြို့သို့ ခရီးစတင်ထွက်သွားပြီ ဖြစ်လေ၏။

ထို့ကြောင့် ပင်လယ်ဓားပြ သေတ္တာနှင့် ဦးဂွမ်တီတို့နှစ်ဦးပူးပေါင်းကာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော ခင်မေရီကို ရှာဖွေစုံစမ်းရန်အတွက် ခရီးဆက်ကြလေတော့၏။

* * * * *

## သင်္ကာဖွယ် လူတစ်ယောက်

တစ်ညသ၌ ပင်လယ်ဆိပ်ကမ်း ရွာကလေးတစ်ရွာအနီး၌ ပုလိပ်များသည် သီဟိုဠ်ဘက်မှ ခိုးဝင်လာသော ရွက်လှေကြီးတစ်စီး ဆိုက်ရောက်လာမည် ဟု သတင်းရသောကြောင့် မော်တော်ဘုတ်များ၊ လက်နက်များဖြင့် စောင့်ဆိုင်းနေကြ၏။

ထိုသို့ စောင့်စားနေခဲ့သော်လည်း သန်းခေါင်ကျော်သည့်တိုင်အောင် မည်သည့်ရွက်လှေကြီးကိုမျှ မတွေ့ရသဖြင့် ပုလိပ်များလည်း ပျင်းရိငြီးငွေ့လာလေတော့၏။ သို့ရာတွင် နာရီပြန်နှစ်ချက်ထိုးသောအခါ၌မူ ပင်လယ်လှိုင်းလုံးများ အကြားတွင် မီးရောင်လေး "လက်ခနဲ၊ လက်ခနဲ" ဖြစ်သွားသည်ကို တွေ့ရသောကြောင့် ပုလိပ်အရာရှိတစ်ဦးက မှန်ပြောင်းဖြင့် ထိုမီးရောင်ကို လှမ်းမျှော်ကြည့်ရှုရာ လွန်စွာသေးငယ်သော လှေကလေးတစ်စီး၌ မှန်အိမ်ကလေးတစ်လုံးကို ထွန်းညှိလျက် ဆွယ်တာအင်္ကျီဟောင်းတစ်ထည်ကိုဝတ်ထားသော လူတစ်ယောက်သည် ဆေးပြင်းလိပ်ကို ခဲကာ စိတ်အေးလက်အေး လှော်ခတ်လာနေကြောင်းကို အထင်းသားတွေ့မြင်ရသောကြောင့် ပုလိပ်မော်တော်ဘုတ်သုံးစီးဖြင့် ထိုလှေငယ်ရှိရာသို့ စက်ကုန်ဖွင့်ကာ မောင်း၍ ထိုလှေငယ်ကို အနီးကပ်ဝိုင်းလိုက်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လှေငယ်ပေါ်မှ လူကိုလည်း သေနတ်များဖြင့် ချိန်ရွယ်၍ ထားကြလေ၏။ သို့ရာတွင် ထိုလူမှာ သေနတ်ကို လည်းကောင်း၊ ပုလိပ်ကို လည်းကောင်း မြင်ဖူး တွေ့ဖူးပုံ လက္ခဏာမရှိဘဲ ငေးကြောင်၍ ကြည့်နေလေ၏။

ထိုအခါ ပုလိပ်အရာရှိက ခြောက်လုံးပြူးဖြင့် ထိုလူ့ရွယ်အား ချိန်ရွယ်၍ မော်တော်မီးဆလိုက်များကိုလည်း ထိုလူကို ဝိုင်း၍ ထိုးထားစေပြီးလျှင် . . .

"မင်း ဘယ်ကလာတာလဲ" ဟု မေးလိုက်ရာ ထိုသူက . . .

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... အဆုံးအစမရှိ ကျယ်ပြောတဲ့ ဗလာကြီးထဲက လာတာပေါ့ဗျာ၊ ခင်ဗျားတို့က ဘာတွေလဲ" ဟု ထိုလူက ပြန်၍ မေးလိုက်လေ၏။

"ငါတို့ ပုလိပ်တွေပဲ ... မင်းကို ဖမ်းမလို့" ဟု ပုလိပ်အရာရှိက ပြောလိုက်ရာ ထိုသူက . . .

"ဟား ဟား ဟား ဟား ... ဗလာထဲက လူအချင်းချင်း ဖမ်းပြီး ဘာလုပ်ကြမလို့တုံး၊ ခင်ဗျားတို့လဲ ခင်ဗျားဟာ ခင်ဗျားတို့ လွတ်လွတ်လပ်လပ်ကြီး နေလို့ရနေလျက်သားနဲ့ ကျုပ်ကို ဘာဖြစ်လို့ဖမ်းချင်ရတာတုံး၊ ချမ်းချမ်းစီးစီးမှာ ကိုယ့်မိန်းမနဲ့ကိုယ် ဖက်ပြီးအိပ်နေရင်လဲ ရလျက်သားနဲ့ ဘာဖြစ်လို့ ဒုက္ခခံပြီး သူများကို လျှောက်ဖမ်းရမှာတုံး၊ ခင်ဗျားတို့ လူအ,တွေ ထင်ပါရဲ့ အလုပ်မရှုပ်ချင်စမ်းပါနဲ့ဗျာ၊ နေတတ်သလို နေကြစမ်းပါ" ဟု ပြောလိုက်ရာ ပုလိပ်များလည်း ပြုံးစေ့စေ့ ဖြစ်သွားလေ၏။

ထိုအခါ အရာရှိနံဘေးမှ ရွှေအေး ဆိုသော ပုလိပ်က သူ၏ အရာရှိအား . . .



"ဆရာရယ် ... ဦးနှောက်မကောင်းတဲ့လူနဲ့တူပါရဲ့ ဘာတွေ လျှောက်ပြောနေမှန်းမသိဘူး"ဟုပြောလိုက်ရာ ပုလိပ်အရာရှိက-

"မင်းပြောတာတော့ ဟုတ်ပါရဲ့ကွာ၊ ဒါပေမဲ့ လွှတ်ပစ်လို့တော့ မဖြစ်ဘူး၊ ဖမ်းသွားရမယ်" ဟု ဆိုပြီးလျှင် လှေပေါ်မှ လူအား ..."ဟေ့ ... မော်တော်ပေါ်တက်ခဲ့" ဟု အမိန့်ပေးလိုက်ရာ ထိုလူက . . .

"ဟား ဟား ဟား ... ဟား ဟား ... အတိတ်ဘဝက မြှုခဲ့တဲ့ ကုသိုလ်တွေ ဒီမှာလာပြီး အကျိုးပေးပြီကိုး၊ လှော်ရခတ်ရတာ မောပန်းနေတုန်း မော်တော်ဘုတ်စီးခွင့်ရပြီကိုး၊ စီးရတာတောင် ရိုးရိုးမဟုတ်ဘူး၊ အဖော်အပေါင်းတွေနဲ့စီးရတာ ပျော်ဖို့ ကောင်းပါဘိသနဲ့" ဟု ပြောဆိုကာ မော်တော်ပေါ်သို့ တက်လာခဲ့၏။

ပုလိပ်များလည်း ထိုသူ၏လှေကို မော်တော်နောက်မြီးတွင် ချိတ်ကာ ဆွဲယူလာရလေ၏။ ပုလိပ်အရာရှိက ထိုသူ့အား . . .

"ကိုယ့်လူ ဟိုမှာကောင်းကောင်းထိုင်၊ မေးတာကို မှန်မှန် ဖြေ၊ အကြောင်းကြောင်းလုပ်မယ် မကြံနဲ့" ဟု ပြောလိုက်ရာ ထိုသူက . . .

"ကျုပ်က မေးရမှာဗျ ... ကျုပ်ဟာကျုပ် ပင်လယ်ထဲ လှေစီး နေတာကို ခင်ဗျားတို့က လာဖမ်းတယ်၊ ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာသဘောလဲ ဆိုတာ ကျုပ်က မေးရမှာပါ၊ ကျုပ်မှာ လက်နက်လဲ မပါဘူး၊ အဲဒီတော့ ဓားပြတစ်ယောက်မဟုတ်ဘူး ဆိုတာတော့ ခင်ဗျားတို့ ယုံကြည်လောက်ပါတယ်၊ ပြီးတော့ ... ပင်လယ်ထဲမှာ အိမ်လဲ တစ်လုံးမှ မရှိဘူး၊ ဒါကြောင့် ကျုပ်ဟာ သူခိုးခိုးဖို့ထွက်လာတဲ့ လူတစ်ယောက်မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ ယုံကြည်ဖို့ကောင်းပါတယ်" ဟု ထိုသူကပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုလိပ်အရာရှိက . . .

"မင်းနာမည် ဘယ်သူတုံး" ဟု မေးလိုက်လေ၏။

"ကျုပ်နာမည် ဘာဘာ" ဟု ထိုသူကပြော၍ ဆေးပြင်းလိပ်ကို မီးတို့လိုက်လေ၏။

"ကဲ ... ဘာဘာ၊ ပြောပေတော့" ဟု ပုလိပ်အရာရှိက ဆိုလေ၏။ ထိုအခါ ဘာဘာဆိုသူက . . .

"ဘာကို ပြောရမှာတုံးဗျ ... ဘာဘာ ဘာကိုမှ မသိဘူး၊ ဘာဘာဟာ ဗလာထဲမှာနေတယ်၊ ဗလာကို ယုံကြည်တယ်၊ ဗလာအပြင် ဘာမှမရှိဘူး၊ ဘာဘာပြောချင်တဲ့စကားက ဒါပဲ" ဟု ပြောလိုက်ရာ ပုလိပ်ကလေးရွှေသွေးသည် ထိုသူပြောသည့်အတိုင်း တိုးတိုးကလေးလိုက်၍ . . .

"ဘာဘာ ဘာကိုမှမသိဘူး၊ ဘာဘာဟာ ဗလာထဲမှာနေတယ်၊ ဗလာကို ယုံကြည်တယ်၊ ဗလာအပြင် ဘာမှမရှိဘူး" ဟု ရေရွတ်လိုက်လေ၏။

ထိုအခါ ပုလိပ်အရာရှိက . . .

"မင်း သီဟိုဠ်ကလာတဲ့စက်လှေနဲ့ ပါလာတာမဟုတ်လား" ဟု မေးလိုက်ရာ ဘာဘာက . . .

"ဘာဘာ ဘာမှမသိဘူး၊ သီဟိုဠ်ဆိုတာလဲ ဗလာထဲက မဟုတ်လား၊ ခင်ဗျား ဘာတွေ လျှောက်မေးနေတာတုံး၊ ဗလာထက် စစ်မှန်တဲ့အရာ ဘာများ ရှိလို့တုံး၊ ခင်ဗျားကြည့်ရတာ ဒုက္ခရောက်နေပုံရတယ်၊ အဲဒါ ဗလာကို နားမလည်လို့၊ ဗလာကို နားလည်ရင် ပေါ့သွားတယ်၊ နေလို့ထိုင်လို့ ကောင်းသွားတယ်၊ ကျုပ်ကိုကြည့်ပါလား၊ ပင်လယ်ဗလာကြီးထဲမှာ တစ်ယောက်တည်း၊ ဘယ်လောက် ပျော်ဖို့ ကောင်းလဲ၊ လှိုင်းကြီးလာလို့ လှေမှောက်လဲ ပင်လယ်ထဲမှာ သေသွားမယ်၊ ဘယ်လောက် ကောင်းသလဲ၊ ဟား ဟား ... ဟား ဟား ဟား" ဟု ကျေကျေနပ်နပ်ကြီး ရယ်မောလိုက်လေ၏။

ဤသို့နှင့်ပင် ပုလိပ်မော်တော်ဘုတ်သုံးစင်းသည် ဘာမှန်းမသိသော ဘာဘာဆိုသူအား ဖမ်းဆီး၍ ဂိတ်သို့ ခေါ်ဆောင်သွားလေတော့၏။ ထို့နောက် ၎င်းတို့ ဖမ်းဆီးလာသောသူအား ဂိတ်စာရေးလက်သို့ အပ်လိုက်လေတော့၏။

ထိုအခါ ဂိတ်စာရေးက . . .

"မင်းနာမည် ဘယ်သူလဲ" ဟု မေးလိုက်ရာ ထိုသူက . . .

"ဘာဘာ" ဟု ဖြေလိုက်လေ၏။

"မင်းအဖေ ဘယ်သူလဲ" ဟု ဂိတ်စာရေးက မေးပြန်လေ၏။

"အဲဒါ ကျုပ်မသိဘူး . . . ကျုပ်အဖေ ဘယ်သူလဲဆိုတာ သေသေချာချာသိတာက ကျုပ်မဟုတ်ဘူးဗျ၊ ကျုပ်အမေမှသိမှာ၊ အဲဒီကိစ္စက ကျုပ်နဲ့တိုက်ရိုက်မပတ်သက်ပါဘူး၊ ခင်ဗျားက ဘာဖြစ်လို့ သိချင်ရတာတုံး ... ကျုပ်တောင်မှ အဲဒီကိစ္စကို စိတ်မဝင်စားဘူးဗျ" ဟု ပြောလိုက်လေ၏။

"ဟေ့ကောင် ... အချုပ်သားတရားခံစာရင်း ရေးနေတာကွ၊ အဖေနာမည် မပြောလို့ မဖြစ်ဘူး၊ ပြောရမယ်" ဟု ဂိတ်စာရေးကြီးက ကြိမ်းမောင်းလိုက်လေ၏။

"ကျုပ်ဟာကျုပ် . . . ပင်လယ်ထဲမှာ လှေစီးနေရာကနေပြီး ဘယ်လိုက ဘယ်လို တရားခံဖြစ်သွားရတာတုံး၊ ဘာမှုတဲ့တုံးဗျ" ဟု ထိုသူက မေးလိုက်လေ၏။ ထိုအခါ ဂိတ်စာရေးက . . .

"ဟေ့ကောင် ... စကားရှည်မနေနဲ့၊ မသင်္ကာမှုကွ၊ မင်းကို သင်္ကာလို့ဖမ်းတာ" ဟုပြောလိုက်ရာ ထိုသူက ရယ်မောလျက်-



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလဲ ခင်ဗျားတို့ကို မသက်ဘူးဗျ ... အဲဒီတော့ ခင်ဗျားတို့ကို တရားခံလုပ်ပြီး အမှုတစ်ခု ဖွင့်ထားချင်တယ်၊ ခင်ဗျားနာမည် ဘယ်သူတုံး၊ ခင်ဗျားအဖေနာမည် ဘယ်သူတုံး၊ ကျုပ်ကိုလာဖမ်းတဲ့ ပုလိပ်တွေအားလုံးကို မသက်ဘူးဗျာ၊ သူတို့ အားလုံးကို အမှုဖွင့်ထားစမ်းပါ" ဟုပြောလိုက်ရာ ဂါတ်စာရေးက

"ငါ ဂါတ်စာရေးလုပ်လာတာ . . . အနှစ် ၃၀ ရှိပြီ၊ မင်းလို ကောင်မျိုး တစ်ကောင်ပဲ တွေ့ဖူးသေးတယ်" ဟု ပြောလိုက် လေ၏။

"ကျုပ်လဲ ဗလာထဲမှာလျှောက်သွားနေတာကြာပြီ၊ ဒါပေမဲ့ ခင်ဗျားတို့လိုလူမျိုးတွေတော့ အများကြီးတွေ့ဖူးတယ်၊ ပြီးတော့ လဲ ဘာမှမဟုတ်ပါဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါဂါတ်စာရေးလည်း ထိုဘာဘာဆိုသူအား အချုပ်ခန်း အတွင်းသို့ ထည့်လိုက်လေ၏။

ထိုသို့ထည့်ပြီးလျှင် ဘာဘာ၏ နာမည်အောက်၌ လွန်ခဲ့သော ခြောက်နှစ်ခန့်က လူသတ်မှုဖြင့် ဝရမ်းထုတ်ဖူးသော မိုးသီးဆိုသူ နှင့် တူကြောင်း မှတ်ချက်ရေးထားလိုက်လေ၏။ ထိုသို့ ရေးထား ပြီးသည့်အပြင် ၎င်း၏အထက်အရာရှိကိုပင် . . .

"ဝရမ်းပြေး မိုးသီးဆိုတာနဲ့ အတော့်ကို တူတယ်ဆရာ ဟုတ်မဟုတ် ဆိုတာတော့ စီအိုင်ဒီနဲ့ ညှိနှိုင်းပြီး 'အိုင်ဒမ်ဒီဖိုင်း' လုပ်ယူရမှာပဲ" ဟု ပြောလိုက်ရာ ပုလိပ်အရာရှိက . . .

"စာရေးကြီးပြောတဲ့ ဝရမ်းပြေး မိုးသီးဆိုတာလဲ ကျုပ် ကြားဖူးပါတယ်၊ ဒါပေမဲ့ အဲဒီ မိုးသီး ဆိုတာက အတော့်ကို ထက်ထက်မြက်မြက်ရှိတယ်ဗျ၊ ဒီကောင်က ပေါတိပေါချာနဲ့ဗျာ ဟုတ်ပါ့မလား ... သူပြောတဲ့စကားကလဲ ဗလာတွေ ဘာတွေနဲ့

ဘာသာပြန်စာပေ



ကျုပ်တော် အကြောင်းကြောင်း ဖြစ်ချင်ယောပြီ" ဟု ပြန်၍ ပြောလိုက်လေ၏။

ထို့ရာတွင် ဘာဘာဆိုသူမှာမူ အချုပ်ခန်းအတွင်းသို့ ရောက်ရှိသွားပြီ ဖြစ်လေတော့၏။

* * * * *

မောင်ဘာဘာတဲ့လား

တစ်နေ့သ၌ ကွမ်းခြံကုန်းမြို့ဂါတ်၏ အချုပ်ခန်းအတွင်းဝယ် လွယ်တာအကျီ အဟောင်းကြီးကိုဝတ်လျက် ကွတ်အကျီ အစုတ် ကြီးကို အပေါ်မှာထပ်၍ဝတ်ထားသော အသက် ၃၀ အရွယ် ခန့်တစ်ယောက်သည် ဆေးပြင်းလိပ်ကို ပါးစပ်၌ ခဲလျက် အချုပ်ခန်းသံတိုင်ကိုမှီ၍ မျက်စိများကိုမှိတ်ကာ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစား၍နေလေ၏။ ထိုအခါ အချုပ်ခန်းကို စောင့်နေသော အစောင့်ပုလိပ်လေးက . . .

"ဒီမှာ မောင်ဘာဘာ ... ခင်ဗျား ဘာတွေများ ဒီလောက် စဉ်းစားနေတာတုံး" ဟု အချုပ်ခန်း၏အပြင်မှ မေးလိုက်လေ တော့၏။

"ကျုပ်လား ... ကျုပ် ဘာကိုမှ မစဉ်းစားဘူး၊ ခင်ဗျားကို ပြောထားလိုက်ဦးမယ်၊ ဘာဘာ ဘာကိုမှ မစဉ်းစားဘူး၊ ဘာဘာ ဟာ သုညကို ယုံတယ်၊ ပြီးတော့ ဗလာကိုလဲ ယုံတယ်၊ ဘာဘာ့ ခေါင်းထဲမှာ ဘာမှမရှိဘူး၊ အမြဲ ဗလာဖြစ်နေတယ်၊ ပြီးတော့

ဘာသာပြန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားနားလည်အောင်ပြောလိုက်ဦးမယ်၊ ဘာဘာဆိုတဲ့ကောင် ဟာ ဘာကောင်မှ မဟုတ်ဘူး၊ ဒါကြောင့် ကြိုက်တဲ့အကောင် ဖြစ်ခွင့် ရှိတယ်” ဟု တစ်လုံးချင်း ပြန်၍ ပြောလိုက်လေတော့၏။

ထိုအခါ အစောင့်ပုလိပ်က . . .

“ဘာဘာဟာ ဘာကောင်မှမဟုတ်ဘူး ဗလာဖြစ်နေတယ် ဘာတွေပြောနေတာလဲ ငါ့လူရဲ့ ဗလာဆိုတာနဲ့ ပတ်သက်လို့ ကျုပ်နားလည်တာ တစ်ခုပဲရှိတယ် ... အဲဒါ ဗလာစာအုပ်ပဲ အဲဒါကလွဲပြီး ကျုပ် ဘာမှမသိဘူး” ဟု ပြန်၍ ပြောလိုက်လေ၏။

“ဪ ခင်ဗျားက ဘာမှမသိဘူး ဟုတ်လား၊ ဘာမှမသိဘူး ဆိုတာ အရည်အချင်းတစ်ခုပဲ၊ အဲဒီ အရည်အချင်းဟာ နည်းနည်းနောနော အရည်အချင်း မဟုတ်ဘူး၊ ဒါလေးကို ပျက်စီးမသွားအောင် ထိန်းသိမ်းထားစမ်းပါ ကိုယ့်လူရယ် — ဘာမှမသိဘူး ဆိုတဲ့ အခြေအနေဟာ အတော့်ကို တန်ဖိုးရှိတဲ့ အခြေအနေနော်၊ အလွဲသုံးစား လုပ်မပစ်လိုက်နဲ့၊ အဲဒါလေးကို ဖျက်ဆီးမပစ်လိုက်နဲ့” ဟု မောင်ဘာဘာက ပြန်၍ ပြောလိုက် လေ၏။ ထိုအခါ အစောင့်ပုလိပ်က . . .

“ဘာမှမသိတာ ဘယ်လိုလုပ်ပြီး အရည်အချင်းဟုတ်ရမလဲ ငါ့လူရဲ့ . . . ကျုပ်မှာဖြင့် ဘာမှမသိရကောင်းလား ဆိုပြီး အထက်လူကြီးတွေက ကြိမ်းလိုက် မောင်းလိုက်နဲ့၊ ခင်ဗျား ကျမှပဲ ကျုပ်ဟာ တော်တော်တန်ဖိုးရှိတဲ့အကောင် ဖြစ်သွား တယ်၊ ကျုပ်ဟာ ဗလာစာအုပ်လိုပဲ အလကားကောင်ပါဗျာ” ဟု ညည်းညူသံကြီးဖြင့် ပြောလိုက်လေတော့၏။

“ခင်ဗျားပြောတဲ့ ဗလာစာအုပ်အကြောင်း ကျုပ်ပြော ဦးမယ်၊ ဗလာစာအုပ်ဟာ စာအုပ်အားလုံးထက် တန်ဖိုးရှိတယ်



သူက ဗလာဖြစ်နေတဲ့အတွက် သူ့အထဲမှာ ထည့်ချင်တာထည့် လို့ ရတယ်၊ ကဗျာတွေရေးထည့်လိုက်ရင် ကဗျာစာအုပ်ဖြစ်သွား မယ်၊ ဟင်းချက်နည်းတွေ ရေးထည့်လိုက်ရင် ဟင်းချက်နည်း စာအုပ် ဖြစ်သွားမယ်၊ ညစ်ညမ်းတာတွေ ရေးထည့်လိုက်ရင် ညစ်ညမ်းတာတွေ ဖြစ်သွားလိမ့်မယ်၊ စက်ပြင်တဲ့အကြောင်း ရေးထည့်လိုက်ရင် စက်ပြင်တဲ့ ‘ကျမ်း’ စာအုပ် ဖြစ်သွားလိမ့်မယ်၊ ဘုရားရှိခိုးတွေ ရေးထည့်လိုက်ရင်လဲ ဘုရားရှိခိုးစာအုပ်ဖြစ်သွား လိမ့်မယ်၊ ပျော်စရာတွေ ရေးထည့်လိုက်ရင် ပျော်စရာစာအုပ် ဖြစ်သွားမယ်၊ ကြွေးစာရင်းတွေ ရေးထည့်လိုက်ရင်တော့ ကိုယ့်လူ စိတ်ညစ်သွားလိမ့်မယ်။

“သူ့ရဲ့ ပင်ကိုသဘောမှာ ပျော်တာလဲ မရှိဘူး၊ စိတ်ညစ် တာလဲ မရှိဘူး၊ ညစ်ညမ်းတာလဲ မရှိဘူး၊ မြင့်မြတ်တာလဲ မရှိဘူး၊ ပကတိ ဖြူစင်နေတယ်၊ အဲဒီအရာနှစ်ပါးနဲ့လဲ ကင်းလွတ်နေ တယ်။ ဒါကြောင့် သူ့ကို ကျမ်းစာအုပ်နဲ့နှိုင်းယှဉ်ပြီး တန်ဖိုးပေး လို့လဲ မရဘူး၊ ညစ်ညမ်းတဲ့စာအုပ်နဲ့နှိုင်းယှဉ်ပြီး ကဲ့ရဲ့ပြစ်တင် လို့လဲ မဖြစ်ဘူး၊ သူက တန်ဖိုးရဲ့ အပြင်ဘက်က ဖြစ်နေတယ်၊ ကောင်းတယ်လို့လဲ ပြောလို့မရဘူး၊ ဆိုးတယ်လို့လဲ ပြောလို့ မရဘူး၊ ကောင်းခြင်း ဆိုးခြင်းနဲ့လဲ လွတ်နေတယ်၊ နဂိုရှင်း၊ အလိုလိုရှင်း ဖြစ်နေတာပေါ့။

“အဲဒီထဲမှာ ကိုယ့်လူက အဲဒီဗလာစာအုပ်ကိုယူပြီး တရားခံ တွေရဲ့ နာမည်ကို ရေးလိုက်ရင်တော့ တရားခံစာရင်းစာအုပ် ဖြစ်သွားလိမ့်မယ်၊ အဲဒီစာအုပ်ကိုလဲ ဗလာစာအုပ်လို့ ခေါ်လို့မရ တော့ဘူး၊ တရားခံစာရင်းစာအုပ်လို့ နာမည်တပ်ပြီး ခေါ် ရတော့ မယ်၊ အဲဒီလို နာမည်အတပ်ခံလိုက်ရရင်တော့ အဲဒီဗလာစာအုပ်

www.burmeseclassic.com



လေးရဲ့ အခြေအနေဟာ ပျက်စီးသွားပြီ၊ သူဟာ တရားခံစာရင်း စာအုပ်အဖြစ်နဲ့ ဇာတ်သိမ်းသွားရှာပြီ။

"အဲဒီထက်အမိပ္ပာယ်ရှိတာတွေလဲ နောက်ထပ်ရေးထည့်လို့ မရတော့ဘူး၊ သူဟာ တစ်စုံတစ်ခု ဖြစ်သွားပြီ၊ အဲဒီတော့ တစ်စုံ တစ်ခုတို့ရဲ့ ထုံးစံအတိုင်း တစ်စုံတစ်ရာသော တန်ဖိုး၊ တစ်စုံ တစ်ရာသော ကန့်သတ်မှုအတွင်းသို့ ရောက်သွားပြီ၊ တရားခံ စာရင်းစာအုပ်က ဘယ်မှာသုံးမလဲ၊ ပုလိပ်ဂါတ်တဲမှာပဲ အသုံးဝင် တော့တယ်၊ ခမ္မကျောင်းတွေကိုလဲ ယူသွားလို့ မရတော့ဘူး စာသင်ကျောင်းတွေဆီကိုလဲယူသွားလို့မရတော့ဘူး၊ ကျမ်းပြုမယ့် ပညာရှိဆိုတဲ့ . . . သူတွေဆီကိုလဲ ယူသွားလို့ မရတော့ဘူး ကြွေးစာရင်းမှတ်မယ့် ကြွေးရှင်ဆီကိုလဲ ယူသွားလို့မရတော့ဘူး

"သူ့ရဲ့အခြေအနေက အတော့်ကို ကျဉ်းမြောင်းသွားပြီ သနားစရာ ဖြစ်သွားပြီ၊ စိတ်မကောင်းစရာ ဖြစ်သွားပြီ၊ ဒီလိုပဲ ခင်ဗျားဟာလဲ ဘာမှမသိသေးတဲ့အခြေအနေမှာ တန်ဖိုးရှိတယ် တစ်စုံတစ်ခုကို သိသွားပြီဆိုရင် ကန့်သတ်မှုအတွင်းကို ရောက် သွားပြီ၊ ဆေးအကြောင်းကိုသိရင် ဆေးဆရာဖြစ်သွားလိမ့်မယ် နိုင်ငံရေးအကြောင်းကိုသိရင် နိုင်ငံရေးသမားဖြစ်သွားလိမ့်မယ် သင်္ချာအကြောင်းကိုသိရင် သင်္ချာဆရာဖြစ်သွားလိမ့်မယ်၊ အဲဒီလို ဖြစ်မသွားတဲ့တိုင်အောင် ဒီအသိရဲ့ ကျဉ်းမြောင်းတဲ့ဘောင်လေး ထဲမှာ ကိုယ့်လူဟာ မလွတ်မြောက်နိုင်တော့ဘူး၊ သနားစရာ ဖြစ်သွားပြီ၊ ခိုကိုးရာမဲ့ ဖြစ်သွားပြီ။

"ဒီလိုဖြစ်သွားပြီးမှ ဘာမှ မသိအောင် ပြန်လုပ်ပါ ဆိုရင် အတော်ခက်တယ်နော်၊ တစ်ခါတလေ တစ်သက်လုံးလုပ်တာ တောင် မဖြစ်တော့ဘူး၊ ဒါကြောင့် မိတ်ဆွေကောင်းတစ်ယောက်



အနေနဲ့ အကြံပေးချင်တာကတော့ ဘာမှမသိတဲ့ ကိုယ့်လူရဲ့ အဖြစ်ကို မြတ်နိုးစမ်းပါ ... တွယ်တာစမ်းပါ" ဟု မောင်ဘာဘာ ဆိုသူက ရှည်လျားစွာပြောလိုက်ရာ အစောင့်ပုလိပ်ကလေးသည်

"အင်း ... ခင်ဗျားပြောတော့လဲ ဘာမှ မဟုတ်တာရယ်၊ ဘာမှမရှိတာရယ်၊ ဘာမှမသိတာရယ်ဟာ အတော့်ကိုအဖိုးတန် နေတာပဲ၊ တခြားလူတွေကျတော့ ကျုပ်ကို ဘာမှ မသိတာရယ်၊ ဘာမှ မရှိတာရယ်ကို အတော့်ကို ပြဿနာ လုပ်နေကြတာပဲ မောင်ဘာဘာရယ်၊ ခင်ဗျားဟာတွေကလဲ အဆန်းတွေပါလား" ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ပင် ဂါတ်စာရေးသည် တစ်စုံတစ်ယောက်အား အချုပ်ခန်းတွင်းသို့ ထည့်ရန် အချုပ်ခန်းဆီသို့ ဆွဲ၍ ခေါ်လာ လေ၏။

ထိုသူမှာ အပေါ်ဖြူ အောက်ဖြူဝတ်၍ ပိတ်ဖြူတဘက် တစ်ထည်ကို လက်ကတော့ ထိုးထားလေ၏။

ထိုလူ၏လက်တွင် ပြောင်၍နက်နေသော ပုတီးကြီးတစ်ကုံး လက်၌ စွပ်၍ထားလေ၏။ အခြားသော ပုတီးနှစ်ကုံးကိုလည်း လည်တိုင်၌ စွပ်၍ထားလေ၏။ ထိုသူ၌ ဆံမုတ်ဆိတ်တို့ရှိ၏။

သူ၏ပုံသဏ္ဌာန်မှာ ပွဲထဲတွင် မကြာခဏ တွေ့ရတတ်သော ဘိုးသူတော်နှင့်သာ တူလေတော့၏။

ဂါတ်စာရေးသည် အချုပ်ခန်းတံခါးကို သော့ဖွင့်၍ ထိုသူ အား သွင်းလိုက်လေ၏။

အချုပ်ခန်းအတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း ထိုသူသည် အချုပ်ခန်းအတွင်းရှိ သမံတလင်းကို ခနောင့်ဖြင့် ကိုးချက်တိတိ တဒုန်းဒုန်းဖြင့် ပေါက်လိုက်ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"အောင်ဇေယျတု ... အောင်ဇေယျတု ... အောင်ဇေယျတု အောင်ပြီ ... အောင်ပြီ ... အောင်ပြီ" ဟု ကျယ်လောင်စွာ အော်လိုက်လေ၏။ ထို့နောက် ထိုသူသည် ၎င်း၏လွယ်အိတ် အတွင်းမှ ပန်းအိုးကလေးတစ်လုံးကို ထုတ်လိုက်လေ၏။

ထိုလွယ်အိတ်အတွင်းမှလည်း ပန်းကလေး နှစ်ပွင့် သုံးပွင့် ပါလာသည်ဖြစ်ရာ ပိတ်ဖြူစင်ကြယ်နှင့်လူသည် ပန်းအိုးတွင် ပန်းများစိုက်ပြီး စန္ဒရီပုလိပ်အား . . .

"ကဲ ... ကျုပ်ရဲ့ ဝေနေယျကြီးရယ် ... ဟောဒီအိုးကလေး ထဲကို ရေထည့်ပေးစမ်းပါ" ဟု ပြောလိုက်သဖြင့် ပုလိပ်ကလေး လည်း ပန်းအိုးကို လှမ်း၍ယူပြီးလျှင် . . .

"ခင်ဗျားလိုလူမျိုးတွေ အချုပ်ထဲရောက်လာရင် တော်တော် အလုပ်ရှုပ်တယ်" ဟု ဆိုကာ ရေခပ်ရန်အတွက် ထွက်ခွာသွား လေ၏။ ထိုအခါ ပိတ်ဖြူစင်ကြယ်နှင့်လူက . . .

"သြော် ... ဝေနေယျတွေ ... ဝေနေယျတွေ ... တယ်ထဲ ဝင်ကြီးပါလား၊ ငါဟာ ဒီနေရာတွေကို လာချင်လို့များ လာတယ် လို့ အောက်မေ့နေကြသကိုး၊ သင်တို့ကိုကယ်ဖို့ လာတယ်ဆိုတာ မသိသား ဆိုးရှားလိုက်ကြတာ" ဟု ရေရွတ်လိုက်လေ၏။

များမကြာမီ၌ပင် ရေသွားခပ်သော စန္ဒရီပုလိပ် ရောက်လာ ပြီးလျှင် ပန်းအိုးကလေးကို သံတိုင်ကြားမှနေ၍ ပိတ်ဖြူဝတ်ထား သောလူအား လှမ်း၍ ပေးလိုက်လေ၏။ ပိတ်ဖြူနှင့်လူလည်း ပန်းအိုးကို လှမ်း၍ယူရင်း ပုလိပ်ကလေးအား . . .

"မင်း ပါရမီဓာတ်ခံ မနည်းဘူးကွ၊ ဒါကြောင့် ငါလာခဲ့ရ တာပဲ" ဟုပြောဆိုကာ ၎င်း၏လွယ်အိတ်အတွင်းသို့နှိုက်လိုက် ရာ သွပ်နန်းကြိုးကလေးတစ်ချောင်း ပါ၍လာလေ၏။



ထိုအခါ ထိုလူသည် သွပ်နန်းကြိုးဖြင့် ပန်းအိုး၏လည်တိုင် ကို ရစ်ပတ်လိုက်ပြီးနောက် ထိုပန်းအိုးကို သံတိုင်တွင်ချည်လိုက် လေတော့၏။ ထို့နောက် ထိုသူက . . .

"ဥဒ္ဒိဿ-ရည်မှတ်၍ ..." ဟု အစချီကာ ရှည်လျားစွာ ဆုတောင်းလေ၏။

၎င်း၏ ဆုတောင်းတွင် ကျိုက်ထီးရိုးဘုရားလည်း ပါ၏။ ရသေ့တောင်လည်း ပါ၏။ ဆူးလေဘုရားလည်း ပါ၏။ ကျိုက်ခေါက်ဘုရားလည်း ပါ၏။ ဘိုးဘိုးကြီးတွေလည်း စုံနေ အောင် ပါ၏။ မယ်တော်များလည်း ပါ၏။ သမုတိနတ်မင်းအစစ် ဖြစ်တော်မူသော . . . ဂျော့ဘုရင် မင်းမြတ်လည်း ပါ၏။ မြောက်မြားစွာသော မယ်တော်ကြီးများလည်း ပါ၏။ ထို့နောက် ထိုသူသည် မောင်ဘာဘာဘက်သို့လှည့်ကာ . . .

"ကိုယ့်လူက ဘာမှုတုံး" ဟု မေးလေ၏။

မောင်ဘာဘာက ဆေးပြင်းလိပ်ကို ခဲလျက်နှင့် . . .

"ခင်ဗျားကရော ဘာမှုလဲ" ဟု မေးလိုက်ရာ ထိုသူက . . .

"ဒီလိုပြောလို့ ဘယ်ဖြစ်မတုံးကွ၊ ပါပလူမျိုး ကိုးဆယ့်ကိုး လို့ အသိတိခေတ်ကျမ်းမှာ ဆိုတယ်မဟုတ်လား၊ အဲဒီတော့ ပါပကောင်တွေက ကျုပ်ကိုဖမ်းပြီး ဒီကိုပို့လိုက်တာပေါ့" ဟု ထို ပိတ်ဖြူစင်ကြယ်နှင့်လူက ပြောလေ၏။ ထိုအခါ မောင်ဘာဘာ က . . .

"အပိုတွေ လုပ်မနေစမ်းပါနဲ့၊ ရိုးရိုးသားသား လုပ်စမ်းပါ၊ ဖိုးတွမ်တီးနဲ့လား၊ ဖိုးအိုစစ်နဲ့လား ... ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ လိမ်လည်မှုတစ်ခုခုနဲ့ ရောက်လာတဲ့လူ ဖြစ်ရမယ်၊ ကျုပ်က သုံးရာ့နှစ် အမှုပေါင်းနဲ့ ရောက်လာတာ၊ အဲဒီတော့ အချုပ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အတူနေကြစဉ်အတွင်း တစ်ဦးကိုတစ်ဦး ပြဿနာမလုပ်ကြေးပေါ့ဗျာ၊ မဟုတ်ဘူးလား ကိုမုတ်ဆိတ်ရယ်" ဟု ပြောလိုက်ရာ ထိုသူက . . .

"အဲဒါ ခက်တာပေါ့၊ လူပြိန်းတွေ လူအန္ဓတွေက လိမ်တယ်လို့ ထင်တယ်၊ အဲဒါ လိမ်တာမဟုတ်ဘူး၊ ဝိဇ္ဇာလှည့်ကွက် ... ဝိဇ္ဇာဆိုတာ နေရာတိုင်း တည့်တည့်လုပ်လို့ မရဘူး၊ လှည့်တန်တာလှည့်ရတယ်၊ နောက်ပြီးတော့ ကိုယ့်လူကို ပြောထားရဦးမယ်၊ ကျုပ်နာမည်က ကိုမုတ်ဆိတ် မဟုတ်ဘူး၊ ကမ္ဘာလုံးဆိုင်ရာ ဝိဇ္ဇာမိုရ်ရှိအပေါင်း၏ ဦးစီးနာယက မဟာဗလထိပ်ခေါင်" ဟု ထိုသူက ပြောလိုက်လေ၏။ ထိုအခါ မောင်ဘာဘာက . . .

"တွေ့ရတာဝမ်းသာပါတယ်၊ ခင်ဗျားနဲ့ တန္တေနဲ့ ဘယ်သူက ရာထူးကြီးသလဲ" ဟု ပြောလိုက်လေ၏။

"ထွီ ... ဝိဇ္ဇာပါဆို တန္တေနဲ့ ဘယ်သူက ရာထူးကြီးသလဲတဲ့ ဘာတွေလျှောက်ပြီးမေးနေမှန်းမသိဘူး၊ ဒါနဲ့နေဦး ကိုယ့်လူ -- အချုပ်ခန်းထဲမှာ နေ့တိုင်း ဘုရားပန်းလဲရမယ် ... အဲဒီတော့ ပန်းဖိုးကို ကိုယ့်လူလဲ ထည့်ရမယ်" ဟု မဟာဗလထိပ်ခေါင်က ပြောလိုက်ရာ မောင်ဘာဘာက . . .

"အဲဒါတော့သည်းခံပါဗျာ၊ ကျုပ်မှာ ထည့်ဖို့ ပိုက်ဆံတစ်ပြားမှ မရှိပါဘူး" ဟု မောင်ဘာဘာက ပြောရာ ထိုသူက . . .

"မရှိလို့မလှူ မလှူလို့မရှိ ... သံသရာ လည်နေတာပေါ့ ကိုယ့်လူရယ်" ဟု မဟာဗလထိပ်ခေါင်ကပြော၍ အမြီးအမောက် မတည့်သောစာများကို ရွတ်ဆိုနေလေတော့၏။

မောင်ဘာဘာမှာမူ အချုပ်ခန်းသံတိုင်ကိုမှီ၍နေလေ၏။

ထိုအခါ အစောင့်ပုလိပ်ကလေးက . . .



"မောင်ဘာဘာ ... အခုဝင်လာတဲ့လူကြီးက ဘာကြီးလဲ" ဟု တိုးတိုးလေသံဖြင့် မေးလိုက်လေ၏။

"ခားပြကြီး ... ဒါမှမဟုတ်ရင် လူလိမ်ကြီး ... ဒါမှမဟုတ်ရင် သူခိုးကြီးဖြစ်မှာပါ၊ ဒီအမျိုးအစား တစ်မျိုးမျိုးထဲကပဲ ဖြစ်မှာပါ" ဟု မောင်ဘာဘာက ပြောလိုက်လေ၏။

"ဘယ်ကောင်းမလဲဗျာ ... ခားပြ၊ သူခိုး၊ လူလိမ်ဆိုတာ မုန်းစရာတွေပဲ" ဟု အစောင့်ပုလိပ်က ပြောလိုက်လေ၏။ မောင်ဘာဘာကမူ ဘာကိုမျှ ဝင်၍မပြောဘဲ ငြိမ်၍နေလေ၏။ ထိုအခါ အစောင့်ပုလိပ်က . . .

"လောကမှာ သူခိုး ခားပြ ဆိုတာတွေ၊ လူလိမ်လူကောက်ဆိုတာတွေ မရှိရင် ကောင်းမယ်ဗျ၊ မဟုတ်ဘူးလား ကိုဘာဘာ" ဟု ပြောလည်းပြော၊ မေးလည်း မေးလိုက်လေ၏။

"ခင်ဗျားပြောသလိုဆိုရင် လောကကြီး အလှပျက်သွားမှာပေါ့ဗျာ" ဟု မောင်ဘာဘာက ပြောလေ၏။

"အဲဒီဟာတွေမရှိရင် ပိုပြီးလှမလာဘူးလားဗျာ" ဟု အစောင့်ပုလိပ်က မေးလိုက်လေ၏။

"ဒီလိုစဉ်းစားကြည့်ရအောင်ဗျာ ... ခင်ဗျားအနေနဲ့ အဖြူနဲ့ အမည်း ဘယ်ဟာကိုကြိုက်သလဲ" ဟု မောင်ဘာဘာက မေးလိုက်လေ၏။

"အဖြူကို ကြိုက်တာပေါ့ဗျ ... အမည်းကြီးက ကျက်သရေမရှိပါဘူး" ဟု အစောင့်ပုလိပ်က ဖြေလေ၏။

"ကဲ ... ကောင်းပြီ၊ ဟောဒီလောကကြီးမှာ အဖြူချည်းရှိရမယ် ... ကျက်သရေမင်္ဂလာမရှိတဲ့ အမည်းရောင်ဆိုတာ မရှိဘူးဆိုရင် ဘယ်လိုဖြစ်သွားမလဲ" ဟု မောင်ဘာဘာက ပြန်၍မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လုံးလုံးပျောက်သွားလို့တော့ မဖြစ်ဘူးဗျ၊ အမည်းရောင်လဲ ရှိဦးမှဖြစ်မှာ" ဟု အစောင့်ပုလိပ်က ပြောလိုက်လေ၏။

"ဒီလိုပဲပေါ့ဗျာ ... လူဆိုးသူခိုးဆိုတာလဲ လောကကြီးမှာ ရှိနေတာဟာ ရှိဖို့လိုအပ်လို့ကို ရှိနေတာပါ၊ လောကမှာ ဖြူစင်သန့်ရှင်းတဲ့ ကြာပန်းပဲ ရှိရမယ်၊ ကြာပန်းအောက်က မည်းညစ်နေတဲ့ ရွှံ့ညွန်ဆိုတာမရှိရဘူးလို့ တောင့်တတဲ့နည်းနဲ့ မတောင့်တချင်စမ်းပါနဲ့ဗျာ၊ ရှိနေတာကိုက လိုအပ်လို့ ရှိနေတယ်လို့ ယူဆပြီး ကျေနပ်လိုက်စမ်းပါ၊ လောကကြီးသာ မလိုအပ်ရင် ဘယ်လိုဆိုးတာမျိုးပဲဖြစ်ဖြစ်၊ ဘယ်လိုကောင်းတာမျိုးပဲဖြစ်ဖြစ် မရှိစေရပါဘူးဗျာ၊ အလိုလိုပျောက်ကွယ်ပြီးသားပါ၊ အဲဒီလိုပျောက်ကွယ်သွားစေဖို့ လောကကြီးမှာ အလွန်အင်မတန် အစွမ်းထက်တဲ့ လက်နက်ကြီးတစ်ခု ရှိတယ်ဗျ" ဟု မောင်ဘာဘာက ပြောလိုက်လေ၏။

"အဲဒီလက်နက်က ဘာလဲ ... ဘယ်လိုဟာလဲ" ဟု အစောင့်ပုလိပ်ကလေးက မေးလိုက်လေ၏။

"အဲဒါ အချိန်ကာလပေါ့ဗျ၊ အချိန်ကာလဆိုတဲ့အရာဟာ လောကကြီးမှာ ရှိသင့်တာရော၊ မရှိသင့်တာရောကို ကျကျနန ကြီး ဝါးမျိုချေမှုန်းပစ်တယ်" ဟု မောင်ဘာဘာက ပြောလေ၏။

"အဟုတ်ပဲလားဗျာ" ဟု အစောင့်ပုလိပ်ကလေးက မေးလိုက်လေ၏။

ထိုအခါ မောင်ဘာဘာသည် ဆေးပြင်းလိပ်တိုကို ပြာခြွေ၍ မီးတို့လိုက်လေ၏။ မဟာဗလထိပ်ခေါင်မှာမူ စောင်ကလေးတစ်ထည်ကိုခင်း၍ အိပ်စက်နေပြီဖြစ်၏။



မောင်ဘာဘာသည် ဆေးလိပ်သောက်ရင်း . . . မဟာဗလထိပ်ခေါင်ကို လှမ်း၍ အကဲခတ်လိုက်လေ၏။ မဟာဗလထိပ်ခေါင်သည် အိပ်ပျော်သွားပြီဖြစ်၏။

ထိုအခါ အစောင့်ပုလိပ်ကလေးက . . .

"ပြောစမ်းပါဦး ... အချိန်ကာလ ဆိုတဲ့ အကြောင်း" ဟု စကားကို ပြန်၍ရုပ်သိမ်းလိုက်လေ၏။

"ကိုယ့်လူကို ပြောပြမယ်၊ သေသေချာချာ နားထောင် ... တစ်ခါတုန်းက မုဆိုးမတစ်ယောက်ဟာ သူ့ရဲ့တဲကလေးအရှေ့ လမ်းဘေးမှာ ထမင်းချက်တယ်ဆိုပဲ၊ ထမင်းအိုးဆူပြီးလာတော့ ထမင်းရည်တွေကို မြေကြီးပေါ် ငှဲ့ပစ်လိုက်တယ်၊ ထမင်းရည်တွေဟာ လမ်းပေါ်ကို စီးသွားတာပေါ့၊ အဲဒီအချိန်မှာပဲ ရှင်ဘုရင်က တိုင်းခန်းလှည့်လည်လာလိုက်တာ . . . မုဆိုးမရဲ့အိမ်ရှေ့ကို ရောက်လာတယ်၊ အဲဒီရှင်ဘုရင်ရဲ့နာမည်က 'သာလွန်မင်းတြားကြီး' လို့ ခေါ်တယ်၊ အဲဒီသာလွန်မင်းတြားကြီးက တခြားဘုရင်တွေလို မဟုတ်ဘူး၊ အတော့်ကို စည်းကမ်းစနစ်ကြီးမားတယ်၊ သူ့ရဲ့ လက်ထက်တော်မှာ အလေးတွေ၊ တင်းတောင်းတွေ၊ ချိန်ခွင်ချိန်ခွက်တွေကို တစ်နိုင်ငံလုံးမှာ တညီတညွတ်တည်းဖြစ်အောင် လုပ်ခဲ့တယ်၊ ချွေတာရေးကိုလဲ အလွန်သဘောကျတော်မူတယ်၊ အဲဒီလိုစည်းကမ်းရှိပြီး ချွေတာရေးကိုမြတ်နိုးတော်မူတယ်တဲ့၊ သာလွန်မင်းတရားကြီးဟာ စည်းမဲ့ကမ်းမဲ့ ထမင်းရည်တွေ သွန်ပစ်နေတဲ့ မုဆိုးမကိုလဲမြင်ရော အလွန်ကို ဒေါပွသွားတယ်၊ ဒေါပွတာဟာ ထမင်းရည်တွေနဲ့ လမ်းကို ညစ်ပတ်ပေရေအောင်လုပ်လို့ ဒေါပွတာမဟုတ်ဘူး၊ ထမင်းရည်တွေကို အလဟဿ ဖြုန်းတီးပစ်လို့ ဒေါပွတာ၊ အဲဒါနဲ့ မုဆိုးမကိုခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



'ဟယ် … မုဆိုးမ၊ ထမင်းရည်ကို သင်၏သားငယ်သမီးငယ်တို့ကို ကျွေးရင် မရသလော၊ သင်၏ သားငယ်သမီးငယ်တို့ သောက်သုံးပြီးလျှင်လဲ သင့်အိမ်၌ မွေးထားသော ခွေးဝက်ကြက်တို့ကို ကျွေး၍မရသလော' ဆိုပြီး ကိုယ်တော်တိုင် မုဆိုးမကို ကြိမ်လုံးနဲ့ရိုက်ပြီး . . . ချွေတာရေးအတွက် ဆုံးမတော်မူခဲ့တယ်ဗျ" ဟု မောင်ဘာဘာက ပြောလိုက်ရာ ပုလိပ်ကလေးက . . .

"အဲဒါနဲ့ အချိန်ကာလနဲ့ ဘယ်လိုဆိုင်လို့တုံး၊ ကျုပ်သိချင်တာက အချိန်ကာလ" ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ဘာဘာက . . .

"ပြောမယ်လေဗျာ၊ အဲဒီတော့ ချွေတာရေးကိုနားမလည်တဲ့ မုဆိုးမရော၊ ချွေတာရေးကို လွန်စွာမြတ်နိုးတော်မူတဲ့ သာလွန်မင်းတရားကြီးရော အခုဘယ်မှာလဲ၊ လောကကြီးမှာ မရှိတော့ဘူး၊ အချိန်ကာလက ဝါးမျိုပစ်လိုက်ပြီလေ … အဲဒါကြောင့် လောကမှာ ဘယ်လောက်ပဲမြင့်မြတ်မြင့်မြတ်၊ ဘယ်လောက်ပဲ နိမ့်ကျနိမ့်ကျ အချိန်ကာလဆိုတဲ့ ပါးကွက်အာဏာသားကတော့ မျက်နှာမလိုက်ပါဘူး၊ နှစ်ဦးစလုံးကို သုတ်သင်ရှင်းလင်းပစ်ခဲ့တာချည်းပဲ မဟုတ်လား၊ အဲဒီတော့ အချုပ်ခန်းထဲက ကျုပ်ရော၊ အချုပ်ခန်းကိုစောင့်နေတဲ့ ခင်ဗျားရော နှစ်ယောက်စလုံးဟာလဲ နောင်နှစ်ပေါင်းများစွာမှာ မရှိတော့ပါဘူး၊ အချိန်ကာလဆိုတဲ့ အရာက ဖျက်ဆီးပစ်မှာပါ" ဟု မောင်ဘာဘာက ပြောလိုက်ရာ အစောင့်ပုလိပ်ကလေးသည် ငိုင်၍သွားလေတော့၏။

ထို့နောက် ပြုံးလိုက်လေ၏။ ပြုံးပြီးနောက် . . .

"ရှင်းပါပြီ … သဘောပေါက်ပါပြီဗျာ" ဟု အစောင့်ပုလိပ်က ပြောလိုက်လေ၏။ ထို့နောက် အစောင့်ကင်းလဲသဖြင့် အစောင့်



ပုလိပ်ကလေးလည်း . . . မောင်ဘာဘာအား နှုတ်ဆက်ကာ ထွက်သွားလေ၏။

အသစ်ရောက်လာသော အစောင့်ပုလိပ်သည် သံတိုင်နှင့် အချုပ်ခန်းကို ယုံကြည်စိတ်ချသောကြောင့် အိပ်စက်လေတော့၏။ အိပ်ရာမှနိုးသောအခါ၌မူ အချုပ်တရားခံနှစ်ဦး ရှိသည့်အနက် ပိတ်ဖြူစင်ကြယ်နှင့် တရားခံတစ်ဦးသာ ကျန်ပြီး မောင်ဘာဘာဆိုသည့် အချုပ်တရားခံ တစ်ဦးသည် ထူးဆန်းစွာ ပျောက်ဆုံးနေပြီဖြစ်၏။ ထို့ကြောင့် . . . ဂါတ်တစ်ခုလုံးသည် ပွက်လောရိုက်၍ သွားလေတော့၏။

မောင်ဘာဘာနှင့်အတူ စကားလက်ဆုံကျလျက် ရှိသော အစောင့်ပုလိပ်ကလေး မောင်ရွှေသွေး ဆိုသူပါ ပျောက်ခြင်းမလှ ပျောက်၍နေခြင်းပင်ဖြစ်၏။ သို့ရာတွင် ထိုနေ့ညက စိတ်ချယုံကြည်စွာအိပ်လျက်ရှိသော အစောင့်ပုလိပ်အသစ်ကိုမူ ၎င်း၏ ကင်းတာဝန်အချိန်၌ တရားခံပျောက်ဆုံးသည်ဖြစ်ရာ ၎င်းအား အချုပ်ခန်းအတွင်းသို့ သွင်းလိုက်လေတော့၏။ ပုလိပ်ကလေးလည်း စိတ်ပျက်အားငယ်စွာဖြင့် အစောင့်ဘဝမှ တရားခံဘဝသို့ ရောက်ကာ အချုပ်ခန်းအတွင်း ဝင်ရလေ၏။ ထိုအခါ အချုပ်ခန်းအတွင်းမှမဟာဗလထိပ်ခေါင်က အစောင့်ပုလိပ်လေးကို ကြည့်ကာ . . .

"ကျွတ်…ကျွတ်…ကျွတ်…သနားစရာကွယ်…ပုလိပ်ကနေ တရားခံဖြစ်ရတယ်လို့၊ ကာလဝိပါက် နောက်ပိုးတက် ဆိုတာ ဒါမျိုးပေါ့ကွာ" ဟု ပြောလိုက်လေ၏။

"ဒါနဲ့နေစမ်းပါဦးကွာ၊ ပျောက်ဆုံးသွားတဲ့ တရားခံနာမည်က ဘယ်သူလဲ . . . မင်းတို့ဂါတ်က ဘာမှုနဲ့ ဖမ်းထားတာလဲ" ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဘာဘာလို့ခေါ်တယ်၊ ရွက်လှေတစ်စင်းနဲ့ ခိုးဝင်လာတာ၊ ရွက်လှေကလဲ သီဟိုဠ်ကျွန်းဘက်ကရွက်လှေ၊ ပြီးတော့ အဲဒီ မောင်ဘာဘာ ဆိုတဲ့လူမှာ အရင်က လူသတ်မှုဟောင်း ရှိဖူးတယ်လို့ သိရတယ်၊ အဲဒါကလဲ ကြာပါပြီ၊ သူ့နာမည်တစ်မျိုး ရှိသေးတယ်၊ မိုးသီးလို့ခေါ်တယ်" ဟု ပြောလိုက်ရာ မဟာဗလထိပ်ခေါင်သည် "ဟိုက်" ဟု ကျယ်လောင်စွာအော်ကာ ထိုင်ရာမှ ထ၍ ခုန်လေတော့၏။ ထိုအခါ ပုလိပ်ကလေးက . . .

"မိုးသီးလို့ ပြောလိုက်တာနဲ့ ခင်ဗျားက ဘယ်လိုဖြစ်သွားရတာတုံး" ဟု မေးလိုက်လေ၏။

"ငါ သူ့ကိုလိုက်ရှာနေတာ၊ ထားဝယ်ကိုလဲ ရောက်ခဲ့ပြီးပြီ၊ ဒီမိုးသီးဆိုတဲ့ကောင် မြန်မာပြည် ပြန်ဝင်လာပြီဆိုတာ သတင်းကြားကတည်းက သူ့နောက်ကို ငါ ခြေရာခံပြီး လိုက်လာတာ၊ တွေ့မယ့်တွေ့တော့ အချုပ်ခန်းထဲမှာ လာတွေ့တယ်၊ ဒါပေမဲ့ လက်မတင်လေး လွတ်သွားတယ်ကွ" ဟု မဟာဗလထိပ်ခေါင်က ပြောလိုက်လေ၏။

"နေစမ်းပါဦး ဆရာကြီးရယ် ...ခင်ဗျားက အဲဒီမိုးသီး ခေါ် ဘာဘာကို ဘာပြုလို့ ရှာနေရတာလဲ" ဟု ပုလိပ်ကလေးက မေးလိုက်၏။

"ပြောရမှာက ဇာတ်လမ်းက အရှည်ကြီးကွ၊ မိုးသီး ဆိုတဲ့ ကောင်က လူသတ်သမားကွ ... သူတို့ထဲမှာ သေတ္တာ ဆိုတဲ့ အကောင်တစ်ကောင် ရှိသေးတယ်၊ အဲဒီကောင်က သူခိုးကွ၊ အဲဒီနှစ်ကောင်ရယ်၊ ဩရ ဆိုတာရယ် ပေါင်းမိပြီး ငါ့ညီကို သတ်သွားတာပဲ၊ ငါ့ညီက မောင်လေးလို့ ခေါ်တယ်၊ ငါက မောင်ကြီး၊ ငါ့ညီ မောင်လေးရယ်၊ ဆရာမူ ဆိုတဲ့ လူတစ်ယောက်



ရယ်ဟာ ပင်လယ်ဓားပြလုပ်ဖူးတယ်ကွ၊ စောစောက ငါပြောတဲ့ ဩရ ဆိုတာက ဆရာမူရဲ့ သားပေါ့ကွ၊ အဲဒီ ဩရကို ထောင်ထဲမှာ မိုးသီးရယ်၊ ပရော်ဖက်ဆာဆိတ်ဖွား ဆိုတဲ့ လူဆိုးကြီးတစ်ဦးက သိမ်းသွင်းပြီး ထောင်ဖောက်ပြေးကြတာကွ။

"ဒါပေမဲ့ ထောင်ဖောက်ပြီးပြေးတဲ့အခါမှာ ပရော်ဖက်ဆာဆိတ်ဖွား ဆိုတဲ့ဟာကြီးက ထောင်ထဲမှာနေခဲ့သေးတာ၊ ဩရနဲ့ မိုးသီးကိုသာ လွတ်အောင် လုပ်ပေးလိုက်တာ၊ အပြင်ရောက်တော့ သေတ္တာ ဆိုတဲ့ သူခိုးတစ်ကောင်နဲ့ ထပ်ပေါင်းပြီး ငါ့ညီ မောင်လေးကို သတ်တယ်၊ ငါ့ညီရဲ့လူယုံ ဘကောင်း ဆိုတဲ့လူကိုလဲသတ်ပြီး ရွက်လှေကြီးယူသွားတယ်၊ ငါ့ညီရဲ့သက်တော်စောင့် ကြေးမြီး ဆိုတဲ့ ကောင်ကိုလဲ သတ်သွားတယ်၊ ပြီးတော့ ငါ့ညီ မောင်လေးတို့ ဝှက်ထားတဲ့ ရတနာပစ္စည်းတွေကိုလဲ ဒီကောင် သုံးကောင် အကုန်ယူသွားတယ်၊ ပြီးတော့ မိုးသီး ဆိုတဲ့ ကောင်က သီဟိုဠ်ကျွန်းကို ထွက်ပြေးသွားတယ်။

"မမင်းဖြူ ဆိုတဲ့ အငြိမ့်မင်းသမီးလေးအမှုဖြစ်တုန်းကတော့ မိုးသီးရော သေတ္တာရော မြန်မာပြည်ကို ပြန်လာပြီး အဖမ်းခံကြသေးတယ်၊ ပြီးတော့ ထောင်ဖောက်ပြီး ပြေးကြပြန်တာပေါ့။ အခု မိုးသီးဆိုတဲ့ကောင်ရယ်၊ သေတ္တာရယ် မြန်မာပြည်ထဲကို ပြန်ဝင်လာပြီဆိုတာ သတင်းရလို့ ငါ့ညီ မောင်လေးအတွက် သက်စားချေဖို့ ငါက သူ့ကိုလိုက်ပြီး ရှာနေတာ၊ လူချင်းတွေ့တာတောင် သူမှန်း မသိတော့ ခံရတာပေါ့ကွာ။

"ဒီကောင်နှစ်ကောင်ကိုရှာဖို့ ငါက ဒီအဝတ်အစားတွေနဲ့ မဟာဗလထိပ်ခေါင် ဆိုပြီး မြန်မာပြည်အနှံ့ လျှောက်သွားနေရတာပေါ့ကွာ၊ အဲဒါကို မင်းတို့ဂါတ်က မသင်္ကာလို့ ဖမ်းထားလို့

www.burmeseclassic.com

www.burmeseclassic.com



အခက်တွေ့နေတာပေါ့။ ဒါပေမဲ့ မကြာပါဘူး၊ တစ်ရက်နှစ်ရက် ဆိုရင် ရန်ကုန်က ငါ့တပည့်တစ်ယောက်လိုက်ပြီး ငါ့ကို အာမခံ ထုတ်လိမ့်မယ်ကွ" ဟု မဟာဗလထိပ်ခေါင်က ရှည်လျား ရှင်းပြနေလေတော့၏။

မှတ်ချက်။ မဟာဗလထိပ်ခေါင် ( ခေါ် ) ဦးမောင်ကြီး ပြောပြ နောက်ကြောင်း ဇာတ်လမ်းများကို ဂုဏ်ဒေးမိတ် ဖော်ပြ ၍ စာအုပ်ခန့်လူထဲသော စာအုပ်ကြီးတစ်အုပ် ရေး ထုတ်ဝေမှသာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် သားပု နှင်းမောင်မြ မိတ်ဆွေ စာဖတ်ပရိသတ်များသည် သားပု နှင်းမောင်နှင့် မမင်းဖြူ မှန်မှန်ပြော ဆိုသော ဝတ္ထုကို ဖတ် ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ မဖတ်ရသေးသော မိတ် များလည်း 'သားပုလင်းနှင်းမောင်နှင့် မမင်းဖြူ မှန်မှန်ပြော ဝတ္ထုကို ဖတ်ကြည့်လျှင် ၎င်းဝတ္ထု၌ ပိုမို၍ အရသာခံစားရ ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ထိုဝတ္ထုကိုလည်း ဉာဏ်ဝင်းစာပေမှ ရိုက်နှိပ်ထုတ်ဝေ ဖြစ်ပါသည်။

(စာရေး

* * * * *

## မိုးသီး၏ ဈေးဦးပေါက် လက်စွမ်းပြ

မောင်ဘာဘာ ဟု အမည်ပြောင်းထားသော မိုးသီးမှာ ပုလိပ်ကလေး မောင်ရွှေသွေး၏ အကူအညီဖြင့် အချုပ်ခန်း အတွင်းမှ ထွက်ပြေးလွတ်မြောက်ခဲ့လေ၏။

သူသည် တစ်ခါကလည်း အချုပ်ထောင်မှ ထွက်ပြေးခဲ့ဖူး ၏။ ထိုသို့ထွက်ပြေးပြီးလျှင် ဒုက္ခရောက်နေသော "ဩရ" ဆိုသည့် လူတစ်ဦးအား အသက်စွန့်၍ အကူအညီပေးဖူး၏။ ထိုစဉ်က သူသည် သေတ္တာနှင့်ပူးပေါင်းကာ ဩရအား ကူညီ ခဲ့ခြင်းဖြစ်၏။ ထို့နောက် ရတနာကျွန်းတစ်ကျွန်းကို ရှာဖွေ၍ ဩရ၊ သေတ္တာနှင့် သူသည် အညီအမျှ ခွဲဝေယူခဲ့ကြ၏။

ယခုအခါ၌မူ သူသည် သီဟိုဠ်ကျွန်း၌ ရတနာကုန်သည်ကြီး အဖြစ် ကြီးပွားချမ်းသာနေပြီ ဖြစ်၏။ သို့ရာတွင် သေတ္တာက အရေးကြီးသည်၊ မြန်မာပြည်သို့ ဖြစ်သည့်နည်းနှင့် အမြန်လာခဲ့ ပါဟု အကြောင်းကြားခဲ့၏။

ပင်လယ်တွင်းတစ်နေရာရှိ မြကျွန်းသာပေါ်သို့ ရောက်ရှိ နေသော ပရော်ဖက်ဆာဆိတ်ဖွား ဆိုသူထံသို့လည်း သေတ္တာက ဤနည်းအတိုင်း အကြောင်းကြားခဲ့၏။

ပင်လယ်တွင်း တစ်နေရာရှိ မြကျွန်းသာပေါ်သို့ ရောက်ရှိ နေသော ပရော်ဖက်ဆာဆိတ်ဖွား ဆိုသူထံသို့လည်း သေတ္တာက ဤနည်းအတိုင်း အကြောင်းကြားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာဆိတ်ဖွားလည်း မြန်မာပြည်သို့ လာနေပြီ ဖြစ်၏။ ထို့ကြောင့် မိုးသီးလည်း မြန်မာပြည်သို့ ခိုး၍ဝင်ရောက်စဉ်က အဖမ်းခံခဲ့ရ၏။

ထိုသို့အဖမ်းခံရစဉ် သူ၏အမည်အား မောင်ဘာဘာဟူ အမည်ပေးခဲ့၏။ သို့ရာတွင် သူ၏ လူသိများသောနာမည်မှာ မိုးသီး ဖြစ်၏။

မိုးသီးနှင့် သေတ္တာတို့သည် ကူညီရန် လိုအပ်သောလူများကို အသက်စွန့်၍ ကူညီတတ်ကြ၏။ သူတို့၏ အသက်များကိုပင် သူတစ်ပါးအတွက် ကူညီရန်ဆိုလျှင် တန်ဖိုးမထားတတ်ကြချေ။ သူတို့ ရှာဖွေထားသော ပစ္စည်းဥစ္စာများကိုလည်း သူတို့သည် သစ်ရွက်ခြောက်လေးမျှလောက် အလေးမပြုဘဲ နေကြ၏။ ထို့ကြောင့် သူတို့သည် ဘဝတစ်လျှောက်လုံးစွန့်စားနေ၏။ ဘဝတစ်လျှောက်လုံး အန္တရာယ်များနှင့် တွေ့နေ၏။

သူတို့နည်း သူတို့ဟန်နှင့် ချမ်းသာသွားပြန်လျှင်လည်း ကူညီရန် အကြောင်းပေါ်ပါက သူတို့၏ ချမ်းသာခြင်းများကို စွန့်လွှတ်နိုင်ခဲ့ကြ၏။

ထို့နောက် သေမင်းနှင့် ရင်ဆိုင်ရန် အသင့်ပြင်လိုက်ကြလေ၏။ သူတို့သည် သေမင်း၏ နှုတ်ခမ်းမွေးကို တစ်ပင်ချင်း ဆွဲနုတ်၍ ကျီစယ်တတ်ကြသူများဖြစ်၏။

သူတို့သည် လူဆိုးလူမိုက်များဖြစ်ကြ၏။ သို့ရာတွင် သူတို့၏ နှလုံးသားသည် ဖြူစင်၏။ သူတို့သည် ရက်စက်ကြ၏။ သို့ရာတွင် ကူညီထိုက်သောသူကိုမူ အသက်စွန့်၍ ကူညီတတ်ကြပြန်၏။

ယခုလည်း သေတ္တာသည် သူ၏ပင်လယ်ဓားပြလှေကြီးနှင့် လက်အောက်ငယ်သားများအား စွန့်လွှတ်၍ သူနှင့် တစ်ကြိမ်



တစ်ခါဖူးမှ တွေ့ဖူး၊ သိဖူးခြင်းမရှိသော ရေချမ်း ဆိုသည့် လူငယ်ကလေးအား ကူညီရန်အတွက် ရောက်ရှိနေပြီ ဖြစ်၏။ ယခု မိုးသီးကလည်း ထပ်မံရောက်ရှိလာပြန်ပြီဖြစ်၏။

မိုးသီးသည် အချုပ်ဂါတ်မှလွတ်လျှင်လွတ်ချင်း ပင်လယ်ဆိပ်ကမ်း ရွာကလေးသို့သွားကာ ဂန်ဂရား ဆိုသော ဂေါ်ရင်ဂျီလေးနှင့် ဆက်သွယ်လေ၏။ ထို့နောက် ဂန်ဂရားထံမှ အဖြစ်အပျက် အလုံးစုံကို ကြားသိရ၏။ ဂန်ဂရားကလည်း . . .

"ဆရာကိုမိုးသီးရယ်၊ အခုလိုပြန်ပြီးတွေ့ရတာ သိပ်ဝမ်းသာပါတယ်၊ ရေချမ်းဆိုတဲ့ ကောင်ကလေးကို ဆရာတို့နဲ့ယှဉ်ပြိုင်ဖက် ဖြစ်တဲ့ ဦးမောင်ကလေးရဲ့ အစ်ကို ဦးမောင်ကြီးတို့အဖွဲ့က လိုက်ပြီးရန်ရှာနေကြတယ်၊ ဆရာကိုသေတ္တာလဲ ရောက်လာပြီး ရေချမ်းရဲ့ ရည်းစားကလေးကို လိုက်ပြီးရှာမယ်ဆိုပြီး ထွက်သွားလေရဲ့၊ ရေချမ်းကို ဦးမောင်ကြီးတို့လူစုက ဖမ်းသွားသလား၊ သတ်ပစ်သလားလို့ထင်နေတာ၊ ကောင်လေးတော့ ပျောက်သွားတာအမှန်ပဲ၊ ဒါပေမဲ့ အခုသတင်းရတာကတော့ ဦးမောင်ကြီးတို့ လက်ချက် မဟုတ်ဘူးတဲ့၊ ရေချမ်းရဲ့ရည်းစား ခင်မေရီဆိုတဲ့ ကောင်မလေးကို တစ်ဖက်သတ်ပိုးနေတဲ့ မြို့ပိုင်ရဲ့လက်ချက်လို့ ကြားနေရပြန်တယ်၊ ခုတော့ ကျွန်တော်လဲ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး၊ ရေချမ်းလဲ ရှာလို့မတွေ့၊ ခင်မေရီလဲ ရှာလို့မတွေ့နဲ့ . . . ခုတော့ ဆရာတို့က ရောက်လာကြပြီ" ဟု ပြောလိုက်ရာ မိုးသီးက . . .

"ကိစ္စမရှိပါဘူး ဂန်ဂရားရယ်... ကောင်ကလေးသာ မသေသေးဘူးဆိုရင် ဘယ်နေရာပဲ ရောက်နေရောက်နေ ငါ ရအောင်လိုက်ပါ့မယ်၊ မောင်လေးအစ်ကို မောင်ကြီးတို့ကိုလဲ ငါရှင်းပစ်မယ်" ဟုဆိုကာ မိုးသီးသည် ဂန်ဂရားအား မှာကြားသင့်သည့်

www.burmeseclassic.com

www.burmeseclassic.com



စကားများကို မှာကြားပြီးနောက် ထိုနေ့ညဉ့်ပင် ထိုရွာကလေးမှ ထွက်ခွာသွားလေ၏။ ထိုသို့ ထွက်ခွာသွားပြီးလျှင် ခင်မေရီ နေထိုင်ခဲ့သော ပင်လယ်ဆိပ်ကမ်းမြို့ကလေးရှိ ခေါက်ဆွဲနှင့် အရက်ရောင်းသောဆိုင်တစ်ဆိုင်၌ ရုပ်ဖျက်၍ ခိုအောင်းနေထိုင်ကာ မြို့ပိုင်၏သတင်းကို စုံစမ်းနေလေ၏။

ထိုသို့စုံစမ်းရာတွင် မြို့ပိုင်၏မင်းစေ မောင်ပု၏အကြောင်းကိုလည်း ဂဃနဏ သိခဲ့ရ၏။ ထို့နောက် မောင်ပုနှင့် မြို့ပိုင်ပူးပေါင်းကြံစည်ကာ လက်မရွံ့လူဆိုးနှစ်ဦးကို ရေချမ်းအား လုပ်ကြံခိုင်းလိုက်ကြောင်းကိုလည်း စုံစမ်းသိရှိရလေတော့၏။

မိုးသီးသည် လွန်စွာပါးနပ်သူ ဖြစ်သည့် အားလျော်စွာ အရှောင်အတိမ်းကောင်း၏။ ၎င်းသိလိုသောအကြောင်းအရာ အား နာရီပိုင်းအတွင်း သိအောင်စုံစမ်းနိုင်သော အရည်အချင်းလည်း ရှိ၏။ ထို့ကြောင့် ရေချမ်းသည် မြို့ပိုင်မင်း၏လက်ချက်ဖြင့် အသက်ပျောက်သွားကြောင်း သိရသောအခါ မြို့ပိုင်ကို ဆုံးမရန် မိုးသီးသည် ယတိပြတ်ဆုံးဖြတ်ချက်ချလေ၏။ ထိုသို့ ဆုံးဖြတ်ပြီးနောက် ထိုည သန်းခေါင်၌ပင် မြို့ပိုင်မင်း၏အိမ်သို့ တိတ်တဆိတ်ဖောက်ထွင်းဝင်ရောက်ခဲ့လေ၏။ မြို့ပိုင်မင်းသည် လူပျိုကြီးဖြစ်ရကား ၎င်းအား ထမင်းချက်ကျွေးသော ကုလား တစ်ယောက်သာရှိ၏။ ကုလားမှာကား ညအခါတွင် အိမ်၌မရှိဘဲ လည်ပတ်နေလေ၏။ ထို့ကြောင့် မိုးသီး ရောက်ရှိသွားသော အချိန်၌ မြို့ပိုင်မင်းသည် နှစ်ခြိုက်စွာ အိပ်ပျော်နေပြီဖြစ်၏။

ထိုအခါ မိုးသီးသည် မြို့ပိုင်မင်း၏ ခေါင်းအုံးအောက်မှ သေနတ်ကို ဆွဲယူပြီးလျှင် မီးများကို ထိန်လင်းနေအောင်ထွန်းညှိလိုက်ပြီးနောက် . . .



"မြို့ပိုင်မင်း ... ထ ထ" ဟု နှိုးလိုက်လေ၏။ မြို့ပိုင်မင်းလည်း လန့်၍နိုးပြီးလျှင် အိပ်ရာဘေး၌ လူစိမ်းတစ်ယောက်ကိုတွေ့၍ ခေါင်းအုံးအောက်မှ သေနတ်ကို စမ်းလေတော့၏။ ထိုအခါ မိုးသီးက . . .

"မြို့ပိုင်မင်း သေနတ်ရှာနေသလား၊ မရှာနဲ့ မရှာနဲ့ ဒီမှာ" ဟုဆိုကာ မြို့ပိုင်မင်းအား သူ၏လက်တွင်းမှ သေနတ်ကိုပြရင်း ခုတင်ပေါ်မှ ဆင်းခိုင်းပြီးလျှင် ကြမ်းပြင်ပေါ်၌ ထိုင်ခိုင်းလေ၏။

ထိုအခါ မြို့ပိုင်မင်းက . . .

"မင်းက ဘာလဲ ... ဓားပြလား၊ ဓားပြဆိုရင်လဲ လိုချင်တာ ယူသွား၊ ငါ့ကို ထိုင်ခိုင်းမနေနဲ့" ဟု ဆိုလေ၏။

"ကျုပ် ဘယ်သူလဲဆိုတာ . . . နောက်တော့ပြောပြမယ်၊ နောက်ပြီး ... ကျုပ် ဓားပြလဲမဟုတ်ဘူး၊ ခင်ဗျား ထိုင်မလား၊ မထိုင်ဘူးလား၊ ဒါပဲပြော" ဟုဆိုကာ မြို့ပိုင်မင်း၏ မျက်နှာကို ခြေထောက်ဖြင့်ကန်လိုက်လေ၏။ ကန်လိုက်စဉ်၌လည်း လက်ထဲမှ သေနတ်ဖြင့် ချိန်မြဲချိန်ထားလေ၏။ ထို့နောက် မိုးသီးက . . .

"ကျုပ်နာမည် မိုးသီးလို့ခေါ်တယ် မြို့ပိုင်မင်း၊ ခင်ဗျားတို့လို လူမျိုးကို သတ်မလို့ လာခဲ့တာပဲ၊ အော်မယ်မကြံနဲ့၊ အော်ရင် တော့ ပစ်လိုက်မယ်၊ ဒီတော့ ကျုပ်ပြောသလို ကောင်းကောင်း လုပ်ပါ" ဟု ဆိုလိုက်ရာ မြို့ပိုင်လည်း တကယ်သတ်မည့်လူ ဖြစ်ကြောင်းသိသောအခါ၌ လွန်စွာတုန်လှုပ်၍သွားပြီး ကြမ်းပြင် ပေါ်၌ တင်ပျဉ်ခွေ၍ ထိုင်လေ၏။ ထိုအခါ မိုးသီးက . . .

"ဒီလိုမထိုင်နဲ့ ...ဒီလိုမထိုင်နဲ့၊ ခင်ဗျားဆီကိုရောက်လာတဲ့ တရားခံတွေ ထိုင်သလိုထိုင်၊ ခင်ဗျားစားပွဲရှေ့က ကြမ်းပြင် ပေါ်မှာ အပြစ်မဲ့တဲ့ လယ်သမားကြီးတွေ၊ ကြွေးမဆပ်နိုင်တဲ့ လယ်သမားကြီးတွေကို ခင်ဗျား ဘယ်လိုထိုင်ခိုင်းခဲ့သလဲ၊ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



ထိုင် ကိုယ့်လူ” ဟု ဆိုလိုက်ရာ မြို့ပိုင်လည်း ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ရလေ၏။

“ရိုးသားတဲ့ တောသူတောင်သားကြီးတွေဟာ အဲဒီလိုထိုင်ပြီး တော့ ခင်ဗျားကို ဘုရားထူးခဲ့ရတယ်၊ အဲဒီတော့ အခုအချိန်က နေ စပြီး ကျုပ်ကို အဲဒီအတိုင်း ဘုရားထူးပြီးပြောပါ၊ အဲဒီလို မပြောရင် ဒါပဲ” ဟုဆိုကာ နံဘေးကို ခြေထောက်နှင့်ဆတ်၍ ကန်လိုက်လေ၏။ ထိုအခါ မြို့ပိုင်လည်း . . .

“ပြောပါ့မယ်ခင်ဗျား ... ပြောပါ့မယ်” ဟု တထိတ်တလန့် တောင်းပန်လိုက်သောအခါ မိုးသီးက ထပ်၍ကန်ရင်း . . .

“ဘုရားထူးရမယ်လို့ ပြောထားလျက်သားနဲ့ ဘာဖြစ်လို့ ခင်ဗျားလို့ ပြောရတာတုံး” ဟု ပြောလိုက်ရာ မြို့ပိုင်မင်းက . . .

“မှန်လှပါတုရား” ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ကိုမိုးသီးက . . .

“ဒီလိုမှပေါ့၊ ကဲ ... ငါမေးမယ်၊ ခင်မေရီဆိုတဲ့ ကောင်မလေး ကို မင်း မရတဲ့အတွက် သူ့ရည်းစားရေချမ်းဆိုတဲ့ ကောင်ကလေး ကို မင်း လူဆိုးနှစ်ယောက်လွှတ်ပြီး သတ်ပစ်ခိုင်းလိုက်တယ် မဟုတ်လား” ဟု မေးလိုက်ရာ မြို့ပိုင်မင်းက . . .

“မှန်လှပါဘုရား ... ကျွန်တော်မျိုး မိုက်မဲမိပါတယ်၊ အသက် ကိုတော့ ချမ်းသာပေးပါ” ဟု ပြောလေ၏။

“ကောင်းပြီ၊ အဲဒါကို မင်းရဲ့ ပြာတာမောင်ပုက အကြံပေး တယ် မဟုတ်လား” ဟု မိုးသီးက မေးလိုက်ပြန်ရာ မြို့ပိုင်မင်းက “မှန်ပါတယ်ဘုရား” ဟု ဖြေလေ၏။ ထိုအခါ မိုးသီးက စာရွက်နှင့် ဖောင်တိန်ကိုယူ၍ . . .



“ကဲ ကဲ ငါပြောတဲ့အတိုင်းရေး၊ ကျွန်တော်မြို့ပိုင်မင်းမောင် သည် ကျွန်တော်၏ပြာတာမောင်ပုကြောင့် ယခုကဲ့သို့ ဘဝဆုံး ရခြင်းဖြစ်ပါတယ်”ဟု မိုးသီးကပြောလိုက်ရာ မြို့ပိုင်မင်းကလည်း

“သတ်တော့မလားဘုရား” ဟု သနားဖွယ်ရာအသံဖြင့် မေးရှာလေ၏။

“ရေးဆိုတာ ရေးစမ်းပါကွာ” ဟု ပြောပြီးလျှင် မိုးသီးသည် မြို့ပိုင်အား ခြေထောက်ဖြင့် ကန်ပြန်လေ၏။ ထို့ကြောင့် မြို့ပိုင်မင်းလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် အထက်ပါ စာကို ရေးရလေ၏။ စာတွင် လက်မှတ်ထိုးခိုင်းသဖြင့် ထိုးရလေ၏။

ထို့နောက် မိုးသီးက ထိုစာကို ခေါက်စေ၍ မြို့ပိုင်မင်းအား အကျႌအိတ်ထဲ၌ ထည့်ထားခိုင်းလေ၏။

ထိုသို့ထည့်ပြီးသောအခါ၌ မိုးသီးက . . .

“ငါ့နာမည် မိုးသီးလို့ခေါ်တယ်၊ မတရားမှုတွေကိုမုန်းတယ်၊ ဒါကြောင့် လောကကြီးကို တတ်နိုင်သလောက် ငါစောင့်ရှောက် နေတယ်၊ မင်း လူ့ပြည်မှာနေဖို့ မကောင်းတော့ဘူး၊ ဒါကြောင့် အစီစီကို အိမ်ပြောင်းပေတော့၊ ဟိုမှာ အိမ်လခလဲ မပေးရဘူး၊ အိမ်စပေါ်လဲ မရှိဘူး၊ သွားဖို့စရိတ်တော့ ငါပေးလိုက်မယ် ... ရော့ ...”

“ဒိုင်း”

မိုးသီးသည် စကားဆုံးသည်နှင့် သေနတ်မောင်းခလုတ်ကို ဖြုတ်ချလိုက်လေ၏။

ထို့နောက် . . . ထိုအိမ်ကြီးအတွင်းမှ ဇပါ့ပါးသွက်လက်စွာ ထွက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ညကြီးအချိန်မတော်၌ မြို့ပိုင်မင်းအိမ်က သေနတ်သံ ကြားရသောကြောင့် အနီးပတ်ဝန်းကျင်တွင် ဆူဆူညံညံ ဖြစ်သွားလေ၏။

ထို့နောက် ပုလိပ်များ ရောက်ရှိလာပြီးလျှင် အိမ်ပေါ်သို့ တက်ရောက်ကြည့်ရှုရာ နံဖူးတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော မြို့ပိုင်မင်းကိုတွေ့ရ၍ ဌာနာတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့၏။

မြို့ပိုင်မင်း၏အလောင်းကိုမူ ဆေးရုံသို့မပို့သေးဘဲ ရန်ကုန်စီအိုင်ဒီသို့ ကြည့်ရှုပေးရန် အကြောင်းကြားလေ၏။

ထို့နောက် မြို့ပိုင်မင်း၏ အိတ်အတွင်းမှ စာအရ ပြာတာမောင်ပုအား ဖမ်းဆီးလိုက်ကြလေတော့၏။

ဤသို့နှင့်ပင် ယုတ်မာကောက်ကျစ်လှသော မြို့ပိုင်မင်းကား လူဆိုးကြီး မိုးသီးနှင့် တွေ့ဆုံကာ အူကြောင်ကြောင်ဖြင့် ဘဝကူးသွားရလေတော့သတည်း။

*****

# ဗိုလ်ကူကြီးတစ်ကောင်အကြောင်း

ဤနေရာ၌ ရေချမ်း၏နောက်တွင် သဲကြီးမဲကြီး လိုက်နေကြသော လူမိုက်ဆိုးများ ဖြစ်ကြသည့် ဦးမောင်ကြီးတို့ လူစုအကြောင်းကို ဖော်ပြရန်ဖြစ်သည်။ သေဒ္ဒါ ဆိုသော ပင်လယ်ဓားပြသည် မော်တီနှင့်တိုက်ကြီးအကြား၌ ကားတစ်စီးကို ဓားပြတိုက်ခဲ့ကြောင်း ဖော်ပြပြီးဖြစ်ပေသည်။

ထိုသို့ဓားပြတိုက်စဉ်က အသက်ငါးဆယ်ကျော်လူကြီးတစ်ဦးအား ဓားပြတိုက်ခဲ့ကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်ပေ၏။ ထိုလူကြီးမှာ ဦးမောင်ကြီး၏လူဆိုးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ရကား ထိုအဖြစ်အပျက်ကို ဦးမောင်ကြီးအား ပြောပြခဲ့လေတော့၏။

"ဆရာရယ် လမ်းမှာတိုက်တဲ့ဓားပြကတော့ ရဲတင်းလိုက်တာ မပြောပါနဲ့တော့၊ ကျွန်တော်တို့လဲ ဆိုးသွမ်းတိုက်ခိုက်နေတာပါပဲ၊ ဒါပေမဲ့ ဒီကောင်က တစ်ကိုယ်တော်ဗျ၊ တိုက်ပုံခိုက်ပုံလဲ သိပ်ပြီး ပိရိတာပဲ၊ သူ့နာမည်ကိုတော့ တရုတ်အဘိုးကြီးကို 'သေဒ္ဒါ' လို့ ပြောလိုက်သံ ကြားမိတယ်" ဟု ထိုလူကြီးက သူ၏ဆရာ ဦးမောင်ကြီးအား ပြောလိုက်ရာ ဦးမောင်ကြီး၏ မျက်ခုံးနှစ်ဖက်သည် မြင့်၍သွားလေ၏။

မျက်တောင်များသည် တဖျပ်ဖျပ်လှုပ်ရှားလာ၏။ ထို့နောက် "သေဒ္ဒါတဲ့လား" ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာ၊ တရုတ်အဘိုးကြီးရဲ့ ပေါက်စီတစ်ခြမ်းကိုလဲ ခိုးပြတိုက်ယူသွားတယ်၊ အဲဒီအခါမှာ တရုတ်အဘိုးကြီးနဲ့ သူနဲ့ ဘယ်လိုအလွမ်းသင့်သွားတယ်မသိဘူး၊ ကျုပ်နာမည် 'သေတ္တာ'လို့ ခေါ်တယ်လို့ ပြောလိုက်သံကြားတယ်"ဟု ထိုလူကြီးက ပြောလိုက်လေ၏။

"ဒီလိုဆိုရင် သူတို့တွေရောက်လာကြပြီ" ဟု ဦးမောင်ကြီးက စိတ်ပျက်သောလေသံဖြင့် ရေရွတ်လိုက်လေ၏။

"ဘယ်သူတွေလဲဆရာ" ဟု ထိုလူကြီးက မေးလိုက်လေ၏။

"ဒီလိုကွ သက်တင်ရ၊ ဒီကောင်တွေပါလာရင် မလွယ်တော့ဘူးကွ၊ တော်တော့်ကိုအကြိတ်အနယ်လုပ်ရမယ့်သဘောရှိတယ်၊ အခု မင်းကို ခိုးပြတိုက်လွှတ်လိုက်တဲ့ 'သေတ္တာ'ဆိုတဲ့ အကောင်ရယ်၊ သူ့လိုပဲ လူဆိုးတစ်ယောက် ရှိသေးတယ်ကွ၊ 'မိုးသီး' လို့ ခေါ်တယ်၊ အဲဒီအကောင်က သေတ္တာထက် ဆယ့်ငါးဆလောက် ပိုပြီးသတ္တိရှိတယ်၊ ပြီးတော့ 'ဆိတ်ဖွား' ဆိုတဲ့ လူကြီးတစ်ယောက် ရှိသေးတယ်ကွ။

"အဲဒီလူကြီးက . . . သူတို့နှစ်ယောက်ရဲ့ ဆရာကြီးပဲ၊ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားလို့တောင် နာမည်တပ်ထားရတယ်၊ သူတို့အားလုံး တခြားနိုင်ငံရောက်နေကြတာ။ ဒီကောင်တွေ လူစုပေါက္ကာ၊ ငါ့ညီ မောင်လေးနဲ့အဖွဲ့ကိုသတ်ပြီး ရတနာမြေပုံကို ယူသွားတယ်၊ ရတနာမြေပုံနဲ့ ရတနာကျွန်းကို အရောက်သွားပြီး အကြီးအကျယ်ပွသွားကြတာ၊ အခု ငါတို့ဟာ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ 'ပင့်ကူ' ခိုးပြအဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းလိုက်တာကို ဒီကောင်တွေ အနံ့ရသွားပြီထင်တယ်၊ အမှန်က ငါတို့ဟာ ဒီကောင်တွေလို သက်သက် ခိုးပြလျှောက်တိုက်မယ့် လူတွေမဟုတ်ဘူး၊ ပိုင်ရှင်မဲ့ ရှေးဟောင်းပစ္စည်းတွေ၊ ရတနာ



သိုက်တွေကို စနစ်တကျစုံစမ်းပြီးရှာဖွေကြမှာပါ"ဟု ဦးမောင်ကြီးက ပြောလိုက်ရာ ဦးသက်တင် ဆိုသော အဘိုးကြီးက . .

"ဆရာကြီးရယ်..ကျွန်တော်တို့လဲ အကြိမ်ကြိမ်ခိုးပြတိုက်ခဲ့ကြတာ မဟုတ်လား" ဟု စောဒကတက်လိုက်လေ၏။

ထိုအခါ ဦးမောင်ကြီးက မျက်မှောင်ကို ကြုတ်လိုက်၏။ နှုတ်ခမ်းကို မဲ့လိုက်၏။

"သက်တင်၊ မင်းလဲ အသက်ကြီးပြီး အချိန်မစီးတဲ့ကောင်ပဲ၊ ငါတို့ ခိုးပြတိုက်ခဲ့ကြတယ်ဆိုတာက တိုက်ချင်လို့ တိုက်ခဲ့တာ မဟုတ်ဘူးကွ၊ ရတနာသိုက်တွေ၊ ရတနာမြေပုံတွေ၊ ရတနာကျွန်းတွေက လွယ်လွယ်နဲ့ ရှာဖွေလို့ရတာ မဟုတ်ဘူးကွ၊ အဲဒါတွေ မရခင်စပ်ကြားမှာ ငါ့ရဲ့အဖွဲ့ဝင်တွေ စားဖို့ နေဖို့ ဖန်တီးပေးရတာ ဟော့ ..." ဟု ဦးမောင်ကြီးက ပြောလိုက်လေ၏။

"ဟုတ်ပါပြီ ဆရာရယ ... သဘောပေါက်ပြီ၊ ကျွန်တော်တို့ ပင့်ကူအဖွဲ့ကြီးက ရှေးအခါကတည်းက ရှိခဲ့တာလား" ဟု ဦးသက်တင်က မေးလိုက်လေ၏။

"ရှေးကတည်းက ရှိခဲ့တာကွ၊ အမှန်က ဒီအဖွဲ့ဟာ ခိုးပြအဖွဲ့ မဟုတ်ဘူးကွ . . . မစ္စတာ စပိုက်ဒါ ခေါ်တဲ့ မျက်နှာဖြူ ရှေးဟောင်းပစ္စည်းကိုဝါသနာပါတဲ့ မျက်နှာဖြူအရေးပိုင်ဟောင်း တစ်ယောက်က ဖွဲ့စည်းခဲ့တဲ့အဖွဲ့ကွ၊ ပထမဆုံး မစ္စတာစပိုက်ဒါကြီးက လူရှစ်ယောက်ကို တပည့်မွေးတယ် . . . အဲဒီတပည့်ရှစ်ယောက်ကို သူက ရှေးဟောင်းပစ္စည်းတွေအကြောင်း၊ ပိုင်ရှင်မဲ့ ရတနာတွေအကြောင်း၊ မြေကြီးမြေလွှာတွေနဲ့ ပတ်သက်တဲ့အကြောင်း၊ လူမျိုးအသီးသီး အသုံးပြုခဲ့တဲ့ . . . ဝှက်စာတွေအကြောင်း၊ အဲဒီဝှက်စာတွေ ဖော်ပုံဖော်နည်းမှအစ လိုအပ်တဲ့ ပညာရပ်အသီးသီးကို သူက သင်ကြားပေးလိုက်တယ်။

www.burmeseclassic.com



"အဲဒီအခါမှာ မစ္စတာ စပိုက်ဒါက တပည့်နှစ်ယောက် အနယ်နယ်အရပ်ရပ်ကိုလှည့်ပြီး ပထမတော့ ရှေးဟောင်းပစ္စည်း တွေ ရှာတယ်၊ အဲဒီလိုရှာရင်း သူတို့မှာလဲ ပညာကလေး အတော်စုံနေတော့ ပိုင်ရှင်မဲ့ ရတနာပစ္စည်းတွေ ဝှက်ထား နေရာအချို့ကို ဖော်မိသွားရော ဆိုပါတော့၊ အဲဒီကနေစပြီး အဲ ရှစ်ယောက်အဖွဲ့ဟာ ရိုးရိုးရှေးဟောင်းပစ္စည်းကို မရှာတော့ဘူး ရတနာပစ္စည်းတွေချည်း ရှာတော့တာပဲ။

"ဒါနဲ့ ပြောရဦးမယ်၊ အဲဒီတပည့်ရှစ်ယောက်ကနေ တပည့် တစ်ယောက် တစ်ယောက်တိုင်းဟာ ရှစ်ယောက် ရှစ်ယောက် ထပ်ပြီး တပည့်မွေးကြတယ်၊ အဲဒီတပည့်တွေက တစ်ခါ တခြား တပည့်ရှစ်ယောက်ကို ထပ်ပြီး မွေးကြတယ်၊ အဲဒီတော့ သူတို့ အဖွဲ့ကြီးဟာ ...စုစုပေါင်း ၅၈၅ ယောက် ဖြစ်သွားတယ်၊ အဲ ၅၈၅ ယောက်မှာ မျက်နှာဖြူအရေးပိုင်ဟောင်းကြီး မစ္စတာ စပိုက်ဒါလဲ ပါတယ်နော်၊ သူတို့အဖွဲ့မှာက ရှေးဟောင်းပစ္စည်း ကို လေ့လာတဲ့ ပညာရပ်တွေပါလေတော့ လောကီပညာတွေ နဲ့လဲ ပတ်သက်နေတယ်။

"ပြီးတော့ လူတွေက ပင်ကိုက အကျင့်မကောင်းတဲ့လူတွေ ဖြစ်နေပြန်တော့ ခိုးဆိုးတိုက်ခိုက်တဲ့ အလုပ်တွေလဲ ပါနေပြန် တယ်၊ လိမ်လည်ကောက်ကျစ်တာတွေလဲ ပါနေပြန်တယ်၊ အဲဒီ တော့ သူတို့အဖွဲ့ဟာ တစ်ခါတလေ အထက်ဂိုဏ်းလိုလို၊ ဓားပြ ဂိုဏ်းလိုလိုနဲ့ အတော့်ကို မျက်စိလည်ဖို့ကောင်းတယ်၊ တစ်ခါ တလေ သူတို့အဖွဲ့ဝင်တွေဟာ တချို့အရပ်တွေမှာ အထက် ဆရာကြီးတွေပုံနဲ့ နေလိုနေ၊ ပြီးတော့မှ ဓားပြတိုက်လိုတိုက် လုပ်တော့တာပဲ၊ နောက်ဆုံးမှာ မစ္စတာစပိုက်ဒါဟာ အဲဒီအဖွဲ့ ကြီးဟာ ပျက်စီးနေပြီဆိုတာ သိလေတော့ ဖျက်သိမ်းပစ်လိုက်



ရတယ်၊ နောက်တော့ သူကိုယ်တိုင် သူ့တပည့်အချို့ကိုဖမ်းပြီး ထောင်ထဲပို့ပေးခဲ့တယ်၊ အဲဒါနဲ့ အဲဒီအဖွဲ့ကြီး ပျက်သွားရော ဆိုပါတော့ကွာ" ဟု ဦးမောင်ကြီးက ပြောလိုက်လေ၏။

"ဆရာကြီးရယ် ... ဘာဖြစ်လို့များ ဒီအဖွဲ့က ရှစ်ယောက် ရှစ်ယောက်စီ ဖွဲ့ရတာတုံး" ဟု ဦးသက်တင်က မေးလိုက်လေ၏။

"ဒီလိုလေကွာ စပိုက်ဒါဆိုတာက ပင့်ကူကို ခေါ်တယ်ကွ၊ ပင့်ကူမှာက ခြေထောက်ရှစ်ချောင်းရှိတယ် မဟုတ်လား၊ အဲဒီ အဓိပ္ပာယ်နဲ့ တစ်ယောက် တစ်ယောက်ကို ရှစ်ယောက်က ထောက်ပံ့ထားတဲ့သဘောပေါ့ကွာ" ဟု ဦးမောင်ကြီးက ရှင်းပြ လေ၏။

"နောက် . . . အဲဒီအဖွဲ့ကြီးက နှစ်ပေါင်းများစွာ တိမ်မြုပ် ပျောက်ကွယ်နေပြီးမှ ဆရာကြီးဆီကို ဘယ်လိုလုပ် ရောက်လာ တာတုံး" ဟု ဦးသက်တင်က မေးလိုက်လေ၏။

"ဒါက ဒီလိုကွ ... မင်းကိုတော့ အမှန်အတိုင်း ဖွင့်ပြော ရမှာပေါ့ သက်တင်ရာ၊ ငါက မစ္စတာစပိုက်ဒါအိမ်က ထမင်း ချက်ကွ၊ မစ္စတာစပိုက်ဒါ သေတဲ့အခါကျတော့ မစ္စတာစပိုက်ဒါ လျှို့ဝှက်သိမ်းဆည်းထားတဲ့ အသင်းကြီးဖွဲ့စည်းပုံ၊ အသင်းမှာ ရှိတဲ့ ပညာရပ်၊ အသင်းလျှို့ဝှက်ချက်အကြောင်းတွေ၊ အသင်းဝင် တွေရဲ့ လိပ်စာတွေ၊ အသင်းဝင်ချင်း ဆက်သွယ်တဲ့ အထိမ်း အမှတ် စတဲ့ဟာတွေကို အကုန်လုံး ငါရခဲ့တယ် ဆိုပါတော့၊ အဲဒီမှာ လူရှစ်ယောက်ကို စတင်စုဆောင်းလိုက်တယ်။

"အဲဒီရှစ်ယောက်ကိုပဲ မြန်မာပြည် အရပ်ရပ်ကို တာဝန် ပေးပြီး လက်ကျန်လူဟောင်းတွေနဲ့ ဆက်သွယ်ခိုင်းလိုက်တယ်၊ အဲဒီအခါမှာ မင်းဟာ ပင့်ကူစာရင်းဝင်မဟုတ်တဲ့ ငါ့ရဲ့လူယုံ အဖြစ်နဲ့ ပါလာတယ်၊ အဲဒီတော့ ငါတို့ပင့်ကူတွေဟာ အဖိုးတန်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ရှာကြတယ်၊ မတွေ့သေးတဲ့အခါမှာ ခိုးကြ တိုက်ကြတာ စရိုက်သဘောမျိုး ရှာတာပဲ၊ အခု မင်းပြောတဲ့အတိုင်းဆိုရင် မိုးသီးတို့ သေတ္တာတို့က ပင်လယ်ဘက်ကနေ ဝင်ကြမှာပဲ ခု သေတ္တာ ရောက်နေပြီ ဆိုတော့ မကြာခင်မှာ မိုးသီးတို့ ဆိတ်ဖွားတို့ ရောက်လာကြမှာပဲ။

"အဲဒီတော့ ... ပင်လယ်ဘက်ကို ငါကိုယ်တိုင်ဆင်းမယ် ဒီတော့ . . . ကျန်တဲ့ ပင့်ကူအဖွဲ့ဝင်တွေကို မင်းဆက်သွယ်ပါ မျက်ခြည်ပြတ်သွားတဲ့ ရေချမ်း ဆိုတဲ့ ငကောင်လေးကို မရ ရအောင် ရှာကြ ... ပြီးတော့ နံပါတ်ရှစ်ကိုလဲ 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ပွဲရုံကို ဂရုစိုက်ဖို့ အကြောင်းကြားထား" ဟု ပင့်ကူအဖွဲ့ခေါင်းဆောင် ဦးမောင်ကြီးက သူ၏ လူယုံတော် ဦးသက်တင် ဆိုသော အဘိုးကြီးအား မှာကြားကာ ပိတ်ဖြူ စင်ကြယ်များ၊ တောင်ဝှေးများ၊ ပုတီးများကို ဆင်မြန်းကာ မိုးသီးတို့၏သတင်းကို စုံစမ်းရန် ပင်လယ်ဘက်သို့ ထွက်ခဲ့၏။

သူ၏အမည်ကိုလည်း "မဟာဗလထိပ်ခေါင်"ဟု ပေးလိုက်၏။ ထို့ပြင် လူကြည်ညိုစေရန်အတွက် "ကမ္ဘာလုံးဆိုင်ရာ ဝိဇ္ဇာ အပေါင်းတို့၏ ဦးစီးနာယက" ဟူသော ဘွဲ့ထူး ဂုဏ်ထူးကိုလည်း ပေးလိုက်ခဲ့ခြင်း ဖြစ်ပေ၏။

အပေးအယူ

ဤနေရာ၌ မြို့ပိုင်မင်း၏လက်ချက်ဖြင့် သေဆုံးသွားပြီဆိုသော ရေချမ်း၏အကြောင်းကို ဖော်ပြရန် လိုလာပြီဖြစ်၏။ ပြာတာမောင်ပုသည် လူမိုက်နှစ်ဦးကို အချုပ်ခန်းမှထုတ်ကာ ရေချမ်းအား သွားရောက်၍ လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းလိုက်လေတော့၏။

ထိုသူနှစ်ဦးလည်း ရေချမ်းရှိရာသို့ ချောင်းမြောင်း သွားရောက်ကြလေ၏။ ထိုညက လသာသောညဖြစ်သဖြင့် ရေချမ်းသည် ခင်မေရီအား လွမ်းဆွတ်သတိရ၍ သောင်ပြင်ကြီးပေါ်၌ ထိုင်၍နေလေ၏။

ထိုအချိန်၌ လူဆိုးနှစ်ဦးသည် ရေချမ်း၏ နောက်ကို တိတ်တဆိတ် ချဉ်းကပ်ကာ ရေချမ်း၏ ဦးခေါင်းကို တုတ်ကြီးများဖြင့် တစ်ယောက်တစ်ချက် လွှဲ၍ရိုက်လိုက်ကြရာ ရေချမ်းသည် အော်မျှပင် မအော်နိုင်ဘဲ လဲ၍ကျသွားလေ၏။

ရေချမ်းခေါင်းမှလည်း သွေးများ တရဟော ကျနေလေ၏။ ထိုအခါ လူဆိုးနှစ်ဦးသည် ရေချမ်းအား ကိုင်တွယ်ကြည့်ပြီး "သေပြီ" ဟု ဆိုကာ လှေပေါ်သို့တင်၍ ဝေးရာသို့ လှော်ခတ်သွားကြလေတော့၏။ အတော်အတန်ဝေးသောနေရာသို့ ရောက်သောအခါ ရေချမ်းအား မ,ကာ ရေထဲသို့ ပစ်ချခဲ့ပြီး ထွက်သွားခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင်လယ်ရေတက်ချိန်ဖြစ်သောကြောင့် ပင်လယ်ရေလှိုင်းများသည် အမှိုက်သရိုက်၊ အုန်းသီး၊ အုန်းလက် စသည့် မည်သည့်ပစ္စည်းမဆို သယ်ဆောင်၍ ကမ်းစပ်သို့ ပို့ဆောင်တတ်မြဲ ဖြစ်နေ၏။ ထို့ကြောင့် ရေချမ်းကိုလည်း လှိုင်းလုံးများသည် သယ်ဆောင်၍ ကမ်းစပ်သို့ပို့ဆောင်ပေးခဲ့၏။ ရေချမ်းသည် ကမ်းစပ်၌ မှောက်လျက်သား တင်၍နေလေ၏။

ထို့နောက် သေကံမရောက်သေးသောရေချမ်းအဖို့ အသက်မပျောက်သေးဘဲရှိရကား မကြာမီ၌ပင် လူးလွန့်၍နေလေ၏။

သို့ရာတွင် ခေါင်းမှဒဏ်ရာသည် ပြင်းထန်လှသောကြောင့် လှုပ်ရှားခြင်းမပြုနိုင်သေးဘဲ ငြိမ်၍နေလေ၏။

ထိုအချိန်၌ သမ္ဗန်ကလေးတစ်စီးသည် ကမ်းစပ်အနီးမှ ကပ်လျက် လှော်ခတ်သွားရင်း လူတစ်ဦး ကမ်းစပ်၌ ရေတစ်ပိုင်းကုန်းတစ်ပိုင်းဖြစ်ကာ မှောက်လျက်သားလဲနေသည်ကိုတွေ့လျှင် သမ္ဗန်ကို ကပ်ပြီးလျှင် . . . သမ္ဗန်ပေါ်မှ လူနှစ်ယောက်အနက် တစ်ယောက်သောသူက ဆင်း၍ကြည့်လေ၏။

ထိုသို့ ဆင်း၍ကြည့်ရင်း . . .

"ဟ အသေမဟုတ်ဘူးကွ၊ အသက်ရှိသေးတယ်၊ ဒါပေမဲ့ ခေါင်းကဒဏ်ရာကတော့ တော်တော်များတယ်ကွ" ဟု အော်လိုက်ရာ သမ္ဗန်ပေါ်က လူက . . .

"ထားခဲ့စမ်းပါ ငါ့လူရာ ... အလုပ်ရှုပ်ပါတယ်" ဟု လှမ်း၍ အော်ပြောလေ၏။

ထိုအခါ ရေချမ်းအနီးမှလူက . . .

"သနားပါတယ်ကွ ... သူ့ခမျာ အဖော်မပါဘူး၊ သေလုမျောပါး ဖြစ်နေတာ၊ ဒီလိုချည်းပဲကြည့်နေလို့ ဘယ်ဖြစ်မတုံး" ဟု ပြန်၍ပြောရာ သမ္ဗန်ပေါ်ကလူက . . .



"သနားရင် သတ်ပစ်လိုက်ကွာ၊ မြန်မြန်အသက်ထွက်ရင်လဲ ဝဋ်ကျွတ်သွားတာပေါ့" ဟု ပြန်၍ပြောလေ၏။

"စိုင်လေးရယ်၊ မင်းဆိုတဲ့ကောင်ဟာ အတော့်ကို အကြွင်နာမဲ့တယ်၊ လာပါကွာ ... သယ်သွားရအောင်" ဟု ရေချမ်းအနီးမှလူက ပြောလိုက်ရာ စိုင်လေးဆိုသူက . . .

"ခင်ဗျားနဲ့ အလုပ်လုပ်ရတာ . . . အဲဒါတွေခက်တာပဲဗျာ၊ ကိုယ့်အလုပ် ကိုယ်နားလည်မှပေါ့၊ ကျုပ်တို့က ဘာလုပ်စားတာလဲ၊ ဓားပြတွေ မဟုတ်လား၊ ဒီလို အပြင်လူတစ်ယောက်ပါလာရင် ကျုပ်တို့အတွက် ဘယ်လောက် အန္တရာယ်ရှိတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား" ဟု ပြောဆိုညည်းညူ၍ သမ္ဗန်ပေါ်မှ ဆင်းလေ၏။ ထို့နောက် သူ၏အဖော်၏ စေခိုင်းချက်အရ ရေချမ်းအား နှစ်ယောက်သား မ,၍ သမ္ဗန်ပေါ်သို့ တင်ကာ လှော်ခတ်သွားကြလေ၏။

အတော်အတန် လှော်ခတ်မိသောအခါ၌ ရေချမ်းအား ကယ်ဆယ်ရန်အစပြုခဲ့သောလူက သူ၏လူ စိုင်လေးဆိုသူအား

"မင်းတစ်လှည့်ခတ်ဦးကွာ၊ ငါ အနားယူလိုက်ဦးမယ်" ဟု ဆိုကာ . . . ထိုသူသည် သမ္ဗန်ပေါင်းမိုးထဲမှ ဟွန်းတယောကို ထုတ်ကာ သမ္ဗန်ဦးမှနေ၍ တယောထိုးရင်း လိုက်ပါလာခဲ့လေတော့သည်။

လသည် ထိန်ထိန်သာလျက် ရှိ၏။ ပင်လယ်လေသည် ညင်ညင်သာသာကလေး တိုက်ခတ်နေ၏။

ထိုဓားပြကြီးသည် တယောထိုးရင်း အသံဝါကြီးဖြင့် သီချင်းသီဆိုနေလေ၏။ ၎င်းသီဆိုနေသော သီချင်းမှာ "ယိုးဒယား" သီချင်း ဖြစ်၏။ ထိုလူသည် အဆိုကောင်း၏။ တယောထိုးလည်း သက်သံ ညက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တယောသံကို ကြားပြီးသူတို့သည် နား၌ ဓာတ်ပြား သွင်းလိုက်သကဲ့သို့ စွဲထင်၍သွားလေတော့၏။

စိုင်လေး ဆိုသူသည် သမ္မန်ခတ်ရင်း . . .

"ခင်ဗျားက ဓားပြလုပ်စားဖို့ မကောင်းဘူး ... တစ်ပြား နှစ်လိပ်တန် ဂေါ်ရင်ကီဆေးပြင်းလိပ်ကလေး ခဲလိုက်၊ တယော ကလေး ထိုးလိုက်၊ သီချင်းဆိုလိုက်နဲ့ တယ်လဲစိတ်ကူးယဉ်တဲ့ အဘိုးကြီးပဲ ... ခင်ဗျားကိုယ်ခင်ဗျား လူပျိုပေါက် ကာလသား ကလေးများ မှတ်နေသလား၊ အသက်က ငါးဆယ်နားကပ်နေပြီ တိုက်စရာရှိတာမြန်မြန်တိုက်၊ လုစရာရှိတာ မြန်မြန်လု၊ မသေခင် ချောင်ချောင်လည်လည်ကလေး နေသွားဖို့ စိတ်မကူးဘူး" ဟု အပြစ်တင်လိုက်ရာ ထိုသူက . . .

"စိုင်လေး ... မင်းက ဓားပြပီသပါပေတယ်ကွာ၊ မင်းက တကယ့်ဓားပြကိုးကွ၊ ငါက ဓားပြမလုပ်ချင်ဘဲ လုပ်နေရတဲ့ အကောင်ဆိုတော့ ဘယ်တူပါ့မလဲကွာ၊ ငါကလဲ ငါ့ဘာသာ တယောထိုးမယ်၊ သီချင်းဆိုမယ်၊ အဲဒီအရသာကိုခံစားချင်တယ်၊ ဘာဖြစ်လို့ခံစားချင်သလဲဆိုတာတော့ မင်းလိုဓားပြတစ်ယောက် ကို ပြောနေလို့ အပိုပဲကွ၊ အဲဒါက နူးညံ့သိမ်မွေ့တဲ့ နှလုံးသားနဲ့ ဆိုင်တယ်" ဟု ပြောလိုက်ရာ စိုင်လေးက ရယ်လေ၏။

"ဦးမြတ်ကောင်းရယ် ... ခင်ဗျားကတော့ ဓားပြထဲမှာ တစ်မျိုးချည်းပါပဲဗျာ၊ ပုလိပ်မိလို့ ထောင်မကျမချင်း တယော ထိုးပေဦးတော့" ဟု စိုင်လေးက ညည်းညူလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် ပင်လယ်ကမ်းခြေရှိ ရွာကလေး တစ်ရွာသို့ဝင်လေ၏။ ပြီးလျှင် ၎င်းတို့ဝှက်ထားသော လှည်း တစ်စီးကိုထုတ်ကာ ရေချမ်းကို လှည်းပေါ် တင်ကြလေ၏။ ထို့နောက် လှည်းကို မောင်းထွက်ခဲ့လေ၏။



လမ်းတွင် ရေချမ်းသည် ညည်းသဖြင့် တယောထိုးသော လူက ရေဘူးထဲမှရေကို တိုက်၏။ ပြီးလျှင် ခရီးဆက်ကြ၏။ နံနက်မိုးလင်းသောအခါ ၎င်းတို့စခန်းချရာနေရာဆီသို့ ရောက်ရှိ လေတော့၏။ ထိုအခါ၌ ဓားပြကြီး ကိုမြတ်ကောင်းသည် ရေချမ်း ၏ အနာကို ဆေးကြော၍ ဆေးထည့်ပေး၏။

ရေချမ်းလည်း ကောင်းစွာသတိရလာပြီဖြစ်၏။

"ဒီဆေးက သိပ်ကောင်းတာကွ၊ ဒဏ်ရာဆိုရင် ချက်ချင်း ကို ကျက်တာပဲ၊ ဒါပေမဲ့ ဒီဆေးပင်ကို လူတိုင်း မသိကြဘူးကွ၊ ဒီအပင်ကို မှတ်ထားပေါ့ကွာ၊ နောင် သူများဒုက္ခရောက်တဲ့အခါ ကူညီနိုင်တာပေါ့ကွ" ဟု ရေချမ်းအား ဓားပြ ဦးမြတ်ကောင်းက ဆေးပင်ကိုပြပြီး ဆေးပင်၏အလယ်ကို ချိုးလိုက်ရာ အစေးများ ထွက်လာ၏။

"ဒီအစေးက အနာကို ကျက်စေတာပေါ့ကွ" ဟု ပြောဆို လေ၏။ ထို့နောက် ဓားပြ ဦးမြတ်ကောင်းက ဆန်ပြုတ်နှင့် ငါးခြောက်ကို စီစဉ်ပေးလေ၏။ ရေချမ်းအား ဆန်ပြုတ်တိုက်၍ ငါးခြောက်ဖုတ်နှင့် ကျွေးမွေးလေ၏။ ထိုအခါ ရေချမ်းက . . .

"အခု ကျွန်တော် ဘယ်ကိုရောက်နေတာတုံး" ဟု မေးလိုက် ရာ စိုင်လေးဆိုသော ဓားပြက . . .

"ဟေ့ကောင် ... စားရင်းမရှုပ်နဲ့ကွာ၊ ဘယ်ရောက်သလေး ဘာလေး မေးမနေနဲ့၊ ကျွေးတာ ကောင်းကောင်းစား၊ မင်းကို ပြောထားရဦးမယ်၊ ငါတို့တွေက ဓားပြတွေကွ၊ အဲဒီတော့ ငါတို့ နေတဲ့ နေရာကို အပြင်လူသိသွားမှာ သိပ်ပြီးစိုးရိမ်တယ်" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"ခင်ဗျားတို့က ဓားပြတွေဆိုရင် ကျုပ်ကို ဓားပြမတိုက်ဘဲ ဘာဖြစ်လို့ ရိုက်ကြရတာတုံး" ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိုင်လေးလည်း စိတ်ပျက်စွာ ခေါင်းခါ၍ ဦးမြတ်ကောင်း ဘက်သို့လှည့်ကာ . . .

"ကဲ ဦးမြတ်ကောင်း၊ ကျုပ်မပြောဘူးလား၊ စေတနာတွေ ဟာ ဝေဒနာဖြစ်ကုန်ပြီ၊ သူ့ကိုရိုက်တာ ကျုပ်တို့လို့ထင်နေပြီ" ဟု စိုင်လေးက ညည်းညူလိုက်လေ၏။

ထိုအခါ ဦးမြတ်ကောင်းက . . .

"ဒီလိုကွငါ့တူရဲ၊ ငါတို့ သမ္ဗန်နဲ့ပြန်လာတုန်း မင်းကို ကမ်းစပ် မှာ မှောက်ခုံကြီးလဲနေတာတွေ့လို့ ငါတို့ကယ်လာတာ၊ မင်းကို ဘယ်သူရိုက်တာလဲဆိုတာ ငါတို့မသိဘူး၊ ငါတို့ရိုက်တာတော့ မဟုတ်ဘူး၊ နေစမ်းပါဦး . . . မင်းက ဘယ်မှာနေတာလဲ" ဟု မေးလိုက်လေ၏။ ရေချမ်းက . . .

"ကျုပ်က ဂေါ်ရင်ဂျီရွာကပါ၊ အဲဒီမှာ တံငါလုပ်တယ်" ဟု ပြန်၍ဖြေလိုက်လေ၏။

"ကြာပြီလားကွ" ဟု ဦးမြတ်ကောင်းက မေးလိုက်လေ၏။

"မကြာသေးပါဘူးဗျာ၊ အမှန်တော့ကျွန်တော်က တံငါသည် မဟုတ်ပါဘူး၊ ကျွန်တော့်မှာ ပွဲရုံတစ်ခုရှိပါတယ်၊ ဒီရွာကို ကိစ္စ တစ်ခုကြောင့် ခဏထွက်လာခဲ့ရတာပါ" ဟု ရေချမ်းက ပြန်၍ ပြောလိုက်လေ၏။

"မင်းကို ဘယ်သူက ဒီလောက်တောင် ရက်ရက်စက်စက် ရိုက်ရတာလဲကွာ" ဟု ဦးမြတ်ကောင်းက မေးလိုက်လေ၏။

ထိုအခါ ရေချမ်းက . . .

"အဲဒါကိုပဲ ကျွန်တော်လဲ စဉ်းစားနေတာပေါ့ဗျာ၊ ဘယ်လို အကြောင်းကိစ္စများကြောင့်လဲ မဆိုနိုင်ဘူး ... ကျွန်တော့်မှာ ကျွန်တော်ကိုယ်တိုင် မမြင်ဖူးတဲ့ ရန်သူတွေက ဝိုင်းဝိုင်းလည် လို့ဗျာ၊ ကျွန်တော့်နာမည်က ရေချမ်းဆိုပေမယ့် ကျွန်တော့်



ဘဝဟာ တစ်ခါဖူးမှ ငြိမ်းငြိမ်းချမ်းချမ်းမဖြစ်ခဲ့ပါဘူး" ဟု ညည်းညူ လေရာ ဦးမြတ်ကောင်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"ကောင်းပြီလေ ... ငါတို့ဟာ လူကောင်းတွေတော့မဟုတ် ဘူး၊ ဒါပေမဲ့ မင်းကိုတော့ အကြောင်းမဲ့ ဒုက္ခမပေးပါဘူး၊ မင်း အသက်ကိုတောင် ငါတို့ကယ်ခဲ့သေးတာပဲ၊ ဒါပေမဲ့ မင်းအနေနဲ့ ငါတို့အပေါ် ကတိတစ်ခုထားဖို့ကတော့ မင်း ကျန်းမာလာတဲ့ အခါမှာ မင်းရွာကိုအရောက် ငါတို့လိုက်ပို့မယ်၊ ငါတို့ကို အသိ မပေးဘဲနဲ့ မင်း ပြန်မသွားပါနဲ့ကွာ၊ အဲဒီလို ပြန်သွားရင် ရန်သူ လို့ ယူဆရလိမ့်မယ်" ဟု ပြောလိုက်လေ၏။

ရေချမ်းကလည်း . . . မိမိအသက်ကို ကယ်လာကြသူများ ဖြစ်နေ၍ မိမိသည် သစ္စာမဖောက်ဘဲ နေမည်ဖြစ်ကြောင်း ပြောကြားလေတော့၏။

ဤသို့နှင့်ပင် ရေချမ်းသည် ခိုးဆိုးတိုက်ခိုက်လျက်ရှိသော ဓားပြကြီး ဦးမြတ်ကောင်းနှင့် စိုင်လေးတို့၏ လျှို့ဝှက်ခိုအောင်း ရာ စခန်းတွင် သောင်တင်နေလေတော့၏။

အတော်အတန် အချိန်ကြာသောအခါ၌ ခေါင်းမှဒဏ်ရာ သည် ကောင်းစွာကျက်၍ အစာရေစာများမှန်ကာ ကောင်းစွာ ကျန်းမာလာပြီဖြစ်၏။ ထိုအခါ ရေချမ်းက . . .

"ဦးလေးရယ်၊ ကျွန်တော်ပြန်ချင်ပြီ၊ ကျွန်တော့်မှာ ရည်းစား ရှိတယ်၊ ကျွန်တော့်ရည်းစားက ကျွန်တော့်အတွက် စိတ်ပူရှာ တော့မယ်၊ အဲဒါကြောင့် ကျွန်တော့်ကို လိုက်ပြီးပို့ကြပါ" ဟု ပြောလေတော့၏။

ထိုအခါ ဦးမြတ်ကောင်းက . . .

"ဒီလိုကွ၊ ငါတို့နှစ်ယောက်စလုံးက ဝရမ်းထုတ်ထားခံရတဲ့ ဝရမ်းပြေးတွေကွ၊ သွားချင်တဲ့နေရာကို စွတ်ခနဲသွားလို့မရဘူး၊

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရသေးတယ်ကွ၊ ဒီကနေ့ပဲ စိုင်လေးကို စုံစမ်းရအောင် လွှတ်လိုက်တယ်၊ အဲဒီတော့ . . . တစ်ရက်နှစ်ရက်ကြာရင် လမ်းပန်းသာတယ်ဆိုရင် မင်းကို ပြန်ပြီးပို့မယ်ကွ” ဟု ပြောပြီး ဦးမြတ်ကောင်းသည် စိုင်လေးအား ရေချမ်း ပြန်ရန်အတွက် သတင်းစနည်းနာရန် လွှတ်လိုက်လေတော့၏။

စိုင်လေးလည်း နယ်လှည့်၍ အလှူခံသော ရသေ့ဟန်နှင့် ဒေါက်ချာများ၊ ပုတီးများ၊ ဆိုင်းထမ်းပိုးများလွယ်ကာ သတင်း စုံစမ်းရန် ထွက်သွားလေတော့၏။ စိုင်လေးသည် ခရီးလမ်းပန်း တစ်ခုတည်းကိုသာ စုံစမ်းသည်မဟုတ်။ နောက်ထပ်လှည့်လည် တိုက်ခိုက်ရန် ရပ်ရွာများကိုလည်း စုံစမ်းနေလေ၏။

ဤသို့စုံစမ်းလျက်ပင် မြို့ကြီးနှစ်မြို့ကို ဖြတ်ကျော်ခဲ့လေ၏။ ထိုမြို့မှာ မြစ်ဝကျွန်းပေါ်ဒေသတွင် ရောင်းဝယ်ဖောက်ကားခြင်း ဖြင့် လွန်စွာစည်ကားသော မြို့ကလေးတစ်မြို့ ဖြစ်လေ၏။ စည်ကားသည်နှင့်အမျှ မြို့နှင့်မလိုက်အောင် အရက်ဆိုင်နှင့် ဘိန်းခန်းများလည်း ပေါ်၏။

လျှို့ဝှက် လောင်းကစားခန်းများလည်းရှိ၏။ ထို လောင်း ကစားခန်းများ၌လည်း ရန်ကုန်မြို့မှ အလဲအလှယ်နှင့် ရောက်ရှိ နေသော မိန်းကလေးများလည်း ရှိ၏။ ထိုမိန်းကလေးများမှာ သူဌေးမယားငယ်လိုလို၊ ဇိမ်မယ်လိုလို၊ ဇိမ်ဆွယ်ဇိမ်ခေါ်လိုလို မိန်းကလေးများ ဖြစ်ကြ၏။

ရသေ့သည် ထိုမြို့အတွင်း၌ လှည့်လည်၍ အလှူခံရင်း အိမ်ကြီးအိမ်ကောင်းများကို မကြာခဏ မော့၍မော့၍ ကြည့် လေ၏။ အခြေအနေများကို စုံစမ်းလေ၏။ ဤသို့နှင့် မြို့တစ်ပတ် ပတ်လိုက်ရာ ထိုမြို့၏အစွန်တွင် ရှိသော ဇရပ်တစ်ဆောင်သို့



ရောက်သောအခါ၌ ထမ်းပိုး ဆိုင်းတန်းများကိုချ၍ အမောဖြေ လေ၏။ ထိုသို့ အမောဖြေနေစဉ်၌ပင် လူတစ်ယောက်သည် စက်ဘီးတစ်စီးနှင့် ရောက်လာပြီး ရသေ့အနီး၌ ရပ်လေ၏။ ထို့နောက် . . .

“ဘယ်လိုလဲ ကိုရင်စိုင်လေးရယ်၊ နယ်ကျွံပြီး ဘာလာကြံ တာတုံး” ဟုပြောလိုက်ရာ ရသေ့ဟန်ဆောင်ထားသောစိုင်လေး လည်း ထိုလူကို သေချာစွာကြည့်ပြီးလျှင် . . .

“အလို ဘယ်သူများလဲအောက်မေ့တယ်၊ အထိတ်တလန့် နိုင်လိုက်တာကွာ၊ ဟော့ ... လှဖေ” ဟု ပြန်၍ ပြောလိုက်ရာ လှဖေ ဆိုသူက . . .

“ကျုပ်တို့ ဒီမြို့မှာ အားလုံးစုံစုံညီညီပဲဗျ၊ မြင့်ဦးတို့လူစုလဲ ရှိတယ်၊ မဲလုံးတို့လူစုလဲ ရှိတယ်၊ စုံနေတာပဲဗျ၊ ခင်ဗျားကော အခု ဘယ်သူနဲ့လဲ၊ ကိုမြတ်ကောင်းကြီးနဲ့ တွဲနေတုန်းပဲလား၊ ဖြစ်ကော ဖြစ်ကြရဲ့လား” ဟု မေးလိုက်ရာ စိုင်လေးက . . .

“မဖြစ်ပါဘူးကွာ ... အဲဒါကြောင့် တခြားကိစ္စတစ်ခုနဲ့ ထွက်လာရင်း ပွဲပေါက်ကလေးဘာလေး လိုက်ကြည့်နေတာကွ” ဟု ပြောလိုက်လေ၏။

“ဒါနဲ့ ခင်ဗျားကို ပြောရဦးမယ်၊ ဟို ပင့်ကူကောင်တွေကို ခင်ဗျားသိတယ် မဟုတ်လား၊ ကျုပ်တို့နဲ့တောင် အဝေမတည့်လို့ ပြဿနာပေါ်သေးတယ်လေဗျာ” ဟု လှဖေဆိုသူကပြောရာ-

“သိတာပေါ့ကွ ... ပင့်ကူတွေ အခုတလော တော်တော် ခြေရှုပ်နေတယ်ကွ၊ ဘာကိစ္စ ခြေရှုပ်နေမှန်း မသိဘူး၊ မြို့တိုင်း မြို့တိုင်းမှာ ဒီကောင်တွေ ရောက်နေပါလား” ဟု စိုင်လေးက ပြန်၍ မေးလိုက်လေ၏။

ထိုအခါ လှဖေက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုဗျ ... ဒီကောင်တွေ လူတစ်ယောက်ကို သဲသဲမဲမဲ ရှာနေတယ်၊ အဲဒီလူကိုတွေ့ရင် သူတို့ ဘယ်လောက် အကျိုးရှိမယ် မပြောနိုင်ဘူး၊ သူတို့ဆီကို အဲဒီလူကိုသာ အရောက်ပို့ပေးမယ်ဆိုရင် ငွေတစ်သိန်းတောင် ပေးမယ်တဲ့ဗျ၊ သူတို့လိုချင်တဲ့ကောင်က ဘယ်လောက်များ အရှောင်အတိမ်းတော်သလဲ မသိဘူး၊ ပင့်ကူတွေလဲ လက်လျှော့ပြီး ကျုပ်တို့ဆီကို အကူအညီတောင်းထားတယ်ဗျ" ဟု ပြောလိုက်ရာ စိုင်လေးက . . .

"မင်းစကားကလဲ အဆန်းပါလားကွ၊ တကယ်လို့ ဒီကောင်ဟာ ရန်သူသာဆိုရင် ဖမ်းစရာ ဘာလိုလဲကွ၊ တွေ့တဲ့နေရာမှာ ကီစွတုံးပစ်လိုက်ရုံပေါ့ကွ" ဟု ပြန်၍ပြောလေ၏။

"ဒီလိုမဟုတ်ဘူးဗျ၊ ဒီကောင့်ကို သူတို့က သတ်ချင်တာထက် ဒီကောင့်ကိုတစ်ခုခုစစ်ဆေးချင်ပုံရတယ်၊ ပင့်ကူတွေအကြောင်းလဲ ခင်ဗျားသိသားပဲဗျာ၊ ဒီကောင်တွေက ဓားပြတွေဆိုပေမယ့် လူထူးလူဆန်းတွေဗျ၊ ဓားပြအချင်းချင်းတောင် နားမလည်ဘူး၊ တစ်ခါတလေ ပန်းအိုးကလေး တစ်လုံးကို တစ်ထောင်ပေးဝယ်လိုဝယ်၊ တိုင်ကပ်နာရီ အဟောင်းကလေးတစ်လုံးကို တက်လုလိုလုနဲ့ လုပ်တတ်တဲ့ကောင်စားမျိုးတွေ မဟုတ်လား" ဟု လှဖေ ဆိုသူက ပြောလိုက်ရာ စိုင်လေးက . . .

"ဟုတ်ပြီဟေ့ ... ဟုတ်ပြီ၊ မင်းပြောမှ သတိရပြီ၊ ဟိုတစ်ခါ ရှေးဟောင်း ရှေးအိမ်ကြီးအိမ်ဟောင်းတွေပေါ် တက်ပြီး ကြက်ရုပ်ပါတဲ့တိုင်ကပ်နာရီတွေ တက်ပြီး ဓားပြတိုက်တာ ဒီကောင်တွေအဖွဲ့ပေါ့ကွ၊ အဲဒီမှာ လူသတ်မှုတောင် ဖြစ်သွားသေးတယ်၊ ပြီးတော့ အပ်ချည်လုံးတံဆိပ် ရေမွှေးတစ်ပုလင်းရဖို့ ဒီကောင်တွေ လူစု လော်ရီကားကြီးတစ်စီးစာရောက်လာပြီး အိမ်တစ်အိမ်ကို ဓားပြတိုက်တာလဲ ကြားလိုက်ပါရဲ့၊ ဒီကောင်တွေ အဲဒီလို



အလုပ်ကောင်းလို့ . . . ပုလိပ်ဘက်ကလဲ လူဆိုးဓားပြဆိုရင် အစိတ်သား သုံးဆယ်သားကောင်တောင်မချန်ဘဲ ဖမ်းလိုက်တာ ငါတို့ဖြင့် ပြေးပေါက်ကိုမှားနေတာပဲ" ဟု ပြောလိုက်၏။

"ဒါတင် ဘယ်ဟုတ်ဦးမလဲဗျ၊ ဂျူဗလီဟောမှာလုပ်သွားတဲ့ လေလံပွဲတစ်ခုက လုယက်မှုကို ခင်ဗျားမှတ်မိဦးမှာပေါ့၊ လေလံရောင်းတဲ့ ဂျူးအဘိုးကြီးက ပစ္စည်းဟောင်း တော်တော်များများ လေလံတင်တယ်လေဗျာ၊ အဲဒီအထဲမှာ လက်လှည့် သစ်သားအနှိပ်သည် ဘုဟောင်းလေးတစ်ခုပါလာတယ်၊ အဲဒီ အနှိပ်သည်ဘုကို ဂျူးကြီးက ငွေခုနစ်ထောင်အထိ တက်ပေးတဲ့လူရှိတာတောင် မရောင်းခဲ့ဘူးလေဗျာ၊ အဲဒီမှာ ဒီကောင်တွေအဖွဲ့က ဂျူးကြီးအိမ် လိုက်သွားပြီး ဂျူးကြီးကို သတ်ပြီး အဲဒီဘုကြီးကို ယူသွားတယ်လေဗျာ"ဟု လှဖေက ပြောလိုက်ရာ စိုင်လေးက-

"ဟုတ်တယ်ဟေ့ ... ဟုတ်တယ်၊ ဓားပြအဖွဲ့ထဲမှာတော့ ရှုပေါ်ပေါ်အဖွဲ့တစ်မျိုးပါပဲကွာ၊ ငါဖြင့် ဒီကောင်တွေ လုပ်တဲ့ အပေါက်ကို နားကိုမလည်ဘူး" ဟု ပြောလိုက်လေ၏။

"ရှုပေါ်ပေါ်အဖွဲ့လို့တော့ မပြောနဲ့ဗျ၊ ဓားပြအဖွဲ့ထဲမှာ သူတို့အဖွဲ့ဟာ စည်းကမ်းအရှိဆုံး၊ သိပ်သည်းမှုအရှိဆုံးအဖွဲ့ပဲဗျ၊ ပုလိပ်ဘက်ကလဲ သူတို့အဖွဲ့ကို အတော်လေး လန့်နေတယ်၊ သူတို့အဖွဲ့မှာက အဖွဲ့ဝင်တိုင်းလိုလိုက လုပ်ရည်ကိုင်ရည် ရှိနေတယ်၊ အမှုဖြစ်လာရင်လဲ တော်ရုံတန်ရုံဟာဆိုရင် ငွေနဲ့ပေါက်ပြီး လွတ်အောင်လုပ်သွားကြတယ်၊ ဒါကြောင့် အဓိပ္ပာယ်တစ်ခုခုတော့ ရှိလိမ့်မယ်၊ အခုလဲပဲ ပင့်ကူတွေ ရှာခိုင်းတဲ့လူဟာ ခပ်ဆန်းဆန်းပဲဗျ" ဟု လှဖေက ပြောလိုက်လေ၏။

"သူတို့ရှာခိုင်းတာ ရာဇဝင်ဆရာပဲလား" ဟု စိုင်လေးက မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိုင်လေး ပြောသော ရာဇဝင်ဆရာ ဆိုသည်မှာ သူတို့လောက၌ ရာဇဝင်လူဆိုးကို ခေါ်ဝေါ်သုံးနှုန်းသော ဝေါဟာရဖြစ်၏။ ထိုအခါ လှဖေက . . .

"အဲဒါကြောင့် ပြောတာပေါ့ဗျ ... ခင်ဗျား ထင်နေသလို ရာဇဝင်သမားလဲ မဟုတ်ဘူး၊ ဘာမှလဲ မဟုတ်ဘူး၊ လူငယ်လေးတစ်ယောက်ပဲ၊ သူတို့မိခါနီးမှ လွတ်ထွက်ပြေးသွားတာ၊ ကျုပ်တို့ကိုတော့ ပုံပန်းသဏ္ဍာန် ပေးထားတယ်၊ အသားဖြူဖြူ ရုပ်ခပ်ချောချော၊ အသက်နှစ်ဆယ်ဝန်းကျင်လောက်ပဲ ရှိသေးတယ်၊ တခြားနာမည်တွေ ပြောင်းထားချင် ပြောင်းထားလိမ့်မယ်၊ နာမည်အရင်းက ရေချမ်းလို့ ခေါ်တယ်၊ 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ပွဲရုံမှာ အလုပ် လုပ်ဖူးတယ်။

"အဲဒီတော့ အဲဒီကောင်ရှိတဲ့နေရာကို သတင်းပေးရုံပေးတဲ့လူက ငွေတစ်သောင်းရမယ်၊ ကိုယ်တိုင်ကိုယ်ကြပ် လက်ထဲဖမ်းဆီးပေးခဲ့ရင် ငွေတစ်သိန်းရမယ်၊ အဲဒီတော့ ခင်ဗျားတို့လဲ ရှာပါ၊ တွေ့ရင် ခင်ဗျားတို့ချည်း ငွေတစ်သိန်းရမှာ၊ ကျုပ်က သတင်းပေးခအဖြစ် သပ်သပ်ကို ငွေတစ်သောင်းရမှာ၊ အဲဒီတော့ တွေ့ရင် ကျုပ်နဲ့ဆက်သွယ်ပါ၊ 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ရမယ်လို့သာ သံကြိုးရိုက်လိုက်ပါ' ဟုပြောလိုက်လေ၏။ ထိုအခါ စိုင်လေးက . . .

"မင်းပြောတဲ့ ခွေးနှစ်ကောင် ကြောင်တစ်မြီး ရမယ်ဆိုတော့ ဒီသံကြိုးကို ပုလိပ်ဘက်က သံသယ မဖြစ်ဘူးလား" ဟု ပြောလေ၏။

"မဖြစ်ပါဘူးဗျာ ... ကုန်သည်အချင်းချင်း ဈေးကစားဖို့ သံကြိုးရိုက်နေကြတာ ဒီလိုပဲ ဝှက်စာတွေနဲ့ သံကြိုးရိုက်နေကြတာပဲ၊ တချို့ကုန်သည်များ သူ လွှတ်ထားတဲ့လူကို ထန်းလျက်



ဝယ်ဖို့ အချက်ပေးတာက . . . 'တောက်တဲ့ကို ဖောက်ထိုးရရင် သုံးကောင်ဝယ်ခဲ့' တဲ့၊ အဲဒီတော့ လွှတ်ထားတဲ့ ကိုယ်စားလှယ်ကလဲ ပြန်ရိုက်လိုက်တယ်၊ 'မြင်းကြီးပါ ဖောက်ထိုးလာမယ် ... ယူမလား' လို့ ပြန်ပြီး သံကြိုးရိုက်လိုက်တယ်၊ ဒါတွေက အဆန်းမဟုတ်ပါဘူးဗျာ၊ ကုန်သည်လောကမှာ လုပ်နေကျဟာတွေပါ" ဟု လှဖေက ပြောလိုက်ရာ စိုင်လေးက . . .

"မင်းပြောတဲ့ တောက်တဲ့ကို ဖောက်ထိုးရရင် ဝယ် ... မြင်းကြီးပါ ဖောက်ထိုးလာမယ် ... ယူမလား ဆိုတာတွေက ဘာတွေတုံးဗျ" ဟု မေးလိုက်လေ၏။

"ဒါတွေက အမှတ်အသားနဲ့ ပြောတာတွေလေဗျာ ... တောက်တဲ့က ထန်းလျက်ကို ပြောတာလေဗျ၊ ထန်းလျက်က အဲဒီအချိန်မှာ ၅၄ ကျပ်ဈေး ပေါက်နေတယ်လေဗျ၊ ဖောက်ထိုးဆိုတော့ ၅၅ ကျပ်ဈေးကိုပြောတာ၊ မြင်းကြီးဆိုတာက မန်ကျည်းသီးကိုပြောတာ၊ လာမယ် ယူမလား . . . ဆိုတာက စောစောကပြောသလို မန်ကျည်းသီးပါ ဈေးဖောက်ထိုးရမယ်၊ ယူမလားလို့ ပြန်မေးတာဗျ" ဟု လှဖေက ပြောရာ စိုင်လေးက . . .

"အေး အေး ... ဒါဆိုရင် ငါ သဘောပေါက်ပြီ၊ အဲဒီတော့ ငါ မင်းကိုဆက်သွယ်မယ်၊ ဆက်သွယ်တဲ့အခါမှာ ခွေးနှစ်ကောင် ကြောင်တစ်မြီး ဆိုတဲ့ အမှတ်အသားနဲ့ပဲဆက်သွယ်မယ်၊ ငါတို့က ဖမ်းဆီးယူလာရင် မင်းက ငွေချက်ချင်းထုတ်ပေးတဲ့လူနဲ့တွေ့ပေးမှာလား" ဟု မေးလိုက်လေ၏။

"ငွေအတွက် အလုပ်လုပ်ကြတာပဲဗျာ၊ ချက်ချင်း ငွေမပေးလို့ ဘယ်ဖြစ်မှာတုံး ... ပေးရမှာပေါ့" ဟု လှဖေက ပြောလိုက်လေ၏။

ထိုအခါ စိုင်လေးက . . .

www.burmeseclassic.com



"သူတို့ ဒီမှာရှိသလား" ဟု မေးပြန်လေ၏။

"ခင်ဗျားကလဲ ပင့်ကူတွေအကြောင်း သိမှမသိဘဲကိုး ... သိပ်ပြီး ကတိတည်တယ်ဗျ၊ ငွေဆိုတာ အကြောင်းမဟုတ်ဘူး နေရာတိုင်းမှာ သူ့ကိုယ်စားလှယ်တွေ ရှိတယ်၊ လက်နှစ်လုံး လောက် ရှိတဲ့ စာရွက်ပေါ်မှာ ရေးပေးလိုက်ရုံနဲ့ ဘယ်နှသိန်း ယူမလဲ၊ ထုတ်လို့ရတဲ့ ဟွန်ဒီစနစ်တွေလဲရှိတယ်ဗျ၊ အဲဒီပင့်ကူ တွေက နိုင်ငံခြားနဲ့တောင် ဆက်သွယ်ပြီး အလုပ်လုပ်နေကြတာ ခင်ဗျားတို့ ကျုပ်တို့လို ခါးပြသက်သက်မဟုတ်ဘူးဗျ၊ ယုံစမ်း ပါဗျာ ... ခင်ဗျားနဲ့ ကျုပ်နဲ့ကလဲ တစ်ဦးကိုတစ်ဦးလိမ်လို့ဘယ်ရ မလဲ၊ တစ်ယောက်အကြောင်းတစ်ယောက်သိပြီးသားပဲ၊ ခင်ဗျား ကို လိမ်သွားတော့ရော ခင်ဗျားက ကျုပ်ကို ဒီအတိုင်းထားမတဲ့ လား ...ကိုစိုင်လေးရယ်"ဟု လှဖေကပြောရာ စိုင်လေးက ...

"အေးလေ ... ဒီလိုဆိုလဲ မင်းနဲ့ငါ ဆက်သွယ်ရတာပေါ့ ကြိုပြီးပြောထားချင်တာကတော့ တစ်ဦးကိုတစ်ဦး မပတ်ဖို့ပါပဲ ရမယ်ဆိုတဲ့ငွေကို ချက်ချင်းမရတောင် တစ်ပတ်အထိစောင့်ပါ့ မယ် ငါ့လူရာ" ဟု ပြောလိုက်လေ၏။

"ကိုစိုင်လေးရယ် ... ခင်ဗျားဟာ စကားပြော တော်တော် လေရှည်တဲ့လူဗျာ၊ ခင်ဗျားနဲ့ တယောကြီးနဲ့မှ လိုက်ပါတယ် ခင်ဗျား ဘာဖြစ်လို့ခါးပြလုပ်စားနေရတာလဲ၊ ဝတ်လုံလုပ်စားရင် သူဌေးဖြစ်တာ ကြာလှပြီ" ဟု လှဖေက ပြောလိုက်လေ၏။

"မေးနေရတာက ဒီလိုဟော့ ... မင်းတို့ပြောတဲ့ကောင်တွေ ငါတို့လက်ထဲမှာရှိတယ်၊ ချူကော်လို့ စိုင်ပေါ်ရောက် ဆိုတာ ဒါမျိုးပေါ့ကွာ" ဟု စိုင်လေးက ပြောရာ . . .

"တောက်တီးတောက်တဲ့ကွာ ... ဘယ်ကလာ ချူကော်လို့ စိုင်ပေါ်ရောက်ရမှာလဲကွာ၊ စိုင်ကော်လို့ ချူပေါ်ရောက်ပါကွ"



ဟု လှဖေက ပြောရာ . . .

"မင်း မှားနေပြီ လှဖေ၊ စိုင်က ငါပဲကွ၊ ချူက ကော်လို့ စိုင်ကြီးအပေါ်ရောက်တော့မှာ၊ အဲဒီကောင်ကို ငါတို့ ကောက်ရ တာကွ၊ တယောဆရာကြီးက သနားလို့ဆိုပြီး ဆေးကုထားတာ၊ မင်းဆီကို ငါကပို့မယ်၊ မင်းက ဘာဘာညာညာမလုပ်နဲ့ တစ်ပတ် အတွင်း ငါ့ကိုငွေရှင်း၊ ငွေရမှ ငါ ပြန်မယ်" ဟု စိုင်လေးက ပြောလိုက်လေ၏။

ထိုအခါ လှဖေက . . .

"ခင်ဗျား နောက်နေတာလား ... ဒါ ကလေးကစားစရာ လုပ်နေတာ မဟုတ်ဘူး၊ ဒီလုပ်ငန်းမှာ အသက်တွေထပ်ပြီး လုပ်ကြရမှာ၊ ခြေချော်လက်ချော်ဖြစ်သွားရင် ထောင်ကျသွား မယ် ... ဒီထက် ခြေချော်လက်ချော်ဖြစ်သွားရင် အသက်ပါ ပါသွားမယ်" ဟု ပြောလိုက်ရာ စိုင်လေးက . . .

"ကျီစားနေတာ မဟုတ်ဘူး၊ နောက်နေတာ မဟုတ်ဘူး၊ ငါ တကယ်ပြောနေတာ၊ မင်းဘက်ကသာ မပျက်စေနဲ့" ဟု ပြောလိုက်လေ၏။

ထိုအခါ လှဖေက . . .

"ခင်ဗျား သေချာရင် ကျုပ် ခလုတ်ဖွင့်လိုက်တော့မယ်" ဟု ပြောလိုက်တော့၏။

ထိုအခါ စိုင်လေးက . . .

"ဟော့ကောင် ... လှဖေ၊ မင်းဘာသာမင်း ခလုတ်ပဲဖွင့်ဖွင့်၊ ခလုတ်ပဲပိတ်ပိတ်၊ ငါလိုချင်တာ ငွေတစ်သိန်းပဲ၊ အဲဒီအထဲက ပြားစေ့လေးတစ်စေ့ ပွန်းနေတာတောင် လက်မခံဘူး၊ ပြားစေ့ လေး တစ်စေ့ လျော့နေတာနဲ့ အသက်တစ်ချောင်းပဲ၊ ကျုပ်မှ အလုပ်လုပ်" ဟု ပြောလိုက်ရာ လှဖေက . . .

www.burmeseclassic.com



"ကျေနပ်ပါတယ်ဗျာ ... ဒါပေမဲ့ ခင်ဗျားနဲ့ ကျုပ်နဲ့ ပစ္စည်းတွေ ဘယ်နေ့ပို့မယ်၊ မပို့နဲ့ဦးဆိုတဲ့ အချိတ်အဆက်တွေတော့ လိုအပ်ရှိတာပေါ့၊ အဲဒီတော့ ခင်ဗျားနဲ့ ဆက်သွယ်ရမယ့် လိပ်စာတော့ ပြောခဲ့ပါ" ဟု ပြောရာ စိုင်လေးက . . .

"ဒါမျိုးတွေ ရိုးနေပြီ လှဖေ၊ မင်းကို လိပ်စာမပေးနိုင်ဘူး လူဆိုးမားပြက လိပ်စာပေးရတယ်ဆိုတာ ထုံးစံလဲ မဟုတ်ဘူး နေရပ်လိပ်စာ အတိအကျ မပေးချင်လို့ မားပြတိုက်စားနေတာ ကွ၊ အဲဒီတော့ ငါတို့နဲ့ ဆက်သွယ်ဖို့ဆိုရင် တခြားနည်းကိုသာ မင်းစဉ်းစားပေတော့၊ လိပ်စာကိုတော့ မပေးရေးချ မပေးပဲတော့" ဟု ပြောလိုက်ရာ လှဖေသည် ခေါင်းရှုပ်သွားလေ၏။ ထို့နောက် တစ်စုံတစ်ခုကို စဉ်းစားပြီးနောက် . . .

"ခင်ဗျား သတင်းစာတော့ နေ့တိုင်းဖတ်တယ်မဟုတ်လား" ဟု လှဖေက မေးလိုက်လေ၏။

"လောကမှာ ငါ မလုပ်တဲ့ အလုပ်နှစ်ခုရှိတယ်ကွ၊ တစ်ခုက ပိုက်ဆံချေးပြီးရင် ဘယ်တော့မှ ပြန်မဆပ်ဘူး၊ နောက်တစ်ခုက သတင်းစာ ဘယ်တော့မှ မဖတ်ဘူး" ဟု စိုင်လေးက ပြောလိုက် ရာ လှဖေသည် ခေါင်းကိုကုတ်လေတော့၏။

"ပိုက်ဆံချေးပြီးရင် ပြန်မဆပ်ဘူး ဆိုတာကတော့ သဘော ပေါက်ပါတယ်ဗျာ၊ သတင်းစာက ဘာဖြစ်လို့ မဖတ်တာလဲ" ဟု လှဖေက မေးလိုက်ရာ စိုင်လေးက . . .

"သတင်းစာဖတ်တာ ရှုံးတယ်ကွ ... ကိုယ့်အကြောင်းလဲ တစ်ခုမှ မပါဘူး၊ သူများအကြောင်းတွေချည်းပဲ၊ တစ်ခါတလေ ကိုယ်နဲ့မသိတဲ့ နိုင်ငံခြားကလူတွေအကြောင်း ထည့်လိုထည့်၊ မင်းကို ငါမေးမယ်၊ မင်း သတင်းစာ နေ့တိုင်းဖတ်နေတာ မင်း အကြောင်း ဘယ်နှခါပါလို့လဲ၊ သူများအကြောင်းတွေချည်း မင်း



ဖတ်နေရတာ မဟုတ်လား၊ ဟိုတလောက လူတွေ သတင်းစာ ဖတ်ပြီး ငြင်းနေကြသေးတယ်၊ ဝေလမင်းသားနဲ့ မစ္စဆင်ဆင် ဆိုတာ ယူကြမလို့တဲ့၊ သူတို့အကြောင်း ငါ စိတ်မဝင်စားပါဘူး၊ သူတို့ကို ငါမှမသိဘဲ၊ ပြီးတော့ သူတို့ကလဲ ငါ့ကိုမသိကြပါဘူးကွ၊ မသိတဲ့လူအကြောင်းကို ရေးထားတာ မသိတဲ့လူက ဖတ်ရမယ် ဆိုတော့ကွာ၊ မင်းပဲစဉ်းစားကြည့်စမ်းပါဦး" ဟု ပြောလိုက်ရာ လှဖေက 'တဟားဟား' ရယ်လေ၏။ ထို့နောက် . . .

"ဒါကြောင့် ခင်ဗျားမှာ အသိဉာဏ် မရှိတာ၊ ဒါကြောင့် ခင်ဗျား မားပြဖြစ်တာ၊ နောက်ပြီး ခင်ဗျားအကြောင်း သတင်းစာ ထဲမှာ တစ်ခါမှ မပါဘူးလို့ ခင်ဗျားကပြောတယ်၊ ဘယ်ကလာ ဟုတ်ရမှာလဲ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ခင်ဗျားအကြောင်း ပါတယ်လေဗျာ၊ မန္တလေးက အိမ်တစ်အိမ်ကို ဖောက်ထွင်းတာ မိသွားတဲ့ သတင်းလေ၊ ခင်ဗျား ဘာငြင်းဦးမလို့လဲ" ဟု လှဖေက ပြောလိုက်လေ၏။

"အဲဒါကြောင့် . . . ငါ မဖတ်တာပေါ့ကွ၊ ဒီသတင်းစာက ငါ့အကြောင်း တစ်ခါမှမရေးဘူး၊ ရေးမယ့်ရေးတော့ မကောင်း ကြောင်းပဲ ရေးတယ်၊ ငါ့ကို ဖောက်ထွင်းခိုးယူတဲ့သူခိုးကြီးအဖြစ် နဲ့ ရေးသားထားတယ်" ဟု စိုင်လေးကပြောရာ . . . လှဖေက 'တဟားဟား' ရယ်လေ၏။

"ခင်ဗျားကမှ မကောင်းတဲ့ဥစ္စာ၊ ကောင်းတယ်လို့ ရေးရမှာ လားဗျ၊ သူများအိမ်လဲ ဖောက်ထွင်းပြီး ခိုးသေးတယ်၊ ခင်ဗျားကို ကောင်းတယ်လို့ ရေးရင် ဖြစ်ပါ့မလားဗျ" ဟု ပြောလိုက်လေ၏။

"အဲဒါကြောင့် ငါမကြိုက်တာပေါ့၊ မင်းစဉ်းစားကြည့်စမ်း၊ အိမ်ထဲကလူတွေကို သတ်မယ်ဆိုရင် သတ်လို့ရတယ်ကွ၊ သူတို့ အိပ်ပျော်နေကြတာ၊ ငါ့မှာ ကြင်နာစိတ်တွေနဲ့ လယ်ဖျားနဲ့တောင်

www.burmeseclassic.com

www.burmeseclassic.com



မထိခဲ့ဘူး၊ ဒီအချက်ဟာ ငါက အိမ်ရှင်တွေအပေါ် ကောင်းတဲ့ အချက်လေကွာ၊ ငါက အိမ်ရှင်တွေရဲ့ အသက်သခင် ကျေးဇူးရှင်ကွ၊ ပြီးတော့ ငါဟာ လောဘမကြီးဘူးလေကွာ၊ အဲဒီအိမ်ထဲမှာ ယူစရာပစ္စည်းတွေ အများကြီးပဲ၊ မတ်တတ်ဗီရိုကြီးတွေ စားပွဲကြီးတွေ၊ အဲဒါတွေကိုလဲ ငါမယူဘူးလေကွာ၊ ပြီးတော့ ငါနဲ့ မဆိုင်တဲ့ စာရွက်စာတမ်းတွေ အများကြီးလဲ တွေ့တယ်။

"အဲဒါတွေလဲ ငါ ဘာမှမလုပ်ခဲ့ဘူး၊ ဒီအတိုင်းထားခဲ့တယ်လေ၊ လောဘကြီးတဲ့လူဆိုရင် စောစောက ငါပြောတဲ့ဟာကြီးတွေ ယူမယ်ကွ၊ ခင်းထားတဲ့ ကော်ဇောကြီးလဲ ယူမယ်ကွ၊ အဲဒီလောဘတွေကို ငါချိုးနှိမ်ခဲ့တယ်၊ ငါဘာများယူခဲ့လို့လဲ၊ ငွေရယ် ရွှေရယ်နဲ့ လက်ဝတ်လက်စားတွေပဲ ယူခဲ့တာ၊ အဲဒီအိမ်ထဲမှာ သယ်စရာပစ္စည်းတွေ အများကြီးပဲ၊ အိုးခွက်ပန်းကန်တွေဆိုရင် နည်းတာမဟုတ်ဘူး၊ အဲဒါတွေကိုမယူဘဲ လောဘသတ်လာနိုင်ခဲ့တဲ့ ငါ့ကို ချီးမွမ်းသင့်တာပေါ့ကွာ" ဟု စိုင်လေးက ပြောရာ လှဖေက . . .

"မှန်တာပေါ့ ကိုစိုင်လေးရယ်၊ ဒီတစ်ခါ သတင်းထောက်နဲ့ တွေ့ရင် ခင်ဗျားရဲ့လောဘသတ်ပုံ၊ ခင်ဗျားရဲ့ ကြင်နာမှုတွေကို ကျုပ် ပြောပြလိုက်ပါ့မယ်ဗျာ" ဟု ပြောလိုက်လေ၏။

"မင်း သဘောပေါက်သွားပြီ" ဟု စိုင်လေးက ချီးမွမ်းလိုက်လေ၏။

"ဒီမှာ ကိုစိုင်လေး ခင်ဗျားနဲ့ဆက်သွယ်ဖို့က သတင်းစာပဲ ရှိတော့တယ်ဗျ၊ သတင်းစာထဲမှာ ကျုပ်က ကြော်ငြာထည့်လိုက်မယ်၊ ခင်ဗျားတို့က ဒီရက်ကစပြီး နေ့တိုင်း သတင်းစာရှိတဲ့နေရာကို သွားပြီး သတင်းစာဖတ်ကြပေတော့ ... ခင်ဗျားက ကျုပ်ဆီ



အကြောင်းကြားချင်ရင်တော့ ကျုပ်လိပ်စာပြောပြထားမယ်၊ အဲဒီလိပ်စာအတိုင်း သံကြိုးရိုက်ပေတော့" ဟု ဆိုကာ လှဖေသည် သူ၏လိပ်စာကို ပြောပြလေ၏။ ထို့နောက် စိုင်လေးလည်း ...

"ချူကော်လို့ စိုင်လေးတို့ အပေါ်ရောက်ပြီဟေ့" ဟုဆိုကာ လှဖေအား နှုတ်ဆက်၍ ထွက်သွားလေတော့သတည်း။

* * * * *

## စိုင်လေး သတင်းစာဖတ်ပြီ

စိုင်လေးသည် မြို့နှစ်မြို့ကို ခက်ခဲစွာ ဖြတ်၍ လျှို့ဝှက်ခိုအောင်းရာနေရာဆီသို့ပြန်ခဲ့လေ၏။ ထိုသို့ပြန်ခဲ့ရာတွင် လွန်စွာကြီးမားသော ကျွန်းသေတ္တာကြီးတစ်လုံးကိုလည်း လှည်းဖြင့်တင်၍ ယူခဲ့လေ၏။

ထို့ကြောင့် ဓားပြကြီး ဦးမြတ်ကောင်းက စိုင်လေး ဝယ်လာသော ကျွန်းသေတ္တာကြီးကို ကြည့်ကာ . . .

"ဘယ်လိုလဲ ရသေ့ကိုစိုင်လေးရဲ့ ... ရသေ့ဘဝက ထွက်ပြီး မိန်းမယူတော့မလို့ ကြာရွှယ်တယ်နဲ့တူတယ်" ဟု ပြောဆိုကာ သေတ္တာကိုပတ်၍ကြည့်ပြီးနောက် . . .

"အလို ... စိုင်လေးဝယ်လာတဲ့ သေတ္တာကလဲ အပေါက်နှစ်ပေါက်တောင် ပါနေပါလား၊ ပစ္စည်းဝယ်တာကြည့်ဝယ်မှပေါ့" ဟု ပြောဆို အပြစ်တင်လိုက်၏။

စိုင်လေးသည် ရသေ့အဝတ်အစားများကိုချွတ်ရင်း . . .

"အဲဒါ ခင်ဗျား ခက်တာပေါ့ဗျ၊ ဒီသေတ္တာကြီးကို ကျုပ်ဘာအမိပ္ပာယ်နဲ့ ဝယ်ခဲ့တယ်ဆိုတာ ခင်ဗျားမှ မသိဘဲနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ဒီသေတ္တာကြီးဟာ ကျုပ်ကော ခင်ဗျားပါ ရတနာပုံဆိုက်မယ့် သေတ္တာကြီးဗျ" ဟု ပြောလိုက်ရာ ဦးမြတ်ကောင်းက . . .

"လုပ်စမ်းပါဦး စိုင်လေးရယ် ... မင်းပြောတဲ့ အဓိပ္ပာယ်တို့ ငါနားမလည်ဘူးကွ" ဟု ပြောလိုက်ရာ စိုင်လေးက . . .

"နားမလည်ရင် လာခဲ့" ဟု ဆိုကာ ချုပုတ်တစ်ခုအနီးသို့ ခေါ်သွားပြီးလျှင် လှဖေနှင့် တွေ့ခဲ့ပုံ၊ ပင့်ကူအဖွဲ့သားများထံ ရင်းတို့အလိုရှိသော လူကို ငွေတစ်သိန်းပေး၍ ဝယ်ယူမည့် အကြောင်း ကြားသိပုံ၊ ထိုငွေတစ်သိန်းပေး၍ ဝယ်ယူခံရမည့်သူ မှာလည်း အခြားသူမဟုတ်၊ မိမိတို့ထံ၌ ယခုရောက်ရှိနေသော ရေချမ်းဆိုသူဖြစ်ပုံ၊ ထို့ကြောင့် ရေချမ်းအား ကြိုးတုပ်၍ ထို သေတ္တာကြီးအတွင်း၌ ထည့်ကာ အပြင်မှ သော့ခတ်ပြီးလျှင် လှဖေတို့အား ပေးလိုက်ပါက ငွေတစ်သိန်း ရမည့်အကြောင်း တို့ကို ပြောပြလိုက်ရာ ဦးမြတ်ကောင်းက . . .

"ဟုတ်ရဲ့လား စိုင်လေးရာ" ဟု ပြောလိုက်လေ၏။

"ဟုတ်တယ် ဆရာကြီးရဲ့ ... ကျုပ်က ဒီကောင့်ကို ခင်ဗျား ကယ်လာတော့ ဖွတ်တက်လာပြီ အောက်မေ့တာ၊ တကယ်တ ဖွတ်မဟုတ်ဘူးဗျို့၊ ပွပေါက် ... ပွပေါက် ... ငွေတစ်သိန်းတ ခြေထောက်ပေါက်ပြီး အရှင်လတ်လတ် ကျုပ်တို့ဆီ ရောက်လာ တာ၊ ဒီအခွင့်အရေးက လက်လွတ်လို့ ဘယ်ဖြစ်မတုံးဗျ" ဟု စိုင်လေးက ပြောလိုက်လေ၏။ ထိုအခါ ဦးမြတ်ကောင်းက . . .

"ကဲ ... ထားပါတော့ကွာ၊ ဘယ်တော့ပို့ရမှာလဲ" ဟု မေးရာ စိုင်လေးက . . .

"အဲဒါ ကျုပ်ပြောပြမယ်၊ လှဖေက ပို့ရမယ့် အချိန်းအဆက် ကို သတင်းစာထဲကနေ ထည့်လိုက်မယ်၊ အဲဒီတော့ ကျုပ်တို့တ



ဒီတောကြိုအုံကြားမှာ နေလို့ မဖြစ်တော့ဘူး၊ အနီးဆုံးမြို့ကို တက်ပြီး အဲဒီက သတင်းစာကို နေ့တိုင်းဖတ်ရမယ်။

"သူတို့က ဘယ်လိုထည့်မလဲ ဆိုတော့ . . . 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ပို့လိုက်ပါ ဆိုတဲ့စာကို ထည့်လိုက်မယ်ဗျ၊ အဲဒါ သတင်းစာထဲပါတာနဲ့ ကျုပ်ဆီရောက်နေတဲ့အကောင်ကို ကြိုးနဲ့ တုပ်ပြီး သေတ္တာထဲထည့်၊ လှဖေဆီ ပို့လိုက်ရုံပဲ၊ ပြီးတော့ လှဖေ ဆီက ငွေတစ်သိန်းထုတ်ယူ၊ ဘယ်လောက်လွယ်သလဲဗျာ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးမြတ်ကောင်းက . . .

"ကောင်ကလေးတော့ သနားစရာကွာ" ဟု ညည်းညူလိုက် လေ၏။

"ခင်ဗျား ဒီလိုသနားတတ်ရင် ဘာဖြစ်လို့ ဓားပြလုပ်စား ရတာတုံးဗျ၊ ခင်ဗျားနဲ့ အလုပ်လုပ်ရတာ အဲဒါတွေခက်တာပဲ" ဟု စိုင်လေးက ပြောလိုက်လေ၏။

"ငါက မလုပ်ဘူးလို့ မပြောပါဘူးကွာ၊ သနားတာကို ပြောတာပါ" ဟု ဦးမြတ်ကောင်းက ပြောလိုက်လေ၏။

"ကောင်းပြီ ဦးမြတ်ကောင်း၊ အနားကျမှကတ်သီးကတ်သတ် မလုပ်နဲ့နော်၊ ဟိုကောင်တွေနဲ့ ကျုပ်တို့ သတ်ကုန်ကြလိမ့်မယ်၊ အခုကိစ္စက လှဖေတို့တစ်ဦးတည်းမဟုတ်ဘူး၊ ပင့်ကူကောင် တွေပါ ပါတယ်ဗျ" ဟု စိုင်လေးက ပြောလိုက်လေ၏။

"အေးလေ ... မင်းလုပ်တာကို ငါသဘောတူပါတယ်" ဟု ဦးမြတ်ကောင်းက ပြောလိုက်လေ၏။

ထိုနေ့မှစ၍ စိုင်လေးသည် ပင်လယ်ကမ်းစပ်အနီး လမုပင် များ ကြားတွင် ဆောက်လုပ်ထားသော တဲကလေးအတွင်းမှ အတော်အတန် စည်ကားသော ပင်လယ်ဆိပ်ကမ်းမြို့ကလေးသို့ နေ့စဉ်သွားရောက်ကာ လက်ဖက်ရည်ချို သောက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာကိုလည်း အစမှအဆုံး တစ်လုံးမကျန် ဖတ်နေလေတော့သတည်း။

၀-၀-၀

ဤနေရာ၌ လူဆိုးလှဖေ၏အကြောင်းကို ရေးပြရန် လိုပေသည်။ လှဖေမှာ စိုင်လေးနှင့် တွေ့ပြီးနောက် ပင့်ကူများနှင့် ဆက်သွယ်ရန်အတွက် စီစဉ်လေတော့၏။

ပထမတွင် ပင့်ကူအဖွဲ့ဝင်များနှင့် အဆက်အသွယ်ရှိသူ ရန်ကုန်မြို့ သယ်န်းကျွန်းဘူတာအနီးနေ စိန်ရွှေရတနာပွဲစား ဦးစံမတူထံသို့ အောက်ပါသံကြိုးကို ရိုက်လိုက်လေတော့၏။

> ခွေးနှစ်ကောင် ကြောင်တစ်ကြီး ဘုရှင်လက်လက်ရပြီ၊ ချေးပေးဖို့ စီစဉ်ပါ။
>
> ၅၆ဖေ

ထိုသံကြိုးသည် ဦးစံမတူထံသို့ ရောက်ရှိသွား၏။ ဦးစံမတူမှာ ပင့်ကူအဖွဲ့ဝင် ဖြစ်၏။ ဦးမောင်ကြီး၏ တာဝန်ပေးချက်အရ ရေချမ်းကို ငွေနှင့် လိုက်၍ ဝယ်ယူရန် စီစဉ်နေသူ ဖြစ်၏။

ဤနေရာ၌ ဦးစံမတူ၏အကြောင်းကို အနည်းငယ် ဖော်ပြရန် လိုပေသည်။

ဦးစံမတူသည် စိန် ရွှေ ရတနာ ပွဲစားလုပ်ငန်းကို မျိုးရိုးစဉ်ဆက် လုပ်ကိုင်ခဲ့သူတစ်ဦး ဖြစ်၏။

သို့ရာတွင် လွန်ခဲ့သောဆယ်နှစ်ခန့်က ၎င်းထံ ရောင်းချရန် အပ်နှံထားသော ရတနာပစ္စည်းများကို မြင်းလောင်းပစ်လိုက်သည် ဆို၏။



ထိုပစ္စည်းများထဲတွင် ပုလိပ်မင်းကြီးတစ်ဦး၏ မယားငယ်ထံမှ စိန်ဘယက်တစ်ကုံးလည်း ပါသွားသည်ဆို၏။ ထို့ကြောင့်လည်း ဦးစံမတူသည် လိမ်လည်မှုဖြင့် ထောင်ကျသွားခဲ့လေ၏။

ထောင်ထဲတွင် ပင့်ကူတစ်ကောင်နှင့် ရင်းနှီးခဲ့ရာကအစ ထောင်မှထွက်သောအခါ၌ ပင့်ကူတို့ ခားပြတိုက်၍ ရသောပစ္စည်းများကို ၎င်းက ရောင်းချပေးခြင်းဖြင့် လွန်စွာ စီးပွားဖြစ်ထွန်းခဲ့လေ၏။

သူသည် သယ်န်းကျွန်းဘူတာနှင့် လွန်စွာမဝေးသောနေရာ၌ ခြံဝင်းကျယ်ကြီးနှင့် အိမ်တစ်လုံးကို ဝယ်ယူကာ နေထိုင်ခဲ့လေ၏။ ထိုခြံကြီးအတွင်း၌ ပန်းပင်များ စိုက်ပျိုးရန်အတွက် မာလီတစ်ယောက်ကို ငှားထား၏။ ညအခါ ခြံကိုစောင့်ရန်အတွက် ဒရဝမ်တစ်ဦးကိုလည်း ငှားထား၏။

၎င်းအား ချက်ပြုတ် ကျွေးမွေးရန်အတွက် ထမင်းချက်ကုလား တစ်ယောက်ကိုလည်း လခကောင်းကောင်းပေး၍ ခန့်ထားလေ၏။

ဦးစံမတူသည် အစစအရာရာ ပြည့်စုံပေ၏။

သို့ရာတွင် ဤသူကား မိန်းမဆိုသည်မှာ ကိုယ်ပိုင်ပစ္စည်းအဖြစ် ထာဝရသိမ်းပိုက်ထားရန် လိုအပ်သောအရာမဟုတ်ဟု ယူဆထားသူဖြစ်၍ ၎င်း၌ ဇနီးသားမယားဟူ၍ မရှိပေ။

၎င်းသည် အပျော်အပျက်မိန်းမနှင့်သာပင် အချိန်ကုန်လျက် ရှိလေတော့၏။ တစ်ခါတစ်ရံ၌ ၎င်းစိတ်ကြိုက် အပျော်ကို တွေ့လျှင် တစ်ညတာ အိပ်စက်ရန်အတွက် အိမ်ခေါ်လာတတ်လေ၏။ နောက်တစ်နေ့ မိုးလင်းမှပင် ထိုအပျော်ကို ပြန်၍လွှတ်တတ်မြဲဖြစ်၏။ ယခုအခါ၌ ဦးစံမတူသည် စိန် ရွှေ ရတနာ အရောင်းအဝယ်လောက၌ လွန်စွာကျော်ကြားနေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှဆိုလျှင် ပင့်ကူတို့နှင့်အဆက်အသွယ်ရှိသော စိန်ရွှေ ရတနာ ကုန်သည်ကြီး ဦးစံမတူ၏အကြောင်းကို သိလောက်ပြီ ဖြစ်ပေ၏။

ဦးစံမတူသည် လှဖေထံမှ သံကြိုးစာကို ရရှိသောအခါတွင် လွန်စွာပျော်၍သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ခွေးနှစ်ကောင် ကြောင်တစ်မြီးဟူ၍ ၎င်းတို့အမည်ပေးထားသော ရေချမ်း ဆိုသည့် ကောင်ကလေး ကို ပင့်ကူတို့ထံ အပ်မည်ဆိုလျှင် ငွေသုံးသိန်းရမည်ဖြစ်သော ကြောင့် ဖြစ်၏။

၎င်းအနေနှင့် ရေချမ်းအား ဖမ်းပေးသူကို ငွေတစ်သိန်း ပေးသည်ထားဦး၊ ကြားမှဆက်သွယ်ပေးသူ သတင်းပေးသူအား ငွေတစ်သောင်းနှစ်သောင်းခန့် ပေးသည်ဆိုလျှင်ပင် ၎င်းအား ငွေရသူတို့က ကျေးဇူးရှင်ကြီးသဖွယ် မြင်ကြပေမည်။

ထိုအခါ ငွေတစ်သိန်းကျော်ကျော်နှင့်ရသော ရေချမ်းကို ပင့်ကူတို့အား ငွေသုံးသိန်းနှင့်ရအောင် လုပ်ပေးမည်ဟု ပြောဆို ထားသောကြောင့် ၎င်းအတွက် ငွေနှစ်သိန်းနီးပါးသည် ချောင် ချောင်ကလေး ရပေတော့မည်။

ထို့ကြောင့် ဦးစံမတူသည် ပျော်လျက်ရှိလေ၏။ ပျော်လွန်း သောကြောင့် ပို၍ပျော်နိုင်စေရန်အတွက် အပျော်မိန်းကလေး တစ်ဦးကို ထိုညက ခေါ်၍အိပ်လေ၏။

ထိုမိန်းကလေး၏နာမည်မှာ လှလှဟူ၍ဖြစ်၏။ ဦးစံမတူနှင့် လှလှသည် အသက်အရွယ်ချင်း လွန်စွာကွာ၏။ ဦးစံမတူသည် လှလှကို ခေါ်လာပြီးနောက် လှလှနှင့်အတူ ထမင်းစား၏။

အရက်နှင့်ရော၍ သောက်ရသော အားဆေးကို မှီဝဲလိုက် သေး၏။ ထို့နောက် လှလှကိုဖက်၍ ဆိုဖာပေါ်၌ အတူထိုင်ကာ



ဓာတ်ပြားသုံးချပ် ကုန်သည်အထိ ဓာတ်စက်ကိုဖွင့်၍ နားထောင် လိုက်သေး၏။

ထိုသို့ နားထောင်ပြီးနောက်မှ လှလှနှင့်အတူ ချစ်တင်း နှီးနှော၏။ ပြီးလျှင် လုံးဝအိပ်ပျော်သွားလေတော့၏။

နံနက်မိုးလင်းသောအခါ၌ လှလှအား ကော်ဖီတစ်ခွက် တိုက်ကာ ပိုက်ဆံပေး၍ ပြန်လွှတ်လိုက်လေ၏။

ထို့နောက် ဦးစံမတူသည် လှဖေထံသို့ . . .

> အမြန်သုံးလာပါ
>
> ဦးစံမတူ

ဟု သံကြိုးရိုက်၍ ခေါ်လိုက်လေ၏။

ထိုနေ့၌ပင် သံကြိုးသည် လှဖေထံသို့ရောက်သွားလေသည်။

ထို့ကြောင့် လှဖေသည် ညသဘော်စီးကာ ရန်ကုန်သို့လာခဲ့ ရာ နောက်တစ်နေ့ နံနက်စောစောတွင် ရန်ကုန်သို့ ရောက် လေ၏။ ထိုအခါ မော်တော်ကားငှား၍ ဦးစံမတူထံသို့ သွားလေ တော့၏။

ဦးစံမတူထံသို့ လှဖေ ရောက်သွားသောအချိန်၌ မာလီ ကုလားလည်း မရောက်သေးပေ။

ဒရဝမ်ကုလားလည်း ပြန်သွားပြီဖြစ်၍ ထမင်းချက်ကုလား မှာလည်း ဈေးဝယ်ရန် ထွက်သွားပြီဖြစ်၏။

ထို့ကြောင့် လှဖေသည် ဦးစံမတူနှင့် နှစ်ယောက်တည်း လွတ်လပ်စွာ တွေ့ရလေတော့၏။

ဦးစံမတူသည် လှဖေကို တွေ့လျှင်တွေ့ချင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... လှဖေ၊ မင်းကလဲ ငွေသိပ်မလိုချင်ဘူးထင်တယ် သံကြိုးစာ ရရချင်းကို ထွက်လာတာကိုး" ဟု ပြောလိုက်ရာ လှဖေက . . .

"ခင်ဗျားကပဲ အမြန်ဆုံးလာဆိုဗျ၊ ဒီကိစ္စမှာ ကျုပ်က ရရင် ခရီးစရိတ်လောက်ပါဗျာ . . . ခင်ဗျားက အချိုကြီးရမှာဗျ ဝမ်းသာစရာရှိရင် ခင်ဗျားကပိုပြီးဝမ်းသာရမှာပေါ့"ဟု ပြောလိုက်လေ၏။

"အေးပါကွာ ... ငါက ကျီစားတာပါ၊ မင်းလက်ထဲမှာလဲ အထုပ်အပိုးတွေ များလှချည်လား" ဟု ဦးစံမတူက မေးလိုက်လေ၏။

"ခင်ဗျားအတွက် ဝယ်လာတဲ့ လက်ဆောင်တွေလေဗျာ၊ ပုစွန်ချဉ် ပါတယ်၊ ငါးသလောက်ကင် ပါတယ်၊ စနိုက်ကြော် ပါတယ်" ဟု လှဖေကပြောရာ ဦးစံမတူက . . .

"စနိုက်ကြော် ပါလားဟေ့ ... အတော်ပဲကွာ၊ ညကျရင် စနိုက်ကြော်နဲ့ အရက်နဲ့ မြည်းရတာပေါ့၊ ကဲ ... ဆိုစမ်းပါဦး ပစ္စည်းက ဘယ်မှာလဲ" ဟု မေးလိုက်လေ၏။

"ပစ္စည်းက ကျွန်တော့်ဆီမှာ မရှိပါဘူး၊ စိုင်လေး ဆိုတဲ့ ကောင်ဆီမှာရှိတယ်၊ ပစ္စည်းဖိုးကိုတော့ စိုင်လေးဆိုတဲ့ကောင်ကို ချေရမှာ၊ ဒီကောင်တွေက သိပ်ပြီးရက်စက်တဲ့ကောင်တွေ ... အူကြောင်ကြောင်သွားပြီးလုပ်လို့ မရဘူး၊ အကုန်လုံး အသတ် ပျောက်ကုန်မယ်၊ မြန်မာပြည်တစ်ပြည်လုံး နှစ်ယောက်တည်းနဲ့ ဓားပြတိုက်နေတဲ့လူတွေ၊ တစ်သိန်းပေးမယ်ဆိုတာ အတိအကျ ကို ပေးမှဖြစ်မှာနော်၊ အဲဒီအထဲက ပြားစေ့ကလေး တစ်စေ့ ပွန်းနေရင်တောင် မဖြစ်ဘူး၊ ကျုပ်ကတော့ ပွဲခလောက်ရမယ့် ကောင်ပါဗျာ၊ ပွဲခကလဲ ခင်ဗျားပြောတဲ့အတိုင်း တစ်သောင်း



တိတိ ပေးရမယ်နော်၊ ကျုပ်ကလဲ ပိုက်ဆံနဲ့ ပတ်သက်လာရင် နည်းနည်းမှ သည်းခံလို့မရဘူး" ဟု လှဖေက ပြောလိုက်ရာ ဦးစံမတူက . . .

"ဒါက မင်းတို့ဘက်ကပြောတာ . . . ပင့်ကူတွေဘက်ကိုလဲ အူကြောင်ကြောင်လုပ်လို့မရဘူးနော်၊ သူတို့လိုချင်တဲ့ကောင် မဟုတ်ဘဲနဲ့ ပေါက်ကရလေးဆယ်တွေ လာပို့ရင်တော့ အကုန်လုံး သေကုန်လိမ့်မယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ လှဖေက . . .

"ဒီအတွက်တော့ စိတ်ချပါဗျာ၊ စိုင်လေးတို့က ဒီလိုလူစား မျိုးတွေ မဟုတ်ပါဘူး၊ သူနဲ့တွဲတဲ့ တယောဆရာ ဓားပြကြီးဆိုရင် ပိုဆိုးသေးတယ်၊ သိပ်ပြီးတိကျတာပဲ၊ မဟုတ်တာ ဘယ်တော့မှ မလုပ်ဘူး" ဟု ပြောရာ ဦးစံမတူကြီးက . . .

"ကဲပါလေ ... မင်းအစီအစဉ် ပြောပြပါဦး" ဟု ဆိုလိုက်ရာ လှဖေက သတင်းစာထဲတွင် ကြော်ငြာထည့်၍ စိုင်လေးတို့နှင့် ဆက်သွယ်မည်ဖြစ်ကြောင်းမှ အစပြု၍ ပြောပြလေ၏။

ထိုအခါ ဦးစံမတူက . . .

"ကောင်းပြီ ...ပစ္စည်းကို မှာလိုက်တော့၊ မင်းဆီကိုရောက် ရင် ပစ္စည်းသယ်ဖို့ လူတစ်ယောက် ငါ လွှတ်လိုက်မယ်" ဟု ပြောရာ လှဖေက . . .

"ဘယ်အထိ သယ်ရမှာလဲ၊ ဒီအိမ်ကို သယ်ခဲ့ရမှာလား၊ ကျုပ်ပဲ သယ်ခဲ့ပါ့မယ်ဗျာ၊ အဲဒီ သယ်ယူပို့ဆောင်ခကို ကျုပ်ကို ပေးပေတော့" ဟု ပြောလိုက်ရာ ဦးစံမတူက တဟဲဟဲရယ်၍-

"ဒီလိုမရဘူးကွ ... ဒီကိုသယ်ရမှာလဲ မဟုတ်ဘူး၊ ပင့်ကူ တွေရဲ့ လျှို့ဝှက်စခန်းရှိတယ်၊ အဲဒီကို သယ်သွားရမှာ၊ ပြီးတော့ ဒီလိုအလုပ်မျိုး လုပ်တယ် ဆိုတာ . . . လူတစ်ယောက်ကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



တောက်လျှောက်ချည်း သုံးသွားလို့ ဘယ်ကောင်းပါ့မလဲကွာ။ သူ့နေရာနဲ့သူ့ကဏ္ဍလေးခွဲထားမှကောင်းတယ်ကွ၊ မင်းလုပ်တာကို ငါလုံးဝမသိစေရဘူး၊ ငါလုပ်တာကိုလဲမင်းလုံးဝမသိစေရဘူး။

"အဲဒါမှလဲ ကောင်းတာပေါ့ကွာ၊ အဲဒီတော့ မင်းဆီမှာ ပစ္စည်းရောက်ရင် မင်းက သင်္ဘောဆိပ်ကိုလာခဲ့၊ လုံချည်အစိမ်းရောင် ဝတ်လာပါ၊ လက်ထဲမှာ ငှက်ပျောခိုင် ဆွဲလာပါ၊ ဒီရက်အတွင်းမှာ ငါတို့ဆီကလဲ မင်းနဲ့လာပြီး ဆက်သွယ်မယ့်လူကို ကမ်းနားဆိပ်ကို လွှတ်ထားမယ်၊ သူက လုံချည်အနီ ဝတ်ထားမယ်၊ သက္ကလပ်ဦးထုပ် ဆောင်းထားမယ်၊ သူက မင်းကိုတွေ့ရင် 'ချွေးနှစ်ကောင်' လို့ ပြောလိမ့်မယ်၊ မင်းက 'တြောင်တစ်မြီး' လို့ ပြောရုံပဲ၊ အဲဒီအခါမှာ သူက မင်းနဲ့လိုက်လိမ့်မယ်။

"မင်းက သူ့ကို ပစ္စည်းအပ်လိုက်ရုံပဲ၊ သူက အဲဒီပစ္စည်းကို သူ့နည်းသူ့ဟန်နဲ့ သယ်လိမ့်မယ်၊ ဘယ်ကိုသယ်မယ်လို့ သူ့ကို မမေးနဲ့၊ သူလဲဖြေမှာမဟုတ်ဘူး၊ ပစ္စည်းကို သူ့ဟာသူ သယ်သွားမှာပဲ၊ အဲဒီသူဆိုတာ ခုထက်ထိ ဘယ်သူဖြစ်မယ် ဆိုတာ ငါကိုယ်တိုင်မသိသေးဘူး၊ ငါ့အထင်ပြောရရင်တော့ ပင့်ကူတွေဟာ လမ်းမှာသယ်တဲ့လူကို သူတို့ဂိုဏ်းသားကိုမသုံးဘဲ ကြေးစားတစ်ယောက်ကို သုံးလိမ့်မယ်ထင်တယ်" ဟု ပြောလိုက်လေ၏။

"အဲဒါက ဟုတ်ပါပြီ . . . ကျုပ်လက်ထဲကို ငွေမရောက်ရင် သိကြားမင်းလာပြီးတောင်းတာတောင် ပစ္စည်းကိုမပေးဘူးနော်" ဟု လှဖေက ပြောလိုက်ရာ . . .

"ဒါတော့မှန်ပါတယ်ကွာ၊ ငွေရမှပေးလိုက်ပေါ့" ဟု ဦးစံမတူက ပြောလိုက်လေ၏။ ထိုအခါ လှဖေက . . .

"ဒီလိုဆိုရင် ကျုပ်ပြန်မယ်" ဟု နှုတ်ဆက်ပြီးလျှင် နေရာမှ ထလေ၏။



"အေး အေး ... မင်းကောင်တွေကို ဆက်သွယ်ဖို့ သတင်းစာထဲမှာ ထည့်မယ့်ကြော်ငြာလဲ တစ်ခါတည်းထည့်သွားပေါ့ကွာ" ဟု ဦးစံမတူက ပြောလိုက်ရာ လှဖေက . . .

"စိတ်ချပါ ဦးစံမတူရယ် ... ဒါတွေက ကျုပ်အလုပ်ပါ၊ ကျုပ်ခေါင်းထဲမှာ ဒါတွေအားလုံး အစီအစဉ်နဲ့ရှိပြီးသားပါ" ဟု ပြောရင်း ထွက်သွားလေတော့၏။

လှဖေ ထွက်သွားပြီး များမကြာမီ၌ပင် ဦးစံမတူလည်း အိမ်မှ ထွက်ခဲ့ပြီး ဗားကရာဘက်ရှိ ခေါက်ဆွဲဆိုင်တစ်ဆိုင်၏ အနောက်သို့ သွားလေ၏။ ထိုခေါက်ဆွဲဆိုင်၏ အနောက်တွင် တဲကြီး တစ်လုံး ရှိလေ၏။

ထိုတဲကြီး၏အနောက်တွင်ကား ဖားဖိုသုံးလုံး ဆင်၍ထား၏။ ထိုဖားဖိုသုံးလုံးကို ခုံတန်းရှည်ကြီးများ ပတ်ပတ်ဝိုင်း၍ထား၏။ ဖားဖိုသုံးလုံးတွင် ဖိုဆွဲနေသူများလည်း ရှိ၏။

ခုံတန်းများတွင်ထိုင်၍ ရေနွေးကြမ်း သောက်သူသောက်၊ စကားပြောသူပြောနှင့် စုံလှပေ၏။

အပြင်လူအနေနှင့် ထိုတဲကြီးအတွင်းသို့ ရောက်သွားပါမူ အဂ္ဂိရတ်သမားဟု ထင်မှတ်ဖွယ် ရှိသော်လည်း အမှန်စင်စစ် တိုက်ရာပါ ခိုးရာပါပစ္စည်းများကို ထုခွဲရာဌာနကြီးဖြစ်ပေ၏။

ရွှေတုလုပ်သူ၊ ရွှေလိမ်သမားတို့၏ စားကျက်ကြီးဟုလည်း ဆိုနိုင်၏။

ထိုနေရာသို့ ဦးစံမတူသည် မကြာခဏ လာရောက်၍ ရွှေငွေလက်ဝတ်ရတနာ ပစ္စည်းများကို ပုံဖျက်၍ အချို့ ကျိုသင့်သည့် ရွှေများကိုကျိုပစ်၏။ ထို့ကြောင့်လည်း ထိုဖိုကြီးကို အဂ္ဂိရတ်သမားအစစ်များ မလာဘဲ ဒုစရိုက်သမားများသာလျှင် လာရောက်ပြီး စတည်းချကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဖိုရုံတွင် ရသေ့တစ်ဦးရှိလေ၏။ ရသေ့ဟုဆိုသော်လည်း ခေါင်း၌ ဒေါက်ချာကို အစဉ်သဖြင့်မဆောင်း။ တစ်ခါတစ်ရံ၌သာ ဆောင်း၏။ ဆံပင်ကိုလည်း မထား . . . အစဉ်သဖြင့် ခေါင်းတုံး ပြောင်နေအောင် ရိတ်ထားတတ်၏။

ထိုရသေ့သည် စကားပြောရာ၌ မြန်မာလိုသက်သက်ပြော သည်က နည်း၏။ အင်္ဂလိပ်စကားအကျိုးအပဲ့များကို ဆက်စပ်၍ ပြောတတ်လေ၏။

ဦးစံမတူသည် ဖိုရုံအတွင်းသို့ ဝင်သွားရာ ဖိုဆွဲနေသော ရသေ့က . . .,

"ဟဲလို ဂွတ်ဒ်မောနင်း မစ္စတာစံမတူ၊ ဟောင်းဒူးယူဒူး" ဟု ပြောလိုက်ရာ ဦးစံမတူက . . .

"ရသေ့ကြီးရယ်၊ အရေးကြီးလို့ လာခဲ့တာပါ။ လက်ဖက်ရည် ဆိုင်ကို ခဏလေး လာခဲ့စမ်းပါ" ဟု ဆိုကာ ရသေ့အား လူရှင်း သော လက်ဖက်ရည်ဆိုင်သို့ခေါ်သွားလေ၏။ ထိုအခါ ရသေ့က-

"မိုင်ဘရားသား၊ ဝှပ်အစ်သည် မတ္တား၊ ဘာကိစ္စလဲ" ဟု မေးရာ ဦးစံမတူက . . .

"ပင့်ကူကြီးနဲ့ တွေ့ချင်တယ်၊ အလုပ်ဖြစ်မယ့် ကိစ္စတစ်ခု ပြောချင်လို့၊ အဲဒါကြောင့် ဒီနေ့ ဆယ်နာရီမထိုးခင် တွေ့ရအောင် ဆက်ပေးစမ်းပါ၊ ကျုပ် ဆူးလေဘုရားမှာရှိမယ်" ဟု ပြောရာ ရသေ့က . . .

"အို... ယူဝမ့်စပိုက်ဒါ၊ ခင်ဗျား ပင့်ကူလိုချင်လို့လား၊ စိတ်ချ စိတ်ချ၊ ခင်ဗျားစောင့်နေမယ်ဆိုတဲ့ နေရာမှာ စောင့်နေ၊ ကျုပ် လွှတ်လိုက်မယ်၊ စီးကရက်လေးဘာလေးရှိရင် တိုက်စမ်းပါဦး" ဟု ပြောသဖြင့် ဦးစံမတူသည် ရသေ့အား စီးကရက်ဖိုး ပေးခဲ့ရ လေ၏။



ထို့နောက် ဆူးလေဘုရားသို့ သွားကာ ရောက်ရှိလာမည့် ပင့်ကူကို စောင့်မျှော်နေရလေတော့၏။

နံနက်ဆယ်နာရီထိုးသောအခါ၌ တစ်စုံတစ်ယောက်သည် ဦးစံမတူအနီးသို့ ရောက်ရှိလာပြီးလျှင် . . .

"မိတ်ဆွေကြီး ဦးစံမတူ... ရသေ့ကြီးလွှတ်လိုက်လို့ လာခဲ့ တာပါ၊ ဟောဒီမှာ ပင့်ကူကြီးဆီကစာ" ဟု ဆိုကာ စာတစ်စောင် ပေးလေ၏။

ဦးစံမတူလည်း ထိုစာကိုဖတ်ကြည့်ရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေတော့၏။

> မိတ်ဆွေကြီး ဦးစံမတူ ခင်ဗျား
>
> ခင်ဗျားက အရေးတကြီးကိစ္စနဲ့ တွေ့လိုကြောင်း ညစာ စားတဲ့ လူတစ်ယောက်က ပြောလို့ သိရပါတယ်။ ဒါကြောင့် ကျုပ်ရဲ့လူယုံကို လွှတ်လိုက်တယ်။ အဲဒီလူကို ကျုပ်လို့ ယူဆပြီး ခင်ဗျားပြောချင်တာတွေ အားလုံး ပြောလိုက်ပါ။
>
> ပင့်ကူလက်

ဦးစံမတူသည် ထိုစာကိုဖတ်ပြီးနောက် . . .

"အားလုံး အဆင်သင့်နီးနီး ဖြစ်နေပါပြီ . . . အဲဒီတော့ ခင်ဗျားတို့ဆီကို ပစ္စည်းပို့ပေးရမှာ ဘယ်အထိပို့ပေးရမှာတုံး" ဟု ဦးစံမတူက မေးရာ ထိုသူက . . .

"ကြည့်မြင်တိုင်ဆိပ်ကမ်းအထိ ပို့ပေးရမယ်၊ သန်းခေါင် ကျော်မှ ပစ္စည်းကို လက်ခံမယ်၊ ပစ္စည်းက ဘယ်တော့ရောက် မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းက ဒီရက်အတွင်း ရောက်မှာမဲ . . . ခင်ဗျားတို့ထ နက်ဖြန်ကစပြီး ကြည့်မြင်တိုင်ဆိပ်ကမ်းမှာ သွားပြီး စောင့်နေ ရုံပဲ၊ ဒီအပတ်အတွင်းမှာ အဆင်ပြေတဲ့ညမှာ ရောက်လာမှာပဲ ဟိုးအဝေးကြီးကနေပြီး ကျုပ်လူတစ်ယောက်က မြစ်ဝကျွန်းပေါ် က ကျုပ်လူဆီကို ပို့ပေးရမယ်၊ အဲဒီလူကနေ ကျုပ်လွှတ်လိုက်တဲ့ လူတစ်ယောက်က သွားယူလာပြီး . . . ခင်ဗျားတို့စောင့်မယ့် ကြည့်မြင်တိုင်ဆိပ်ကမ်းကို အရောက် ပို့ပေးလိမ့်မယ်၊ မြစ်ဝ ကျွန်းပေါ်က ကျုပ်လူကိုတောင် ပစ္စည်းသယ်မယ့်လူဟာ ကျုပ်လူ လို့ မပြောဘူး၊ ခင်ဗျားတို့အထဲကပင့်ကူတစ်ကောင်လို့ ပြောထား တာ၊ အဲဒီနေရာက သယ်ယူပို့ဆောင်ရေးဆက်ထုံးကိုလဲ ကျုပ် လူပဲ သုံးမယ်၊ အဲဒီတော့ ကျုပ်လူက ပစ္စည်းကို သယ်လာပြီး ဒီအပတ်ထဲက ညတစ်ညမှာ ကြည့်မြင်တိုင်ဆိပ်ကမ်းကို ပို့ပေး မှာပဲ၊ ခင်ဗျားတို့က ကြည့်မြင်တိုင်ဆိပ်ကမ်းက စောင့်ပါ။

"ကျုပ်လူက ရှမ်းဘောင်းဘီဝတ်ထားလိမ့်မယ်၊ ခင်ဗျားတို့ ပစ္စည်းလက်ခံမယ့်လူက ကုတ်အကျီဝတ်ပြီး ခမောက်ဆောင်း ထားပါ။ ခင်ဗျားတို့လူကိုတွေ့ရင် ကျုပ်လူက 'အခုအခါမှာ ပုစွန် လုံးတွေ အဆီသိပ်များတယ်ဗျာ' လို့ ပြောလိမ့်မယ်၊ ခင်ဗျားတို့ ဘက်က 'ကျုပ်တို့က ပုစွန်လုံး မကြိုက်ဘူး၊ ခွေးသားနဲ့ ယုန်သား ပဲ ကြိုက်တာ' လို့ ဖြေရုံပဲ၊ အဲဒီအခါမှာ ကျုပ်လူက ခင်ဗျားတို့ လက်ထဲကို ပစ္စည်းအပ်လိုက်လိမ့်မယ်၊ အဲဒီတော့ အရေးကြီးဆုံး စကား ပြောရတော့မယ်၊ ကျုပ် ဒီကပဲစောင့်နေမယ်၊ ဆယ့်နှစ် နာရီ မထိုးခင် ကျုပ် ငွေသုံးသိန်းလိုချင်တယ်" ဟု ဦးစံမတူအား ပြောလိုက်ရာ ထိုပင့်ကူက . . .

"ရပါတယ်ဗျာ ... ခင်ဗျားစောင့်နေ၊ အခုပဲ လာပို့ပါမယ်" ဟု ဆိုကာ ပြန်သွားလေ၏။



ထို့နောက် မော်တော်ကားတစ်စီးနှင့် ပြန်ရောက်လာပြီးလျှင် ဦးစံမတူအားအိတ်တစ်လုံးကိုပေးလိုက်လေ၏။ ထိုအိတ်အတွင်း ၌ကား ဦးစံမတူအလိုရှိသော ငွေသုံးသိန်း ပါရှိလေ၏။

ဦးစံမတူသည် ငွေရလျှင်ရချင်း . . . ပင့်ကူအား နှုတ်မျှပင် မဆက်တော့ဘဲ ကပျာကယာ ထွက်သွားလေ၏။

ထို့နောက် ကစားဝိုင်းတစ်ခုသို့သွားကာ ၎င်းအလိုရှိသော သူတစ်ယောက်ကို ရှာဖွေခေါ်ယူခဲ့လေ၏။

"ကဲ ... ဟော့ကောင်၊ နက်ဖြန်ကစပြီး မင်း အလုပ်စရတော့ မယ်၊ သင်္ဘောဆိပ်မှာ နေ့တိုင်းဆင်းပြီး လုံချည်အစိမ်းဝတ်ထား တဲ့ ငှက်ပျောခိုင်နဲ့လူကို စောင့်ပေတော့၊ သူနဲ့တွေ့ရင် မင်းက 'ခွေးနှစ်ကောင်' လို့ ပြောရုံပဲ၊ သူက 'ကြောင်တစ်မြီး' လို့ ပြော လိမ့်မယ်၊ အေး ... တစ်ခုတော့ရှိတယ်၊ သွားစောင့်တဲ့အခါမှာ သက္ကလပ်ဦးထုပ် ဆောင်းထားရမယ်၊ လုံချည်အနီ ဝတ်ထားရ မယ်၊ မင်းတို့ချင်း အချိတ်အဆက်ညီရင် မင်းက သူနဲ့လိုက်သွား ရမယ်၊ မင်းလက်ထဲကို သူက ပစ္စည်းထည့်လိုက်လိမ့်မယ်။

"မင်းက သူ့လက်ထဲကို ငွေတစ်သိန်းတစ်သောင်းထည့်ရုံပဲ၊ ပြီးတော့ မင်းနည်းမင်းဟန်နဲ့ ကြည့်မြင်တိုင်ဆိပ်ကမ်းအရောက် သယ်ခဲ့ရမယ် . . . ကြည့်မြင်တိုင်ဆိပ်ကမ်းရောက်တဲ့အခါမှာ ကုတ်အကျီဝတ်ပြီး ဝါးခမောက်ဆောင်းထားတဲ့လူနဲ့ တွေ့လိမ့် မယ်၊ အဲဒီအခါမှာ မင်းက ရှမ်းဘောင်းဘီဝတ်ထားရလိမ့်မယ်၊ သူတို့က တစ်ယောက်တည်း ဖြစ်ချင်မှဖြစ်လိမ့်မယ်၊ သုံးယောက် ဖြစ်ချင်လဲ ဖြစ်လိမ့်မယ်။

"ဘာပဲဖြစ်ဖြစ် အားလုံး ကုတ်အကျီဝတ်ပြီး ဝါးခမောက် ဆောင်းထားကြလိမ့်မယ်၊ သူတို့လက်ထဲကို မင်းပစ္စည်းမအပ်ခင် မှာ မင်းက 'အခုအခါမှာ လယ်ပုစွန်တွေ အဆီသိပ်များတယ်'

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောရမယ်၊ သူတို့က 'လယ်ပုစွန်လုံးမကြိုက်ဘူး၊ ခွေးသားနဲ့ ယုန်သားပဲ ကြိုက်တယ်' လို့ ပြောလိမ့်မယ်၊ ပြီးတော့ ငါ့အိမ်ကို မင်းလာစရာမလိုဘူး၊ ဒီကိစ္စလုပ်နေစဉ်မှာတော့ လုပ်ပြီးတဲ့အခါ ကျော မင်းနဲ့ငါ အဆက်အသွယ်ဖြတ်ထားရမယ်" ဟု ဦးစံမတူက ပြောလိုက်လေ၏။

ထိုအခါ ထိုသူက . . .

"ခင်ဗျားအိမ်ကို ဘာကိစ္စလာရမှာတုံး၊ မလာပါဘူး၊ ကျုပ် ရမယ့်ပိုက်ဆံတစ်ခါတည်းပေးလိုက်ပါ"ဟု ပြောလိုက်ရာ ဦးစံမတူ က ၎င်း၏အိတ်ထဲမှ ငွေတစ်သိန်းနှစ်သောင်းကို ထုတ်၍ . . .

"ရော့ ဟောဒီမှာ ငွေတစ်သိန်းနှစ်သောင်း၊ ငှက်ပျောခိုင်နဲ့ လူကို . . . ငွေတစ်သိန်းတစ်သောင်း ပေးလိုက်၊ မင်းက ငွေ တစ်သောင်းယူလိုက်၊ ကျေနပ်ရဲ့လား"ဟုပြောလိုက်ရာ ထိုသူက–

"ကျေနပ်ပါတယ်ဗျာ"ဟု ဆိုပြီးလျှင် ငွေတစ်သိန်းနှစ်သောင်း ကို လက်ခံ၍ ဦးစံမတူအား နှုတ်မျှပင်မဆက်ဘဲ ထွက်သွားလေ တော့၏။

ဦးစံမတူလည်း နှစ်သိန်းနီးပါးခန့်ရှိသောငွေကို သယ်ဆောင် ၍ ဝမ်းမြောက်ဝမ်းသာနှင့် အိမ်သို့ပြန်လာခဲ့လေတော့၏။

ဝ-ဝ-ဝ

ထို့နောက် ဦးစံမတူသည် ယခင်က ခေါ်ယူအိပ်စက်ခဲ့ဖူး သော လှလှကို သွားရောက်ခေါ်ယူကာ အိပ်စက်လေ၏။ နံနက် မိုးလင်းသောအခါ၌ လှလှကို ပြန်၍လွှတ်လိုက်လေ၏။

"လှလှ ညရှစ်နာရီကျရင်လာခဲ့ဦးနော်" ဟုလည်း ဦးစံမတူ က မှာလိုက်လေ၏။

လှလှလည်း . . .



"ဟုတ်ကဲ့ အစ်ကိုကြီး၊ လာခဲ့ပါမယ်" ဟု ကတိပေးကာ ပြန်သွားလေတော့၏။

ထိုနေ့ တစ်နေ့လုံး ဦးစံမတူသည် အိပ်စက်အနားယူလေ၏။

ညနေပိုင်းသို့ ရောက်သောအခါ၌သာလျှင် ခြံအတွင်းသို့ ဆင်းလျှောက်လေ၏။

နေဝင်သွားသောအခါ၌မူ အိမ်ပေါ်သို့ ပြန်တက်လေ၏။

ဦးစံမတူ အိမ်ပေါ်သို့ ရောက်သွားလျှင် မာလီကုလားကြီး သည်း ရေပန်းကရားကိုသိမ်း၍ ပြန်လေ၏။

ထမင်းချက်မှာ သူ့စားပွဲပေါ်၌ စားသောက်ဖွယ်ရာများကို ပြင်ဆင်၍ အုပ်ဆိုင်းပြီးလျှင် အရက်သောက်ရန် ထွက်သွားလေ တော့၏။

ညရှစ်နာရီထိုးခါနီးတွင် လှလှသည် ခြံတံခါးသို့ ရောက်လာ လေ၏။

ဒရဝမ်ကုလားသည် လှလှကိုမြင်တွေ့ဖူးသောကြောင့် တံခါး ကို ဖွင့်ပေးလိုက်လေ၏။ လှလှလည်း အိမ်ကြီးဆီသို့ သွား၍ ဘဲလ်တီးလေ၏။

ထိုအခါ ဦးစံမတူက ဆင်း၍ တံခါးဖွင့်ပေးပြန်၏။

"အစ်ကိုကြီးက လာမှ လာပါ့မလားလို့" ဟု ဦးစံမတူက ပြောလိုက်လေ၏။

"လာမှာပေါ့ အစ်ကိုကြီးရယ် ... လှလှက အစ်ကိုကြီး မမှာ ရင်လဲ လာမှာပဲ" ဟု လှလှက ပြောလေ၏။

ထို့နောက် . . . ဦးစံမတူသည် ထမင်းစားခန်းသို့ ဝင်ကာ နှစ်ယောက်သား ထမင်းစားကြလေ၏။

ပြီးလျှင် အိမ်ပေါ်ထပ်သို့တက်၍ ဓာတ်စက်နားထောင်ကြ လေ၏။ ထိုအချိန်၌ လှလှက ဗိုက်အောင့်သည်၊ ဆော်ဒါခါး

www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်သည်ဟုပြောသဖြင့် ဦးစံမတ္တလည်း ထမင်းစားခန်းသို့ ဆင်းကာ ဆော်ဒါခါးပုလင်းကို ရှာဖွေရာ မတွေ့သဖြင့် အိမ်ပေါ်ထပ်မှပင် ဒရဝမ်ကုလားကို လှမ်းခေါ်၍ . . .

"ဒရဝမ် ...ဆော်ဒါအခါး တစ်ပုလင်းလောက် သွားဝယ်စမ်း ဒီအနီးအနားမှာမရှိဘူး၊ ဟိုလမ်းမကြီးအထိသွားစမ်း" ဟု စေခိုင်းလိုက်လေ၏။

ဒရဝမ်လည်း တံခါးကိုဖွင့်၍ ထွက်လေ၏။

ထိုအချိန်ကလေးမှာပင် လူတစ်ယောက်သည် ခြံစည်းရိုးကို ကျော်တက်၍ ခြံကြီးအတွင်းသို့ ပေါ့ပါးစွာ ဝင်လေ၏။

ထို့နောက် . . . အိမ်ကြီး၏ နောက်ဖေးဘက်သို့ သွားကာ နောက်ဖေးတံခါးကို တွန်းလိုက်ရာ တံခါးသည် စေ့ရုံသာစေ့ထားသောကြောင့် ပွင့်၍သွားလေ၏။

ထိုအခါ ထိုသူသည် အိမ်အပေါ်ထပ်သို့ တိတ်တဆိတ်တက်၍လာလေ၏။

အိမ်ပေါ်ထပ်သို့ရောက်လျှင် . . . လှလှကို ဖက်ထားသော ဦးစံမတ္တ၏ နောက်ကျောဘက်မှ ရပ်၍ ကျောကို လက်ဖြင့် ပုတ်လိုက်ရာ ဦးစံမတ္တလည်း "အလို" ဟု လန့်၍အော်ကာ နောက်သို့လှည့်၍ ကြည့်လိုက်၏။

ထိုသို့ကြည့်လိုက်ရာတွင် တစ်စုံတစ်ယောက်သည် သေနတ်ဖြင့် ၎င်းအား ချိန်ရွယ်ထားသည်ကို တွေ့ရလေသည်။

ထိုအခါ သေနတ်သမားက . . .

"ဦးစံမတ္တ ... ကျုပ်နာမည် မောင်သေတ္တာလို့ ခေါ်ပါတယ်၊ အလုပ်အကိုင်ကတော့ . . . သူခိုးဓားပြတစ်ယောက်ပါ၊ နေရပ်လိပ်စာကတော့ မရှိဘူးဗျ၊ ပင်လယ်ထဲမှာ ရွက်လှေတစ်စီးနဲ့ ဓားပြလျှောက်တိုက်နေတာပဲ ဆိုပါတော့၊ အခု ကျုပ်လာရတဲ့



အကြောင်းကို နည်းနည်းပြောပြမယ်၊ ပထမအကြောင်းကတော့ ခင်ဗျားဆီကငွေတွေ ဓားပြတိုက်ယူချင်လို့ပဲ၊ နောက်အကြောင်းတစ်ခုကတော့ ဟိုတစ်နေ့က လှဖေဆိုတဲ့ကောင်ကို ကမ်းနားထိပ်မှာ တွေ့လိုက်တယ်၊ ဒီကောင့်ကို ကျုပ်သိနေတာ ကြာပါပြီ၊ ဒါပေမဲ့ ဒီကောင်လဲ ကျုပ်တို့လိုပဲ သူခိုးဓားပြ လူပေတစ်ယောက်ဆိုတော့ သူ ဘယ်မှာနေလို့ ဘယ်မှာထိုင်တယ် ဆိုတာတော့ ကျုပ် မသိဘူးပေါ့ဗျာ။

"ဒါပေမဲ့ . . . လူဆိုးလူမိုက်ဆိုတာ လူဆိုးလူမိုက်ဆီကိုပဲ သွားတတ်တယ်မဟုတ်လား၊ အဲဒီတော့ကျုပ်ကလဲ လူဆိုးလူမိုက်များရှိရာကို သိချင်လို့ သူ့နောက်ကို နောက်ယောင်ခံပြီး လိုက်လာခဲ့တာ၊ သူက ခင်ဗျားအိမ်ကိုရောက်လာတယ်၊ ပြီးတော့ ခင်ဗျားအိမ်က ပြန်ထွက်သွားပြီး သတင်းစာတိုက်ကို ဝင်တယ်၊ ပြီးတော့ သူ သတင်းစာတိုက်က ပြန်ထွက်သွားတယ်၊ အဲဒီတော့ ကျုပ်ဟာ သူ့နောက်ကို ဆက်ပြီးမလိုက်တော့ဘူး၊ သူလဲ ထွက်သွားရော အဲဒီသတင်းစာတိုက်ကိုဝင်သွားပြီး ကြော်ငြာလက်ခံတဲ့ ဌာနခံဆီကို ဝင်သွားတာပေါ့။

"အဲဒီလို ဝင်သွားပြီး . . . အယ်ဒီတာကို အတည်ပေါက်နဲ့ စောစောက ကျုပ်မိတ်ဆွေအပ်သွားတဲ့ ကြော်ငြာကလေးမှာ ပြင်စရာလေး တစ်ချက်နှစ်ချက်ရှိလို့ ပြန်ပေးပါဦးလို့ တောင်းတော့ ကြော်ငြာတာဝန်ခံက ကျုပ်ကိုယုံပြီး ကြော်ငြာထည့်ဖို့ ရေးထားတဲ့ စာရွက်ကလေးကို ပေးလိုက်တယ်၊ ကျုပ်လဲ အဲဒီစာရွက်ကို ဖတ်ကြည့်ပြီး ဟိုဟာပြင်သလို ဒီဟာပြင်သလိုနဲ့ ဘာမှမပြင်ဘဲနဲ့ ကြော်ငြာတာဝန်ခံကို ပြန်ပေးလိုက်တယ်၊ လှဖေက ဘာကြော်ငြာ အပ်သွားသလဲ၊ ခင်ဗျား သိတယ်မဟုတ်လား၊ 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ကို အမြန်ဆုံးပို့စေတော့ တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဦးစံမတူ ... ဒုတိယ ကျုပ်လိုချင်တာက ရွှေ နှစ်ကောင် ကြောင်တစ်မျိုးပဲ၊ ခွေးနှစ်ကောင် ကြောင်တစ်မျိုး ဆိုတာ တခြားလူတွေအဖို့တော့ ဘာမှသိမှာ မဟုတ်ပေမယ့် ကျုပ်ကတော့ သိနေတယ်၊ အဲဒါ တခြားဟာ မဟုတ်ဘူး ပင့်ကူကောင်တွေ အလိုရှိနေတဲ့ ရေချမ်းဆိုတဲ့ ကောင်လေး ကျုပ်ပြောချင်တာကတော့ ရေချမ်းကို တစ်နေရာရာမှာ ခင်ဗျား တို့ ဖမ်းမိထားပြီး ရှိလိမ့်မယ်၊ အဲဒါကို ခင်ဗျားတို့ဆီ ပို့ပေး အချက်ပြလိုက်တာပဲ၊ ကျုပ်ဟာ ရေချမ်းဆိုတဲ့ ကောင်လေး အသက်ကို ပင့်ကူကောင်တွေရဲ့လက်ထဲကနေကယ်ဖို့ ပင်လယ် ထဲကနေ ကုန်းပေါ်တက်လာခဲ့တဲ့ ပင်လယ်ဓားပြတစ်ယောက် အဲဒီတော့ ခင်ဗျားဟာ ပင့်ကူတစ်ကောင်ဖြစ်နိုင်တယ်" ဟု သေတ္တာက ပြောလိုက်လေ၏။ ထိုအခါ ဦးစံမတူက ထိတ်ထိတ် ပျာပျာနှင့် . . .

"ကျုပ် ... ကျုပ် ... ကျုပ်ဟာ ပင့်ကူတော့ မဟုတ်ပါဘူး ဒီကိစ္စမှာ ကျုပ်က ပင့်ကူတွေ လိုချင်တဲ့ပစ္စည်းကို ရအောင် လုပ်ပေးတဲ့ ပွဲစားပဲဖြစ်ပါတယ်၊ အသက်ကိုတော့ချမ်းသာပေးပါ" ဟု တောင်းပန်လေ၏။ ထိုအခါ သေတ္တာက . . .

"ခင်ဗျားအသက်ကိုတော့ ကျုပ်စဉ်းစားမယ်၊ ဒါပေမဲ့ လူဆေး က ခင်ဗျားဆီကို ရေချမ်းကို ဘယ်လိုလုပ်ပြီး ပို့မယ်ဆိုတာနဲ့ အချိတ်အဆက်တော့ရှိမယ်၊ အဲဒီအချိတ်အဆက်ကိုမှန်မှန်ပြော အဲဒါသိရရင် ကျုပ် ခင်ဗျားကို မသတ်မိအောင် ကြိုးစားမယ် ကဲ ကဲ ခင်ဗျားနဲ့ကျုပ်နဲ့က အချိန်နည်းနည်းယူပြီး အလုပ်လုပ်ရမှာ ဆိုတော့ ခင်ဗျားကို ကျုပ်က ဒီအတိုင်းထားလို့ မဖြစ်ဘူး" ဟု ဆိုကာ သေတ္တာသည် ဦးစံမတူအား ကုလားထိုင်နှင့် ပူးတွဲ ကြိုးဖြင့် တုပ်လိုက်လေ၏။



ထို့နောက် ဦးစံမတူ၏ ပါးစပ်အတွင်းသို့ အဝတ်များကို ထိုးသွင်းလိုက်လေ၏။ ထိုသို့ထိုးသွင်းပြီးနောက် သေတ္တာသည် ၎င်း၌ပါလာသော ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍သောက်ရင်း

"ကျုပ်က လူဆိုးလူမိုက်တစ်ယောက်ပဲ၊ ရက်စက်တာတို့ သတ်တာတို့ဆိုတာ မဆန်းဘူး၊ ရော့ ... နမူနာ" ဟု ဆိုကာ ဦးစံမတူ၏ ခြေခုံပေါ်သို့ ဆေးလိပ်မီးနှင့်ထိုးချလိုက်ရာ ဦးစံမတူ သည် မချိမဆံ့ ခံစားရ၍ တစ်အားကုန်အော်လေ၏။

သို့ရာတွင် ပါးစပ်တွင်းသို့ အဝတ်များထိုးထည့်ထားသော ကြောင့် အသံမထွက်ဘဲ ရှိလေတော့၏။ ထိုအခါ သေတ္တာက-

"ကဲ ...ဦးစံမတူ၊ ကျုပ်မေးတာကိုဖြေဖို့ ခင်ဗျားပါးစပ်ထဲက အဝတ်တွေကို ဖယ်ပေးမယ်၊ ဒါပေမဲ့ တိုးတိုးကလေးပဲ ဖြေရ မယ်၊ ကျယ်လောင် ကျယ်လောင် လုပ်ရင်တော့ တစ်ခါတည်း သတ်ပစ်လိုက်မယ်" ဟု သတိပေးကာ ဦးစံမတူ၏ ပါးစပ်အတွင်း မှ အဝတ်များကို ဆွဲထုတ်လိုက်လေ၏။ ထိုအခါ ဦးစံမတူက-

"ကြောက်ပါပြီခင်ဗျာ ... ကြောက်ပါပြီ" ဟု ပြောရာ အသံ အနည်းငယ် ကျယ်သွားသဖြင့် သေတ္တာက ဦးစံမတူ၏ပါးကို ဖြောင်းဖြောင်းနှင့် ရိုက်ချလိုက်လေ၏။

ထိုအခါမှပင်ဦးစံမတူလည်း "နားလည်ပါပြီခင်ဗျာ၊ နားလည် ပါပြီ၊ တိုးတိုးပြောပါမယ်၊ တိုးတိုးပြောပါမယ်"ဟု ဆိုလေ၏။

"ကဲ လူဖေက ဘယ်လိုပို့မှာတုံး၊ ဘယ်နေ့ပို့မှာတုံး၊ မဖြေနဲ့ဦး ကျုပ်က ဖြေဆိုမှဖြေရမယ်" ဟုဆိုကာ ဦးစံမတူ၏ပါးစပ်အတွင်း သို့ အဝတ်များထိုးသွင်းပြန်၏။ ထိုသို့ထိုးသွင်းပြီးနောက် ဦးစံမတူ ၏ ခြေထောက်ကို ဆေးလိပ်မီးဖြင့်ထိုးပြန်သည်။ ဦးစံမတူသည်း မခံမဆံ့ခံစားရ၍ မျက်ရည်များ ကျလာလေ၏။ ထိုအခါ သေတ္တာက . . .

www.burmeseclassic.com

www.burmeseclassic.com



"လိမ်ပြီးဖြေမှာစိုးလို့ ခင်ဗျားကို ဆေးလိပ်မီးနဲ့တို့ပြီး သတိပေးတာပါ။ ပူသွားသလား၊ ကျွတ် ...ကျွတ် ...ကျွတ်" ဟုဆိုကာ ဦးစံမတူ၏ ပါးစပ်အတွင်းမှ အဝတ်များကို ပြန်၍ဆွဲထုတ်ပေးလိုက်လေ၏။ ထိုအခါ ဦးစံမတူက . . .

"မလိမ်ဝံ့ပါဘူးခင်ဗျာ ...လှဖေက အဲဒီပစ္စည်းကို သေတ္တာနဲ့ ထည့်ပြီးပို့မှာပါ"ဟုပြောလိုက်လေ၏။ ထိုအခါ သေတ္တာက-

"ခင်ဗျားလိမ်ပြောလို့ရှိရင်လဲ နောက်တစ်ခါလာပြီး သတ်မှာပဲ၊ ဘယ်နေ့ပို့မှာတုံး" ဟု မေးလိုက်လေ၏။ ထိုအခါ ဦးစံမတူက

"ပို့မယ့်နေ့ကိုတော့ အတိအကျ မပြောနိုင်ပါဘူးခင်ဗျား ဒီအပတ်အတွင်းပဲ ဖြစ်မှာပါ" ဟု ဖြေလေ၏။

"ကောင်းပြီ၊ ဘယ်ကိုပို့မှာတုံး၊ ဘယ်သူက လက်ခံမှာတုံး မဖြေနဲ့ဦး . . . ပို့မယ့်လူနဲ့ လက်ခံမယ့်လူ တစ်ယောက်ကို တစ်ယောက် သိကြသလား၊ အခု ကျုပ်မေးတာတွေကို ချက်ချင်း မဖြေနဲ့ဦး" ဟုဆိုကာ ဦးစံမတူ၏ပါးစပ်အတွင်းသို့ အဝတ်များ ထိုးပြန်လေ၏။ ပြီးလျှင်ဦးစံမတူ၏ခြေထောက်ကို ဆေးလိပ်မီးဖြင့် ထိုးပြန်လေ၏။

ဦးစံမတူသည် အော်၍လည်းမရ၊ ပူကလည်းပူဖြစ်နေကာ မခံမဆံ့ ဝေဒနာတစ်ခုကို ခံစားရရှာလေ၏။ ထိုသို့ခံစားရပြီးနောက် မျက်ရည်များ တတွေတွေကျ၍ လာပြန်၏။

ထိုအခါကျမှ သေတ္တာက ဦးစံမတူ၏ ပါးစပ်တွင်းမှ အဝတ်များကို ထုတ်ပေးပြီးလျှင် . . . "အမှန်အတိုင်းပြောတာတောင် ဒါလောက်ရက်စက်တယ်ဆိုတော့ . . . ခင်ဗျားအနေနဲ့ ကျုပ်ကို လိမ်လွဲပြီး ပြောမယ်ဆိုရင်တော့ စဉ်းစားသာ ကြည့်ပေတော့ ဦးစံမတူရေ၊ ကျုပ်အနေနဲ့ အားတော့နာပါတယ်၊ စိတ်မကောင်းပါဘူး၊ ကျွတ်...ကျွတ်...ကျွတ်" ဟု သေတ္တာက ပြောလိုက်လေ၏။



ထိုအခါ ဦးစံမတူသည် သေတ္တာအား လိမ်ညာ၍ မပြောဝံ့တော့ဘဲ ရင်းစီစဉ်ထားသောအရာများအားလုံးကို တစ်လုံးမကျန် ပြောပြလေတော့၏။ ထိုသို့ပြောပြီးသောအခါ၌ သေတ္တာက-

"ဒရဝမ်ကုလား ဆော်ဒါဝယ်ပြီး ပြန်လာရင် အဲဒီဆော်ဒါ ပုလင်းကို ဒီကောင်မလေးဆင်းယူလိမ့်မယ်၊ တစ်အောင့်လောက် ကြာရင် ခင်ဗျားကို ဟောဟိုပြတင်းပေါက်နားမှာ အသာလေး ကပ်ပေးမယ်၊ ခင်ဗျားက ဒရဝမ်ကုလားကို ဘာပြောရမလဲ ဆိုတော့ ဒီကောင်မလေးကို ဟိုလမ်းဆုံအထိ ရောက်အောင် လိုက်ပို့လိုက် လို့ပြောလိုက်၊ အပိုအလိုမရှိစေနဲ့၊ တစ်ခွန်းပိုသွားရင် မီးနဲ့တစ်ချက်ထိုးမယ်၊ နှစ်ခွန်းပိုသွားရင် အသေသတ်ခဲ့မယ်၊ ကြားလား" ဟု ဆိုကာ သေတ္တာသည် ဦးစံမတူ၏ ပါးစပ်အတွင်းသို့ အဝတ်များကို ထိုးသွင်းပြန်၏။

ထိုသို့ထိုးသွင်းပြီးနောက် . . . သေတ္တာသည် ဦးစံမတူအား မကြာခဏ ဆိုသလို ဆေးလိပ်မီးနှင့် အကြောင်းမဲ့ ထိုးနေပြန်လေ၏။

ဦးစံမတူမှာလည်း သေတ္တာအား ဘီလူးသရဲကဲ့သို့ ကြောက်ရွံ့ နေလေတော့၏။ အသားများလည်း တဆတ်ဆတ် တုန်နေလေတော့၏။ ထိုအချိန်၌ ဒရဝမ်ကုလားလည်း ပြန်ရောက်လာလေ၏။ ထို့ကြောင့် အိမ်၏အောက်ထပ်မှ ဘဲလ်နှိပ်၏။

လှလှသည် လှေကားဆီသို့ဆင်းသွားပြီးလျှင် ဒရဝမ်ကုလားထံမှ ဆော်ဒါပုလင်းကို သံတိုင်ကြားမှလှမ်း၍ယူလေ၏။ ထိုအခါ ဒရဝမ်ကုလားလည်း ပုလင်းကို ပေးပြီးသည်နှင့် တစ်ခြိုင်တည်း ခြံဝရှိ ရင်း၏တဲဆီသို့ ပြန်သွားလေ၏။

လှလှလည်း ဆော်ဒါပုလင်းကိုယူ၍ အိမ်ပေါ်သို့ ပြန်၍ တက်လာလေ၏။ ထိုအခါ သေတ္တာက . . .

www.burmeseclassic.com

www.burmeseclassic.com



"လှလှရယ် နှင့်ကောင်ကြီးကို တိုက်လိုက်ပါဟယ်၊ သူ့ခမျာ ရင်ပူနေရှာတယ်" ဟု ပြောလေ၏။

လှလှလည်း ဆော်ဒါပုလင်းကိုဖောက်၍ ဦးစံမတူ၏ပါးစပ် အတွင်းမှ အဝတ်များကို ဆွဲထုတ်ကာ ပါးစပ်အတွင်းသို့ ဆော်ဒါ များ လောင်းထည့်ပေးလေတော့၏။

တစ်အောင့်မျှ ကြာလျှင် . . . သေတ္တာသည် ဦးစံမတူအား ကုလားထိုင်နှင့်တကွ မ၍ ပြတင်းပေါက်အနီးသို့ ကပ်ပြီးလျှင် ပြတင်းပေါက်တံခါးကို ဖွင့်လိုက်လေ၏။

ထို့နောက် ၎င်းကမူ ဒရဝမ်ကုလားမမြင်ရန် ကွယ်၍နေလျက် ဦးစံမတူအား သေနတ်ဖြင့် ချိန်၍ . . .

"ကဲ ဦးစံမတူ၊ ကျုပ်ပြောထားတဲ့အတိုင်း ပြောတော့၊ စကား များသွားရင် အသတ်ခံရမယ်" ဟု ပြောလိုက်ရာ ဦးစံမတူသည် ပြတင်းပေါက်မှနေ၍ . . .

"ဟေ့ ဒရဝမ်၊ ကောင်မလေးကို လမ်းဆုံအထိ လိုက်ပို့လိုက်" ဟု ပြောလိုက်ရာ . . . ဒရဝမ်က "ကောင်းပါပြီ ဆပ်" ဟု ပြန်၍ ဖြေလေ၏။

ထိုအခါ လှလှလည်း ဦးစံမတူကို နှုတ်ဆက်၍ အောက်သို့ ဆင်းသွားလေတော့၏။

အောက်သို့ရောက်လျှင် ဒရဝမ်က လက်ဆွဲမှန်အိမ်ကြီးကို ကိုင်ကာ ခြံတံခါးကိုဖွင့်၍ . . .

"ကောင်မလေး . . . လာ" ဟု ဆိုကာ လှလှကို ခေါ်၍ သွားလေ၏။

သို့ရာတွင် ခြံတံခါးကိုမူ အပြင်မှသော့ခတ်၍သွားလေ၏။ ဒရဝမ်ကုလားနှင့် လှလှ ထွက်သွားပြီး များမကြာမီ၌ပင် သေတ္တာ က ဦးစံမတူအား . . .



"ခင်ဗျား အရောင်းအဝယ်လုပ်လိုက်တဲ့ကိစ္စအတွက် ငွေ နှစ်သိန်းလောက် ရခဲ့တယ်လို့ ဖြေခဲ့ပြီးပြီ၊ အဲဒီငွေတွေကို ကျုပ် လိုချင်တယ်" ဟု ပြောလိုက်ရာ ဦးစံမတူက . . . "အကုန်တော့ မလုပ်ပါနဲ့ဗျာ၊ ကျုပ်အတွက်တော့ ချန်ပါဦး" ဟု တောင်းပန် လေ၏။

သို့ရာတွင် သေတ္တာက အကျပ်ကိုင်၍ မေးသောကြောင့် ဦးစံမတူလည်း သေတ္တာအား မီးခံသေတ္တာသော့ကို ပေးလိုက် ရလေ၏။ သေတ္တာလည်း မီးခံသေတ္တာကို သော့ဖြင့်ဖွင့်ပြီးလျှင် ငွေများကိုယူ၍ ဦးစံမတူရှေ့မှာပင် ငွေများကို ရေတွက်လေ၏။

ထိုသို့ရေတွက်ပြီးနောက် . . .

"တစ်သိန်းရှစ်သောင်းတည်းပါလားဗျ၊ နည်းလှချည်လား၊ နှစ်သိန်းတောင် မပြည့်ပါလား" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးစံမတူက "ဟုတ်ပါတယ်ဗျာ၊ ဒါအကုန်ပါပဲ" ဟု သနားဖွယ်ရာ အသံဖြင့် ပြန်၍ဖြေလေ၏။ ထို့နောက် သေတ္တာက . . .

"ဒီမှာ ဦးစံမတူ ... ခင်ဗျားဟာ သိပ်ပြီး ယုတ်မာတဲ့လူပဲ၊ ကိုယ်ကောင်းစားဖို့ပဲကြည့်တယ်၊ ဘယ်သူတွေ ဒုက္ခရောက် ရောက် မရောက်ရောက် နည်းနည်းမှမစဉ်းစားဘူး၊ လူ့လောက ဆိုတာ ကိုယ့်အတွက်ချည်းကိုယ်ကြည့်လို့မရဘူး၊ အဲဒီလိုလုပ်ရင် လဲ လောကမှာ ကြာကြာထားလို့ မဖြစ်ဘူး" ဟု ဆိုကာ ၎င်း၌ အသင့်ပါလာသောဓားမြှောင်ဖြင့် ဦးစံမတူအား အဆုံးစီရင်လေ တော့၏။ ထိုသို့စီရင်ပြီးနောက် ဦးစံမတူ၏သွေးနှင့်ပင် နံရံပေါ်၌ အောက်ပါစာကို ရေးသွားလေတော့၏။

ရွှေသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သေတ္တာသည် ငွေများကိုယူကာ ထိုအိမ်ကြီးပေါ်မှ ဆင်းလာပြီးလျှင် ခြံစည်းရိုးကိုကျော်၍ အပြင်သို့ ထွက်ခဲ့လေ၏။ ပြီးလျှင် ဒရဝမ်ကုလားနှင့် လှလှတို့သွားသော လမ်းဆုံဘက်ဆီသို့ လိုက်ခဲ့လေ၏။

ခရီးတစ်ဝက်ခန့် ရောက်သောအခါ၌ လှလှကို ပိုပြီး၍ မီးအိမ်ကြီးကိုဆွဲကာ ပြန်လာသော ဒရဝမ်ကုလားကို မြင်ရလေတော့၏။

ထို့ကြောင့် . . . လမ်းဘေးရှိ သစ်ပင်တစ်ပင်၌ ကွယ်လိုက်လေ၏။

ဒရဝမ်ကုလားလည်း . . . လက်တစ်ဖက်၌ မီးအိမ်ကြီးကိုဆွဲလျက်၊ အခြားသော လက်တစ်ဖက်၌ ဝါးကျစ်တုတ်ကြီးတစ်ချောင်းကိုကိုင်ကာ လျှောက်လာလေ၏။

အနီးသို့ရောက်သောအခါ၌ သေတ္တာသည် ဒရဝမ်ကုလား၏ မျက်နှာကို ခုန်၍ ခြေထောက်ဖြင့် ကန်လိုက်လေ၏။ ဒရဝမ်ကုလားလည်း ဖင်ထိုင်၍လဲလေတော့၏။

ထိုအခါ၌ သေတ္တာသည် ကုလား၏ ဝါးကျစ်တုတ်ကို ကောက်ယူ၍ ကုလား၏ ဦးခေါင်းကို ခပ်ဆတ်ဆတ်ကလေး ရိုက်ချလိုက်ရာ . . . "ခွပ်ခနဲ" မြည်သံနှင့်အတူ ထိုကုလားသည် အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

ထို့နောက် သေတ္တာသည် ကုလားကြီးအား လမ်းဘေးသို့ ခြေထောက်မှ ဆွဲကာ . . . ကုလားကြီး၏ကပ္ပလာကိုချွတ်၍ ကြိုးအဖြစ် အသုံးပြုကာ ကုလားကြီးအား သစ်ပင်၌ ချည်နှောင်ခဲ့လေ၏။ ထို့နောက် လေကလေးချွန်ကာ လမ်းဆုံဘက်ဆီသို့ ဆက်၍သွားရာ လမ်းဆုံတွင် ၎င်းအားစောင့်နေသော လှလှကို အဆင်သင့် တွေ့ရလေ၏။ ထိုအခါ သေတ္တာက . . .



"ဒီမှာ လှလှ၊ နင့်တစ်သက်မှာ အိပ်မက်တောင် မမက်ဖူးတဲ့ ငွေကို ပေးလိုက်မယ်၊ အဲဒါလေးကို သိုသိုသိပ်သိပ်နဲ့ သိမ်းပြီး အခု နင်လုပ်နေတဲ့အလုပ်ကို တစ်ခါတည်း ရပ်လိုက်ပေတော့" တု ပြောကာ လှလှအား ငွေရှစ်သောင်း ပေးလိုက်လေတော့၏။

လှလှလည်း ငွေများကိုမြင်လျှင် ရူးသွပ်သွားမတတ် ဝမ်းသာ၍ နေလေ၏။

"ကျွန်မ အရင်တ ဒီအလုပ် မလုပ်ပါဘူး၊ အငြိမ့်မင်းသမီးပါ၊ အငြိမ့်ထောင်ဆရာ လူယုတ်မာ တစ်ယောက်နဲ့ ကုလားသူဌေးတစ်ယောက် ပူးပေါင်းပြီး ကျွန်မကို ဖျက်ဆီးခဲ့တာပါ၊ လှလှ ဒီငွေတွေနဲ့ အငြိမ့်ပြန်ထောင်မယ်" ဟု ပြောဆိုကာ သေတ္တာနှင့် လမ်းခွဲသွားလေတော့သတည်း။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## သေတ္တာကြီးကို ရောင်းလိုက်ပြီ

စိုင်လေးသည် နေ့စဉ်နေ့တိုင်း သတင်းစာ ဖတ်လာခဲ့ရာ တစ်နေ့တွင် လှဖေ ထည့်လိုက်သော "ခွေးနှစ်ကောင် ကြောင်တစ်ခြီး" ကြော်ငြာကိုတွေ့ရလျှင် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့၏။ ထို့နောက် မိမိပုန်းအောင်းရာသို့ ပြန်သွားပြီးလျှင် ၎င်းနှင့် ခားပြတိုက်ဖက် တယောသမား ကိုမြတ်ကောင်းကြီးအား . . .

"ကဲ ... တယောဆရာကြီး၊ ဟိုကောင့်အတွက် မျောက်မင်းအူသံ တစ်ပုဒ်လောက် ထိုးပေးပါဦး၊ ဟောဒီမှာ သတင်းစာ တစ်စောင် ကျုပ် ဝယ်လာခဲ့တယ်" ဟု ဆိုကာ သတင်းစာ တစ်စောင်ကို ကိုမြတ်ကောင်းအား ပေးလေ၏။

ညနေပိုင်းသို့ရောက်လျှင် ၎င်းတို့နှစ်ဦးသည် ရေချမ်းအား အစာရေစာများ ကောင်းမွန်စွာ ကျွေးမွေးလေ၏။

ပြီးလျှင် ရေချမ်း၏ ပါးစပ်ကို အဝတ်စည်းကြသည်။ ထို့နောက် လက်ကို လက်ပြန်ကြိုးတုပ်ကြလေ၏။

အလုံးစုံ ပြုလုပ်ပြီးသောအခါ၌ ရေချမ်းအား စိုင်လေး ဝယ်လာသော သေတ္တာကြီးအတွင်းသို့ ထည့်ကြလေ၏။



ကိုမြတ်ကောင်းသည် မောင်ရေချမ်း သေတ္တာအတွင်း၌ ထိခိုက်နာကျင်မှု မရှိစေရန် ကောက်ရိုးများ ခင်းပေးလေ၏။ ထိုသို့ခင်းပေးပြီးလျှင် "စိတ်တော့မကောင်းပါဘူး ငါ့လူရာ ... ဒါပေမဲ့ မင်းကို ငွေတစ်သိန်းပေးပြီး ဝယ်မယ့်လူရှိတော့လဲ ဒီလိုပဲ ရောင်းရတာပဲကွာ၊ ငါတို့က လူဆိုးလူမိုက်တွေမဟုတ်လား" ဟု ပြောလိုက်လေ၏။

ရေချမ်းမှာမူ . . . မိမိ၏ ကံဆိုးခြင်းအဖြစ်ကို တွေးမိကာ မျက်ရည်များ ကျလာလေ၏။ စိုင်လေးက ရေချမ်း၏ကျောကုန်းကို လက်ဖြင့်ပုတ်၍ . . .

"ဟေ့ကောင် ... တာတေ တောက်တဲ့ သေတ္တာထဲထည့် တွဲတေးပို့ . . . လို့ ဆိုတာ ဒါမျိုးပေါ့ကွ၊ အတော့်ကိုတုန်လှုပ်ဖို့ ကောင်းတာပဲ၊ ဘယ်ရောက်လို့ . . . ဘယ်ရောက်မှန်းလဲမသိ၊ ဘယ်သူက ဘယ်သူ့ဆီ ပို့မှန်းလဲမသိ၊ ဟီဟိ..မင်းကိစ္စမပြီးသေးဘူးကွ၊ ကြားမှာက ရေချမ်းကို အရောင်းအဝယ်လုပ်မယ့် ရေချမ်းပွဲစားတွေ အများကြီးကွ၊ အဲဒီတော့ မင်းမှာက သေတ္တာထဲမှာ ရေလဲ မသောက်ရ၊ အစာလဲ မစားရ၊ အီးအီးလဲ မပါရ၊ မင်းဒုက္ခ ကြီးလှချည်လား ငါ့လူရာ၊ ဘယ်လို မကောင်းမှုတွေများ ကြုံလာခဲ့လို့လဲ၊ ကုသိုလ်ကောင်းမှုလေးဘာလေး လုပ်ပေါ့ကွာ၊ ဒီတော့ မင်းကို သနားတယ်၊ အဲဒါကြောင့် မွဲချင်မွဲပါစေ၊ မင်းကိုရောင်းလိုက်တဲ့ ပိုက်ဆံထဲက ပန်းတစ်ပြားဖိုး ဝယ်ပြီး မင်းအတွက် ဘုရားမှာလှူပေးမယ်ငါ့လူ၊ မင်းအထဲမှာ နေရထိုင်ရ ကျဉ်းကျပ်တာကလွဲပြီး လေတော့မမွန်းပါဘူးကွ၊ ငါက အပေါက် လေပေါက်တောင် ဖောက်ပေးထားတယ်" ဟု ပြောလိုက်လေ၏။

ထို့နောက် စိုင်လေးသည် သေတ္တာကြီးကို သော့ခတ်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စိုင်လေးနှင့်ကိုမြတ်ကောင်းတို့သည် ထိုသေတ္တာကြီးအား သမ္ဗန်ပေါ်သို့တင်ကာ . . . တရွေ့ရွေ့လှော်ခတ်ခဲ့ကြလေ၏။

ည ရှစ်နာရီ ထိုးလောက်တွင် . . . ၎င်းတို့၏ သမ္ဗန်သည် ချောင်းကလေးတစ်ခုအတွင်းသို့ ဝင်မိလေ၏။

ထိုအချိန်မှာ ရေတက်ချိန်ဖြစ်သောကြောင့် ၎င်းတို့အလိုရှိသောခရီးကို လျင်မြန်စွာရောက်ရှိကြသည်ဖြစ်ရာ ည ၁၀ နာရီကျော်ကျော်ခန့်တွင် လှဖေတို့ နေထိုင်ရာ မြို့ကလေးဆီသို့ ဆိုက်ရောက်လာလေတော့၏။

ထိုအခါ စိုင်လေးသည် လှဖေကို ရှာဖွေရာ အရက်ဆိုင်၌ တွေ့ရလေ၏။

"ကဲ ... လှဖေ၊ မင်းတို့လိုချင်တဲ့အကောင်ကို သေတ္တာထဲထည့်ပြီး ယူလာခဲ့ပြီကွ၊ ပေးပေတော့ ပိုက်ဆံ" ဟု စိုင်လေးက ပြောလိုက်ရာ လှဖေက . . .

"ဟုတ်ရဲ့လား စိုင်လေးရယ် ... မဟုတ်ရင် ပင့်ကူတွေနဲ့ အကုန်လုံး ရှုပ်ကုန်လိမ့်မယ်၊ ကျုပ်တို့ ခင်ဗျား ပတ်လို့ ရချင်ရမယ်၊ ပင့်ကူတွေကိုတော့ ခင်ဗျား ပတ်လို့မရဘူး" ဟု သတိပေးစကား ပြောလိုက်ရာ စိုင်လေးက . . .

"မင်းကလဲ ငါ့ကို ပင့်ကူကောင်တွေနဲ့ လာပြီးခြိမ်းခြောက်နေပြန်ပြီ၊ လူဆိုးလုပ်စားတဲ့ဘဝကိုရောက်မှတော့ ပင့်ကူလဲ မကြောက်ဘူး ငါ့လူ၊ အိမ်မြှောင်လဲ မကြောက်ဘူး၊ ဒါပေမဲ့ မင်းကို ငါပြောလိုက်မယ်၊ ငါက မင်းကို ပတ်ချင်ပတ်လိမ့်မယ် ဟောဒီ တယောဆရာကြီးက မပတ်ဘူးကွ၊ သူက လူဆိုးထဲမှာ သူတော်ကောင်းလက်မှတ်လာပြီးယူနေတဲ့လူ၊ ဒီလူကြီး အာမခံရင်တော့ ယုံပေတော့" ဟု ပြောရာ ကိုမြတ်ကောင်းက . . .



"လှဖေရယ် ... ငါ တာဝန်ယူပါတယ်ကွာ၊ မဟုတ်တာ မဖြစ်စေရပါဘူး" ဟု အာမခံလိုက်ရာ လှဖေက . . .

"ဒီလိုဆိုလဲ . . . စိတ်ချပါတယ်ဗျာ၊ ခင်ဗျားကော တယောထိုးသေးလား" ဟု မေးလိုက်လေ၏။ ထိုအခါ ကိုမြတ်ကောင်းက

"တယောဟာ ငြိမ်းချမ်းမှုပဲကွ၊ တယောဟာ ကရုဏာကွ၊ တယောဟာ ကြင်နာမှုကွ" ဟု ပြောလိုက်ရာ လှဖေက . . .

"တော်ဗျာ၊ ကဲ ကဲ...သေတ္တာကြီး ဘယ်မှာလဲ၊ ငွေကတော့ သူတို့ဆီကလာမှရမှာ၊ အလွန်ဆုံး စောင့်ရလှ တစ်ရက် နှစ်ရက်ပေါ့ဗျာ" ဟု ပြောလိုက်လေတော့၏။ ထိုအခါ စိုင်လေးက . . .

"ဟေ့ကောင် ... လှဖေ၊ အူကြောင်ကြောင် မလုပ်နဲ့ကွ၊ တစ်ရက်နှစ်ရက်တောင် . . . တို့မစောင့်နိုင်ဘူး၊ ခုပေးချင်ပေး၊ ခုမပေးရင် နက်ဖြန်ပေး၊ ဒီထက်နောက်မကျစေနဲ့" ဟု ပြောလျှင် လှဖေက . . .

"အလကားပြောတာပါဗျာ၊ မနက်ဖြန်ခါ ရပါစေ့မယ်၊ ဒီညကိုကျုပ် မော်တော်ကြုံနဲ့ ရန်ကုန်ကိုလိုက်သွားပါ့မယ်၊ ဒီသေတ္တာကိုလက်ခံမယ့်ကောင် ပါလာလိမ့်မယ်၊ သူနဲ့အတူ ငွေပါလာမှာပေါ့ဗျာ၊ ကဲကဲ ... ခင်ဗျားတို့သေတ္တာကြီးကို ကျုပ်ဆီထမ်းပို့ကြ" ဟုဆိုသဖြင့် စိုင်လေးနှင့် ဦးမြတ်ကောင်းတို့သည် သေတ္တာကြီးအား ကြိုးဖြင့်သိုင်းကာ ဝါးလုံးလျှိုပြီး ထမ်းကြလေ၏။ ထို့နောက် လှဖေပို့ခိုင်းရာ ကစားဝိုင်းအိမ်သို့ ပို့ပေးလိုက်ကြလေ၏။

ပြီးလျှင် ဦးမြတ်ကောင်းနှင့် စိုင်လေးတို့သည် ဘုန်းကြီးကျောင်း တစ်ကျောင်း၌ သွားရောက်တည်းခိုကြလေတော့၏။

သေတ္တာအတွင်းမှ ရေချမ်းသည် ၎င်းအတွက် ဖောက်ပေးထားသော အသက်ရှူပေါက်ကလေးမှနေ၍ မည်သည့်နေရာသို့ ရောက်ရှိနေကြောင်း သိလို၍ ချောင်းပြီး ကြည့်လိုက်လေ၏။

www.burmeseclassic.com



ထိုအချိန်မှာပင် မိန်းကလေးတစ်ဦးသည် ဂုဏ်း၏ရှေ့တူရှူမှ လာ၍ထိုင်လေ၏။ မျှားမကြာမီပင် . . . လူတစ်ယောက် ရောက်လာပြီး ထိုမိန်းကလေးဘေး၌ ကပ်၍ထိုင်လေ၏။

ထိုအခါ မိန်းကလေးက . . .

"သွားပါ ... အနားမလာပါနဲ့၊ ဘယ်မှာလဲ ... စိန်နားကပ် ဝယ်ပေးမယ်ဆိုပြီး ခုထိလဲမရသေးဘူး" ဟူသော ပြောလိုက်သံကို ကြားလိုက်လေ၏။ ထိုအခါ ယောကျ်ားလုပ်သူက . . .

"နင်က ငါ့ကို အပြစ်တင်လှချည်လား၊ နင့်ရှေ့က ဟာကြီးက နင် စိန်နားကပ်ပန်ရဖို့ပေါ့" ဟု ပြောလိုက်ရာ မိန်းကလေးတ

"အဟုတ်လား" ဟု မေးလိုက်လေ၏။ ထိုအခါ ယောကျ်ားလုပ်သူက . . .

"နင့်ကို ငါက လိမ်ရမလားဟဲ့၊ အဲဒီသေတ္တာကို ငါက ရောင်းလိုက်ရင် ပွဲချည်းပဲ တစ်သောင်းကျော်ရမယ်၊ စိန်နားကပ်၊ စိန်ဆွဲကြိုး၊ စိန်လည်တုံ၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ် ကုန်ကုန်ပြောမယ်ဟယ်...စိန်ဖိနပ်တောင်ဝယ်ပေးနိုင်တယ်" ဟုပြောလိုက်လျှင် မိန်းကလေးသည် သဘောကျလွန်း၍ တခစ်ခစ် ရယ်လေ၏။

ထိုအခါ သေတ္တာအတွင်းမှ ရေချမ်းက မိမိအား ရောင်းချ၍ စိန်နားကပ် ပန်ချင်သည်ဆိုသော မိန်းမအား မည်သို့သော မိန်းမမျိုး ဖြစ်သည်ကို သိလိုသောကြောင့် အပေါက်မှ ချောင်းကြည့်ရန် ကြိုးစားလေ၏။

ထိုအချိန်မှာပင် မိန်းကလေးက . . .

"အထဲမှာ ဘာပါလဲကိုလှဖေ" ဟုမေးလိုက်ရာ လှဖေက ...

"အဲဒီအထဲမှာ လူတစ်ယောက်ပါတယ် ... ဘယ်သူ့မှ မပြောနဲ့" ဟု ပြောလိုက်လေ၏။ ထိုအခါ မိန်းမလုပ်သူက . . .



"ဟိဟိ ... အဲဒီလူက အတော်တန်ဖိုးရှိတယ်နော်၊ သူ့ကို ရောင်းတာ ငွေတစ်သောင်းတောင်ရတယ်၊ သူက ဘယ်လိုလူမျိုးမို့လို့ ဒါလောက်တောင် အဖိုးတန်နေရတာလဲ" ဟု မေးလိုက်လေ၏။

"ငွေတစ်သောင်း မဟုတ်ဘူးဟဲ့၊ အဲဒါက ပွဲခစ်ရှိသေးတာ၊ ကြားက ပွဲစားခတင် တစ်သိန်းကျော်ပေးတာ၊ ငါရမှာတတော့ တစ်သောင်းတည်းပေါ့ဟယ် ... ပစ္စည်းရှင်က တစ်သိန်းတောင်မှာ၊ မူလပွဲစားကြီးဆိုရင် နှစ်သိန်းလောက်ရမှာ" ဟု ယောကျ်ားလုပ်သူက ပြောလိုက်ရာ မိန်းမလုပ်သူက "ဟိဟိ" ဟု ပြုံတီတီ အသံဖြင့် ရယ်လေ၏။ ထိုအခါ ရေချမ်းလည်း ချောင်းကြည့်ရန် ကြိုးစားခဲ့ရာ . . . အပေါက်နှင့် မျက်လုံး တည့်သွား၏။ ထိုအခါ ရေချမ်းလည်း လှဖေဆိုသူကို တွေ့ရ၏။

မိမိအား ရောင်းချပြီး စိန်နားကပ် ပန်ချင်သည် ဆိုသော မိန်းမကိုလည်းတွေ့ရ၏။ ထိုသို့တွေ့ရသောအခါ၌ ရေချမ်းသည် ချွေးများပြန်လာလေ၏။

ယူကျုံးမရလည်း ဖြစ်ရရှာလေ၏။ မိမိလူဖြစ်နေရခြင်းကိုသည်း လွန်စွာစက်ဆုပ်၍သွားလေ၏။ ကံတရား၏ ရက်စက်ညည်းပန်းပုံကိုလည်း မျက်ဝါးထင်ထင် တွေ့ရလေ၏။

အဘယ်ကြောင့်ဆိုသော် . . . ထိုမိန်းကလေးမှာ အခြားသူမဟုတ်။ ပျောက်ဆုံးသွားသော ဂုဏ်း၏ညီမလေး မြမြ ဆိုသူဖြစ်နေသောကြောင့်တည်း။

၀-၀-၀

လှဖေသည် ညတွင်းချင်းပင် မော်တော်ကြုံနှင့် ရန်ကုန်သို့ လိုက်သွားလေ၏။

www.burmeseclassic.com



ထိုအချိန်မှာပင် မိန်းကလေးတစ်ဦးသည် ၎င်း၏ရှေ့တူရူမှ လာ၍ထိုင်လေ၏။ များမကြာမီပင် . . . လူတစ်ယောက်ရောက်လာပြီး ထိုမိန်းကလေးဘေး၌ ကပ်၍ထိုင်လေ၏။

ထိုအခါ မိန်းကလေးက . . .

"သွားပါ ... အနားမလာပါနဲ့၊ ဘယ်မှာလဲ ... စိန်နားကပ်ဝယ်ပေးမယ်ဆိုပြီး ခုထိလဲမရသေးဘူး" ဟူသော ပြောလိုက်သံကို ကြားလိုက်လေ၏။ ထိုအခါ ယောကျ်ားလုပ်သူက . . .

"နင်က ငါ့ကို အပြစ်တင်လှချည်လား၊ နင့်ရှေ့က ဟာကြီးက နင် စိန်နားကပ်ပန်ရဖို့ပေါ့" ဟု ပြောလိုက်ရာ မိန်းကလေးက

"အဟုတ်လား" ဟု မေးလိုက်လေ၏။ ထိုအခါ ယောကျ်ားလုပ်သူက . . .

"နင့်ကို ငါက လိမ်ရမလားဟဲ့၊ အဲဒီသေတ္တာကို ငါက ရောင်းလိုက်ရင် ပွဲခချည်းပဲ တစ်သောင်းကျော်ရမယ်၊ စိန်နားကပ်၊ စိန်ဆွဲကြိုး၊ စိန်လည်တုံ၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ် ကုန်ကုန်ပြောမယ်ဟယ်...စိန်ဖိနပ်တောင်ဝယ်ပေးနိုင်တယ်" ဟုပြောလိုက်လျှင် မိန်းကလေးသည် သဘောကျလွန်း၍ တခစ်ခစ် ရယ်လေ၏။

ထိုအခါ သေတ္တာအတွင်းမှ ရေချမ်းက မိမိအား ရောင်းချ၍ စိန်နားကပ် ပန်ချင်သည်ဆိုသော မိန်းမအား မည်သို့သော မိန်းမမျိုး ဖြစ်သည်ကို သိလိုသောကြောင့် အပေါက်မှ ချောင်းကြည့်ရန် ကြိုးစားလေ၏။

ထိုအချိန်မှာပင် မိန်းကလေးက . . .

"အထဲမှာ ဘာပါလဲကိုလှဖေ"ဟုမေးလိုက်ရာ လှဖေက ...

"အဲဒီအထဲမှာ လူတစ်ယောက်ပါတယ် ... ဘယ်သူ့မှ မပြောနဲ့" ဟု ပြောလိုက်လေ၏။ ထိုအခါ မိန်းမလုပ်သူက . . .



"ဟိဟိ ... အဲဒီလူက အတော်တန်ဖိုးရှိတယ်နော်၊ သူ့ကိုရောင်းတာ ငွေတစ်သောင်းတောင်ရတယ်၊ သူက ဘယ်လိုလူမျိုးမို့လို့ ဒါလောက်တောင် အဖိုးတန်နေရတာလဲ" ဟု မေးလိုက်လေ၏။

"ငွေတစ်သောင်း မဟုတ်ဘူးဟဲ့၊ အဲဒါက ပွဲခစီရိုသေးတာ၊ ကြားက ပွဲစားခတင် တစ်သိန်းကျော်ပေးတာ၊ ငါရမှာကတော့ တစ်သောင်းတည်းပေါ့ဟယ် ... ပစ္စည်းရှင်က တစ်သိန်းတောင်မှာ၊ မူလပွဲစားကြီးဆိုရင် နှစ်သိန်းလောက်ရမှာ" ဟု ယောကျ်ားလုပ်သူက ပြောလိုက်ရာ မိန်းမလုပ်သူက "ဟိဟိ" ဟု ပြီတီတီအသံဖြင့် ရယ်လေ၏။ ထိုအခါ ရေချမ်းလည်း ချောင်းကြည့်ရန် ကြိုးစားခဲ့ရာ . . . အပေါက်နှင့် မျက်လုံး တည့်သွား၏။ ထိုအခါ ရေချမ်းလည်း လှဖေဆိုသူကို တွေ့ရ၏။

မိမိအား ရောင်းချပြီး စိန်နားကပ် ပန်ချင်သည် ဆိုသော မိန်းမကိုလည်းတွေ့ရ၏။ ထိုသို့တွေ့ရသောအခါ၌ ရေချမ်းသည် ချွေးများပြန်လာလေ၏။

ယူကျုံးမရလည်း ဖြစ်ရရှာလေ၏။ မိမိလူဖြစ်နေရခြင်းကိုသည်း လွန်စွာစက်ဆုပ်၍သွားလေ၏။ ကံတရား၏ ရက်စက်သွဉ်းပန်းပုံကိုလည်း မျက်ဝါးထင်ထင် တွေ့ရလေ၏။

အဘယ်ကြောင့်ဆိုသော် . . . ထိုမိန်းကလေးမှာ အခြားသူမဟုတ်။ ပျောက်ဆုံးသွားသော ၎င်း၏ညီမလေး မြမြ ဆိုသူဖြစ်နေသောကြောင့်တည်း။

၀-၀-၀

လှဖေသည် ညတွင်းချင်းပင် မော်တော်ကြုံနှင့် ရန်ကုန်သို့ လိုက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ရောက်လျှင် လုံချည်အစိမ်းကိုဝတ်၍တော့တံ
ထိပ်၌ ငှက်ပျောခိုင်တစ်ခိုင်ကိုဝယ်ကာ ကိုင်ထားလေ၏။

ထိုအချိန်မှာပင် လုံချည်အနီ ဝတ်၍ သက္ကလပ် ဦး
ဆောင်းထားသော လူခပ်ငယ်ငယ်တစ်ယောက် ရောက်လာ
လျှင် . . . "ခွေးနှစ်ကောင်" ဟု ပြောလိုက်ရာ လှဖေက . .

"ကြောင်တစ်မြီး" ဟု ပြန်ပြောလေ၏။

ထိုအခါ လှဖေသည် ထိုသူအား ၎င်းနှင့်အတူ လိုက်ခဲ့
ခေါ်ခဲ့လေတော့၏။

ညနေပိုင်းတွင် လှဖေ နေထိုင်ရာ မြို့သို့ ရောက်ကြလေ
ထိုအခါ သက္ကလပ်ဦးထုပ်ဆောင်းထားသောလူက လှဖေနော
သို့ လိုက်သွားလေ၏။ ထိုသို့လိုက်သွားရာတွင် ထိုသူက အ
အရေး တစ်ခု တောင်း၏။

"ပစ္စည်းအပေးအယူလုပ်မယ့်နေရာမှာ ခင်ဗျားရယ်၊
ရယ်၊ ပစ္စည်းရယ် ဒါပဲရှိစေချင်တယ်၊ တခြားလူရှိနေရင်
ငွေမပေးဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ လှဖေက . . .

"စိတ်ချပါဗျာ၊ ကျုပ် လူဆိုးလူမိုက် လုပ်စားလာတာ ကြာ
ပြီ၊ ဒါလောက်တော့ သိတတ်ပါတယ်" ဟု ဝန်ခံလိုက်လေ
ထိုအခါ သက္ကလပ်ဦးထုပ်နှင့်လူသည် ကမ်းနားဆိပ်သို့သွား
သမ္ဗန်တစ်စင်းကို လှော်ခတ်ပေးမည့်သူ မပါဘဲ ငွေအမြော
အများပေး၍ ငှားရမ်းလိုက်လေ၏။

သမ္ဗန်ပိုင်ရှင်မှာလည်း မကြားဖူးသော ဈေးကို ရသဖြ
စစ်ဆေးမေးမြန်းခြင်းမပြုဘဲ ထိုသူအား သမ္ဗန်ကို ပေးလိုက်
သည်။ ထိုသူသည် သမ္ဗန်ကိုလှော်ခတ်၍ လုံခြုံသောနေရာ
ဝှက်ထားလိုက်ပြီးလျှင် လှဖေ ချိန်းဆိုရာသို့ သွားလေ၏။



လှဖေသည် သေတ္တာရှိရာ ကစားဝိုင်းအိမ်၏ နောက်ဖေး
သို့ ခေါ်သွားလေ၏။

"အဲဒီသေတ္တာပဲ ကိုယ့်လူရဲ့" ဟု လှဖေက ပြောလေ၏။
အခါ လူငယ်က . . .

"သေတ္တာထဲမှာတော့ ပစ္စည်းပါရဲ့နော်၊ ခင်ဗျား ကလိမ်ကျ
တော့ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး၊ ကျုပ်က ကြေးစားပဲဗျ၊ ခင်ဗျား
ဦးစံမတူတို့နဲ့ ရှင်းရမှာပဲ" ဟု ပြောရာ လှဖေက . . .

"ကျုပ်က ကလိမ်မကျဘူး။ ဒီသေတ္တာကြီး လမ်းမှာပျောက်
းရင်တော့ . . . ခင်ဗျားနဲ့ ပင့်ကူတွေနဲ့ ရှင်းရမှာပဲ" ဟု ပြန်၍
ပြောလိုက်လေ၏။ ထို့နောက် ထိုသူက "ရော့ ခင်ဗျားအတွက်
တစ်သိန်းတစ်သောင်း" ဟုဆိုကာ ငွေထုပ်ကိုအပ်လေ၏။

ထိုအခါ သေတ္တာအတွင်းမှ ရေချမ်းသည် မိမိအား
ရောက်ဝယ်သူကို မည်သူမည်ဝါဖြစ်သည်ဟု သိလိုသော
ကြောင့် အပေါက်မှ ကြိုးစား၍ ချောင်းကြည့်ပြန်၏။ ထိုသို့
ချောင်းကြည့်ရင်း အံ့ဩဝမ်းနည်းလွန်း၍ မျက်ရည်များ စီးကျ
၏။

ထို့ပြင် ၎င်းသည် ယမန်နေ့ညကပင် ဤသေတ္တာအတွင်း၌
စာရေစာ မစားရဘဲ ကျပ်တည်းကျဉ်းမြောင်းစွာ နေခဲ့ရ၍
န်စွာမှ နုံးချည့်နေသည်ဖြစ်ရာ မေ့မျောသွားလေတော့၏။

လှဖေသည် ငွေလက်ခံပြီးသောအခါ၌ . . .

"ခင်ဗျားနာမည်ဘယ်သူလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ
လူဝယ်က . . .

"နာမည်ကို ဘာဖြစ်လို့မေးတာလဲ၊ သိချင်လို့လား၊ မကြား
ချင် မှတ်ထားဦး၊ ရွှေဘော်လို့ခေါ်တယ်၊ ကဲ...ဒီပစ္စည်းကို
ပ်သမ္ဗန်ပေါ် လိုက်ပြီးတင်ပေးဦး" ဟုဆိုသဖြင့် လှဖေလည်း

www.burmeseclassic.com

www.burmeseclassic.com



အရက်သမားနှစ်ဦးကိုခေါ်၍ ထိုသေတ္တာကြီးအား ထမ်းစေ
လျှင် ကမ်းနားထိပ်တစ်နေရာသို့ သယ်ဆောင်သွားရာ ရွှေဘော်
ဝှက်ထားသော သမ္ဗန်ပေါ်သို့ . . . တင်ပေးလိုက်လေတော့၏။
ရွှေဘော်လည်း သမ္ဗန်ကြိုးကိုဖြုတ်၍ စတင်လှော်ခတ်လေ၏။
ထိုအခါ လူဖေက . . .

"မောင်ရွှေဘော် ... ဒါကြီးကို ဘယ်ကို ပို့မှာတုံးကွ" ဟု
မေးလိုက်လေ၏။

"ခင်ဗျားအလုပ်လားဗျ ...ခင်ဗျားမေးစရာလား ...ခင်ဗျား
မေးလို့ ဖြေရမှာလား" ဟု ပြန်လည်ငေါက်ငမ်း၍ သမ္ဗန်ကို စော
လှော်ခတ်သွားလေတော့သတည်း။

* * * * *

## သစ္စာ၏ အာနိသင်

ရွှေဘော်သည် သမ္ဗန်ကို တကျိုကျိုနှင့် ခတ်သွားလေ၏။ သေတ္တာတွင်းမှ ရေချမ်းသည် မိမိအား သေမင်းထံသို့ သမ္ဗန်ဖြင့် ခတ်၍ ပို့နေသူမှာ မိမိ၏ ချစ်လှစွာသော ညီလေး ရွှေဘော် ဖြစ်ကြောင်း သိနေရ၏။

သို့ရာတွင် ၎င်းအနေနှင့် ရွှေဘော်အား မပြောနိုင်ဘဲရှိနေ၏။ ရွှေဘော်သည် မိမိအစ်ကိုဖြစ်သူအား သေမင်းထံသို့ ပို့နေကြောင်း မသိသဖြင့် သမ္ဗန်ခတ်ရင်း ပျော်ရွှင်စွာလေချွန်နေလေ၏။ ဤသို့နှင့်ပင် ၎င်း၏သမ္ဗန်သည် ကြည့်မြင်တိုင်ဆိပ်ကမ်း အနီးသို့ ရောက်ရှိလာလေတော့၏။

ရေချမ်းသည် ကြေကွဲဝမ်းနည်းဖွယ်ရာကောင်းသော မိမိ၏ အဖြစ်အပျက်ကြောင့် မျက်ရည်တတွေတွေ ကျလာနေ၏။

ရေချမ်းအနေနှင့် အခြားပြုဖွယ်ရာ မရှိသဖြင့် မျက်စိကို စုံမှိတ်လိုက်ပြီးလျှင် မြတ်စွာဘုရားကို အာရုံပြုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အောက်ပါအတိုင်း လေးလေးနက်နက်သစ္စာဆိုလိုက်လေ၏။

> "တပည့်တော်သည် ဤ အသက် ဤ အရွယ်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခရောက်စေလိုသောစေတနာဖြင့် ဒုက္ခဖြစ်အောင် မလုပ်ခဲ့ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် ကြုံတွေ့ရမည့် အန္တရာယ်မှ လွတ်မြောက်ပါစေသား"

ရေချမ်း ထိုသို့သစ္စာဆိုလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားသော သမ္ဗန်တစ်စင်းသည် အနီးသို့ ကပ်၍လာသံကို ကြားရပြီးလျှင် ထိုသမ္ဗန်သည် ရေချမ်းတို့၏သမ္ဗန်ကို ဆောင့်၍ တိုက်လိုက်လေတော့၏။

ရေချမ်းတို့၏ သမ္ဗန်သည် သိမ့်ခနဲ တုန်၍သွားလေ၏။ ထိုအခါ ရွှေဘော်လည်း ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်လေ၏။ အခြားသမ္ဗန်မှလူသည် ရေချမ်းတို့၏ သမ္ဗန်ပေါ်သို့ ဝုန်းခနဲ ခုန်တက်လိုက်ပြီးလျှင် ရွှေဘော်၏ မေးဖျားကို ခြေဖြင့် ခုန်၍ ခတ်လိုက်လေ၏။

ရွှေဘော်သည် အငိုက်မိသွားသောကြောင့် ရေထဲသို့ လန်၍ ကျသွားပြီးလျှင် ရေစီးအတိုင်းမျော၍သွားလေတော့၏။ ထိုအခါ တစ်ဖက်သမ္ဗန်မှ အခြားလူတစ်ဦးသည် ရေချမ်းတို့၏ သမ္ဗန်ပေါ်သို့ တက်လာပြီးလျှင် ၎င်းတို့၏သမ္ဗန်ကို ထားပစ်ခဲ့ပြီးလျှင် ရေချမ်းပါသော သမ္ဗန်ကို တစ်နေရာသို့ လှော်ခတ်သွားကြလေတော့၏။ ထို့နောက် . . . ၎င်းတို့သည် သမ္ဗန်ကို တစ်နေရာ၌ ဆိုက်ကပ်ပြီးလျှင် ရေချမ်းကိုထည့်ထားသော သေတ္တာကြီးအား နှစ်ယောက်သား မ,၍ ကုန်းပေါ်သို့ တင်ကြလေ၏။



ထို့နောက် ထိုသေတ္တာကြီးကို ချုံပုတ်ကြီးတစ်ခုအတွင်းသို့ သွင်းကြလေ၏။ ထိုချုံပုတ်အတွင်း၌လည်း အခြားသော သေတ္တာ အလွတ်တစ်လုံး ရှိလေ၏။

ထိုသူတို့မှာ အခြားသူများ မဟုတ်ကြဘဲ ပင်လယ်ဓားပြ မောင်သေတ္တာ ဆိုသူနှင့် ဦးဂွမ်တီ ဆိုသော တရုတ်အဘိုးကြီး တစ်ဦးတို့ ဖြစ်လေ၏။

မောင်သေတ္တာသည် ရေချမ်းအား သေတ္တာကို ဖွင့်၍မပေးသေးဘဲ သေတ္တာပေါ်မှ လက်ဝါးဖြင့် သုံးချက်ပုတ်ကာ . . .

"ဟေ့ … အထဲက မောင်ရေချမ်း၊ မင်း ဘာမှမပူနဲ့တော့၊ မင်း မသေတော့ဘူးကွ၊ မင်းကို ငါတို့ကယ်လိုက်ပြီ၊ မင်းအစားဟောဒီ သေတ္တာအလွတ်ကြီးထဲမှာ ငါကိုယ်တိုင်ဝင်ပြီး မင်းရဲ့ သေမင်းတွေဆီသွားရဦးမယ်၊ အဲဒီကိစ္စပြီးမှ ဟောဒီက တရုတ်ကြီးက မင်းကိုဖွင့်ပေးမယ်"ဟုပြောလိုက်ရာ ဦးဂွမ်တီက . . .

"မောင်သေတ္တာရယ် … ဒီကောင် အထဲမှာ နေရတာ ဒုက္ခများတယ်၊ အခုကတည်းက ထုတ်ပေးလိုက်လဲ ပြီးတာပဲကွာ၊ သူ့ကို ဒီနေရာက စောင့်ခိုင်းတာပေါ့" ဟု ပြောလိုက်လေ၏။

"မဟုတ်ဘူး ဦးဂွမ်တီ၊ ဒီကောင်ဟာ သိပ်ပြီးကြောက်နေလိမ့်မယ်၊ အဲဒီတော့ ဖွင့်ပေးလိုက်ရင် ကျုပ်တို့စကား နားမထောင်ဘဲ ထွက်ပြေးသွားဦးမယ်၊ သူ့ကို သဘောပေါက်အောင်လဲ အချိန်ကုန်ခံပြီး ရှင်းပြဖို့ အချိန်မရှိတော့ဘူး၊ အကောင်းဆုံးက ဒီအတိုင်းထားခဲ့ပါ" ဟု သေတ္တာက ပြောလိုက်ရာ ဦးဂွမ်တီက-

"မင်းပြောတာမှန်တယ် မောင်သေတ္တာ၊ ကဲ ကဲ … သေတ္တာရေ … သေတ္တာထဲဝင်ပေတော့ဟေ့ ဟီဟိ"ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သေတ္တာသည် "ကဲ ... လာ" ဟုဆိုကာ သေတ္တာ အလွတ်ကြီးကို သမ္ဗန်ပေါ်သို့တင်လေ၏။ သမ္ဗန်ပေါ်သို့ရောက် လျှင် သေတ္တာအဖုံးကိုဖွင့်၍ သေတ္တာအတွင်းသို့ ဝင်လေ၏။

မဝင်မီ၌လည်း ၎င်း၏ ခြောက်လုံးပြူးကို ကျည်ဆန်များ စစ်ဆေးလိုက်သေး၏။

ထို့နောက် မောင်သေတ္တာက . . .

"ဆရာကြီး ဦးဂွမ်တီရေ ... မောင်သေတ္တာတော့ သေတ္တာ ထဲ ဝင်လိုက်ပြီ၊ ဟိုကောင်တွေဆီ အရောက်ပို့လိုက်ပေတော့" ဟု ပြောလိုက်ပြီးလျှင် သေတ္တာအတွင်း၌ ဝပ်ချလိုက်လေ၏။ ထိုအခါ ဦးဂွမ်တီက သေတ္တာအဖုံးကိုပိတ်၍ သော့ကို ဂျောက်ခနဲ ခတ်ပြီးလျှင် . . .

"မင်းအစား ငါအသည်းယားလိုက်တာကွာ ... မင်းဆိုတဲ့ ကောင်ကလဲ ဘယ်လို သန္ဓေမျိုးနဲ့ မွေးလာတဲ့ ကောင်စားလဲ မပြောတတ်ပါဘူး၊ သူများအတွက် တကယ်အသက်စွန့်ဝံ့တဲ့သူပဲ မိုက်လိုက်တာလဲ တူးခါးနေတာပါပဲလားဟရို့" ဟု ပြောဆိုကာ ဦးဂွမ်တီသည် သမ္ဗန်ကို တက်ြွကြွနှင့် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ အရောက် လော်ခတ်သွားလေ၏။

ဆိပ်ကမ်းသို့ရောက်လျှင် မှောင်မိုက်နေဆဲပင်ရှိသေး၏။

အဆင်သင့် စောင့်နေသော ပင့်ကူနှစ်ယောက်နှင့် တွေ့ရ လေ၏။

ထိုပင့်ကူတို့သည် ကုတ်အင်္ကျီများ ဝတ်၍ ခမောက်များ ဆောင်းထားကြလေ၏။

ထိုပင့်ကူတို့ကလည်း ဦးဂွမ်တီအား ပြန်ကြည့်လိုက်ရာ ရှမ်းဘောင်းဘီအနက်ကြီး ဝတ်ထားသည်ကို တွေ့ရလေ၏။

ထိုအခါ ဦးဂွမ်တီက . . .



"အခုအခါမှာ ပုစွန်လုံးတွေ အဆီသိပ်များတယ်ဗျာ" ဟု ပြောလိုက်လေ၏။ ထိုအခါ ပင့်ကူအဖွဲ့ဝင်များက . . .

"ကျုပ်တို့က ပုစွန်လုံး မကြိုက်ဘူး၊ ခွေးသားနဲ့ ယုန်သားပဲ ကြိုက်တာ" ဟု ပြန်၍ပြောလိုက်ရာ ဦးဂွမ်တီက . . .

"ကောင်းပြီလေ" ဟုဆိုကာ ဦးဂွမ်တီသည် သေတ္တာကြီးနှင့် အတူ ဖွင့်ရန်သော့ကိုပါ ၎င်းတို့အား အပ်နှံလိုက်လေ၏။ ပင့်ကူ နှစ်ကောင်သည် သေတ္တာကြီးကို သယ်၍ မြင်းလှည်းပေါ်သို့ တင်ကြလေ၏။

ထို့နောက် မြင်းလှည်းကို မောင်းနှင်သွားကြလေတော့၏။

မြင်းလှည်းကလေးသည် တခွပ်ခွပ်ဖြင့် မောင်းနှင်လာရာ မိုးမလင်းမီပင်၌ ငါးထပ်ကြီးဘုရားလမ်းသို့ ရောက်ကြလေ တော့၏။ ထို့နောက် လွန်စွာကျယ်ဝန်းသော ခြံဝင်းကြီးအတွင်း သို့ မောင်းဝင်သွားကြလေတော့၏။

ခြံအတွင်းသို့ရောက်လျှင်ပင့်ကူနှစ်ကောင်သည် သေတ္တာကြီး ကို မ,ကာ အိမ်ကြီးပေါ်သို့ တင်သွားကြလေ၏။ အိမ်ပေါ်သို့ ရောက်လျှင် ပင့်ကူသုံးယောက်တို့သည် သေတ္တာကြီးကို ဝိုင်း၍ ထိုင်ကြပြီးလျှင် ပင့်ကူတို့၏အဖွဲ့တွင် ဒုတိယအကြီးအကဲဖြစ်သူ ဦးသက်တင်က သူ၏ ပင့်ကူနှစ်ယောက်အား . . .

"ဟော့ ...တို့အလိုရှိနေတဲ့ကောင်တော့ရပြီ၊ ဒီကောင့်ကိုရရင် မုတ်ဆိတ်ဖြူကြီး နောက်ဆုံးပြောခဲ့တဲ့ လျှို့ဝှက်ချက်ကို ရတာပဲ၊ ငါတို့ ပင့်ကူအဖွဲ့ဝင်တွေဟာ ဘာမဆို ဖြစ်အောင် လုပ်နိုင်ကြ ပါတယ်" ဟုဆိုကာ အနီးရှိ ဘီယာပုလင်းကိုဖွင့်၍ အရသာခံကာ ဘီယာစုပ်ရင်း သူ၏ပင့်ကူတစ်ဦးအား "သော့ဖွင့်လိုက်တော့" ဟု အမိန့်ပေးလိုက်ရာ သူ၏တပည့်သည် သော့ကိုဂျောက်ခနဲ ဖွင့်၍ သေတ္တာကို ခြေဖြင့်ပုန်းခနဲကန်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ပေါ့ကောင် ... ရေချမ်း ... ထွက်" ဟု ပြောလိုက်ပြီးလျှင် ပြန်၍ထိုင်လိုက်လေ၏။

ထိုအခါ အတွင်းမှလူကလည်း တဖြည်းဖြည်း ကုန်းထလိုက်ရာ သေတ္တာအဖုံးသည် ပွင့်သွားလေ၏။

သေတ္တာအဖုံး ပွင့်သည်နှင့်တစ်ပြိုင်နက် မောင်သေတ္တာသည် ဆတ်ခနဲမတ်တတ်ရပ်လိုက်ပြီးလျှင် ၎င်းတို့၏အကြီးအကဲအား ခြောက်လုံးပြူးဖြင့် ချိန်ရွယ်ထားလျက်ရှိလေတော့၏။

ဦးသက်တင်အပါအဝင် ပင့်ကူအဖွဲ့ဝင်သုံးဦးတို့သည် ၎င်းတို့မျှော်လင့်ထားသည့်အတိုင်း မဟုတ်ဘဲ ၎င်းတို့အား သေနတ်ဖြင့်ပစ်သတ်ရန် အဆင်သင့်ဖြစ်နေသော လူတစ်ယောက် သေတ္တာအတွင်းမှ ထွက်ပေါ်လာသည်ကိုမြင်ရလျှင် မည်သို့မည်ပုံ ပြုလုပ်ရမည်မသိဘဲ ကြက်သေ သေ၍ ပါးစပ်အဟောင်းသားဖြစ်၍ နေကြလေတော့၏။

ထိုအခါ သေတ္တာက . . .

"အတော့်ကိုလည်ပြီး အတော့်ကို အကင်းပါးတဲ့ ပင့်ကူကြီးတွေ၊ ကျောထောက်နောက်ခံမရှိတဲ့ လူငယ်လေးတစ်ယောက်တည်းကို အဖွဲ့နဲ့အစည်းနဲ့ အုံနဲ့ကျင်းနဲ့ ဒုက္ခလိုက်ပြီးပေးကြတယ်၊ ဒါပေမဲ့ လောကကြီးဟာ . . . မင်းတို့ထင်သလိုလုပ်လို့မရဘူး၊ လောကကို စောင့်ရှောက်တဲ့ လောကပါလနတ်တွေ ရှိသလို လောကကို စောင့်ရှောက်တဲ့ လူသားတွေလဲ ရှိတယ်။

"မတရားလုပ်ရင် ခံရတဲ့ဘက်က ဝင်ပြီး ရပ်တည်မယ့် လောကပါလလူသားတွေ ရှိတယ် . . . အဲဒီအထဲမှာ ငါလဲ တစ်ယောက်အပါအဝင်ပဲ၊ ငါ့နာမည် သေတ္တာလို့ ခေါ်တယ်၊ ရော့... "ဟု ဆိုကာ သေနတ်မောင်းကို ဒိုင်းခနဲ ဒိုင်းခနဲ သုံးချက်ဆင့်၍ ဖြုတ်ချလိုက်လေ၏။



ဦးသက်တင် အပါအဝင် သေတ္တာကြီးကို ကြည့်မြင်တိုင်ဆိပ်ကမ်းမှ သယ်ဆောင်လာခဲ့သော သူ၏တပည့်နှစ်ဦးတို့သည် ပွဲချင်းပြီး သေဆုံးသွားကြလေ၏။

ထိုအခါ သေတ္တာသည် ဦးသက်တင်၏ သောက်လက်စဘီယာပုလင်းကို ကောက်ယူ၍ မှော့ချလိုက်ပြီးလျှင် အနီးရှိစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိဖွာ၍ အပန်းဖြေလိုက်ပြီးနောက် ဦးသက်တင်၏ကိုယ်မှ ယိုစီးမှု၍ထွက်နေသော သွေးများကို အနီးရှိတံမြက်စည်းကိုဖွဲ့၍ စုတ်တံအဖြစ်အသုံးပြုကာ ဖြူဖွေးသော နံရံကြီးပေါ်တွင် "မဇ္ဈိုသာ" ဟူသော စာတန်းကြီးကို ရေးလိုက်လေတော့၏။

ဝ-ဝ-ဝ

ထိုအချိန်၌ ဦးဂွမ်တီသည် မောင်ရေချမ်းပါသော သေတ္တာကြီးကို ထားခဲ့သည့် ချုံပုတ်ဆီသို့ ပြန်လည်ရောက်ရှိနေပြီးလျှင် မောင်ရေချမ်း၏ သေတ္တာကြီးကို သော့ရိုက်ချိုး၍ဖွင့်ကာ မောင်ရေချမ်းအား သေတ္တာအပြင်သို့ ဆွဲထုတ်၍ ချည်နှောင်ထားသော ကြိုးများကို ဖြည်ပေးလေတော့၏။

ထို့နောက် မောင်ရေချမ်းအား . . .

"မင်းအစား မောင်သေတ္တာဆိုတဲ့လူက သေတ္တာထဲကိုဝင်ပြီး လူဆိုးတွေဆီကို သွားလေရဲ့၊ သူက လောကပါလနတ်တော့ မဟုတ်ဘူးကွ၊ လောကပါလလူသား၊ ဒါပေမဲ့ သူ မသေပါဘူး၊ သူက ဟိုကောင်တွေကို သတ်လာခဲ့မှာပါ၊ ငါ့နာမည်က ဂွမ်တီလို့ ခေါ်တယ်၊ မင်းကို ကူညီဖို့ မောင်သေတ္တာက အကူအညီတောင်းလို့ ငါကလဲ အကူအညီလာပေးရတာ" ဟုပြောလိုက်ရာ ရေချမ်းသည် တစ်စုံတစ်ရာကို စဉ်းစားပြီးနောက် . . .

www.burmeseclassic.com



"ကျွန်တော့်ကို သယ်လာတဲ့ သမ္ဗန်သမား ဘယ်ရောက်သွားပြီလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ ဦးဂွမ်တီက . . .

"အဲဒီသမ္ဗန်သမားကိုတော့ မောင်သေဋ္ဌာ ရေထဲကန်ချလိုက်လို့မျောသွားပြီ" ဟုပြောလိုက်ရာ မောင်ရေချမ်းသည် . . .

"ဒုက္ခပါပဲဗျာ" ဟု အော်လိုက်လေတော့၏။

"ဩော် ... မင်းကလဲ ကိုယ့်ကို သေမင်းဆီကို သမ္ဗန်ခတ်ပို့တဲ့ကောင်ကို သနားနေပြန်ပြီလား" ဟု မေးလိုက်လေ၏။

"အဲဒါကျွန်တော့်ညီခင်ဗျ" ဟု ရေချမ်းက ပြောလိုက်လေ၏။

"အလို မင်းက သူ့ကို မင်းညီမှန်းဘယ်လိုလုပ်သိတာတုံး" ဟု ဦးဂွမ်တီက မေးလေ၏။

"ကျွန်တော် သေဋ္ဌာအပေါက်ထဲက ချောင်းကြည့်ထားတာ၊ ဒါပေမဲ့ ကျွန်တော့် ပါးစပ်ထဲကို အဝတ်စည်းထားလေတော့ ကျွန်တော် သူ့ကိုခေါ်လို့မရဘူး" ဟု ရေချမ်းက ပြောလိုက်ရာ ဦးဂွမ်တီက . . .

"မင်းအဖြစ်ကလဲဆိုးလှချည့်လားကွာ"ဟုပြောလိုက်လေ၏။

"နောက်ပြီး ကျွန်တော့်ကို ဘယ်သူက ရိုက်မှန်းမသိဘူး၊ ခေါင်းကိုရိုက်ပြီး ပင်လယ်ထဲ ပစ်ထားတယ်၊ လူနှစ်ယောက်ကတွေ့လို့ ကယ်သွားတယ်၊ တစ်ယောက်က ကိုမြတ်ကောင်းတဲ့၊ တစ်ယောက်က စိုင်လေးတဲ့၊ အဲဒီလူတွေကလဲ ကယ်တုန်းက ကယ်ပြီး နောက်တော့ ကျွန်တော့်ကို သေဋ္ဌာထဲထည့်ပြီး ဒုက္ခပေးကြပြန်ရော၊ ဘယ်လိုဖြစ်မှန်းကို မသိဘူး၊ ကျွန်တော့်ဟာကျွန်တော် မစဉ်းစားတတ်ပါဘူး" ဟု ပြောလိုက်ရာ ဦးဂွမ်တီက

"မင်းဟာမင်း ဘာမှမစဉ်းစားနဲ့၊ ငါလဲမစဉ်းစားဘူး၊ ဒါပေမဲ့ မင်းတွေ့ကြုံဖြစ်ပျက်ခဲ့တာတွေကိုတော့ သေဋ္ဌာဆိုတဲ့ကောင်



လာရင် ပြောပြလိုက်၊ သူ ဖြေရှင်းပေးလိမ့်မယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ရေချမ်းက "အဲဒီ သေဋ္ဌာဆိုတဲ့လူက စုံထောက်ဘက်ကလား" ဟု မေးလိုက်လေ၏။

"စုံထောက်ဘက်က မဟုတ်ဘူးကွ၊ ဒီကောင်က ပင်လယ်ဓားပြ လူဆိုးလူပေတစ်ယောက်ပဲ၊ ဒါပေမဲ့ ဒုက္ခရောက်တဲ့လူကိုတော့ အသေအလဲ ကူညီတတ်တယ်၊ သူတစ်ယောက်တည်းမဟုတ်သေးဘူး၊ သူတို့မှာ အတွဲရှိတယ်၊ မင်းဘက်က သူတို့တစ်တွဲလုံးက ရပ်တည်ကြမှာပဲ၊ မင်းကို လိုချင်တဲ့ ပင့်ကူဂိုဏ်းက တစ်ဖက်၊ သူတို့ကတစ်ဖက် စစ်ခင်းကြလိမ့်မယ်ကွ၊ ငါကတော့ သေဋ္ဌာဆိုတဲ့ကောင်က အကူအညီတောင်းလို့ ခဏလိုက်ပြီး ကူညီတာပါကွာ၊ ငါ့လမ်း ငါသွားရမှာပဲ" ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။

များမကြာမီ၌ပင် သေဋ္ဌာသည် သမ္ဗန်တစ်စီးနှင့် ရောက်လာလေ၏။ သေဋ္ဌာရောက်လာသောအချိန်၌မူ မိုးထိန်ထိန်လင်းနေပြီဖြစ်၏။ ထိုအခါ ဦးဂွမ်တီက သေဋ္ဌာနှင့် ရေချမ်းကို မိတ်ဆက်ပေးလိုက်လေ၏။

ထိုအခါ သေဋ္ဌာက ဦးဂွမ်တီအား . . . "ကျေးဇူးတင်တယ် ဦးဂွမ်တီ၊ ကျုပ်တို့လဲ ခရီးဆက်ကြရဦးမယ်၊ ဒီမှာနေလို့ မဖြစ်ပေဘူး၊ လမ်းခွဲကြစို့" ဟု ဆိုကာ ရေချမ်းအား သမ္ဗန်ပေါ်၌ ထိုင်စေပြီးလျှင် ၎င်းက သမ္ဗန်ကို ခတ်လေတော့၏။

ဦးဂွမ်တီကမူ . . .

"ကောင်းပြီလေ" ဟု ဆိုကာ နှုတ်ဆက်၍ ကျန်ရစ်ခဲ့လေတော့သတည်း။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## တွေ့ကြပြီ

လူသတ်မှုဖြင့် တစ်သက်တစ်ကျွန်းတွင် ကျခံနေရသော ကျွန်းကျတရားခံ ဆိတ်ဖွား ခေါ် ပရော်ဖက်ဆာ ဆိတ်ဖွား ဆိုသူသည် တိုင်းကျော်ဟု ခေါ်သည့် ကျွန်းသမားတစ်ယောက်နှင့် တိုင်ပင်ကာ လှေတစ်စီး ခိုး၍ထွင်းပြီးလျှင် ကျွန်းမှ ပင်လယ်ပြင်ကို ဖြတ်ကာ ထွက်ပြေးလေတော့၏။

ပင်လယ်ပြင်တွင် မုန်တိုင်းမိသောကြောင့် တိုင်းကျော်နှင့် ဆိတ်ဖွားသည် တကွဲတပြားစီဖြစ်ကုန်ကြလေ၏။ တိုင်းကျော်မှာမူ လှေနှင့်အတူ မျောပါသွားလေ၏။

ဆိတ်ဖွားမှာမူ လေမုန်တိုင်းဒဏ်ကြောင့် လွင့်စဉ်ကာ ရေထဲတွင် မျောနေ၏။

ထို့နောက်တွင်မှ ပျဉ်ချပ်တစ်ချပ် ရခဲ့ရာ မျောချင်ရာ မျောသွားလေတော့၏။

|မှတ်ချက်။ ထိုအကြောင်းအရာကို ဥက္ကာဝင်းမောင်ပေါက်မှ ထုတ်ဝေသော မိုးပေါ်မှာကြယ်တစ်လုံးတွင် ဖော်ပြခဲ့ပြီး ဖြစ်လေပြီ။

စာရေးသူ

ဆိတ်ဖွားသည် အထက်ကဆိုခဲ့သည့်အတိုင်း မျောချင်ရာ မျောခဲ့ရာ လေးရက်မြောက်သောနေ့တွင် ကျွန်းတစ်ကျွန်းသို့ ဆိုက်ကပ်လေ၏။ ထိုကျွန်းမှာ ကျွန်းသေး ကျွန်းငယ်ကလေးမျှသာ ဖြစ်၏။



လူသား ဆို၍လည်း သုံးယောက်သာ ရှိလေ၏။ ထိုသုံးယောက်မှာလည်း မြန်မာပြည်မှ ဝရမ်းပြေးများ ဖြစ်ကြကုန်၏။ ထိုဝရမ်းပြေးတို့သည် မျောက်သုံးကောင် ဟူ၍ ၎င်းတို့ကိုယ် ၎င်းတို့ အမည်ပေးထားကြလေ၏။

မျောက်သုံးကောင်သည် ပျဉ်တစ်ချပ်ဖြင့် မျောလာသော ဆိတ်ဖွားကို ဆယ်ယူထားကြလေ၏။ ထိုဝရမ်းပြေး မျောက်သုံးကောင်မှာလည်း ဝရမ်းပြေး ဖြစ်နေသည်မှာ နှစ်အတန်ကြာပြီ ဖြစ်၏။

၎င်းတို့သည် ဒုစရိုက်လောကတွင် လွန်စွာနာမည်ကြီးလှသော ဆိတ်ဖွားအား မမြင်ဖူးသော်လည်း ကြားဖူးကြလေ၏။

ထို့ကြောင့် ပျဉ်ချပ်တစ်ချပ်ဖြင့် မျောလာသူမှာ ဆိတ်ဖွားဖြစ်ကြောင်း သိရသောအခါ ဂုဏ်ပြုညစာစားပွဲဖြင့် ကြိုဆိုကြလေတော့၏။

ထို့နောက် ၎င်းတို့သုံးဦးသည် ဆိတ်ဖွားအား မြကျွန်းသာ၏ အကြီးအကဲအဖြစ် ခန့်အပ်ပြီးလျှင် ကျွန်းလူဦးရေစာရင်း၌လည်း ယောကျ်ား သုံးယောက် ဆိုသည့် နေရာ၌ ယောကျ်ား လေးယောက် ဟူ၍လည်း ရေးမှတ်ထားကြလေတော့၏။

"နေစမ်းပါဦး ကိုယ့်လူတွေရဲ့ မြို့နဲ့ တစ်ခါတည်း အဆက်ပြတ်နေကြတာ ကြာပြီလား" ဟု ဆိတ်ဖွားက မေးလိုက်လေ၏။

ထိုအခါ မျောက်သုံးကောင်အနက်မှ တစ်ဦးက . . .

"ဒီလိုဗျ ... ပင်လယ်ဓားပြ ရွက်လှေတစ်စင်းတော့ မကြာမကြာ ဒီကျွန်းမှာလာပြီး မိုးခိုပါတယ်ဗျာ" ဟု ပြောလိုက်ရာ ဆိတ်ဖွားက . . .

"အဲဒီ ပင်လယ်ဓားပြခေါင်းဆောင်က ပိန်ပိန်သွယ်သွယ် မဟုတ်လား၊ မျက်စိကြည့်တာက စွေစောင်းစောင်းနဲ့ သူခိုးကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်တယ်လေ” ဟုပြောရာ မျောက်သုံးကောင်စလုံးအ ဟုတ်မှန်ကြောင်း ဝန်ခံကြလေ၏။

“အဲဒါ သေတ္တာဆိုတဲ့ ကောင်ပေါ့၊ ဒီကောင်နဲ့ တွေ့ရင် အဆက်အသွယ် မပြတ်တော့ဘူး၊ မိုးသီးနဲ့လဲ အဆက်အသွယ် ပြန်ရပြီ” ဟု ဆိတ်ဖွားက ပြောလေ၏။

ဤသို့နှင့်ပင် တစ်နေ့သ၌ သေတ္တာ၏ ပင်လယ်ဓားပြ ရွက်လှေကြီးသည် ‘မြကျွန်းသာ’ သို့ ဆိုက်ကပ်လာလေတော့၏။

သေတ္တာသည် ဆိတ်ဖွားကိုမြင်လျှင် လွန်စွာအားရဝမ်းသာ ဖြစ်လေ၏။

“ဆရာကိုဆိတ်ဖွားရယ်၊ အခုလိုပြန်တွေ့ရတာသိပ်ဝမ်းသာ တယ်ဗျာ၊ အခုအချိန်မှာ အရေးကြီးတဲ့ကိစ္စကလဲ ပေါ်နေပြီ ကျုပ်တို့နဲ့ အရင်အလုပ်လုပ်ဖူးတဲ့ ဂန်ဂရားဆိုတဲ့ ကုလားကလေး ဆီက စာရတယ်ဗျ၊ သူ့စာအရဆိုရင် လူတစ်ယောက်ကို အသတ် စွန့်ပြီး ကယ်ရမယ့်ကိစ္စမျိုးဗျ၊ တော်ရုံကိစ္စဆိုရင်တော့ ဂန်ဂရား ဟာ ကျုပ်ဆီကို စာပို့ဖို့မရှိဘူး၊ ကိုဆိတ်ဖွား အဲဒီကိစ္စမှာ ဝင်ပါမယ် မဟုတ်လား” ဟု သေတ္တာက မေးလိုက်လေသည်။

“ဒုက္ခရောက်နေတဲ့လူတွေအတွက် စွန့်စားဖို့ဖိတ်ခေါ်တာ ကို ကျေးဇူးတင်ရမှာပေါ့ ကိုသေတ္တာရယ် ပါရမှာပေါ့၊ ကျုပ်တင် မဟုတ်ဘူး၊ ဟောဒီက ကျုပ်ရဲ့ မြကျွန်းသာပေါ်က မျောက်ကြီး သုံးကောင်လဲပါကြမှာပါဗျာ . . . ကိစ္စအသေးစိတ်ကိုလဲ ပြောပြ စမ်းပါဦး” ဟု ဆိတ်ဖွားက မေးလေ၏။ ထိုအခါ သေတ္တာက-

“အသေးစိတ်ကတော့ ဂန်ဂရားနဲ့တွေ့ရမှ သိရမှာပဲ၊ အဲဒီ တော့ ဂန်ဂရားရှိတဲ့နေရာကိုညွှန်ပြလိုက်မယ်၊ ပြီးတော့ ရွက်လှေ တစ်စင်းကိုလဲ ခင်ဗျားတို့ကိုဝင်ပြီးခေါ် ဖို့ စီစဉ်ပေးခဲ့မယ်၊ အဲဒီ ရွက်လှေဟာ ဂန်ဂရားနေတဲ့နေရာနဲ့ သိပ်မဝေးတဲ့ နေရာအထိ



ခင်ဗျားတို့ကို ပို့ပေးခဲ့လိမ့်မယ်၊ ခင်ဗျားတို့က သွားနှင့်ပါ၊ ကျုပ်က သိဟိုဠ်ဘက်ကိုသွားပြီး ကိုမိုးသီးကိုခေါ် ရဦးမယ်၊ ကိုဆိတ်ဖွားတို့ ရောက်နှင့်ရင် ဂန်ဂရားကို မေးစမ်းပြီး လုပ်စရာရှိတာ လုပ်ထား ပေါ့ဗျာ။

“လုပ်စရာရှိတာ ဆိုတာ လူသတ်စရာရှိရင်လဲ သတ်ထား နှင့်ပေါ့၊ ကျုပ်နဲ့ကိုမိုးသီးလဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို မြန်မာ ပြည် ပြန်ရောက်ကြမှာပဲ၊ အဲဒီကျတော့ ကျုပ်တို့အားလုံးစုံအောင် ကြိုးစားကြတာပေါ့ဗျာ၊ ပြီးတော့ လူသတ်စရာရှိတာ အတူသတ် ကြမယ် . . . ကယ်စရာရှိတဲ့လူ ကယ်မယ် . . . ပြေးစရာရှိတော့လဲ အတူတူပြေးကြတာပေါ့” ဟုဆိုကာ ဂန်ဂရားနှင့် ဆက်သွယ် ရမည့် နေရာဌာနများကိုပါ ပြောဆိုပြီးလျှင် သေတ္တာတို့လည်း များမကြာမီ၌ပင် မြကျွန်းသာမှ ခွာထွက်သွားခဲ့ပြီး ဖြစ်၏။

များမကြာမီ၌မှာပင် . . . အခြားသော ပင်လယ်ဓားပြလှေ တစ်စင်းသည် ဆိတ်ဖွားတို့ကျွန်းဆီသို့ ဆိုက်ရောက်လာပြီးလျှင် ဆိတ်ဖွားနှင့် မျောက်သုံးကောင်အား သယ်ဆောင်၍ ဂန်ဂရား ထံသို့သွားရန် အနီးဆုံးကျွန်းတစ်ကျွန်း၌ လှေကလေးတစ်စီးနှင့် အတူ ချထားခဲ့လေ၏။

လူဆိုးကြီးဆိတ်ဖွားခေါ် ပရော်ဖက်ဆာဆိတ်ဖွားနှင့် မျောက် သုံးကောင်ဟု အမည်တွင်သော ဝရမ်းပြေးသုံးဦးသည် ညအခါ၌ လှေကလေးကိုအသုံးပြု၍ ဂန်ဂရားတို့နေထိုင်ရာ ဂေါ်ရင်ဂျီရွာ ကလေးသို့ ဆိုက်ကပ်ကာ ဂန်ဂရားအား ရှာဖွေ တွေ့ဆုံလေ တော့၏။ ဂန်ဂရားလည်း ပရော်ဖက်ဆာဆိတ်ဖွားဖြစ်ကြောင်း သိရလျှင် . . .

“ဘယ်လိုလဲ ဆရာကိုဆိတ်ဖွားရယ် ... နောက်ကျလှချည် သား၊ ဆရာကိုမိုးသီးတို့၊ ဆရာကိုသေတ္တာတို့ကော ရောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ၊ ကိုသေတ္တာကတော့ ခရီးထွက်သွားတာ ဘယ်ရောက် နေမှန်းတောင် မသိဘူး၊ ကိုမိုးသီးကတော့ မြို့ပိုင်ကို သတ်ပြီးလို့ ပုန်းနေလေရဲ့၊ ကျွန်တော် ဆက်သွယ်ပေးပါမယ်” ဟုဆိုကာ ဆိတ်ဖွားအား မိုးသီးနှင့် ဆက်သွယ်ပေးလိုက်လေတော့၏။

မိုးသီးနှင့် ဆိတ်ဖွားသည် တစ်ဦးကိုတစ်ဦးတွေ့လျှင် အားရ ဝမ်းသာပြေး၍ဖက်ကြလေ၏။ ထိုသို့ဖက်ပြီးနောက် ဆိတ်ဖွားက

“နွားကျောင်းသား ဂေါပါလ မိုးသီး၊ လူဆိုး မိုးသီး၊ ရတနာ ကုန်သည်ကြီး မိုးသီး၊ ခု မြန်မာပြည်ကို တိတ်တဆိတ် ပြန်လာ ကာ လူသတ်မှုကျူးလွန်ဦးမယ်ပေါ့ ... ဟာဟ” ဟု ရယ်မော လိုက်လေ၏။

“တစ်ခါမှ မတွေ့ဖူးတဲ့ လူသားတစ်ယောက် ဒုက္ခရောက် နေတဲ့အတွက် တစ်ခါမှ မတွေ့ဖူးတဲ့ အခြားလူသားတစ်ယောက် ကို ကျုပ်သတ်ပစ်လိုက်ပြီးပြီ၊ ဇာတ်လမ်းက အတော်ရှုပ်တယ်ဗျ ခင်ဗျားအတွက် အများကြီး ကျန်သေးတယ်၊ သေတ္တာလဲ ဘယ်တွေရောက်ပြီး ဘယ်သူတွေကို သတ်နေလဲမသိဘူး၊ ဘာဆက်လုပ်ကြမယ် ဆိုတာတော့ ကျုပ်တို့ တိုင်ပင်ကြတာ ပေါ့ဗျာ” ဟု ပြောဆိုပြီးလျှင် ဂန်ဂရားနှင့်အတူ ရေချမ်း၏ အဖြစ် အပျက်များကို ဂန်ဂရားအား ပြောပြခိုင်းလေ၏။

ဂန်ဂရားလည်း ရေချမ်းနှင့်ပတ်သက်သည့်အကြောင်းအရာ များကို ရှင်းသိသမျှ ပြောပြလေ၏။ ဆိတ်ဖွားသည် ဂန်ဂရား ပြောပြထားသည်များကို နားထောင်၏။ မိုးသီးပြောပြသည်များ ကိုလည်း နားထောင်၏။

ထို့နောက် ၎င်းက “အခုတော့ ဘာမှလုပ်လို့ မဖြစ်သေးဘူး လေ၊ သေတ္တာနဲ့တွေ့မှဖြစ်မယ်. . . အဲဒီတော့ကျုပ်တို့အားလုံး သေတ္တာကို စောင့်ရမှာပဲ၊ သေတ္တာကို စောင့်တဲ့ နေရာမှာလဲ



ဒီပင်လယ်စပ်ကစောင့်လို့မဖြစ်ဘူး၊ ပုလိပ်ဘက်က ဒီဘက်ကို သံသယဖြစ်ချင်ဖြစ်မှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ မိုးသီးတလဲ ဒီနားကမြို့မှာပဲ လူသတ်မှုကျူးလွန်ထားတာမဟုတ်လား၊ အဲဒီ တော့ ဒီနေရာဟာ ပုလိပ်ဘက်က မျက်စိကျလောက်တဲ့ နေရာ မဟုတ်လား၊ နေရာရွှေ့မယ်၊ ကျုပ် အကြိုက်ကတော့ ပြည် လောက်ကနေသွားပြီးသေတ္တာကိုစောင့်မယ်၊ မကောင်းဘူးလား” ဟု ပြောလိုက်ရာ မိုးသီးက . . .

“ခင်ဗျားသဘောပဲလေ ... သွားတဲ့လာတဲ့နေရာမှာရယ်၊ နေနေတဲ့နေရာမှာရယ် ...ပုလိပ်ဘက်က သံသယကင်းအောင် သွားကြနေကြဖို့ပဲအရေးကြီးတယ်” ဟုပြောလိုက်ရာ ဆိတ်ဖွားက

“ဒီကိစ္စအားလုံး ကျုပ်တာဝန်ထားလိုက်၊ ပိပိရိရိဖြစ်နိုင်သမျှ ဖြစ်အောင် ကျုပ် စီစဉ်သွားမယ်၊ လောလောဆယ် ငွေများများ သုံးဖို့ လိုတယ်၊ အဲဒီငွေရဖို့တော့ မိုးသီးက ရှာပေတော့” ဟု ပြောလိုက်လေ၏။ ထိုအခါ မိုးသီးသည် ငွေရရာရကြောင်းတစ်ခု ကို ဂန်ဂရားနှင့်တိုင်ပင်၍ စုံစမ်းလေ၏။

“ဆရာကိုမိုးသီးရယ် ... တစ်ချီတည်းနဲ့ ပိုက်ဆံများများရဖို့ ဆိုတာကတော့ နည်းလမ်းတော့ ရှိပါရဲ့ဗျာ ... အဲဒါတော့ အတွင်းစကားပြောရဦးမယ်၊ သိန်းပေါင်းများစွာတန်တဲ့ ပတ္တမြား ကြီးတစ်လုံး အရောင်းအဝယ်လုပ်မယ့်သတင်းတစ်ခု ကြားထား တယ်ဗျ၊ အဲဒီ အရောင်းအဝယ်ကိစ္စမှာ မပါဘဲနဲ့ အဲဒီပတ္တမြား ကြီးကို အသေရရ အရှင်ရရ လိုချင်နေတဲ့ တရုတ်တစ်ယောက် လဲ ရှိတယ်၊ သူကလဲ သိန်းပေါင်းများစွာ ပေးနိုင်ပါတယ်။ ဒါပေမဲ့ ရောင်းတဲ့လူတွေက သူ့ဆီရောင်းကြမှာမဟုတ်ဘူး၊ ပွဲရုံသူဌေး တစ်ယောက်လက်ကို အပ်လိုက်မှာ၊ အဲဒီပွဲရုံသူဌေးကလဲ သူက ဝယ်နိုင်တာ မဟုတ်ဘူး၊ ပွဲစားဆိုပါတော့ဗျာ၊ ဟောင်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ခိုးထုတ်မှာ၊ ခိုးထုတ်မယ့် သတင်းကတော့ စက်ဆွေ တစ်စင်း နဲ့ ထုတ်မှာဆိုတော့ လှေပိုင်းကကြားတဲ့သတင်းပေါ့ ဒါပေမဲ့ အတော့်ကို ခိုင်လုံပါတယ်၊ ပတ္တမြားကို ပွဲစားဆီလာအပ် မယ့်လူက နှစ်ယောက်ဗျ" ဟု ဂန်ဂရားက ပြောလိုက်လေ၏။

"ဂန်ဂရားရယ် မင်းပြောတဲ့သတင်း သေချာတာ မသေချာ တာ ထားပါဦး၊ သိန်းပေါင်းများစွာဆိုတာ မင်း ဘယ်လောက် ကို ပြောတာလဲ" ဟု မိုးသီးက မေးလိုက်လေ၏။

"ငါးသိန်းလောက်တောင် ရှိလိမ့်မယ်ထင်တယ်" ဟု ဂန်ဂရား က ပြောလေ၏။

"ငါးသိန်းက သိန်းပေါင်းများစွာလား ဂန်ဂရားရယ်၊ ဒါပေမဲ့ ခုနေခါမှာတော့ ငါးသိန်းလဲမနည်းပါဘူးကွာ၊ ငါလိုချင်တဲ့ပစ္စည်း လေး တစ်ခု နှစ်ခု မင်း ရှာပေးနိုင်ရင်တော့ အဲဒီပတ္တမြားကို ငါ့လက်ထဲရောက်အောင် ငါလုပ်နိုင်ပါတယ်၊ ဝယ်မယ့်လူက အဆင်သင့်ရှိတယ်နော် ဟုတ်ရဲ့လား" ဟု မိုးသီးက မေးလိုက် လေ၏။

"ဒီလိုလုပ်ဗျာ ဝယ်မယ့်တရုတ်နဲ့ခင်ဗျားကို အရင်တွေ့ပေး မယ်ဗျာ၊ ကျေနပ်ပြီလား" ဟု ဂန်ဂရားက ပြောလိုက်လေ၏။

"ကောင်းသားပဲကွ၊ ငါလိုတဲ့ပစ္စည်းတွေလဲ မင်းကို ရှာခိုင်း ရမှာပဲ" ဟု ဆိုကာ မိုးသီးသည် ၎င်းအလိုရှိသောပစ္စည်းများကို ဂန်ဂရားအားရှာခိုင်းပြီးလျှင် ငါးသိန်းခန့်တန်သောပတ္တမြားကြီး ကို ရယူနိုင်ရန်အတွက် ဂန်ဂရားနှင့်အတူ ခရီးထွက်သွားလေ၏။ ဆိတ်ဖွားတို့လူစုမှာမူ ...လုံခြုံသောနေရာတွင် ပုန်းအောင်း၍ နေရစ်ခဲ့ကြလေတော့၏။

* * * * *

## ၎က်မှုဆိုးတစ်ယောက် ရောက်လာခြင်း

တစ်နေ့သ၌ လွန်စွာစည်ကားသော နယ်မြို့ကလေးတစ်မြို့ တွင် နေထိုင်သော ကုန်သည်ကြီးတစ်ဦး၏အိမ်သို့ ပွဲစားနှစ်ဦး ရောက်ရှိနေလေ၏။ ကုန်သည်ကြီးသည် ထိုပွဲစားတို့အား ကောင်းစွာ ကျွေးမွေးဧည့်ခံနေလေ၏။

ပွဲစားနှစ်ဦးလည်း ထိုကုန်သည်ကြီး၏ ခမ်းနားစွာတည်ခင်း ကျွေးမွေးသော အစားအသောက်များကိုစားရင်း . . . အရောင်း အဝယ် ကိစ္စများကို ဖောင်လောက်အောင်ပြော၍နေကြလေ၏။

ထိုအချိန်မှာပင် ကုန်သည်ကြီး၏ဇနီး မိန်းမချောကလေး သည် ပွဲစားနှစ်ဦးအား ယမကာများဖြင့် ဧည့်ခံပြန်လေ၏။

ထိုကုန်သည်ကြီးမှာ အသက်ငါးဆယ်ကျော်ပြီ ဖြစ်သော် လည်း အိမ်ထောင်ကျသည်မှာ လပိုင်းခန့်ပင်ရှိသေးရာ ထိုကုန် သည်ကြီးနှင့် အတော်အတန် ရင်းနှီးကြကုန်သော ပွဲစားနှစ်ဦး သည် ကုန်သည်ကြီး၏ဇနီးကို မြင်တွေ့ဖူးခြင်း မရှိကြပေ။

ကုန်သည်ကြီးသည် ဖျော်ရည်ခွက်ကို လှမ်း၍ယူရင်း . . .

"ကိုမြရွှေနဲ့ ကိုလှရွှေတို့က ကျုပ်မင်္ဂလာဆောင်တုန်းက ခရီးလွန်နေကြတာကိုး၊ ဒါပေမဲ့ဗျာ ... ခင်ဗျားတို့ ပို့လိုက်တဲ့ လက်ဖွဲ့တွေတော့ ရပါရဲ့၊ ကဲ ကဲ ... မိတ်ဆက်ပေးရဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟောဒါ ကျွန်တော့်ဇနီးပဲ၊ နာမည်က သိန်းသိန်းတဲ့၊ အသက်ထ အစိတ်ရှိပြီ၊ ကျုပ်နဲ့ မတိမ်းမယိမ်းပေါ့ဗျာ၊ ဟဲဟဲ ... သေချာ တွက်လိုက်ရင် သူကတောင် လကြီးမလား မဆိုနိုင်ဘူး” ဟု ရယ်စရာညှပ်၍ ပြောလိုက်လေ၏။ ထိုအခါ ပွဲစားတို့လည်း မရယ်ချင်ပါဘဲလျက် တစ်အားကုန် ရယ်ကြလေ၏။

ကုန်သည်ကြီး၏ ဇနီးမှာလည်း အမှန်တကယ်ပင် မရှက် ချင်ပါဘဲလျက် ရှက်ချင်ယောင်ဆောင်၏။

ထိုအချိန်၌မှာပင် ၎င်းတို့၏ အိမ်သို့ ကြွနေကျ မျက်စိ စောင်းစောင်းနှင့် ရသေ့ကြီးသည် ကြွလာလေ၏။

ကုန်သည်ကြီးကတော်က ခေါင်းရင်းပိုင်းတွင် ထိုရသေ့အား နေရာထိုင်ခင်းပေး၏။ ရသေ့သည် နေရာရသည်နှင့် တစ်ပြိုင် နက်တည်း . . .

“ကုန်သည်ကြီး ဦးဖေလူတို့အိမ်ကဖြင့် တယ်လဲလှ၊ တယ်လဲ သန့်ရှင်းသကိုး၊ အမှိုက်ဆိုလို့ တစ်မျှင်မှမရှိဘူး၊ အဲဒါ ဘုန်းတန်ခိုး ကြီးမားတာကို ပြတာ၊ အနာထပိဏ်သူဌေးရဲ့အိမ်ဆိုရင် ဒီလိုပဲ အမှိုက်ဆိုလို့ တစ်မျှင်မှ မရှိဘူး၊ အမှိုက်ကလေး တစ်မျှင်ကျတာနဲ့ အနီးအနားမှာရှိနေတဲ့ နတ်တွေက ကောက်ပစ်ရတယ်၊ သူ့ရဲ့ ဇနီးမကလဲ မြောက်ကျွန်းသူ အတုလကာရီတဲ့၊ အလွန်ချောတာ ပေါ့၊ အခု သူဌေးကြီး ဦးဖေလူရဲ့ ဇနီးလိုပေါ့၊ လင်ကိုလဲ မြတ်နိုး တယ်၊ ရုပ်ရည်ချောတာကလဲ ပြောဖို့မရှိဘူး . . . ဦးဖေလူနဲ့ သူဌေးကတော်ကလေးဟာ ခေတ်သစ် အနာထပိဏ် သူဌေးနဲ့ ခေတ်သစ် မြောက်ကျွန်းသူ အတုလကာရီတို့ပါပဲ၊ သာဓု သာဓု သာဓု။

“ကဲ စကားစ ရတာနဲ့ ပြောလိုက်ဦးမယ်၊ ရသေ့ကြီး အခုလာ တဲ့ ကိစ္စက တခြားမဟုတ်ပါဘူးကွယ်၊ ကျောင်းဆောက်ဖို့ပါပဲ၊



ကျောင်းကလဲ တစ်ယောက်တည်းလှူမယ့်ဒကာ သုံးဦးရှိတယ် ကွယ့်၊ ထီးပြန် ဖိနပ်ပြန် စက်ရှင်တရားသူကြီး ဦးခင်မျိုး တဲ့၊ နောက် ဒကာတစ်ဦးကတော့ သံဖြူတန်းက သံဖြူဆရာ ကိုဘဖြူ တဲ့၊ ပြီးတော့ ဘီအိုစီကိုယ်စားလှယ်ကြီး လင်မယား၊ အဲဒီလို သုံးဦးသော ဒကာ၊ သုံးဦးသော ဒါယိကာမတွေက တားမရ ဆီးမနိုင် သူဆောက်မယ်၊ ငါဆောက်မယ်နဲ့ လုပ်နေကြပြီ ... ဦးဖေလူရဲ့။

“ဒါပေမဲ့ ကျုပ်ကလဲ ဆရာရင်း ဒကာရင်း မျက်နှာမပျက် ရအောင် ဦးဖေလူတို့ ဇနီးမောင်နှံရဲ့ သဒ္ဒါသပဏ္ဍနာအဖြာဖြာ ကို ကြိယာဖွဲ့ဆို မချဲ့လိုပါဘူး၊ ‘ကီ, ကုတ်’ နှစ်ပါး အကျိုးများ အောင် ဆောင်ရွက်တတ်တဲ့သူဌေးကြီးဦးဖေလူ၊ သူဌေးကတော် မသိန်းသိန်းတို့ကို ရသေ့ဆရာက မနောမင်္ဂလာ ရေသီတာဖျန်း လို့ ကျောင်းသင်္ခမ်းအတွက် ရွှေဆုံးတန်းက လှူနိုင်ဖို့အရေး တံ့ကင်ပေးဖို့ ကြွခဲ့တာပါပဲ၊ ဒကာတို့ လင်မယားကို ထင်ရှား အောင် ပြောပြီး ရသေ့ကြီးပြန်မယ်၊ ယခင်က မြှုရင်းစွဲ ဘယ် ဒကာ၊ ဘယ်မသာကိုမှ မပြောတော့ဘူး။

“အဲဒါတွေကလဲ ပြောလို့သာ ပြောရရင် မွတ်ကျော်ပြာစု၊ ခရုဆံကျွတ်၊ ခါးဝတ်လွှာချင်း၊ ထမင်းရက်ချန်၊ ရေရက်မှန်နှင့်၊ ကပ်ကျန်မွဲတေ၊ ဖွတ်ဘိုးအေတွေပါပဲ၊ ရသေ့ကြီးက လှူစေလို သောကြောင့် ဝတ္ထုနိပါတ် ပိဋကတ်နှင့် လျှာပြတ်အောင် ဟော သော်လဲ ဟောရင်းသာ ကျုပ် ပုံ့လွန်တော်မူရမယ်၊ အလှူရေစက် မပါကြရှာပါဘူး၊ မလှူလို့မရှိ၊ မရှိလို့မလှူ၊ သံသရာရေ ပင့်သယ် ဖွေကို ဆင်းဆင်းရဲရဲကြီး စုန်ဆန်ကူးခတ်နေတဲ့ ဒကာတွေက များပါတယ်။ “အဲဒီတော့ ရသေ့ကြီးလဲ ဘယ်သူက ဘယ်သို့ သော၊ ညာသူက ညာသို့သော၊ သော တယ်ရော့ခြောက်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



သောက်သောက် လည်အောင် မပြောတော့ဘူး၊ ဟောဒီနှစ်ယောက်ကလဲ သူဌေးမိတ်ဆွေတွေဆိုတော့ သူဌေးတွေပဲ မှတ်ကြပါတယ်၊ ဘယ်လောက်များ လှူကြမတုံး" ဟု ပွဲစားနှစ်ဦးဘက်ကို လှည့်၍ သူ၏စကားကို အဆုံးသတ်လိုက်လေ၏။

ထိုအခါ ပွဲစားနှစ်ဦးလည်း ထိတ်ထိတ်ပျာပျာဖြင့် . . .

"တပည့်တော်တို့လဲ လှူပါ့မယ်၊ ဒါပေမဲ့ တပည့်တော်တို့က ခရီးသည်တွေဖြစ်နေတော့ လောလောဆယ်တော့ မစွမ်းနိုင်ပါဘူးဘုရား"ဟု တစ်ယောက်တစ်လှည့်စီတောင်းပန်ကြလေ၏။

ထိုအခါ ရသေ့လည်း . . .

"လောကဝတ် ဓမ္မဝတ် အားလျော်စွာ အလှူခံရခြင်းဖြစ်တယ်၊ အခုလှူရမယ်လို့ ရသေ့ကြီးက ပြောတာမဟုတ်ဘူး မင်းမှာ သစ္စာ၊ လူမှာကတိ . . . တဲ့၊ ကတိကလေးတစ်လုံးကို ရွှေပန်းကုံးလို သုံးကြရအောင်၊ ကဲ ... ဘယ်လောက်လှူမှာတုံး ပေးကြစမ်း ကတိ၊ မေတ္တာဓမ္မ သိနေဟဖြင့် စကားတန်ဆာ ကြိယာကို ပတ်သာမရိုး တီးမှုတ်ပျိုးသို့ ညီးညီးငြိမ့်ငြိမ့် ထောင်နေသူ ရသေ့ကြီးရဲ့နားမှာ ကြားတိုင်းစိမ့်အောင် မိန့်လိုက်စမ်းပါဦး ဒကာနှစ်ဦးတို့" ဟု ပြောလိုက်ရာ ပွဲစားနှစ်ဦးလည်း ထိတ်ထိတ်ပျာပျာဖြစ်ကာ "လှူပါ့မယ် ရသေ့ကြီး၊ လှူပါ့မယ် ကတိတော့ မပေးပါရစေနဲ့၊ လှူမှာကတော့ အမှန်ပါပဲဘုရား" ဟု ဖြေကြလေ၏။

ထိုအချိန်မှာပင် ဝတ်ကောင်းစားလှများဝတ်ကာ လက်ထဲတွင် သားရေအိတ်ငယ်တစ်လုံးကို ဆွဲထားသော လူတစ်ယောက်သည် တက်လာ၏။ ထိုအခါ ကုန်သည်ကြီး ဦးဖေလူလည်း ထိုသူကိုကြည့်၍ ကြောင်တိကြောင်တောင် ဖြစ်နေလေ၏။ ဦးဖေလူ၏ ဇနီး သူဌေးကတော်လေးကမူ ထိုသူအား . . .



"ထိုင်ပါရှင် ထိုင်ပါ" ဟု နေရာထိုင်ခင်းပေးလေ၏။ ထိုသို့ နေရာထိုင်ခင်း ပေးပြီးနောက် ဦးဖေလူဘက်သို့ လှည့်ကာ. . .

"အစ်ကိုကြီးရယ် မြ မှာထားတာပါ၊ စိန်ကုန်သည်ဦးတင်ညွန့်တဲ့၊ ဘာဘူဇွတွေနဲ့အပြိုင် . . . စိန်လုပ်ငန်း လုပ်နေတဲ့သူပေါ့၊ စိန်ကုန်သည်ဆိုပေမယ့် ပတ္တမြား၊ နီလာ၊ သန္တာ၊ ပုလဲ၊ မျက်ရွှဲ၊ ဂေါ်မုတ် အကုန်လုံးကိုင်ပါတယ်၊ စိန်ကုန်သည် ကျောက်ပွဲစားလောကမှာ ဦးတင်ညွန့်ဆိုရင် လူတိုင်းသိပါတယ်၊ တစ်နေ့ညက အစ်ကိုကြီးက မြအတွက် . . . စိန်တစ်ဆင်စာလောက် ထပ်ပြီး ဝယ်ပေးချင်တယ် ဆိုလို့ မြ မှာလိုက်တာပါ" ဟု ပြောလိုက်ရာ သူဌေးကြီး ဦးဖေလူမှာလည်း အနည်းငယ် မျက်နှာပျက်၍ သွားလေ၏။

သို့သော်လည်း ချက်ချင်းပင် ဣန္ဒြေဆောင်လိုက်ပြီးလျှင်

"ဪ ဟုတ်ပါရဲ့ ဟုတ်ပါရဲ့ ကျုပ်ကလဲ အလုပ်အားတယ်လို့ မရှိဘူး၊ စိန်ကလေး ကျောက်ကလေး မြအတွက် ဝယ်ပေးဖို့ ကြည့်ချိန်လေးတောင် . . . မအားလို့ မကြည့်ရဘူး၊ အခုလို စိန်ကုန်သည်ကြီးက ကိုယ်တိုင်ကြွရောက်လာလေတော့ အတော်ပါပဲလေ" ဟု ဆိုလေ၏။ ထိုအခါ စိန်ကုန်သည်လည်း ၎င်း၏ သားရေအိတ်ကို ဟန်ပါပါ ဖွင့်လိုက်လေ၏။

ထိုသို့ဖွင့်နေစဉ် ခေါင်းရင်းမှ ရသေ့ကြီးက . . .

"ဪ ... စိန်ကုန်သည် ဒကာကြီး ဦးတင်ညွန့်တဲ့လား၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ရသေ့ကြီးတို့ကတော့ တောမဟာမြိုင် သာဂနိုင်ဝယ်၊ ညာခိုင်ပေါင်းဖို့ မြို့နဲ့ ရသေ့ကြီးတို့ကလဲ သနားစဖွယ် ချောင်းနှုယ်ခြား ဆိုသလို အတော်ခေါင်တဲ့နေရာမှာ နေရရှာတယ်ကွယ့်၊ ဆောင်းတွင်းများဆိုရင် ဟေမာခါတွင်း ဖြေမလင်းအောင် ငွေနှင်းတွေက မှုန်လို့ပေါ့ကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကနေပြီး အခုအခါမှာတော့ ရသေ့ကြီးမှာ ကံဇာတာ မာတ်စုတ်တိုင် ဖြိုင်ဖြိုင်ကြီး ကောင်းကြပြီမို့ ရသေ့ကြီးနေတဲ့ ဘုံမွှိအောင်ခံ မြေကြငှန်းဘုံကို ရွှေနန်း ဝေဇယန်လို အထွတ်ပြာသာဒ် ဘုံဆင့် ဒေါင်းယဉ် ခိုနန်းတွေနဲ့ ရွှေကျောင်းကြီး ဆောက်ကြဖို့ သံဖြူတန်းက ဒကာကြီး မောင်ဖြူ၊ ထီးပြန်ဖိနပ်ပြန် စက်ရှင်တရားသူကြီး ဦးခင်မျိုး၊ ဘီအိုစီ ကိုယ်စားလှယ်ကြီး ဟောဒီက ခေတ်သစ် အနာထပိဏ် ဇနီးမောင်နှံ ဦးဖေလူ။

"ပြီးတော့ ဟောဒီ သူဌေး ရွှေညှော်သည် နှစ်ယောက်တို့က ရသေ့ကြီးရဲ့ကျောင်းကို သူ ဆောက်မယ် ငါ ဆောက်မယ် တကဲကဲလုပ်နေကြလေရဲ့ ရသေ့ကြီးကလဲ အဓိဋ္ဌာန်ထားတယ်၊ တစ်ယောက်တည်းကိုတော့ ဘယ်သူ့ကိုမှဆောက်ခွင့်မပေးဘူး၊ အဲဒီတော့ အခုနေကြုံကြိုက်တုန်း ရောက်လာတဲ့လူကို အလှူငွေ ထည့်ခွင့် ချီးမြှင့်မယ်လို့ အဓိဋ္ဌာန် ဝင်စားနေတုန်း စိန်ကြောင် နီလာ ပုလဲ ဥဿဖရား မြ ပတ္တမြား သန္တာ ဂေါမုတ် ရွှေငွေ မကျန် . . . ရတနာမျိုးများစွာနဲ့ ချမ်းသာစွာ-အသက်မွေးတဲ့ စိန်ကုန်သည်ကျောက်သူဌေး ဒကာမောင်တင်ညွန့်ကလေးကလဲ ရောက်လာတာကိုး၊ ကဲ အလှူငွေ ဘယ်လောက် သဒ္ဓါပေါက် သတုံးကွယ်" ဟု မေးလိုက်ရာ ဟန်တလုံးပန်တလုံးနှင့် အိတ်ကို ဖွင့်နေသော ကျောက်ပွဲစားလည်း အူကြောင်ကြောင်ဖြစ်၍ သွားကာ . . .

"အင်း ... လှူပါ့မယ်၊ လှူပါ့မယ် ... နောက်တော့ ... နောက်တော့" ဟု ယောင်ယမ်း၍ ထွက်သွားလေ၏။

ထိုအချိန်တွင် ငှက်လှောင်ချိုင့်ကလေးကို လက်၌ဆွဲ၍ ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားသော လူတစ်ယောက်သည် ၎င်းတို့အနီးသို့ ရောက်ရှိလာလေ၏။



ထိုသူ၏ ငှက်လှောင်ချိုင့်၌လည်း သတ္တဝါတစ်ကောင် ပါလာလေ၏။

သူဌေးကြီး ဦးဖေလူသည် ထိုသူအား ကြည့်ကာ . . .

"ဟေ့ ဘာကိစ္စတုံး" ဟု လေသံမာမာဖြင့် မေးလိုက်ပြီးလျှင် အတွင်းဘက်သို့ လှည့်ကာ . . .

"ခြံတံခါးကို ပိတ်မထားကြဘူးလား" ဟု ဆိုလိုက်လေ၏။

သို့ရာတွင် ငှက်လှောင်ချိုင့်နှင့်လူမှာ ကျောက်ပွဲစား၏ အနီးရှိ ဆိုဖာလွတ်တစ်လုံးပေါ်တွင် ဝင်၍ထိုင်လိုက်ပြီးလျှင် သူ၏ ငှက်လှောင်ချိုင့်ကို စားပွဲပေါ်သို့ ဂွပ်ခနဲတင်လိုက်လေ၏။

ထို့နောက် ထိုသူသည် စားပွဲပေါ်မှ ဗီးကရက်ဘူးကိုဆွဲယူ၍ ဗီးကရက်ကိုနှိုက်ယူကာ မီးညှိ၍ ရှိုက်ဖွာနေပြီဖြစ်၏။

ရသေ့ကြီးလည်း ထိုသူ့ကိုမြင်လျှင် မနှစ်မြို့သော အမူအရာဖြင့် . . .

"ခက်တယ်ကွာ ...စိန်ကောင်းကျောက်ကောင်း ရောင်းတဲ့အခါ ကတ္တဝါသည်က ကန့်လန့်ဖြစ်နေပါပကောလား" ဟု ညည်းညူလိုက်ရာ ငှက်လှောင်ချိုင့် အတွင်းမှ ကတ္တဝါက ရသေ့ကြီးအား . . .

"ဂွတ်ဗ်မောနင်း ... ထမင်းစားပြီးပြီလား" ဟု မေးလိုက်ရာ ကြားရသူအပေါင်းသည် အံ့အားသင့်၍ သွားလေ၏။

ထို့နောက် ရယ်မောကြလေ၏။

"ဒီကတ္တဝါကလဲ ဒီအချိန်ကြီး ရသေ့ ထမင်းစားမလားကွ၊ အဟိတ်တိရစ္ဆာန်ဆိုတော့ မသိရှာဘဲကိုး" ဟု ရသေ့ကြီးက ပြောလိုက်ရာ လှောင်ချိုင့်အတွင်းမှ ကတ္တဝါက . . .

"ဘာဟင်းနဲ့လဲ" ဟု မေးပြန်လေ၏။ ထိုအခါ ဦးဖေလူကော ပွဲစားများကပါ ဝါးခနဲ ရယ်မောကြလေ၏။

www.burmeseclassic.com



ရသေ့ကြီးလည်း အနေရ အထိုင်ရ ခက်၍နေလေတော့၏။

ထို့ကြောင့် ရသေ့ကြီးက ကတ္တဝါပိုင်ရှင်အား . . .

"ဟော့ ... ဒကာ၊ မင်းက ဘယ်က လာတာလဲ၊ ဘာကိစ္စလဲ" ဟု အသံခပ်မာမာဖြင့် မေးလိုက်လေတော့၏။

ထိုအခါ စုတ်နုတ်သောအဝတ်အစားများကို ဝတ်ထားသော ကတ္တဝါပိုင်ရှင်သည် စီးကရက်မီးခိုးများကိုမှုတ်ထုတ်၍ စီးကရက်ပြာကို ခြွေရင်း . . .

"တပည့်တော်က ငှက်ကုန်သည်ပါ" ဟု ပြောလိုက်ရာ ရသေ့ကြီးက . . .

"ထွီ ... ငှက်ကုန်သည်ရယ်လို့ ငါဖြင့် မကြားဖူးပါဘူးကွာ၊ ငှက်မုဆိုးဖြစ်ပါလိမ့်မယ်၊ ငှက်မုဆိုးလို့ပြောပါကွ၊ မင်းဟာတလဲ လူနေတော့ ချုံကြား၊ စကားက ဘုံဖျား ဖြစ်နေပါလား၊ စကားဆိုတာ သူ့နေရာနဲ့သူ ထိုက်ဘန်အောင် ပြောရတယ်၊ အပြောမတတ်တော့ ဆဲသလို" ဟု ခပ်နှိမ်နှိမ်ပြောလိုက်လေ၏။ ထိုအခါ ငှက်ကုန်သည်သည်လည်း ပြုံးရွှင်သောမျက်နှာထားဖြင့် . . .

"ရသေ့ကြီးခင်ဗျာ ... ကျွန်တော့်ကို အခုလို မပြောပါနဲ့၊ ကျွန်တော်ကတော့ ဘာမှပြန်ပြီးမပြောပါဘူး၊ ဒါပေမဲ့ ကတ္တဝါကြီးက စိတ်ဆိုးလိမ့်မယ်၊ ဟော ပြောရင်း ဆိုရင်း ကတ္တဝါကြီး စိတ်ဆိုးလာပြီ၊ အမွေးတွေတောင် ထောင်လာပြီ" ဟု ပြောလိုက်ချိန်၌ပင် ကတ္တဝါကြီးက . . .

"ဘလယ်ဒီဖူး ...ဘာအသုံးကျတဲ့ကောင်လဲ" ဟု အော်လေတော့၏။ ထိုအခါငှက်ကုန်သည်လည်း ရိုသေသောအမူအရာဖြင့် ရသေ့ကြီးအား . . .

"ခွင့်လွှတ်ပါခင်ဗျာ ... ရသေ့ကြီးကို အားနာသည်လည်းတစ်ထောက် ... ကြောက်သည်လည်းတစ်ချက် ... အများတို့



ရှက်သည်လည်း တစ်ကြောင်း၊ သို့ဖြစ်ငြားသော်လည်း နှလုံးသားစင်ကြယ်လျှင် အပါယ်သို့မလားဟုကိုယ့်ကိုယ်ကိုဆုံးမ၍ ကုဋ္ဌာနွကင်းစေပြီးလျှင် လျှောက်ထားအပ်ပါသည်။ သစ်ရောင်းတဲ့လူကို သစ်ကုန်သည်၊ ရွှေရောင်းတဲ့လူကို ရွှေကုန်သည်၊ စိန်ရောင်းတဲ့လူကို စိန်ကုန်သည်လို့ခေါ်ပါလျှင် ငှက်ရောင်းတဲ့ တပည့်တော်ကိုတော့ ငှက်ကုန်သည်လို့ အခေါ်မခံတာ ဘာကြောင့်လဲ ... တပည့်တော် တစ်ယောက်တည်းကိုမှ ကံတွက်ကြား မိုးရွာပြီး စီးလား ပိုးလား မုဆိုးလား ဟု ရသေ့ကြီးက ပြောရတာလဲ၊ တပည့်တော်လဲ ငှက်ကိုရောင်းလို့ ငှက်ကုန်သည်လို့ ခေါ်သင့်ပါတယ် ရသေ့ကြီး" ဟု ပြောလိုက်ရာ ရသေ့ကြီးလည်း ခေါင်းကိုလက်ဖြင့်ပွတ်၏။ မျက်စိကိုပုတ်ခတ်ပုတ်ခတ်လုပ်၏။ ထို့နောက်

"ကဲကဲ မင်းရဲ့ကတ္တဝါကိုရောင်းမှာလား၊ ရောင်းမှာဆိုရင်လဲ သူဌေးကြီး ဦးဖေလူတို့က ဝယ်လိုက်ကြဗျာ" ဟု ရသေ့ကြီးက ပြောလိုက်ရာ . . .

"မှန်ပါ၊ ရောင်းပါ့မယ်၊ ခြင်းမပါဘဲ ကတ္တဝါချည်းပဲ နှစ်ကျပ်ပေးရပါမယ်" ဟုပြောလိုက်ရာ ရသေ့ကြီးသည် ၎င်း၏ခါးကြားမှ သားရေပိုက်ဆံအိတ်ကို ကပျာကယာထုတ်၍ . . .

"ကဲ ကျပ်ကပဲစိုက်ပြီးဝယ်ပေးလိုက်ပါ့မယ်၊ သူဌေးကတော် အပျင်းပြေစေဖို့ယူလိုက်ဗျာ" ဟုဆိုကာ ငွေနှစ်ကျပ်ကိုထုတ်၍ ငှက်ကုန်သည်အား ပေးလိုက်လေ၏။

ငှက်ကုန်သည်လည်း လှောင်ချိုင့်ကိုဖွင့်ကာ ကတ္တဝါအား ထုတ်၍ စားပွဲပေါ်သို့ တင်ပေးလိုက်လေ၏။

ထို့နောက် ငှက်ကုန်သည်လည်း ငှက်လှောင်ချိုင့်ကိုကိုင်၍ ထွက်သွားလေ၏။ ကတ္တဝါကမူ သူဌေးကတော်ဘက်သို့လှည့်ကာ "မမက သိပ်လှတာပဲ" ဟုပြောလိုက်ရာ ကြားရသူအပေါင်းသည်

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ သဘောကျ၍သွားလေတော့၏။ ထိုအခါ လှေကားထသို့ ရောက်နေပြီဖြစ်သော ငှက်ကုန်သည်က . . .

"ဩော် ... ပြောဖို့မေ့နေတယ်၊ ဒီကတ္တဝါက သူ့ကို စားစရာ ကျွေးပြီး ပေဒင်မေးရင် ရတယ်၊ သိပ်ပြီးမှန်တာပဲ" ဟု ပြော၍ လှေကားပေါ်မှ ဆင်းသွားလေတော့၏။

ထိုအခါ သူဌေးကတော် မြမြလည်း အိမ်တွင်းသို့ ဝင်သွားပြီးလျှင် ပေါက်ပေါက်ဆုပ်များ၊ ပြောင်းဖူးစေ့များ၊ ဆန်များ ယူလာကာ ကတ္တဝါအား ချ၍ကျွေးလေ၏။

ထိုသို့ကျွေးနေစဉ် ပွဲစားကြီး ဦးလှရွှေက . . .

"ကဲ ကတ္တဝါကြီး၊ ကျုပ်ကိုဟောစမ်းပါဦး"ဟု ပြောလိုက်ရာ ကတ္တဝါကြီးက . . .

"ဘာနေ့လဲ ... ဘာနေ့လဲ" ဟု မေးလေ၏။

ထိုအခါဝိုင်း၍ရယ်ကြလေ၏။ ထိုသို့ရယ်ပြီးလျှင်ဦးလှရွှေက

"ဗုဒ္ဓဟူးသားပါ" ဟု ကျယ်လောင်စွာအော်လိုက်ရာ ကတ္တဝါကြီးက . . .

"သူဌေး ... ဗုဒ္ဓဟူးသား သူဌေး" ဟု အော်လေ၏။

ဦးလှရွှေလည်း လွန်စွာသဘောကျ၍သွားလေ၏။ ထိုအခါ ရသေ့ကြီးကလည်း . . .

"ငါ့ကိုလဲဟောစမ်းပါဦး၊ သောကြာသားပါ" ဟုပြောလိုက်ရာ ကတ္တဝါကြီးက . . .

"လူလိမ် လူလိမ်" ဟုအော်ပြန်လေ၏။ ထိုအခါရသေ့ကြီးက

"တယ်ရိုင်းတဲ့ သတ္တဝါပဲ၊ ကတ္တဝါစုတ်" ဟု ကြိမ်းမောင်းလိုက်လေ၏။ ထိုအခါ သူဌေးကတော် မြမြက . . .

"ရသေ့ကြီးရယ် ... တိရစ္ဆာန်ပဲ၊ ပြောချင်ရာ ပြောမှာပေါ့ စိတ်မဆိုးပါနဲ့" ဟု ပြော၍ . . .



"မမကိုဟောပါဦး ...ကြာသပတေးသမီး" ဟု ပြောလိုက်ရာ ကတ္တဝါကြီးက . . . "တော်ပြီ" ဟု ပြောလိုက်လေ၏။

ထိုအခါဝိုင်း၍ရယ်မောကြလေ၏။ သူဌေးကတော်ကလည်း

"ပေဒင်ဆရာ ကတ္တဝါကြီးကလဲ စိတ်တိုလှချည်လား" ဟု ပြောလိုက်လေ၏။ ထို့နောက် . . . စိန်ပွဲစားကိုတင်ညွှန့် ပြသော ရတနာပစ္စည်းများကို ဝိုင်းဝန်းကြည့်ရှုကြလေတော့၏။

ထိုသို့ကြည့်ရှုနေစဉ် ပွဲစား ဦးလှရွှေနှင့် ဦးမြရွှေတို့သည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြလေ၏။

ထို့နောက် ဦးလှရွှေက ၎င်း၏အိတ်အတွင်းမှ သားရေအိတ် တစ်လုံးကို ထုတ်လိုက်ပြီးလျှင် . . .

"ဟောဒီပတ္တမြားကြီးကို အကဲဖြတ်စမ်းပါဦး" ဟု ဆိုကာ လွန်စွာနီရဲလှသောပတ္တမြားကြီးတစ်လုံးကို ထုတ်ပြလေ၏။

ထိုသို့ထုတ်ပြသည့် အခိုက်အတန့်၌ပင် ကတ္တဝါကြီးသည် "ရပြီ ... ရပြီ" ဟု အော်ဟစ်ကာ ထိုပတ္တမြားကြီးကို နှုတ်သီးဖြင့် ဆတ်ခနဲ ကောက်ယူကာ ပြတင်းပေါက်မှ ပျံထွက်သွားလေတော့၏။

ထိုအိမ်ပေါ်တွင်ရှိကြကုန်သော လူအပေါင်းတို့သည်လည်း "ဟင် ... ဟယ် ... လုပ်ကြပါဦး ... လိုက်ကြပါဦး" ဟု ဆူဆူညံညံ ဖြစ်ကြလေကုန်၏။

ထိုသို့ဖြစ်သွားပြီးနောက် ရသေ့ကြီးက . . .

"ဒါ ဟိုငှက်မုဆိုးရဲ့အကြံပဲ၊ ဒီကောင်မရိုးဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ" ဟု ပြောလိုက်လေတော့၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## မြကျွန်းသာ အငြိမ့်မင်းသမီးလေး

မိုးသီးသည် ငှင်းရရှိလာသော ပတ္တမြားကြီးကို ဂန်ဂရား ပြောသော တရုတ်ထံသို့ ရောင်းလိုက်ရာ ငွေငါးသိန်း ရရှိလေ၏။ ထိုသို့ရရှိငွေ ငါးသိန်းအနက်မှ ငွေငါးသောင်းကို ဂန်ဂရားအား ပေးလိုက်ရာ ဂန်ဂရားက . . .

"တုံကင်းဝယ်မယ် ဆရာ ကိုမိုးသီးရေ ... တစ်သက်လုံး သူများတုံကင်း လိုက်လာရတာ၊ ဒီတစ်ခါတော့ တုံကင်းပိုင်ဖြစ်ပြီ ဂန်ဂရားတို့ ရတနာပုံနက္ခတ်ရော၊ ရဇိတနက္ခတ်ရော၊ သုဝဏ္ဏ နက္ခတ်ရော၊ ထီးဖြူနက္ခတ်ရော၊ ပုညနက္ခတ်ရော၊ အိုဗျာ — ဇာတာထဲမှာပါတဲ့ တိုင်ဆယ်ပါးစလုံး အကျိုးပေးပြီ ထင်ပါရဲ့ဗျာ ပြီးတော့ ကိုယ့်စေတနာ ကိုယ်အကျိုးပေးဆိုတာ ဒါမျိုးပဲ၊ ရှေ့ခ ဒုက္ခရောက်တော့ ကယ်ဆယ်ချင်တဲ့ စေတနာတွေ ကျုပ်မှာ ပေါ်တယ်၊ ဟော ... ခုတော့ ကျုပ်စေတနာတွေ ကျုပ်ကို အကျိုး ပေးပြီ၊ ဂန်ဂရားဟာ ကံသမားဖြစ်သွားပြီဗျို့၊ ကိုမိုးသီးရယ် — အကျိုးကြီးပါ့ဗျာ" ဟု အားရဝမ်းသာ ပြောလေ၏။

မိုးသီးလည်း ဆိတ်ဖွားတို့လူစု ပုန်းအောင်းနေသောနေရာ သို့ ပြန်လာပြီးလျှင် ဆိတ်ဖွားအား ငွေလေးသိန်းကျော်ကို ပုံ၍ ပေးပြီးနောက် . . .

"ကြိုက်တာလုပ်ပေရော့ . . . ဆရာ ကိုဆိတ်ဖွားရေ" ဟု ပြောလိုက်ရာ ဆိတ်ဖွားက . . .



"အငြိမ့်ဖြစ်ဖြစ် ဇာတ်ဖြစ်ဖြစ် အမြန်ဆုံး ထောင်ရမယ်ဗျ၊ ဒါမှ အဖွဲ့လိုက်ကြီး ကိုယ်ရွှေ့ချင်ရာ ရွှေ့လို့ရမှာ" ဟု ပြောဆိုကာ ဆိတ်ဖွားသည် ရုပ်ဖျက် ပုံပြောင်း၍ အငြိမ့်မင်းသမီးတစ်လက်ကို ရှာဖွေရာ လှလှ ဆိုသော အငြိမ့်မင်းသမီးကလေးကို တွေ့ရ လေ၏။

ထိုလှလှဆိုသူမှာ သေတ္တာနှင့်အတူ ပွဲစားကြီး ဦးစံမတူ အိမ်မှ ထွက်ပြေး လွတ်မြောက်ခဲ့သော သေတ္တာ၏မိတ်ဆွေ ပြည့်တန်ဆာမလေး ဖြစ်၏။

သို့ရာတွင်လှလှသည် သေတ္တာနှင့်ဆိတ်ဖွားတို့သည် အတူတူ ဖြစ်ကြကြောင်းကိုမူ မသိရှာပေ။

ဆိတ်ဖွားက မိုးသီးအား . . .

"ကဲ ... ကိုမိုးသီး ဇာတ်ဆရာကြီး၊ အငြိမ့်အဖွဲ့ကြီး နေ့ချင်း ညချင်း နာမည်ကြီးအောင် လုပ်ပေတော့၊ အဲဒါကတော့ ကိုယ့်လူ တာဝန်ပဲ၊ အငြိမ့်အဖွဲ့ကြီးနဲ့မှ ကျုပ်တို့လူစုကြီး တစုတဝေးတည်း သွားချင်တဲ့နေရာကို သွားလို့ရမှာ ကိုယ့်လူရယ်" ဟု ပြောလိုက် လေ၏။

ထိုအခါ မိုးသီးက . . .

"အငြိမ့်အဖွဲ့ကြီးကို နာမည်ပေးရမယ်ဗျ . . . အဲဒါကတော့ ကိုဆိတ်ဖွားပဲ တာဝန်ယူပါ" ဟု ပြောလိုက်လေ၏။

"ဒါက လွယ်ပါတယ်ကိုမိုးသီးရယ်၊ မြကျွန်းသာအငြိမ့်အဖွဲ့ ပေါ့ဗျာ၊ ပြီးတော့ ကျုပ်တို့အငြိမ့်အဖွဲ့မှာ တခြားလူစိမ်းကို သိပ် မခေါ်ချင်ဘူးဗျ၊ ကိုယ့်လူနဲ့ကိုယ်ပဲသုံးရမှာ၊ မလွဲသာလို့ အပြင်လူ သုံးရရင်လဲ ကျုပ်တို့လိုလူဆိုးလူမိုက်ထဲကပဲသုံးရမယ်၊ အဲဒီတော့ ဇာတ်စင်ပေါ် ကိုခင်ဗျားတို့လဲတက်လို့မဖြစ်ဘူး၊ ကျုပ်လဲတက်လို့ မဖြစ်ဘူး . . . အဲဒီတော့ ဒီမျောက်သုံးကောင်ကို အသုံးချဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



လူရှင်တော် မျောက်ကြီး သုံးကောင်ပေါ့ဗျာ . . . အဲဒီတော
မြကျွန်းသာအငြိမ့်အဖွဲ့က မြကျွန်းသာအငြိမ့် မင်းသမီးလေး
မြကျွန်းသာပေါ်က လူရွှင်တော် မျောက်ကြီးသုံးကောင်ပေါ့ဗျာ
အဲဒီတော့ ဆိုင်းအဖွဲ့အတွက် စဉ်းစားရမယ်ဗျ . . . ဆိုင်းက
ဝရမ်းပြေးဆိုင်းဆရာတစ်ဖွဲ့လောက်ရရင် ကောင်းမယ်ဗျာ" ဟု
ဆိတ်ဖွားက ပြောလိုက်လေ၏။

ထို့နောက် မိုးသီးသည် ဇာတ်သေတ္တာများကို ဝယ်၏
လိုက်ကာများ၊ အောက်လင်း မှန်အိမ်များ ဝယ်၏။ ဆိုင်းပစ္စည်း
များ ဝယ်၏။ ပြီးလျှင် ဆိတ်ဖွားအား . . .

"ကျုပ်တို့အငြိမ့်အဖွဲ့ကြီး . . . ပြည်လောက်မှာ ပွဲနားရင်
ဇာတ်တိုက်ရအောင် ခရီးထွက်ကြမယ် ကိုဆိတ်ဖွားရေ" ဟု ပြော
လိုက်ရာ ဆိတ်ဖွားတို့ လူစုကလည်း . . . အဆင်သင့်ရှိကြော
ဖြစ်ကြောင်း ပြောသဖြင့် ပြည်ဘက်သို့ ခရီးထွက်ခဲ့ကြလေ
တော့၏။ မော်တော်များဖြင့် ခရီးသွားရသော နေရာများတွင်
မော်တော်ကို အသုံးပြု၏။

မော်တော်ကားဖြင့် သွားရသော နေရာများ၌မူ မော်တော်
ကားကို ငှားရမ်း၍ မော်တော်ကား၏ဘေးတွင် "မြကျွန်းသာ
အငြိမ့်အဖွဲ့" ဆိုသော စာတမ်းကြီးများ ချိတ်ဆွဲပြီး မော်တော်
ကား၏ ရှေ့အမိုးပေါ်၌မူ မြတ်စွာဘုရား၏ ရုပ်ပုံတော် ကား
ကြီးကို တပ်ဆင်ကာ ဇာတ်သေတ္တာများနှင့်အတူ မြို့ပေါ်
များစွာကို ဖြတ်သန်းခဲ့ကြလေတော့၏။

ထိုသို့ဖြတ်သန်းခဲ့သော်လည်း မည်သူတစ်စုံတစ်ယော
ကမျှ နာမည်ကျော် လူဆိုးကြီး မိုးသီး၊ ကျွန်းကျတရားခံပြ
ပရော်ဖက်ဆာဆိတ်ဖွားနှင့် ဝရမ်းထုတ်ထားခြင်းခံရသော ဝရမ်း
ပြေး သုံးဦးတို့အား သံသယဖြစ်ခြင်း မရှိခဲ့ပါ။



အငြိမ့်အဖွဲ့ကြီး တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းလာ
သည်ဟုသာ ထင်မှတ်ကြလေတော့၏။ ၎င်းတို့အဖွဲ့သည် ပြည်မြို့
သို့ ရောက်သောအခါ၌ ချောင်ကျသော နေရာတွင် ခြံဝင်း
ကျယ်ကျယ်နှင့် အိမ်ကြီးတစ်လုံးကို ငှားရမ်းလိုက်ကြပြီးလျှင်
ခန်းချကြလေ၏။

ထိုသို့စခန်းချပြီးနောက် ဆရာဆိတ်ဖွားက မိုးသီးအား . . .

"သေတ္တာနဲ့ အဆက်အသွယ်ရအောင် ကြော်ငြာလေး
တစ်စောင်လောက် ထည့်လိုက်စမ်းပါ" ဟု ပြောလိုက်ရာ မိုးသီး
သည် သတင်းစာ၌ အောက်ပါကြော်ငြာကို ထည့်လိုက်လေ
တော့၏။

> **သေတ္တာတစ်လုံး အလိုရှိသည်**
>
> မိုးထဲရေထဲတွင်အသုံးပြု၍ရသောအာမခံသေတ္တာတစ်လုံး
> အမြန်ဆုံး ဝယ်ယူလိုပါသည်။
>
> ဆက်သွယ်ရန်
>
> မြကျွန်းသာအငြိမ့်အဖွဲ့၊ ပြည်မြို့

အထက်ပါကြော်ငြာ သတင်းစာ၌ပါပြီး နှစ်ရက်မြောက်သော
နေ့ဘက်တွင် မိုးသီးတို့ထံသို့ သေတ္တာနှင့်ရေချမ်း ရောက်ရှိလာ
သတော့၏။ သေတ္တာသည် မိုးသီးနှင့် ဆရာဆိတ်ဖွားကို တွေ့
လျှင် အားရဝမ်းသာဖက်လေ၏။ ထို့နောက် . . .

"ကျုပ်တို့အသက်စွန့်ပြီးကယ်ကြရတာ ဒီကောင်ကလေးပဲ၊
နာမည်က ရေချမ်းလို့ခေါ်တယ်" ဟု သေတ္တာက မိတ်ဆက်
ပေးလိုက်လေ၏။ ထို့နောက် သေတ္တာက . . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က အငြိမ့်ထောင်ထားပြီလား ... ဒါကတော့ ကိုမိုးသီးဉာဏ်နဲ့ တူပါရဲ့" ဟု ပြောလိုက်ရာ မိုးသီးက . . .

"မဟုတ်ပါဘူးကွာ၊ ဒါက ဆရာကိုဆိတ်ဖွားရဲ့ ဉာဏ်ပါ၊ ငါက အငြိမ့်အဖွဲ့ကို ဇာတ်တိုက်ရုံ တိုက်ပေးရတာပါ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဆရာဆိတ်ဖွားက . . .

"ငါတို့ . . . အခု လုပ်ရမယ့် ကိစ္စဟာ တစ်ယောက်ချင်း နှစ်ယောက်ချင်း မဟုတ်ဘူးလေကွာ၊ အုပ်စုလိုက်ကြီးဆိုတော့ သွားလို့လာလို့ကောင်းအောင် ထောင်ထားရတာလေ၊ ဒါနဲ့ မင်းကို ငါတို့ရဲ့ မြကျွန်းသာမင်းသမီးကလေးနဲ့ မိတ်ဆက်ပေးရဦးမယ်" ဟု ဆိုကာ ဆရာကိုဆိတ်ဖွားသည် . . .

"မြကျွန်းသာရေ ...လာပါဦးကွယ်၊ ဟောဒီမှာ တို့အဖွဲ့သား တစ်ယောက်နဲ့ မိတ်ဆက်ပေးရအောင်" ဟု ခေါ်လိုက်ရာ မြကျွန်းသာ ခေါ် အငြိမ့်မင်းသမီးကလေး လှလှသည် . . .

"လာပါပြီ ဆရာကြီး" ဟုဆိုကာ ပြေးထွက်လာလေတော့၏။ ထို့နောက် သေတ္တာကိုမြင်လျှင် လှလှသည် . . .

"အို ... ရှင်ပါလား"ဟု ပြောလိုက်ရာ သေတ္တာကလည်း ...

"ဩော် အငြိမ့်မင်းသမီးကလေးမြကျွန်းသာဆိုတာ မင်းကိုး နေရာကျတယ်ကွာ၊ ကြံ့ပကြံ့တတ်ပလေ"ဟု ပြောလိုက်လေ၏၊ ထိုအခါ မိုးသီးက "ဘယ်လိုလဲကိုသေတ္တာရဲ့ ကိုယ့်လူနဲ့ ကျုပ်တို့ မင်းသမီးက နဂိုကတည်းကသိနေတာလား"ဟု မေးလိုက်လေ၏။

"ရေချမ်းကို ကယ်ဖို့ကိစ္စမှာ ဦးစံမတူဆိုတဲ့ စိန်ပွဲစား လူရှုပ်ကြီးကို အကျပ်ကိုင်ခဲ့ရတယ်ဗျ၊ အဲဒီကိစ္စမှာ လှလှကို အသုံးပြုခဲ့ရတာ၊ သူ ကျုပ်ကို အများကြီး ကူညီခဲ့တယ်၊ အဲဒီတော့ လှလှဟာလဲ အပြင်လူ မဟုတ်ဘူးဗျာ၊ အတွင်းစည်းဝိုင်းထဲကလူပဲ၊ သူ့ရှေ့မှာလဲ ရဲရဲဝံ့ဝံ့ တိုင်ပင်နိုင်တယ်" ဟု ဆိုကာ ပင့်ကူ...



ရေချမ်းအား အလိုရှိနေပုံမှအစ ရင်း ကယ်တင်ခဲ့ရပုံများကို အသေးစိတ် ပြောပြလေတော့၏။ ဆိတ်ဖွားနှင့် မိုးသီးတို့လည်း ငြိမ်၍ နားထောင်နေကြလေ၏။

သေတ္တာ ပြောပြီးသောအခါ၌ ဆိတ်ဖွားက ရေချမ်းအား မွေးဖွားခဲ့သည်မှစ၍ ယခုအချိန်အထိ ဖြစ်ပျက်ခဲ့ပုံများကို တစ်လုံးတစ်ပါဒမှမကျန် ပြောပြရန်စေခိုင်းသဖြင့် ရေချမ်းလည်း ဘုံးစေ့ပတ်စေ့ ပြောပြရပြန်လေ၏။

ဆိတ်ဖွားသည် ပြောသမျှကို ငြိမ်၍နားထောင်နေ၏။

မရှင်းလင်းသောနေရာများကို ထပ်၍မေး၏။ ထို့နောက်-

"နေစမ်းပါဦး မောင်ရေချမ်းရယ်၊ မင်းအသက်ကို ကယ်ခဲ့တဲ့ မုတ်ဆိတ်ဖြူကြီးဆိုတာက သေခါနီးမှာ မင်းဆီ ရောက်လာတယ် နော် . . ." ဟု မေးလိုက်လေ၏။

"ဟုတ်ပါတယ် ဆရာကြီး၊ ရောက်လာပါတယ်" ဟု ရေချမ်းက ပြန်၍ ဖြေလိုက်လေ၏။

"ပြီးတော့ အဲဒီတုန်းက မင်းဟာ ပဲခူးက ပွဲရုံမှာ ဟုတ်လား၊ ခုံနာမည်ကလဲ သမင်နှစ်ကောင် ယုန်တစ်ကောင်ပွဲရုံ ဟုတ်ရဲ့လားကွ" ဟု ဆရာဆိတ်ဖွားက မေးပြန်လေ၏။

"ဟုတ်ပါတယ်ဆရာကြီး ...အဲဒီအတိုင်းပါပဲ"ဟု ရေချမ်းက ပြန်၍ဖြေ၏။

"ပြီးတော့ မင်းဆရာ မုတ်ဆိတ်ဖြူကြီးက အသက်ထွက်ခါနီးမှာ 'ထိပ်နီ' လို့ ပြောသွားသေးတယ် ... ဟုတ်လား" ဟု ဆိတ်ဖွားက မေးလိုက်လေ၏။

"ဟုတ်ပါတယ် ... ထိပ်နီလို့ ပြောသွားပါတယ်"

"အဲဒီ ထိပ်နီဆိုတာ ဘာလဲကွ" ဟု ဆိတ်ဖွားက မေးပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဖြင့်စဥ်းစားလို့မရပါဘူးဆရာကြီးရယ်၊ ဘာထိမ်နိမှန်းလဲ မသိပါဘူး" ဟု ပြောလိုက်လေ၏။

"မင်းက မသိပေမယ့် ပင့်ကူဂိုဏ်းခေါင်းဆောင် ဦးမောင်လေးရဲ့ အစ်ကို ဦးမောင်ကြီးဆိုတဲ့ လူကတော့ အဲဒီစကားလေးကို ကြားချင်လွန်းလို့ မင်းကို အသေအလဲ လိုက်ရှာနေတော့တာပဲ၊ ငါတို့ကလဲ ဟိုးအဝေးကြီး ပင်လယ်ခြားနေတဲ့နေရာကနေ ဒီကိုရောက်လာတာ မင်းကို ကယ်ဖို့ပဲ၊ မင်းလို တစ်ကိုယ်ရေတစ်ကာယ လူငယ်လေး တစ်ယောက်ကို အုပ်စုနဲ့ ဝိုင်းပြီး အန္တရာယ်ပေးကြတာကို ငါတို့ ဒီအတိုင်း ကြည့်မနေနိုင်ဘူး ငါတို့ဟာ လောကကြီးမှာ မတရားလုပ်တာမြင်ရင် တရားအောင်ဝင်ပြီး ဖြေရှင်းတတ်တဲ့ လူတွေပဲ၊ လောကပါလဒေဝတော့မဟုတ်ဘူးကွ ... လောကပါလ မနုဿပဲ။

"လူတွေတတော့ ငါတို့ကို လူဆိုးလူမိုက်တွေလို့ ထင်ချင်ထင်မယ်၊ ဒါက အရေးမကြီးပါဘူး၊ ဆိုးချင်မိုက်ချင်တဲ့လူတွေမဟုတ်ဘူး၊ အမှန်တရားအတွက် ဆိုးနေတဲ့လူတွေ၊ အမှန်တရားအတွက် လူသတ်နေတဲ့လူတွေ၊ မင်း ဘာမှအားငယ်စရာ မရှိတော့ဘူး၊ မင်းဘက်မှာ ငါတို့ခြောက်ယောက်ရှိတယ်၊ ပင့်ကူမပြောနဲ့၊ ပင့်ကူဘိုးအေအဖွဲ့တောင် ကြောက်စရာ မလိုတော့ဘူး၊ အဲဒီပင့်ကူအဖွဲ့ဟာ လူ့လောကကြီးကို အနှောင့်အယှက်ပေးနေတဲ့ အဖွဲ့ပဲကွ၊ အဲဒီအဖွဲ့ကြီးကို ငါတို့တစ်တွေ ချေမှုန်းမယ်၊ အဲဒီလို ချေမှုန်းပြီး ငါတို့ အဖွဲ့ထဲက တချို့က ကြိုးစင်တက်တဲ့လူ တက်မယ်၊ ကျန်တဲ့တချို့က မြကျွန်းသာကို ပြန်ကြမယ်၊ အဲဒီတော့ ငါတို့အထဲမှာတော့ ကြိုးစင်တက်မယ့် လူတော့ တို့အထဲက ရွေးရလိမ့်မယ်" ဟုပြောလိုက်ရာ မိုးသီးတ-



"ရွေးမနေပါနဲ့တော့ဗျာ ... ကျုပ်ကိုပဲ ထားလိုက်ပါ" ဟု ပြောလိုက်လေ၏။ ထိုအခါ သေတ္တာက . . .

"မလုပ်ပါနဲ့ ကိုမိုးသီးရယ် ... ဒီတစ်ခါတော့ ကျုပ်ကို အခွင့်အရေးပေးပါဗျာ၊ ကျုပ် ကြိုးစင် တက်ချင်ပါတယ်၊ ကျုပ်ကို သေခွင့်ပေးပါ၊ အထူးအခွင့်အရေးပေါ့ဗျာ၊ ပြီးတော့ ဒီကိစ္စကို ကျုပ်က စတင်ခဲ့တာဖြစ်တော့ ကျုပ်သာလျှင် ဖြစ်သင့်ပါတယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ မျောက်သုံးကောင်ကလည်း ၎င်းတို့လည်း သေချင်ကြောင်း တောင်းပန်ခယသဖြင့် မဲလိပ်ခြောက်လိပ်ကို နှိုက်ကြရာ မိုးသီးသည် အောက်ပါမဲလိပ်ကို ရရှိလေတော့၏။

## ကြိုးစင်၌ တစ်ရေးအိပ်စွင့်ရသူ

ထိုအခါ ကျန်သူများက ဝိုင်းဝန်း၍ လက်ခုပ်တီးကြလေတော့၏။

မောင်ရေချမ်းသည် မိမိအတွက် အသက်စွန့်မည်ဆိုသော လူများကိုကြည့်ကာ . . .

"ဪ ... သူတို့ဖြင့် တယ်လဲ သတ္တိကောင်းကြပါလား၊ သူတို့ဖြင့် သူတစ်ပါးအကျိုးကို ဆောင်ရွက်နိုင်ကြပါလား" ဟု တွေးတောကာ အလွန်အံ့ဩမိလေတော့၏။

ထို့နောက် ဆရာဆိတ်ဖွားက . . .

"ကျုပ်သဘောကို ပြောရရင် ရေချမ်းကို ကျုပ်တို့ ဝှက်ထားဖို့ မလိုဘူး၊ သူ့ကို အပြင်ထုတ်ရမယ်၊ ဒါမှလဲ သူ့ကို အလိုရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူအဖွဲ့က ကောင်တွေရဲ့ ခြေလှမ်းကို တွေ့ရမှာပေါ့၊ သူနဲ့ ချူရမယ်” ဟု ပြောလိုက်ရာ အားလုံးက သဘောတူလေ၏။

ထို့ကြောင့် နောက်တစ်နေ့ဈေးဝယ်သောတာဝန်ကို ရေချမ်းအား ပေးထားလေတော့၏။

ရေချမ်းသည် နံနက်တိုင်း ခြင်းတောင်းကြီးဖြင့် မြင်းလှည်းစီးကာ ဈေးဝယ်ထွက်ရလေ၏။

ထို့ပြင် အားလုံးစားရန်အတွက် ထမင်းချက်တာဝန်ကိုပါ ယူရလေတော့သတည်း။

* * * * *

## ဆိုင်းဆရာရူပြီ

တစ်နေ့သ၌ မောင်ရေချမ်းသည် မြင်းလှည်းတစ်စီးဖြင့် ဈေးသို့သွားလေ၏။ ဈေးသို့ရောက်လျှင် ဟင်းချက်စရာများ လှည့်ပတ်ဝယ်နေလေ၏။ ထို့ပြင် ဆရာဆိတ်ဖွား မှာလိုက်သော ဆေးပြင်းလိပ်ကိုလည်း လှည့်ပတ်ရှာဖွေ ဝယ်နေလေ၏။

ထိုသို့ဝယ်နေရင်း လူနှစ်ယောက်၏ အံ့အားသင့်လွန်းသော အသံဖြင့် ပြိုင်တူအော်လိုက်သံကို ကြားရလေတော့၏။

“ဟာ ... မောင်ရေချမ်း”

ရေချမ်းသည် အသံလာရာဆီသို့ လှည့်ကြည့်လိုက်မိသော အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့၏။

ထို့နောက် ရေချမ်းက . . .

“ကိုသာညာ၊ ကိုသာဖန် . . . ဝမ်းသာလိုက်တာဗျာ” ဟု အော်ဟစ်လိုက်လေ၏။

“အလို ... မင်းက ဝမ်းသာနေ၊ ငါတို့မှာတော့ မင်းအတွက် ဝမ်းနည်းလို့ ထွက်ပြေးခဲ့ရတယ်မောင်၊ မင်းကိုရှာလို့မတွေ့တိုင်း ဟိုလူဆိုးအုပ်စုက ဒုက္ခပေးလိုက်တာ မပြောပါနဲ့တော့ကွာ၊ ငါတို့ နှစ်ယောက်မှာ ပွဲရုံကပစ္စည်းတွေကို လျှော့ဈေးနဲ့ရောင်း၊ ပွဲရုံ ဆိုင်းဘုတ်တောင် မဖြုတ်နိုင်ဘူး၊ အညာ ခဏသွားဦးမယ် ဆိုပြီး ပြေးခဲ့ကြတာကွ” ဟု သာဖန်က ပြောလေ၏။

www.burmeseclassic.com



ထိုအခါ သာညက်ကလည်း . . .

"ငါတို့ညီအစ်ကိုနှစ်ယောက် ပြေးခဲ့ရတာနဲ့ ပတ်သက်ပြီး မင်းကို ပုံလေးတစ်ပုံလောက် ပြောချင်လိုက်တာ" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"တော်ပါတော့ဗျာ ... ဈေးလယ်ကောင်ကြီးထဲမှာ ပုံမပြောပါနဲ့တော့" ဟု တောင်းပန်ရလေ၏။

"ဒါနဲ့နေစမ်းပါဦး၊ မင်းကိုရော ဟိုလူစုက ဒုက္ခမပေးဘူးလား" ဟု သာညက်က မေးလိုက်ရာ မောင်ရေချမ်းက . . .

"ဘယ်နေမတုံးဗျာ ... သေမလို့ တည်းတည်းကလေးလိုခါမှ လောကပါလလူသားတွေနဲ့တွေ့လို့လွတ်လာတာ"ဟု ပြောလိုက်လျှင် သာညက်က . . .

"ကြံကြံဖန်ဖန်မောင်ရေချမ်းရယ်၊ လောကပါလနတ်သားသာ ကြားဖူးပါတယ်ကွာ၊ ဘယ့်နှယ် မင်းကျမှ လောကပါလလူသားရယ်လို့ကွာ" ဟု ပြောလိုက်လေ၏။

"ဟုတ်တယ်ဗျာ၊ အခု ကျုပ်တွေ့ရတာတော့ လောကပါလလူသားတွေပဲ၊ နေစမ်းပါဦး ... ခု ခင်ဗျားတို့ ဘယ်မှာနေသလဲ၊ ဘာအလုပ် လုပ်နေကြသလဲ" ဟု ရေချမ်းက မေးလိုက်ရာ သာဖန်က . . .

"ရှူး ... တိုးတိုး ... နေတာက နဂါးလိမ်ရပ်ထဲမှာ၊ အလုပ်ကတော့ လောလောဆယ် မရှိသေးဘူး ... ဇာတ်ထဲလိုက်ပြီး ဆိုင်းတီးကြမလို့" ဟု ပြောလိုက်လေ၏။

"ခင်ဗျားတို့ ဆိုင်းတီးတတ်လို့လား" ဟု မောင်ရေချမ်းက မေးရာ သာဖန်က "ငါတို့ မြို့စားတွေကွ" ဟု ပြန်၍ဖြေလေ၏။

"ရွာစားလုပ်စမ်းပါဗျာ ... ဘယ်က မြို့စားရမလဲ" ဟု ရေချမ်းက ပြောရာ . . .



"ရွာစားဆိုရင်လဲ တကယ်စားရမှာကွ၊ အခု တကယ်မစားရတော့ မြို့စားပဲ ကောင်းပါတယ်" ဟု သာဖန်က ပြောလိုက်လျှင် မောင်ရေချမ်းက . . .

"နေရာကျတာပဲဗျာ" ဟု ပြန်၍ ပြောလေ၏။ ထိုအခါ သာညက်က . . .

"မင်းရော ဆိုင်းတီးတတ်လို့လား" ဟု မေးလိုက်လျှင် ...

"မဟုတ်ပါဘူးဗျာ . . . ကျွန်တော်တို့ အငြိမ့်အဖွဲ့ကြီးမှာ ဆိုင်းဆရာ လိုနေတာနဲ့ အတော်ပဲ" ဟု မောင်ရေချမ်းက ၎င်းတို့ တည်ထောင်သော အငြိမ့်အဖွဲ့အကြောင်း ပြောပြလိုက်ရာ သာညက်၊ သာဖန် ညီအစ်ကိုနှစ်ယောက်ကလည်း . . .

"အခုကို လိုက်ခဲ့မယ်ကွာ ... မင်းပြောတဲ့ လောကပါလလူသားတွေကို ငါတို့တွေ့ချင်တယ်" ဟု ပြောလေ၏။

ထို့ကြောင့် မောင်ရေချမ်းသည် ၎င်းတို့ ညီအစ်ကိုအား ခေါ်ခဲ့လေတော့၏။

အိမ်သို့ရောက်လျှင် . . . သာညက်၊ သာဖန်အား ဆရာကိုဆိတ်ဖွား၊ ကိုမိုးသီး၊ ကိုသေတ္တာ စသည်တို့နှင့် မောင်ရေချမ်းက မိတ်ဆက်ပေးလိုက်လေ၏။ ထို့ပြင် ဆိုင်းတီးတတ်ကြောင်းကိုလည်း ပြောရာ မိုးသီးက ဆိုင်းတီးခိုင်းလေ၏။

သာညက်က ပတ်ဝိုင်းကိုတီး၍ သာဖန်က ပတ်မကြီးကို ထုလေ၏။ မိုးသီးက နှဲဖြင့် လိုက်၍ထိန်းပေးလေ၏။ ထို့နောက် မိုးသီးက ၎င်းတို့နှစ်ဦးအား သဘောကျ၍သွားကာ . . .

"ကဲ ... ကိုယ့်လူတို့နှစ်ယောက်ကိုတော့ ရွာစားညီအစ်ကို စိန်သာညက်နဲ့ စိန်သာဖန်လို့ နာမည်ပေးရမှာပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ သာဖန်က . . .

www.burmeseclassic.com



"ခင်ဗျားတို့နဲ့တွေ့ရတာ ကျွန်တော်ဖြင့် အတော့်ကို အားရှိသွားတာပဲ၊ ပုံလေးတစ်ပုံလောက်တောင် ပြောချင်လာပြီ" ဟု ပြောလိုက်ရာ မောင်ရေချမ်းက . . .

"ပုံမပြောစမ်းပါနဲ့ဗျာ ... ခင်ဗျားတို့အတွက် အဝတ်အစားတွေ ဘာတွေ လိုသေးတယ်မဟုတ်လား၊ ဝယ်ကြရအောင်ဗျာ" ဟု ပြောလေ၏။

သာညဏ်နှင့် သာဖန်လည်း မောင်ရေချမ်း၏ စကားကို နားထောင်၍ အဝတ်အစားများဝယ်ရန် စီစဉ်ကြလေ၏။

ထို့နောက်တွင်ကား ... သေတ္တာက ဇာတ်အခမ်းအနားများအတွက်စီစဉ်၍ မိုးသီးကမူ ကပြမည့် ဇာတ်ထုပ်များ၊ သီဆိုမည့် သီချင်းများကို အသေးစိတ် စီမံလေတော့၏။ ထို့ပြင် မျောက်သုံးကောင်ကိုလည်း ပြက်လုံးများ တိုက်ပေးလေတော့၏။

ထို့ကြောင့် ၎င်းတို့၏ "မြကျွန်းသာ" အငြိမ့်အဖွဲ့ကြီးသည် နယ်လှည့်၍ ကပြရန် အဆင်သင့်ဖြစ်နေလေတော့၏။

ဝ-ဝ-ဝ

တစ်ညသ၌ ဆရာဆိတ်ဖွားက မိုးသီး အပါအဝင် သူ၏လူများအား . . .

"ကျုပ် စဉ်းစားကြည့်တယ်၊ ရေချမ်းရဲ့ဆရာ မုတ်ဆိတ်ဖြူကြီးဟာ သေခါနီးမှာ ရေချမ်းကို 'ထိပ်နီ' လို့ ပြောသွားတဲ့စကားဟာ ထိပ်နီ မဖြစ်နိုင်ဘူး၊ ဖြစ်ချင်းဖြစ်ရင် 'အိတ်နီ' ပဲ ဖြစ်ရမယ်၊ အဲဒီတော့ ရေချမ်းကို ဘုမသိဘမသိ အိတ်နီလို့ပြောစရာမရှိဘူး၊ အဲဒီအိတ်နီဟာ ရေချမ်းနဲ့ပတ်သက်နေတဲ့ တစ်ယောက်ယောက်ဆီမှာပဲရှိရမယ်၊ ပြီးတော့ရေချမ်းတစ်ဦးတည်းနဲ့ ပတ်သက်လို့ မဖြစ်ဘူး၊ အဲဒီ မုတ်ဆိတ်ဖြူကြီးနဲ့လဲ ပတ်သက်နေရမယ်။



"အဲဒီတော့ ဘယ်သူဖြစ်နိုင်သလဲ ဆိုတော့ ရေချမ်းကို မုတ်ဆိတ်ဖြူကြီးက ရောင်းစားခဲ့တဲ့ ပွဲရုံပိုင်ရှင် ရွှေခေါ်ဆီမှာ ရှိလိမ့်မယ်၊ အဲဒါကြောင့် ရေချမ်းကို မုတ်ဆိတ်ဖြူကြီးက သူသေခါနီးမှာ ရွှေခေါ်ဆီက အိတ်နီကိုသွားယူလို့ ပြောခဲ့တာဖြစ်ရမယ်၊ ဒါပေမဲ့ မပြောနိုင်တော့ဘူး၊ အရေးကြီးတာပဲပြောပြီး အသက်ထွက်သွားရှာတာ၊ အဲဒီတော့ ဟုတ်မဟုတ်သိရအောင် ရေချမ်းက နက်ဖြန်မနက်ကို ရန်ကုန်ကိုသွားရမယ်၊ ပြီးတော့ ရွှေခေါ်ဆီမှာ မုတ်ဆိတ်ဖြူကြီး အပ်ထားတဲ့ အိတ်နီတစ်လုံး ရှိတယ်မဟုတ်လား၊ ကျုပ်ကို တောင်းခိုင်းလိုက်တယ် ဆိုပြီး သွားယူရမယ်" ဟု ပြောလိုက်လေတော့၏။

ထို့ကြောင့် ရေချမ်းလည်း နောက်တစ်နေ့ နံနက်စောစောတွင် မီးရထားဖြင့် ရန်ကုန်သို့ လိုက်ပါခဲ့လေတော့၏။

ရေချမ်းထွက်သွားပြီး မကြာမီ၌ ကိုဆိတ်ဖွားက ရေချမ်းကို စောင့်ရှောက်ရန်အတွက် သေတ္တာအား နောက်မှလိုက်သွားရန် ထည့်လိုက်လေတော့၏။

ရေချမ်းသည် တရုတ်ကိုရွှေခေါ်၏ ပွဲရုံသို့ရောက်လျှင် . . .

"ဦးရွှေခေါ် ... ဦးရွှေခေါ်" ဟု အော်၍ခေါ်ရာ တရုတ်ကိုရွှေခေါ်လည်း ထွက်လာ၍ . . . ရေချမ်းကိုမြင်လျှင် အားရဝမ်းသာနှင့် . . .

"ဟော့ ... ရေချမ်း၊ မင်းတို့ပွဲရုံပြုတ်သွားပြီဆိုကွ၊ ဘာဖြစ်လို့ပြုတ်တာလဲ၊ လောင်းကစားလုပ်သလား၊ ကုန်ကြေးတွေ မှန်မှန်မပေးဘူးလား၊ မင်းတို့ဟာ ငါသင်ပေးလိုက်တဲ့အတိုင်း အလုပ်မလုပ်ကြဘူးလား" ဟု ဆူပူကြိမ်းမောင်းလေတော့၏။

www.burmeseclassic.com



"မဟုတ်ပါဘူး ဦးရွှေခေါ်ရယ်၊ မပြုတ်ပါဘူး၊ ကျုပ်တို့ ပြည်မှာ ပွဲလုပ်ငန်း လုပ်နေကြတယ်" ဟု ရေချမ်းကပြောလေ၏။ ထိုအခါ တရုတ်ကိုရွှေခေါ်က . . .

"ဘာလဲကွ ... ဘာပွဲလုပ်ငန်းလဲ ... ပွဲရုံမလုပ်ဘူးလား" ဟု ပြောရာ ရေချမ်းက . . .

"ပွဲရုံလုပ်ငန်းနဲ့ ပွဲလုပ်ငန်းက အတူတူပဲဗျ၊ ပွဲရုံလုပ်ငန်းက ကုန်မျိုးစုံနဲ့ အလုပ်လုပ်ရတာ၊ ပွဲလုပ်ငန်းက လူမျိုးစုံနဲ့ အလုပ်လုပ်ရတာ၊ ဒါပါပဲဗျာ ... ဒါပေမဲ့ ကျုပ် ခုလာတာ အဲဒီကိစ္စ မဟုတ်ဘူး၊ ကျုပ်ဆရာ မုတ်ဆိတ်ဖြူကြီးက လွှတ်လိုက်လို့ သူ အပ်ထားတဲ့ အိတ်နီကလေးတစ်လုံးဆိုတာ ခင်ဗျားဆီမှာ ရှိတယ်ဆို၊ အဲဒါ တောင်းခိုင်းလိုက်လို့" ဟု ပြောလိုက်ရာ တရုတ်ကိုရွှေခေါ်က . . .

"အေးအေး ... ရှိတယ်ကွ၊ ကြာပြီကွ၊ ငါ့ကို အပ်ထားတာ၊ ဟောဟိုမှာ ချိတ်ထားတယ်" ဟု ဆိုကာ တိုင်တွင်ချိတ်ထားသော အိတ်နီကလေးကို ညွှန်ပြလေ၏။ ထိုအခါ . . . ရေချမ်းလည်း အိတ်နီကလေးကို ထ၍ ဖြုတ်ပြီးလျှင် . . .

"ကဲ ... ဦးရွှေခေါ်၊ ကျုပ်ပြန်မယ်" ဟု နှုတ်ဆက်ရာ တရုတ်ကိုရွှေခေါ်က ရေချမ်းအား ဆဲဆို၍ . . .

"အလကားကောင်၊ ပွဲရုံအလုပ် လုပ်ပါဆို ဘာတွေလျှောက်လုပ်နေမှန်း မသိဘူး၊ မင်းတို့ ဒါကြောင့် မကြီးပွားတာ" ဟု ဆူပူလိုက်လေတော့၏။

မောင်ရေချမ်းလည်း . . . အိတ်နီကလေးကိုရလျှင် အားရဝမ်းသာနှင့် ပြန်လာလေတော့၏။

ဘူတာသို့ ရောက်လျှင် . . . ပြည်သို့ ရထားလက်မှတ်ယူ၍ လိုက်ပါခဲ့လေတော့၏။



ရထားမှာ ညရထား ဖြစ်သောကြောင့် . . . လွန်စွာ လူချောင်လေ၏။

မောင်ရေချမ်းစီးသောတွဲ၌ မောင်ရေချမ်းပါနှင့်မှ ခရီးသည် လေးယောက်သာလျှင် ရှိလေ၏။

ထိုလေးယောက်မှာလည်း တစ်ယောက်မှာ မိန်းမဝဝကြီး ဖြစ်၍ တစ်ယောက်မှာ လူလတ်ပိုင်းအရွယ် ကိုယ်လုံးကိုယ်ထည် ပါးပါးဖြစ်၏။ ကျန်တစ်ယောက်မှာ ကုလားတစ်ယောက်ဖြစ်၏။

တိုက်ကြီးသို့အရောက်တွင် မိန်းမဝဝကြီးနှင့် ကုလားသည် ဆင်းသွားလေ၏။

လူလတ်ပိုင်းအရွယ်တစ်ဦးသာလျှင် မောင်ရေချမ်းနှင့်အတူ ကျန်ခဲ့လေ၏။

တိုက်ကြီးဘူတာမှ ရထားပြန်လည်၍ ထွက်ခွာပြီး အရှိန်အတော်ရသောအခါ၌ ထိုလူလတ်ပိုင်းအရွယ်သည် ဆတ်ခနဲ ထပြီးလျှင် မောင်ရေချမ်း၏ရင်ဝသို့ ဓားမြှောင်နှင့် ထောက်ပြီးလျှင် မောင်ရေချမ်းလွယ်ထားသော လွယ်အိတ်ကို ဖြုတ်ယူကာ မောင်ရေချမ်း၏မျက်နှာကို ခြေထောက်ဖြင့်ကန်၍ နောက်တွဲသို့ ပေါ့ပါးသွက်လက်စွာ ကူးသွားလေတော့၏။

မောင်ရေချမ်းမှာမူ မျက်နှာကိုအကန်ခံလိုက်ရသောကြောင့် တော်တော်နှင့် မထနိုင်ဘဲ ရှိနေလေ၏။

ပြန်လည်၍ ထနိုင်သောအခါ၌မူ လွယ်အိတ် လုယူသွားသော လူကို အစအနပင် မတွေ့ရပေ။

မောင်ရေချမ်းသည် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို မသိဖြစ်ကာ တွဲထဲတွင် ဟိုပြေးဒီလွှားဖြစ်နေ၏။

ထိုအခါ တွဲအတွင်းသို့ တစ်စုံတစ်ယောက်သည် အခြားတွဲမှ ကူးလာပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ...မောင်ရေချမ်း၊ အေးအေးဆေးဆေးထိုင်စမ်းပါကွ ရော့ ... ဟောဒီအိတ်ထဲမှာ ပေါင်မုန့်နဲ့ ယိုတစ်ပုလင်းပါတယ်၊ ဓာတ်ဘူးတစ်လုံးလဲပါတယ်၊ ဓာတ်ဘူးထဲမှာလဲကော်ဖီအပြည့်နဲ့ အမောပြေ စားလိုက်ဦး" ဟု . . . ထိုသူက ပြောလိုက်သဖြင့် မောင်ရေချမ်းသည် အသံလာရာဆီသို့ ကြည့်လိုက်ရာ အလွန် အံ့အားသင့်သွား၍ မျက်လုံးအကြောင်သားနှင့် . . .

"အလို ... ဆရာ ကိုသေတ္တာကြီးပါလား" ဟု ပြောလိုက် လေရာ သေတ္တာက . . .

"ရော့ ... ဟောဒီမှာ အိတ်နီလေး" ဟု ဆိုကာ မောင်ရေချမ်း ထံမှ လူဆိုးလုယူသွားသော အိတ်နီကလေးကို လှမ်းပေးလိုက် လေ၏။ ပြီးလျှင် ထိုင်ခုံတစ်ခု၌ ခြေပစ်လက်ပစ် ထိုင်ချကာ စီးကရက်ကို သောက်နေလေတော့၏။

မောင်ရေချမ်းသည် အိတ်နီကလေးကိုဖမ်း၍ ယူလိုက်ပြီး နောက် သေတ္တာကို တစ်လှည့်၊ အိတ်နီလေးကို တစ်လှည့် ကြည့်ရင်း . . .

"ခင်ဗျားတို့ဟာ လေကပါလလူသားတွေဆိုတာ ယုံပါပြီဗျာ ကျုပ် ဒုက္ခရောက်နေတုန်း ဘယ်ကနေ ဘယ်လို ပေါ်လာမှန်း မသိပါဘူး။ ဒါနဲ့နေပါဦး၊ စောစောက ကျုပ်ဆီက ဒီအိတ်ကလေး လုယူသွားတဲ့လူက ဘယ်ရောက်သွားသတုံး" ဟု မေးလိုက်လေ တော့၏။

"ငါက နောက်တွဲမှာပါလာတာကွ၊ အဲဒီတွဲမှာ ငါတစ်ယောက် တည်းရှိတယ်၊ ဒီကောင်က မင်းဆီကအိတ်ကို လုယူပြီး ငါရှိတဲ့ တွဲဆီ ကူးလာတာ၊ ဟိုဘက်တွဲမှာ ငါနဲ့ပက်ပင်းတိုးတော့တာပဲ အဲဒီတော့ တို့ပစ္စည်း တို့ပြန်ယူပြီး အဲဒီကောင်ကို ရထားပေါ်က နေ အောက်ကို ပစ်ချလိုက်ပြီ၊ မင်း စ,ပြီး အိမ်က ထွက်သွား



တတည်းကိုက ဆရာ ကိုဆိတ်ဖွားက မင်းကို စောင့်ရှောက်ဖို့ ငါ့ကိုထည့်လိုက်တာကွ . . ." ဟု သေတ္တာက ပြောလိုက်ရာ မောင်ရေချမ်းက . . .

"ဦးဆိတ်ဖွားကြီးက တော်ပါပေတယ်ဗျာ၊ အတော့်ကိုလဲ အမြော်အမြင် ကြီးပါပေတယ်" ဟု ဆိုလေ၏။

"တော်ပြီလားကွာ...ငါတို့က ဒါကြောင့်သူ့ကို ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားလို့ အမည်ပေးထားတာကွ" ဟု သေတ္တာက ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ပေါင်မုန့်ယိုသုတ်နှင့် ကော်ဖီ တို့ စားသောက်ရင်း စကားတပြောပြောနှင့် လိုက်ပါခဲ့ကြရာ ပြည်သို့ ရောက်ရှိခဲ့ကြလေတော့၏။

ပြည်သို့ရောက်လျှင် မောင်ရေချမ်းက အိတ်အနီကလေး အား ကိုဆိတ်ဖွား၏လက်သို့ အပ်ရင်း . . .

"ဆရာကြီးရယ်၊ ကျွန်တော့်မှာတော့ ဒီအိတ်နီလေးအတွက် ဒုက္ခရောက်လိုက်တာ၊ ကျွန်တော်တင် မဟုတ်ပါဘူးလေ၊ ဒီ အိတ်နီကလေးကြောင့် သေတဲ့လူတွေလဲမနည်းဘူး။ တော်တော့် ကို အရေးကြီးတဲ့ အိတ်နီလေးပဲ၊ ဒါပေမဲ့ ဇာရှုတ်ကိုရွှေခေါက်ကျ တော့ ဒီအိတ်နီလေးကို ဒီအတိုင်း တိုင်မှာချိတ်ထားတာပါဗျာ၊ အံ့ရော" ဟု ပြောလိုက်ရာ ဆရာကိုဆိတ်ဖွားက . . .

"မှန်တာပေါ့ မောင်ရေချမ်းရယ် ... ကိုယ်က အရေးကြီး သမယ့် သူတစ်ပါးက အရေးကြီးချင်မှ ကြီးတာကွ၊ ကိုယ်နဲ့ ဘယ်လောက် ပတ်သက်တယ် ဆိုတဲ့ အတိုင်းအတာပေါ်မှာ ဘယ်လောက်အရေးကြီးသလဲဆိုတာ ဖြစ်ပေါ်ရတာကွ" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိုဆိတ်ဖွားသည် ထိုအိတ်နီကလေးကို အတွင်းသား နိုက်၍ လှန်လိုက်ပြီးလျှင် ဆုတ်ဖြဲ၍ ဖြန့်လိုက်ရာ အပ်ချည်ဖြင့် ထိုးထားသော အဖွဲ့ဝင်များ၏ လိပ်စာများ၊ ဆက်သွယ်ရန် ဆက်သွယ်နည်းများကို တွေ့ရလေ၏။ ထို့ပြင် ကျောဘက်တစ်နေရာ၌မူ မြေပုံတစ်ချပ်ကို အပ်ချည်ဖြင့်ပုံဖော်ထားလေ၏။

ထိုမြေပုံ၏အောက်၌မူ "မစ္စတာဝမ်၏ ပစ္စည်းများ" ဟု ရေးထားလေ၏။

ထိုအခါ မိုးသီးက . . .

"အဲဒီ မစ္စတာဝမ်ရဲ့ ပစ္စည်းတချို့ကို ကျုပ်တို့ ရပြီးပြီဗျ ကိုသြရရယ်၊ ကျုပ်ရယ်၊ ဟောဒီ သေတ္တာရယ် ကျွန်းတစ်ကျွန်းအောက်လိပ်ကြီးဖယ်ပြီး ယူခဲ့ကြတာ၊ အဲဒါ မစ္စတာဝမ် ပစ္စည်းတွေပဲ၊ ခု ဒီမြေပုံအရ မစ္စတာဝမ်က တခြားပစ္စည်းတွေ ဝှက်ထားသေးတယ်ဆိုတာ သိရပြန်ပြီ၊ ရှာကြသေးတာပေါ့၊ ရတနာပစ္စည်းက အရေးမကြီးပါဘူး၊ ပင့်ကူအဖွဲ့ဝင်တွေရဲ့ လိပ်စာရတာတော့ အဖိုးတန်တယ်၊ ဒီကောင်တွေကို ချေမှုန်းပစ်ရမှာပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ သေတ္တာက . . .

"ဆရာ ကိုမိုးသီးရယ်၊ မစ္စတာဝမ်ရဲ့ပစ္စည်းတွေလဲ အရေးကြီးပါတယ်၊ ရှာကြရအောင်ပါ" ဟုဝင်၍ပြောရာ ကိုဆိတ်ဖွားက-

"မဟုတ်ဘူးကွ၊ ဒီမြေပုံက တစ်စိတ်တစ်ပိုင်းပဲ ဖြစ်လိမ့်မယ် တခြားမြေပုံတစ်ခုနဲ့ဆက်မှ ပြည့်စုံမယ့်ဟာမျိုးကွ၊ အဲဒီ မြေပုံတစ်ခုကလဲ ပင့်ကူဂိုဏ်းက အလွန် အရေးကြီးတဲ့လူ ဆီမှာ ထားကြလိမ့်မယ် . . . ဒီအတိုင်းဆိုရင် မောင်ရေချမ်းရဲ့ဆရာ မုတ်ဆိတ်ဖြူကြီးဟာ ပင့်ကူအဖွဲ့ဝင်တစ်ဦး ဖြစ်လိမ့်မယ်တော့" ဟု ပြောလိုက်လေတော့၏။



ထို့နောက် ၎င်းတို့၏ အငြိမ့်အဖွဲ့ကြီးသည် မန္တလေးသို့ တက်၍သွားကြလေ၏။

မန္တလေးသို့ တက်၍သွားရခြင်းမှာလည်း ဦးသန်းမောင်ဆိုသော ကုန်သည်ကြီးတစ်ဦး၏သား မင်္ဂလာဆောင်အတွက် ငှားရမ်းခြင်းကြောင့်ဖြစ်လေ၏။

ထို့ပြင် ပင့်ကူအဖွဲ့ဝင်တစ်ဦးဖြစ်သော "ခင်ထွန်း" ဆိုသူအား စုံစမ်းရန်ဖြစ်သည်။

၎င်းခင်ထွန်းဆိုသူမှာ ပင့်ကူအဖွဲ့ဝင်များအနက် အရေးပါသောစာရင်းတွင် ထည့်သွင်းထားသောသူ ဖြစ်လေ၏။

မြကျွန်းသာအငြိမ့်သည် သုံးညတိုင်တိုင် ကပြဖျော်ဖြေရလေ၏။

ထိုသို့ဖျော်ဖြေရာတွင် အလယ်ညသို့ ရောက်သောအခါ၌ မိုးသီးနှင့် သေတ္တာတို့သည် ၎င်းတို့ရရှိထားသော လိပ်စာအတိုင်း ပင့်ကူအဖွဲ့ဝင် ခင်ထွန်းဆိုသူ၏ အိမ်သို့ ညကြီးသန်းခေါင် သွားရောက် တံခါးခေါက်ကြလေ၏။

ထိုအခါ ခင်ထွန်းက . . .

"ကောင်းကြရဲ့လားဗျာ" ဟု အတွင်းမှ မေးလိုက်လေ၏။ ထိုအခါ သေတ္တာက . . .

"ခေါင်းနှစ်လုံးပါပြီး ခြေရှစ်ချောင်းနဲ့ လူတွေပါဗျာ" ဟု ပြန်၍ ဖြေလိုက်လေ၏။

ထိုအခါ ခင်ထွန်းက . . .

"ဂုန်နီအိတ်ပါရဲ့လား" ဟု မေးပြန်လေ၏။ သေတ္တာကလည်း

"ယကြီး နေမကောင်းလို့" ဟု ဖြေလိုက်လေ၏။ ခင်ထွန်းကလည်း . . .

"ငပြာရည်သောက်ပြီး ငိုနေပြီလား" ဟု မေးပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပြီး ပြောပါဗျာ" ဟု သေတ္တာက ဖြေလိုက်လေ၏။

"ဆားကလေး နည်းနည်းစားလိုက်ဗျာ" ဟု ခင်ထွန်းက ပြောလေ၏။

"ဇယားမရှုပ်ပါနဲ့ဗျာ" ဟု သေတ္တာက ဖြေလိုက်လေ၏။

"ဈေးထဲမှာ ခွေးနှစ်ကောင် ကိုက်တယ်ဆို" ဟု ခင်ထွန်းက ပြောလေ၏။

"ည...လမသာတဲ့ည...တံခါးဖွင့်လိုက်တော့" ဟု သေတ္တာက ပြောရာ အတွင်းမှ ခင်ထွန်းက တံခါးဖွင့်ပေးလေ၏။

အတွင်းသို့ရောက်သည်နှင့်တစ်ပြိုင်နက် မိုးသီးက ခင်ထွန်း၏ လည်ပင်းကို ကျွမ်းကျင်စွာ ချုပ်ကိုင်လိုက်လေ၏။ ပြီးလျှင် ၎င်းအိတ်တွင်ပါသော အိတ်နီကလေးကို ထုတ်ပြ၍ . . .

"ဒါကလေးတစ်ခု မင်းမှာရှိတယ်ဆိုတာ ငါတို့သိပြီးသားပဲ အဲဒီတော့ အဲဒါလေးနဲ့ မင်းအသက်နဲ့ လဲမလား။ ငါတို့ ဘယ်သူတွေ ဆိုတာ မင်းကိုမိတ်ဆက်ပေးရဦးမယ်၊ ငါ့နာမည်က မိုးသီးတဲ့၊ ဟောဒီလူက သေတ္တာတဲ့၊ မင်းတို့ရဲ့ သေမင်းတွေပဲ၊ မြန်မာပြည်မှာ မင်းတို့ကောင်မျိုးတွေ တစ်ကောင်မှမရှိအောင် မျိုးဖြုတ်ပစ်မယ်" ဟုဆိုကာ ခင်ထွန်း၏လည်ပင်းကို တိုး၍ညှစ်လိုက်ပြီးရာ ခင်ထွန်းသည် တကယ်သတ်မည့်လူတွေဖြစ်ကြောင်း ရိပ်မိသည့် အားလျော်စွာ ပန်းချီကား၏နောက်သို့ လက်ညှိုးထိုးပြလေ၏။

ထိုအခါ သေတ္တာက ပန်းချီကားကိုဖြုတ်၍ နံရံမှာ လျှို့ဝှက်အံထိုးလေးတစ်ခု ဖွင့်၍ နှိုက်ယူလိုက်ရာ အတွင်းမှ အိတ်နီကလေး တစ်လုံး ထွက်လာလေ၏။

ထိုအခါ မိုးသီးက ခင်ထွန်း၏လည်ပင်းကို လွှတ်ပေးလိုက်လေ၏။



ထိုသို့လွှတ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ခင်ထွန်းသည် နံရံဘက်သို့ ပြေး၍ကပ်ကာ တစ်စုံတစ်ခုကို ဆွဲလိုက်သည်နှင့် တစ်ပြိုင်နက် မိုးသီးရော သေတ္တာပါ ခင်ထွန်းနှင့်တစ်ထပ်တည်းကျအောင် ခုန်၍ အုပ်လိုက်ကြလေ၏။

ထိုအခါ မျက်နှာကျက်မှလွန်စွာလေးလံသောအရာဝတ္ထုကြီးတစ်ခု ဝုန်းခနဲ ပြုတ်ကျလာလေ၏။

အကယ်၍ မိုးသီးနှင့် သေတ္တာသည် ခင်ထွန်းနှင့် တစ်ထပ်တည်း တစ်သားတည်းကျအောင် မခုန်မိပါက ၎င်းတို့နှစ်ဦး သေဆုံးကြမည်မှာ ဧကန်ဖြစ်၏။

ခင်ထွန်းသည် မျက်နှာကျက်အမိုး ပြုတ်ကျစေသောကြိုးကို ဆွဲလိုက်ခြင်းဖြစ်ကြောင်း ရိပ်မိနားလည်သွားကြလေ၏။ ခင်ထွန်းသည် ၎င်းတို့နှစ်ဦးအား နံရံတွင် ချိတ်ဆွဲထားသော ဓားကို ဖြုတ်ယူ၍ ခုတ်ထစ်လေ၏။

သို့ရာတွင် သေတ္တာသည် ဓားကို ဝင်၍လုပြီးလျှင် ခင်ထွန်းကို ဓားဖြင့်ထိုးသတ်လိုက်လေတော့၏။

ထို့နောက် သေတ္တာနှင့် မိုးသီးတို့သည် ထိုအိမ်အတွင်းမှ သွက်လက်စွာ ထွက်လာခဲ့ကြလေ၏။ အနီးအပါး အိမ်များမှ လူများလည်း လန့်၍နိုးလာကြလေတော့၏။

မိုးသီးနှင့် သေတ္တာတို့သည် အငြိမ့်ဆီသို့ ပြန်လာခဲ့ပြီးလျှင် ဆိတ်ဖွားအား ၎င်းတို့ရရှိခဲ့သော အိတ်နီကလေးကို ပေးလိုက်ရာ ဆိတ်ဖွားသည် အိတ်နီကလေး၏ အတွင်းသားကို လှန်၍ ၎င်းတို့ ရရှိထားသော အိတ်နီကလေး၏ အတွင်းသားနှင့် ဆက်စပ်လိုက်ရာ ပြည့်စုံသောမြေပုံတစ်ချပ် ဖြစ်သွားသည့်အပြင် ပင့်ကူအဖွဲ့ ဂိုဏ်းချုပ်ဖြစ်သူ ဦးမောင်ကြီးနှင့် ဆက်သွယ်ပုံ ဆက်သွယ်နည်း စကားဝှက်များကိုပါ ရရှိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆိတ်ဖွားက . . .

"သိပ်ကိုအရေးကြီးနေပြီ၊ ရတနာပစ္စည်း ရှာဖွေဖို့ကိစ္စကို လုပ်ရတော့မယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ သေတ္တာက . . .

"နောက်တစ်ည ကပြီးရင် ကျုပ်တို့အငြိမ့် ခရီးထွက်ကြမှာပဲဗျ၊ အဲဒီကျမှ ဒီကိစ္စ တိုင်ပင်တာပေါ့" ဟု ဆိုသဖြင့် စကားစဖြတ်ကာ . . . လက်ဖက်ရည်အချိုသောက်ရင်း လူရွှင်တော်ကြီးမျောက်သုံးကောင်နှင့် အငြိမ့်မင်းသမီးလေး မြကျွန်းသာတို့ အငြိမ့်ကသည်ကို . . . အားပါးတရ ကြည့်ရှုနေကြလေတော့သတည်း။

* * * * *

## သေတ္တာ၏ အကြံဉာဏ်

မြကျွန်းသာ အငြိမ့်အဖွဲ့ကြီးသည် မန္တလေးမှ ရှမ်းပြည်နယ်တောင်ပိုင်း မြို့ကလေးတစ်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီဖြစ်၏။

ထိုမြို့ကလေး၌ အငြိမ့်မလာမီ ရက်အတွင်းတွင် ဆရာဆိတ်ဖွားက သူ၏လူအားလုံးကို ခေါ်ယူ၍ စကားပြောလေတော့၏။

"ကျုပ်တို့မှာ လုပ်စရာအလုပ်တွေက အများကြီးဖြစ်နေတယ်၊ ဒါကြောင့် လူခွဲပြီးလုပ်ရမယ်၊ ဟောဒီအိတ်နီကလေးဟာ မစ္စတာဝမ်ရဲ့ ရတနာသိုက်မြေပုံပဲ၊ မစ္စတာဝမ်ရဲ့ ရတနာတွေကို ကျုပ်တို့ရဖူးပါတယ်၊ အဲဒီတုန်းကလဲ မြေပုံကို ဦးမောင်လေးတို့လူစုဆီက ရခဲ့တယ်၊ အခုလဲ ဦးမောင်လေးရဲ့အစ်ကို ဦးမောင်ကြီးတို့ဆီက မြေပုံရတာပါပဲ၊ အဲဒီတော့ ရတနာပစ္စည်းရှာဖို့တာဝန်ကို ကျုပ်ရယ်၊ မိုးသီးရယ်၊ သေတ္တာရယ်၊ ရေချမ်းရယ်က ယူမယ်၊ ဦးမောင်ကြီးရဲ့ ပင့်ကူအဖွဲ့ကို ရှင်းဖို့ တာဝန်ကိုတော့ မိုးဇာရယ်၊ ကျောက်ပွဲရယ်၊ ဂေါ်ရာရယ်က ယူရမယ်၊ မိုးဇာတို့

www.burmeseclassic.com



မျောက်သုံးကောင်အဖွဲ့ဟာ ဟောဒီအငြိမ့်အဖွဲ့ကြီးနဲ့ လှည့်လည်ရင်း ပင့်ကူတွေကို ရှင်းရမယ်၊ ရော့ ... ဟောဒီမှာ ပင့်ကူတွေစာရင်း"

ဆရာဆိတ်ဖွားသည် အိတ်နီကလေး အတွင်းမှ အပ်ချည်ဖြင့် ရေးထားသော ပင့်ကူအဖွဲ့ဝင်များ၏ စာရင်းနှင့် ပင့်ကူအဖွဲ့ဝင်များ၏ တစ်ဦးချင်း ဆက်သွယ်ပုံ လျှို့ဝှက်ချက်များကို ပေးလိုက်လေ၏။

မျောက်သုံးကောင်ဟု အမည်တပ်ထားသော ဝရမ်းပြေးသုံးယောက်ဖြစ်ကြသည့် မိုးဇာ၊ ကျောက်ပွဲနှင့် ဂေါ်ရာတို့သည် ဆရာဆိတ်ဖွားပေးသော အလုပ်တာဝန်ကို ကျေနပ်စွာ ယူလိုက်ကြလေ၏။

မိုးဇာ ဆိုသူမှာ ယခင်က မြင်းများမွေး၍ အသက်မွေးခဲ့သူဖြစ်ခဲ့၏။ ၎င်း၏ အမည်ရင်းမှာ မင်းခေါင် ဟူ၍ဖြစ်၏။

ကျောက်ပွဲမှာ ကျောက်ပွဲစားတစ်ဦးဖြစ်ခဲ့၏။ ၎င်း၏ နာမည်ရင်းမှာ ပန်းသာ ဟူ၏။

ဂေါ်ရာမှာ ဖဲသမားတစ်ဦးဖြစ်၏။ ၎င်း၏ အမည်ရင်းမှာ လောပံ ဟူ၍ဖြစ်၏။

၎င်းဝရမ်းပြေးတို့သည် ကျွန်းတစ်ကျွန်းသို့ ရောက်ရှိသွားခဲ့၏။

ထိုကျွန်း၌မင် နှစ်ရှည်လများ နေထိုင်ခဲ့၏။

ထိုကျွန်းကို ၎င်းတို့က မြကျွန်းသာဟူ၍ အမည်ပေးထားကြလေ၏။

ထိုကျွန်းသို့ တစ်သက်တစ်ကျွန်းမှထွက်ပြေးလာသော ဆရာဆိတ်ဖွား ရောက်ရှိသွားပြီးလျှင် ထိုသူတို့နှင့် ပေါင်းစည်းသွား၏။



ယခု ဆရာဆိတ်ဖွားနှင့်အတူ ထိုမျောက်သုံးကောင်သည် တိတ်တဆိတ် ပြန်လည်ရောက်ရှိလာခဲ့ကြခြင်းဖြစ်၏။

ထိုမျောက်သုံးကောင်ကား နှယ်နှယ်ရရမဟုတ်။ လှုပ်ရှည်ကိုင်ရှည်နှင့် ပင်ကိုအရည်အချင်းရှိသူများ ဖြစ်၏။

ထို့ကြောင့်လည်း ဆရာဆိတ်ဖွားက ၎င်းတို့အား ပင့်ကူအဖွဲ့နှင့် ယှဉ်ပြိုင်ရန် ယုံကြည်စိတ်ချစွာ ထားပစ်ခဲ့ခြင်းဖြစ်၏။

နောက်တစ်နေ့တွင် ဆိတ်ဖွားတို့လူစုသည် ခရီးသွားရန်ပြင်ဆင်ကြလေတော့၏။

အငြိမ့်အဖွဲ့ကြီး စ,တင် ကပြသည့်အချိန်၌ ၎င်းတို့သည် စတင်ခရီးထွက်သွားကြလေတော့၏။

ဝ-ဝ-ဝ

ဆိတ်ဖွားတို့လူစုသည် ပင်လယ်ပိုင်းသို့ ဆင်းလာပြီးလျှင် ဂန်ဂရားကိုရှာဖွေရင်း စက်လှေတစ်စီးငှားရမ်းကာ ခရီးထွက်ကြလေတော့၏။

စက်လှေစ,၍ထွက်သည့်အချိန်မှစ၍ မောင်ရေချမ်းသည် ဂန်ဂရားနှင့်အတူ ထမင်းချက်သောတာဝန်ကို ယူရလေ၏။

သို့ရာတွင် မောင်ရေချမ်းမှာ တမှိုင်မှိုင် တတွေတွေ ဖြစ်နေလေ၏။

ထို့ကြောင့် စက်လှေအလုပ်သမားများကို အုပ်ချုပ်ရန်တာဝန်ယူထားသည့် သေတ္တာက ရေချမ်းအား . . .

"ဘယ်လိုလဲ မောင်ရေချမ်းရဲ့ ... မင်းကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့ပါလား" ဟု ပြောရာ ရေချမ်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျာ၊ အခုအခါမှာ ကိုသေတ္တာတို့၊ ကိုမိုးသီးတို့၊ ဆရာကြီးကိုဆိတ်ဖွားတို့ကျေးဇူးကြောင့် ကျွန်တော့်မှာ သေဘေးက လွတ်ခဲ့ပါပြီ၊ မကြာခင် ရတနာတွေ ဝေစုခွဲရပြီး သူဌေးကြီးတောင် ဖြစ်ချင်ဖြစ်ဦးမှာ၊ ဒါပေမဲ့ ကျွန်တော့်ချစ်သူ ခင်မေရီတစ်ယောက် ဘယ်ရောက်နေမှန်း မသိရလေတော့ ခင်မေရီနဲ့ ကျုပ်နဲ့တော့ လွဲကြပြီထင်ပါရဲ့ဗျာ . . . အဲဒီလိုလွဲကြရင် ကျုပ် သူဌေးကြီးဖြစ်တော့ရော ဘယ်မှာပျော်နိုင်ပါ့မလဲ" ဟု ပြောလိုက်ရာ သေတ္တာက . . .

"သြော် ... ဒီကိစ္စလား၊ အရေးကြီးတာပေါ့ ငါ့လူရာ၊ အချစ်ရေးဆိုတာ တခြားအရေးတွေလိုပဲ အရေးကြီးတဲ့ကိစ္စကွ၊ ပေါ့ပေါ့တန်တန်လုပ်လို့မဖြစ်ဘူး၊ အဲဒီတော့ လေးလေးနက်နက် စဉ်းစားပြီးမှ ပြောရလိမ့်မယ်၊ ခုတော့ကွာ သွားရမယ့်ကိစ္စက ရှိသေးတယ်မဟုတ်လား၊ အဲဒီက ပြန်လာတော့မှ လုပ်စရာရှိတာ လုပ်ကြတာပေါ့၊ ငါတို့လဲ မင်းချစ်သူကိစ္စအတွက် . . . လိုက်ပြီး ဆောင်ရွက်ပေးမှာပ၊ ဘာမှမပူပါနဲ့" ဟု ပြောလိုက်လေ၏။

ဤသို့နှင့်ပင် . . . ၎င်းတို့၏လှေကြီးသည် တရွေ့ရွေ့နှင့် ပင်လယ်ပြင်ကို ဖြတ်ခဲ့ကြလေ၏။

ဆရာဆိတ်ဖွားမှာ မြေပုံကြီးတစ်ချပ်ကို ဖြန့်၍ကြည့်ရင်း အတွေးနယ်ချဲ့၍ လိုက်ပါလာလေ၏။

ဤသို့နှင့်ပင် ၎င်းတို့သည် ကျွန်းကြီးတစ်ကျွန်းသို့ ရောက်ရှိခဲ့ကြလေ၏။ ထိုကျွန်းသို့ ရောက်သောအခါ၌ ဆရာဆိတ်ဖွားက မိုးသီးနှင့် သေတ္တာကိုခေါ်ယူကာ အောက်ပါအတိုင်း ပြောလေတော့၏။



"မြေပုံထဲကအတိုင်းဆိုရင်တော့ ကျုပ်တို့သွားရမယ့်ကျွန်းဟာ တခြားကျွန်း မဟုတ်ဘူးဗျ၊ ကျုပ်ကိုယ်တိုင် နေလာခဲ့တဲ့ကျွန်းပဲ"

ထိုအခါ မိုးသီးက . . .

"ခင်ဗျားနေလာခဲ့တဲ့ကျွန်း၊ ဟုတ်လား ဆရာကိုဆိတ်ဖွား" ဟု ပြန်၍မေးလိုက်လေ၏။

"အစစ်ပေါ့ဗျာ ... ဟောဒီမှာ မြေပုံကြည့်စမ်း၊ ကျုပ်တို့ သွားရမယ့်ကျွန်းက ဟောဒီ ကောက်ကောက်ကလေးပေါ့ဗျ၊ အဲဒီ ကောက်ကောက်ကလေးဟာ မိုးဇာတို့၊ ဂေါ်ရာတို့၊ ကျောက်ခွဲတို့နဲ့အတူ ကျုပ်နေခဲ့တဲ့ 'မြကျွန်းသာ' ဆိုတာပေါ့ဗျာ" ဟု ဆရာကိုဆိတ်ဖွားက ပြောလိုက်ရာ မိုးသီးက . . .

"အဲဒီတုန်းက ခင်ဗျားတို့ ရတနာပစ္စည်းတွေ မတွေ့ခဲ့ကြဘူးလား" ဟု မေးလေ၏။

"ရှိမှန်းမသိတော့ မရှာကြဘူးလေဗျာ၊ အဲဒီတော့ မတွေ့ဘူးပေါ့ ငါ့လူရာ၊ အဲဒါထက် အရေးကြီးတာက စက်လှေသမားတွေကို ပြန်လွှတ်ဖို့ပဲ၊ ဒီကောင်တွေကို ခေါ်သွားရင် ရတနာပစ္စည်းတွေ မြင်တာနဲ့ပဲ ကျုပ်တို့နဲ့ တိုက်ပွဲဖြစ်ရလိမ့်မယ်" ဟု ကိုဆိတ်ဖွားက ပြောလိုက်ရာ သေတ္တာက . . .

"သိပ်ဟုတ်တာပေါ့ဗျာ ... ဒီကောင်တွေကို ပြန်လွှတ်လိုက်မယ်၊ ပြီးတော့ ဒီကောင်တွေနဲ့ပဲ ကျုပ်ရဲ့ ပင်လယ်ဓားပြကောင်တွေနဲ့ လှမ်းပြီးဆက်သွယ်မယ်၊ အဲဒီတော့ ဒီကျွန်းမှာ ကြာကြာနေနိုင်ဖို့ ရိက္ခာကိုလဲ ကျုပ်တို့ ယူထားလိုက်ကြရအောင်" ဟု ဆိုကာ သေတ္တာသည် လှေပေါ်မှ ပါလာသော ရိက္ခာများကို ကျွန်းပေါ်သို့ ချခိုင်းပြီးလျှင် . . . ထိုလှေမှ မာလိန်မှူးအား

www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်ကျွန်းတစ်ဝိုက်တွင် လှည့်လည်သွားလာနေသော "ဘလူးဘောက်စ်" ဆိုသော လှေကြီးတစ်စင်းကို ရှာ၍ ဤကျွန်းသို့ လာရန် ငွေပေး၍ စေခိုင်းလိုက်လေတော့၏။

ထို့နောက် ၎င်းတို့လေးဦးသည် ထိုကျွန်းပေါ်၌ စခန်းချ၍ နေထိုင်ကြလေတော့၏။

၎င်းတို့သည် ရွက်ဖျင်တဲကြီးများထိုး၍ နေလေ၏။

ချက်ပြုတ်ရေးတာဝန်ကိုမူ မောင်ရေချမ်းနှင့် ဂန်ဂရားက ယူရလေ၏။ သေဗ္ဗာနှင့် မိုးသီးမှာမူ ကျွန်းတစ်လျှောက် ကင်းလှည့်ရလေ၏။

ကိုဆိတ်ဖွားမှာမူ မှန်ပြောင်းကြီးတစ်လက်ဖြင့် သစ်ပင်ပေါ်တွင် လင့်စင်ထိုးကာ အလုပ်ရှုပ်နေလေတော့၏။ တစ်လနီးပါး ခန့် ကြာသောအခါ လင့်စင်ပေါ်မှ ကိုဆိတ်ဖွားက . . .

"သေဗ္ဗာရေ ... မင်းရဲ့ 'ဘလူးဘောက်စ်' ဆိုတဲ့ကောင် ကြီးတော့ လာပြီကွ" ဟု ပြောလိုက်ရာ သေဗ္ဗာက . . .

"ပင်လယ်ဓားပြဆိုတာစိတ်ချရတာမဟုတ်ဘူး ကိုဆိတ်ဖွား၊ လှေကြီးကကျုပ်ရဲ့လှေကြီးပဲထားဦး၊ အပေါ်မှာပါတဲ့ ကောင်တွေ က ကျုပ်ကောင်တွေဟုတ်ချင်မှဟုတ်မှာ၊ အဲဒီတော့ ကိုဆိတ်ဖွား နဲ့ ရေချမ်းက အတွေ့ခံ၊ ကျုပ်တို့သုံးယောက်က ပုန်းနေကြမယ်၊ တကယ်လို့ ကျုပ်ကောင်တွေ မဟုတ်ရင် တိုက်ပွဲဖြစ်ကြမှာဗျ" ဟု ပြောကာ သေဗ္ဗာ၊ မိုးသီးနှင့် ဂန်ဂရားတို့သည် အချိန်း အချက်လုပ်၍ နေရာယူလိုက်ကြလေ၏။

ထို့နောက် ဆိတ်ဖွားနှင့် ရေချမ်းတို့သည် ဘလူးဘောက်စ် ပင်လယ်ဓားပြလှေကြီးအား အလံပြကြလေ၏။ လှေကြီးသည် တဖြည်းဖြည်း နီးသည်ထက် နီး၍ လာလေတော့၏။



ကျွန်းသို့ကပ်၍ ကုန်းဘောင်များထိုးလိုက်သည်နှင့်တစ်ပြိုင် နက်တည်း ပင်လယ်ဓားပြခေါင်းဆောင်တစ်ဦးသည် မိုးပေါ်သို့ သေနတ်တစ်ချက် ဒိုင်းခနဲ ထောင်ဖောက်၍ ဆင်းလာပြီးလျှင် ကိုဆိတ်ဖွားအား သေနတ်ဖြင့် ချိန်လိုက်လေ၏။

ထို့နောက် ပင်လယ်ဓားပြများလည်း ကျွန်းပေါ်သို့ အလျှို အလျှို ဆင်းလာကြပြီးလျှင် ကိုဆိတ်ဖွားနှင့်ရေချမ်းအားဝိုင်းလိုက် ကြလေ၏။

လှေပေါ်၌မူ လက်နက်မရှိသောပင်လယ်ဓားပြတစ်ဝက်ခန့် ကျန်လေ၏။ ခေါင်းဆောင်လုပ်သူသည် ကိုဆိတ်ဖွားအား သေနတ်ဖြင့်ချိန်ကာ "ဘယ်မလဲ သေဗ္ဗာဆိုတဲ့ကောင်" ဟု မေးလိုက်လေ၏။ ထိုအခါ ဆိတ်ဖွားက . . .

"သေဗ္ဗာပြောတော့ ဘလူးဘောက်စ် ပင်လယ်ဓားပြလှေ ကြီးဟာ သူ့လှေကြီးတဲ့၊ အဲဒီအပေါ်မှာ ပါလာတဲ့လူတွေကလဲ သူ့တပည့်တွေတဲ့၊ အခု ဘယ်လိုဖြစ်ကြတာတုံး" ဟု မေးလိုက် လေ၏။

"ဓားပြတိုက်စားမှတော့ဗျာ ... ဆရာတင်ဖို့ မလိုပါဘူး၊ သေဗ္ဗာဟာ ဒီလှေကြီးကို လုမ်းပြီး မှာကတည်းကိုက ပွပေါက် တစ်ခုကိုတွေ့လို့ မှာတာလို့ ကျုပ်နားလည်တယ်၊ အဲဒီသေဗ္ဗာ ဘယ်မှာလဲ' ဟု ခေါင်းဆောင်လုပ်သူက မေးလေ၏။

ထို့နောက် အနီးရှိ မြေပုံတစ်ချပ်ကိုတွေ့လျှင် ကောက်၍ ကြည့်လိုက်ပြီး ပြုံးလိုက်လေ၏။

ထိုသို့ပြုံးပြီးနောက် ခေါင်းဆောင်က ဆိတ်ဖွားအား "ကျုပ် မေးနေတာပြောလေ . . . သေဗ္ဗာ ဘယ်မှာလဲလို့" ဟု ထပ်၍ မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောရင်တော့ ခင်ဗျားက ယုံမှာလား ပင်လယ်ဓားပြကြီးရဲ့ ... ဟောဒီကျွန်းပေါ်မှာ လှေကလေးတစ်စင်းတွေ့လို့ သေတ္တာကယူပြီးထွက်သွားခဲ့တာ ခုနစ်ရက်ရှိပြီ" ဟု ကိုဆိတ်ဖွားက ပြောရာ ဓားပြခေါင်းဆောင်က အသံနက်ကြီးဖြင့် တဟားဟား ရယ်ရင်း . . .

"ဒါမျိုးတွေရိုးနေပြီ" ဟုပြောလေ၏။ ထိုအခါ ဆိတ်ဖွားက-

"ဒါမျိုးတွေ ရိုးနေရင်လဲ ဆန်းတာတစ်ခုလုပ်ကြတာပေါ့ဗျာ" ဟု ပြန်၍ပြောလိုက်၏။

"ဆန်းတာတစ်ခုကတော့ . . . တခြားလုပ်စရာမလိုပါဘူး ခင်ဗျားတို့နှစ်ယောက်ကို ကြိုးနဲ့တုပ်ပြီး ကျွန်းပေါ်မှာ ဝတ်ပြီးသေအောင် ထားခဲ့ဖို့ပဲ၊ မြေပုံက ရပြီပဲ" ဟု ဆိုကာ မြေပုံစာရွက်ကို အိတ်တွင်းသို့ ထိုးထည့်လိုက်လေ၏။

ထိုမြေပုံစာရွက်မှာ အိတ်နီကလေး နှစ်ခုကို ဆက်စပ်၍ ကိုဆိတ်ဖွားက ကူးယူထားသော မြေပုံစာရွက်လေးဖြစ်လေ၏။

ပင်လယ်ဓားပြများသည် ကိုဆိတ်ဖွားနှင့် ရေချမ်းအားကြိုးနှင့်တုပ်ရန် ပြင်ဆင်ကြလေ၏။

ထိုအခါ ကိုဆိတ်ဖွားက . . .

"ဒီမှာ ဒီမှာ ခေါင်းဆောင်ကြီး ... ကျုပ် တစ်ခုပြောခဲ့ပါရစေ၊ ကိုယ့်လူ မြေပုံကြီးကို ဒီလို ထိုးထည့်သွားလို့ ဘယ်မှာဖတ်တတ်မှာတုံး၊ ဒီမြေပုံကြီးကို ကျုပ်ရေးခဲ့တာ၊ ကျုပ်ဆွဲခဲ့တာ၊ အဲဒီတော့ ဒီလိုလုပ်ပါ... ကျုပ်ကို ကြိုးနဲ့တုပ်ချင်ရင်လဲ တုပ်ပါ၊ သတ်ချင်ရင်လဲ သတ်ပါ၊ မြေပုံမှာပါတဲ့ ရည်ညွှန်းချက်ကလေးတွေကိုတော့ . . . ကျုပ် ရှင်းပြလိုက်ပါရစေ၊ ရတနာပစ္စည်းဆိုတာ ကျုပ် ရမှရစေ ဆိုတဲ့ သဘောမဟုတ်ဘူး၊ ဘယ်သူရရ



ာင်းတာပါပဲ၊ မြေကြီးထဲမှာ အလဟဿဖြစ်နေတာကို ကျုပ် ကြိုက်ဘူး၊ ဒါကြောင့် ခင်ဗျားရရင်လဲ ကျေနပ်ပါတယ်" ဟု ပြောလိုက်ရာ ဓားပြခေါင်းဆောင်သည် သူ၏အိတ်အတွင်းမှ မြေပုံစာရွက်ကို ထုတ်ယူ၍ ဆိတ်ဖွားရှေ့သို့ ထိုးပေးလေ၏။

ထိုအခါ ကိုဆိတ်ဖွားက ရှင်းပြရန် မြေပုံစာရွက်ကို လှမ်း၍ လိုက်လေ၏။ ဓားပြခေါင်းဆောင်သည် သူ၏တပည့်များကို သိစေလိုသောကြောင့် . . .

"ဟေ့ကောင်တွေ ...ဟိုဘက်ကိုသွားနေ" ဟု မလှမ်းမကမ်းရာသို့ မောင်းထုတ်ပြီးနောက် ဆိတ်ဖွားအား . . .

"ဒီမှာ ကိုယ့်လူ ... စာရွက်ကို လုံးထွေးပြီး မျိုချမယ် ်မကူးနဲ့၊ ပိုက်ခွဲပြီး ပြန်ယူမှာ" ဟု ပြောလိုက်လေ၏။

"အပိုတွေ ပြောမနေစမ်းပါနဲ့ ငါ့လူရာ... ဒီမြေပုံက ကျုပ် းထားတာပါ၊ ကျုပ် အလွတ်ရပါတယ်၊ ကျုပ်က ရှင်းမပြရင် ာမှ ကိုယ့်လူ နားလည်မှာမဟုတ်ဘူး၊ အေးအေးဆေးဆေး းထောင်စမ်းပါ ...ဟောဒီကျွန်းကောက်ကောက်ကလေးကို ွားရမှာပဲ၊ အဲဒီကျွန်းကလေးက မြကျွန်းသာလို့ ခေါ်တယ်၊ ျွန်းပေါ်ကိုတက်တက်ချင်း မီးနဲ့ထွင်းထားတဲ့ ဆိုင်းဘုတ်စာရင်း ်ခုတွေ့လိမ့်မယ်၊ အဲဒါကသန်းခေါင်စာရင်း၊ အဲဒီမြကျွန်းသာ ါမှာ အရင်တုန်းက ဝရမ်းပြေးသုံးယောက်တည်းပဲ ရှိတယ်၊ တို့ဟာသူတို့ ထွင်းထားတာ . . . အဲဒီ သန်းခေါင်စာရင်း င်းဘုတ်ကလွန်ရင် အခိုင်အခံ့ဆောက်လုပ်ထားတဲ့ တဲသုံးလုံး ွေ့လိမ့်မယ်။

"ဟောဒီမှာ ကြက်ခြေခတ်ထားတာ တွေ့တယ်မဟုတ်လား၊ ဒါ တဲတွေ၊ အဲဒီတဲတွေရဲ့ နံဘေးမှာ စမ်းချောင်း ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းအတိုင်းလိုက်သွားရင် ကျောက်ဂူတစ်ခုတွေ့လိမ့် ပစ္စည်းတွေက အဲဒီကျောက်ဂူမှာ မဟုတ်ဘူး . . . ကျောက်ဂူ ဝါးသုံးရိုက်လောက်ဝေးတဲ့နေရာမှာ၊ အဝိုင်းပြထားတာတွေ့လား အဲဒါတွင်းပဲ၊ အဲဒီတွင်းထဲမှာ ရတနာတွေရှိတာ၊ အဲဒီတွင်းပေါ် မှာတော့ လိပ်ပုံသဏ္ဍာန်သဘာဝကျောက်တုံးကြီးနဲ့ ဖုံးထားတယ် အဲဒါကြီးကို တွန်းဖယ်လိုက် ... ဒါပဲ” ဟု ကိုဆိတ်ဖွား ပြောလိုက်ရာ ပင်လယ်ဓားပြ ခေါင်းဆောင်က . . .

“ရတနာပစ္စည်းရှာတဲ့ လူတွေထဲမှာတော့ ... ခင်ဗျားဟာ လောဘအသတ်နိုင်ဆုံးပဲ၊ ကိုယ်မရရင်လဲ သူများရပါစေလို့ဆို စိတ်သဘောထားမျိုးရှိတယ်၊ ဒါနဲ့များ သူတော်ကောင်းမဖြစ်တာ အံ့ပါရဲ့ဗျာ” ဟု ပြောလိုက်လေ၏။

ထိုအခါ ကိုဆိတ်ဖွားက . . .

“နောက်တစ်ခု ပြောချင်တာကတော့ . . . ခင်ဗျား အလွန် တွေ့ချင်နေတဲ့ သေဓတ္တာဆိုတာ ကျုပ်တွေ့ပေးမယ်” ဟု ပြော လိုက်သည့်အချိန်၌မှာပင် . . . သေဓတ္တာသည် ပင်လယ်ဓားပြ၏ နောက်စေ့သို့ သေနတ်ဖြင့်ထောက်လိုက်ပြီး ဖြစ်နေလေ၏။

ထို့နောက် သေဓတ္တာက . . .

“ဟေ့ကောင် ...မင်းကောင်တွေကို လှမ်းပြီး လက်မြှောက် ထားဖို့အမိန့်ပေးလိုက်စမ်း”ဟု ပြောလိုက်ရာ ဓားပြခေါင်းဆောင် သည် မိမိ၏အသက်ကို လက်ညှိုးတကွေးလေး၌သာ တည်ရှိနေ ကြောင်း ကောင်းစွာ နားလည်သဘောပေါက်သွားသည်ဖြစ်ရာ-

“ဟေ့ကောင်တွေ ... ငါပြောတာ နားထောင်၊ အားလုံး လက်မြှောက်ထားကြ”ဟုဆိုလိုက်ရာ စိတ်လွတ်လက်လွတ် ထိုင် နေသော ပင်လယ်ဓားပြများသည် မျက်လုံးပြူး၍သွားပြီးလျှင်



၎င်းတို့၏ ခေါင်းဆောင်အား ကြည့်လိုက်ရာ နောက်စေ့ကို သေနတ်ဖြင့် ထောက်ထားကြောင်း တွေ့မြင်ရလေ၏။

ထိုအခါ ပင်လယ်ဓားပြတစ်ဦးသည် လက်မမြှောက်ဘဲ သေနတ်ဖြင့်ခုခံမည်လုပ်ရာ ၎င်း၏နောက်မှ တစ်စုံတစ်ယောက် က သေနတ်ဖြင့် ဒိုင်းခနဲ ပစ်ချလိုက်လေ၏။ ပြီးလျှင် ၎င်းတို့၏ နောက်မှလည်း အသံတစ်သံ ထွက်ပေါ်လာလေ၏။ ထိုအသံ ကား မိုးသီး၏အသံဖြစ်၏။

“ခွေးမျိုးတွေ ... ခိုင်းတဲ့အတိုင်းလုပ်၊ အကုန်လုံး သတ်ပစ် မယ်” ဟု ပြောလိုက်ရာ ပင်လယ်ဓားပြများသည် မိမိတို့၏ နောက်ကျော၌လည်း သေနတ်ဖြင့်ချိန်ထားသောလူရှိကြောင်း သိရသောကြောင့် လက်မြှောက်လိုက်ကြလေတော့၏။ ထိုအခါ၌ ဂန်ဂရားနှင့် ရေချမ်းတို့သည် ပင်လယ်ဓားပြများ၏ သေနတ်များ ကို သွား၍ကောက်ယူကာ နေရာရွှေ့ထားလိုက်ကြလေတော့၏။

သေဓတ္တာသည် ပင်လယ်ဓားပြခေါင်းဆောင်အား ခေါင်းကို သေနတ်ဒင်ဖြင့် ထုချလိုက်ပြီးနောက် သေနတ်တစ်ချက် မိုးပေါ် သို့ ထောင်၍ ဖောက်ကာ ဘလူးဘောက်စ် လှေကြီးပေါ်သို့ တက်သွားလေတော့၏။ ထိုအခါ လှေပေါ်၌ ကျန်ရစ်ခဲ့သော လက်နက်မဲ့ ပင်လယ်ဓားပြများက . . .

“ဆရာကိုသေဓတ္တာ” ဟု ဝိုင်း၍နှုတ်ဆက်ကြလေတော့၏။

“မင်းတို့ ဘယ်လိုဖြစ်ကြတာတုံး” ဟု သေဓတ္တာက မေးလိုက် ရာ ပင်လယ်ဓားပြတစ်ဦးက . . .

“တခြား ပင်လယ်ဓားပြအဖွဲ့ တစ်ဖွဲ့က ကျွန်တော်တို့ကို တိုက်ပြီး လက်နက်သိမ်းလိုက်တယ်လေ၊ ကျွန်တော်တို့လဲ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတာ လုပ်နေရတာ၊ သူတို့ကျွေးတာ စားနေရတာ" ဟု ပြန်၍ ဖြေလိုက်လေ၏။ ထိုအခါ သေတ္တာက . . .

"ကဲကဲ ... သေနတ်တွေ သွားယူကြ၊ ရိက္ခာတွေ သင်္ဘောပေါ် ကိုတင်ကြ၊ ဟိုကောင်တွေကိုတော့ ကျွန်းပေါ်မှာ ဒီအတိုင်း ထားခဲ့မယ်၊ ကျွန်းတစ်ကျွန်းလုံး ငါ လှည့်ကြည့်ပြီးပြီ၊ စားစရာ အပင်ဆိုလို့ ဘာပင်မှမရှိဘူး၊ ဒီကောင်တွေ ငတ်သေမှာပဲ" ဟု ပြောလိုက်ရာ သေတ္တာ၏တပည့် ပင်လယ်ဓားပြများသည် ကျွန်းပေါ်သို့ ပြေးဆင်းသွားကြပြီးလျှင် . . . သေနတ်များကို ကောက်ယူကြလေ၏။

ထို့နောက် ၎င်းတို့အား နှိပ်စက်ထားသော ပင်လယ်ဓားပြများကို သေနတ်ဖြင့်ချိန်ကာ အမျိုးမျိုးအဖုံဖုံ နှိပ်စက်ညှဉ်းပန်းလေတော့၏။

ထိုအထဲတွင် သိုင်း အလွန်တတ်သည်ဆိုသော ပင်လယ်ဓားပြတစ်ဦးကိုမူ ၎င်းတို့က သိုင်းပြခိုင်းပြီးလျှင် သေနတ်ဖြင့် ပစ်သတ်ခဲ့ကြလေတော့၏။

ထို့နောက် ၎င်းတို့အားလုံးသည် ဘလူးဘောက်စ် ပင်လယ်ဓားပြလှေကြီးပေါ်သို့ တက်ခဲ့ကြလေ၏။

ပြီးလျှင် သေတ္တာက မာလိန်မှူးလုပ်ကာ မြကျွန်းသာဆီသို့ ထွက်ခွာသွားကြလေတော့၏။

၎င်းတို့ စခန်းချခဲ့သော ကျွန်းကြီး၌ကား ပင်လယ်ဓားပြတို့သည် ငိုယိုမြည်တမ်း၍ ကျန်ရစ်ခဲ့ကြလေတော့သတည်း။

* * * * *

## မြကျွန်းသာသို့ အလည်တစ်ခေါက်

မိုးသီးတို့လူစုသည် . . . ဘလူးဘောက်စ် ပင်လယ်ဓားပြ ရွက်သင်္ဘောကြီးနှင့် မြကျွန်းသာဆီသို့ ဆိုက်ရောက်ကြလေတော့၏။

ကျွန်းပေါ်သို့တက်လိုက်ကြသည်နှင့်တစ်ပြိုင်နက် ကျွန်းပြားကြီးတွင် မီးနှင့်ထွင်းထားသော အောက်ပါစာကို တွေ့ရလေ၏။

> **မြကျွန်းသာ သန်းခေါင်စာရင်း**
>
> **ဤကျွန်း၏ လူဦးရေ**
>
> **ကျား (၃) ယောက်**
>
> **နောက်တိုး ကျား (၁) ယောက်**

ထိုဆိုင်းဘုတ်ကို ဖတ်၍ ရေချမ်းက ရယ်လေ၏။

ရယ်ပြီးလျှင် . . .

"ဘာဖြစ်လို့ ဒါတွေရေးထားတာတုံး၊ ဘယ်သူက ဒီစာကို လာပြီး ဖတ်မှာလဲ၊ သန်းခေါင်စာရင်း ဘယ်သူက လာပြီး စစ်မှာတုံး" ဟု ပြောလိုက်ရာ ကိုဆိတ်ဖွားက . . .

www.burmeseclassic.com

www.burmeseclassic.com



"လုပ်စရာ အလုပ်မရှိတော့ . . . ရှုးကြောင်ကြောင်ဖြစ်ပြီး ရေးထားတဲ့စာတွေကွ၊ ဟိုဘက်မှာလဲ ဒါမျိုးတွေရှိသေးတယ်" ဟု ပြောလိုက်လေ၏။

"ကိုမိုးဇာတို့၊ ကိုဂေါ်ရာတို့၊ ကိုကျောက်ပွဲတို့ လက်ချက် ပေါ့နော်" ဟု ရေချမ်းက မေးလိုက်လေ၏။

"ဒါပေါ့ကွာ" ဟု ကိုဆိတ်ဖွားက ဖြေလိုက်လေ၏။

ကျွန်းပေါ်သို့ အတော်အတန် လျှောက်မိသောအခါ၌ အခိုင်အခံ့ဆောက်လုပ်ထားသော အိမ်ကလေးသုံးလုံးရှေ့တွင်လည်း ပျဉ်ပြားချပ်ကြီး၌ မီးနှင့်ထွင်းထားသော အောက်ပါစာများကို တွေ့ရပြန်လေ၏။

> ကျွန်ုပ်တို့သည် သူခိုးဓားပြများ ဖြစ်ကြပါသည်။
> ယခုအခါ၌မူ လူကောင်းများ ဖြစ်နေကြပြီ။
> အဘယ်ကြောင့်ဆိုသော် ဤကျွန်းပေါ်၌ ကျွန်ုပ်တို့ ခိုးရန် တိုက်ရန် အခြားအိမ်မရှိသောကြောင့် ဖြစ်သည်။
> မျောက်သုံးကောင်

ရေချမ်းသည် ထိုစာကို ဖတ်၍ တခစ်ခစ် ရယ်လေ၏။ ထို့ကြောင့် သေတ္တာက . . .

"ဟေ့ကောင် ... ရယ်လှချည်လား၊ ဘာတွေ ဒီလောက် သဘောကျနေတာတုံး" ဟု မေးလိုက်ရာ . . .

"အခုတွေ့ရတော့လဲ ကိုမိုးဇာ၊ ကိုကျောက်ပွဲတို့၊ ကိုဂေါ်ရာတို့ဟာ မျက်နှာကြီးတွေ တည်တည်ကြီးတွေနဲ့ ကျုပ်ဖြင့် အတော့်ကို လေးစားတယ်ဗျာ၊ ဟော ... ကြည့်စမ်း၊ ဒီစာတွေကို သူတို့ ရေးထားမှန်းလဲသိရော သူတို့ဟာ လူပေါကြီးတွေဖြစ်ကြောင်း



ကျုပ်သိပြီဗျ၊ ကိုသာညာဏ်တို့ ကိုသာဖန်တို့ကို ပြချင်လိုက်တာ ဗျာ" ဟု ရေချမ်းက ပြောလေ၏။

ထို့နောက် အိမ်သုံးလုံး၏ထိပ်၌မူ ကြီးမားသော ပျဉ်ချပ်ကြီးကို မီးဖြင့်ထွင်းထားသော အောက်ပါစာတန်းကြီးကို တွေ့ရပြန်လေ၏။

> ရိုးသားပါ။
> ကြီးမားပါ။
> သို့သော် ချိုးမွှားမို့မရှိ။
> မျောက်သုံးကောင်

ထိုဆိုင်းဘုတ်ကို တွေ့သောအခါ၌မူ ဣန္ဒြေကောင်းသော မိုးသီးပင်လျှင် ပြုံးလေတော့၏။ ရေချမ်းသည် ထိုစာကိုဖတ်၍ တခစ်ခစ် ရယ်ပြန်လေ၏။ ထိုအခါ သေတ္တာက . . .

"ဟေ့ကောင် ... မောင်ရေချမ်း၊ ဆိုင်းဘုတ်တွေဖတ်ပြီး ရယ်မနေနဲ့၊ အူတက်သွားလိမ့်မယ်၊ ဒီကျွန်းပေါ်မှာ အဲဒီလို ဆိုင်းဘုတ်တွေ အများကြီးပဲကွ၊ ဟောဟိုတောထဲမှာတောင် ရှိသေးတယ်၊ အဲဒါက လူတွေဖတ်ဖို့ ရေးထားတာ မဟုတ်ဘူး၊ သစ်ပင်တွေဖတ်ဖို့ ရေးထားတာ" ဟု ပြောလိုက်ရာ ရေချမ်းက "ဘယ်လိုရေးထားတာလဲ ကိုသေတ္တာကြီးရဲ့ ... ပြောစမ်းပါဦး" ဟု မေးလိုက်လေ၏။

> ဟဲ့ ... သစ်ပင်ပေါ်ကလူတို့
> တစ်နေ့တစ်ချိန်ချိန်တွင် သင်တို့အား ငါတို့သည် ထမင်းဆိုင်ပေးမည်ပေါ့။
> ငါတို့သုံးဦးရောက်လာမှ ဤကျွန်းကြီးသည် ယခင်ကထက် သာယာသွားသည် မဟုတ်ပါလား။ ထို့ကြောင့် ထမင်းမပြတ်စေဘဲ ငါတို့အား ကျွေးမွေးပေးလော့။
> မျောက်သုံးကောင်

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းက မေးသောကြောင့် သေတ္တာသည် အထက်ရှိ စာကို ရွတ်ပြလိုက်လေ၏။

ထိုအခါ ရေချမ်းက . . .

"ဒီလူတွေ ဒီကျွန်းပေါ်မှာနေပြီး မဟုတ်က ဟုတ်ကစာတွေ ရေးပြီး အချိန်ဖြုန်းခဲ့ကြတာကိုး ... ရတနာတွေ ရှိကြောင်း သိတောင် မသိခဲ့ကြရှာဘူး" ဟု အပြစ်တင်လိုက်လေ၏။

ထိုအခါ သေတ္တာက . . .

"သူတို့ သိသိ မသိသိကွ၊ တို့ရှာလို့ရတဲ့ ရတနာတွေကိုတော့ သူတို့ကို ခွဲပေးရမယ်ကွ" ဟု ပြောလိုက်ရာ ရေချမ်းက. . .

"ခွဲပေးပါဗျာ ... သူတို့ခများတွေလဲ သနားပါတယ်" ဟု ပြောလိုက်လေတော့၏။

ထို့နောက် ၎င်းတို့သည် အိမ်တစ်လုံး၌ ဝင်၍ အိပ်စက် အနားယူကြလေ၏။

ထိုအခါ၌ ကိုဆိတ်ဖွားက . . .

"အဲဒီ မျောက်သုံးကောင်ဆိုတာ တစ်ချိန်ကတော့ အတော်ကို ကြံရည်ဖန်ရည်ရှိပြီး စွန့်စားဝံ့တဲ့လူတော်တွေပဲကွ၊ ဒီကျွန်းကြီးပေါ်လဲရောက်ရော ဘယ်လိုကနေ ဘယ်လို မျောက်စိတ်ပေါက်သွားသလဲ မဆိုနိုင်ဘူး၊ ဘာမှလဲမလုပ်ဘဲ ပျဉ်ပြားတွေကို မီးနဲ့လျှောက်ထွင်းတော့တာပဲ၊ အရည်မရ အဖတ်မရ စာတွေကို လျှောက်ပြီးချိတ်တော့တာပဲ၊ အဲဒါ ကျုပ်ရောက်လာမှ ဒီကျွန်းက ဆိုင်းဘုတ် တော်တော်များများကို ဖြုတ်ချပြီး လှေစပ်ပစ်လို့ နည်းနည်းကျန်တော့တာ၊ ကိုယ်က ကျွန်းပေါ်မှာနေတာပဲဗျာ၊ ပျဉ်ပြားတွေကို အလကားဖြုန်းပစ်ရတယ်လို့ မသကာ လှေလေး ဘာလေးစပ်ရင် မကောင်းဘူးလား ... ရယ်စရာကောင်းတဲ့



ဆိုင်းဘုတ်တစ်ခု ရှိသေးတယ်၊ 'သတိ၊ အပြင်လူ မဝင်ရ' တဲ့၊ အဲဒီဆိုင်းဘုတ်ကြီးကို ကျုပ် ရေထဲလွှင့်ပစ်လိုက်ပြီ၊ ဒီမှာက သုံးယောက်တည်းနေတာ၊ ဘယ်ကလာ အပြင်လူရှိရမလဲ" ဟု ပြောဆိုကာ ကိုဆိတ်ဖွားလည်း ရယ်မောလေတော့၏။

"သူတို့အိမ်မှာ 'ဖိနပ်ချွတ်ပါ' ဆိုတဲ့ စာတွေလဲ ချိတ်ထားသေးတယ်ဗျ၊ သူတို့သုံးယောက်စလုံးမှာ ဖိနပ်မရှိဘူး၊ တခြားက လာမယ့် ဧည့်သည်လဲ မရှိဘူး" ဟု ဆိတ်ဖွားက ပြောလိုက်ရာ ကြားရသူ အပေါင်းတို့သည် ဝါးခနဲ ရယ်မောလိုက်ကြလေ တော့၏။

ထို့နောက် ဆိတ်ဖွားတို့လူစုသည် အိမ်များကို လှည်းကျင်း၍ ချက်ပြုတ်စားသောက် တည်းခိုနေထိုင်ကြလေ၏။

နောက်တစ်နေ့တွင် ရတနာမြေပုံညွှန်းအတိုင်း ရှာဖွေကြရာ သဘာဝဖြစ်ပေါ်နေသော လိပ်ပုံသဏ္ဌာန် ကျောက်တုံးကြီး ကို တွေ့ရလေတော့၏။ ထိုကျောက်တုံးကြီး၏ ဘေး၌မူ "မစ္စတာဝမ်" ဟု ရေးထိုးထားသည်ကို တွေ့ရလေတော့၏။

ထိုကျောက်တုံးကြီးအား ၎င်းတို့သည် တွန်း၍ဖယ်လိုက်ရာ အုတ်စီထားသော ကျင်းကြီးကို တွေ့ရလေ၏။

ထိုကျင်းကြီး၏ အောက်ခြေ၌ကား သံသေတ္တာကြီးတစ်လုံး ကို မြင်ကြရလေတော့၏။ ထိုအခါ မိုးသီးသည် ကျင်းအောက်သို့ ဆင်းသွားပြီးလျှင် သေတ္တာကြီးအား ကြိုးဖြင့်ပတ်လိုက်လေ၏။

ပြီးလျှင် အပေါ်မှ လူများက ဆက်သီးတစ်ခု ပြုလုပ်ကာ ကြိုးကိုဆွဲ၍ တင်လိုက်ကြလေ၏။

မိုးသီးမှာမူ သေတ္တာကြီးနှင့်အတူ အပေါ်သို့ ပါလာလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ ရောက်သောအခါ၌ သေတ္တာကြီးကို ဖွင့်၍ ကြည့်ရာ မြောက်မြားစွာသောရွှေဒင်္ဂါးများ၊ မြောက်မြားစွာသော ငွေဒင်္ဂါးများ၊ မြောက်မြားစွာသော လက်ဝတ်ရတနာများကို တွေ့ရလေတော့၏။

ထိုရတနာတို့ကိုကြည့်၍ မောင်ရေချမ်းသည် ဝမ်းသာလွန်း၍ ကျွမ်းထိုးလေတော့၏။

ကျွမ်းထိုးပြီးနောက် ရယ်လေ၏။ ထိုအဖြစ်ကို ကြည့်၍ ဆရာ ကိုဆိတ်ဖွားက . . .

"ဟော့ကောင်လေး ... မင်းလဲ မျောက်ဖြစ်သွားပြီ" ဟု ပြောလိုက်မှပင် ရေချမ်းသည် ကျွမ်းထိုးခြင်းမှ ရပ်လိုက်လေတော့၏။

ထို့နောက် ၎င်းတို့သည် ရတနာပစ္စည်းများကို တဲအိမ်များဆီသို့ သယ်ယူကာ ခွဲဝေပေးလေ၏။

ပစ္စည်း၏ အများစုကို ရေချမ်း ရလေ၏။

မိုးသီးကမူ . . . စရိုက်စကလောက် အဖြစ်လောက်သာ တောင်းယူလေ၏။

သေတ္တာကလည်း သူ၏ ပင်လယ်ဓားပြများကို ကျွေးမွေးရန်အတွက် အနည်းငယ် တောင်းယူလေ၏။

ကိုဆိတ်ဖွားကမူ လုံးဝမယူ။ မိုးဇာ၊ ကျောက်ပွဲ၊ ဂေါ်ရာ မျောက်သုံးကောင်နှင့် အငြိမ့်မင်းသမီးလေးမြကျွန်းသာအတွက် ဝေစုလေးစုခွဲ၍ သေတ္တာ၏လက်၌ အပ်နှံထားလိုက်လေ၏။

ဂန်ဂရားကိုမူ ဝေစုအပြင် ရေချမ်းက သဒ္ဓါကြေးအဖြစ် ထပ်မံ၍ ပေးသေး၏။

ဂန်ဂရားကလည်း ယခုအခါ စက်လှေပိုင်ရှင်ဖြစ်နေသောကြောင့် အတန်တန်ငြင်းလေ၏။ ထိုအခါ မိုးသီးက . . .



"ဟော့ကောင် ... ဂန်ဂရား၊ မင်းက ဘာဖြစ်လို့ ဒီဝေစုတွေကို မယူချင်ရတာတုံး" ဟု မေးလိုက်ရာ ဂန်ဂရားက . . .

"ကိုမိုးသီးရယ် ... ကျွန်တော်က အလုပ်လုပ်ချင်တဲ့သူပါ။ ချမ်းသာရင် ဘယ်လိုလုပ်ပြီး အလုပ်လုပ်ရတော့မှာလဲ၊ အလုပ်မလုပ်ရင် မျောက်ဖြစ်သွားမှာပေါ့" ဟု ပြောလိုက်ရာ အားလုံးက သဘောကျ၍ လက်ခုပ်တီးလိုက်ကြလေတော့၏။

ဤသို့နှင့်ပင် ၎င်းတို့သည် ဘလူးဘောက်စ် ခေါ် သင်္ဘောကြီးဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ပြန်ခဲ့ကြလေတော့၏။

ထိုသို့ပြန်ခဲ့ကြပြီးနောက် ပင်လယ်ကမ်းရိုးတန်း တစ်နေရာတွင် သိုသိုသိပ်သိပ်နေထိုင်ရင်း မြကျွန်းသာအငြိမ့်အဖွဲ့ကြီးအား အဆက်အသွယ်ရရန် ကြိုးပမ်းကြလေတော့သတည်း။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်နှစ်ပွဲဈေးသည်

မြကျွန်းသာအငြိမ့်ပွဲကြီးကား ကပြနေရာမှ ရုတ်တရက် အငြိမ့်ကို ဖြုတ်လိုက်လေ၏။ အဘယ်ကြောင့်ဖြုတ်လိုက်သနည်း ဆိုမူ . . . အဖွဲ့ခေါင်းဆောင် မိုးဇာက ကျောက်ပွဲ၊ ဂေါ်ရာနှင့် ဆိုင်းဆရာ သာညာဏ်၊ သာဖန်၊ အငြိမ့်မင်းသမီးကလေး မြကျွန်းသာ ခေါ် လှလှတို့အား ဤသို့ပြောလေ၏။

"ငါတို့ကတော့ မြကျွန်းသာအငြိမ့်အဖွဲ့ဆိုပြီး နေရာတကာ လှည့်လည်ကပြရင်း ပင့်ကူအဖွဲ့ ကို ရှာတာကတော့ ဟုတ်ပါပြီ၊ ငါတို့မှာလဲ အန္တရာယ်ရှိတယ်၊ ဘယ်လိုအန္တရာယ်လဲ ဆိုတော့ ပြည်မှာ ငါတို့ဇာတ်မထွက်ခင်တုန်းက ကိုသေတ္တာကြီးသိအောင် ဆိုပြီး ဆရာကိုဆိတ်ဖွားက သေတ္တာတစ်လုံးဝယ်ချင်တယ်ဆိုတဲ့ ကြော်ငြာနဲ့ သတင်းစာမှာအချက်ပေးလိုက်တာကို မင်းတို့မှတ်မိကြမှာပေါ့၊ အဲဒီကြော်ငြာဟာ တခြားလူတွေအတွက် ဘာမှ အဓိပ္ပာယ်မရှိပေမယ့် ကိုသေတ္တာကတော့ အဲဒီကြော်ငြာကို ဖတ်ပြီး ငါတို့ဆီရောက်လာတယ်မဟုတ်လား၊ ငါဆိုလိုတာက တော့ ကိုသေတ္တာအတွက်ကတော့ အဲဒီကြော်ငြာဟာ သိပ်ကို အဓိပ္ပာယ်ရှိသွားတာပေါ့ကွာ၊ အေး ... အဲဒီ ကိုသေတ္တာလိုပဲ



အဓိပ္ပာယ်ရှိနိုင်တဲ့ တခြားလူတစ်ယောက် ရှိသေးတယ်ကွ၊ အဲဒါ က ဘယ်သူလဲဆိုတော့ ငါတို့ရဲ့သေမင်း ဆားပုလင်းနှင်းမောင် ပဲကွ၊ သူက သိပ်ပြီး အကင်းပါးတယ်၊ ဒီကြော်ငြာကို သူ ဖတ်မိ ရင်တော့ ငါတို့အငြိမ့်အဖွဲ့နောက်ကို တန်းပြီးလိုက်လာလိမ့်မယ်၊ အဲဒီတော့ အငြိမ့်ဆိုင်းဘုတ်ကြီးကိုဖြုတ်ပြီး တစ်မျိုးကြံကြသေး တာပေါ့ကွာ"

မိုးဇာ၏စကား ဆုံးသွားသည်နှင့် အားလုံးသည် အတွေး ကိုယ်စီနှင့် ဖြစ်သွားကြလေတော့၏။

ထိုအခါ ကျောက်ပွဲက . . .

"အငြိမ့်အဖွဲ့ကြီးဖြုတ်ပြီး တစ်နေရာမှာ ကျုပ်တို့ ငြိမ်ငြိမ် ကလေး နေလိုက်ရင် ဖြစ်ပါတယ်၊ ဒါပေမဲ့ ခက်တာက ပင့်ကူ ကောင်တွေကိုရှာပြီး ရှင်းပစ်ဖို့တာဝန်က ကျုပ်တို့မှာရှိသေးတယ် မဟုတ်လား၊ အဲဒီတာဝန်ကလဲ ကျုပ်တို့ ဆောင်ရွက်ပါ့မယ်လို့ ဆရာ ကိုဆိတ်ဖွားဆီမှာ ကျေကျေနပ်နပ်ကြီး ကတိပေးလိုက်ကြ တယ်လေဗျာ၊ အဲဒီတော့ ဘယ်လိုလုပ်ကြမတုံး" ဟု ပြောလိုက် လေ၏။

ထိုအခါ ဂေါ်ရာက . . .

"အငြိမ့်အဖွဲ့အနေနဲ့တော့လှည့်လို့မရဘူးကွ၊ ဒါပေမဲ့ တခြား နည်းနဲ့တော့ မြန်မာပြည်အနှံ့ လှည့်နေရမှာပဲ၊ အဲဒါ ဘယ်လို လှည့်ရမလဲဆိုတာကို စဉ်းစားကြပေတော့" ဟု ပြောလိုက်လေ တော့၏။

ထိုအခါ သာညာဏ်က . . .

"ကျုပ်ပြောတာကို လုပ်ရမယ်လို့ ဆိုတာ မဟုတ်ဘူးနော်၊ အကြံပေးတာပါ . . . လူစုလူဝေးနဲ့လှည့်ဖို့ အကောင်းဆုံးက

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်အလုပ်၊ ဇာတ်အလုပ်ပဲဗျ၊ ဒါပေမဲ့ အဲဒီအလုပ်ကို လုပ်လို့ မဖြစ်ဘူး ဆိုတော့ ဒီလိုလုပ်ရင်ကော မဖြစ်ဘူးလားဗျာ” ဟု ပြောလိုက်ရာ မိုးဇာက . . .

“ဘယ်လိုလုပ်ရမလဲ၊ လုပ်စမ်းပါဦး ရှာစားကိုသာညာဏ်ရဲ့” ဟု အားတက်သရော မေးလိုက်လေ၏။

“မြန်မာပြည်အရပ်ရပ်က ပွဲတော်တွေမှာ အိမ်မပြန်ကြတော့ဘဲ ဆယ့်နှစ်ရာသီစလုံး ဈေးလိုက်ရောင်းနေတဲ့ ဆယ့်နှစ်ပွဲဈေးသည်ဆိုတာရှိတယ်ဗျ၊ အဲဒီတော့ ကျုပ်တို့ခြောက်ယောက် ပစ္စည်းခွဲပြီး တစ်ယောက်တစ်မျိုးရောင်းကြတာပေါ့ဗျာ၊ ကျုပ်တို့အချင်းချင်းတော့ အဆက်အသွယ်ရှိကြမှာပေါ့၊ တခြားလူတွေရဲ့ အမြင်မှာတော့ တစ်နေရာဆီက ကိုယ့်စိတ်ကူးနဲ့ကိုယ် ရောက်လာတဲ့ ဈေးသည်တွေလို့ ထင်ပါစေပေါ့ဗျာ၊ အဲဒီတော့ ဒီလိုလုပ်မယ် ... လှလှက အာပုံရောင်းဟယ်၊ အရင်ကလဲ ‘နင်ရောင်းဖူးတယ် မဟုတ်လား” ဟု ပြောလိုက်ရာ လှလှက . . .

“အရေးကြီးတဲ့စကားပြောနေတာ ... ကိုရင်သာညာဏ်ကြီးက လုပ်ပြီ၊ ရွှတ်နောက်နောက်နဲ့” ဟု ပြောလိုက်လေ၏။

ထိုအခါ သာဖန်က . . .

“အာပုံက ကုလားမုန့်ကွ၊ တောပွဲတွေကျတော့ မစားဘူးကွ၊ မြန်မာဆန်ဆန် မုန့်ပေါင်း ရောင်းဟယ်” ဟု ပြောလိုက်ပြန်ရာ လှလှက . . .

“လာပြန်ပြီ တစ်ယောက်၊ ရွှတ်နောက်နောက်နဲ့၊ ရှင်တို့ညီအစ်ကိုနှစ်ယောက် ဆိုင်းဆရာလုပ်ဖို့ မကောင်းဘူး၊ လူပြက်လုပ်ဖို့ကောင်းတယ်” ဟု ပြောလိုက်ရာ သာညာဏ်က . . .



“ငါတို့ကလဲ ဆိုင်းဆရာလုပ်ချင်လို့ လုပ်ရတာ မဟုတ်ဘူးဟေ့၊ ဘာမှန်းမသိ ညာမှန်းမသိ ပင့်ကူကောင်တွေ နှိပ်စက်လို့ ထွက်ပြေးရင်းနဲ့ လုပ်နေရတာ၊ အဲဒီပင့်ကူတွေကိုတော့ မြွေနဲ့တွေ့မှ နာမယ်” ဟု ပြောလိုက်ရာ လှလှက . . .

“ပင့်ကူက မြွေကို မကြောက်ဘူးရှင့်၊ သူကသာ မြွေကို တွေ့ရင် ခေါင်းဖောက်ပြီးစားတာ” ဟု ပြောလိုက်လေ၏။

မိုးဇာတို့သည် သာညာဏ်ပေးသောအကြံကို သဘောကျသည်ဖြစ်ရာ ဆယ့်နှစ်ပွဲဈေးသည်များအဖြစ် ရုပ်ဖျက်၍ ခရီးလှည့်လည်ရန် သဘောတူကြလေသည်။ ထို့ကြောင့် ၎င်းတို့သည် မည်သို့မည်ပုံရုပ်ဖျက်ကြမည်ကို အသေးစိတ် တိုင်ပင်ကြလေတော့၏။

ထိုသို့တိုင်ပင်ပြီးနောက် မြကျွန်းသာအငြိမ့်မင်းသမီးကလေး လှလှသည် မုန့်သိုင်းခြုံနှင့် အောင်ဗလမုန့်ဈေးသည်ကလေး ဖြစ်သွား၏။

သာညာဏ် သာဖန် ညီအစ်ကိုနှစ်ဦးသည် ပူစီဖောင်းရောင်းသမား ဖြစ်သွား၏။

ခေါင်းဆောင်လုပ်သူ မိုးဇာမှာမူ ပွဲတော်တွင် ရေရောင်းရသော ရေထမ်းသမားဖြစ်သွား၏။

ကျောက်ပွဲနှင့်ဂေါ်ရာတို့သည် လက်ဖက်ရည်ဆိုင်ပိုင်ရှင်များ ဖြစ်သွားကြလေတော့၏။

ထို့နောက် ၎င်းတို့သည် တောင်ငူမြို့ရှိ ရွှေဆံတော်ဘုရားပွဲတော်ကြီးသို့ အလျှိုလျှို ဆယ့်နှစ်ပွဲဈေးသည်များအဖြစ် ဝင်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လှလှသည် ဈေးသည်များအား နေရာချထားပေးသော လူကြီးများထံသို့ သွားရောက်၍ မုန့်သိုင်းခြုံနှင့် အောင်ဗလမုန့် ရောင်းရန်အတွက် နေရာတောင်းလေ၏။ ထိုအခါ လူကြီးများက အလှူငွေထည့်ခိုင်းပြီးလျှင် နေရာပေးလိုက်လေ၏။

လှလှသွားပြီး မကြာမီ၌ပင် ဂေါ်ရာနှင့် ကျောက်ပွဲတို့သည် လက်ဖက်ရည်ဆိုင် တည်ခင်းရောင်းချရန်အတွက် နေရာသွား၍ တောင်းပြန်၏။

လှလှ၏ ဆိုင်ဘေးနား၌ပင် ၎င်းတို့၏ လက်ဖက်ရည်ဆိုင်ကို နေရာချထားပေးလိုက်လေတော့၏။

ထိုအခါ ဂေါ်ရာနှင့် ကျောက်ပွဲတို့သည် ကျင်းများတူး၍ ဝါးလုံးများစိုက်၏။

ကျူပြာဖြင့်အမိုးများမိုး၏။ ပြီးလျှင် ပိတ်နယ်ဖူးစည်းများပတ်၏။ ထိုနဖူးစည်းအပေါ်၌ကား . . .

**လူထုမေတ္တာ လက်ဖက်ရည်ဆိုင်ကြီး**

ဟူသောစာ ပါရှိလေ၏။ ထို့နောက် သူတို့သည် စားပွဲများ ခင်းကြ၏။ နို့ဆီဘူး၊ နို့စိမ်းဘူးများ စီကြ၏။ လက်ဖက်ခြောက်များ နှပ်ကြ၏။ ၎င်းတို့၏နံဘေး၌လည်း . . .

**မန္တလေးမြို့ မူလလက်ဟောင်း ဓေါ်သူဇာ၏သမီး**
**လှလှလေး မုန့်သိုင်းခြုံ**

ဟူသော ဘော်ကြယ်ထိုး ကတ္တီပါဆိုင်းဘုတ်ကို ချိတ်၍ မီးဖိုများ၊ ဒယ်ပိုင်းများကို ပြင်ဆင်လေတော့၏။



ထိုအချိန်မှာ . . . ပူစီဖောင်း ရောင်းသမား နှစ်ဦးသည် တောင်ဘက်မှ . . . ကောင်း၊ မြောက်ဘက်မှလည်းကောင်း လာကြပြီးလျှင် "လူ . . . လက်ဖက်ရည်ဆိုင်" ၌ ဆုံကြကာ လက်ဖက်ရည်ဆိုင်အတွင်း . . . ဝင်ပြီးလျှင် . . .

"လက်ဖက်ရည် တစ်ခွက် . . . နှစ်ယောက် သောက်တွေကို ရေနွေးကြမ်းသုံးအိုးပေးမလား" . . . လိုက်ရာ လှ . . . မျက်နှာတွေ ရောင်းသော ဂေါ်ရာက . . . ကျောပေါ် တရော်ရည်

"ပိုက်ဆံမရှိလို့ မသောက်နိုင်ရင် . . . လိုက်လေ၏။

လက်ဖက်ရည်တစ်ခွက်ကို နှစ်ယောက်သောက်သည်က . . . လို့ မကောင်းပါဘူး၊ ရေနွေးကြမ်းသုံးအိုးဆိုတဲ့ ကျုပ်တို့က ပွဲတကာ ဘူးလားဗျာ" ဟု ပြောလိုက်ရာ သာညက်က ဒီလိုပျော်ပျော်မ . . .

"လူထုမေတ္တာ ဆိုလို့ မေးကြည့်တာပါ . . . လိုက်လေ . . . တစ်ယောက် တစ်ခွက်စီ သောက်ကြတာပေါ့၊ . . . စီဖောင်း . . . ဆိုင်မှာကော ပူစီဖောင်းကလေးများ အလှအပ မဆွဲချင် . . . ဆွဲချင်ရင် ကျုပ်တို့ကဆွဲပေးခဲ့ပါ့မယ်"ဟုပြောရာ ဂေါ် . . .

"ဟုတ်တယ်ကျောက်ပွဲရေ ငါတို့ဆိုင်မှာလဲ မျက်နှာ . . . ရှင်းနေတာကွ၊ ပူစီဖောင်းလေးဘာလေး အလှအပလေး ဆွဲမှ တော်မယ်ဟေ့၊ ကဲ ပူစီဖောင်းဆရာတို့ ဆွဲပေတော့" ဟု ပြော လိုက်ရာ ပူစီဖောင်းရောင်းသမားနှစ်ဦးသည် ၎င်းတို့၏ပူစီဖောင်း များကို လိုက်၍ချိတ်လေ၏။ ထိုသို့ချိတ်ရင်း သာညက်က . . .

"လူစည်ကြောင်းအတွက် ပူစီဖောင်းဆွဲ . . . ဆိုင်တို့ ကျက်သရေ ရှိသွားတော့တာပဲ၊ ဟိုဘက်က အောင်ဗလမုန့် ရောင်းတဲ့ ကလေးမ၊ ပူစီဖောင်း ယူဦးမလား" . . . လိုက်ရာ အောင်ဗလမုန့်သည် လှလှကလေးက . . .

www.burmeseclassic.com

www.burmeseclassic.com

"အောင်ဗလမုန့်နဲ့ ပူစီဖောင်းနဲ့ ဘာဆိုင်လို့တုံး၊ ယီးတီးယားတား လာမလုပ်နဲ့၊ သံယောက်မတွေ ပြီးသွားမယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ သာဖန်က "ကံကောင်းလို့ သံယောက်မနဲ့တွေ့ရ အလှူတော့လဲ ပျော်စရာပေါ့ဗျာ" ဟု ပြောလိုက်ရာ မုန့်သိုင်းခြုံသည် လှလှသွား . . .

လက်ဖက်ရည်ဆိုင် အတွက် ... ခင်စပ်စပ်နဲ့၊ ပင့်ကူရှုပ်လို့ သေမယ့် တောင်းပြန်၏။ ... လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဂေါ်ရာနှင့် လှလှ၏ ဆိုင်ဘေးနား ... ဝင်းဝါး ရယ်လေတော့၏။ ကို နေရာချထားပေးလိုက်ရာက . . .

ထိုအခါ ဂေါ်ရာနှင့် ... ခင်းရောင်းတဲ့ ဆရာနှစ်ယောက်၊ ဘာဖြစ်လို့ ... ခါးလုံးများစိုက်၏။ ... ပြီး ပူစီဖောင်းရောင်းနေရတာလဲဗျာ၊ ခင်ဗျားတို့ ... မျှဖြင့်အမိုက်လှူပြက်လုပ်စားရင်တောင် ရတယ်ဗျ" ဟု ပြော ... ည်းအခါ၊ ထိုအခါ သာညာက . . .

"... ပြက်တော့မလုပ်ပါရစေနဲ့ဗျာ၊ မသကာလုပ်ရရင် ရွာစား ... ဆို တော်သေးတယ်၊ ဒါကလဲ စကားအဖြစ် ပြောတာပါ ... ကျုပ်သာ ရွာစားလုပ်စားရင် မင်းသမီးနဲ့အိမ်ထောင်ကျမှာ ပါဗျာ" ဟုပြောလိုက်ရာ အောင်ဗလမုန့်သည်လှလှကလေးက-

"သူ့ရုပ်ကိုများ ဘယ်မင်းသမီးကကြိုက်မှာလဲ၊ မျက်နှာကိုက ... ကို ... နောင့်နဲ့ပေါက်ထားတဲ့ပုံမျိုး၊ ခွပ်တီးခွပ်တောက် နဲ့" ဟု ပြောလိုက်ရာ သာဖန်က . . .

"ဒီမှာကိုယ်လှ ... ဟိုဘက်ဆိုင်က အောင်ဗလမုန့်သည် လေးက ... တွေ ယူခဲ့တဲ့၊ ကန်တော့ပွဲနဲ့ တောင်းကြစို့ လို့ ပြောနေပြီ" ဟု ဆိုလေ၏။ ထိုအခါ သာညာက . . .



"ဒါတွေထားစမ်းပါ၊ ဟဲ့ ... ကလေးမ၊ မနေ့ကအကျန်တွေ ဆီပူတိုက်ထားတာ ရမလား" ဟု မေးလိုက်ရာ အောင်ဗလမုန့်သည်ကလေးက . . .

"ရှင် စကားပြောတာ ကြည့်ပြော၊ အကျန်ရောင်းတဲ့ဆိုင် မဟုတ်ဘူး၊ ကျန်ရင်လဲ ခွေးကျွေးပစ်လိုက်တာ၊ လူတွေကိုက မအူမလည်နဲ့၊ ပူစီဖောင်းရောင်းပေလို့သာတော်၊ မျက်နှာတွေ ကလဲ ပြောင်ပါဘိသနဲ့ . . . ကျောက်ကျောပေါ် တရော်ရည် ဖွန်းထားတာ ကျနေတာပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ သာဖန်ဆိုသော ပူစီဖောင်းသည်က . . .

"စိတ်မရှိပါနဲ့ ကလေးမလေးရယ် ... ကျုပ်တို့က ပွဲတကာ လှည့်ပြီး ရောင်းဝယ်စားနေရတယ်ဆိုတော့ ဒီလိုပျော်ပျော်မနေ ရင် အသက်ရှင်ဖို့ ဘယ်လွယ်မတုံး" ဟု ပြောလိုက်လေ၏။

ထို့နောက် လက်ဖက်ရည်ဆိုင်ပိုင်ရှင်နှင့် ပူစီဖောင်းသည် တို့သည် လက်ဖက်ရည်ဖိုးနှင့် ပူစီဖောင်းဖိုးကို ချေလိုက်ကြလေ တော့၏။ ၎င်းတို့ ထွက်သွားခါနီးတွင် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဂေါ်ရာ ဆိုသူက . . .

"ဒီမှာ ဒီမှာ ... ပူစီဖောင်းသည်ကို၊ ကျုပ်တို့စည်ပိုင်းထဲမှာ မိကျောင်းပေါ်နေပြီ၊ ရေသည်တွေ့ရင်လွှတ်လိုက်ပါ" ဟု မှာလိုက် လေ၏။

ထိုအခါ ပူစီဖောင်းသည်တစ်ဦးက . . .

"တွေ့ရင်တော့ လွှတ်လိုက်ပါ့မယ်ဗျာ၊ ဒါပေမဲ့ ရေသည် မဟုတ်ဘူးဗျ၊ ဘုရင်ခံကနေ မြှုတ်ကျလာတာ၊ ဘယ်နားမှာ သွားနှုပ်နေသလဲ မဆိုနိုင်ပါဘူးဗျာ" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ငင်းတို့သည် ဘုရားရင်ပြင်တော်ပေါ်သို့တက်၍ သွားကြရာ ရေပုံးနှင့် ထမ်းပိုးကိုချ၍ ဦးထုပ်စုတ်ကို မျက်နှာပေါ်အုပ်ကာ အိပ်နေသော ရေသည်တစ်ဦးကို တွေ့ရလေ၏။

ထိုအခါ ပူစီဖောင်း ရောင်းသောသူက . . .

"စည်းစိမ်ရှင် ရေသည်ကြီးခင်ဗျား လူထုမေတ္တာလက်ဖက်ရည်ဆိုင်က သံပီပါ တစ်လုံးကို ခြောက်ထမ်းနှုန်းနဲ့ သံပီပါ သုံးလုံးစာ ရေဆယ့်ရှစ်ထမ်းအလိုရှိနေပါတယ်တဲ့" ဟု ပြောလိုက်လျှင် ရေသည်လည်း မျက်နှာတွင်အုပ်ထားသော ဦးထုပ်စုတ်ကို လက်ဖြင့် ဖယ်လိုက်ပြီးနောက် . . .

"စိန်ကောင်းကျောက်ကောင်းရောင်းတဲ့နေရာမှာ ပူစီဖောင်းသည်က ကန့်လန့်ဆိုတာ ဒါမျိုးထင်တယ် . . . ကဲကဲ ကျေးဇူးတင်တယ်ဗျို့၊ ကျုပ်လဲ ရေထမ်းဖို့ ရှိသေးတယ်" ဟု ဆိုကာ သူ၏ရေပုံးများကိုထမ်းပိုး၍ ပွဲခင်းဆီသို့ဆင်းသွားလေတော့၏။

ထိုသို့ ဆင်းသွားသည့်အခါ၌ . . . ရေထမ်းသမားသည် ဘောလုံးသည်အနီးသို့ကပ်ကာ . . .

"ဘယ်လိုလဲ ... ငါ့လူကို ကျုပ်ခိုင်းထားတာ ဘယ့်နှယ်လဲ" ဟု မေးလိုက်ရာ ပူစီဖောင်းသည်က . . .

"သေချာပါတယ်ဗျာ၊ မြို့ပိုင်ရုံးစာရေးကြီးဗျ၊ သူ့အိမ်လဲ ကျုပ်တို့သိခဲ့ပါပြီ၊ ညကို အလုပ်စ,နိုင်ရင် ရပြီ" ဟု ပြောလိုက်လေ၏။

"သူ့အိမ်မှာ သူတစ်ယောက်တည်းလား" ဟု ရေထမ်းသမားကြီးက မေးလေ၏။

"ဟုတ်ပါ့ဗျာ၊ ဘုန်းမောင်တစ်ယောက်တည်းဆိုတာ သူ့ကို ပြောတာပဲ" ဟု ဘောလုံးသည်က ပြန်၍ပြောလိုက်လေ၏။



ထို့နောက် ရေထမ်းသမားသည် လူထုမေတ္တာ လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိသွားလေတော့၏။ ထိုအခါ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကျောက်ပွဲက . . .

"ခင်ဗျားတို့ ရေထမ်းသမားတွေကလဲ ပင့်ရလှချည်လားဗျာ၊ လက်ဖက်ရည်ရောင်းတယ်ဆိုတာ ရေရောင်းတာဗျ၊ နို့ဆီရယ်၊ သကြားရယ်၊ လက်ဖက်ခြောက်ရယ်က နည်းနည်းပဲပါတာ၊ အရေးထဲ ခင်ဗျားတို့က ရေကို လုံလောက်အောင် လာပြီး မထည့်ဘူးဆိုတော့ ကျုပ်တို့ ဘယ်လိုလုပ်ပြီး ဈေးရောင်းရမှာတုံး၊ ပွဲတော်မှာ ရေရောင်းတဲ့လူတွေကတော့ တစ်ပုံစံတည်းပဲ၊ လူတွေအခက်တွေ့ပြီဆိုရင် ဈေးကိုင်ပြီ၊ အဲဒီလိုဈေးကိုင်ဖို့ ခင်ဗျားတို့ . . . ဘယ်ဆရာဆီမှာ ပညာသင်ထားတာတုံး" ဟု ကြိမ်းမောင်းလေ၏။

ထိုအခါ အနီးရှိ မုန့်သိုင်းခြုံသည်ကလေးက . . .

"ရေထမ်းဆရာကြီး၊ ကျွန်မက မိန်းကလေးရှင့်၊ ယောကျ်ားတွေလို ရေတွင်း ရေကန်တွေမှာ ထဘီရင်လျားနဲ့ ရေချိုးလို့ သင့်တော်တာ မဟုတ်ဘူး၊ အဲဒါကြောင့် ကျွန်မသွားလေရာမှာ ချိုးရေအိုးတစ်လုံးပါတယ်၊ အဲဒါလေးတော့ ပြည့်အောင်ဖြည့်ပေးပါရှင်၊ ပြီးတော့ အပေါ့အပါးသွားရင်လဲ ရေမရှိရင် ဖြစ်မှမဖြစ်ဘဲ၊ လက်ဖက်ရည်ဆိုင်ထက် အရေးကြီးတယ်ရှင့်" ဟု ပြောလိုက်ရာ ဦးထုပ်စုတ်ကြီး ဆောင်းထားသော ရေထမ်းဆရာကြီးသည် ဟိုဘက်လှည့်၍ နှာခေါင်းလိုက်၊ သည်ဘက်လှည့် နှာခေါင်းလိုက်နှင့် အတော်ပင် အလုပ်ရှုပ်နေရှာလေတော့သည်။

ဤသို့လျှင် မိုးဇာတို့လူစုသည် ဆယ့်နှစ်ပွဲဈေးသည်များအဖြစ် သဏ္ဌာန်လုပ် သရုပ်တူစေရန် သရုပ်ဆောင်ခဲ့ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းသို့ရောက်လျှင် မိုးဇာသည် ကျောက်ပွဲကိုခေါ်၍ ပင့်ကူအဖွဲ့ဝင် မြို့ပိုင်ရုံးစာရေးကြီးအား သွားရောက်လုပ်ကြံကြလေတော့၏။ ထို့နောက် ၎င်းတို့သည် ထိုစာရေးကြီးအား သေပြီဟုဆိုကာ ထားပစ်ခဲ့လေ၏။

သို့ရာတွင် ထိုစာရေးကြီးမှာ မသေဘဲ ဆေးရုံရောက်သွားလေတော့၏။

ထိုအခါ၌ မိုးဇာနှင့် ကျောက်ပွဲတို့က နောက်တစ်နေ့ညတွင် ထိုစာရေးကြီးအိမ်ကို မီးရှို့ပစ်လိုက်ကြလေတော့၏။ ထို့ကြောင့် ပုလိပ်အဖွဲ့သည် အမည်မသိလူဆိုးများက စာရေးကြီးအား ရန်မူနေသည်ဟု သဘောပေါက်လာပြီးလျှင် ဆေးရုံ၌ အစောင့်အကြပ်များ ချထားပေးရလေတော့၏။ ထိုသို့ စောင့်ကြပ်ထားသည့်ကြားမှပင် မိုးဇာသည် စာရေးကြီးအား သတ်ဖြတ်ရန်ကြိုးစားခဲ့သေး၏။

သို့ရာတွင် ပုလိပ်အဖွဲ့မှ စာရေးကြီးအတွက် လုံခြုံစေရန်ဟုဆိုကာ စာရေးကြီးအား အချုပ်ခန်းအတွင်းသို့ ပြောင်း၍ထားလိုက်လေတော့၏။

ထို့ကြောင့် မိုးဇာတို့သည် လက်လျှော့ကြရပြီးလျှင် ပွဲတော်ကြီး ပြီးသွားသောအခါ၌ အခြားသောဆယ့်နှစ်ပွဲဈေးသည်များနည်းတူ အခြားသောမြို့ရှိ ပွဲတော်တစ်ခုသို့ သဘာဝကျကျ ရွှေ့ပြောင်းလိုက်ပါသွားကြလေတော့၏။

ဤသို့လျှင် ၎င်းတို့လူစုသည် အမြို့မြို့ အနယ်နယ်သို့ လှည့်လည်၍ ပင့်ကူအဖွဲ့ဝင်များကို ရှာဖွေကာ နှိပ်စက်နေကြလေတော့၏။ တစ်ခါ၌ ၎င်းတို့သည် မြစ်ဝကျွန်းပေါ် အရပ်ရှိ ဘုရားပွဲတော်သို့ ဆယ့်နှစ်ပွဲ ဈေးသည်များအဖြစ် ရောက်သွားကြ



လေ၏။ ဂေါ်ရာနှင့် ကျောက်ပွဲတို့ကလည်း လူထုမေတ္တာ လက်ဖက်ရည်ဆိုင်ကြီး ဖွင့်ကြလေ၏။

လှလှကလည်း မန္တလေးမြို့ မူလလက်ဟောင်း ဒေါ်သူဇာ၏ သမီး လှလှလေး မုန့်သိုင်းခြုံ ဟူသော ဆိုင်းဘုတ်ကြီးကို ချိတ်၍ အောင်ဗလမုန့်နှင့် မုန့်သိုင်းခြုံကို ရောင်းလေတော့၏။

သာညာဏ်သာဖန် ညီအစ်ကိုနှစ်ဦးမှာလည်း ပူစီဖောင်းများကို ဝါးလုံးရှည်ကြီး၌ ထိုးသီကာ လှည့်လည်ရောင်းချနေလေ၏။

ထိုအချိန်၌ ထိုမြို့မှ နာမည်ကြီး သူဌေးသားတစ်ဦးသည် လှလှ၏ဆိုင်သို့ ၎င်း၏ နောက်လိုက်နောက်ပါများနှင့် ရောက်ရှိလာပြီးလျှင် မစားချင်ပါဘဲလျက် လှလှထံမှ အောင်ဗလမုန့်ကို ဝယ်၍စားလေ၏။ ထိုသို့စားရင်း . . .

“အလို ... အောင်ဗလမုန့်ကတင် ချိုတာမဟုတ်ဘူး ... မိန်းကလေးရဲ့ မျက်နှာကလဲ တယ်ချိုပါလား၊ တစ်ညလေး ချစ်ခွင့်ရရင် အစ်ကိုကြီးက ငွေတစ်ရာတောင်ပေးနိုင်ပါတယ်” ဟု ပြောလိုက်ရာ လှလှက ထိုသူဌေးသား၏မျက်နှာကို သံယောက်မဖြင့် လှမ်း၍ ခုတ်လိုက်လေ၏။ သူဌေးသား၏မျက်နှာသည် သွေးခြင်းခြင်း ရဲ၍သွားလေတော့၏။

ထိုအခါ သူဌေးသား၏ တပည့်များက လှလှ၏ ဆိုင်ကို ဖျက်မည်ဟု တကဲကဲလုပ်နေရာ လူထုမေတ္တာ လက်ဖက်ရည်ဆိုင်မှ ဂေါ်ရာနှင့် ကျောက်ပွဲတို့က လာ၍တောင်းပန်ကြလေ၏။

သို့ရာတွင် သူဌေးသား၏ တပည့်များက မကျေနပ်ကြဘဲ လှလှအား အမျိုးမျိုးအဖုံဖုံ လာရောက်နှောင့်ယှက်ကြလေ၏။ လှလှသည် ထိုလူစုအား သည်းခံ၏။ ထိုလူစုအား သတိထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပွဲတော်ပြီးသွားသောအခါ၌ လုလုတို့သည် အခြားမြို့တစ်မြို့ရှိဘုရားပွဲတော်သို့ ပြောင်းရွှေ့သွားကြလေ၏။

သို့ရာတွင် အမူးသမားရေထမ်းသမားကြီးသည် ပြောင်းရွှေ့မသွားဘဲ ဘုရားပရိဝုဏ်အတွင်း၌ အိပ်မနေလေတော့၏။

ညသို့ရောက်သောအခါ၌ အမူးသမား ရေထမ်းသမားကြီးသည် သူဌေးသား၏အိမ်သို့ သွားရောက်၍ သူဌေးသားအား ဆုံးမပြီးမှသာလျှင် အခြားမြို့သို့ လိုက်ပါပြောင်းရွှေ့သွားလေတော့သတည်း။

* * * * *

## သူတို့ကျော်နိုင်းသွားကြလေပြီ

ကိုဆိတ်ဖွားတို့သည် အငြိမ့်အဖွဲ့များကို စုံစမ်းကြရာ မြကျွန်းသာအငြိမ့်အဖွဲ့ မရှိကြောင်းကို သိရလေ၏။ ထိုအခါ မိုးသီးက . . .

"အငြိမ့်အဖွဲ့ကိုတော့ ဖျက်ပစ်လိုက်ပြီထင်တယ်ကွ၊ ဒါပေမဲ့ သူတို့လူစုကတော့ တကွဲတပြားစီရှိကြမှာမဟုတ်ဘူး၊ ပင့်ကူတွေကို ရှာဖို့ တာဝန်ပေးခဲ့တယ် မဟုတ်လား၊ အဲဒီတော့ အုပ်စုလိုက် ရွှေ့လျားနေကြမှာပဲ၊ အုပ်စုလိုက် ရွှေ့လျားဖို့ အကောင်းဆုံးကတော့ ဧရာဝတီမြစ်ရိုးတစ်လျှောက် အညာဆန်လှေကြီး ထောင်ပြီး အထက်အောက် အစုန်အဆန်လုပ်ပြီးနေဖို့ အကောင်းဆုံးပဲဗျ၊ အဲဒီလိုလုပ်ပြီးနေမယ်ထင်တယ်" ဟုပြောရာ သေတ္တာက-

"ဒီလိုမဖြစ်နိုင်ဘူးထင်တယ် ကိုမိုးသီး၊ ခင်ဗျားပြောတဲ့နည်းက ဆိပ်ကမ်းရှိတဲ့မြို့တွေကိုပဲ ဝင်နိုင်ထွက်နိုင်တာပေါ့၊ အခု သူတို့ရှာရမယ့်ပင့်ကူတွေက ဒီလိုမှမဟုတ်ဘဲ၊ တချို့က ဆိပ်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



မြို့တွေမှာမဟုတ်ဘူးဗျ၊ အဲဒီတော့ အညာဆန်လှေကြီးနဲ့ စုန်ဆန်ကူးနေလို့ မဖြစ်နိုင်ဘူး၊ အဖြစ်နိုင်ဆုံးကဂတော့ သူတို့အငြိမ့်အဖွဲ့ကို ဖျက်ပစ်ပြီး တခြားဇာတ်တစ်ဖွဲ့ဖွဲ့မှာ ဖြစ်စေ လိုက်ကြလိမ့်မယ်ဗျ၊ ဒါမှ မြို့တိုင်းကို သူတို့ရောက်မှာမဟုတ်လား” ဟု ပြောလေ၏။

ထိုအခါ ကိုဆိတ်ဖွားက . . .

“မင်းပြောတဲ့နည်းလဲ မဖြစ်နိုင်ဘူးကွ၊ တခြားဇာတ်တစ်ခုခုမှာ ဝင်ပြီးလုပ်ရင် သူတို့လှုပ်ရှားချင်သလို လှုပ်ရှားလို့ မရတော့ဘူး၊ သူတို့က ဒီလိုနေလို့ဖြစ်တဲ့လူတွေမှ မဟုတ်ဘဲ၊ လွတ်လွတ်လပ်လပ်နေမှဖြစ်မှာမဟုတ်လား၊ အဲဒီတော့ ငါထင်တာကတော့ အငြိမ့်အဖွဲ့ကိုတော့ သူတို့ဖျက်လိုက်မယ်၊ ဒါပေမဲ့ ဆယ့်နှစ်ပွဲဈေးသည်တွေအဖြစ်နဲ့ ရုပ်ဖျက်ပြီး နယ်တကာလှည့်နေကြလိမ့်မယ် ထင်တယ်ကွ။

“လှလှကိုတော့ . . . ချင်းသုပ်စုံ ရောင်းခိုင်းချင် ရောင်းခိုင်းလိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ ကွမ်းယာ ဆေးလိပ် ရောင်းခိုင်းချင် ရောင်းခိုင်းလိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့ အောင်ဗလမုန့်နဲ့ မုန့်သိုင်းခြွေပေါ့ကွာ၊ အဲဒါရောင်းခိုင်းလိမ့်မယ်၊ ပြီးတော့ တစ်ခါ လှလှကို စောင့်ရှောက်ဖို့ လှလှဆိုင်နားမှာ မျောက်သုံးကောင် အနက် အကောင်နှစ်ကောင်လောက်က တခြားဆိုင်တစ်ဆိုင် ဖွင့်လိမ့်မယ်၊ အကောင်းဆုံးကတော့ လက်ဖက်ရည်ဆိုင်ပေါ့ကွာ၊ လက်ဖက်ရည်ဆိုင်ဆိုတော့ သတင်းလဲ စုံတာပေါ့ကွ” ဟု ပြောလိုက်ရာ မောင်ရေချမ်းက . . .

“ကိုသာညဏ်နဲ့ ကိုသာဖန်တို့ကရော ဘာလုပ်မလဲဗျာ” ဟု မေးလိုက်လေ၏။



“အေး . . . အဲဒါစဉ်းစားစရာပဲကွ၊ မျောက်သုံးကောင်ဟာ သူတို့နှစ်ယောက်ကို သူတို့နားမှာထားမှာမဟုတ်ဘူး၊ တစ်နည်းနည်းနဲ့ အပြင်ကို ပ,ထုတ်ထားလိမ့်မယ်၊ သူတို့သုံးယောက်ထက်စာရင် အပြင်လူ မဟုတ်လားကွာ၊ အဲဒီတော့ အပြင်ကိုလျှောက်ပြီး ရောင်းတဲ့အလုပ် လုပ်ခိုင်းထားလိမ့်မယ်၊ အဲဒီပစ္စည်းကလဲ တစ်နေ့ကုန်ရောင်းရမယ့် ပစ္စည်းမျိုး ဖြစ်လိမ့်မယ် . . . ဥပမာ ကြံပန်းခိုင်တို့၊ ကလေးကစားတဲ့ ပူစီဖောင်းတို့ပေါ့ကွာ၊ အေးပြီးတော့ မိုးဇာဆိုတဲ့ကောင်ဟာ အကြံညာဏ်ရှိတဲ့လူဆိုရင်တော့ ရေထမ်းသမား လုပ်လိမ့်မယ်ကွ၊ ဆိုင်တိုင်းဆိုင်တိုင်း နေရာတကာမှာ ဝင်ထွက်လို့ရတဲ့ အလုပ်က အဲဒီအလုပ်ပဲကွ” ဟု ကိုဆိတ်ဖွားက ပြောလိုက်လေ၏။

ထို့နောက် ဂန်ဂရားအား စုံစမ်းရန် လွှတ်လိုက်လေ၏။

ဂန်ဂရားလည်း ဘုရားပွဲရှိရာကို စုံစမ်း၍ လိုက်သွားရာ တောင်ပြုန်းပွဲဆီသို့ ရောက်ရှိသွားလေတော့၏။

ဂန်ဂရားသည် လှလှ၏ မုန့်သိုင်းခြွေဆိုင်သို့ဝင်ကာ မုန့်သိုင်းခြွေတစ်ခု ဝယ်လေ၏။

“မုန့်သိုင်းခြွေတစ်ခုပေးပါ၊ ဆီသန့်သန့်နဲ့လုပ်နော်” ဟု ပြောဆိုလိုက်ရာ လှလှက . . .

“ဆီမသန့်တာ နင်စားချင်ရင်တောင် မရဘူး၊ ဒါကိုယ်တော်တို့ ပွဲဟဲ့” ဟု ပြော၍ မော့ကြည့်လိုက်ရာ ဂန်ဂရားမှန်းသိ၍ အံ့အားသင့်သွားလေ၏။

ထို့ကြောင့် လှလှက . . .

“မုန့်သိုင်းခြွေကို ဒီအတိုင်းမစားနဲ့ဟဲ့ . . . လက်ဖက်ရည်နဲ့ သောက်တာ ပိုပြီးကောင်းတယ် . . . ဟိုဘက်က လူထုမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်က သိပ်ပြီးကောင်းတယ်" ဟု ပြောလိုက်ရာ ဂန်ဂရားသည် လက်ဖက်ရည်ဆိုင်သို့ ဝင်လိုက်လေတော့၏။

ထိုအခါ ဂေါ်ရာက လက်ဖက်ရည်ဖျော်သော ကျောက်ပွဲအား... "ဘရားဆပ် သောက်မယ်ဟေ့... စပယ်ရှယ် တော်ရီလျော်ရီ တစ်ခွက်" ဟု ပြောလိုက်ရာ ဂန်ဂရားက . . .

"စပယ်ရှယ်က ဟုတ်ပါပြီဗျာ၊ တော်ရီလျော်ရီက ဘယ်လိုဖြစ်တာတုံး" ဟု မေးလိုက်ရာ ကျောက်ပွဲက . . .

"တော်ရီလျော်ရီ ဆိုတာ တရုတ်လိုပြောတာဗျ၊ နို့စိမ်းနဲ့ နို့ဆီများများထည့်လို့ပြောတာဟေ့" ဟု ဆိုပြီးလျှင် ဂေါ်ရာက ဂန်ဂရားအား မျက်စိတစ်ဖက် မှိတ်ပြလိုက်လေ၏။

ထို့နောက်တွင် ရေထမ်းသမားကြီးကို ခေါ်ယူ၍ ဂန်ဂရားနှင့် တိတ်တဆိတ် တွေ့ပေးလိုက်လေ၏။

ထိုအခါ ရေထမ်းသမားကြီး မိုးဇာက . . .

"ဟေ့...ဂန်ဂရား၊ ဘယ်လိုလဲကွ၊ အားလုံးချောချောမောမောပဲလားကွ" ဟု မေးလိုက်လေ၏။

"အားလုံး ချောချောမောမောပဲ၊ ဆရာ ကိုဆိတ်ဖွားတို့ ပင်လယ်မှာ စောင့်နေကြလေရဲ့၊ ခင်ဗျားတို့အားလုံး လိုက်ခဲ့ကြပေတော့၊ အားလုံး သူဌေးဖြစ်ပြီ၊ ရလာလိုက်တဲ့ ရတနာတွေကလဲ မနည်းပါဘူး" ဟု ဂန်ဂရားက ပြောလိုက်လေ၏။

ထို့နောက် ပွဲတော်ပြီးသည့်အချိန်သို့ စောင့်ပြီးလျှင် ၎င်းတို့သည် ဂန်ဂရားနှင့်အတူ လိုက်ပါခဲ့ကြလေတော့၏။

လမ်းတွင် ဂန်ဂရားက လှလှအား . . .

"ဒီမှာ မင်းသမီး... ခင်ဗျားတော့ ချမ်းသာပြီ" ဟုပြောလျှင် လှလှက . . .



"ငါ မချမ်းသာချင်ပါဘူး ဂန်ဂရားရယ်... ဆယ့်နှစ်ပွဲလိုက်ပြီး မုန့်သိုင်းခြုံ ရောင်းရတာ . . . ပျော်လိုက်တာဟယ်" ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ဂေါ်ရာက . . .

"နင်က ပျော်မှာပေါ့ဟဲ့... နင့်ဆိုင်မှာ လာပြီး အကောင်တွေက စာပေးလိုက်၊ မျက်စပစ်လိုက်၊ မျက်စိမှိတ်ပြလိုက်လုပ်နေတာကိုး၊ ငါတို့မှာက လက်ဖက်ရည်ရောင်းရတာက တစ်ဖက်၊ သတင်းယူရတာက တစ်ဖက်၊ နင့်ကို စောင့်ရှောက်ရတာက တစ်ဖက်၊ ဘယ်လောက်အလုပ်များသလဲ" ဟု ပြောလေ၏။

ထိုအခါ လှလှက . . .

"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ပါရှင်... ဘယ်သူတွေဘယ်လောက်အုံအုံ ကျွန်မချစ်တာက တစ်ယောက်တည်းပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ ကျောက်ပွဲက . . .

"နင်ချစ်တာ ဘယ်သူလဲဟဲ့... ပြောစမ်းပါဦး လှလှရဲ့" ဟု မေးလိုက်လေ၏။

"ကျွန်မ ကိုသာဉာဏ်ကို ချစ်တယ်" ဟု လှလှက ဖြေလိုက်လျှင် သာဖန်က . . .

"ဟုတ်ဘဲ" ဟု ထ၍အော်လိုက်လေ၏။

ထို့ကြောင့် ဂေါ်ရာက . . .

"ဟေ့ကောင်... သာဖန်၊ လှလှကြိုက်တာက သာဉာဏ်ကွ၊ မင်းကိုမှ မဟုတ်ဘဲ၊ မင်းက ဘာဖြစ်လို့ထရတာလဲ၊ ရှင်းရှင်းပြောစမ်းပါကွာ၊ မင်းတို့ဟာတွေကလဲ" ဟု ပြောလိုက်လေ၏။

"ခင်ဗျားမသိဘူး ကိုဂေါ်ရာရယ်... သာဉာဏ်နဲ့ ကျုပ်နဲ့ အတူနေရင် ကျုပ်ချည်းပဲ ထမင်းချက်ရတယ်ဗျ၊ လှလှက

www.burmeseclassic.com

www.burmeseclassic.com



သာညာဏ်ကိုယူရင် ကျုပ်မရီးကို ကျုပ် ထမင်းချက်ခိုင်းရမှာပေါ့ဗျ၊ ပင့်ကူတွေရဲ့ရန်ကလဲ အေးသွားပြီဆိုတော့ ကျုပ်တို့ညီအစ်ကိုနှစ်ယောက် နေရာကောင်းကောင်းတစ်နေရာရှာပြီး ပွဲရုံပြန်လုပ်မယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ ကျောက်ပွဲက . . .

"မင်းတို့ပွဲရုံနာမည်ကို ခွေးနှစ်ကောင် ကြောင်တစ်မြီး ပေးလို့မရတော့ဘူးကွ၊ လှလှပါ ပါလာပြီ၊ အဲဒီတော့ ခွေးထီးနှစ်ကောင်၊ ခွေးမတစ်ကောင်၊ ကြောင်တစ်မြီးလို့ပေးမှ ဖြစ်တော့မယ်" ဟု ပြောလိုက်ရာ ဝါးခနဲ ရယ်မောကြလေတော့၏။

ထိုအခါ မိုးဇာက . . .

"မောင်ရေချမ်းတစ်ယောက်ရော ကျန်းကျန်းမာမာပဲ မဟုတ်လား" ဟု ဂန်ဂရားတို့ မေးလိုက်ရာ ဂန်ဂရားက . . .

"ကျန်းမာရုံ ဘယ်ကမလဲ ကိုမိုးဇာရယ် ... ချမ်းသာသွားပြီဗျ၊ ဒါပေမဲ့ ဒီကောင် သနားဖို့ကောင်းပါတယ်၊ သူချမ်းသာပြီး အေးအေးဆေးဆေး နေရပေမယ့် သူ့ညီလေး ရွှေဘော်ကိုလဲ တွေ့ချင်ရှာတယ်၊ သူ့ညီမလေး မြမြကိုလဲ တွေ့ချင်နေတယ်၊ အဆိုးဆုံးကတော့ သူ့ချစ်သူ ခင်မေရီပဲ၊ သိပ်ကိုသတိရရှာတယ်ဗျာ၊ အဲဒီအတွက် သူ့ခမျာ စိတ်ကိုမချမ်းသာရှာပါဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ သာညာဏ်က . . .

"အေး ... ရေချမ်းညီ ရွှေဘော်လဲ တို့မသိဘူး၊ ငွေဘော်လဲ တို့မသိဘူး၊ သူ့ညီမမြမြလား၊ ကွကွလားလဲတို့မသိဘူး၊ သူ့ချစ်သူ ခင်မေရီဆိုတာတော့ ရောက်တဲ့မြို့တိုင်းမှာ ဈေးတွေကို ဝင်ပြီး သာဖန်တစ်လှည့် ငါတစ်လှည့် လှလှတစ်လှည့် စုံစမ်းလိုက်တာ တွေ့ခဲ့ပြီကွ၊ မန္တလေးဈေးချိုထဲက ရွှေဆိုင်တန်းမှာ တွေ့ခဲ့ပါပြီကွာ၊ လှလှနဲ့တောင် ... စကားပြောခဲ့ပါသေးတယ်၊ လှလှကလဲ စကားအကုန်တော့ ဘယ်ပြောမလဲကွာ ... အဖုံးအပိတ်နဲ့ ပြောတာပေါ့၊ ခင်မေရီ့ စိတ်ထဲမှာတော့ ရေချမ်းဟာ လူဆိုးတွေ ရိုက်သတ်လို့ သေသွားရှာပြီလို့ထင်နေတယ်၊ သူ့ခမျာ ရေချမ်းကို သတိရတိုင်း စစ်ကိုင်းချောင်ကို သွားသွားပြီး တရားအားထုတ်နေတာပါပဲကွာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဂန်ဂရားက . . .

"အောင်မယ်လေးဗျာ ...ဒီစကားကို ရေချမ်းကြားရရင်တော့ ဘယ်လိုနေမလဲမသိဘူး၊ ကျုပ်တောင် ကြားထဲက အတော့်ကို ဝမ်းသာတယ်ဗျို့၊ ချဖူးခဲ့တဲ့ ရေစက်၊ ပန်ကြက်ဖူးတဲ့ သစ္စာ၊ ပရံပရ ရှေးဘဝက . . . မြတ်ဘုရားထံပါးမှာ ပေါင်းရပါစေသား လို့များ ဆုတောင်းခဲ့လေရော့သလား" ဟု ပြောလိုက်ရာ လှလှက . . .

"အောင်မယ်လေးတော် ... ဘိသိက်ဆရာကျနေတာပဲ" ဟု ပြောလိုက်လေ၏။

"ဒီလိုတော့မပြောပါနဲ့ မယ်မင်းကြီးမရယ် ... အကြားအမြင် ဗဟုသုတများအောင်လုပ်ထားရင် ဘယ်သူမဆိုပြောတတ်တာပဲ၊ ခင်ဗျား ကြည့်ရတာ မင်္ဂလသုတ် မရဘူးလို့ ထင်ပါရဲ့" ဟု ဂန်ဂရားက ပြောလိုက်လေ၏။

ထိုအခါ ကြားရသူအပေါင်းက ဝါးခနဲ ရယ်မောကြလေတော့၏။ ဤသို့လျှင် ၎င်းတို့သည် ပျော်ရွှင်ချမ်းမြေ့စွာနှင့် ပင်လယ်ပိုင်းသို့ ခရီးထွက်ခဲ့ကြလေတော့၏။

ပင်လယ်ပိုင်းသို့ရောက်လျှင် ကိုဆိတ်ဖွားတို့အဖွဲ့ ဖိုးအောင်း နေရာသို့ ခေါ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာဆိတ်ဖွားက မျောက်သုံးကောင်ကို ရတနာပစ္စည်းများဝေစုခွဲပေးရာ မျောက်သုံးကောင်က မလိုချင်ကြောင်း ငြင်းဆိုကြလေ၏။

သို့ရာတွင် ကိုဆိတ်ဖွားက ရင်းနှီးစားသောက်ရန် အနည်းအကျဉ်းတော့ ယူပါဆိုသဖြင့် ၎င်းတို့က အနည်းအကျဉ်းသာ လက်ခံကြလေ၏။

သာဓုဏ်၊ သာဖန်နှင့် လှလှတို့ကိုလည်း ပစ္စည်းများ ဝေစုပေးလေ၏။ ၎င်းတို့က လက်ခံကြလေ၏။

ထိုအခါ ဆရာကိုဆိတ်ဖွားအား သာဓုဏ်နှင့်လှလှ ယူကြတော့မည့်အကြောင်းပြောပြရာ ဆရာကိုဆိတ်ဖွားက အများ၏ ရှေ့မှောက်၌ပင် လက်ထပ်ပေးလိုက်လေ၏။

ထိုအခါ မောင်ရေချမ်းက ၎င်းတို့အား ရတနာပစ္စည်းများ လက်ဖွဲ့လေတော့၏။

ထိုအခါ သာဖန်က မောင်ရေချမ်းကို . . .

"ဟေ့ ... မောင်ရေချမ်း၊ ငါတို့ ညီအစ်ကိုနှစ်ယောက်က ပွဲရုံပြန်လုပ်မှာကွ၊ မင်းရော ငါတို့နဲ့အတူတူ လိုက်ဦးမလား" ဟု မေးလိုက်လေ၏။

ထိုအခါ ရေချမ်းက . . .

"မလုပ်တော့ပါဘူးဗျာ . . . ကျုပ်က လူပျောက်ရှာရဦးမှာ၊ ကျုပ်ချစ်သူ ခင်မေရီကို ရှာရမယ်" ဟု ပြောရာ . . .

"ခင်မေရီကို မရှာနဲ့၊ ခင်မေရီကို တွေ့ထားပြီ" ဟု လှလှက အကြောင်းစုံပြောပြလိုက်ရာ ရေချမ်း၏မျက်နှာသည် ဝင်းထိန်၍ သွားလေတော့၏။

ထိုအခါ ဆိတ်ဖွားက . . .



"ကဲ ... မိုးသီးရေ၊ ရေချမ်းနဲ့ ခင်မေရီ ပြန်တွေ့နိုင်အောင်တော့ မောင်ရင်ပဲ လိုက်ပြီးစီစဉ်ပေးခဲ့၊ သူတို့ နေထိုင်ဖို့ကိုလဲ စီစဉ်ပေးခဲ့၊ ပြီးတော့ ဟောဒီ သာဓုဏ် သာဖန်နဲ့ လှလှတို့က ပွဲရုံလုပ်ချင်တယ်ပြောတယ်၊ အဲဒါလဲ ဖြစ်အောင် စီစဉ်ပေးခဲ့" ဟု ပြောလိုက်လေ၏။

ဆိတ်ဖွား၏စကား ဆုံးသွားသည့်အခါ၌ ကျောက်ပွဲက . . .

"ဟေ့...သာဖန်၊ မင်းတို့ပွဲရုံမှာတော့ ကြောင်တစ်မြီးက မပါဘူးကွ၊ ကြောင်တစ်မြီးအစား လှလှ ဝင်လာပြီလေကွာ၊ မင်းတို့ ဆိုင်းဘုတ်ကို ပြင်မှဖြစ်တော့မယ်" ဟု ပြောလိုက်ရာ သာဖန်က-

"သမင်နှစ်ကောင်နဲ့ မင်းသမီးလေးတစ်ပါး ပေါ့ဗျာ၊ အဲဒီပုံအတိုင်းဆွဲပြီး ပွဲရုံဆိုင်းဘုတ်မှာရေးမယ်" ဟု ပြောလိုက်လေသည်။ ထိုအခါ ဂန်ဂရားက . . .

"သမင်နှစ်ကောင်နဲ့ မင်းသမီးလေးပုံ ဆွဲရင် ဗေဒါရီ လို့ပေးတာ အကောင်းဆုံးပဲကွ၊ မင်းသမီးလေးကလဲ ဘူးသီးကြီးပိုက်လို့ ရေခပ်ထွက်တဲ့ပုံကိုဆွဲရမယ်ဟေ့ ..." ဟု ပြောလိုက်ရာ သာဓုဏ်က . . .

"ကုလားမျိုးခြောက်ဆယ်ထဲမှာ မင်းအတော်ဆုံးပဲကွ" ဟု ပြောလျှင် ဂန်ဂရားက . . .

"မြန်မာသတ္တမှာတော့ ခင်ဗျားမိန်းမ အစွဲဆုံးပဲ၊ ခင်ဗျားမိန်းမချောလေးရတယ်" ဟု ပြောလိုက်ရာ သာဖန်က . . .

"ငါ့အစ်ကိုသာဓုဏ်က မင်းကုသလောက် ရုပ်မဆိုးပါဘူးကွာ ... ပြီးတော့ လှလှကလဲ ပပဝတီလောက် ရုပ်မချောပါဘူး၊ ဒီတော့ သူတို့နှစ်ယောက်ညားတာ မဆန်းပါဘူး" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ကိုဆိတ်ဖွားသည့် သာညာဏ်၊ သာဖန်၊ ရေချမ်းနှင့် လှလှတို့အား မိုးသီးလက်ထောင်အပ်၍ လွှတ်လိုက်လေတော့၏။ ကျန်လူများမှာမူ . . . မြကျွန်းသာဆီသို့ ပြန်ကြမည်ဖြစ်ရာ မြကျွန်းသာတွင် လိုအပ်မည့် အသုံးအဆောင် ပစ္စည်းများ၊ လက်နက်ခဲယမ်းများ၊ ဆေးဝါးများ၊ ရိက္ခာများ၊ အဝတ်အထည်များ၊ ပန်းကန်ခွက်ယောက်များကို စုဆောင်းဝယ်ယူ၍ ဘလူးဘောက်စ် ရွက်လှေကြီးပေါ်သို့ တင်ကြလေတော့၏။ ဂန်ဂရားမှာမူတား ဂေါ်ရင်ဂျီတံငါရွာကလေးသို့ ပြန်သွားလေတော့၏။

မိုးသီးတို့လူစုသည် မန္တလေးသို့ သွား၍ တစ်နေရာ၌ ခိုအောင်းနေပြီးလျှင် လှလှအားဈေးချိုသို့လွှတ်ကာ ခင်မေရီနှင့် အဆက်အသွယ်ယူလေ၏။

ခင်မေရီနှင့်အဆက်အသွယ်ရသောအခါ၌ လှလှက ရေချမ်းပါလာကြောင်းကိုပြောရာ . . . ခင်မေရီလည်း လှလှနောက်သို့ လိုက်လာလေ၏။

ခင်မေရီလည်း ရေချမ်းကိုတွေ့လျှင် . . .

"ကိုရေချမ်း ... အစ်ကိုရေချမ်း" ဟု ငိုယိုပြီး ပြေး၍ဖက်လေတော့၏။ ထိုသို့ငိုယိုပြီးနောက် . . .

"ကိုရေချမ်း သေပြီလို့ အောက်မေ့နေတာ၊ မသေဘူးနော်" ဟု ပြောရာ မောင်ရေချမ်းက . . .

"ကိုယ်ချစ်တဲ့လူနဲ့ မပေါင်းရသေးအဲ သေလို့ဘယ်ဖြစ်မလဲ အချစ်ရယ်"ဟုပြောပြီး ခင်မေရီ၏နဖူးလေးကို နမ်းလိုက်လေ၏။ ထိုအခါ သာညာဏ်ကလည်း လှလှ၏ နဖူးလေးကို နမ်းလိုက်လေ၏။

ထိုအခါ သာဖန်က . . .



"နမ်းကြပေါ့ ... နမ်းကြ၊ ငါတို့မှာတော့ ဘယ်တော့များမှ နမ်းရမလဲ မဆိုနိုင်ဘူး၊ ငါ့နဖူးမှာ စာရေးပေးမယ့် ဖူးစာရေးနတ် ဘယ်နားမှာသွားပြီး ဘိန်းရိုက်နေတာလဲဟေ့" ဟု အော်လိုက်လေ၏။

ထိုနောက် မိုးသီးက ခင်မေရီအား . . .

"ကဲ ... မိန်းကလေး၊ နင်တို့နှစ်ယောက် လက်ထပ်ပြီးရင် ဘယ်မှာနေမှာလဲ၊ နင်တို့ကြိုက်တဲ့နေရာပြော၊ ငါက အဲဒီမှာ အိမ်ဝယ်ပေးရမှာ၊ မင်းတို့အတွက် နေရေးထိုင်ရေးတွေ အားလုံး စီစဉ်ပေးခဲ့ရမှာ၊ အဲဒါတွေအားလုံးစီစဉ်ပြီးမှ ငါကပြန်ရမှာ" ဟု ပြောလေ၏။

ထိုအခါ ခင်မေရီက . . .

"ကျွန်မကတော့ အစ်ကိုရေချမ်းသဘောပါပဲ . . . အစ်ကို ရေချမ်းနေတဲ့ဆီကိုလိုက်ပြီး နေရမှာပေါ့" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"ဒီအတိုင်း ထိုင်စားနေလို့တော့ မဖြစ်ဘူးနော်၊ ဆိုင်လေး ဘာလေး တစ်ခုခုဖွင့်ရမှာ မဟုတ်လား၊ အဲဒီတော့ ရန်ကုန် လောက်မှာနေချင်တယ်ဗျာ၊ ခင်မေရီရဲ့ရွှေဆိုင်ကိုတော့ မဂိုလမ်းမှာဖွင့်မယ်၊ အဲဒါမှလဲ ကျွန်တော့်မှာပါတဲ့ပစ္စည်းတွေကို ထုတ်ချင် ရင် ထုတ်လို့လွယ်မှာပေါ့၊ ဒီအတောအတွင်းမှာ ကျွန်တော်က ပန်းထိမ်သင်ပြီး ပန်းထိမ်ဆိုင်ဖွင့်မယ်ဗျာ၊ ဒါမှလဲ တချို့ပစ္စည်း တွေကို ပုံဖျက်လို့ လွယ်မှာပေါ့" ဟု ပြောရာ . . .

"အေး ... ကောင်းပြီ၊ အဲဒီလိုဆိုရင် ဒီနေ့ပဲ ခရီးထွက်မယ်၊ မင်းက ခင်မေရီနဲ့နေခဲ့၊ ခင်မေရီက ဒီကဆိုင်ကို ရောင်းချင်ရင် ရောင်း၊ ပေးရမယ်သရိရင် ပေးခဲ့၊ အားလုံး အခွင့်သင့်ဖြစ်တဲ့

www.burmeseclassic.com



အခါကျတော့ သာဖန်က မင်းတို့ကိုလာခေါ်လိမ့်မယ်" ဟုဆိုပြီးလျှင် မိုးသီးသည် သာညာ၊ သာဖန်တို့နှင့်အတူ ရန်ကုန်သို့ ဆင်းလာလေ၏။

ရန်ကုန်သို့ ရောက်သောအခါ၌ . . . ရွှေဂုံတိုင်ဘက်တွင် ခြံဝင်းကျယ်ကြီးတစ်ခုနှင့် နှစ်ထပ် ကျွန်းအိမ်ကြီးတစ်လုံးကို မောင်ရေချမ်း၏ အမည်ဖြင့် ဝယ်ယူလိုက်လေတော့၏။

ထို့နောက် မဂိုလမ်း၌လည်း ရွှေဆိုင်ဖွင့်ရန်အတွက် ဆိုင်ခန်းတစ်ခန်းကို ဝယ်ယူလိုက်လေ၏။

ထို့နောက် အိမ်ထောင်ပရိဘောဂပစ္စည်းများ ဝယ်ယူကာ မောင်ရေချမ်းတို့နေမည့်အိမ်၌ ခင်းကျင်းလေတော့၏။

အလုံးစုံ ဆောင်ရွက်ပြီးသောအခါ၌ သာဖန်က မန္တလေးသို့တက်ကာ ရေချမ်းတို့ဇနီးမောင်နှံအား ခေါ်ဆောင်လာလေတော့၏။

ခင်မေရီသည် သူနှင့်အတူနေသော ဒေါ်ဇာအား ရွှေဆိုင်နှင့် ရွှေထည်ပစ္စည်းအချို့ကို ပေးခဲ့ပြီးလျှင် သာဖန်နှင့် လိုက်ပါခဲ့ကြလေတော့၏။

ခင်မေရီသည် ၎င်းတို့အတွက်ဝယ်ထားသော အိမ်နှင့်ခြံကို လွန်စွာသဘောကျလေ၏။

သာညာ၊ သာဖန် ညီအစ်ကို၊ လှလှနှင့် မိုးသီးတို့သည် ထိုအိမ်၌ပင် ခေတ္တတည်းခိုကြလေ၏။

ထို့နောက် သာညာ၊ သာဖန်တို့အတွက် ပွဲရုံလုပ်ငန်းကိုလည်း စီစဉ်ရလေ၏။

နောက်ဆုံးတွင် ကြည့်မြင်တိုင် ကူးတို့ဆိပ်အနီး၌ နေရာတစ်ခုကို ဝယ်ယူ၍ သမင်နှစ်ကောင်နှင့် ရေခပ်ထွက်လာသည့်



မင်းသမီးလေးတစ်ပါးပုံ ပါသည့် "ဗေဒါရီ ပွဲရုံကြီး" ဆိုသော ဆိုင်းဘုတ်တစ်ခုသည် ထိုနေရာ၌ ပေါ်ထွန်းခဲ့လေတော့၏။

အလုံးစုံ စီမံပြီးသောအခါ၌ မိုးသီးသည် ဆိတ်ဖွားတို့ရှိရာ ပင်လယ်ပိုင်းသို့ ပြန်လာ၏။

ထိုအခါ သာညာ၊ သာဖန်နှင့် ရေချမ်းက မိုးသီးအား . . .

"ကိုမိုးသီးတို့က ဘယ်ကိုသွားကြမှာလဲ" ဟုမေးရာ မိုးသီးက-

"ငါတို့အားလုံး မြကျွန်းသာပေါ်မှာ ပြန်ပြီးနေကြမယ်" ဟု ပြောလေ၏။

ထိုအခါ မောင်ရေချမ်းက . . .

"ကျွန်တော် ကိုမိုးသီးတို့နဲ့ အကြောင်းရှိလို့ ဆက်သွယ်ချင်ရင် ဘယ်ကိုဆက်သွယ်ရမှာလဲ" ဟု မေးလိုက်ရာ မိုးသီးက . . .

"အဲဒီအတွက် ငါ စဉ်းစားပြီးပါပြီကွာ ... ဂန်ဂရားဆီက လေ့ကျင့်ထားတဲ့ ခိုတစ်ကောင် ငါ ယူသွားမယ်၊ ဂန်ဂရားနဲ့ငါနဲ့ တစ်လ တစ်ကြိမ်လောက် အပြန်အလှန် ခိုလွှတ်ပြီး ဆက်သွယ်မယ်၊ ဒီကြားထဲမှာ အရေးအကြောင်းရှိရင်လဲ ဂန်ဂရားဆီသွားပေါ့၊ မင်းတို့မှာ . . . ဘယ်လိုအရေးအကြောင်းရှိရှိ ငါတို့ဆီကို အကြောင်းကြားလိုက်၊ သတ်စရာရှိရင် ငါ လာသတ်ပေးမယ်၊ အသေခံစရာရှိရင်လဲ ငါ လာပြီး အသေခံပေးမယ်၊ မင်းမေ့သွားပြီလား။

"ငါတို့ အားလုံးထဲမှာ အသေခံပေးဖို့ အောင်ဘာလေမဲ ပေါက်ထားတာလေကွာ၊ ပြီးတော့ ငါတို့ဟာ ရှုံးနိမ့်နေတဲ့လူ၊ အားနည်းနေတဲ့လူတွေအဖို့ အသက်ရှင်နေတဲ့ လူသားတွေကွ၊ ဘာမှအားမငယ်ကြနဲ့၊ အရေးအကြောင်းရှိရင် . . . ငါတို့ဆီကို အကြောင်းကြားလိုက်" ဟု ပြောလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မောင်ရေချမ်းတို့လူစုသည် မိုးသီးအား ထိုင်၍ ကန်တော့ကြလေတော့၏။

မိုးသီးလည်း ၎င်းတို့အား နှုတ်ဆက်ပြီးလျှင် ထွက်ခွာသွားလေတော့၏။

မိုးသီးသည် ဆိတ်ဖွားတို့ထံသို့ ရောက်သောအခါ၌မူ ကိုဆိတ်ဖွားတို့၏ ဘလူးဘောက်စ် ရွက်လှေကြီးသည် ရွက်လွှင့်ရန် အဆင်သင့်ရှိနေပြီဖြစ်၏။

မိုးသီးကိုသာလျှင် စောင့်မျှော်နေကြခြင်း ဖြစ်၏။

ထို့နောက် ၎င်းတို့၏လှေကြီးသည် လသာသော ညတစ်ညကို ရွေးချယ်၍ ကမ်းမှ ခွာသွားလေတော့သတည်း။

*****

## မိုးလောင်တိုက်သွင်းပြန်ပြီ

ခင်မေရီသည် မဂိုလမ်းသို့ နေ့စဉ်ဆိုင်ထွက်လေ၏။ ရေချမ်းမှာမူ . . . ပန်းထိမ်ဆရာတစ်ယောက်ထံတွင် ပန်းထိမ်သင်၏။

အိမ်၌လည်း ဖိုဆင်ထားပြီးလျှင် ရွှေများကို စမ်း၍ ကျို၏။ လက်ဝတ်လက်စား လုပ်ကြည့်၏။

သာညက်၊ သာဖန်နှင့် လှလှတို့သည် ပေဒါရိပ္ပဲရုံ၌ တက်ကြွစွာ ရောင်းဝယ်ဖောက်ကားနေလေ၏။

တစ်နေ့သ၌ ရေချမ်းသည် သာညက်၊ သာဖန်တို့ထံသို့ အလည်အပတ် ရောက်ရှိသွားလေ၏။

ထိုအခါ သာဖန်က . . .

“မင်းကလဲကွာ ... မိန်းမရတာနဲ့ တို့ဆီတောင် လာဖော်မရဘူး” ဟု ပြောလိုက်ရာ ရေချမ်းက . . .

“မဟုတ်ပါဘူး ကိုသာဖန်ရယ် ... ကျုပ်က ပညာသင်နေရသေးတယ်ဗျ၊ အဲဒါကြောင့် မလာဖြစ်တာ၊ ပြီးတော့လဲ ကျုပ်မှာ ပြည့်စုံလေ ...ကျုပ်ညီလေး ရွှေဘော်နဲ့ ကျုပ်ညီမလေး မြမြကို တွေ့ချင်လေလေပဲဗျ” ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သာညက်က. . .

"ရေစက်မကုန်သေးရင်တော့ . . . တွေ့ကြမှာပေါ့ကွာ၊ စိတ်မကောင်းမဖြစ်ပါနဲ့" ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့သုံးဦးသည် လှလှကို ပွဲရုံ၌ထားခဲ့ပြီးလျှင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ လျှောက်သွားကြလေတော့၏။

လက်ဖက်ရည်ဆိုင်မှာ ကြည့်မြင်တိုင်ဆိပ်ကမ်းအနီး၌ ရှိလေ၏။ ထိုအခါ ရေချမ်းက . . .

"ကျုပ်ကို သေတ္တာထဲထည့်ပြီး သယ်လာတာ ဒီဆိပ်ကမ်းပို့မလို့ပေါ့ဗျ... ကိုသေတ္တာကြီးက ကြားထဲကနေဖြတ်ပြီး ကျုပ်အစား သေတ္တာထဲဝင်ပြီး လိုက်လာတာ၊ ဒီလူတွေကတော့ တကယ်သတ္တိကောင်းတဲ့လူတွေဗျာ၊ ပြီးတော့လဲ လူတစ်ဖက်သားကို ကူညီတဲ့နေရာမှာလဲ မပြောနဲ့တော့" ဟု ပြောလိုက်လေ၏။ ထိုအခါ သာဖန်က . . .

"သူတို့ မြကျွန်းသာဆိုတာကို ငါတော့ တစ်ခေါက်လောက် ရောက်ချင်တယ်ကွ၊ သွားလည်ကြရအောင်" ဟု ပြောရာ ရေချမ်းက "လွယ်လွယ်ကူကူ သွားလည်လို့ရတဲ့နေရာမျိုး မဟုတ်ဘူးဗျ၊ သိပ်ခက်တာ" ဟု ပြောလိုက်လေ၏။

ထို့နောက် ရေချမ်းသည် သာညက်၊ သာဖန်တို့နှင့်အတူ အပျင်းပြေ စကားပြောပြီးလျှင် ၎င်းနေထိုင်ရာ ရွှေဂုံတိုင်ဆီသို့ မြင်းလှည်းစီး၍ ပြန်ခဲ့လေတော့၏။ မြင်းလှည်းကလေးသည် တချွင်ချွင် တခွပ်ခွပ်ဖြင့် ကတ္တရာလမ်းပေါ်၌ ပြေးနေလေ၏။

ဘုရားကရာချောက် အနီးသို့ ရောက်သော အခါ၌မူ . . . မြင်းလှည်းသမားက သူ၏ခါးကြားမှ ခြောက်လုံးပြူးကိုထုတ်၍ ရေချမ်းအား ချိန်လိုက်ပြီးလျှင် . . .



"ဟော့ကောင် ရေချမ်း၊ အော်မယ်မကြံနဲ့၊ မင်းသေသွားမယ်၊ ငါပြင့်ကူပဲကွ၊ ဟောဟိုမှာ ရပ်ထားတဲ့ကားကို မြင်လား၊ အဲဒီအပေါ် တက်လိုက်" ဟု ဆိုလိုက်ပြီးလျှင် ကားအနီး၌ မြင်းလှည်းကို ရပ်ပေးလေ၏။

ရေချမ်းလည်း မြင်းလှည်းပေါ်မှဆင်းပြီးလျှင် ကားပေါ်သို့ တက်ရလေ၏။

ကားပေါ်တွင်ရှိသော လူနှစ်ယောက်အနက် တစ်ယောက်က ရေချမ်းအား သေနတ်ဖြင့်ချိန်၍ . . . ကျန်တစ်ယောက်က ကားကို မောင်းနှင်သွားလေတော့၏။

အချိန်မှာ ညနေစောင်းဖြစ်၍ လူရှင်းနေလေ၏။

ရေချမ်းကို ဤသို့ဖမ်းသွားခြင်းကိုလည်း . . . မည်သူ တစ်စုံတစ်ယောက်မျှ တွေ့မြင်လိုက်ခြင်း မရှိကြ။

ည ခုနစ်နာရီထိုးသောအခါ၌မူ ရေချမ်း၏အိမ်ခြံဝသို့ လူတစ်ယောက် ရောက်ရှိလာပြီးလျှင် . . . မာလီကုလားအား စာတစ်စောင် ပေးသွားလေတော့၏။

မာလီကုလားလည်း ထိုစာကိုယူ၍ ခင်မေရီအား ပေးလိုက်လေ၏။ ခင်မေရီလည်း ထိုစာကိုဖွင့်၍ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

> ရေချမ်းရဲ့ ကျွန်းပေါ်က ရလာတဲ့ပစ္စည်းတွေနဲ့ လဲမယ်။ ပုလိပ်ကို မတိုင်ရဲ။ တိုင်ရင်သတ်ပစ်မယ်။ လိုချင်သေးတယ်ဆိုရင် နက်ဖြန်ညနေက ဒီ၂၀မှာ နှင်းဆီပန်း ဘန်ဒီရောင် ၉ ပွင့် ချည်ထားပါ။
>
> ပင့်ကူ

www.burmeseclassic.com

www.burmeseclassic.com

ခင်မေရီသည် စာကို ဖတ်ပြီးနောက် ... ကတုန်ကယင် ဖြစ်၍ လာလေ၏။

မည်သို့မည်ပုံ ပြုလုပ်ရမည်ကိုမသိဘဲ ရှိလေတော့၏။

ထို့နောက် သာဖန်၊ သာညက်တို့ကိုသတိရသဖြင့် တက္ကစီကားတစ်စီးငှားကာ ဗေဒါရီပွဲရုံသို့ ထွက်ခဲ့လေတော့၏။

ဗေဒါရီပွဲရုံသို့ရောက်လျှင် . . . သာညက်၊ သာဖန်တို့အား ခင်မေရီက စာကိုထုတ်ပြလိုက်လေ၏။

၎င်းတို့လည်း ထိုစာကို ဖတ်ရှုကြလေ၏။

ပြီးလျှင် သာဖန်က . . .

"ဟာ ... ပင့်ကူတွေ ပေါ်လာပြန်ပြီ ကိုသာညက်ရေ ... ပင်လယ်ပိုင်းကိုဆင်းပြီး ဂန့်ဂရားကနေတစ်ဆင့် ကျုပ်တို့ဆရာတွေဆီကို အကြောင်းကြားမှ တော်မယ်ဗျို့၊ ဘယ့်နှယ်လဲ" ဟု မေးလိုက်ရာ သာညက်က . . .

"မှန်တာပေါ့ သာဖန်ရယ် ... သွားဆိုရင် အခုကိုသွားမှ ဖြစ်မယ်ကွ၊ ဒီနားမှာ ရပ်ထားတဲ့ မော်တော်ဘုတ်တစ်စီးကို တောင်းသလောက်ပေးပြီး သွားကြမှတော်မယ်ဟေ့" ဟု ပြောလိုက်လျှင် ခင်မေရီက . . .

"သူ့စာထဲမှာက သဘောတူရင် . . . နက်ဖြန် နှင်းဆီပန်းအနီပွင့်တွေ ချည်ထားရမယ်ဆိုပဲ၊ အဲဒါကို ကျွန်မ ဘယ်လိုလုပ်ရမှာတုံး" ဟု မေးလိုက်လေ၏။

"အေး ... ဟုတ်တယ်၊ နင်က ချည်ထားပေါ့ဟယ်၊ ပြီးတော့ အဲဒီနှင်းဆီပန်းအနီပွင့်တွေကြားထဲမှာ စာတစ်စောင်ရေးပြီး ထည့်ထားလိုက်၊ သဘောတူပါတယ်၊ ဒါပေမဲ့ ပစ္စည်းတွေက တခြားမှာဆိုတော့ . . . သွားပြီးယူခိုင်းထားပါတယ်လို့ ရေးပြီး



ထားလိုက်ပေါ့ဟယ်၊ ကျန်တာတွေကို ငါတို့ ဆက်ပြီးလုပ်သွားပါ့မယ်၊ ငါတို့လဲ နည်းနည်းပါးပါးတော့ လုပ်တတ်နေပါပြီ ဘာမှ မကြောက်နဲ့ဟယ်၊ ငါတို့ဆရာတွေရှိသားပဲဟာ" ဟု သာညက်က အားပေးစကားပြော၍ ခင်မေရီအား ပြန်လွှတ်လိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် မော်တော်တစ်စီး ငှားရမ်း၍ ပင်လယ်ဘက်ဆီသို့ ထွက်ခွာသွားလေတော့၏။

လှလှကိုမူ ပွဲရုံ၌ အစောင့်ထားခဲ့လေတော့၏။

ခင်မေရီလည်း သာညက်၊ သာဖန်တို့ ပြောသည့်အတိုင်း စာတစ်စောင်ကိုရေး၍ နှင်းဆီပန်းများ အကြား၌ ထည့်ကာ ထိုနှင်းဆီပန်းများကို ချည်တိုင်၌ချည်ထားလိုက်လေတော့၏။

ထို့နောက် အိမ်ပေါ်ထပ်မှနေ၍ နှင်းဆီပန်းများကို လာ၍ ဖြုတ်ယူမည့်သူအား ချောင်းမြောင်းကြည့်ရှုနေလေတော့၏။

နောက်တစ်နေ့ငါးနာရီလောက်တွင် မြင်းလှည်းတစ်စီးသည် ခြံရှေ့၌လာ၍ရပ်ပြီးလျှင် မြင်းလှည်းပေါ်မှလူတစ်ယောက်သည် ဆင်းလာပြီးလျှင် နှင်းဆီပန်းများကို ဖြုတ်ယူသွားလေတော့၏။

ခင်မေရီသည် ထိုအဖြစ်အပျက်ကို ကြည့်ရှု မှတ်သားပြီးနောက် ဗေဒါရီပွဲရုံသို့သွားကာ လှလှအား ပြောပြခဲ့ပြီး အိမ်သို့ ပြန်လာခဲ့လေ၏။ ၎င်း၏အိမ်သို့ရောက်သောအခါ၌မူ ဓာလီကုလားက စာတစ်စောင်ကို ဆီး၍ပေးလေ၏။

ခင်မေရီလည်း ထိုစာကိုဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရပြန်လေ၏။

> (၃) ရက်သာ စောင့်မည်။
>
> သန်ဘက်ခါ ညသန်းခေါင်ကြော့ချိမှ လာမရွေးလျှင် သတ်ပစ်မည်။
>
> ပင့်ကူ

www.burmeseclassic.com

www.burmeseclassic.com



ခင်မေရီလည်း ထိုစာကို ဖတ်ပြီးနောက် ငိုလေတော့၏။ ထိုသုံးရက်အတွင်း ကိုပိုးသီးရောက်လာမည်ဆိုသည်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် ၎င်း၏ချစ်သူ မောင်ရေချမ်း၏ အသက်သည် မျှော်လင့်ဖွယ်ရာ မရှိတော့ကြောင်း တွေးမိသောကြောင့် ငိုကြွေးခြင်း ဖြစ်လေ၏။

ထို့နောက် ခင်မေရီသည် အောက်ပါအတိုင်း စာတစ်စောင်ရေး၍ နှင်းဆီပန်းများနှင့်အတူ ချည်ထားလိုက်လေ၏။

> ဆက်ဆက်ရှာပေးပါမယ်ရှင်။ ပန်းသည်တွေထားတဲ့နေရာက ဝေးလို့ (၃) ရက်လောက်နဲ့ မရောက်နိုင်ဘူးရှင့်။ ရက်ကလေးနည်းနည်းပေးပါဦး။

မြင်းလှည်းဆရာလည်း နောက်တစ်နေ့ နံနက် ငါးနာရီလောက်တွင် ရောက်ရှိလာပြီးလျှင် ပန်းများနှင့်အတူ စာကို ဖြုတ်ယူသွားလေတော့၏။

ထို့နောက် . . . ခြောက်နာရီထိုးခန့်တွင် တစ်ခေါက်ပြန်၍လာပြီးလျှင် မာလီကုလားအား စာတစ်စောင် လာ၍ပေးသွားလေ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်လေတော့၏။

> ကောင်း၊ အဲ့လိုဆိုရင် ရက်နည်းနည်းတိုးပြီးငါတို့စောင့်ပေးမယ်။ အဲဒီမှာ နင် အပြင်ကိုမထွက်ရဘူး။ ပေဒါရိပွဲရုံကိုသွားခွင့်မရှိဘူး။ နင်တို့အကြံကို ငါတို့မသိဘူး ထင်နေလို့လား။ ပွဲရုံက သာဘာလက်၊ သာပန်ကို ငါတို့ရဲ့ရန်သူတွေဖြစ်တဲ့ မိုးသီးတို့၊ ဘေးဗွာတို့ကို သွားပြီး ခေါ်ခိုင်းတာမဟုတ်လား။ နင်တို့လောက်မဲ့လည်းအရင် ဒီအလုပ် မလုပ်ဘူးဟဲ့။ သာဘာလက်၊ သာပန် ငှားပြီးခိုးသွားတဲ့ မော်တော်ဟာ ငါတို့မော်တော်ပဲ။ ပင်လယ်ပိုင်းကို မရောက်ပါဘူး။ သူတို့နှစ်ယောက်ကိုလဲ ငါတို့ဖမ်းထားလိုက်ပြီ။ အဲဒီတော့ နင့်ယောက်ျားဝှက်ထားတဲ့ ရတနာပစ္စည်းတွေကို ထုတ်ပြီးရွေးမှ လမ်းတစ်လမ်းပဲ ရှိတော့တယ်။
>
> ပင်တု



ခင်မေရီသည် စာကိုဖတ်ပြီးနောက် ကြုံကြုံပါအောင် ငိုလေတော့၏။ မိမိတို့၏ အကြံအစည်ကိုလည်း ရိပ်မိသွားပြီ ဖြစ်ကြောင်း သိရလေတော့၏။

ထို့ပြင် မိမိကိုလည်း အပြင်ထွက်ခွင့် မပေးတော့ဘဲ ရတနာပစ္စည်းများကိုသာ တောင်းနေလေတော့၏။

မောင်ရေချမ်းသည်လည်း ၎င်း၏ ရတနာပစ္စည်းများကို မည်သည့် နေရာ၌ သိမ်းဆည်းထားကြောင်း ခင်မေရီအား ပြောမပြခဲ့ပေ။

ထို့ကြောင့် ခင်မေရီသည် မကြံတတ်အောင် ဖြစ်နေလေသည်။ ခင်မေရီသည် စိတ်ဒုက္ခကြီးစွာ ရောက်နေလေ၏။

ရှုမတတ် ခံစားနေရ၏။

ကြံရာမရသောအခါ၌ ဘုရားမီးများ ထွန်းညှိကာ ဘုရားရှိခိုး၏။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကို တိုင်တည်၏။

ကြားဖူးသမျှသော ထွက်ရပ်ပေါက် ဆရာကြီးများကိုလည်း အော်၍ရှိခိုး၏။

ခင်မေရီကား . . . မိမိချစ်သူ၊ မိမိယောကျ်ား မောင်ရေချမ်း အသတ်ခံရမည့်ကိစ္စ၌ မည်သို့မျှမကြံသာအောင် အကျပ်ကြီး ကျပ်၍ နေလေတော့၏။

သို့ရာတွင် ခင်မေရီက အကြံရခက်သော်လည်း ခင်မေရီ၏ ကံတရားက မခက်ပေ။

အဘယ်ကြောင့်ဆိုသော် ဂန်ဂရားထံမှ ပင့်ကူများ ပြန်လည် လှုပ်ရှားလာကြောင်း သတင်းကိုရသဖြင့် မိုးသီးသည် မြကျွန်းသာမှ ရန်ကုန်သို့ တိတ်တဆိတ်ရောက်ရှိနေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရေချမ်း၏အိမ်ကိုလည်းကောင်း၊ ပေဒါရီပွဲရုံကိုလည်းကောင်း ပင့်ကူများ ရောက်လာမည်ကို မျှော်လင့်၍ တစေ့တစောင်း ချောင်းမြောင်းရှုမြင်ပျက်ကာ အကဲဖမ်းနေခဲ့ပြီးဖြစ်၏။ ထို့ကြောင့် မောင်ရေချမ်းကိုပင့်ကူများဖမ်းသွားသည်ကိုလည်း ရိပ်မိလိုက်၏။

သာညာဏ်၊ သာဖန်တို့ညီအစ်ကို ဂန်ဂရားမှတစ်ဆင့် မိမိအား အကြောင်းကြားရန် မော်တော်ငှား၍ ထွက်သွားကြောင်းကိုလည်း သိလိုက်ပြီးဖြစ်၏။

ထို့ကြောင့် မော်တော်၏ အမှတ်အသားများကိုလည်းကောင်းစွာ မှတ်သားလိုက်ပြီးလျှင် . . . မော်တော်သွားမည့်လမ်းကြောင်းတစ်လျှောက် ဂါတ်များဆီသို့လည်း မားပြတိုက်မည့် မော်တော်တစ်စင်းဖြစ်ကြောင်း တစ်နည်းတစ်ဖုံအားဖြင့် သတင်းပေးထားလိုက်ပြီဖြစ်ရာ တွံတေးတူးမြောင်းအထွက်၌ပင် ပုလိပ်မော်တော်များက သာညာဏ်၊ သာဖန်တို့ စီးနင်းလိုက်ပါသွားသော မော်တော်ကို မသင်္ကာမှုဖြင့် ဖမ်းဆီးထားလိုက်ပြီဖြစ်၏။

ထို့ကြောင့် . . . သာညာဏ်၊ သာဖန်တို့ကို လည်းကောင်း၊ မော်တော်ပေါ်မှ မော်တော်သမားယောင်ဆောင်၍ သာညာဏ်၊ သာဖန်တို့အား တစ်နေရာတွင် လျှို့ဝှက်ဖမ်းဆီးထားမည့် ပင့်ကူအဖွဲ့ဝင်များကိုလည်းကောင်း ဖမ်းဆီးထားမိပြီ ဖြစ်၏။

ထို့ကြောင့်လည်း မိုးသီးအနေနှင့် သာညာဏ်၊ သာဖန်တို့အတွက် ပူပန်ရန် အကြောင်းမရှိတော့ပေ။

ဤအတောအတွင်း၌လည်း မိုးသီးသည် မြင်းလှည်းသမား၏ အသွားအလာများကို လိုက်လံချောင်းမြောင်းခဲ့ရာ စက်ဆန်းဘက်ရှိကျယ်ဝန်းသောခြံကြီးတစ်ခြံသည် ၎င်းတို့၏ခရီးလမ်းဆုံးဖြစ်ကြောင်း ကောင်းစွာရိပ်မိပြီးဖြစ်၏။



ထို့ကြောင့် မိုးသီးသည် ညဆယ်နာရီခန့်၌ ဗားကရာချောက်တွင် မှောင်ရိပ်ခို၍ စောင့်နေလေ၏။ ထိုအချိန်၌ မြင်းလှည်းတစ်စီးသည် မှန်အိမ်ကလေး မှိတ်တုတ်မှိတ်တုတ်နှင့် မောင်း၍လာရာ မိုးသီးက . . .

"မြင်းလှည်းဆရာ ဗဟန်းဘက်ကိုသွားချင်တယ်"ဟု ပြောရာ မြင်းလှည်းဆရာက . . .

"မပို့နိုင်တော့ဘူးဗျာ၊ တစ်နေ့လုံးဆွဲနေရတာ၊ မြင်းတွေလဲ ပန်းလှပြီ၊ သိမ်းရဦးမယ်" ဟု ပြောလေ၏။

ထိုအခါ မိုးသီးက . . .

"ဒီလိုဆိုလဲ ပြီးရောပေါ့ဗျာ" ဟု ဆိုလျှင် မြင်းလှည်းဆရာသည် သူ၏မြင်းအား . . .

"တဲ ... ဖေ့သားကြီး" ဟု ခေါ်ကာ ဇက်ကြိုးကို လှုပ်ယမ်းလိုက်လျှင် မြင်းလည်း ရှေ့သို့ထွက်လေ၏။

မိုးသီးသည် မြင်းအထွက်၌ မြင်းလှည်းဆရာကို ဆတ်ခနဲဆွဲချကာ မျက်နှာကို ခွပ်ခနဲ ဒူးနှင့်တိုက်လိုက်၏။ မြင်းလှည်းဆရာလည်း သတိလစ်မေ့မျောသွားလေတော့၏။

မြင်းလှည်းမှာ ရှေ့သို့ ပြေးသွားပြီဖြစ်၏။

ထိုအခါ မိုးသီးသည် မြင်းလှည်းဆီသို့ပြေး၍ လိုက်သွားပြီးလျှင် မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်လေ၏။

ထို့နောက် လမ်းတွင်တွေ့သော ကလေးငယ်တစ်ယောက်ကို ခေတ္တရပ်ခိုင်းပြီးလျှင် . . . စာတစ်စောင်ရေး၍ ငွေတစ်ချပ်ပေးကာ ...

"ဟေ့ ...ကလေး၊ ဟောဒီစာကလေးကို ဂါတ်တဲကို သွားပေးပေးစမ်းပါကွာ" ဟု ဆိုကာ မြင်းလှည်းကို မောင်းထွက်သွားပေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ကလေးလည်း ငွေတစ်ကျပ် ရသောကြောင့် အားရဝမ်းသာဖြင့် . . .

"ပေးပေးပါ့မယ်" ဟုဆိုကာ ဂါတ်တဲကို ပြေး၍သွားပြီးလျှင် စန္ဒရီအား စာကိုပေး၍ ပြေးသွားလေတော့၏။

စန္ဒရီသည် စာကိုဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရသဖြင့် ၎င်း၏ အထက်လူကြီးများအား သွားရောက်ပြသလေတော့၏။

> သက်ဆိုင်ရာပုဂ္ဂိုလ်များခင်ဗျား
>
> ပုလိပ်ဘက်က အလိုရှိနေတဲ့ ပင့်ကူအဖွဲ့ဝင် လူဆိုးတစ်ဦး ဗားကရာခုံအောက်မှာ ဒဏ်ရာနဲ့လဲနေပါတယ်။ အခုသင့်သွားပြီးဖမ်းရုံပါပဲ။ သူ့ရဲ့ ညာဘက်လက်မောင်း အတွင်း ပင့်ကူရုပ် ထိုးထားတာကို တွေ့ရပါလိမ့်မယ်။
>
> ရာဇဝတ်မှု ပပျောက်လိုသူ

ထိုဂါတ်မှ ရာဇဝတ်အုပ်ကြီးသည် စာကို ဖတ်ပြီးနောက် စန္ဒရီအား . . .

"ဒီစာကို ဘယ်သူလာပြီးပေးသလဲ" ဟု မေးလိုက်လေ၏။

"ကလေးတစ်ယောက် လာပေးတာ ခင်ဗျ" ဟု စန္ဒရီက ဖြေလေ၏။

"အဲဒီကလေး ဘယ်ရောက်သွားပြီလဲ" ဟု ရာဇဝတ်အုပ်က မေးပြန်ရာ စန္ဒရီက . . .

"အဲဒီကလေး ထွက်ပြေးသွားပြီခင်ဗျာ" ဟု ပြန်၍ ပြောလေ၏။

ထိုအခါ ရာဇဝတ်အုပ်ကြီးလည်း ခေါင်းကိုတွင်တွင်ယမ်း၍



"မင်းတို့လဲ ပုလိပ်လုပ်စားလာတာ . . . အိုသေတော့မယ်၊ နည်းနည်းမှအကင်းမပါးဘူး၊ စာလာပေးတဲ့ကလေးကို ခေါ်ထားရတယ်ကွ၊ ကဲ ကဲ ကဲ ... ဒါတွေထားတော့၊ အိတ်စီကြီးနဲ့ ပုလိပ်နှစ်ယောက် ဗားကရာခုံအောက်ကိုသွားပြီး ရှာကြစမ်း" ဟု ပြောလိုက်လျှင် အိတ်စီနှင့် ပုလိပ်နှစ်ယောက်တို့သည် ဗားကရာခုံအောက်တွင် သွားရောက်ရှာဖွေရာ သတိလစ်မေ့မျောနေသော လူတစ်ယောက်ကို တွေ့လေ၏။

၎င်း၏လက်မောင်းကို လှန်ကြည့်ရာ ပင့်ကူရုပ်လေးကို တွေ့သဖြင့် ၎င်းအား လက်ထိတ်ခတ်ကာ ဂါတ်တဲသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြလေတော့၏။

ထိုအချိန်၌မှာပင် မိုးသီး၏ မြင်းလှည်းသည် စက်ဆန်းရှိ ခြံဝင်းကျယ်ကြီးတစ်ခုဆီသို့ ရောက်ရှိသွားပြီဖြစ်၏။

ခြံဝင်းတံခါးတွင် စောင့်သောသူကလည်း ၎င်းတို့၏လူ အမှတ်ဖြင့် ခြံတံခါးကို ဖွင့်ပေးလိုက်လေ၏။

မိုးသီးသည် မြင်းလှည်းကို ရဲဝံ့စွာပင် ခြံအတွင်းသို့ မောင်းဝင်ခဲ့လေ၏။

ပြီးလျှင် မြင်းလှည်းအား ခြံဝင်းကျယ်ကြီး နောက်ဘက်ရှိ နှစ်ထပ်အိမ်မည်းကြီး နောက်ဘက်ဆီသို့ မောင်းသွားကာ ရပ်ထားပြီး မြင်းလှည်းပေါ်မှဆင်း၍ နောက်ဖေးလှေကားမှပင် အပေါ်ထပ်သို့ တက်သွားလေ၏။

အပေါ်ထပ်သို့ ရောက်လျှင် . . . အခန်းတစ်ခု အတွင်း၌ အောက်လင်း မီးအိမ်ကိုထွန်း၍ လူသုံးယောက် စကားပြောနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုသူတို့သည် မိုးသီး၏ ခြေသံကို ကြားလျှင် အတွင်းမှ ခေါင်းဆောင်လုပ်သူက . . .

"ဟော ... ဟော ... ပြောရင်းဆိုရင်း မြင့်ဦးပြန်လာပြီ၊ ဒီတစ်ခါတော့ ထူးပြီနဲ့တူပါရဲ့၊ ဒီတစ်ခါမှ မထူးရင်လဲ ဖမ်းထားတဲ့ကောင်ကိုသတ်ပြီး ချောင်းထဲမျှောလိုက်ရုံပဲ" ဟု ပြောလိုက်ရာ မိုးသီးသည် တံခါးကိုတွန်းဖွင့်ပြီးလျှင် ၎င်းတို့၏ရှေ့သို့ အထုပ်တစ်ထုပ် ပစ်ချပေးလိုက်လေ၏။

ထိုအထုပ်မှာ ချွင်ခနဲ အသံမြည်သွားလေ၏။

ထိုအခါ အတွင်းမှ ခေါင်းဆောင်လုပ်သူက ထိုအထုပ်ကို ကောက်ယူ၍ ဖွင့်ကြည့်လိုက်ရာ ပုလင်းကွဲစများ ဖြစ်ကြောင်း သိရလျှင် . . .

"ဘယ်လိုလဲ မြင့်ဦး" ဟု ဆိုကာ မော့ကြည့်လိုက်လေ၏။

ထိုအခါ မိုးသီးက ထိုသူတို့အား သေနတ်ဖြင့် ချိန်ထားလိုက်ပြီး ဖြစ်လေတော့၏။

ထို့နောက် မိုးသီးက . . .

"ဘယ်လိုလဲ ဦးမောင်ကြီး" ဟု ပြောလိုက်ရာ ဦးမောင်ကြီး၏ လူတစ်ဦးသည် အောက်လင်းမီး တင်ထားသော စားပွဲခုံကို တွန်းချလိုက်လေတော့၏။

ဝုန်းခနဲမြည်၍ ရုတ်တရက် မှောင်ကျသွား၏။

မိုးသီးသည် သေနတ်ဖြင့် စွတ်၍ပစ်၏။ မှောင်ကြီးထဲတွင် ဝရုန်းသုန်းကားဖြစ်ကုန်ကြ၏။

မှန်အိမ်မှ ရေနံဆီများသည် ကြမ်းပြင်ပေါ်သို့ စီးကျကာ မီးလောင်လေတော့၏။



မီးရောင်တွင် မိုးသီးက ကြည့်လိုက်ရာ ကျန်လူနှစ်ယောက်သည် လွတ်မြောက်သွားပြီဖြစ်လေသည်။

ဦးမောင်ကြီးသာလျှင် သေနတ်မှန်၍ လဲနေလေတော့၏။

ထိုအခါ မိုးသီးသည် တစ်ဖက်ခန်းသို့ကူးသွားရာ တစ်ဖက်ခန်းတွင် ချုပ်နှောင်ထားသော ရေချမ်းဆီသို့ ရောက်သွား၏။

မိုးသီးက . . .

"မောင်ရေချမ်း ... မောင်ရေချမ်း ... မင်းဘယ်မှာလဲ" ဟု အော်၍မေးရာ ရေချမ်းက အော်၍ထူးလေ၏။

မိုးသီးလည်း ရေချမ်းအခန်းသို့ ပြေးလေ၏။

အခန်းဝတွင် ပြေးရင်း လွှားရင်း ရေချမ်းကို သတ်ရန်ကြံသော လူဆိုးတစ်ဦးနှင့် မှောင်ကြီးထဲတွင် တိုးမိ၏။

ထိုအခါ မိုးသီးက ထိုသူအား ခြေတစ်ဖက်ဖြင့် ကန်ချလိုက်ရာ ထိုသူလည်း လှေကားပေါ်မှ တလိမ့်ခေါက်ကွေး ကျသွားလေတော့၏။

မိုးသီးလည်း အခန်းအတွင်းသို့ ဝင်သွားပြီး ရေချမ်းကို ရှာဖွေရာ ကြိုးနှင့်တုပ်ထားသည်ကို စမ်းမိသဖြင့် ကြိုးကိုပင် မဖြေတော့ဘဲ ကြိုးချည်လျက်သားနှင့်ပင် ထမ်း၍ နောက်ဖေး လှေကားမှ မြင်းလှည်းဆီသို့ ပြေးဆင်းခဲ့လေ၏။

ထို့နောက် ရေချမ်းအား မြင်းလှည်းပေါ်သို့တင်ကာ မြင်းကို ရိုက်၍ တစ်အားမောင်းကာ ထွက်လာတော့၏။

အိမ်မည်းကြီးမှာမူ မီးစွဲလောင်နေပြီ ဖြစ်၏။ ဂိတ်ဝှက် အစောင့်လည်း မရှိတော့ပေ။

မိုးသီးသည် မြင်းလှည်းအား စက်ဆန်းလမ်းမကြီးအတိုင်း မောင်း၍ထွက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လမ်းတွင် မောင်ရေချမ်းအား ကြိုးများဖြေပေးလိုက်လေ၏။

ပြီးလျှင် မြင်းလှည်းကို တစ်နေရာ၌ရပ်ကာ မောင်ရေချမ်း၏ အိမ်ဆီသို့ အေးဆေးစွာ စကားပြောဆို၍ ခြေကျင်ပြန်ခဲ့ကြလေတော့၏။

ထိုအချိန်၌ စက်ဆန်းရှိ ကျွန်းအိမ်မည်းကြီးမှာ ကောင်းစွာမီးစွဲလောင်နေပြီဖြစ်၏။

မီးသတ်ကားများလည်း ရောက်ရှိလာပြီးလျှင် ကြိုးစား၍ငြိမ်းသတ်ကြလေ၏။

အနီးအပါး ရပ်ကွက်များမှ လူများလည်း ရောက်ရှိလာပြီးလျှင် ကူညီ၍ မီးငြိမ်းသတ်ကြလေ၏။

ထို့ကြောင့် ကျွန်းအိမ်မည်းကြီး တစ်ဝက်ကျော်ကျော်ခန့် မီးလောင်ကျွမ်းပြီးလျှင် မီးသတ်ကားများက မီးကို အပြီးအပိုင်ငြိမ်းသတ်နိုင်ခဲ့လေတော့၏။

မိုးသီးသည် ရေချမ်းအား အိမ်တိုင်ရာရောက် လိုက်ပို့၍ ခင်မေရီအား အပ်နှံလိုက်ရာ ခင်မေရီသည် ရေချမ်းကိုမြင်လျှင် ဝမ်းသာလွန်း၍ ငိုကြွေးလေတော့၏။

မိုးသီးကိုလည်း အကြိမ်တစ်ရာမက ဦးချလေတော့၏။

ထို့နောက် ခင်မေရီက မိုးသီးနှင့် ရေချမ်းအား ကော်ဖီနှင့် မုန့်များ တိုက်ကျွေးလေ၏။

မိုးသီးလည်း ကော်ဖီသောက်ပြီးနောက် . . .

“မောင်ရေချမ်း ... ဘာမှမကြောက်နဲ့တော့၊ ပင့်ကူအဖွဲ့ ခေါင်းဆောင် ဦးမောင်ကြီးဆိုတာ သေသွားပြီကွ၊ ငါလဲ ဒီညပဲ



ကြံ့ရာ ကုန်ကားတစ်စီးနဲ့ ခရီးထွက်မယ်” ဟု ပြောလိုက်ရာ ရေချမ်းက . . .

“ကိုမိုးသီး အခုဘယ်ကိုသွားမလို့တုံး” ဟု မေးလိုက်လေ၏။

“ငါ သတင်းသဲ့သဲ့ရထားတဲ့ နေရာတစ်နေရာ ရှိတယ်ကွ၊ အဲဒါက တောင်ပေါ်မြို့ကလေးတစ်မြို့မှာပဲ၊ အဲဒီမှာ ပင့်ကူတွေစုတဲ့ ဆိုင်တစ်ဆိုင်ရှိတယ်၊ အနယ်နယ်အရပ်ရပ်က ပင့်ကူတွေသူတို့အချင်းချင်း အဆက်အသွယ်ပြတ်နေရင် အဲဒီဆိုင်မှာလာပြီး အဆက်အသွယ်ရှာတယ်ကွ၊ ပြီးတော့ ငါတို့ အရင်သိထားတာက ပင့်ကူအဖွဲ့ တစ်ဖွဲ့ပဲရှိတယ်၊ အဲဒီ ပင့်ကူအဖွဲ့ထဲကနေ ဦးမောင်ကြီးလက်ထက်မတိုင်မီကတည်းကိုက ခွဲထွက်သွားတဲ့ ပင့်ကူနက်အဖွဲ့ဆိုတာ ရှိသေးတယ်ကွ၊ ဒါပေမဲ့ အဲဒီပင့်ကူနက်တွေဟာ ဦးမောင်ကြီးလက်ထက်မတိုင်မီကတည်းကိုက အရေးနိမ့်ပြီး နယ်စပ်နယ်ခြားတွေကို ခိုလှုံရင်း အစပျောက်သွားကြတာ။

“ဒီကောင်တွေလဲ ဒီပင့်ကူတွေလိုပဲ လောဘရမ္မက် အလွန်ကြီးတဲ့ကောင်တွေ၊ ပင့်ကူတွေ ရတနာမြေမှုံရသွားတဲ့ သတင်းကိုလဲ ကြားရော ဘယ်ကနေ ဘယ်လို ပြန်ပေါ်လာတယ် မဆိုနိုင်ဘူး၊ ပင့်ကူနက်တချို့ ပြန်ပေါ်လာတယ်ကွ၊ အဲဒီသတင်းကို ငါ နိုင်နိုင်လုံလုံ ရထားလို့ မြကျွန်းသာကနေ တစ်ခေါက်ပြန်လာခဲ့တာ၊ ရတာကလဲ သေတ္တာရဲ့တပည့် ပင်လယ်ဓားပြ လူသူတွေဆီကပေါ့ကွာ၊ အဲဒီ ပင့်ကူနက်တွေဟာ ဦးမောင်ကြီးတို့ရဲ့ ရတနာပစ္စည်းတွေဟာ ဦးမောင်ကြီးတို့မရဘဲ မင်းရသွားတယ်ဆိုတာ နိုင်နိုင်လုံလုံသိရင် သူတို့ကလဲ မင်းကို အန္တရာယ်ပေးကြ

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ ဒါကြောင့် ငါ အဲဒီဒေသကိုသွားပြီး ရုပ်ဖျက်ပြီး သတင်းစုံစမ်းရမယ်၊ အတိအကျသိတာနဲ့ ပင့်ကူအနက်တွေရော၊ ပင့်ကူတွေရော အကုန်လုံးကို ရှင်းပစ်ခဲ့မယ်၊ ဒီနေ့ညဖြစ်တဲ့ အဖြစ်အပျက်မှာလဲ ဦးမောင်ကြီးကတော့ သေပြီကွ၊ မင်းရဲ့အခန်းရှေ့မှာတွေ့တဲ့ကောင်လဲ ငါကန်ချပစ်လိုက်ပြီ၊ အဲဒီတော့ မင်းအခန်းရှေ့မှာ ငါကန်ချပစ်တဲ့ကောင်ဟာ ဦးမောင်ကြီးနဲ့ စကားပြောနေတဲ့ကောင်လား၊ ဒီပြင်ကောင်လား မဆိုနိုင်ဘူး၊ ဦးမောင်ကြီးနဲ့ စကားပြောနေတာ နှစ်ယောက်ကွ၊ အလွန့်အလွန်ဆုံး သူတို့လွတ်ထွက်ပြေးရင် ခြံစောင့်လုပ်တဲ့ကောင်နဲ့မှ နှစ်ယောက်၊ ဒါမှမဟုတ်ရင် သုံးယောက်ပဲရှိလိမ့်မယ်၊ ဒီကောင်တွေလဲ အဲဒီတောင်ပေါ်မြို့ကလေးကို ရောက်လာကြမယ်ကွ၊ သူတို့လဲ အဲဒီမှာ ဇာတ်သိမ်းကြမှာပါကွာ" ဟု ပြောဆိုပြီးလျှင် မိုးသီးသည် ရေချမ်းနှင့် ခင်မေရီကို နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သတည်း။

* * * * *

## လှည်းတန်းမှ ဆရာကြီးဦးထွန်းမြတ်နှင့် တွေ့ဆုံခြင်း

နောက်တစ်နေ့ နံနက်တွင် ရေချမ်း၏ အိမ်ရှေ့သို့ ပုလိ[...] ဘက်မှ ဆားပုလင်းနှင်းမောင်ဆိုသူ ရောက်လာပြီးလျှင် ခင်မေ[...] ထံမှ မြင်းလှည်းသမား ပေးသွားသော စာများကို တောင်းယူ[...] ဖတ်ကြည့်ကာ ပြန်သွားလေတော့၏။

ထို့နောက် ရေချမ်းနှင့်ခင်မေရီတို့သည် နံနက်စာစားသော[...] ပြီးနောက် ခင်မေရီက . . .

"အစ်ကိုရေချမ်းရယ် အစ်ကိုရေချမ်းဒုက္ခက အခုထက်ထ[...] မပြီးသေးပါလား၊ ခင်မေရီလေ အစ်ကိုရေချမ်းကို သိပ်ပြီးသနား[...] တာပဲ၊ ရှေ့ကို ဘယ်လိုအန္တရာယ်မျိုးတွေ တွေ့ဦးမလဲ မဆိုနိုင်ဘ[...] အဲဒါ ခင်မေရီပြောမလို့၊ ခင်မေရီတို့ ရွှေဆိုင်ဘေးက အင်း[...] တစ်ယောက်ကပြောတယ်၊ ဗေဒင်သိပ်မှန်တဲ့ ဆရာတစ်ယော[...] ရှိတယ်ဆိုပဲ၊ အဲဒါ သွားပြီး ဗေဒင်လေးဘာလေး မေးကြရအော[...] အစ်ကိုရေချမ်းရယ်" ဟု ပြောရာ မောင်ရေချမ်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာမေးမှာလဲ ခင်မေရီရယ်" ဟု ပြန်၍ မေးလိုက်လေ၏။

"လှည်းတန်းမှာ အစ်ကိုရေချမ်းရဲ့ ဆရာ ဦးထွန်းမြတ်တဲ့၊ ဉာဏ်ပူဇော်ခကလဲ ငါးမတ်တည်းယူတာ၊ ပြီးတော့ ဒီဆရာကြီးက သိပ်ပြီး သမာဓိပြည့်စုံတာ ဆိုပဲ၊ နှစ်စဉ်နှစ်တိုင်း သင်္ကြန်အတက်နေ့မှာ နွားတွေဝယ်ပြီး ဘေးမဲ့လွှတ်တယ်တဲ့၊ လာပါ အစ်ကိုရေချမ်းရယ် သွားမေးရအောင်" ဟု ခင်မေရီကပြောရာ မောင်ရေချမ်းက သဘောတူလိုက်လေ၏။

ထို့နောက် ၎င်းတို့ ဇနီးမောင်နှံသည် လှည်းတန်းဘက်ဆီသို့ ထွက်ခဲ့ကြရာ ဆရာဦးထွန်းမြတ် နေသောအိမ်သို့ ရောက်ရှိကြလေ၏။

ခင်မေရီက . . .

"ကျွန်မတို့ ဗေဒင်မေးချင်လို့ပါ ဆရာကြီးရယ်" ဟု ပြောလိုက်ရာ ဆရာကြီးက . . .

"ထိုင်ကြကွယ် ... ထိုင်ကြ ထိုင်ကြ" ဟု ဆိုလေ၏။

မောင်ရေချမ်းသည် ထိုဆရာကြီးကို အကဲခတ် ကြည့်ရှု၏။

ဆရာကြီးသည် ကျန်းကျန်းမာမာ တောင့်တောင့်တင်းတင်း ရှိ၏။ ပိတ်ဖြူစင်ကြယ် ဝတ်ထား၏။

ရေချမ်းတို့ ဇနီးမောင်နှံသည် ဆရာကြီး၏ ဗေဒင်မေး စားပွဲကလေးရှေ့တွင် ကျို့ကျို့ယို့ယို့ထိုင်ကာ ကန်တော့လိုက်ကြလေ၏။

ထိုအခါ၌ ဆရာကြီးသည် ကန်တော့ပွဲအနီး၌ ထောင်ထားသော ကျောက်သင်ပုန်းကလေးကို အရိုအသေပေး၍ လှမ်းယူလိုက်ပြီးလျှင် . . .



"မောင်ရင့်နာမည် ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ ရေချမ်းက . . .

"ကျွန်တော့်နာမည် မောင်ရေချမ်းလို့ ခေါ်ပါတယ်" ဟု ပြန်၍ဖြေလိုက်လေ၏။

ထိုအခါ . . . ထိုဆရာကြီးသည် တွက်ချက်ခြင်း မပြုဘဲ ကျောက်သင်ပုန်းတွင် အသင့်ရေးထားသော ဂဏန်းများကို ကြည့်ကာ . . .

"မင်းလဲပဲ ရေချမ်းသာ ဆိုတယ်၊ မအေးပါလားကွယ် ... ဒီကနေရှေ့အဖို့တော့အေးပြီကွယ့်၊ မင်းဟာက ဒုက္ခရောက်တုန်းက အတော့်ကိုဒုက္ခရောက်ခဲ့ပေမယ့် ချမ်းသာတော့လဲ အတော့်ကို ချမ်းသာမယ့် ကောင်ပဲ၊ မနေ့ညကမှ အသက်ဘေးက သီသီတလေး လွတ်လာတာကို တွေ့ရတယ်၊ ဒါ မင်းဇနီးလား" ဟု ပြောလိုက်ရာ မောင်ရေချမ်းက . .

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော့်မိန်းမပါ" ဟု သွက်လက်စွာ ပြန်၍ဖြေလေ၏။

"အလို ... ဒီမိန်းကလေးက တနင်္လာသမီးကိုး၊ နာမည်က ခင်နဲ့စပြီး ရီနဲ့ဆုံးမလား မဆိုနိုင်ဘူး၊ ငယ်စဉ်ကပင် မိဘမရှိဘူးကွယ့်၊ မင်းကတော့ မိစုံဖစုံပါပဲ" ဟု ဆရာကြီးက ပြောလိုက်ရာ မောင်ရေချမ်းက . . .

"ကျွန်တော်လဲ မိစုံဖစုံ မဟုတ်ဘူးခင်ဗျ၊ ကျွန်တော့်အဖေ သေတာ ကြာပြီ" ဟု ပြောလျှင် ဆရာကြီးက . . .

"မဟုတ်နိုင်တာကွယ် ... မင်းအဖေ အချုပ်ထဲရောက်နေတယ်" ဟု ပြောလေ၏။

ထိုအခါ ရေချမ်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဆရာကြီး၊ ကျွန်တော့်အဖေ သေတာကြာပြီ ကျွန်တော်ကိုယ်တိုင် သင်္ဂြိုဟ်ခဲ့တာပဲ၊ ကျွန်တော်သိတာပေါ့" ဟု ရေချမ်းက ပြောရာ ဆရာကြီးက . . .

"မင်းကိုယ်တိုင်သင်္ဂြိုဟ်ခဲ့တယ်ဆိုရင်တော့ အဲဒါ မင်းအဖေ မဖြစ်နိုင်ဘူး၊ ပထွေးပဲဖြစ်လိမ့်မယ်၊ မင်းအဖေ မသေသေးဘူး" ဟု ဆရာကြီးက ပြောလေ၏။

ထိုအခါ ရေချမ်းသည် ဆက်လက်၍ မေးမြန်းရန် စိတ်ကုန်သွားလေ၏။

ထို့ကြောင့် ညဏ်ပူဇော်ခငွေကိုတင်၍ ပြန်ခဲ့လေတော့၏။ လမ်းတွင် ရေချမ်းက ခင်မေရီအား . . .

"ပထမ ပြောတာတွေကတော့ သိပ်ပြီးကိုက်တာပဲ၊ အဖေ့ကိစ္စမှာတော့ လုံးဝကိုလွဲတယ်၊ ပြီးတော့ ဆရာကြီးက သိပ်တိုးဖွတ်နိုင်တာပဲ၊ ကိုရေချမ်းကိုယ်တိုင် သင်္ဂြိုဟ်ခဲ့ပါတယ်ဆိုတာတောင် မသေသေးဘူး လုပ်နေတယ်" ဟု ရေချမ်းက ပြောလျှင် ခင်မေရီက . . .

"ဒီလိုလုပ်ပါကိုရေချမ်းရယ် ... အန္တရာယ်ကင်းသွားအောင် ဒီရက်အတွင်းမှာ ဘုန်းကြီးကျောင်းသွားပြီး သီလလေး ဘာလေး ယူထားကြရအောင်ပါ" ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ရေချမ်းက . . .

"ကောင်းသားပဲကွယ့် ဘယ်မှာယူမလဲ" ဟု မောင်ရေချမ်းက မေးရာ ခင်မေရီက . . .

"ကျွန်မဆီမှာ ရွှေ မကြာခဏဝယ်တဲ့ ဒေါ်ရွှေကြီးဆိုတာ ငါးထပ်ကြီးဘုရားနားမှာနေတယ်၊ သူတို့အိမ်နားက ဘုန်းကြီးကျောင်းဟာ သိပ်ပြီး အေးချမ်းတယ် ဆိုပဲ၊ အဲဒီကို သွားကြရအောင် အစ်ကိုရေချမ်းရယ်" ဟု ပြောရာ မောင်ရေချမ်းတသဘောတူလိုက်လေ၏။

ထို့ကြောင့် ၎င်းတို့ ဇနီးမောင်နှံသည် မြင်းလှည်းတစ်စီးငှား၍ ငါးထပ်ကြီးဘုရားဆီသို့ ထွက်ခဲ့ကြလေတော့၏။

ဘုရားသို့ ရောက်လျှင် ဒေါ်ရွှေကြီးကို ရှာ၍ ဘုန်းကြီးကျောင်းသို့ သွားလေ၏။ ပြီးလျှင် ဝတ္ထုငွေနှင့်တကွ လှူဖွယ်ပစ္စည်းများလှူ၍ ဘုန်းကြီးကျောင်း၌ မှီခိုကပ်ရပ်၍ တရားအားထုတ်နေသော ရသေ့မကြီးသည် မောင်ရေချမ်းတို့ ဇနီးမောင်နှံအား ရေနွေးကြမ်းများ လာရောက်ချပေးလေ၏။

ထိုသို့ လာရောက်ချပေးရင်း . . .

"ကောင်းတယ်ကွယ် ... ငယ်ငယ်ရွယ်ရွယ်နဲ့ ဘုရားတွေကျောင်းတွေလာတာ ကောင်းတယ်ကွယ့်၊ ဒါနဲ့ နေပါဦး ... သမီးက ဘာလုပ်သလဲကွယ့်" ဟု မေးရာ ခင်မေရီက . . .

"ရွှေဆိုင်ထွက်ပါတယ်" ဟု ပြောလေ၏။

"နာမည် ဘယ့်နှယ်ခေါ်သလဲကွယ့်" ဟု ရသေ့မကြီးက မေးပြန်လေ၏။

"ခင်မေရီလို့ခေါ်ပါတယ်ရှင့်" ဟု ခင်မေရီကပြောပြန်လေ၏။

ထို့နောက် . . . ရသေ့မကြီးသည် မောင်ရေချမ်းဘက်သို့လှည့်ကာ . . .

"မင်းနာမည်ကောကွယ့်" ဟု မေးရာ မောင်ရေချမ်းက -

"ကျွန်တော့်နာမည် ရေချမ်းလို့ခေါ်ပါတယ်" ဟုဖြေလိုက်ရာ ရသေ့မကြီးသည် မျက်မှောင်ကြုတ်၍သွားလေတော့၏။

ထို့နောက် ရေချမ်း၏ မျက်နှာကို သေသေချာချာ ကြည့်ပြီးနောက် . . .

www.burmeseclassic.com

www.burmeseclassic.com



"အလို ... ငါ့သားမောင်ရေချမ်းပါလား၊ အမေ့ကို မမှတ်မိဘူးလား သားရယ်" ဟုဆိုကာ ရသေ့မကြီးသည် ချုံးပွဲချ၍ ငိုလေတော့၏။

ထိုအခါကျမှပင် ခင်မေရီနှင့် မောင်ရေချမ်းတို့သည် ရသေ့မကြီးအား သေချာစွာ ကြည့်ကြလေတော့၏။

ထို့နောက် မောင်ရေချမ်းက ၎င်း၏မိခင်ကိုမှတ်မိ၍သွားကာ

"ဩော် ... လက်စသတ်တော့ အမေကိုး၊ အခုမှတော့ ငိုမနေပါနဲ့တော့ အမေရယ်၊ အမေဟာ သိပ်ကိုရက်စက်တယ်၊ ကျွန်တော်တို့မောင်နှမတွေအပေါ်မှာလဲ ရက်စက်တယ်၊ အဖေ့အပေါ်မှာလဲ ရက်စက်တယ်၊ အမေဟာ အဖေနဲ့ ကျွန်တော်တို့ကို ထားပြီး နောက်ယောက်ျားနဲ့လိုက်သွားတယ်" ဟု ရေချမ်းက ရင့်သီးစွာ ပြောလိုက်ရာ မောင်ရေချမ်း၏ မိခင် ရသေ့မကြီး ဒေါ်ရီသည် . . .

"ဒီအချိန်ရောက်မှတော့ ဖွင့်ပြောရတော့မှာပေါ့ သားရယ်၊ အမေလေ . . . မင်းတို့အပေါ်မှာ ရက်စက်ချင်လို့ ရက်စက်တာမဟုတ်ဘူး၊ ကိုသန်းမောင်ကို လက်စားချေချင်လို့၊ ပြီးတော့ ကိုသန်းမောင်ဟာ မင်းအဖေမဟုတ်ဘူး မောင်ရေချမ်းရဲ့၊ မင်းပထွေး ... ပထွေး၊ မင်းအဖေအရင်းက ကိုမြတ်ကောင်းတဲ့၊ အမေလိုက်သွားတာ မင်းအဖေအရင်း ကိုမြတ်ကောင်းနဲ့ လိုက်သွားတာပေါ့" ဟု ပြောလိုက်ရာ မောင်ရေချမ်းသည် မျက်လုံးပြူး၍ သွားလေတော့၏။

မိမိတစ်သက်လုံး မှတ်သားထားသည့် အကြောင်းအရာများသည် ပြောင်းတိပြောင်းပြန် ဖြစ်သွားသည့်အခါ၌ ကမ္ဘာမြေကြီး သွက်သွက်ခါ၍သွားသည်ဟုပင် ထင်မှတ်ရလေတော့၏။



မောင်ရေချမ်း၏မျက်နှာသည် ချွေးသီးချွေးပေါက်များ စို့၍ လာလေ၏။

မောင်ရေချမ်း၏ တစ်ကိုယ်လုံးသည် နတ်ကျသည့်အလား တသိမ့်သိမ့်တုန်၍လာ၏။ မျက်လုံးများမှာလည်း မျက်ရည်များ စီးကျလာ၏။

ထို့နောက် . . .

"အမေ တကယ်ပြောတာလား" ဟု ကြေကွဲဝမ်းနည်းသံကြီးဖြင့် မေးလိုက်လေ၏။

"တကယ်ပြောတာပေါ့ သားရယ် ... အမေ သေခါနီးမှပဲ ဘာကိစ္စ လိမ်ရမှာလဲ၊ အမေနဲ့ ကိုမြတ်ကောင်းဟာ လူငယ်ဘဝချစ်ကြိုက်ကြတယ်၊ အဲဒီအခါမှာ ကိုသန်းမောင်ကြီးက အမေ့ရဲ့မိခိုအားထားရာအဒေါ့ဆီလာပြီး အမေ့ကိုရလိုကြောင်း အမျိုးမျိုးအဖုံဖုံ နှုတ်နှုပ် ချဉ်းကပ်တယ်၊ ကိုမြတ်ကောင်းဟာ . . . လူရိုးလူကောင်းကွယ့်၊ တယောလေး ထိုးပြီး အေးအေးချမ်းချမ်းနေတဲ့လူစား၊ အဲဒီအခါမှာ ကိုသန်းမောင်ကြီးက ကိုမြတ်ကောင်းကို အပြစ်ရှာတယ်၊ နောက်ဆုံးမှာ လူမိုက်တွေနဲ့ ကိုမြတ်ကောင်းကို နှိပ်စက်ခိုင်းတာပေါ့ကွယ်။

"ကိုမြတ်ကောင်းကလဲ လူရိုးလူကောင်း ဖြစ်တဲ့အတိုင်း သတ္တိကလဲ ခေတာမဟုတ်ဘူးကွယ့်၊ သူ့ကိုလာပြီး နှိပ်စက်တဲ့လူဆိုးတစ်ယောက်ကို ဓားနဲ့ခုတ်သတ်ပစ်လိုက်တယ်၊ အဲဒီအမှုနဲ့ပဲ ကိုမြတ်ကောင်းဟာ ထောင်ဆယ်နှစ်ကျသွားတယ်၊ အဲဒီအချိန်မှာ ကိုမြတ်ကောင်းနဲ့ရတဲ့ ကိုယ်ဝန်ဟာ အမေ့ဗိုက်ထဲမှာ သုံးလလောက်ရှိပြီ၊ အဲဒါ မင်းပဲ၊ အဲဒီမှာ ကိုသန်းမောင်ကြီးဟာ အမေ့ကို အတင်းအနိုင်ကျင့်ပြီးယူလိုက်တယ်ကွယ့်၊ အဲဒီတုန်းက

www.burmeseclassic.com

www.burmeseclassic.com



သူက ရာဇဝတ်အုပ်ကွယ့်၊ ရွှေဘော်တို့ မြမြတို့ကတော့ သူနဲ့ မွေးတာ၊ မင်းကတော့ ကိုမြတ်ကောင်းနဲ့ မွေးတာ . . .” ဟု ပြောလိုက်ရာ ရေချမ်းသည် ပါးစပ်အဟောင်းသား ဖြစ်ကာ နားထောင်နေရာမှ . . .

“ခင်မေရီရေ အမေနဲ့စကားပြောနေဦးကွယ်၊ တို့ပြန်ရင်လဲ အမေ့ကို အိမ်ခေါ်သွားရလိမ့်မယ်” ဟုပြောလိုက်ရာ ခင်မေရီက

“မခေါ်လို့ ဘယ်ဖြစ်မလဲ၊ ခေါ်သွားရမှာပေါ့၊ အခု အစ်ကို ရေချမ်းက ဘယ်ကိုသွားမလို့တုံး” ဟု မေးလိုက်လေ၏။

“ဘယ်ကိုသွားရမှာတုံး ... စောစောက ဗေဒင်ဆရာကြီး ဦးထွန်းမြတ်ဆီကို ပြန်သွားရမှာပေါ့၊ စောစောက သူပြောခဲ့တာတွေကို အစ်ကိုရေချမ်းက ငြင်းခဲ့တာကို ပြန်ပြီးတောင်းပန်ရမှာပေါ့” ဟု ဆိုကာ ရေချမ်းသည် ခင်မေရီအား ထားခဲ့ပြီးလျှင် လှည်းတန်းသို့ တစ်ခေါက်ပြန်လာ၍ ဆရာကြီး ဦးထွန်းမြတ်အား ဦးချကန်တော့ပြန်လေ၏။

ထိုသို့ကန်တော့ပြီးနောက် . . .

“ဆရာကြီးရယ် စောစောက ဆရာကြီးပြောခဲ့တာတွေဟာ မှန်ပါတယ်၊ ကျွန်တော့်အဖေ မသေသေးပါဘူး၊ ကျွန်တော့်ရဲ့ ပထွေးကို အဖေထင်မိခဲ့တာပါ” ဟု တောင်းပန်လေ၏။

ဆရာကြီး ဦးထွန်းမြတ်က . . .

“သာဓုကွယ် သာဓု သာဓု သာဓု ... နောက်ထပ် မင်းက ဘာများသိချင်သေးသလဲမောင်ရင်ရဲ့”ဟုမေးရာ မောင်ရေချမ်း က . . . “ကျွန်တော့်ညီလေးနဲ့ ညီမလေးကို တွေ့ချင်တယ်ခင်ဗျ၊ တွေ့နိုင်ပါဦးမလား” ဟု မေးလိုက်ရာ . . .

ဆရာကြီးက . . .



“မတွေ့လို့ ဘယ်ဖြစ်မလဲကွယ့်၊ ပြန်တွေ့ကြရဦးမှာပေါ့၊ မင်းလဲပဲ မိတစ်ကွဲ ဖတစ်ကွဲ ညီတစ်ကွဲ ညီမတစ်ကွဲ ဆိုတာလို တယ်လဲဒုက္ခကြီးတာကိုးကွယ့်၊ ဟော့ ... သူငယ်၊ မင်း အမဲသား စားတယ်ထင်တယ်” ဟု ဆရာကြီး ဦးထွန်းမြတ်က မေးလိုက်ရာ မောင်ရေချမ်းက . . .

“ကျွန်တော် သိပ်ပြီးကြိုက်တယ်ခင်ဗျ၊ အမဲအူ၊ အသည်း နှလုံးကို ဂေါ်ရင်ဂျီမဆလာနဲ့ ချက်တာကို ကျွန်တော် အလွန် မက်တယ်ခင်ဗျ” ဟု ပြောလိုက်ရာ . . .

“အေးပါ ... တပည့်၊ ရှေ့ကို ဆရာကြီး စောင့်ရှောက်မယ်၊ ဆရာကြီးဆီမှာ အမဲသား လှူမလားကွယ်” ဟု ဆရာကြီးက မေးလေ၏။

ထိုအခါ မောင်ရေချမ်းက . . .

“စောင့်ရှောက်ပါခင်ဗျာ ... ကျွန်တော် အမဲသားကို လှူပါ့ မယ်ခင်ဗျာ” ဟုဆို၍ မောင်ရေချမ်းသည် ဆရာကြီး ဦးထွန်းမြတ် ထံ၌ အမဲသားကိုလှူပြီးလျှင် ကန်တော့၍ ပြန်ခဲ့လေတော့၏။

ထို့နောက် မောင်ရေချမ်းသည် ၎င်း၏ဇနီး ခင်မေရီနှင့် မိခင်ဖြစ်သူ ရသေ့မကြီးကိုပါခေါ်၍ အိမ်သို့ ပြန်ခဲ့လေတော့၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## မိုက်ခဲနစ်ဦးနှင့် တွေ့ဆုံခြင်း

တစ်ညသ၌ လွန်စွာ အေးချမ်းလှသော တောင်ကုန်းမြို့ကလေး တစ်မြို့ရှိ၏။

ညအိပ်တည်းခိုခွင့်ရသော "နေကြာပန်း" အမည်ရှိ ထမင်းဆိုင်လေးတစ်ဆိုင်သို့ အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိ လူတစ်ယောက် ရောက်ရှိလာလေ၏။

သူသည် ကိုယ်လုံးကိုယ်ထည်ကျစ်လျစ်၍ သွယ်၏။ အသားမှာ ကြေးနီရောင် ရှိ၏။ အရပ်မှာ အတော်အတန်မြင့်၏။ နှာတံပေါ်၏။ မျက်လုံးမျက်ခုံးကောင်း၏။

ထိုလူငယ်၏ ရုပ်ရည်ဟန်ပန်မှာ မြန်မာအမျိုးသမီးများအဖို့ ထူးထူးခြားခြားနှစ်သက်လောက်သော ရုပ်ရည်မျိုးမဟုတ်သော်လည်း ဥရောပတိုက်သူများအဖို့မူ ငမ်းငမ်းတက် သဘောကျလောက်သော ရုပ်ရည်မျိုးဖြစ်၏။

ထိုသူ၏ မျက်နှာ၌ ထင်းခနဲ မှတ်မိလွယ်သော နှုတ်ခမ်းမွေး ထူထူကြီးများလည်း ရှိလေ၏။



ထိုလူသည် စစ်လွယ်အိတ် တစ်လုံးကို လွယ်၍ထား၏။ စစ်အင်္ကျီဟောင်းတစ်ထည်ကို ဝတ်ထား၏။

ဂေါ်ရခါးဟက် ခေါ် ဂေါ်ရခါးစစ်သားများ ဆောင်းလေ့ရှိသော အညိုရောင် သက္ကလပ်ဦးထုပ်ကို မေးသိုင်းကြိုးနှင့်တကွ ဆောင်း၍ထား၏။

၎င်း၏ခါးတွင်လည်း စက္ကူခါးပတ်တစ်ခုကို ပတ်ထား၏။

ထိုခါးပတ်၌လည်း ကွက်ကရီး ခေါ် ဂေါ်ရခါးလူမျိုးများ အသုံးပြုသော မားကောက်တစ်ချောင်းကို သားရေအိတ်နှင့်တကွ ချိတ်ဆွဲထားလေ၏။

ထိုသူသည် နေကြာပန်း ထမင်းဆိုင်ဝသို့ ရောက်သောအခါ၌ မျက်ခုံးကို တွန့်လိုက်လေ၏။

ထို့နောက် မျက်မှောင်ကို ကြုတ်လိုက်လေ၏။

ထမင်းဆိုင်၏ ပျဉ်ချပ်များမှာလည်း ... စေ့၍နေအောင် ပိတ်ထားပြီ ဖြစ်၏။

တံခါးမှာ . . . သစ်သားမြောင်းထဲတွင် တစ်ချပ်ချင်း ထိုး၍ ပိတ်ရသော တံခါးမျိုးဖြစ်၏။

သူသည် ပိတ်ထားသော တံခါးရွက်များကို သေချာစွာ လှမ်း၍ ကြည့်လိုက်လေ၏။ တံခါးရွက်မှာ စုစုပေါင်း ခုနစ်ရွက် ရှိ၏။

တံခါးရွက်များပေါ်တွင်လည်း ထုံးဖြင့် အောက်ပါစာများကို တစ်ရွက်ချင်း ရေး၍ထားလေ၏။

| မြောက် – ပင့် – မ – ကူ – အ – များ – လူ |

www.burmeseclassic.com



လူငယ်သည် တံခါးများရှိရာသို့ လျှောက်သွားပြီးလျှင် တံခါးကို တဒေါက်ဒေါက် ခေါက်လိုက်လေ၏။

ထိုအခါ အတွင်းမှ . . .

"ဘာမှ မရလော့ဘူး ဆိုင်ပိတ်ပြီ" ဟူသော ဆိုင်ရှင်တရုတ်၏ မပီသသောအသံဖြင့်ပြန်၍ဖြေသံကို လူငယ်သည် ကြားလိုက်ရသည်။

သို့ရာတွင် အားလျှော့ခြင်းမပြုဘဲ "ကူ" ဟု ရေးထားသော ပျဉ်ချပ်နှင့် "အ" ဟု ရေးထားသော ပျဉ်ချပ်အကြားမှ အတွင်းသို့ ချောင်းကြည့်ရန် ကြိုးစား၏။

သို့ရာတွင် . . . ပိတ်ထားသောတံခါးရွက်များမှာ စေ့စပ်လှသောကြောင့် ကြည့်၍မရဘဲ ရှိလေ၏။

ထိုအခါ ထိုသူသည် ခါးမှ ဓားကောက်ကိုဖြုတ်၍ တံခါးရွက် နှစ်ရွက်အကြား ဓားဦးကိုထိုးသွင်းကာ အနည်းငယ်ကလန့်လိုက်ပြီးလျှင် အတွင်းသို့ . . .

"လာပါဟ ... လာဖွင့်စမ်းပါဦး" ဟု ပြောလိုက်ရာ ဆိုင်ရှင်တရုတ်သည် တံခါးအနီးသို့လာ၍ . . .

"ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ ထိုသူက . . .

"ပစောက်ကို ငကလေးသတ်ပြီး ဓအောက်မြှင့်ထားတဲ့လူပါ မဖွင့်ဘူးလား၊ မဖွင့်ရင်တော့ ဟောဟိုအပေါ်ကနေ ဆိုင်ထဲကို မီးတုတ်တွေ ပစ်သွင်းရမှာပဲ" ဟု ပြောလိုက်ရာ . . . အတွင်းမှ ဆိုင်ရှင်တရုတ်သည် . . .



"စိတ်မဆိုးပါနဲ့ ..., စိတ်မဆိုးပါနဲ့၊ ပစောက်ကို သေသတ်ထားတယ် ဆိုရင်တော့ မဖွင့်လို့ဘယ်ဖြစ်မတုံး" ဟုဆိုကာ အတွင်းမှ တံခါးမင်းတုပ်ကို မ,လေတော့၏။

ထိုအခါ အပြင်မှလူသည် ဓားကောက်ကို သားရေအိတ်အတွင်းသို့ ပြန်သွင်းကာ ဓားရိုး၌ပတ်ထားသော သားရေပြားလေးအား ကြယ်သီးတပ်လိုက်လေတော့၏။

အတွင်းမှ ဆိုင်ရှင်တရုတ်လည်း မင်းတုပ်ကို ဖြုတ်လိုက်ပြီးနောက် တံခါးရွက်များကို တရွေ့ရွေ့နှင့် ချွတ်နေလေ၏။

တံခါးရွက်တစ်ရွက် ကျွတ်သွားသည်နှင့်တစ်ပြိုင်နက်တည်း အပြင်မှလူသည် ဆိုင်အတွင်းသို့ စောင်း၍ ဆတ်ခနဲ ဝင်လိုက်လေ၏။

ဆိုင်ရှင်တရုတ်လည်း ထိုသူကိုကြည့်ပြီးနောက် မျက်လုံးအနည်းငယ် ပြူးသွားလေ၏။

"နင် ဘယ်သူလဲ၊ ပစောက်သေသတ်ဆို" ဟု မေးလိုက်လေ၏။

ထိုအခါ ထိုသူက . . .

"ထောင်ကဲရယ် . . . မင်း မတွေ့ဖူးတဲ့ ပစောက်သေသတ်တစ်ယောက်ပေါ့" ဟု ဆိုကာ . . . ထောင်ကဲ၏ လည်ပင်းကို လက်တစ်ဖက်ဖြင့်ကိုင်၍ အခြားသောလက်တစ်ဖက်ဖြင့် ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်ပြီးလျှင် . . .

"ငါ့နာမည် ပင့်ကူနီလို့ခေါ်တယ်၊ ငါ ထမင်းစားမယ်၊ အရက်သောက်မယ်၊ မရှိတော့ဘူး ကုန်ပြီဆိုတဲ့စကား ပြောရင် သတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အခေါက်ကင်ကြွပ်ကြွပ်တစ်ချပ်လုံးလိုချင်တယ်၊ နည်းနည်းကလေး လှီးထားတာပါရင် . . . မင်းနားရွက်ကို လှီးပစ်မယ်၊ ကျန်မဆိုင်နဲ့ ဘဲသားဟင်းချိုပူပူ သောက်ချင်တယ်၊ ဟင်းချိုအေးနေရင် မင်းကို မီးစနဲ့ထိုးမယ်၊ ထမင်းကို ပန်းကန်လုံးနဲ့ စားမယ်၊ ဘုန်းကြီးကျောင်းက ကဲနုတ်လို သပ်ထားတဲ့ ဝါးတူ မလိုချင်ဘူး၊ လင်းဆွဲလက်ဖျံရိုးမှာ ရွှေကွပ်ထားတဲ့တူနဲ့ စားချင်တယ်၊ အဲဒီတူ မရဘူးဆိုရင် မင်းပါးစပ်ထဲက ရွှေသွားနှစ်ချောင်းကို ပလာယာနဲ့ နုတ်ပစ်မယ်၊ ငါထိုင်တဲ့နေရာမှာ ကော်ဇောခင်းပေးရမယ်၊ ဟိုထဲကကောင်တွေလို ငါဟာ ကြံ့ရာမှာ ထိုင်မယ့်ကောင်စားမျိုး မဟုတ်ဘူးဆိုတာ မင်းသိထားရမယ်၊ ကြားလားဟေ့ကောင်" ဟု ဆိုကာ လည်ပင်းညှစ်ထားသော လက်ကို ဆတ်ခနဲတွန်းလိုက်လေ၏။

ဆိုင်ရှင်တရုတ်လည်း နောက်သို့ယိုင်၍သွားလေ၏။

ထို့နောက် ထိုသူသည် ဆိုင်၏အတွင်းဘက်သို့ ကြည့်လိုက်ရာ မြေကြီးပေါ်တွင် တစ်တောင်ခန့် မြင့်သော လေးထောင့်သဏ္ဍာန် ထမင်းစားပွဲကလေးများကို တွေ့ရ၏။

ထိုစားပွဲကလေးများ၌လည်း ကိုယ့်အုပ်စုနှင့်ကိုယ် ဆိုသလို ဝိုင်းပတ်၍ထိုင်ကာ အရက်များ သောက်နေကြ၏။

ထိုသူတို့သည် အချို့က ဖင်ထိုင်ခုံပြားပြားကလေးများကို အသုံးပြု၍ထိုင်ပြီး အချို့မှာ မြေကြီးပေါ်၌ပင် တင်ပျဉ်ခွေ၍ ထိုင်နေကြခြင်းဖြစ်၏။



ဆိုင်မှာ အပြင်မှ တံခါးပိတ်ထားသော်လည်း အတွင်း၌မူ စည်စည်ကားကား ရှိလေ၏။

စားပွဲတိုင်းလိုလို၌ လူပြည့်၍နေလေ၏။

အားလုံးလိုလိုပင် အရက်သောက်၍ နေကြလေ၏။

အရက်များမှာ ပုလင်းနှင့်ထည့်ထားသည်မဟုတ်။

အဝကျဉ်းသော စဉ့်အိုးငယ်ကလေးများဖြင့် ထည့်ထားခြင်း ဖြစ်လေ၏။

ဆိုင်တွင်းမှလူအားလုံးသည် ဆိုင်ရှင်တရုတ်အား လည်ပင်းညှစ်၍ ဆောင့်တွန်းလိုက်သော မျက်နှာစိမ်းတို့ အချို့က သိသိသာသာ၊ အချို့က မသိမသာ လှမ်း၍ကြည့်နေလေ၏။

ထိုသူသည် လွတ်နေသော စားပွဲခုံဆီသို့ သွားလေ၏။

ဆိုင်ရှင်တရုတ်ကလည်း ကော်ဇောတစ်ချပ်ကိုယူ၍ ကပျာကယာ ခင်းလေ၏။

ကော်ဇောခင်းပြီးနောက် . . . ကော်ဇောပေါ်တွင် စားပွဲခုံပုကလေး ချလိုက်လေ၏။

ထိုသူသည် လွယ်ထားသောစစ်လွယ်အိတ်ကို ဘေးသို့ချ၏။ ထိုလွယ်အိတ်ပေါ်တွင် ဦးထုပ်ကိုချွတ်၍ တင်ထားလိုက်၏။

ထိုအချိန်မှာပင် အခေါက်ကင်အပြားလိုက်ကြီးတစ်ပြားနှင့် တရုတ်ဓားကြီးတစ်လက် စားပွဲပေါ်သို့ ရောက်ရှိလာလေ၏။

များမကြာမီ၌ပင် အငွေ့တထောင်းထောင်းနှင့် ကျန်မဆိုင်ဟင်းချိုနှင့်အတူ ထမင်းတစ်ပန်းကန် ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မိုးကြိုးနှင့် ပြုလုပ်ထားသော ခွကလေးတစ်ခု စားပွဲပေါ်တွင် လာ၍ချ၏။

ထို့နောက် ထိုခွကလေးပေါ်တွင် လင်းဆွဲ၏လက်ဖျံရိုးဖြင့် ပြုလုပ်ထားသော ထမင်းစားတူကလေး နှစ်ချောင်း လာ၍ တင်၏။

ထိုတူ၏အရင်းဘက်တွင် ရွှေကွပ်ထားသည်ကိုလည်း တွေ့ရလေ၏။

ထိုသူသည် အခေါက်ကင်ပြားကြီးအား တရုတ်ဓားကြီးဖြင့် တဒိုင်းဒိုင်း ခုတ်လေ၏။

ပြက်အားဖြင့် လေးလုံးခန့်ရှိ၍ . . . အလျားအားဖြင့် တစ်တောင်ခန့်ရှိသော အခေါက်ကင်အပြားလိုက်ကြီး ထွက်လာလေတော့၏။

ထိုအခါ ထိုလူသည် ထိုအခေါက်ကင် ရှည်မျောမျောကြီးကို ပါးစပ်တွင်းသို့ထည့်ကာ စိမ်ပြေနပြေ ဝါးနေလေတော့၏။

ထို့ကြောင့် 'တကြွပ်ကြွပ်' အသံများသည် ထိုလူ၏ပါးစပ်မှ ထွက်ပေါ်နေတော့၏။

ထိုအချိန်၌ပင် ထမင်းဆိုင်၏တံခါးဆီမှ တစ်စုံတစ်ယောက်၏ ခေါ်သံကို ကြားရ၏။

စောစောက ဆိုင်ရှင်တရုတ်က . . .

"ဘာမှမရှိရလော့ဘူး၊ ဆိုင်ပိတ်ပြီ၊ ပြန်လော့ ... ပြန်လော့" ဟု ပြောလေ၏။



"စားစရာ ကုန်ပြီလားကွ" ဟု အပြင်မှ ပြန်၍မေးလေ၏။

ထိုအခါ ဆိုင်ရှင်တရုတ်က . . .

"ကုန်မှီလေ၊ ကုန်မီ၊ လူ့စားဖို့မပြောနဲ့၊ ဝ,စားဖို့တောင် မစီတော့ဘူး" ဟု ပြောလေ၏။

ထိုအခါ အပြင်မှလူက . . .

"ဖွင့်စမ်းပါ ထောင်ကဲရယ် ... တခြားလူ မဟုတ်ပါဘူး ကကြီးကို အောက်က တုတ်ချောင်းကလေး နှစ်ချောင်း ထည့်ထားတဲ့ 'ကူ' ပါကွာ" ဟု ပြောလိုက်ရာ တရုတ်လည်း တံခါးမင်းတုပ်ကြီးကို မ,ရပြန်လေ၏။

ထိုသို့ မ,ရင်း . . .

"ကူ ဆိုတော့လဲ ဖွင့်ရတာပေါ့လေ"ဟုဆိုကာ တံခါးတစ်ချပ်ကို ဖွင့်လေ၏။

ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ထိုသူသည် ဆိုင်တွင်းသို့ ဆတ်ခနဲ ဝင်လိုက်၏။

အတွင်းသို့ရောက်သည်နှင့်တစ်ပြိုင်နက်တည်း ထိုသူသည် ဆိုင်ရှင်တရုတ်၏ လည်ပင်းကို . . . လက်ဝဲလက်ဖြင့် လှမ်း၍ ညှစ်လိုက်လေ၏။

ထို့နောက် လက်ယာလက်ဖြင့် . . . ဆိုင်ရှင်တရုတ်၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်တော့၏။

ထိုသို့ရိုက်ချပြီးနောက် . . .

"ဟော့ကောင် တရုတ် ... ငါ ထမင်းစားမယ်၊ ငါ အရက်သောက်မယ်၊ မရဘူးလို့ပြောရင် မင်းကိုသတ်မယ်၊ နံပါတ်တစ်

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာက ငါထိုင်ဖို့ ကော်ဇောကောင်းကောင်း တစ်ချပ်ပဲ၊ ကော်ဇောပေါ်မှာ ကျားသားရေ ခင်းပေးရမယ်၊ ပြီးရင် အရက်လိုချင်တယ်၊ အခေါက်ကင် အပြားလိုက်လိုချင်တယ်၊ နည်းနည်းမှ လှီးထား ဖုံထားတာ မလိုချင်ဘူး၊ လှီးထားတာတွေ့ရင် တိုပြီးလန်နေတဲ့ မင်းနှာခေါင်းကို လှီးပစ်မယ်၊ နောက်ပြီး ကျန်မဆိုင်နဲ့ဘဲသားဟင်းချို လိုချင်တယ်၊ ဟင်းချိုကို ပူတာ မကြိုက်ဘူး။

"ငါက အေးအေးပဲ သောက်တတ်တယ်၊ ပူတာနဲ့ မင်းမျက်နှာကို ဆေးလိပ်မီးနဲ့ တို့မယ်၊ ပြီးတော့ ထမင်းကို ပန်းကန်လုံးနဲ့စားမယ်၊ ငါ စားမယ့်တူဟာ ဘုန်းကြီးကျောင်းက ကနုတ်လိုဝါးတူတွေမလိုချင်ဘူး၊ တူရဲ့ထိပ်မှာ ကြွေလက်သည်းမြှုပ်ထားတဲ့ဆင်စွယ်တူ လိုချင်တယ်၊ အဲဒါမှရရင် မင်းရဲ့သွားနှစ်ချောင်းကိုရိုက်ချိုးပစ်မယ်၊ ငါ့နာမည်မှတ်ထား ...ပင့်ကူနက်လို့ခေါ်တယ်" ဟု ပြောကာ တရုတ်၏လည်ပင်းကို ကိုင်ထားသောလက်ကိုဆောင့်တွန်းလိုက်လေ၏။

ဆိုင်တွင်း၌ စားသောက်နေကြသော လူတို့သည်လည်းမျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ကုန်ကြလေ၏။

စားပွဲဝိုင်းတစ်ဝိုင်းမှ လူတစ်ဦးသည် သူ၏အဖော်အား . . .

"သန်းတင်ရေ... ဒီညတော့ ဘာတွေဖြစ်ကုန်ကြမလဲ မသိဘူးဟေ့၊ တို့ထောင်ကဲလဲ သေလိမ့်မယ်ထင်တယ်၊ သေတာကအကြောင်းမဟုတ်ပါဘူး၊ ထောင်ကဲမရှိရင် ခေါက်ဆွဲကောင်းကောင်း မစားရမှာ တွေးပြီး ငါတော့ပူတယ်ကွာ" ဟု ပြောလိုက်ရာ သန်းတင် ဟု အခေါ်ခံရသူက . . .



"ငါက ဒါကို မပူဘူးကွ၊ ဒီထောင်ကဲသေရင် တရုတ်လိုပဲ မသာချမှာကွ၊ အလွန်နားဆူဖို့ကောင်းတယ်ကွာ ... ပြီးတော့ မြို့အပြင်က အီဗရာဟင်တို့ မိသားစု 'ဘင်' တီးဝိုင်းကလဲ ဒီထောင်ကဲအသုဘမှာ လာပြီး . . . ကိုးရိုးကားရားသီချင်းတွေ တီးမှုတ်ကြဦးမယ်ကွာ" ဟု ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ ပထမ ပြောသူက . . .

"ဟုတ်ပါရဲ့သန်းတင်ရာ အခုရောက်လာတဲ့ လူနှစ်ယောက်ကတော့ အတော်ဆန်းတယ်ကွ၊ ပိတ်ထားတဲ့ဆိုင်ကို ရအောင်ဖွင့်ခိုင်းနိုင်တယ်၊ ဒီထောင်ကဲက ဟောဟို မင်းတုပ်ကြီး တံခါးမှာ ထိုးပြီးရင် သေမင်းက ဖွင့်ဆိုတောင် ဖွင့်ပေးမယ့် လူစားမျိုးမဟုတ်ဘူး၊ ဒီနှစ်ယောက်ကတော့ ဘာပြောလိုက်သလဲ မသိဘူး၊ ဒီထောင်ကဲက သွားပြီးဖွင့်ပေးတော့တာပဲ၊ အချိန်းအချက်တော့ ရှိမယ်ထင်တယ်ကွ . . . သန်းတင်ရ" ဟု ပြောလိုက်ရာ သန်းတင် ဆိုသူက . . .

"မန်းတင်ရယ် ... အဲဒါတင်ပဲလားကွာ၊ နှစ်ယောက်လုံး ဝင်လာလာချင်း ထောင်ကဲကို ပါးရိုက်ကြတယ်ကွ၊ မှာလိုက်တဲ့ အစားအသောက်တွေချင်းကော မတူဘူးလားကွာ၊ ကော်ဇောတွေ . . . ကျားသားရေတွေ . . . ခင်းထိုင်တာကော မတူဘူးလား၊ ပြီးတော့ ငါ သေသေချာချာ နားထောင်နေတာကွ၊ ပထမဝင်လာတဲ့ သက္ကလပ်ဦးထုပ်နဲ့လူကလဲ ပင့်ကူနီတဲ့ နောက်ဝင်လာတဲ့ လူကလဲ ပင့်ကူနက်တဲ့" ဟု ပြောလိုက်ရာ မန်းတင်ဆိုသောသူက . . .

www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ကွ … မကြာခင် ဒီဆိုင်ထဲမှာ လူသတ်မှုဖြစ်ကြလိမ့်မယ်ထင်တယ်ဟေ့၊ ပြီးတော့ ငါ့အထင်ပြောရရင် အဲဒီလူနှစ်ယောက်ပဲ သတ်ကြလိမ့်မယ်၊ ငါ့မှာ ငွေတစ်ဆယ်ကျန်သေးတယ်ကွ၊ ဒုတိယလူက ပထမလူကို သတ်မယ်ကွ၊ ဒုတိယလူက အသက်ငါးဆယ်လောက်ရှိပြီ၊ ပထမလူက အသက်သုံးဆယ်ကျော်ပဲ ရှိသေးတယ်၊ အသက်ချင်းတော့ ကွာတယ်ဟေ့၊ ငါကတော့ လောင်းချင်သေးတယ်ကွာ" ဟု ပြောလိုက်ရာ သန်းတင်ဆိုသောသူက . . .

"နိုး နိုး … မင်းပြောတာ မဖြစ်နိုင်ဘူး၊ ပထမလူက ဒုတိယဝင်လာတဲ့လူကို သတ်လိမ့်မယ်၊ ငါ့မှာလဲ ငွေတစ်ဆယ်ကျန်သေးတယ်၊ လောင်းချင်ရင် လောင်းလိုက်" ဟု ဆိုကာ ဆယ်တန်နှစ်ရွက်ကို စားပွဲပေါ်တင်ကာ အရက်အိုးဖြင့် ဖိလိုက်လေ၏။

ထိုအချိန် ဆိုင်ပိုင်ရှင်တရုတ်လည်း ကော်ဇောခင်းပြီးဖြစ်၏။

ကော်ဇောအပေါ်၌ ကျားသားရေလည်း ခင်းထားပြီးဖြစ်၏။

ထို့နောက် စားပွဲခုံပေါ်၌လည်း စားသောက်ဖွယ်ရာများကို တင်ပေးထားပြီးဖြစ်၏။

ထိုသို့ ဒုတိယလူအား ခင်းကျင်းပေးသောနေရာမှာလည်း ပထမလူနှင့် လွန်စွာနီးကပ်လေ၏။

ဒုတိယလူ ထိုင်လိုက်သောအခါ၌ ပထမလူနှင့် ကျောချင်းကပ်လျက် ဖြစ်နေလေ၏။

ကပ်လျက်ဆိုသည်မှာ လွန်စွာနီးကပ်နေ၏။



တစ်ဦးကျောနှင့် တစ်ဦးကျောမှာ လက်နှစ်လုံး မျှသာကွာလေတော့၏။

ထိုအခါ . . . သန်းတင်ဆိုသောသူသည် သူ၏အဖော်မန်းတင်အား . . .

"ဟိုမှာကြည့်စမ်းဟေ့ … တို့မြန်မာတွေ … ကျောချင်းကပ်ကုန်ပြီဆိုတာ ဒါကိုပြောတာကွ" ဟု ပြောလိုက်ရာ မန်းတင်ဆိုသူက . . .

"ကြည့်စမ်းပါဦးကွာ၊ အဲဒီနှစ်ယောက်ဟာ အလုံးအထည်ကော အရပ်အမောင်းကော အတော့်ကိုညီတယ်ကွ၊ ဘယ်သူကဘယ်သူ့ကို သတ်နိုင်မယ် ဆိုတာ အတိအကျခန့်မှန်းဖို့ ခက်ပါတယ်ကွာ" ဟု ပြောလိုက်လေ၏။

ဆိုင်ရှင် တရုတ်သည် ထိုသူနှစ်ယောက်အတွက် ပျာယာခတ်နေရလေ၏။

ထို့ကြောင့် . . . သူ၏ဆိုင်တွင် စားပွဲခုံသုတ်ခြင်း၊ အမှိုက်များကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းလောက်သာ အသုံးဝင်သော ခါးကုန်းကြီးတစ်ဦးအား မကြာခဏ လှမ်း၍ ဆဲဆိုကာ ထို ခါးကုန်းကြီး၏ ကျောကုန်း ဘုကြီးကိုလည်း မကြာခဏ လက်သီးဖြင့် တဒုန်းဒုန်းထုလေ၏။

ထိုခါးကုန်းကြီးမှာမူ ဆိုင်ရှင်တရုတ်က မည်မျှပင် ဆိုဆို၊ မည်မျှပင်ဆဲဆဲ သွက်လက်ခြင်း မရှိ။ တရွေ့ရွေ့နှင့်သာပင် သနားဖွယ်ရာ အလုပ်လုပ်၍ နေရရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ပထမလူက အခေါက်ကင်ပြားကြီးကို တဒိုင်းဒိုင်းဖြင့် ခုတ်ပြန်လေ၏။

နောက်လူကလည်း အခေါက်ကင်ပြားကြီးကို ခုတ်ပြန်လေ၏။

ပထမလူသည် ထိုသို့ခုတ်ရင်း အားမရသဖြင့် တင်ပျဉ်ခွေချိတ်၍ထိုင်နေရာမှ ကော်ဇောပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ တရုတ်ဓားကြီးကို တအားမြှောက်၍ တအားခုတ်နေလေတော့၏။

ထိုအခါ . . . ဒုတိယလူက တင်ပျဉ်ခွေချိတ်၍ ဟင်းချိုကို သောက်ရင်း . . .

"ဆောင့်ကြောင့် ကျုံ့ကျုံ့ နေတမ့် တုန့်ပိုင် ဘယ်ကမြတ်သနည်း" ဟု မိမိဘာသာ ပြောသကဲ့သို့ ပြောလိုက်ရာ ပထမလူက . . .

"သေးသေးတင် အငင်အမြစ် ရှစ်ပိုဒ်ဖြင့် ဆိုပြသော စွယ်စုံကျော်ထင်ကို ကျေအောင်ကြည့်၊ ငါ့ကိုမမေးနဲ့" ဟု ပြောရင်း အခေါက်ကင်ကြီးကို . . . တဒိုင်းဒိုင်းဖြင့် ဆက်၍ခုတ်နေလေတော့၏။

ထိုသို့ခုတ်ရင်း လေတရှုံးရှုံး ချွန်နေလေ၏။

ထိုအခါ ဒုတိယလူလည်း ဝက်ခေါက်ကင်ကြီးကို ခုတ်ပြန်လေ၏။ ထိုအခါ ဓားမှာ တုံးလေသောကြောင့် . . .

"အင်း ...ငါ့ရဲ့သန်လျက်ကလဲ တယ်ညံ့သကိုး၊ ဝက်ခေါက်တောင် ကောင်းကောင်းမပြတ်ဘူးဆိုတော့ လူ့ရဲ့လည်ပင်းကို ဘယ်လိုဖြတ်ရပါ့" ဟု ညည်းလိုက်ရာ ပထမလူက . . .



"ထန်းရွက်ရှည်လံ သူ့ဘုန်းကံ သန်လျက်ဖြစ်၏၊ ဘယ်သူနည်း" ဟု မိမိဘာသာပြောသလိုနှင့် ပြောလိုက်ရာ ဒုတိယလူက-

"သေးသေးတင် သက်သက် (၂၇) ပိုဒ် စွယ်စုံကျော်ထင် ဖတ်ပေါ့ ငါ့လူရာ၊ ဘာဖြစ်လို့ မေးနေရတာတုံး၊ စာစုံအောင် မဖတ်ဖူးဘူးလား" ဟု ပြောလိုက်လေ၏။

ထိုအခါ ပထမလူက တခစ်ခစ်ရယ်ရင်း . . .

"လက်ရှည်တူပါ့ဗျာ၊ လက်ရှည်တူရင်တော့ ပွဲကြမ်းတတ်တယ်၊ မိတ်ဆွေကြီးက မေးလို့ ပြောရဦးမယ်၊ စာလဲ စုံအောင် ကြည့်ဖူးပါရဲ့၊ လူပေါင်းလဲ စုံအောင် တွေ့ဖူးပါရဲ့၊ ခရီးလဲနဲ့အောင် သွားဖူးပါရဲ့" ဟု ပြောလိုက်ရာ ဒုတိယလူက . . .

"လူစုံအောင် တွေ့ဖူးတယ် ဆိုရင်တော့ ပင့်ကူအဖြူတွေ ရထားတဲ့ ရတနာပစ္စည်းတွေရဖို့ သေချာနေပြီပေါ့" ဟု မေးလိုက်ရာ ပထမလူက . . .

"ရတနာပစ္စည်းပဲဗျာ၊ လက်လွတ်ခံလို့ ဘယ်ရမှာလဲ၊ မရရတဲ့နည်းနဲ့ ယူရမှာပေါ့ မိတ်ဆွေရယ်၊ ကဲကဲ ...ဘာမှမေးမနေနဲ့ ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အရက်ကိုယ်သောက်၊ သူတစ်ပါးကို မနှောင့်ယှက်နဲ့၊ ငရဲကြီးတတ်တယ်" ဟု ပြောလိုက်ရာ ဒုတိယလူက . . .

"ကျုပ်ငရဲကြီးမှာကို ခင်ဗျား မပူပါနဲ့၊ ကျုပ်က ငရဲကို 'ဆားပွင့်' ဖြူဖြူကလေးတွေလို သဘောထားတာ၊ ဆားမပါရင် ဘယ်လိုဟင်းမျိုးမှ အရသာမရှိဘူး၊ အဲဒါကြောင့် ကျုပ်လုပ်သမျှ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေအားလုံးမှာ သူ့နေရာနဲ့သူ ဆားပွင့်ကလေးတွေ ပါတတ်တယ်၊ ဒါပေမဲ့ ဒီည ကျုပ်လုပ်မယ့်အလုပ်မှာ နည်းနည်း 'ငန်' လိမ့်မယ် မိတ်ဆွေ" ဟု ပြောလိုက်ရာ ပထမလူက . . .

"ကျုပ်ကလဲ ဟင်းကို ခပ်လေးလေး စားတတ်ပါရဲ့ဗျာ" ဟု ပြောလိုက်ပြီးနောက် ၎င်းတို့နှစ်ဦးသည် တစ်စုံတစ်ရာ ဆက်၍ ပြောဆိုခြင်းမပြုဘဲ မိမိဘာသာ မြိန်ယှက်စွာစားသောက်နေကြလေတော့၏။

ထမင်းစားပြီးသောအခါ၌ . . .

"ရှင်းရှင်းပဲပြောမယ်၊ ပင့်ကူဖြူတွေ ရတနာပစ္စည်းရတယ် ကြားလို့ တစ်စုခွဲမလို့ ကျုပ်က လာခဲ့တာပဲ၊ ကျုပ်က ပင့်ကူနက်၊ ခင်ဗျားက ဘယ်သူတုံး" ဟု ဒုတိယလူကြီးက မေးလိုက်လေ၏။ ထိုအခါ ပထမလူငယ်က . . .

"ကျုပ်ကတော့ ရတနာပစ္စည်းတွေ ရပြီးသားပါဗျာ၊ ကျုပ်ကတော့ ဒီကိုလာရတာ . . . ပင့်ကူအဖြူရော၊ ပင့်ကူနက်ရော သတ်ချင်လို့လာခဲ့တာပဲ၊ ခင်ဗျားတို့အားလုံး ဒီညဇာတ်သိမ်းမယ်" ဟု ဆိုကာ ခါးတွင်ချိတ်ဆွဲထားသော ဓားကောက်ကို ဆွဲထုတ်လိုက်လေ၏။

၎င်းတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦးသတ်ကြရန် အဆင်သင့်ဖြစ်နေကြလေ၏။

ထိုအခါ၌ ၎င်းတို့အနီးတွင် စားပွဲခုံ သုတ်ပေးနေသော ခါးကုန်းကြီးသည် ခါးကို ဆတ်ခနဲ ဆန့်လိုက်ပြီးလျှင် ၎င်း၏ ခါးကြားမှ ခြောက်လုံးပြူးကို ဆွဲ၍ထုတ်ပြီးလျှင် . . .



"နှစ်ယောက်စလုံး ငြိမ်ငြိမ်လေးနေ" ဟု ပြောကာ ပထမလူငယ်ဘက်သို့ ကြည့်၍ . . .

"ကိုမိုးသီး ... ကျုပ်ကိုတော့ ကောင်းကောင်းမှတ်မိပါတယ်နော်၊ ကျုပ် ဆားပုလင်းနှင်းမောင်" ဟု ပြောလိုက်ရာ ဓားကိုင်ထားသော လူရမ်းကားကြီး နှစ်ဦးတို့သည် အံ့သြလွန်း၍ လက်ထဲမှဓားများ လွတ်ကျသွားလေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် ထိုသူ နှစ်ဦးအား အသင့်ပါလာသော လက်ထိတ်ဖြင့် ခတ်လိုက်လေ၏။

ပြီးလျှင် ဆိုင်အတွင်းမှ လူအချို့ကိုလည်း ဆားပုလင်းနှင်းမောင်က အားလုံးကိုလက်မြှောက်စေ၍ လက်မောင်းများကို ကြည့်ကာ . . . "ပင့်ကူ" အမှတ်တံဆိပ် ပါသူများအား အမှတ်တံဆိပ် မပါသူများ၏ အကူအညီဖြင့် ဖမ်းဆီးလိုက်လေတော့သည်။

ထိုအခါ ဆိုင်ရှင်တရုတ်သည် . . .

"ငါ့ရဲ့အခိုင်းအစေ ခါးကုန်းကြီးကနေ . . . ဘယ်လိုဖြစ်ပြီး ဆားပုလင်းနှင်းမောင် ဖြစ်သွားရပြန်တာတုံး" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ထိုတရုတ်၏ကုပ်ကိုဆွဲ၍ ပင့်ကူများနှင့်အတူ ကြိုးချည်ခိုင်းလိုက်လေ၏။

"ဒီမှာ ထောင်ကဲ ... မင်းရဲ့ခါးကုန်းကြီး ဆိုင်ရဲ့နောက်ဘက်မှာ ဘိန်းမူးပြီး အိပ်ပျော်သွားပြီကွ၊ မင်းဟာ ပင့်ကူအဖွဲ့ခေါင်းဆောင် ဦးမောင်ကြီးရဲ့ လက်ထောက် ပင့်ကူအဖွဲ့ဝင်တစ်ဦး ဖြစ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ . . . မင်းလက်မောင်းက အကြီးစား ပင့်ကူရုပ်ကြီးက သက်သေခံနေပါတယ်ကွာ၊ မင်းတို့လုပ်ထားပုံလေးက နေရာကျတယ်ကွာ၊ ဆိုင်ဗျဉ်ပြားမှာ ကလေးလေးတစ်ယောက် ရေးထားတဲ့ ပုံနဲ့ 'မြောက်. ပင့် . မ . ကူ . အ . များ . လူ' တဲ့၊ အဲဒီစာလုံးကလေးကို တစ်လုံးကျော် ငါ ဖတ်ကြည့်ပြီးတဲ့အခါမှာ ဒီဆိုင်ထဲကို အရောက်ဝင်ခဲ့တာပဲကွ" ဟု ပြောလိုက်ပြီးလျှင် ဆိုင်တွင်းရှိ အရပ်သားတစ်ဦးအား ဂါတ်သို့ အကြောင်းကြားခိုင်းလိုက်လေသည်။

ထိုသို့ ခိုင်းလိုက်သူမှာ စောစောက အလောင်းအစား လုပ်နေသော သန်းတင်ဆိုသူဖြစ်၍ ကိုသန်းတင်က မန်းတင်ဆိုသူအား . . .

"မင်းလဲ အဖော်လိုက်ခဲ့ ... သရေ" ဟု ပြောဆိုကာ ငွေတစ်ဆယ်စီ ခွဲ၍ယူကြလေ၏။

ထို့နောက် ဂါတ်မှ ရာဇဝတ်အုပ်များ ရောက်ရှိလာကြလေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် အကျိုးအကြောင်းရှင်းပြ၍ တရားခံများကို ရန်ကုန်သို့အရောက် သယ်ဆောင်မည့်အကြောင်း ပြောရာ ရာဇဝတ်အုပ်က . . .

"ကျွန်တော်တို့ဂါတ်က အက်စကော့ ထည့်ပေးချင်ပါတယ်ဆရာရယ်၊ ဒါပေမဲ့ ဂါတ်မှာကလူသိပ်နည်းနေတော့ နှစ်ယောက်ထက် ပိုမပေးနိုင်ဘူး" ဟု ပြောရာ ဆားပုလင်းနှင်းမောင်က-



"နှစ်ယောက်တည်းဆိုရင်တော့ သိပ်ကိုနည်းတယ်ဗျ၊ မဓိသေးတဲ့ ပင့်ကူတွေက သူတို့လူတွေကို ဖြတ်ပြီးလုချင်လုမှာ၊ အဲဒီတော့ ဒီလိုလုပ်ဗျာ၊ လော်ရီကားနှစ်စီးရှာပေး၊ ဒရိုင်ဘာတော့ မလိုဘူး၊ ကားမောင်းတတ်တဲ့ ပုလိပ်နှစ်ယောက်ပေး၊ ပြီးတော့ တရားခံတွေနဲ့အတူ ဆိတ်တွေရောတင်သွားမယ်၊ ဆိတ်တွေလဲ ဝယ်ပေးလိုက်ဗျာ၊ ကုန်ကျစရိတ်အားလုံးကို စီအိုင်ဒီက ရှင်းမယ်၊ အဲဒါလေးတော့ စီစဉ်ပေးပါ" ဟု ဆိုသဖြင့် ရာဇဝတ်အုပ်သည် ဆားပုလင်းနှင်းမောင် ပြောသည့်အတိုင်း စီစဉ်ပေးလိုက်လေ၏။

ထို့ကြောင့် များမကြာမီ နာရီအတွင်း၌ပင် တောင်ကုန်းမြို့ကလေး တစ်မြို့မှ လော်ရီကားကြီး နှစ်စီးပေါ်တွင် ဆိတ်များနှင့်အတူ စီးနင်း လိုက်ပါလာသော ဆိတ်ကုလားတစ်ဦး၏ ဆိတ်ကားကြီး နှစ်စီးသည် ရန်ကုန်ဘက်ဆီသို့ တရွေ့ရွေ့ မောင်းနှင်လာခဲ့လေတော့သတည်း။

*****

www.burmeseclassic.com

www.burmeseclassic.com

## ရွှေဘုံသာဘုရား

ဆားပုလင်းနှင်းမောင်သည် အင်းစိန်စီအိုင်ဒီပိုင် မော်တော်ကားကြီးတစ်စီးယူ၍ မောင်ရေချမ်းတို့အိမ်သို့ရောက်လာပြီးလျှင် မောင်ရေချမ်းနှင့် ခင်မေရီကိုလည်းကောင်း၊ မောင်ရေချမ်း၏ မိခင် ဒေါ်ရီကိုလည်းကောင်း ခေါ်ခဲ့ပြီးနောက် ကြည့်မြင်တိုင် ကမ်းနားအနီးရှိ ဗေဒါရီပွဲရုံသို့သွားကာ ...သာညာ၏၊ သာဖန်ညီအစ်ကိုနှင့် သာညာ၏မိန်းမ လှလှကိုလည်း မော်တော်ကားကြီးပေါ်တွင် တင်ပြန်လေ၏။

ပြီးလျှင် စီအိုင်ဒီရုံးသို့ မောင်း၍ ခေါ်သွားလေတော့၏။

ထို့နောက် အင်းစိန်စီအိုင်ဒီမှစုံထောက်များသည် ဖမ်းထားသော တရားခံများကို လူခွဲ၍ စစ်ချက်များ ယူလေတော့၏။

ဆားပုလင်း နှင်းမောင်သည် ဓောင်ကုန်းမြို့ကလေးရှိ *"နေကြာပန်း" စားသောက်ဆိုင်မှဖမ်းလာသော မိုးသီးနှင့် လူ ကို စစ်ဆေးလေ၏။*



စစ်ချက်များကို ကိုယ်တိုင်လိုက်၍ ရေးယူလေ၏။

ထိုသို့စစ်ဆေးနေစဉ်အတွင်း ဆားပုလင်းနှင်းမောင်သည် ပြာတာမောင်ညိုအား မောင်ရေချမ်းကိုခေါ်ခဲ့ရန် ပြောလိုက်ရာ ပြာတာမောင်ညိုလည်း ၎င်းတို့ရှိရာအခန်းသို့ ရေချမ်းကို ခေါ်ယူ၍ သွင်းပေးလိုက်လေတော့၏။

ထိုအခါ နေကြာပန်း စားသောက်ဆိုင်မှ ဖမ်းဆီးလာသော လူကြီးသည် ရေချမ်းကိုမြင်လျှင် . . .

"ဟော့ကောင်လေး ...မင်းပါလားကွ၊ မင်း ငါ့ကို မှတ်မိတယ် မဟုတ်လားကွ၊ မင်းကို ငါ ကယ်ခဲ့တာလေ" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"မှတ်မိတာပေါ့ဗျာ .... ခင်ဗျား ကျုပ်ကို ကယ်ခဲ့တာတော့ မှန်ပါတယ်၊ ပြီးတော့ ခင်ဗျားရယ်၊ ခင်ဗျားတပည့် စိုင်လေးရယ် ကျုပ်ကို သေတ္တာထဲ ထည့်ပြီး ရောင်းစားခဲ့တာလေ၊ ခင်ဗျား ဦးမြတ်ကောင်းမဟုတ်လား" ဟုပြောလိုက်ရာ ထိုလူကြီးက. . .

"အေး ... ဟုတ်တယ်၊ ငါ မြတ်ကောင်းပဲကွ" ဟု ပြန်၍ ဖြေလေ၏။ မောင်ရေချမ်းက ဆားပုလင်းနှင်းမောင်အား . . .

"စုံထောက်ကြီး ဆားပုလင်းနှင်းမောင်ခင်ဗျား ...ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျား . . . ဟောဒီလူကြီးနဲ့ တွေ့ပေးရမယ့် လူတစ်ယောက် ကျွန်တော့်မှာပါလာတယ်၊ တွေ့ခွင့်ပြုပေးပါခင်ဗျာ" ဟု ခွင့်တောင်းလိုက်ရာ *စုံထောက်ကြီးဆားပုလင်းနှင်းမောင်က-*

"လုပ်ပါ လုပ်ပါ ...တွေ့ပေးလိုက်ပါ၊ တွေ့ပေးလိုက်ပါ" ဟု ပြောလိုက်လျှင် မောင်ရေချမ်းသည် ဧည့်ခန်းတွင် ခင်မေရီနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူလက်ဖက်ရည်သောက်နေသော ဒေါ်ရီကို သွား၍ခေါ်လာပြီးလျှင် စစ်ဆေးနေသောအခန်းတွင်းသို့ သွင်းပေးလိုက်လေ၏။

ဒေါ်ရီသည် အခန်းတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်ထိုလူကြီးကို တွေ့မြင်သွားသည်ဖြစ်ရာ လွန်စွာအံ့သြသွားပြီးလျှင်-

"အလို ... ကိုမြတ်ကောင်းပါလား၊ ရှင် မသေသေးဘူးနော်" ဟု ဆိုကာ ထိုလူကြီးထံသို့ ပြေးသွားလေ၏။

ထိုလူကြီးကလည်း . . .

"မရီ... မင်းနဲ့ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဒေါ်ရီက . . .

"ဟောဒီ မောင်ရေချမ်းဟာ တခြားလူမဟုတ်ဘူး၊ ရှင့်သား၊ ရှင့်သား၊ ရှင်နဲ့ ကျွန်မနဲ့ ရတဲ့သား" ဟု ပြောလိုက်ရာ လူကြမ်းစိတ်ကြမ်း လူဆိုးလူမိုက်ကြီး ကိုမြတ်ကောင်းသည် မျက်နှာကိုလက်ဝါးနှင့်အုပ်၍ ကျုံကျုံပါအောင် ငိုလိုက်လေတော့၏။

ထိုသို့ငိုပြီးနောက် ရေချမ်းကို ဖက်ကာ . . .

"ငါ့သားကို ငါကိုယ်တိုင်သေတ္တာနဲ့ပိတ်ထည့်ပြီး သတ်ပစ်မယ့်လူတွေဆီကို ငါကိုယ်တိုင် ရောင်းစားခဲ့တာ၊ တို့အဖြစ်ဟာ ဆိုးလှချည်လားကွာ" ဟု ဆို့နင့်သံကြီးဖြင့် ပြောလိုက်လေ၏။

ထိုအခါ၌ ဆားပုလင်း နှင်းမောင်သည် ဦးမြတ်ကောင်း၏ စစ်ချက်၌ပါသော စိုင်လေး ဆိုသူအား ဖမ်းဆီးရန်အတွက် မြစ်ဝကျွန်းပေါ်ရှိ ဂါတ်များသို့ သံကြိုးရိုက်လိုက်လေတော့၏။

ထို့ပြင် လှဖေ ဆိုသောသူအားလည်း ဖမ်းဆီး၍ စီအိုင်ဒီသို့ အမြန်ဆုံးပို့ပေးရန် အကြောင်းကြားလိုက်လေ၏။



ထို့ကြောင့် . . . အမှုစစ်ဆေးနေစဉ် ရက်အတွင်း၌ မြစ်ဝကျွန်းပေါ်ရှိ ဂါတ်တစ်ဂါတ်မှ စိုင်လေးနှင့် လှဖေအား ဖမ်းဆီး၍ ပို့လိုက်လေတော့၏။

လှဖေနှင့်အတူ . . . လှဖေ၏မိန်းမလည်း ပါလာလေ၏။ ၎င်းမိန်းမသည် အင်းစိန် စီအိုင်ဒီရုံး၌ ရေချမ်းကိုမြင်လျှင် . . .

"အစ်ကို" ဟု ပြေးဖက်ကာ ငိုလေ၏။

ထိုအခါ ရေချမ်းက . . .

"မြမြ ... နင်နဲ့ နင့်ယောကျ်ား လှဖေဆီကို သေတ္တာကြီးတစ်လုံး ရောက်လာတာ မှတ်မိဦးမှာပေါ့၊ အဲဒီသေတ္တာကြီးကိုပို့ပြီးရင် နင့်ယောကျ်ားက နင့်ကို စိန်နားကပ် ဝယ်ပေးမယ်လို့ပြောတာလေ" ဟု ပြောလိုက်ရာ မြမြက . . .

"ဟုတ်ပါတယ် အစ်ကို" ဟု ပြန်၍ဖြေလေ၏။

"အေး ... အဲဒီအထဲမှာ ငါ ပါတယ်၊ ငါ့ကို နင့်ယောကျ်ားက ရောင်းပစ်ခဲ့တာပဲ၊ သေတ္တာမှာ အပေါက်ကလေးတွေ ပါနေတယ်လေ၊ အဲဒီ အပေါက်ကလေးတွေထဲကနေ ငါ ချောင်းကြည့်နေတာ" ဟု ပြောလိုက်ရာ မြမြက . . .

"ဘာဖြစ်လို့ မခေါ်လိုက်သလဲ အစ်ကိုရယ်" ဟု ငိုယို၍ပြောလေ၏။

"ခေါ်လို့မရဘူးဟဲ့၊ ငါ့ကို ကြိုးတွေနဲ့ တုပ်ပြီး ပါးစပ်ထဲ အဝတ်နဲ့ ဆို့ထားတာ" ဟု ရေချမ်းက ပြောလိုက်ရာ မြမြက . . .

"အောင်မယ်လေး ... အစ်ကိုရယ် ... ကိုယ့်အစ်ကိုတစ်ယောက်လုံး ရောင်းစားပြီး စိန်နားကပ် ပန်ချင်တဲ့မိန်းမ" ဟု ဆိုကာ မိမိပါးကို မိမိ တဖျန်းဖျန်း ရိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြမြက . . .

"မြမြကို ခွင့်လွှတ်ပါ အစ်ကိုရယ် ... မြမြလေ သူဌေးသားနဲ့ လိုက်ပြေးခဲ့တယ်၊ သူဌေးသားက ပစ်ပြေးသွားတယ်၊ အဲဒီမှာ မြမြ ပျက်စီးသွားခဲ့တယ် ... နောက်ဆုံး ကိုလှဖေနဲ့ တွေ့ပြီး အကြောင်းပါတာပဲ၊ ကိုလှဖေက ကောင်းကောင်းမွန်မွန် လုပ်ကျွေးပါတယ် အစ်ကိုရယ်" ဟု ပြော၍ ငိုလေ၏။

ထို့နောက် မြမြသည် မိခင်ဖြစ်သူ ဒေါ်ရီအား တွေ့မြင်သွားသောအခါ မြမြနှင့်ဒေါ်ရီတို့သည် တစ်ဦးကိုတစ်ဦးဖက်၍ ငိုကြွေးနေကြပြန်လေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင် အပါအဝင် စုံထောက်များသည် လူသတ်မှု၌ အကျုံးမဝင်သောသူများကို အိမ်သို့ ပြန်လွှတ်လိုက်လေ၏။

ကျန်လူများကိုမူ ထောင်ကြီးချုပ်သို့ ပို့လိုက်လေတော့၏။

ထို့ကြောင့် . . . မောင်ရေချမ်း၊ ခင်မေရီ၊ ဒေါ်ရီ၊ မြမြနှင့် သာညက်၊ သာဖန် ညီအစ်ကိုတို့သည် ပြန်ခွင့်ရလေ၏။

မောင်ရေချမ်းသည် မိခင်ဖြစ်သူနှင့် ညီမလေးကို အိမ်၌ပင် ခေါ်ယူ၍ ကောင်းမွန်စွာ ကျွေးမွေး စောင့်ရှောက်ထားလေတော့၏။

ထိုအချိန်မှစ၍ မောင်ရေချမ်း၏ ဘဝသည် နာမည်နှင့် လိုက်အောင် အေးချမ်းသွားလေတော့၏။

ဝ . . . ဝ . . . ဝ



တစ်နေ့သ၌ မောင်ရေချမ်းတို့ မိသားစုသည် ဥပုသ်နေ့နှင့် ကြုံကြိုက်သောကြောင့် ငါးထပ်ကြီးဘုရား အနီးရှိ ဘုန်းကြီးကျောင်းသို့ လှူဖွယ်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ အပြည့်အစုံနှင့် ထွက်ခဲ့ကြလေ၏။

ကျောင်းသို့ရောက်လျှင် လှူဖွယ်ပစ္စည်းများကို ဦးပဉ္ဇင်းအား လှူဒါန်းလေ၏။

ဦးပဉ္ဇင်းလည်း ဥပုသ်သည်များ နားနေရန် စီစဉ်ပေးနေလေ၏။

ထို့နောက် မောင်ရေချမ်းက သီလယူချင်သည် ဆိုသောကြောင့် ထိုဦးပဉ္ဇင်းက . . .

"ကျုပ်တော့ ဝေယျာဝစ္စတွေများလို့ မအားသေးဘူး ဒကာလေးရယ် ... ကျောင်းမှာရောက်နေတဲ့ ဦးပဉ္ဇင်းဆီကပဲ သီလယူကြပေတော့၊ ကဲကဲ ... ဦးပဉ္ဇင်းလေး၊ ဟောဒီလူတွေက ကျုပ်ရဲ့ ဒကာရင်း ဒကာမရင်းတွေပဲ၊ သီလချီးမြှင့်ပေးပါဦး" ဟု ဆိုလိုက်ရာ ငြိမ်သက်စွာဖြင့် ပရိတ်ရွတ်နေသော အာဂန္တုဦးပဉ္ဇင်းလေးသည် မောင်ရေချမ်းတို့ ရှေ့သို့ ဖြည်းညင်းစွာ လျှောက်လာပြီးလျှင် ထိုင်လိုက်လေ၏။

ထို့နောက် . . .

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ
ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ
သံဃော လောကေ သမုပ္ပန္နော ပုညာယ သဗ္ဗပါဏိနံ"

ဟူသည့် ဂါထာလေးကို ရွတ်ဆိုလိုက်လေ၏။

ဦးပဉ္ဇင်းလေး၏အသံမှာ သာယာလှဘိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြားရသူအပေါင်း၏နားမှာ ချို၍နေ၏။

ရင်ထဲတွင် ငြိမ်းချမ်း၍သွားကြကုန်၏။

ဦးပဥ္စင်းလေးသည် မျက်လွှာကိုချ၍ ရှစ်ပါးသီလပေးလေ၏။ ထို့နောက် လူဆိုးကြီး အင်္ဂုလိမာလဇာတ်ကို တရားများ ညှပ်၍ ဟောပြလေ၏။

တရားပြီးဆုံးသွားသောအခါ၌ မောင်ရေချမ်းတို့ မိသားစုသည် "သာဓု သာဓု သာဓု" ဟု ခေါ်၍ ဦးပဥ္စင်းလေးအား ကန်တော့လိုက်လေ၏။

ကန်တော့ပြီးလျှင် မောင်ရေချမ်းတို့သည် ဦးပဥ္စင်းလေး၏ မျက်နှာကို ဝိုင်း၍ကြည့်လေ၏။

ဦးပဥ္စင်းလေး၏မျက်နှာသည် ပကတိ ကြည်လင်၏။

ထို့နောက် ဦးပဥ္စင်းလေးသည် မောင်ရေချမ်းတို့၏မျက်နှာကို ကြည့်လိုက်လေ၏။

ဦးပဥ္စင်းလေး၏ မျက်နှာသည် ပြောင်းလဲသွားလေ၏။

ထို့နောက် မောင်ရေချမ်းအား . . .

"ကိုရေချမ်းမဟုတ်လား" ဟုမေးလိုက်ရာ မောင်ရေချမ်းက-

"မှန်ပါတယ်ဘုရား ... တပည့်တော် မောင်ရေချမ်းပါ" ဟု ဖြေလိုက်ရာ ဦးပဥ္စင်းလေးက . . .

"အို ... ကျုပ်ကို မမှတ်မိဘူးလား၊ ကျုပ် ရွှေဘော်လေ" ဟု ပြောလိုက်လျှင် မောင်ရေချမ်းသည် . . .

"အလို ... ရွှေဘော်၊ ရွှေဘော် ဘုန်းကြီးဖြစ်သွားပြီလား၊ ဟောဒီမှာ မြမြလေ ... ဟောဒီမှာ အမေလေ" ဟု ထိတ်လန့်



တုန်လှုပ်သံကြီးဖြင့် ပြောလိုက်လျှင် . . . မြမြနှင့်ဒေါ်ရီတို့သည် ငိုကြွေးကြလေ၏။

ဦးပဥ္စင်းရွှေဘော်သည် ငိုကြွေးခြင်းမပြု။

သူ၏ မိခင်အား ကရုဏာသက်သောမျက်လုံးဖြင့် လှမ်း၍ ကြည့်ပြီးလျှင် . . .

"သံသရာဝဋ်ဆင်းရဲဆိုတာ ဒါမျိုးပေါ့ ဒကာမကြီးရယ်" ဟု ပြောလိုက်လေတော့၏။

မောင်ရေချမ်းတို့ မိသားစုကား ဇာတ်ပေါင်းကြပြီဖြစ်ပေ၏။

ထို့ကြောင့် ဦးပဥ္စင်းရွှေဘော် ခေါ် ဦးပဥ္စင်း ဝရုဏ ကို ခေါင်းဆောင်၍ ၎င်းတို့၏ မြို့ကလေးဆီသို့ အလည်အပတ် ထွက်ခဲ့လေ၏။

ထိုအချိန်၌ ၎င်းတို့မြို့ရှိ ရွှေဘုံသာဘုရား၌မူ ဘုရားလူကြီးများ ဖြစ်ကြကုန်သော ဦးသာညာဏ်၊ ဦးအောင်ကျန်၊ ဦးဝင်းဇော် စသော ဘုရားလူကြီးတို့သည် ဘုရားပွဲတော် မစမီအတွင်း ရွှေဘုံသာဘုရားအား ထုံးသင်္ကန်းကပ်ရန် အမျိုးမျိုးအဖုံဖုံ ငြင်းခုံနေကြလေ၏။

ထိုအခါ၌ မောင်ရေချမ်းတို့ မိသားစု ရောက်သွားပြီးလျှင် စေတီတော်ကြီး တစ်ခုလုံးအား . . . ရွှေချလိုကြောင်း ပြောရာ ဘုရားလူကြီးများသည် ဆိုင်းမပါဘဲ ကွေး၍နေအောင် ကကြလေတော့၏။

ထို့နောက် ဘုရားလူကြီး ဦးသာညာဏ်က . . .

"အခုမှ ရွှေဘုံသာဘုရားအစစ် ဖြစ်သွားပြီဟေ့၊ အရင်က ထုံးဘုံသာပဲ" ဟု ကြွေးကြော်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုဘုရား၌ ရွှေသက်န်းအလှူရှင် ကမ္ပည်းကျောက်ပြားကို . . . ဘုရားလူကြီးများက ဦးပဥ္စင်း ဝရုဏ ခေါ် ဦးရွှေဘော်၏ အမည်ကို အပေါ်ဆုံး၌တပ်၍ မိခင်ဖြစ်သူ ဒေါ်ရှိမောင်ရေချမ်း၊ ခင်မေရီနှင့် ညီမဖြစ်သူ မြမြတို့၏ အမည်ကို အချိုးကျအောင် စာစီပြီးလျှင် "နတ်လူသာခုခေါ်စေသောဝ်" နှင့် အဆုံးသတ်လိုက်လေတော့သတည်း။

* * * * *

တစ်နေ့သ၌ ဆားပုလင်း နှင်းမောင်သည် ကျွန်ုပ်နှင့် ဦးကိုကိုကြီးအား သေနတ်များယူခဲ့ရန် ပြောပြီးလျှင် ကမ်းနားဆိပ်သို့ ခေါ်သွားလေ၏။

ကမ်းနားသို့ရောက်လျှင် ရေဂါတ်မှ မော်တော်တစ်စီးနှင့် မော်တော်မောင်းရန် ပုလိပ်ကလေးတစ်ယောက်ကို ခေါ်ပြီးလျှင် ပင်လယ်ပိုင်းဆီသို့ ထွက်ခဲ့လေတော့၏။

အမှန်စင်စစ်မှာ ဆားပုလင်းနှင်းမောင်သည် စုံထောက်မင်းကြီး၏ အမိန့်နှင့် ရေဂါတ်သို့လည်း မော်တော်တစ်စင်းနှင့် မော်တော်မောင်းသမားတစ်ဦး ရရှိအောင် ကြိုတင်ဆောင်ရွက်ထားခဲ့ပြီး ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်စပ်သို့ရောက်လျှင် ဂေါ် ရင်ဂျီရွာကလေးသို့သွားကာ တုံကင်းပိုင်ရှင်ဂန်ဂရားအား ဆားပုလင်းနှင်းမောင်က ဖမ်းလိုက်လေတော့၏။

ထို့နောက် ဂန်ဂရားကိုပင် သေနတ်ဖြင့်ချိန်၍ အောက်ပါစာကို ရေးခိုင်းလေတော့၏။

> မြကျွန်းသာမှ မျောက်သုံးကောင်
>
> ဆရာကြီး ကိုဘိတ်ကျွား
>
> ဆရာကိုဒေါ့ကွာကို အမြန်ဆုံးလာပါ။
>
> ဆရာကိုမိုးသီးအတွက် အလွန်အရေးကြီးနေပြီ။
>
> ကယ်ဖို့လာကြပါ။
>
> ဂန်ဂရား

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ထိုစာအား လိပ်စေပြီးလျှင် သတ္တုဘူးကလေး၌ထည့်၏။

"ဟေ့ … ဂန်ဂရား၊ မင်းရဲ့ခိုကိုထုတ်၊ ပြီးတော့ ဒီသတ္တုဘူးလေးချည်ပြီး လွှတ်ပေတော့" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ . . . ဂန်ဂရားကလည်း ခို၏ခြေထောက်၌ သတ္တုဘူးလေးကို ချည်နှောင်၍ ခိုကို လွှတ်လိုက်လေတော့၏။

ထိုသို့ပြုလုပ်ပြီးနောက် ဆားပုလင်းနှင်းမောင်က ကျွန်ုပ်တို့ဘက်သို့လှည့်ကာ . . .

"အိုင်ဗီတို့ … တစ်ပတ်လောက်တော့ အေးအေးဆေးဆေး အပန်းဖြေနေကြပေတော့ . . . အုန်းရည်လေး သောက်လိုက်၊ ရေဆင်းကူးလိုက် သောင်ပြင်မှာနေကြပေတော့" ဟုပြောသဖြင့်



ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ဆားပုလင်းနှင်းမောင် ပြောသည့်အတိုင်း ရေချိုးလိုက်၊ အုန်းရည်လေး သောက်လိုက်နှင့် အပန်းဖြေ၍ နေကြလေ၏။ ဦးကိုကိုကြီးမှာမူ အုန်းပင်ကိုမှီ၍ ဘီယာ တစ်ပုလင်းပြီး တစ်ပုလင်း သောက်၍ နေလေတော့၏။

ဤသို့နေလာခဲ့ရာ ခုနစ်ရက်မြောက်သောနေ့၌ ဆားပုလင်းနှင်းမောင်သည် သင်္ဘော မာလိန်မှူးများ အသုံးပြုသော မှန်ပြောင်းရှည်ကြီးကို အသုံးပြု၍ ကျွန်ုပ်အား . . .

"ဟိုမှာကြည့်စမ်း" ဟုပြောပြီးလျှင် မော်တော်ဆိပ်သို့သွားကာ မော်တော်မောင်း ပုလိပ်ကလေးအား နေရာရွှေ့ခိုင်းလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုမှန်ပြောင်းရှည်ကြီးနှင့် ပင်လယ်ဘက်ဆီသို့ ကြည့်လိုက်ရာ . . . ရွက်သင်္ဘောကြီးတစ်စင်းအား တွေ့ရလေ၏။ ထိုရွက်သင်္ဘောမှာ အပြာရောင်ဖြစ်၏။

သင်္ဘော၏ နံဘေး၌လည်း "ဘလူးဘောက်စ်" ဟူသောစာကို တွေ့မြင်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် မှန်ပြောင်းကို ဦးကိုကိုကြီးအား ပေးလိုက်လေ၏။

ဦးကိုကိုကြီးလည်း မှန်ပြောင်းနှင့် လှမ်း၍ ကြည့်ပြီးလျှင် မှန်ပြောင်းကို အောက်သို့ချ၍ ဘီယာပုလင်းကို မော့နေလေ၏။ ကျွန်ုပ်က . . .

"ဦးကိုကိုကြီး …ကိုနှင်းမောင်က အဲဒီသင်္ဘောကြီးကိုကြည့်ဖို့ မှန်ပြောင်း ပေးခဲ့တာဗျ၊ ဘာအဓိပ္ပာယ်လဲ" ဟု မေးလိုက်ရာ ဦးကိုကိုကြီးက ဘီယာပုလင်းကို ချလိုက်ပြီးလျှင် . . .


www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာ ဘာမှမသိဘူး၊ သိချင်ရင် ဆားပုလင်းနှင်းမောင်ကို သွားမေး ...” ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင်ကို ကြည့်လိုက်ရာ ဆားပုလင်းနှင်းမောင်သည် ခြောက်လုံးပြူးကိုထုတ်၍ ကျောက်ဆောင်တစ်ခုခို နေရာယူပြီး အသင့်ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေတော့သတည်း။

ပြီးပါပြီ။



ဉာဏ်ဝင်းစာပေ

# မင်းသိမ်

ဆားပုလင်းနှင်းမောင်

နှင့်

## သေသောသူသည်သုသာန်သို့သွားသည်

[ တတိယအကြိမ် ]

ထွက်တော့မည်

www.burmeseclassic.com